# နေဝင်းမြင့်

# ဘဝ ယူဇနာ

မဂ္ဂဇင်းဝတ္ထုရှည်များ



အကြိမ်

**စာမူခွင့်ပြုချက်အမှတ်**
၅၀၁၄၅၁၁၂၁၀
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၀၃၃၀၁၁၁
**ထုတ်ဝေခြင်း**
ဇူလိုင်၊ ၂၀၁၁
ဒုတိယအကြိမ်၊ ၁၀၀၀ အုပ်
**မျက်နှာဖုံးပန်းချီ**
ကိုကိုနိုင်
**အဖုံးဖလင်**
Eagle
**အတွင်းဖလင်**
A-7 Group (Asia Plaza)
**ကွန်ပျူတာစာစီ**
Dream City
**တန်ဖိုး**
၃၀၀၀ ကျပ်

**ဦးဝင်းချို (ရှုဝံစာအုပ်တိုက်)** အမှတ် ၂၁၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ **ဒေါ်ချိုချိုအေး (ရှုဝံပုံနှိပ်တိုက်)** အမှတ် ၃၃၀ ၄၇၂၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၌ မျက်နှာဖုံးနှင့် အတွင်းစာသားများ ရိုက်နှိပ်ပါသည်။

၈၉၅ . ၈၃
နေဝင်းမြင့်
ဘ၈ ယူဇနာ မဂ္ဂဇင်းဝတ္ထုရှည်များ/ နေဝင်းမြင့်။ — ရန်ကုန်။
ရှုဝံစာပေ၊ ၂၀၁၁။
၃၃၂ – စာ၊ ၁၃ .၇ x ၂၁ .၇ စင်တီ။
(၁) ၁၈ ယူဇနာ မဂ္ဂဇင်းဝတ္ထုရှည်များ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ် ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ရွှေ စာအုပ်တိုက်က ထုတ်ဝေပြီးစာအုပ်များ

| | |
|---|---|
| ၁၁၈။ ဆရာကောင်းတစ်ယောက် ဖြစ်ရလေအောင် | လူအောင် |
| ၁၁၉။ ကွံကော်လက်ဆောင် စာစီစာကုံးများ | ဖြိုးသာရ |
| ၁၂၀။ အနန္တစွမ်းအားရှင် သင် | မြတ်ငြိမ်း |
| ၁၂၁။ ဆယ့်နှစ်ကြိုးဝတ္ထုတိုများ | နေဝင်းမြင့် |
| ၁၂၂။ ဟိုးရှေးရှေးတုန်းက ဂျပန်ပုံပြင်များ | ခွန်းချိုဆွေရည် |
| ၁၂၃။ ကလေးတွေသုံး အင်္ဂလိပ်စကားလုံး | ညွန့်ဝေမိုး |
| ၁၂၄။ ကမ္ဘာတလွှားမှ ထူးဆန်းအံ့ဖွယ်ပုံပြင်များ | ရွှန်းလဲ့ဆွေရည် |
| ၁၂၅။ ကြခတ်တောနှင့် စိမ့်စမ်းရေ ကဗျာများ | မောင်တင်မိုး |
| ၁၂၆။ ကြာဆစ်ကြိုး မင်္ဂဇင်းဝတ္ထုရှည်များ | ခင်ခင်ထူး |
| ၁၂၇။ သည်ခရီး သည်ထီးဆောင်း | မသက်ဆွေ |
| ၁၂၈။ လှည်းယဉ်ကြော့ဝတ္ထုတိုများ | ခင်ခင်ထူး |
| ၁၂၉။ ကျောက်ဆစ်ရုပ်မှ လက်တစ်ချောင်းနှင့် လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ | ကလောင်ဖုံ |
| ၁၃၀။ ပညာခေတ်၏ရန့် စာစီစာကုံးများ (၅) | မောင်မောင်ဦး (မဟာဝိဇ္ဇာ) |
| ၁၃၁။ နိုင်ငံတကာရိုးရာပုံပြင်များ | သီဟန်သွင် |
| ၁၃၂။ ရက်ကန်းလွန်း ဝတ္ထုတိုများ (ဒုတိယအကြိမ်) | ခင်ခင်ထူး |
| ၁၃၃။ ဂျပန်ဟာသများ | မြင့်ဆွေဦး |
| ၁၃၄။ ရေသွန်မြစ် ဝတ္ထုတိုများ (ဒုတိယအကြိမ်) | နေဝင်းမြင့် |
| ၁၃၅။ အညာသူအညာသား ကျွန်မဆွေမျိုးများ (တတိယအကြိမ်) | ခင်ခင်ထူး |
| ၁၃၆။ ပန်းကြာဝတ်မှုန် (ဒုတိယအကြိမ်) | ခင်ခင်ထူး |
| ၁၃၇။ နန်းမလေ့မှတ်တမ်းများ (ဒုတိယအကြိမ်) | မြကေတု |
| ၁၃၈။ ဘာသာစကားသုတေသန | ဒေါက်တာအောင်မြင့်ဦး |
| ၁၃၉။ ပီမိုးနင်းဝတ္ထုတို ၁၀၀ | ပီမိုးနင်း |
| ၁၄၀။ လမ်းကြောင်းသစ်အက်ဆေးများ | ညွန့်ဝေမိုး |
| ၁၄၁။ စားဖွယ်စုံလင် အလှဆင် | နေမျိုးနိုင် |
| ၁၄၂။ ဉာဏ်စမ်းအိုင်ကျူ | မောင်ရေအေး (ဟားဗတ်တက္ကသိုလ်) |
| ၁၄၃။ ပန်းခင်းအလွန်နှင့် ရသစာတမ်းများ | နေမျိုးနိုင် |
| ၁၄၄။ ဖက်စိမ်းကွမ်းတောင် ရွှေဝတ္ထုတိုများ | ခင်ခင်ထူး |
| ၁၄၅။ သုံးလွန်းတင် ဝတ္ထုလတ်သုံးပုဒ် စုစည်းမှု | ခင်ခင်ထူး |
| ၁၄၆။ မြန်မာ့ဇာတ်သဘင်သမိုင်း (ဒုတိယအကြိမ်) | မောင်သိန်းနိုင် |
| ၁၄၇။ ရေးဟန်ဖြာဖြာ အင်္ဂလိပ်စာ (Stylistic English) | ညွန့်ဝေမိုး |

**ယခု**

| | |
|---|---|
| ၁၄၈။ ၁၈ ယူဇနာ မင်္ဂဇင်းဝတ္ထုရှည်များ | နေဝင်းမြင့် |

**ဆက်လက်၍**

| | |
|---|---|
| ၁၄၉။ ပန်းစည်းကြိုး မင်္ဂဇင်းဝတ္ထုရှည်များ | ခင်ခင်ထူး |

# ၁၈ ယူဇနာ မင်္ဂဇင်းဝတ္ထုရှည်များ (ဒုတိယအကြိမ်)

## နေဝင်းမြင့်

စာအုပ်များ ရေစို ပျက်စီး
ပျောက်ဆုံးလျှင် တန်ဖိုးအတိုင်း
ပေးလျော်ရမည်။

# မာတိကာ


| | | |
|---|---|---|
| – | အမှာစာ | ၁ |
| ၁။ | ထဘီဖာ လိုပါသေးရဲ့၊ တဘက်ဖာ လိုပါသေးရဲ့ ဘီးနဲ့ မှန် လိုပါသေးရဲ့ | ၃ |
| ၂။ | ရတနာပုံမှ ညများ | ၁၂ |
| ၃။ | ရေချိုးဆိပ် | |
| ၄။ | တချို့က နီပြာပြာ၊ တချို့က ဖြူဝါဝါ၊ တချို့မှာ ချိတ်ပွင့်၊ တချို့မှာ ပန်းရင့် | ၃၁ |
| ၅။ | မီးကင်းစောင့် | ၇၀ |
| ၆။ | သေရည်ဖောက်ကားသူများ | ၈၂ |
| ၇။ | ကျွဲပွဲ | ၁၀၃ |
| ၈။ | အဿဇန္နက ည | ၁၂၈ |
| ၉။ | ကွဲအက်နာရီ | ၁၃၉ |
| ၁၀။ | ရထား | ၁၅၅ |
| ၁၁။ | ရွှေရိုး ကြေည် | ၁၇၉ |
| ၁၂။ | ပင်လယ်သေ | ၁၉၁ |
| ၁၃။ | ရတနာဂီရိ နှင်းခါးညများ | ၂၁၈ |
| ၁၄။ | သမန်းကုန်း ဆော့ဖ်ဝဲ | ၂၃၆ |
| ၁၅။ | ကြည်းတောသူ | ၂၅၁ |
| ၁၆။ | ဂီလာန ဂီတ | ၂၇၄ |
| ၁၇။ | သူငယ်နာ | ၃၀၄ |
| ၁၈။ | ဣစ္ဆာသယ | ၃၂၈ |


## ၁၈ ယူဇနာ မဂ္ဂဇင်းဝတ္ထုရှည်များ

## အမှာစာ

၁။ ကျွန်တော် ရေးဖြစ်ခဲ့သော မဂ္ဂဇင်းဝတ္ထုရှည်များထဲမှ ကျွန်တော့်စိတ်ကြိုက် ရွေးချယ်ထားသော ဝတ္ထုရှည် ၁၈ ပုဒ်ကို စုစည်းလျက် **'၁၈ ယူဇနာ မဂ္ဂဇင်း ဝတ္ထုရှည်များ'** အမည်ဖြင့် ထုတ်ဝေခြင်း ဖြစ်ပါသည်။ ကျွန်တော့် စာပေဘဝတွင် ဝတ္ထုတိုများကိုသာ အစဉ်တစိုက် ရေးခဲ့တာ များပါသည်။ ရေးဖြစ်သမျှကိုလည်း ဝတ္ထုတိုပေါင်းချုပ်အဖြစ် စာပေတိုက် အသီးသီးမှ ထုတ်ဝေခဲ့ပါသည်။

၂။ မဂ္ဂဇင်း ဝတ္ထုရှည်များအနေဖြင့် ဝတ္ထုရှည် (၆) ပုဒ် ပါဝင်သော 'ဂဠုန်တောင်သံ မဂ္ဂဇင်း ဝတ္ထုရှည်များ' အမည်ဖြင့် လွန်ခဲ့သော ၁၀ နှစ် နောက်ပိုင်းဆီက ထုတ်ဝေခဲ့သည်က လွဲလျှင် စုစုစည်းစည်း မထုတ်ဝေခဲ့ရသည်ပင် ကြာခဲ့ပါပြီ။

၃။ နောက်ပိုင်း နှစ်ကာလများတွင် ဝတ္ထုတိုထက် မဂ္ဂဇင်းဝတ္ထုရှည်များကိုချည်း ရေးဖြစ်ခဲ့ခြင်းသည်လည်း ကျွန်တော် ကိုယ်တိုင်ပင် နားမလည်နိုင်သလို ရှိခဲ့ပါသည်။ အထူးသဖြင့် စရိုက်ဖွဲ့များကို အားသန်သည့်အတွက်လည်း ဖြစ်နိုင်ပါသည်။ ဝတ္ထုသမားတစ်ယောက်အနေဖြင့် လောကသဘာဝ လူ့သဘာဝ တို့ချင်ခတ်ချင်၊ ပုတ်ချင်နှိုးချင်သည့် စိတ်ကလေးလည်း ပါပါလိမ့်မည်။

၄။ ဆရာမြသန်းတင့်ကတော့ 'နေဝင်းမြင့်၏ ဝတ္ထုများသည် ဘဝသရုပ်ဖော်ဝတ္ထုများ ဖြစ်သည့်တိုင် သရုပ်ဖော်သက်သက်မျှသာမက

ခေတ်ပြိုင်ဘဝနှင့် ယှဉ်၍ စဉ်းစားစရာ တွေးတောစရာတွေ အမြဲပါတတ်သည်။ နေဝင်းမြင့်၏ ရင်ထဲတွင် ဟာသသည် ပုန်းကွယ်နေသည်။ သို့ရာတွင် သူ့ဟာသသည် နူးညံ့သိမ်မွေ့သည့် ဟာသ။ လွမ်းစရာကောင်းသော ဟာသဖြစ်သည်" ဟု ကျွန်တော့် ဝတ္ထုများကို ကောက်ချက်ပြုခဲ့ပါသည်။

၅။ မဂ္ဂဇင်းဝတ္ထုရှည်များကို ရေးနှစ်ကာလအလိုက် 'စီ' ထားခြင်း မဟုတ်ဘဲ ခံစားမှုအားဖြင့်သာ စီထားပါသည်။

လေးစားလျက်
နေဝင်းမြင့်
၁၂၊ ဇူလိုင်၊ ၂၀၀၈၊ မန္တလေးမြို့။

# ထဘီဖာ လိုပါသေးရဲ့
# တဘက်ဖာ လိုပါသေးရဲ့
# ဘီးနဲ့ မှန် လိုပါသေးရဲ့

## (၁)

ရွာက သူကြီးဟောင်း ကိုတက်ရီးက ဖလံကျင်းသူ မမြသင်နဲ့ မင်္ဂလာဆောင်တော့မယ်ဆိုတော့ သက်ကယ်တန်း တစ်ရွာလုံးက ရယ်လိုက်ကြတာ အုန်းအုန်းထလို့။ တချို့ကတော့လည်း မရယ်နိုင်ကြဘူး။ ကိုယ့်ရွာက သူကြီးဟောင်းကို သိပေမယ့် ဖလံကျင်းသူ မမြသင်ကို တချို့က မမြင်ဖူးကြဘဲကိုး။ သက်ကယ်တန်းနဲ့ ဖလံကျင်းဆိုတာက တစ်နယ်တော့ တစ်နယ်တည်းပဲ။ ဒါပေမယ့် နည်းနည်းတော့ လှမ်းတယ်။ နေ့ဝက်ခရီးလောက် သွားရတယ်။ မမြသင်က သက်ကယ်တန်းက ရီးပေါက်စတို့နဲ့ ဆွေရိပ်မျိုးရိပ် မကင်းတော့ သက်ကယ်ပျစ်ချိန်ဆိုရင် သက်ကယ်ပျစ်ဖို့ တစ်နှစ်တစ်ခေါက် ရောက်လာတတ်တယ်။ အသားဖြူဖြူ မျက်နှာဝိုင်းကလေးနဲ့။ ရှိလှမှ အသက်က နှစ်ဆယ်ကျော်ရင် တစ်နှစ်ပဲ။ ရွာက သူကြီးဟောင်း ကိုတက်ရီးကတော့ အသက် ခုနစ်ဆယ်ကျော်လို့ ရှစ်ဆယ် သီသီဝေ့နေပြီ။ ကညာပျိုနဲ့ ဇရာအိုရယ်လို့တောင် မဟုတ်တော့ပါဘူး။ တချို့က မြေးအဘိုးတဲ့။ တချို့ကလည်း နှမြောလို့တဲ့ စုတ်တသပ်သပ်နဲ့။ တချို့ကလည်း ဘဝအကြောင်းကိုးတော်ရဲ့တဲ့။ တချို့ယောကျ်ားတွေကတော့ မိန်းမလေးနယ် ကြိုက်စရာရှားလို့ကွာ ချီးဆိုတဲ့ အာခံတွင်းသံကြီးနဲ့။

ဘာပဲဖြစ်ဖြစ်လေ။ ပဲနှမ်းလေးပေါ်တာနဲ့ မင်္ဂလာဆောင်တော့မယ် ဆိုတာကတော့ သေချာနေပြီ။ ရီးပေါက်စကပဲ ကမကထလုပ်ပြီး မကွေးဘက်တက် လက်ဖက်လေး ဆေးလေးဝယ်လို့၊ အိပ်ရာခမ်းနားလေး ဝယ်လို့၊ မမြသင်

ဖို့ အစတ်အစားလေး ဘာလေး ဝယ်လို့ တတိတိနဲ့ လုပ်နေကြပတဲ့။ မမြသင် ဘက်က မိဘဆွေမျိုးများကလည်း သက်ကယ်တန်းကို လိုက်လာတာ နှစ်ခါ တောင် ရှိပတဲ့။

သူကြီးဟောင်း ကိုတက်ရှိးလို့သာ ပြောရတာ။ ဘကြီးတက်ရှိး၊ ဒါမှမဟုတ် ဘိုးတက်ရှိးတောင် ဖြစ်နေပါပြီ။ ဆံပျောင်တစ်စောင်းကလေးနဲ့ ပိတ်ဖြူကလေး ကပိုကရို ရစ်ခွေပတ်ထားတာတာလည်းရှိရဲ့။ ကြာဆံချောင်းတွေလို ဆံပင် ဖြူဖြူကျားကျားတွေက ပိတ်စ ခေါင်းပေါင်း ပဝါကြားက ထွက်နေလိုက်တာ အမျှင်မျှင်ထလို့။ သွားဆိုတာကလည်း ဘယ်တုန်းကမှ တိုက်ခဲ့ပုံ မရဘူး။ နီညစ်ညစ်နဲ့။ ကွမ်းသွားချေးတွေ တက်နေလိုက်တာလည်း ရွံစရာကြီး။ သည် ကြားထဲ သွားတွေက ကျိုးနေလိုက်သေးတယ်။ စိုက်သွားလေး ကူထားလို့ ပါးချိုးပါးချောင်တော့ သိပ်မကျလှသေးဘူး။ အသားကတော့ တောသူတောင်သား ပီပီ ညိုတဲ့ဘက် ကျော်ပြီး မှောင်တဲ့ဘက် ရောက်နေလို့ သူနဲ့ ရာထူးတူတဲ့ သူကြီးချင်းကတောင် သက်ကယ်တန်း သူကြီးက နချီးပိုးထိုးတဲ့။

သူ့ သူကြီးဘဝတုန်းကတော့ ဘာအကြောင်းလဲ။ သူကြီးအာဏာ လက် ဘစ်ဆုပ်လောက်နဲ့ပေမယ့် ရွာမှာတော့ ဖိန့်ဖိန့်တုန်ထဲကပဲ။ ရွာဘုရားပွဲတွေ မှာ သူများ သူကြီးတွေလို နှစ်လုံးပြူးတွေ ဘာတွေ ကိုင်မနေပါဘူး။ ဝါးရင်း တုတ်ကြီးကြီး လက်တစ်ကိုင်လောက်ကို သူ့အရပ်နဲ့ တိုင်းဖြတ်ပြီး ကိုင်ထား ရုံပဲ။ သူ့နောက်က ရာအိမ်မှူး ငမှုံကို ခေါ်ခဲ့ပြီး ပွဲခင်းတစ်ခင်းလုံး လှည့်နေ တော့တာ။

သက်ကယ်တန်းသူကြီး ကိုတက်ရှိးဆိုလို့ကတော့ မူးတဲ့လူတောင် အမူး ပြေလောက်အောင် ကြောက်တယ်။ မိုက်လို့၊ ဆိုးလို့များတော့ ရိုက်စရာရှိရင် ကျွဲရိုက် နွားရိုက်ပဲ။ လူတိုင်းတော့ အကြောင်းမဲ့ ရိုက်နှက်နေတာ မဟုတ်ပါဘူး။ တော်တော်ဆိုးမှပါ။ သူပိုင်တဲ့ လယ်တွေ ချောင်းတွေဆိုတာလည်း မပြောနဲ့ တော့။ အနောက်ကွင်း နတ်ကွန်းစင်ဘက်ကနေ လက်ညှိုးသာထိုးလိုက်၊ မြစ်နား တန်း ညို့ညို့အထိက သူ့လယ်ချည်းပဲ။ မြေပဲခင်း၊ နှမ်းခင်း ဆိုတာတော့ မမြင်ချင့်အဆုံး။

အရက်ကလေးကလည်း ကြိုက်တယ်။ ဒါကလည်း တမင်ကျင့်ထား ရတာ။ ဝန်ထောက်တို့ မြို့ပိုင်တို့လာရင် ဒါမှ အဆင်ပြေတာကိုး။ ကက်တော့



ဝါသနာကြီးတယ်။ သူကြီးရင့်မကြီးလုပ်ပြီး နေ့လယ်နေ့ခင်း ဈေးလယ်ကောင် ကက်သွားဆွဲချင် ဆွဲနေတတ်တာ။ ဝါးရင်းတုတ်ကြီး ဆိုင်ဘေးထောင်ပြီး တစ်နေ ကုန် ထုံးခွေကြေး ကက်ဆွဲကြတော့ သူ့မျက်နှာ ထုံးတွေ အစင်းလိုက်ပဲ။ သူများ မျက်နှာတွေလည်း ထုံးတွေ အချောင်းလိုက်ပဲ။ ညနေ မိုးချုပ်ခါနီး ကက်ဝိုင်း ပြီးလို့ ပြန်လာရင် မျက်နှာသစ်လာတာ မဟုတ်ဘူး။ ထုံးကြောင်း အရစ် အရစ် တွေနဲ့ သည်အတိုင်း အိမ်ကို ပြန်လာတာ။ အိမ်ရောက်တော့မှ မျက်နှာသစ် တယ်။ (သူကြီးဆိုတော့လည်း မျက်နှာက ထုံးတွေနဲ့ ရယ်စရာကြီးဖြစ်နေပေမယ့် လမ်းတွေ့တဲ့ လူကလည်း မရယ်ရဲဘူး။)

"ကနေ့ အဖေချည်း ရှုံးတာပဲ သမီးရေ" ဆိုပြီး အိမ်ပေါ်တက်လာတော့ သမီးကြီး (တတိယသမီး) မတင်ဉက "အဖေကလည်းတော် သူကြီးလုပ်နေပြီး မျက်နှာထုံးတွေနဲ့ မရှက်ဘူးလား" လို့ အမြဲပြောတတ်တယ်။

"ဟ သူကြီး ဘာဖြစ်တုန်း၊ သူကြီးလည်း လူပဲဟ" ဆိုပြီး မျက်နှာသစ် တယ်။ နောက်တစ်နေ့လည်း ကက်ဝိုင်းထိုင်မြဲပါပဲ။ တစ်ခါတလေ ကစားဖက် က နိုင်လို့ သူကြီးမျက်နှာ ထုံးမခွေရဲဘူးဆိုရင် "ဟကောင် ခွေလကွာ၊ သူကြီး မို့ ထုံးမခွေဘူးဆိုရင် ဘယ်တရားပါ့မလဲကွ။ ကက်ဆွဲရတာ ဘယ်အရသာရှိ တော့မှာလဲ။ လုပ်ပါ ငါ့ကောင်ရ၊ ခွေပါ" လို့ ပြောပြီး မျက်နှာထိုးပေးတတ် တယ်။

တကယ်က ကိုတက်ရှိးက သူကြီးရိုး မဟုတ်ဘူး။ ပညာကတော့ အပြင် အောင်ခြင်း၊ အတွင်းအောင်ခြင်းလောက်ပါပဲ။ သူ့အရင် သက်ကယ်တန်း သူကြီး က ကိုကံရင်တဲ့။ အဲဒီတုန်းက ကိုတက်ရှိးက သူကြီးရဲ့ ညာလက်ရုံး။ သူကြီး ကိုကံရင်မှာ သားမရှိဘူး။ သမီးတွေချည်း မွေးထားတာ။ သူကြီး ကိုကံရင် အသက်ကြီးတော့ သူ့သမီးတွေထဲက မကျင်လှကို ကိုတက်ရှိးနဲ့ ပေးစားတယ်။ ဒါဘာပွဲတို့ မင်းပွဲတို့မှာ ကိုတက်ရှိးကို ပွဲထုတ်တယ်။ ကိုကံရင် သေတော့ သမက် ကိုတက်ရှိး သူကြီး ဖြစ်လာတာပါပဲ။ သူကြီးဖြစ်တဲ့နှစ်က ကိုဘက်ရှိး ကိုက်ဆံတော်တော်ကုန်တယ်။ မြို့ပိုင်တို့၊ နယ်ပိုင်တို့ ရွာကို ကြွလာတော့မှုတယ် ဆိုရင် ကိုတက်ရှိးက အရှိးခံ မဟုတ်လား။ ဘာမှ မလုပ်တတ်ဘူး။ သူ့မိန်းမ မကျင်လှက သူကြီးသမီးဆိုတော့ ဘာလုပ်ရမလဲဆိုတာ သိတယ်။ ဒီလို ဒီလို လုပ်ပေါ့။ ဒီဟာ ဒီဟာကျွေးပေါ့။ ဒါလေး ဒါလေးပေးပေါ့ ဆိုတော့မှ သူကြီးပါး သွားတော့တယ်။

မကျင်လှနဲ့က နှစ်အစိတ်လောက် ပေါင်းလိုက်ရတယ်။ မကျင်လှ

မီးယပ်သွေးဆုံးနဲ့ သေတော့ ကိုတက်ရီးက ငါးဆယ်ကျော်ရုံ ရှိသေးတယ်။ အရွယ်ကောင်းတုန်း။ သားနှစ်ယောက်၊ သမီးသုံးယောက် ကျန်တယ်။ ငတင်တဲ့၊ ငမှင်တဲ့၊ မတင်ဥတဲ့၊ မကျင်နုတဲ့၊ မခင်ပုတဲ့။

သားကြီး ကိုတင်က ခေတ်ပညာတတ်တယ်။ မကွေးမှာ ကျောင်းထားတယ်။ သူကြီးလည်း လုပ်ချင်ပုံမရတော့ သားလတ် ကိုမှင်ကို နားသွင်းရတယ်။ သူကြီးလက်စွဲလေး ဘာလေး ဖတ်ခိုင်း၊ ရပ်အမှု ရွာအမှုတွေစစ်တော့ နားထောင်ခိုင်း၊ သူကြီး အစည်းအဝေးလေး ဘာလေး စာရင်းလုပ်ခိုင်း၊ ကောက်ခိုင်းနဲ့ သူကြီး ထရိန်နင်ပေးလာလိုက်တာ ရွာက တော်ရုံကိစ္စ ကိုမှင်နဲ့တင် ပြီးတယ်။

မကျင်လှ ဆုံးပြီးလို့ လေးနှစ်လောက်ကြာတော့ ကိုတက်ရီး မိန်းမ ထပ်ယူတယ်။ သက်ကယ်တန်းကပါပဲ။ ဆွေကြီးမျိုးကြီးထဲကပါ။ မငြိမ်းတဲ့။ မငြိမ်းက အပျိုစစ်စစ်တော့ မဟုတ်ဘူး၊ မုဆိုးမ။ သူ့အရင်ယောကျ်ားက အပေါင်ဆိုင် ဖွင့်ထားတဲ့ တရုတ် ကိုကျင်မှိန်။ ရွှေလေးငွေလေးနဲ့ ချမ်းချမ်းသာသာ ပါပဲ။ ကိုကျင်မှိန်နဲ့ ကလေးမရဘူး။ အပေါင်ဆိုင် တရုတ်ဆုံးတော့ ကျီးကြည့် ကြောင်ကြည့်ဖြစ်နေတုန်း သူကြီး ကိုတက်ရီးက ကောက်ယူလိုက်တာ။ အပေါင်ဆိုင် တရုတ်နဲ့ ကလေးမမွေးတဲ့ မငြိမ်းက သူကြီး ကိုတက်ရီးနဲ့ကျတော့ မွေးလိုက်တာမှ ရှင်မွေးလွန်းဖြစ်ရော၊ ဆယ့်တစ်ယောက်တောင်။ (ဒါတောင် ကြားထဲမှာ နှစ်ယောက် ပျက်ကျသေးတယ်)။ ကိုတက်ရီးရဲ့ အရင်မယားကရတဲ့ သားသမီးတွေနဲ့က အဆင်မပြေတော့ ဝိုင်းထဲမှာပဲ အိမ်သပ်သပ် ဆောက်ပြီး ထားတယ်။

အရင်မယားက သားသမီးတွေနဲ့ မငြိမ်းနဲ့သာ အဆင်မပြေတာ၊ ကလေးတွေချင်းကျတော့ အဆင်ကိုပြေလို့ ချစ်ကြတယ်။ ကိုတက်ရီးကလည်း မငြိမ်းမို့ မျက်နှာသာ မပေးဘူး၊ အရင် သားသမီးတွေမို့လို့လည်း ဦးစားမပေးဘူး။ မျှမျှတတပဲ။

ခြံဝိုင်းကြီးထဲ စပါးကျီ ပဲကျီ ကြီးကြီးဆောက်ပြီး ရလာတဲ့ စပါး၊ ပဲ၊ နှမ်း လှောင်ထားတာပဲ။ မျိုးချန်စရာရှိတာ ချန်၊ ရောင်းစရာရှိတာ ရောင်း၊ စားဖို့ သိမ်းတာသိမ်းနဲ့၊ ရသမျှ တစ်စုတစ်စည်းတည်း ထားတာပါပဲ။

ကိုတက်ရီး အသက်ခြောက်ဆယ် တော်တော်ကျော်လာတော့ သူကြီး အလုပ် စိတ်ကုန်လာတယ်။ အသက်ကလည်း ရလာပြီ။ လယ်တွေ၊ ချောင်းတွေကလည်း ရှိသေးတယ်။ ရွာကိစ္စတိုင်းကို ထစ်ခနဲဆို သူမသွားနိုင်တာလည်း ပါတယ်။ ဆိုင်ရာ ဆိုင်ရာနဲ့ ညှိနှိုင်းပေးကမ်းပြီး သူ့သား ငမှင်ကို သူကြီး



ရာထူးအပ်ပြီး သူက နားတယ်။ သျှောင်တစ်စောင်းနဲ့ သူကြီး ဦးတက်ရီးနေရာမှာ ဘိုကေနောက်မြင့်နဲ့ သူကြီး ဦးမှင် ပြောင်းတာကလွဲရင် သက်ကယ်တန်း ရွာက သူကြီးအပြောင်းအလဲကို သိတောင် မသိလိုက်ကြဘူး။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ရွာကလေးမှာ သူကြီး အပြောင်းအလဲကို သိပ်ဂရုစိုက်နေကြတာလည်း မဟုတ်ဘူး။

တစ်နေ့ ငမှင် သူကြီးဖြစ်မယ်ဆိုတာ ကြိုသိနေကြတော့လည်း အသွားမပျက်၊ အစားမပျက်ပါပဲ။ ကိုမှင် သူကြီးဖြစ်လို့မှ မကြာသေးဘူး၊ သူ့အဖေ သူကြီးဟောင်း ကိုတက်ရီးရဲ့ နောက်မယား မငြိမ်း သေပြန်ရော။ မငြိမ်းသေတော့ သူကြီးဟောင်း ကိုတက်ရီးက ခုနစ်ဆယ်ကို သုံးနှစ်စွန်းနေပြီ။ လယ်လေး ကိုင်းလေးလည်း ကွပ်ကဲရသေးတယ်။ ရပ်မှုရွာမှုကလည်း တစ်ဖက်၊ ညီအစ်ကို မောင်နှမတွေ အရေးက တစ်ဖက်နဲ့ ဂျင်ခြေကို လည်လို့။

ညီအစ်ကို မောင်နှမတွေကို အိမ်စောင့် ချသင့်သူချ၊ ကျောင်းထားဖို့ မြို့ကို ပို့သင့်သူပို့။ လယ်ထဲ ကိုင်းထဲ ဆင်းခိုင်းသင့်တဲ့လူ ဆင်းခိုင်း လုပ်နေတုန်းမှာပဲ သူကြီးဟောင်း ကိုတက်ရီးက ပုတီးကလေး လည်ပင်းဆွဲပြီး ဘုန်းကြီးကျောင်းသွားသွားနေတာ နေ့တိုင်း။ ဘုန်းကြီးကျောင်းသွားတဲ့လမ်းမှာ ရီးပေါက်စတို့ သက်ကယ်ပျစ်တဲ့ တဲကြီး ရှိတယ်။ ဟိုရွာသည်ရွာက မိန်းကလေး တော်တော်များများလည်း ရီးပေါက်စတို့အိမ်မှာနေရင်း သက်ကယ်ပျစ်ကြတယ်။ အဲဒီအထဲမှာ ဖလံကျင်းက မမြသင်လည်း ပါတယ်။ အိမ်ရှေ့ဖြတ်ဖြတ်သွားတဲ့ သူကြီးဟောင်း ကိုတက်ရီးကို ရီးပေါက်စက "အိမ်များလည်း ဝင်ပါဦး သူကြီးရဲ့၊ ဝင်ကောင်းပါတယ်" ဘာညာဆိုတော့ သူကြီးလည်း ဝင်ဖြစ်ရော။ ဝင်ရင်းဝင်ရင်းကပဲ သူကြီးဟောင်း ကိုတက်ရီး မိန်းမလိုချင်လာရော။ ဒါကို ရီးပေါက်စက သိတယ်။ ရီးပေါက်စက ဒါကိုတင်သိတာ မဟုတ်ဘူး။ သူကြီးဟောင်းရဲ့ လယ်တွေ၊ ချောင်းတွေကိုလည်း သိတယ်။ အရင်မယားတွေက ကျန်ရစ်တဲ့ ကြဲဆစ်လက်ကောက်တွေ၊ ပန်းတစ်လိမ် နန်းတစ်လိမ် ဘယက်တွေ၊ အမ်စီကြိုးတွေကိုလည်း သိတယ်။ သေတ္တာနဲ့ နှစ်လုံးလောက် ကျန်ရစ်တဲ့ ထဘီတွေ၊ အဝတ်အစားတွေကိုလည်း သိတော့ မမြသင်ကလေးနဲ့ အောင်သွယ်တယ်

အောင်သွယ်ခလေး စားလိုက်၊ နားလေးချလိုက်နဲ့ နှစ်နှစ်လောက်ကြာတော့ မင်္ဂလာဆောင်ဖို့ ရက်သတ်တဲ့အထိ ဖြစ်လာတယ်။ ပထမတော့ မမြသင်က ငြင်းတယ်။ ခုနစ်အိုကျား ရှစ်အိုကျားကြီး မယူချင်ပေါင်တဲ့။

နောက်တော့ ရီးပေါက်စကလည်း အပို့ကောင်း၊ မမြသင် မိဘများ

ကလည်း သည်သတင်းကြားတော့ တွန်း။ ကြာတော့ မမြသင် အင်းလိုက်ရတယ် ဆိုပါတော့။

အဲဒီမှာတင် သူကြီးဟောင်း ကိုတက်ရှိးနဲ့ ဖလံကျင်းသူ မမြသင် မင်္ဂလာဆောင်တော့မယ်ဆိုတဲ့ သတင်းထွက်လာလိုက်တာ ပဒူအုံ တုတ်နဲ့ ထိုးလိုက်သလိုပဲ။

## (၃)

မင်္ဂလာဆောင်မယ့် အကြိုညက မဏ္ဍပ်ထဲမှာ အောက်လင်းဓာတ်မီးတွေဆိုတာ ထိန်လို့။ မကွေးကို တက်ငှားတာ ဓာတ်မီးဖိုးကချည်း တစ်ရာလောက် ကျတယ်။ ချက်တဲ့လူက ချက်၊ ပြုတ်တဲ့လူက ပြုတ်ပေါ့။ သူကြီး ကိုမှင် မျက်နှာနဲ့ ဟိုရွာသည်ရွာက လာပို့တဲ့ ဝက်တို့၊ ကြက်တို့ဆိုတာ ဖောချင်းပဲ။ အရက်ဆိုတာတော့ မပြောနဲ့တော့။ ပလတ်စတစ်ပုံးကြီးတွေနဲ့ တည်ထားတာ။ သောက်စမ်း ကြိုက်သလောက်။

ရွာက တီးဝိုင်းကလည်း ရသမျှ သီချင်းလေးတွေနဲ့ ဆည့်ခံလို့။ သူကြီးဟောင်း ကိုတက်ရှိးကတော့ တစ်ခါမှ ထုတ်မပေါင်းဖူးတဲ့ ပန်းနုသွေး မင်္ဂလာရောင် ခေါင်းပေါင်း နှစ်ပတ်ကျော့လေးနဲ့ တကယ့် ကာလသားလေး ကျနေတော့တာ။ လည်ကတုံးအင်္ကျီ လျှာဖတ်လတဲမှာ ရွှေသီးဆိုတာ တစ်လုံးတစ်လုံးကို မန်ကျည်းစေ့လောက် ရှိတယ်။ တစ်ချက်မှလည်း ဣန္ဒြေမရဘူး။ ရပ်မိရပ်ဖတွေထိုင်တဲ့ လူကြီးဝိုင်းပဲ ဝင်ထိုင်ရတော့မလိုလို။ ကာလသား တီးဝိုင်းထဲဝင်ပြီး မေတ္တာသတ္တော အနန္တော မြတ်ရှင်စော ဟောကြားကာရယ်ပဲ ဟဲရတော့မလိုလိုနဲ့။

သူကြီး ကိုမှင်ကတော့ ဖအေ သတို့သားကို ကြည့်ရင်းက ပြုံးပြုံးကြီး။ မငြိမ်းနဲ့ရတဲ့ ကလေးတွေကလည်း သူတို့အဖေ အိုကြီးအိုမကို ကြည့်ပြီး ရှက်တဲ့လူက ရှက်လို့၊ မူးတဲ့လူက မူးလို့၊ ပျော်တဲ့လူက ပျော်လို့။ မမြသင်ကိုတော့ မတွေ့ရဘူး။ ရှက်လို့ပဲလား၊ ညွတ်နေအောင် ဆင်ထားတဲ့ ရွှေတွေနဲ့ မနေတတ် မထိုင်တတ်လို့လား မသိဘူး။ မဏ္ဍပ်ထဲ တစ်ခါမှ မလာဘူး။ တချို့ကလည်း ရိုးပေါက်စတို့အိမ်မှာ ငိုနေလိုက်တာ၊ ရှိုက်ကြီးငင်ကြီးတဲ့။ တချို့ကလည်း မဟုတ်ပါဘူးတဲ့။ သင်းကြုံကြုံ ပေါင်ဒါလေး လိမ်းလိုက်၊ သီချင်းလေး ညည်းလိုက်နဲ့ပါတဲ့။

ခက်တာက မမြသင်ရဲ့ အဖေနဲ့ အမေပဲ။ သူကြီးဟောင်းရဲ့ ယောက္ခမ



ာ ပြောရတယ်။ သမက်က သူတို့ထက် ကြီးနေတော့ သားပဲခေါ်ရမှာလား။ မောင်တက်ရှိး ခေါ်ရမှာလား။ သူကြီးလို့ လွယ်လွယ်ခေါ်ရမှာလား မဝေခွဲတတ်ဘူး ဖြစ်နေတယ်။ ကိုတက်ရှိးကလည်း ယောက္ခမတွေကိုခေါ်ရင် 'ဒီမယ်' တဲ့။

နောက်တစ်နေ့ မိုးလင်းလို့ ဘုန်းကြီးကျောင်း မင်္ဂလာဆွမ်းအုပ် ပို့ပြီးတာနဲ့ ရွာက ရွာမိရွာဖတွေ ထမင်းကျွေးဖို့ စီစဉ်တယ်။ ထမင်းမကျွေးခင် ဟိုဘက် ဒီဘက် ဆွေမျိုးမိဘတွေ၊ လူကြီးသူမတွေ ခေါင်းရင်းဘက် တန်းစီထိုင်ပြီး သတို့သမီး၊ သတို့သား မင်္ဂလာစကားပြောမယ်လုပ်တော့ မမြသင်နဲ့ ကိုတက်ရှိးက ပီဘိ ကျုံ့ကျုံ့ကလေး ထိုင်လို့။ မမြသင်ကတော့ စံပယ်ပွင့်တွေ ဝေနေအောင် ပန်ထားတယ်။ မျက်နှာကလည်း ပန်းသွေးထနေလိုက်တာ ရဲလို့၊ ခေါင်းကလည်း ငုံ့ထားလိုက်တာ ဖက်ကျိုးတာကမှ လှုပ်လိမ့်ဦးမယ်။ မိန်းမသုံးယောက်နဲ့ မင်္ဂလာဆောင်ဖူးသွားပြီဖြစ်တဲ့ ကိုတက်ရှိးကတော့ ရှိုးတိုးရှန့်တန့်တော့ မဖြစ်ဘူး။ ဒါပေမယ့် ရှက်တော့လည်း ရှက်တာပါပဲ။ သူ့သဘောအတိုင်းဆို မင်္ဂလာဆောင်ဖို့ စိတ်မကူးဘူး။ သည်အတိုင်း ပေါင်းလိုက်ရုံ တွက်ထားတာ။ ဒါပေမယ့် မမြသင်ဘက်က လက်မခံဘူး။ သူ့သမီး အပျိုနုနုထွတ်ထွတ်ကို မင်္ဂလာဆောင်ယူရမယ်ဆိုလို့သာကိုး။

မမြသင်ရဲ့ မိဘနှစ်ပါးနဲ့ ရပ်မိရပ်ဖတွေ သူ့သား သူကြီး ကိုမှင်တို့ ခေါင်းရင်းခန်း နေရာဝင်ယူတော့ လာသမျှ ဧည့်သည်တွေကလည်း အထူးအဆန်းဖြစ်လို့၊ ငြိမ်လို့၊ ပြုံးကြလို့။ ဒါပေမယ့် မင်္ဂလာစကားကို ဘယ်သူက ပြောမယ်ဆိုတာ ညှိမထားတော့ တိတ်ဆိတ်နေလိုက်တာ အကြာကြီး။ တစ်အောင့်နေတော့မှ ရွာက စက်ပိုင် ဦးဘရှင်က–

"မောင်မှင်၊ မင်းက ရွာမှာ သူကြီးပဲ။ မင်းက စပြောကွာတဲ့"

ကိုမှင်က ဘယ်လိုမှ မျှော်လင့်ထားတာ မဟုတ်ဘူး။ သူ စကားပြောမယ်လို့လည်း မထင်ဘူး။ ပြောလည်း မပြောသင့်ဘူးလို့ တွက်ထားတာကိုး။ ါကြောင့် ဦးဘရှင်က ပြောခိုင်းတော့ တွန့်သွားတယ်။

"ဟာ… မဟုတ်တာ ဘကြီး ဘရှင်ပဲ ပြောပါဗျာ"

"အေးပါ တို့လည်း ပြောမှာပါ။ ဟိုဘက်ဒီဘက် မိဘများကလည်း ပြောရမှာလေ။ မင်းက မင်းအဖေဘက်က လူကြီးတစ်ယောက်အနေနဲ့ရော ရွာက သူကြီးအနေနဲ့ပါ မင်း စပြောမှ တင့်တယ်မှာပေါ့"

အဲဒီတော့မှ ရွာကလူတွေကလည်း စိတ်ဝင်စားလာကြတယ်။ ကိုမှင်က သူ့အဖေ သတို့သားကို ဘယ်လိုပြောမှာပါလိမ့်ပေါ့။ ကိုမှင်ကတော့ ချွေးတွေ

သံတွေတောင် ထွက်လာတယ်လို့ ထင်တယ်။ သူ့ရှေ့က ဖလားစုံ ကွမ်းအစ်ကြီးထဲက ကွမ်းသီးတစ်ဖတ် ကောက်ဝါးထည့်ပြီး အကြာကြီးနေတော့မှ…

"အဟမ်း…"

ချောင်းမဟန့်ချင်ဘဲ ဟန့်တော့ လူတွေက တဝေါဝေါ စကားပြောနေကြတာ ငြိမ်သွားတယ်။

"အဖေနဲ့ အဲ… အဖေနဲ့ပေါ့လေ။ မမြသင်နဲ့"

ကိုမှင်က ဆက်ပြောလို့ မရသလို ရပ်သွားတယ်။ ကွမ်းသီးတစ်ဖတ် ထပ်နှိုက်တယ်။ ဝါးတယ်။ မဆီမဆိုင် ရေနွေးကြမ်းတစ်ပန်းကန် ငှဲ့တယ်။

"အဖေနဲ့ မမြသင်နဲ့ ဘာသာဘာဝ ထိမ်းမြားကြလို့ မင်္ဂလာစကားပြောပါဆိုတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာရှိတယ်။ ပုဆိုးတန်းတင် အကြင်လင်မယားတဲ့။ အဟမ်း အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ် သိကြလို့ မြန်မာထုံးစံ ကန်တော့ပွဲနှင့် ကွမ်းဆေးလက်ဖက်နဲ့ ညှော့ခံလို့ လင်မယားအရာ မြောက်ပြီဆိုတာနဲ့"

ကိုမှင်က ငှဲ့ထားတဲ့ ရေနွေးကြမ်း ပန်းကန်ကို ယူပြီး ရှုတ်ခနဲ သောက်တယ်။ သူကြီးဟောင်း ကိုတက်ရီးကတော့ သူ့သား ကိုမှင်ကို မျက်ထောက်နီကြီးနဲ့ ကြည့်နေတယ်။ လူတွေက ရယ်ချင်ပေမယ့် မရယ်ဘဲ တင်းထားတဲ့ ရုပ်တွေနဲ့။ ကိုမှင်ကလည်း သူ့စကား အမြီးအမောက် မတည့်တာ သူ့ဟာသူ သိတယ်။ ဘာဆက်ပြောရမှန်းလည်း မသိဘူး။ ခဏနေတော့မှ…

"ဒီတော့ကာ မမြသင်ကလည်း မယားဝတ္တရားတဲ့ ငါးပါးနဲ့တူတယ်။ အဲဒါရှိတယ်။ အဖေကလည်း လင့်ဝတ္တရား ငါးပါးနဲ့အညီ တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့နော်ဗျာ။ ရသမျှ ဥစ္စာလည်း တူအမျှ၊ ရသမျှ ကုသိုလ်လည်း တူအမျှ ဆိုသလို အဲ… ဆိုသလို မမြသင်ကလည်း ကိုယ့်လင်သားကို လင်သားလို၊ အစ်ကိုလို၊ အဖေလို ခက်ဆံရမယ်။ အဖေကလည်း ဒီလိုပဲနော်၊ အဖေကလည်း ခါတိုင်းလို မမိုက်နဲ့တော့"

သူကြီးဟောင်း ကိုတက်ရီးက သူ့သား ကိုမှင်ပြောနေတာကို ဒေါသပဲ ဖြစ်နေလို့လား၊ စိတ်ပဲ မကောင်းလို့လား မသိဘူး မျက်လုံးကြီးတွေကလည်း ပြူးလို့။

"မမိုက်နဲ့ဆိုတာက အဖေ ကက်လည်းဖြတ်တော့၊ အရက်လည်း ဖြတ်တော့။ အသက်ကလည်း နားထင်ဆောင့်နေပြီ" ကိုတက်ရီးက သူ့သား ကိုမှင်ရဲ့ မင်္ဂလာစကားထဲမှာ ကက်တွေရော၊ အရက်တွေရော၊ မမိုက်နဲ့တော့ရော



ပါလာတဲ့အထိက ဘာမှမပြောသေးဘူး။ အသက် နားထင်ဆဲလေး တို့ထိလျက် ရှိ "ဟော့ကောင် ငမှင် ခွေးသား တော်တော့ကွာ" တဲ့။

အော်လိုက်တာ မင်္ဂလာပွဲလာကြတဲ့ လူတွေဆိုတာ အုံးခနဲ ထရယ်တော့တာပြီး ပတ်တုတ်ယူရတယ်။

## (၄)

အရင်မယားနှစ်ယောက် ယူခဲ့တုန်းက မယားတွေသာ သေခဲ့တဲ့ သူကြီးဟောင်း ကိုတက်ရီး၊ မမြသင်နဲ့ ညားလို့ ခြောက်လလောက်လည်း ကြာရော၊ သည်တစ်ခါတော့ သူကိုယ်တိုင် သွားတော့တယ်။ အဲဒီတုန်းက မူလ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းသည့် ရောဂါဆိုတာလည်း မပေါ်သေးပါပဲ သူကြီးဟောင်း ကိုတက်ရီးကတော့ တပိန်ပိန် တလိန်လိန် လုံးပါးပါးပြီး သေသွားတာ။ ဘာရောဂါရယ်လို့ မည်မည်ရရလည်း မရှိဘူး။

သူကြီးဟောင်း ကိုတက်ရီး ခုနစ်ဆယ်ကျော်လို့ သေသွားတာက သတင်းမဟုတ်ပေမယ့် ကျန်ရစ်ခဲ့တဲ့ မမြသင်ကတော့ ကိုယ်ဝန်နှစ်လ ကျန်ရစ်ခဲ့တယ်ဆိုတာကမှ သတင်းဖြစ်တော့ ရွာက လူတွေက ဟယ်… ဟုတ်ပါ့မလားပေါ့။ မဖြစ်နိုင်ပါဘူးပေါ့။ သူကြီးဟောင်း သေပြီးလို့ မကြာပါဘူး။ မမြသင် ဗိုက်ကလေး စူလာတော့မှ လူတွေက ဟုတ်ပါ့တော်။ သူကြီးဟောင်း ကိုတက်ရီးတို့မှာ သေခါနီးတောင် ခုနစ်ထွေကလေးနဲ့တဲ့။ ။

□

သံတွေတောင် ထွက်လာတယ်လို့ ထင်တယ်။ သူ့ရှေ့က ဖလားစုံ ကွမ်းအစ်ကြီးထဲက ကွမ်းသီးတစ်ဖတ် ကောက်ဝါးထည့်ပြီး အကြာကြီးနေတော့မှ…

"အဟမ်း…"

ချောင်းမဟန့်ချင်ဘဲ ဟန့်တော့ လူတွေက တဝေါဝေါ စကားပြောနေကြတာ ငြိမ်သွားတယ်။

"အဖေနဲ့ အဲ… အဖေနဲ့ပေါ့လေ။ မမြသင်နဲ့"

ကိုမှင်က ဆက်ပြောလို့ မရသလို ရပ်သွားတယ်။ ကွမ်းသီးတစ်ဖတ် ထပ်နိုက်တယ်။ ဝါးတယ်။ မဆီမဆိုင် ရေနွေးကြမ်းတစ်ပန်းကန် ငှဲ့တယ်။

"အဖေနဲ့ မမြသင်နဲ့ ဘာသာဘာဝ ထိမ်းမြားကြလို့ မင်္ဂလာစကားပြောပါဆိုတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာရှိတယ်။ ပုဆိုးတန်းတင် အကြင်လင်မယားတဲ့။ အဟမ်း အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ် သိကြလို့ မြန်မာထုံးစံ ကန်တော့ပွဲနှင့် ကွမ်းဆေးလက်ဖက်နဲ့ ဧည့်ခံလို့ လင်မယားအရာ မြောက်ပြီဆိုတာနဲ့"

ကိုမှင်က ငှဲ့ထားတဲ့ ရေနွေးကြမ်း ပန်းကန်ကို ယူပြီး ရွတ်ခနဲ သောက်တယ်။ သူကြီးဟောင်း ကိုတက်ရိုးကတော့ သူ့သား ကိုမှင်ကို မျက်ထောက်နီကြီးနဲ့ ကြည့်နေတယ်။ လူတွေက ရယ်ချင်ပေမယ့် မရယ်ဘဲ တင်းထားတဲ့ ရုပ်တွေနဲ့။ ကိုမှင်ကလည်း သူ့စကား အမြီးအမောက် မတည့်တာ သူ့ဟာသူ သိတယ်။ ဘာဆက်ပြောရမှန်းလည်း မသိဘူး။ ခဏနေတော့မှ…

"ဒီတော့ကာ မမြသင်ကလည်း မယားဝတ္တရားတဲ့ ငါးပါးနဲ့တူတယ်။ အဲဒါရှိတယ်။ အဖေကလည်း လင့်ဝတ္တရား ငါးပါးနဲ့အညီ တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့နော်ဗျာ။ ရသမျှ ဥစ္စာလည်း တူအမျှ၊ ရသမျှ ကုသိုလ်လည်း တူအမျှ ဆိုသလို အဲ… ဆိုသလို မမြသင်ကလည်း ကိုယ့်လင်သားကို လင်သားလို၊ အစ်ကိုလို၊ အဖေလို ဆက်ဆံရမယ်။ အဖေကလည်း ဒီလိုပဲနော်၊ အဖေကလည်း ခါတိုင်းလို မမိုက်နဲ့တော့"

သူကြီးဟောင်း ကိုတက်ရိုးက သူ့သား ကိုမှင်ပြောနေတာကို ဒေါသပဲ ဖြစ်နေလို့လား၊ စိတ်ပဲ မကောင်းလို့လား မသိဘူး မျက်လုံးကြီးတွေကလည်း ပြူးလို့။

"မမိုက်နဲ့ဆိုတာက အဖေ ကက်လည်းဖြတ်တော့၊ အရက်လည်း ဖြတ်တော့။ အသက်ကလည်း နားထင်ဆောင့်နေပြီ" ကိုတက်ရိုးက သူ့သား ကိုမှင်ရဲ့ မင်္ဂလာစကားထဲမှာ ကက်တွေရော၊ အရက်တွေရော၊ မမိုက်နဲ့တော့ရော



ပါလာတဲ့အထိက ဘာမှမပြောသေးဘူး။ အသက် နားထင်ဆောင့်နေပြီဆိုရော "ဟေ့ကောင် ငမှင် ခွေးသား တော်တော့ကွာ" တဲ့။

အော်လိုက်တာ မင်္ဂလာပွဲလာကြတဲ့ လူတွေဆိုတာ အုံးခနဲ ထရယ်တာ ပတ်တုတ်ယူရတယ်။

## (၄)

အရင်မယားနှစ်ယောက် ယူခဲ့တုန်းက မယားတွေသာ သေခဲ့တဲ့ သူကြီးဟောင်း ကိုတက်ရိုး၊ မမြသင်နဲ့ ညားလို့ ခြောက်လလောက်လည်း ကြာရော၊ သည်တစ်ခါတော့ သူကိုယ်တိုင် သွားတော့တယ်။ အဲဒီတုန်းက မူလ ကိုယ်ခံစွမ်းအားလျော့နည်းကျဆင်းသည့် ရောဂါဆိုတာလည်း မပေါ်သေးပါပဲ သူကြီးဟောင်း ကိုတက်ရိုးကတော့ တပိန်ပိန် တလိန်လိန် လုံးပါးပါးပြီး သေသွားတာ။ ဘာရောဂါရယ်လို့ မည်မည်ရရလည်း မရှိဘူး။

သူကြီးဟောင်း ကိုတက်ရိုး ခုနစ်ဆယ်ကျော်လို့ သေသွားတာက သတင်းမဟုတ်ပေမယ့် ကျန်ရစ်ခဲ့တဲ့ မမြသင်ကတော့ ကိုယ်ဝန်နှစ်လ ကျန်ရစ်ခဲ့တယ်ဆိုတာကမှ သတင်းဖြစ်တော့ ရွာက လူတွေက ဟယ်… ဟုတ်ပါ့မလားပေါ့။ မဖြစ်နိုင်ပါဘူးပေါ့။ သူကြီးဟောင်း သေပြီးလို့ မကြာပါဘူး။ မမြသင် ဗိုက်ကလေး ရူလာတော့မှ လူတွေက ဟုတ်ပါ့တော်။ သူကြီးဟောင်း ကိုတက်ရိုးတို့မှာ သေခါနီးတောင် ခုနစ်ထွေကလေးနဲ့တဲ့။ ။

❐

## ရတနာပုံမ် ညများ

(၁)

'ဝိဝင့်ဌာဃီ၊ ပေါ်စဆီကာ၊ ဝစီကံနူတ်၊ မှန်မယုတ်ကို၊ ဝေပုစ် ထဲသိပ်၊ မြဲစွာ နှိပ်သား၊ ဂီရိဗဇ၊ ဝေပူလသို့ ပတ္တမြားရောင်၊ ညီးညီးပြောင်သည်၊ ရွှေတောင် မဝေး၊ မန္တလေးမှ၊ တစ်ကွေး ထောင့်ချိုး၊ မြင်ထင်မိုးသား'

**(ရခိုင်နိုင်မော်ကွန်း)**

(၂)

"ဦးဇင်းမှတ်၊ တပည့်တော်တို့ တံတားပေါ် လျှောက်ချေဦးမယ် ဘုရား၊ ဆရာ ဝင်းစည်သူလာရင် ခဏစောင့်ပါလို့ ပြောပေးပါဘုရား၊ မရှိမသေ မှာခဲ့ပါရစေ ဘုရား"

"ရပါတယ်၊ ပြောလိုက်မယ် သွားကြ သွားကြ"

အမရပူရ ညနေသည် အေးစက်လွန်းလှချည့်။ မယ်ဇယ်ပင် စိမ်းညို့ညို့ တို့ပင် ဆောင်းညနေထဲမှာ အိပ်စက်ဖို့ ပြင်နေကြပြီ။ အဝေးကွင်းပြင်ထဲက အုတ်ဖုတ်လုပ်သားတို့လည်း လုပ်ငန်းသိမ်းကြပြီ။ ခပ်ဝေးဝေး ရေကြောကလေး အစပ်မှာတော့ စိုက်ခင်းတောင်သူတို့ ရှိနေသေးသည်။ သဲမြေမွမွပေါ်က ထွန်ရေး ကြောင်းတွေကို ယက်ရင်း ဖယ်ရင်း မြက်ရိုင်းဖတ်တွေကို ရွေးနုတ်နေကြဟန် တူသည်။

နေဝင်ရီသရော၏ နီစွေးစွေး အလင်းအစအနတွေကတော့ တံတား ဟောင်း တိုင်လုံးခြောက်ခြောက်တွေပေါ်ကို လည်းကောင်း၊ တောင်သမန်ရွာ



တောစိမ်းအုပ်အုပ်ပေါ်သို့ လည်းကောင်း ဖွဖွညင်ညင်ကလေး တို့ထိလျက် ရှိလေသည်။

ဦးပိန်တံတား တိုင်ဟောင်းများကို တစ်တိုင်ပြီးတစ်တိုင် ကျော်ဖြတ်ပြီးချိန်မှာ နောက်ဆီမှာတော့ အလောင်းရောင် တော်တော်များများ လျော့ပါးသွားခဲ့ပြီ ဖြစ်၏။ ကိုဆောင်း (ဆောင်းဝင်းလတ်) ကတော့ သီချင်းတအေးအေးရှိနေဆဲ။ သူသည် မန္တလေးကို သီချင်းဆိုဖို့များ ရောက်လာလေသလား ထင်ရအောင် သီချင်းတွေကို ဆိုနိုင်သူဖြစ်သည်။ ရထားပေါ်မှာလည်း သီချင်း၊ မန္တလေးရောက်တော့လည်း သီချင်း၊ တောင်လေးလုံး ရော[illegible]ဟော့လည်း သီချင်း၊ နံနက်သီချင်း၊ ညသီချင်း။ ဆရာမြို့မငြိမ်း၏ သီချင်းတော်တော်များများကို သူ ရသည်။ ပန်းချီဆရာ ကိုယဉ်မင်းပိုက်ကတော့ မြင်ကွင်းတွေကို စိတ်နှင့် တွေးမှတ်နေဟန် ရှိ၏။ ရှေ့ဆက်မသွားသေးဘဲ စစ်ကိုင်းတောင်ရိုးကို လှမ်းငေးနေတတ်သည်။

"ကြည့်စမ်းဗျာ၊ နေလုံး နီနီရဲရဲကြီးအောက်မှာ စစ်ကိုင်းတောင်ဟာ အလျားလိုက် လဲကျနေလိုက်တာ။ စေတီပုထိုးဖြူဖြူကလေးတွေဟာ ပန်းချီကားသာ ဆိုရင် Strokes တွေပေါ့။ ရှုပ်နေတာက တာဝါတိုင်ကြီးဗျ"

သူတို့ရောက်နေသော နေရာက နောက်ပြန်လှည့်ကြည့်လျှင် မယ်ဇယ်ပင်တန်း ကောက်ကွေ့ကွေ့။ ဆည်းဆာသွေးရောင်ထဲက ညို့မှိုင်းမှိုင်း စစ်ကိုင်းတောင်။ ပြီးတော့ မမြင်ရသော အောက်နားမှာ ဧရာဝတီ ရှိနေလိမ့်မည်။

တံတား၏ တစ်ဖက်ထိပ် တောင်သမန် ရွာကလေးမှာ စီးကရက် သုံးလေးလိပ် ဝယ်ပြီး သူတို့ လှည့်ပြန်ခဲ့ကြသည်။ အပြန်ခရီးမှာတော့ အင်းရေပြင်ထဲမှာ အမှောင်ကျနေပြီ။ ခပ်ဝေးဝေး စေတီတွေဆီက လျှပ်စစ်မီးပွင့် နှစ်ပွင့် သုံးပွင့်။ အင်းရေထဲက ဆောင်းလေသည် ခပ်ပြင်းပြင်းကလေး နှုတ်ဆက်သဖြင့် တိုက်ပုံရင်ဖုံးကို ဆွဲစေ့လိုက်ရသည်။ ကိုဆောင်းကတော့ သည်တံတားပေါ်မှာ မနေ့ညတုန်းက ကျင်းပခဲ့သော ပွဲတော်ကလေးအကြောင်းကို အားပါးတရ ပြောနေသည်။ မနေ့ညက သည်တံတားပေါ်မှာ ညတစ်ဝက်လောက် သူ ကခဲ့သည်ကော။ သူ့လည်ပင်းက မာဖလာလေးကို ဖြုတ်ကာ မိုက်ကရိုဖုန်းလုပ်လိုက်၊ ပဝါကို ဖြန့်ကာ ဖြန့်ကာ ကလိုက်၊ ခေါင်း ခါး ခြေလက် မပျက်စေရ သုခုမကို သူ ပုံဖော်ခဲ့သည်။

"ဒါ ဆောင်းရဲ့ မာဖလာဒန့်စ်ဗျ"

မနေ့ညက ဘယ်က ဘယ်လိုရောက်လာမှန်း မသိသော ဂစ်တာ တစ်လက်ကို အကြောင်းပြု၍ သီချင်းတွေ ဆိုကြ၊ ကကြ၊ အကြေအညာ၊ တောင်

ပေါ်နှင့် မြေပြန့်၊ မြို့ပြနှင့် ကျေးလက်က ကဗျာဆရာ၊ စာပေ ညီအစ်ကို မောင်နှမများ၏ တွေ့ဆုံ ကြည်နူးရသော ပွဲကလေး။ ထုံးစံအတိုင်း သူလည်း သီချင်းဆိုခဲ့သေးသည်။ ပြီးတော့လည်း ထုံးစံအတိုင်းပါပဲ။ သူ နှစ်သက်သော ခင်မောင်ရင် သီချင်းတွေထဲက တစ်ပုဒ်ပါပဲ။

"တောသားကြီး"

"မျှော်လေထွေဆန်း၊ ရော်ရည်ကာမှန်း၊ ပြည်တော်ရွှေနန်း၊ ဘယ်မှန်း သိပေါင်"

ဆိုသော ခင်မောင်ရင်ရဲ့ တောသားကြီး။

ကိုဆောင်းကတော့ ညကအကြောင်းတွေကို ပြောရင်းက တံတားပေါ်မှာ ခြေလှမ်းတွေ သွက်နေသည်။ သူနှင့် ပန်းချီဆရာပင် မနည်းလိုက်နေရသည်။ ဈေးဆိုင်တန်း၊ ဓာတ်ပုံဆိုင်တန်း၊ အကြော်ဆိုင်တန်းကလေးတွေကို ကျော်လိုက်လျှင် ကျောင်းဝကို ရောက်သည်။ ကျောင်းဝမှာ ကားဖြူကလေး နှစ်စီး ရပ်ထားသည်။

"သွားကြရအောင်ဗျို့၊ မန္တလေးညကို ခံစားရအောင်"

ဆရာဝင်းစည်သူက ကွမ်းတစ်ယာကို ပါးစပ်ထဲ ထိုးထည့်ရင်း လှမ်းအော်သည်။ သူတို့အားလုံး ကားပေါ်ရောက်တော့ ကားစထွက်သည်။

"ဆောရီးဗျာ၊ ကလေးတွေ class က မပြတ်လို့ နည်းနည်း နောက်ကျသွားတယ်"

သူကတော့ ဆရာဝင်းစည်သူကို တွေ့တိုင်း သူ၏ မျိုးစေ့လွယ်အိတ်ထဲက ဓာတ်သိမ်းခန်းကလေးကို သတိရနေတတ်သည်။ သူ နာရီကို ကြည့်သည်။ ခြောက်နာရီ မိနစ်လေးဆယ်။ အမရပူရသည် စောစီးစွာ မှောင်နေခဲ့ပြီ။ ကားကလေးက လမ်းမကြီးပေါ် ရောက်လာတော့ ညာကို ကွေ့ချိုးလိုက်သည်။ မန္တလေးဆီသို့။

"ရွှေတောင်မဝေး၊ မန္တလေးမှ၊ တစ်ကွေ့ ထောင့်ချိုး၊ မြင်ထင် မိုးသား"

(၃)

အမရပူရမှ မန္တလေး ခရီးသည်ကား ဝေးသည်လည်း မဟုတ်၊ နီးသည်လည်း မဟုတ်ချေ။ လမင်းကို လင်ပုပ်ဖမ်းရာက တဖြည်းဖြည်း လွတ်မြောက်လာသလို [illegible] အမရပူရကို နောက်ဆီမှာ ချန်ရစ်ကာ လင်းလက်သော မန္တလေးကို တဖြည်းဖြည်း အန်ချလိုက်သည်နှင့် တူသည်။ လူထုမှာ ကိုကျော်စိုးဝင်းကို



ဝင်ခေါ်ပြီး ထွက်လာတော့ ကားပေါ်မှာ ခုနစ်ယောက် ဖြစ်သွားသည်။ ဆရာဝင်းစည်သူက မောင်းသည်။ သူ့ဘေးက ကိုကျော်မင်း၊ နောက်မှာက ကိုကျော်စိုးဝင်း၊ ကိုသာထက်အောင်၊ ကိုဆောင်း၊ ကိုယဉ်မင်းပိုက်နှင့် သူ။

"စင်းချွင်ယဉ်ကို သွားကြရအောင်"

"သွားလေ"

စင်းချွင်ယဉ်၊ ဘာပါလိမ့်။ လင်းလက်သော မြို့ပြလမ်းများကို တရိပ်ရိပ် ဖြတ်သန်းကာ တစ်ခုသော လူစည်ကားရာအရပ်မှာ ကားရပ်သွားသည်။ ခမ်းနားသော၊ သပ်ရပ်သော မီးရောင်တို့ဖြင့် ထိန်ညီးသော စားမြိန်ဆောင်။ ကိုကျော်မင်း တစ်ယောက်တည်း ကားပေါ်မှ ဆင်းကာ လူရှင်းမရှင်း အကဲခတ်သည်။

"လူပြည့်နေတယ်၊ ထောယဉ်ကိုပဲ သွားမယ်"

ထောယဉ်၊ ဒါလည်း မန္တလေးရဲ့ များပြားလှစွာသော စားမြိန်ဆောင်တွေက တစ်ခုပဲ ဖြစ်လိမ့်မည်။ သည်နာမည်တွေကို သူ အလွတ်ရနေသည်။ မှတ်ထား တေးထားသည် မဟုတ်ဘဲ သည်နာမည်တွေကို သူ မှတ်မိနေလေသည်။ ကိုဆောင်းကတော့ ထုံးစံအတိုင်း သီချင်းညည်းရင်းက ချမ်းခိုက်နေသည်။ သူ့တွင် အနွေးထည်ပါမလာ။ တောင်လေးလုံးမှာ သူ အနွေးထည် တက်ယူသေးသည်ဟု ထင်သည်။ ဘာကြောင့်မှန်းမသိ၊ အနွေးထည် ပါမလာဘဲ သည်အတိုင်း ဆင်းလာခဲ့သည်။

သူကတော့ တရိပ်ရိပ် ပြေးပြေးနေသော ကားလေးပေါ်က ဖျတ်ခနဲ မြင်ရသော မန္တလေးညကိုသာ စိတ်ဝင်စားနေမိလေသည်။ ခါတိုင်း နှစ်စဉ် သူ မန္တလေး လာနေကျ ဖြစ်နေသော်လည်း အမရပူရမှာပဲ ညတွေကို ကုန်ဆုံးပစ်ခဲ့သည်ချည်း။ အမရပူရကို လာရောက် တွေ့ဆုံ နှုတ်ဆက်ကြသော စာပေ ရောင်းရင်းတို့သည်လည်း ညမမှောင်ခင်၊ ညဥ့်နက် မနက်ခင်း မန္တလေးကို ပြန်ကြသည်ချည်း။ ဘာပဲဖြစ်ဖြစ် သည်နှစ် မန္တလေးသည် မနှစ်က မန္တလေး မဟုတ်တော့။ ကောင်းကင်ကို လှတက်ဖို့ ကြိုးစားနေသော တိုက်တာ အဆောက်အအုံတို့ ခပ်ဆန်းဆန်း ဗိသုကာ လက်ရာတွေကို မော်ကြည့်ရင်း၊ ငေးရီရင်း၊ အံ့သြရင်း ကားပေါ်မှာ သက်မဲ့အရုပ် တစ်ရုပ်လို သူ ပါလာခြင်း ဖြစ်သည်။ ဖွေးခနဲ ဖွေးခနဲ မီးရောင်တို့ဖြင့် လှပချင်တိုင်း လှပနေသော မန္တလေးည၏ မိုးကောင်းကင်မှာတော့ မိုးသားတွေ အရစ်ရစ် ထနေသည်။ မိုးကောင်းကင်ကို ကြည့်ရင်းက မန္တလေးရက်စဉ်သမိုင်း ရက်စွဲတွေကို မှတ်မိသလောက် စဉ်းစားနေမိသေးသည်။

၁၂၁၅ ခု – တော်သလင်းလဆန်း ၉ ရက် (11 Sept 1853) လူ ရဟန်းပညာရှိတွေ မစိုးရိမ်မှာ စည်းဝေးပြီး အမရပူရက ဘယ်မှ မပြောင်းသင့် ဆုံးဖြတ်။

– လဆန်း ၁၁ ရက် (13 Sept 1853) အမရပူရက မပြောင်းသင့်ကြောင်း မေတ္တာစာ ရေးပြီးသွင်း။

၁၂၁၈ ခု – တန်ဆောင်မုန်းလဆန်း ၃ ရက် (30 Oct 1856) မြို့သစ်တည်မည့်နေရာ သွားကြည့်။

– လဆန်း ၄ ရက် (31 Oct 1856) မြို့သစ်နေရာကို ပုံစံရေးပြီးသွင်း။

– ပြာသိုလပြည့်ကျော် ၄ ရက် (29 Dec 1856) ရှေးဟောင်းစာတွေနဲ့ ညှိပြီး မြို့သစ် စီရင်ခင်းစီရင်ဖွယ် စာတမ်းရေးပြီး သွင်းစေ အမိန့်တော်။

– တပို့တွဲလဆန်း ၈ ရက် (1 Feb 1857) မြို့သစ်နေရာမှာ တောခုတ်၊ ပရိတ်ရွတ်။

– လဆန်း ၉ ရက် (2 Feb 1857) ဝန်းကျင် ဆည်ဖို့၊ ကန်ပြင်၊ နှစ်လတွင်းပြီး။

– လပြည့်ကျော် ၅ ရက် (13 Feb 1857) မြို့၊ နန်းနှင့် ကျုံး နေရာ ပန္နက်ချ။

ခရစ်နှစ် ၁၈၅၇ ဆောင်းနှောင်းရာသီမှာ ပန္နက်ချခဲ့တာပါကလား။ သူသက္ကရာဇ်တွေကို စိတ်နှင့် နှုတ်ကြည့်သည်။ ၁၃၅ နှစ် ရှိခဲ့ပါပကော။ လွန်ခဲ့သော ၁၃၅ နှစ်က သည်နေရာမှာ လယ်ကွင်းဖုန်းဆိုးတွေလား။ ဗျိုက်တော၊ ညွန့်တောတွေလား။ အမရပူရက ရွှေ့ရပြောင်းရမည်ဆိုသောအခါ ကန့်ကွက်သူတွေက ကန့်ကွက်ကြ၊ ထောက်ခံကြသူတွေ ထောက်ခံကြ။ အုတ်အော်သောင်းတင်း။

"ထာဝရ ဇင်္ဂမ စသော ကိန်းများကို တွက်ချက်၍ရသော ဟောကိန်းများအရ မန္တာယပ္ပဘဲ နန်းတော်ကို ပြောင်းရွှေ့ခဲ့လျှင် နန်းတော်ကို မိုးကြိုးခလိမ့်မည်"

ပုဏ္ဏားတော် ဗေဒင်ပညာရှိ ဦးရာမ၏ ကန့်ကွက်ချက်မှာ အပြင်းထန်ဆုံး။ ထိုဟောကိန်းကြောင့်ပင် ဗန်းမော်သို့ အပို့ခံရသူ ဦးရာမကို ပြန်ခေါ်ကာ ယ[illegible]များ စီရင်ခိုင်းရသည်လည်း ရှိ၏။



"မောင်မင်း၏ ဟောကိန်းအတိုင်း ၁၂၂၀ ပြည့်၊ ကဆုန်လပြည့်ကျော် ဝ ရက်၊ သောကြာနေ့ တစ်ချက်တီးကျော် ငါးမောင်းအချိန် ပြာသာဒ်ထီးဖျား က်ဝဲဘက်စွန် လက်ခံတိုင်ကို မိုးကြိုးခခဲ့သည်။ သို့သော်လည်း မြို့တော်ကို က်လက် တည်ဆောက်ရမည်။ ယကြာထူးများ ဖန်တီးပေးရမည်"

ယကြာထူးတွေနဲ့ မြို့။ ကန့်ကွက်သံတွေ ဆူဝေနေဆဲမှာပင် ရွှေမြို့တော်၊ မ္မာဇရပ်တော်၊ မဟာလောကမာရဇိန် စေတီတော်၊ သိမ်တော်၊ မဟာအတုလ ယန်တိုက်တော်၊ ပိဋကတ်တိုက်တော်၊ ကျုံးတော်ကြီး စသည့် ခုနစ်ဌာနကို စ်ပြိုင်နက်တည်း တည်ဆောက်ခဲ့သည့် မြို့တော်။ မြို့တော်ကို ရတနာပုံမ်။ န်းမြို့ကို လေးကျွန်းအောင်မြေ။ ရွှေနန်းတော်ကို မြနန်းစံကျော်ဟု သမုတ် က်မူခဲ့သော မြို့တော်။ ရတနာပုဏ္ဏမှ ရတနာပုဏ်ဖြစ်လာခဲ့သော မြို့တော်။ ည်သုံး ငွေဒင်္ဂါးများပေါ်မှာ 'ရတနာပုံမ်နေပြည်တော်' ဟု တံဆိပ်တော် ခပ်နှိပ် သည့် မြို့တော်။

ရတနာပုံမ်တဲ့လား။

"ဟေ့လူ ဆင်းတော့လေ၊ ထောယဉ် ရောက်ပြီ"

သူ ကားရပ်သွားတာကို မသိလိုက်ပါ။ ပြီးတော့ သူ့ရှေ့က မြင်ကွင်း ည် ဖုန်းဆိုး ဗျိုက်တောလည်း မဟုတ်ပါ။ လင်းထိန်ပြိုးပြက်သော တိုက်တာ ဆောက်အအုံများသာ ဖြစ်လေသည်။ ထောယဉ် ရက်စတောရင့်၏ သီးသန့် န်းမထဲကို ရောက်သွားသည်အထိ သူ့စိတ်တွေ နောက်ကျိနေဆဲ ဖြစ်သည်။ ူ ဘယ်လိုကဘယ်လို ကားပေါ်က ဆင်းလိုက်သလဲ။ သည်ပေါ်ကို ဘယ်လို က်လာခဲ့သလဲ။ သည်နေရာမှာ ဘယ်လို ထိုင်လိုက်မိသလဲ သူ့ကိုယ်သူ ပြန် ဦးစားနေမိသေးသည်။ တစ်နာရီ မပြည့်တစ်ပြည့် အချိန်ကလေးအတွင်းမှာ င် သူတို့ စကားဝိုင်းကလေး စိုပြည်လာသည်။ ထိုစဉ်မှာပင် ဧည့်သည် တစ် ယောက် ရောက်လာသည်။ ဝဝဖိုင့်ဖိုင့်၊ မျက်နှာချိုချို၊ ပြုံးရွှင်ရယ်မောရှိတတ် သော သူ့မျက်လုံးများကို အလင်းရောင်အောက်မှာ သူ မှတ်ထားလိုက်သည်။ ူသည် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ကို ပိုင်ဆိုင်သည်။ တီးဝိုင်းတစ်ခုမှာ ာယောထိုးသည်။ ရွှေ့ပြောင်းစာသင်ခန်း တစ်ခန်းမှာ သူ စာသင်သည်။ သူ ကြမ်းမှတ်ထားလိုက်ခြင်းသာဖြစ်၍ မှားချင်လည်း မှားနိုင်သည်။

"ဒါ ကိုဇောအောင်၊ ကျွန်တော့်မိတ်ဆွေပါပဲ။ သူက"

ဆရာ ဝင်းစည်သူက မိတ်ဆက်ပေးသည်။

"ကျွန်တော် တယော သွားထိုးမလို့ဗျ၊ လိုက်ခဲ့ကြပါလား။ အပြင်မှာ င်ဗျား ကားရပ်ထားတာတွေလို့ ဝင်လာတာ"

ခဏလေးအတွင်းမှာပင် ဦးစောအောင် သူတို့နဲ့ တစ်သားတည်း ဖြစ်သွားလေသည်။ ကိုသာထက်အောင်ကတော့ ရောဂါနံပါတ် ၉၇ ဝတ္ထုအကြောင်းကို ခပ်တိုးတိုး ပြောနေသည်။ ဒါကိုလည်း သူ တစ်ချက်တစ်ချက် ကြားသည်။ ကိုဆောင်းဝင်းလတ်၏ ဟာသများကိုလည်း တစ်ခါတစ်ခါ သူ ရယ်မောမိသည်။ သူလည်း မကြာမီက ရေးဖြစ်ခဲ့သော ဝတ္ထုတိုလေးတစ်ပုဒ်အကြောင်းကို ပြောဖြစ်နေသေးသည်။ ထိုစဉ်မှာပင် ဝေါခနဲ ဝေါခနဲ ရယ်မောသံ ခပ်စူးစူးကို တစ်ဖက်ခန်းမှ ကြားနေရသည်။ လက်ခုပ်လက်ဝါးတီးသံနှင့် တဝေါဝေါ ရယ်မောသံတွေကို ဆင့်ကာဆင့်ကာ ကြားနေရတော့ ကိုဆောင်းက...

"တို့လည်း သီချင်းဆိုမယ်၊ ဆောင်းလည်း သီချင်းဆိုမယ်"

ဖြစ်လာသည်။ တယောသွားထိုးမည့် ဦးစောအောင်လည်း မသွားဖြစ်တော့။ သူလည်း မှန်တာကို ဝန်ခံရလျှင် သီချင်းတစ်ပုဒ်ဆိုဖို့ နှုတ်ခံတွင်းကို အသင့်ပြီးနေပြီ။

"ဘာဆိုမှာလဲ၊ ဘာသီချင်းကို ဆိုမှာလဲ"

တစ်ဖက်ခန်းမှ ရယ်မောသံကား တဝေါဝေါ ဆူညံနေဆဲ။

လေးလံနောက်ကျိနေသော သူ့စိတ်တွေကို ပေါ့ပါးသွက်လက်သွားအောင် သူ သီချင်းတစ်ပုဒ် ဆိုရလိမ့်မည်။ သူ့ရင်ထဲမှာ တင်းကျပ်မှုတွေရှိတိုင်း သူ သီချင်းဆိုမြဲ ဖြစ်လေသည်။

ကိုဆောင်းဆိုမည့် သီချင်းကို စိတ်ရှည်လက်ရှည် နားထောင်ရင်း သူ ဆိုမည့် သီချင်းစာသားတွေကို သူ စီကာစဉ်ကာ တွယ်ချိန်နေရသေးသည်။

"ရတနာပုံ နောက်ဆုံးပေးရသည်။ ၎င်း မှဆိုးဆက်ကို ထီးရိုး ရိုက်လိမ့်မည်။ ဘုရား ပါတော်မူပြီ။ ဓာတာညှိုးလို့ အစိုးမရသည်။ အလောင်းတော်လည်း လာချိန်နီးပြီ။ ထီးကနက်ဆီ၊ ဟင့် သင် မင်း အယုတ်၊ ထီးရိုးခုတ်က ဖုတ်ဖုတ်ကင်ကင် နင်ထင်ရာ နင်စိုင်းလို့ နင့်အား မိုးကြိုးသွားနဲ့ ခွင်းတော့မည်"

ရွှေတိုင်ညွန့် ရေးခဲ့သည့် စကြာသိုက်။ စကြာသိုက်ထဲက သီချင်းပိုဒ်တွေကို သူ ဆိုနေမိပါပကော။ မနေ့ညက မာဖလာဒန့်စ် ကခဲ့သော ကိုဆောင်းသည်ပင် ငြိမ်သက်လို့၊ ဆရာ ဝင်းစည်သူကလည်း ငြိမ်သက်လို့။

အလို တစ်ဖက်ခန်းမှ ဝေါခနဲ ဝေါခနဲ ရယ်မော ဆူညံရှိခဲ့ကြသော လူတို့ပင် ငြိမ်သက်လို့။ ထောယဉ်က ဆင်းလာကြတော့ ညဉ့်နက်လှပြီ။



## (၄)

"ဟောဒါ မင်္ဂလာတံခါးဗျ"

ညဉ့် ၁၂ နာရီ ထိုးပြီးစမှာ မင်္ဂလာတံခါးကို လိုက်ပို့သော ဆရာ ဝင်းစည်သူကို သူ အံ့သြနေချိန်မှာပင် သူ ကားပေါ်က ဆင်းပြီး ဖြစ်နေသည်။ သူတို့အားလုံးလည်း ဆင်းသည်။

"အင်းလေ၊ နန်းတွင်းသူ နန်းတွင်းသားတွေဟာ ဒီတံခါးတွေက တစ်ဆင့် ရွှေမြို့တော်ကြီးနဲ့ ကူးလူးဆက်ဆံ ရှိကြမှာပဲ။ လွှန်းပုဆိုးတွေ၊ ခါသာပိတ်ချောတွေနဲ့ ထွန်းသစ်စ နေရောင်အောက်မှာ တဖျပ်ဖျပ် တောက်လက်နေမှာပါပဲ"

သူ့ရင်ထဲမှာ ရှိနေသော စကားတွေပင် ဖြစ်သည်။

သူ့လိုပဲ အတွေးကိုယ်စီ ရှိနေကြသလို ခဏကလေး ငြိမ်သက်သွားသည်။

"အားလုံး တံခါး ၁၂ ရပ် ရှိတယ်ဗျာ။ မဟာမင်းလှမင်းထင် သခ်ယာရဲ့ တျာဘွဲ့မှာ သေနင်ငယ်မှာလေ၊ ဒွါရာလွှန်ကဲ ဦးထိပ်သောင်ညွှတ်၊ တမွတ်ကျွန်းလုံးယူ၊ ကျော်မိုးရွှေတူ၊ ဇမ္ဗူရန်နည်ကဲပါလို့လေ၊ ကြေးမုံခေါ်မြဲ မကွဲတည့် စည်ရှည်မှာ၊ သညာထင်ရှား တံခါးတော်မြတ် စည်သာ၊ လေးသိန်းရတနာငယ်လေ သိင်္ဂါနန်းဦးတဲ့"

မြန်မာစာဆရာက တျာဘွဲ့ကို ရွတ်ပြသည်။ ကားစက်ကို နှိုးသည်။ သူ့စိတ်ထဲမှာ သိပ်ကြာကြာမောင်းလိုက်ရသည် မထင်ပါ။ ခဏကလေး ကားတံခါးကို ဂျိတ်ခနဲ ပိတ်ကာ သူ ဆင်းလာပြန်သည်။

"ဒါ စည်ရှည်တံခါး"

သည်တံခါးက လူမသွားကြဘူးလား။ နန်းတွင်းသူ၊ နန်းတွင်းသားတွေ သည်တံခါးကို မသုံးကြဘူးလား။ မြက်ခြောက်တွေနဲ့ တောကြီးထလို့ပါကလား။ တံခါးတွေကို ညကြီးသန်းခေါင် လိုက်ပြနေပါကလား။ ထူးဆန်းလိုက်တာ။ တံခါး ဆယ့်နှစ်ရပ်စလုံးကိုများ တစ်ညလုံး လိုက်ပြနေမှာလား။ မိုးပဲ လင်းရချည့်။

"ကိုဆောင်း အနွေးထည် မပါဘူးလား၊ ရော့ ဒါ ဝတ်ထား"

ဆရာ ဝင်းစည်သူက သူ့အနွေးထည်ကို ချွတ်ပေးသည်။ ကိုဆောင်းက ယူဝတ်သည်။

"ဆောင်းကို အပိုင်ပေးတာနဲ့ တူတယ်နော်"

ကားဆက်ထွက်လာတော့ ကျုံးဘေးလမ်းအတိုင်း ကားက ပြေးသွားနေပြန်သည်။ ဟိုနောက်နားမှာ ရောင်စုံမီးပွင့်တွေ ထိန်ထိန်ညီးသော ဂီတပွဲတော် တစ်ခု ရှိနေတာကို သူ သတိပြုမိသေးသည်။ ကားက ပလက်ဖောင်းဘေး တစ်နေရာကို မြှောင်ကာ ထိုးရပ်လိုက်သည်။

"ဒါ ထနောင်းပင်လေဗျာ"

ဝါဝင်းသော ထနောင်းပင်ကြီးက ကျုံးရေစပ်မှာ ကွေးကွေးကောက်ကောက် လှနေသည်။ ဆောင်းက အနွေးထည်ကို လက်နှိုက်ကာ သူ့အနားကို ကပ်လာသည်။ တိုးတိုးလေး ပြောသည်။

"ဆရာ ဝစသက ညဘက်ကြီး ဘယ့်နှယ် ထနောင်းပင်တွေ လိုက်ပြနေတာလဲဗျ"

"နားထောင်ပါဦးဟာ၊ အကြောင်းရှိမှာပေါ့"

ဆရာ ဝင်းစည်သူကို ဆရာ ဝစသဟု ခေါ်လေ့ရှိ၏။ ဆရာ ညိုထွန်းလူကို ညထလဟု ခေါ်လေ့ရှိ၏။

"ဒါ ကျွန်တော် ကျုံးရေထဲ ခုန်ခုန်ချတဲ့ ထနောင်းပင်ဗျ၊ ကျောင်းပြေးပြီး လာလာခုန်ချတဲ့ နေရာပေါ့။ ဒီထနောင်းပင်ကို တွေ့ရင် ငယ်ဘဝတွေကို သတိရတယ်"

ထနောင်းပင်ကိုတွေ့ရင် ငယ်ဘဝတွေကို သတိရတယ်ဆိုသော စကားစုတွေကို သူ ခံစားလို့ရပါသည်။ သူလည်း အညာသားပဲ ဖြစ်သည်။ အညာကို ပြန်တိုင်း မြစ်ဆိပ်ကအတက် တစ်မျှော်တစ်ခေါ်ရှိတတ်သော ထနောင်းပင်တွေကို သူ စွဲစွဲနစ်နစ် ခံစားရလေ့ရှိတတ်သည်။ အညာထနောင်းရဲ့ ခေါင်းလိုက်တဲ့ နွေဆိုသော မောင်နွေထက်ရဲ့ ကဗျာစာသားကလေးကို သတိရမိသေးတော့ ကားပေါ် ပြန်တက်လို့ ဘာမှတောင် မကြာသေးချိန်မှာပင် ကားက ထိုးရပ် သွားပြန်သည်။

"ဒီတိုက်က ဘထွေးတိုက်ဗျ။ ဘထွေးတော့ မရှိတော့ဘူးပေါ့ဗျာ။ ဟိုဘက်က မြင်နေရတာက မြို့တော်ဦးပေါ်စံရဲ့ တိုက်"

မြို့တော် ဦးသိန်းအောင်ရဲ့တိုက်။ သူ့စိတ်တွေက ပွဲခင်းထဲ ရောက်သွားပြန်သည်။ ကိုးဆယ်ဆ သာလိမ့်မယ်၊ ကောက်ပင် တစ်ရေးနိုး၊ မိုးလား တိမ်လား မြူလား၊ တရားရှင်။

သူ စွဲလမ်း နှစ်ခြိုက်ခဲ့သော ဘော့စ်ဂစ်တာသံ တဒီဒီ၊ ပတ်တထိထိ ပွဲ... တွေကို သူ့စိတ်တွေ ရောက်ရှိသွားပြန်လေသည်။ ကျုံးရေစပ်မှာ ဆောင်းလေ...



...ည် တရှုရှု အေးမြနေသည်။ တစ်မျှော်တစ်ခေါ် လှမ်းမြင်နေရသော လမ်းမ...းပေါ်မှာ တိတ်ဆိတ်စပြုပြီး မန္တလေးသူ မန္တလေးသားတွေ အိပ်မောကျနေ...ပြီလား။ အပူအပင် အကြောင့်အကြမဲ့ အိပ်စက်ကုန်ပြီလား။ မအိပ်သေးသူ...တွေလည်း လမ်းပေါ်မှာ တလှုပ်လှုပ် ရှိနေသေးသည်။ မီးတွေကတော့ ထိန်ထိန်...းနေဆဲ။

ကားက လမ်းချိုးကလေးတစ်ခုကို ကွေ့လိုက်တော့ အုတ်ခုံငယ်လေး ...စ်ခုရှိသည်။ ခပ်လှမ်းလှမ်းထောင့်မှာ အုတ်ရေကန်ဟောင်းလေး ရှိသည်။ ...ားသည် လမ်းကွေ့ထောင့်ထဲက မှောင်ရိပ်မှာ ရပ်သည်။ ဆရာ ဝင်းစည်သူ ...င်းလိုက်တော့ သူတို့လည်း ဆင်းကြရပြန်သည်။ ဘာများပါလိမ့်။

"ဒါ ကျွန်တော်ငယ်ငယ်က ကစားခဲ့တဲ့ နေရာတွေပေါ့။ ဟောဒီ ကွေ့...လေးက အင်မတန် သရဲခြောက်တာဗျ။ ဟိုအုတ်ရေကန်ကလေးဆိုရင် ည...က် ဘယ်သူမှ မသွားရဲအောင် သရဲခြောက်တဲ့နေရာပေါ့။ ကျွန်တော်ကတော့ ...ားက ဖြတ်တယ်ဆိုရင် ဖြတ်လည်းဖြတ်၊ ပြေးလည်းပြေး၊ ခဲနဲ့လည်း အုတ်...ကန်ကို ထုလည်းထု၊ ပါးစပ်ကလည်း ဆဲလည်းဆဲပေါ့ဗျာ"

ကိုဆောင်းကတော့ ဆရာ ဝစသ စကားတွေ မဆုံးခင်မှာပဲ အုတ်...ကန်ကို သွားသည်။ အုတ်ရေကန်ဘေးက ဓာတ်တိုင်ကို မှီ၍ သူတို့ကို လှမ်း...ည့်နေသည်။ ပြီးတော့ အုတ်ရေကန်ထဲက ရေနဲ့ မျက်နှာသစ်ပြီး ပြန်လာသည်။

"ဆောင်းက သရဲခြောက်တယ်ဆိုတဲ့ ရေကန်က ရေနဲ့မှ မျက်နှာသစ်...င်တာ"

ဆိုလို့ ရယ်မောကြရသေးသည်။

သည်တစ်ခါ ကားရပ်သည့်နေရာမှာ ဝင်းကျယ်ကြီး ဖြစ်သည်။ အတွင်း... ဓမ္မာရုံထီးထီးကြီးတစ်ရုံ ရှိသည်။ ဘေးမှာ ကျယ်ပြန့်သော ကွက်လပ်ရှိ...ည်။ သူတို့အားလုံး မှောင်ကြီးမည်းမည်းထဲက ဓမ္မာရုံနောက်ဘက်နားအထိ ...ျှောက်သွားကြသည်။

"ဒါ ထီးရိုးဝင်းဓမ္မာရုံ၊ ဟောဒီ ကွက်လပ်က ဟိုတုန်းက ဓာတ်ရုံကြီး ...ည်းထလို့၊ ခြိမ့်ခြိမ့်သဲသဲပေါ့ဗျာ။ ကကြ ခုန်ကြ။ ကျွန်တော်တို့က ငယ်ငယ်...ယ်။ ကြည့်စမ်းဗျာ၊ ဘယ်လောက် လွမ်းစရာကောင်းလိုက်သလဲလို့"

ဓမ္မာရုံဝင်းက တော်တော်ကလေး ကျယ်သည်။ ထီးရိုးဝင်း ဓမ္မာရုံက ...က်တော့ ကားက မန္တလေးမြို့ပြလမ်းများပေါ်မှာ အချိန်တော်တော်ကြာကြာ ...လေး သွားနေပြန်သည်။ ဟော ကျုံးရေကိုပါ ပြန်မြင်နေရပါပကော။ မီးပွင့်

ရောင်စုံတွေက ကျုံးရေပေါ်မှာရော ကျုံးရေထဲမှာပါ ရာပေါင်းများစွာ သီးပွ
နေသည်။ ကာရာအိုကေ တေးသံက ကျုံးရေနှင့် ပြအိုးပစ္စင်တို့ကို ရိုက်ခတ
ကာ ညထဲမှာ လှိုင်းထနေလေသည်။

ကျုံးရေထဲက လက်ရန်းဖြူဖြူ တံတားကလေးပေါ်က တစ်ဆင့် ရေထ
က စင်မြင့်ဆီကို သွားနိုင်သည်။ စားမြိန်ဆောင်ထဲမှာ စားသောက်နေသူတေ
ရှိသည်။ မီးမောင်းထိုးထားသော စင်မြင့်ကလေးပေါ်မှာတော့ ဂျင်းဘောင်းဘ
ဝတ်ထားသော မိန်းမပျို့က သီချင်းတစ်ပုဒ်ကို ဟန်ပါပါ သီဆိုနေသည်။ သူတ
နှင့် တော်တော်ဝေးသော်လည်း သည်နေရာကလေးမှာ ရပ်နေဖို့ကိုပဲ နှစ်ကျ
ပေးရသည်။ ကိုဆောင်းကတော့ ကာရာအိုကေစင်မြင့်ဆီက သီချင်းသံကို လိုက
ဆိုနေသည်။

"အခုဖျော်ဖြေသွားတဲ့ တေးသံရှင်ကို မိုးကုတ်မြို့က အထူးဖိတ်ခေါ်ထားသည
တော်က ဆုတော်ငွေ နှစ်ထောင်ကျပ် ချီးမြှင့်ပါတယ်ရှင်၊ မိုးကုတ်မြို့က..."

သူတို့ ထွက်လာတော့ သူတို့နှင့်အတူ အသံတွေ ပါလာသည်။ မြူးကြ
သော တေးသံတစ်ပုဒ် ထပ်ပေါ်လာပြီး ဝတ်စုံဖြူဝတ် အမျိုးသား တေးသံရှ
တစ်ယောက် ဖျော်ဖြေနေသည်။

ကားရပ်ထားရာ နေရာက ကွမ်းယာသည်ကလေးဆီမှာ ဈေးဝယ်ရင်
က ခဏရပ်နေကြသေးသည်။ ကွမ်းယာသည်ကလေးကတော့ ပုဆိုးဟောင်
တစ်ထည်ကို ခြုံကာ ကာရာအိုကေအပြန် စားသုံးသူတွေကို မျှော်နေဟန် ရှ
၏။ သူကတော့ ကျုံးရေပြင်ထဲက မီးပွင့်တွေကိုပဲ ငေးနေမိလေသည်။ ကျုံးရေ
က ကြောက်စရာကောင်းလောက်အောင် ငြိမ်သက်နေလေသည်။ သည်ကျုံးရေ
ကိုပဲ မဟုတ်လား။ ရတနာနန္ဒီ မော်ကွန်းမှာ ဖွဲ့ထားတာလေ။ ရွတ်ကြည့်စမ်း။

"ပတ်လျှောက်ရစ်ကုံး၊ ခက်ဆစ်ကျုံးလည်း၊ မြစ်ထုံးဇလုတ်၊ ရေတ
တုတ်လျက်၊ ဥသဘတစ်တွန်၊ နက်ကျယ်ဝှန်သည်၊ ရွှေပြည်လွတ်စွန့်၊ မြရည်
သန့်နှင့်၊ မကန့်လျှာဖျား၊ တန့်မနားတည့်၊ ပတ္တမြား မြခဲ၊ မျက်ရှင်ထဲ၌၊ သရဲ
ပုဏ္ဏက၊ လိုတိုင်း ပြသည်"

"သရဲပုဏ္ဏက၊ လိုတိုင်းပြသည်...လိုတိုင်းပြသည်"

သူ ရှေ့ဆက်ရွတ်ဆိုရန် ကြိုးစားသော်လည်း မရတော့ပါ။ သူ့မှတ်ဉာဏ်
တွေ ထွေပြားနေပြီလား။

"လာဗျာ သွားကြရအောင်"

အေးစက်သော ညထဲမှာ ဂီတသံသည် ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့၏။



...န်းမြို့သာယာ ရေပေါ်အပန်းဖြေစခန်းသည် သူတို့နှင့် ဘယ်လိုမှ မပတ်သက်
...ာ ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေ၏။

ဤသို့ဖြင့် ထိုညက ဓမ္မဗိမာန်ရှေ့ကို ရောက်သည်။ နေပြည်တော်
...ကျောင်းကလေး၏ မြေနေရာဟောင်းရှေ့ကို ရောက်သည်။ မန္တလေး တက္ကသိုလ်
...ရိဂုဏ်ထဲသို့ ရောက်သည်။ လင်းလက်ထိန်ညီးသော မြို့သစ်သို့ဝင်ရာ လမ်းမ
...ကြီးပေါ်သို့ ရောက်သည်။ လှပဆန်းပြားသော ဗိသုကာပုံစံဖြင့် ပြီးသော မော်ရုံ
...ဟဝန်သို့ ရောက်သည်။ ဖန်ဆင်း တို့ထိသမျှ အလိုအလျောက် ဖြစ်အံ့သော
...သူယောင်တောကို လှည့်ပတ်ကြည့်သည်။

"ဒီက ဆက်သွားရင် ဟိုးဝေးဝေး မှောင်မှောင်ထဲက အောင်ပင်လယ်
...မြို့သစ်က ကိုငြိမ်းတို့ဆီကို ရောက်တယ်။ မနက်ဖြန်ည လာခေါ်လိမ့်မယ်။
...စားကြည့်လိုက်ပါဦး"

အောင်ပင်လယ်။ လင်းလက်သော နေရာက လှမ်းကြည့်လို့ပဲလား။
...ခဝေးမြင်ကွင်းသည် မှောင်မည်းလွန်းလှချည့်။ ငါးပွင့် ပန်းဆိုင်းမီးလုံးများ၏
...အလင်းရောင်ဖြင့် နာရီကိုကြည့်တော့ ညတစ်နာရီ မိနစ်နှစ်ဆယ်ရှိပြီ။ လေ
...ဘဟူးဟူးကြားမှာ ကားက ပြေးလွှားနေတုန်း။ အကာမဲ့ နောက်ခန်းမှာ အေးစိမ့်
...ချမ်းခိုက်နေကြပြီး သူသည်လည်း အေးစက်တောင့်တင်းနေပြီ။ သူတို့ ကွန်းခို
...ရာ ဘောင်လေးလုံး ကျောင်းသခ်မ်းသို့ သွားနေသည်လား။

"ဒါ ရွှေမန်းတင်မောင်တိုက်ပေါ့"

ကားပေါ်က တစ်ယောက်က လှမ်းပြောနေသေးသည်။ သူကတော့
...အမေ ရေးခဲ့သော ရွှေမန်းတင်မောင် အတ္ထုပ္ပတ္တိထဲက 'အောင်သန်းတင်ရေ၊
...ဟိုးက လှည်းတွေနဲ့ နေပူကျဲကျဲမှာ တလှုပ်လှုပ်လာနေကြတဲ့ ပွဲကြည့်လှည်း
...တွေကို တွေ့လား။ အဲဒါ တို့ရဲ့ ထမင်းရှင်တွေပေါ့။ သူတို့ကျေးဇူးကို မမေ့
...နဲ့ဟဲ့' ဆိုသော စကားတွေကို သတိရမိပြန်သည်။

တောင်သမန်သို့ ပြန်ရာလမ်းကား မှောင်မိုက်လွန်းသည်။ မိုးသားတွေ
...က တရိပ်ရိပ် တက်နေတုန်း ဖြစ်၏။ မန္တလေး ဆောင်းသည် အရက်စက်ဆုံး
...အေးခဲနေပါရောလား။ ကားက ကျောင်းဝင်းဘက်ဆီသို့ ချိုးကွေ့လိုက်သည့်
...ခါ အမရပူရ ညသည် ခဏကလေး လန့်ဖျပ်သွားဟန်ရှိ၏။ ကျောင်းဝမှာ
...သူတို့ဆင်းတော့ ညကြီး နှစ်နာရီ ထိုးတော့မည်။ ကိုဆောင်းက အခွေးထည်
...ကို ချွတ်ပေးသည်။

"သွားပြီဗျို့ ကျေနပ်ကြရဲ့လား၊ ဘယ်သွားချင်ကြသေးလဲ"

"ရပါပြီဗျာ၊ ကနေ့တော့ ပြည့်စုံပါပြီ"

ကိုဆောင်းက ကပျာကယာ တားဆီးလေသည်။ ဒါကို ဆရာ ဝင်းစည် က ရိပ်မိသွားဟန် ရယ်လေသည်။

"အေးလို့လားဗျ၊ ဆောရီးဗျာ ကျွန်တော်က ခင်ဗျားတို့ ခံစားစေ လို့ပါ။ ကျွန်တော်တို့က အိပ်မောကျနေတဲ့ မန္တလေးညတွေကို ပိုင်တာဗျ၊ သ ပြီဗျို့" ,

ကားလေး ထွက်သွားရာ မီးနီနှစ်ပွင့်ကို သူတို့ လိုက်ကြည့်နေကြ ၏။ အိပ်မောကျနေတဲ့ မန္တလေးညတွေကို ပိုင်ဆိုင်သတဲ့။ နိုးထနေတဲ့ နေ့ ကြောင်တောင် မန္တလေးကို ဘယ်သူ ပိုင်လို့လဲ။

တောင်သမန်ကား ရေခဲသေတ္တာထဲက အအေးလွန် အသားတစ်တုံး မာကျော အေးခဲနေပါရောလား။

(၅)

တစ်နေ့ခင်းလုံး စစ်ကိုင်းတောင်ဦးပေါ်မှာ ရှိနေခဲ့သော သူတို့ သုံးယောက် မန္တလေးကို ပြန်ရောက်တော့ ညနေ လေးနာရီခွဲနေပြီ။ စင်စစ် ချိန်းထားသ အချိန်က ညနေ သုံးနာရီ ဖြစ်လေသည်။ ဒါပေမယ့် ဆွမ်းဦးပုညရှင်က နောက် ထွက်လာသော ကားသည် တစ်ဦးလျှင် ကားခ နှစ်ဆယ်စီတောင်းကာ တော် နောက်ကျမှ ထွက်လာခဲ့သည်။

"ဟော... လာပြီ လာပြီ"

အောင်ပင်လယ်မှ အကြိုတော် ပန်းချီဆရာ ကိုစိုးဝင်းငြိမ်းသည် က ပေါ်က ကသုတ်ကရက် ဆင်းလာသော သူတို့ကိုတွေ့တော့ ဝမ်းသာသွားသည်

"ဆရာတို့ရယ် ဘယ်လိုဖြစ်လာတာလဲ"

"အေးဗျာ ကားကကို နောက်ကျတာဗျ"

"သွားရအောင်"

သွားရအောင် ဆိုသော်လည်း အောင်ပင်လယ်ရောက် ပန်းချီ ဆရာသ ဘယ်ကားစီးရမှန်း သိပုံမရ။ ဟိုမေးသည်မေး မေးနေသည်။ လမ်းတွေကို တ လမ်းပြီး တစ်လမ်းကျော်သည်။

"ကျွန်တော်က စက်ဘီးကလေးနဲ့ ဟိုလမ်းဝင် သည်လမ်းထွက်နဲ့ သွ နေကျဆိုတော့ ကားစီးရမယ်ဆိုတော့ ဘာစီးရမှန်း မသိဘူး"

"အောင်ပင်လယ်က တော်တော်ဝေးသလား"



"ဝေးတာပေါ့"

ဝေးတာပေါ့ဆိုသော အောင်ပင်လယ်ကို ရောက်ချင်လှပြီ။ သီချင်းတွေ ထဲမှာ သာတောင့်သာမော တဖွဲ့တနွဲ့ သီကျူးရသော ဒေသ။

"တကယ်တော့ အစစ်ကဲ့သို့ လယ်တောဖြစ်လို့မို့ ကောင်းဖို့ရှယ်သော ခေတ်ကို ခုတိုင် မြင်မိတယ်" ဆိုသော အောင်ပင်လယ်၊ နန်းတော်ရှေ့ရဲ့ အောင်ပင်လယ်၊ ကိုငြိမ်း (မန္တလေး) တို့ရဲ့ အောင်ပင်လယ်။

"တက်... တက် ဒီကားပဲ"

တက် တက်ဆိုသော်လည်း နေရာမရှိ။ ကားလေးပေါ်မှာ လူတွေ အုံခဲ နေသည်။ အမျိုးသမီးတွေပင် တွဲလောင်းစီးနေသည်။ ဒါပေမယ့် တက် တက်ဆို တော့လည်း ချိတ်မိရုံချိတ်ကာ လိုက်ရတော့သည်။

"ဆောင်း၊ ကိုပိုက် ရလား"

"ရတယ် ရတယ်"

သည်လိုနှင့် တွယ်ကာ ချိတ်ကာ ယိမ်းနွဲ့ကာ တွန်းကာ တိမ်းကာဖြင့် အောင်ပင်လယ်သို့ ရောက်သည်။ လမ်းဘေး မြင်ကွင်းတစ်နေရာကို ကြည့်ရင်း က ညက ဆရာ ဝစသ လိုက်ပို့တာ သည်နေရာထိ ရောက်ပါလားလို့ တွေး နေမိသည်။ ကိုဆောင်းကလည်း သည်လို တွေးမိပုံရသည်။

"အေး... ညက ဒီတောင်ရောက်တာပါလား။ ဒီအထိတော့ လမ်းက ကောင်းသားပဲ"

"ဟုတ်တယ် ဒီကကျော်မှ ဆိုးတာ"

ကားပေါ်က အမျိုးသမီးတစ်ဦးက ဝင်ပြောသည်။ အောင်ပင်လယ် ရောက်တော့ ကျောက်စတွေ ထိုးထိုးထောင်ထောင် ရှိနေသော လမ်းငွေကို လျှောက်ကြည့်ရင်းက မြင်ကွင်းကို လိုက်ကြည့်ရသေးသည်။ လမ်းဆုံတစ်နေရာ မှာ ကိုငြိမ်းက လာကြိုသည်။

"နောက်ကျလှချေလား စိုးဝင်းငြိမ်းရာ၊ ဒီမှာ ဘာလုပ်ရမှန်းတောင် မသိဘူး၊ လာ ကိုကျော်စွာထက်ဆီ ဝင်ရအောင်"

ကိုကျော်စွာထက် ဆေးခန်းကလေးမှာ တံခါးတွေ ပိတ်ထားသည်။ ဇနက္က ဆေးကုခန်းတဲ့။ ကိုဆောင်းရော၊ ကိုပိုက်ရော၊ သူပါ ကိုကျော်စွာထက် ကို တွေ့ချင်နေကြသည်။ ဒါပေမယ့် ဆရာဝန်က လူနာတစ်ဦးဦးထံ ရောက်နေ ပုံ ရသည်။

"ကိုစိုးဝင်းငြိမ်း အိမ်က ဘယ်မှာလဲ"

"ဒါက အစပဲ ရှိသေးတာ၊ ကျွန်တော်တို့က ဟိုးအဝေးကြီးမှာ"

"ဟောဗျာ နောက်ထပ်ကို ဝေးသေးလား"

"အင်း... ဝေးသေးတယ်"

သူပြသော အဝေးကြီးကို လှမ်းကြည့်တော့ မိုးကုပ်စက်ဝိုင်း အစကိုပဲ တွေ့ရသည်။ မီးတိုင် မီးကြိုးတွေ ရှိသော်လည်း မီးမလင်းပါ။ အောင်ပင်လယ် သည်လည်း မီးပျက်သည်မှာ လေးရက်ရှိပြီတဲ့။ မထင်မှတ်ဘဲ ရွာချလိုက်သော ဆောင်းမိုးဖြောက်ဖြောက်ထဲမှာ သူတို့ ထွက်လာခဲ့ရပြန်သည်။ ဆောင်းမိုးကြောင့် အောင်ပင်လယ် ကွင်းပြင်သည် အေးစက် တုန်ယင်နေသည်။ ကမူတွေ၊ ကန်သင်း တွေကို တော်တော်လေး ကျော်မိတော့ အိမ်တစ်အိမ်ကို ဝင်သည်။ မိုးမပက် သော အိမ်ဝမှာ ရုပ်ပုံကားချပ်တစ်ချပ် ရှိသည်။ ဘုတ်ပေါ်မှာ ဆေးကြမ်း လောင်းထားသော ပုံတူတစ်ပုံ ရှိသည်။

ပန်းချီဆရာ ကိုစိန်ဝင်းက ရေးလက်စ ပတ္တူဘုတ်ကို သိမ်းကာ သူတို့ နှင့် လိုက်လာသည်။ အိမ်ဆိုင်ကလေးဆီသို့။ ဆိုင်ကလေးထဲမှာ လူအချို့ ရောက်နေပြီ။ အိမ်ကလေးကို ဖြတ်၍ နောက်ဘက် စားပွဲမှာ သူတို့ ထိုင်သည်။

"ဒါ ထနောင်းခေါက်ကို ချက်ထားတာ၊ ထနောင်းဝိုင်ပေါ့။ ဒီနားက ထနောင်းပင်တွေလည်း နာလန် မထူတော့ပါဘူးဗျ၊ မွေးတေးတေးဗျ၊ တဖြည်း ဖြည်းမှ မူးတာ"

ကိုငြိမ်းက ထနောင်းဝိုင်၏ အာနိသင်ကို ပြောရင်းက မြေပဲတွေကို ဖြေချနေသည်။ ကိုစိန်ဝင်းက ဆီတို့ဟူးထုပ်ကလေးတွေကို ပန်းကန်တစ်ချပ် ထဲ သွန်ချကာ နယ်ဖတ်နေသည်။

"ထနောင်းဝိုင်နဲ့ ဆီတို့ဟူးသုပ်က သိပ်လိုက်တာဗျ၊ ကိုစိန်ဝင်းရဲ့ လက်ရာပေါ့ဗျာ"

အောင်ပင်လယ် ပန်းချီဆရာသည် စကားနည်းသော်လည်း ပြုံးရွှင် ဖော်ရွေသည်။ အောင်ပင်လယ်၏ မြင်လေရာသည် မည်းနက် ညို့ရီနေသော ချောက်ချားဖွယ် အမှောင်ပဲ ဖြစ်သည်။ ခပ်ဝေးဝေးက ထန်းတောညို့ညို့ကို နောက်ခံ မိုးကောင်းကင်ရောင်ထဲမှာ မြင်နေရသည်။ အမှောင်ထဲ အိမ်ကုပ်လေး တွေ၊ မီးရောင်ဖြောက်ဖြောက်၊ ဆောင်းမိုးနှင်းပေါက်၊ အေးစက်စက် အောင် ပင်လယ်၏ အချမ်းအစီးဒဏ်ကို ထနောင်းဝိုင်က မတိုးနိုင်။

"ဆီတို့ဟူးက လျှာပေါ်ကို နည်းနည်းလေးယူပြီး သုပ်လိုက်ရတာဗျ၊ ခင်ဗျားတို့နှစ်ယောက်က လက်ဖက်စားသလို စားနေတော့ ငန်နေမှာပေါ့"



ဟုတ်လိမ့်မည်။ သူရော ကိုဆောင်းပါ ဖွန်းနှင့်ကော်စားနေမိတာပဲ မနည်း မနော။ ထနောင်းဝိုင် နှစ်ပတ်သုံးပတ် လည်ပြီးတော့ အိမ်ဆိုင်ကလေးက ထ သည်။ အစီအစဉ်က ကိုငြိမ်းအိမ်မှာ ထမင်းစားမည်။ ပြီးလျှင် အောင်ပင်လယ် ဘုန်းကြီးကျောင်းကို ချီတက်မည်။ စာပေ စကားဝိုင်းလေး ဖွဲ့မည်။ အဲသည်မှာ စာပေသမား တော်တော်များများ ရောက်နေလောက်ပြီတဲ့။ မှောင်ထဲမှာပဲ သူတို့ လျှောက်လာခဲ့ကြသည်။ ကဗျာဆရာကတော် ချက်ကျွေးသော အညာစာတွေ ကို အားပါးတရ စားပြီးချိန်မှာတော့ ပြတင်းဝက လှမ်းမြင်ရသည့် တော်တော် ဝေးသော ရန်ကင်းတောင်က မီးပွင့်ကလေးတွေကို သူ လှမ်းကြည့်နေမိလေ သည်။

"အဲဒါ ရန်ကင်းတောင်လေ၊ အဲဒီ ရန်ကင်းတောင်က မီးပွင့်ကလေး တွေကို အဝေးထိန်းခလုတ်နဲ့ ကျွန်တော် ဖွင့်နိုင် ပိတ်နိုင်တယ်ဗျ၊ ကျွန်တော့် အိမ်မှာ **remote control** ထားတယ်"

သူ နားမလည်ပါ။ ရန်ကင်းတောင်က မီးပွင့်ပေွကို ဖွင့်နိုင် ပိတ်နိုင် တဲ့ **remote control**။ ထနောင်းခိုးဝေနေသော မျက်လုံးတွေနဲ့ ကိုငြိမ်း အားပါး တရ ရယ်လေသည်။

"ဟား... ဟား ကိုငြိမ်း အိမ်ပြတင်းတွေကို ပိတ်ရင် ရန်ကင်းတောင် က မီးတွေ ပိတ်သွားတာပေါ့။ ပြတင်းတွေကို ဖွင့်ရင် ရန်ကင်းတောင်က မီးလုံး တွေ ပြန်လင်းတာပေါ့။ ဒါဟာ ကဗျာဆရာရဲ့ **remote control** ပေါ့ဗျ"

ကိုငြိမ်းက ကဗျာတစ်ပုဒ်ကို ရွတ်ပြနေသလို ခံစားမှုနှင့် ပြောနေခြင်း ဖြစ်သည်။ ဆောင်းမိုး စိမ့်စိမ့်အေးအေးမှာ ရန်ကင်းတောင်က မီးပွင့်ကလေး များသည် ခပ်ဝါးဝါးကလေး မြင်နေရလေသည်။ ပန်းကန်ထဲမှ စီကာရီကာ ထည့်ထားသော လိမ္မော်သီးစိတ်ကလေးတွေကို မြို့ရင်းက ဘုန်းကြီးကျောင်း ကို သွားဖို့ ပြင်ဆင်ကြသည်။

"လေးလေး နေဦး၊ သမီးတို့ကို သီချင်းဆိုပြပါဦး"

ကဗျာဆရာ၏ ရင်သွေးများက သီချင်း ဆိုခိုင်းနေပြန်ပါပကော။ ကိုယဉ်မင်းပိုက်ကလည်း ထောင်ပေးသည်။ သူကတော့ ကိုဆောင်းကို အဖော် ညိုကာ တစ်ယောက်တစ်ပုဒ် ဆိုကြမည်ဟု သဘောတူညီချက် ယူရသည်။ ကလေးတွေကို စကြာသိုက်ပဲ ဆိုပြရတော့မည်။ မဆိုခင် အင်တာဗျူး လုပ် ကြည့်လိုက်သည်။

"သမီးတို့ ခင်မောင်ရင်ကို ကြားဖူးသလား"

"ကြားဖူးတာပေါ့ လေးလေးရဲ့"

"မုဆိုးဆက်ဆိုတာကိုလည်း သိတယ်နော်"

"ကုန်းဘောင်ဆက်တစ်ဆက်ကို ပြောတာမဟုတ်လား"

"သီချင်းရေးတဲ့ ရွှေတိုင်ညွန့် ကြားဖူးလား"

"ဇော်ဝင်းထွဋ်တို့ အဘိုးပေါ့ လေးလေးရဲ့"

ဟား very good၊ ကဗျာဆရာ၏ သမီးတွေကား ခေသူတွေ မဟုတ်ပါလား။ သည်လိုနှင့် သူရော ကိုဆောင်းပါ သီချင်းတစ်ပုဒ်စီ ဆိုပြရတော့သည်။ သီချင်းကိစ္စအပြီးမှာတော့ ဘုန်းကြီးကျောင်းသို့ ဆောင်းမိုးသည်းသည်းကြားမှာပဲ လျှောက်ကြရသည်။ ကွင်းပြင်ကျယ်ကျယ်ကို ဖြတ်ကာ ကျောင်းထဲကို ရောက်တော့ နွေးထွေးသွားသည်။ ဆရာတော်ကလည်း စာပေသံယောဇဉ်ကြီးသူ ဖြစ်လေသည်။ ညကြီးထဲမှာပဲ အောင်ပင်လယ် ကဗျာရွတ်ပွဲ ကျင်းပသည့် နေရာကလေးကို လိုက်ပြသည်ကိုပဲ ကြည့်တော့။ မြတဘက်ကျ ဘုရားကို လိုက်ပြသည်။

"စောမွန်လှ တဘက်ကျတဲ့နေရာလို့ အဆိုရှိတဲ့ ဘုရားပေါ့။ ရှေ့ဆက်သွားရင် ရွှေစာရံဘုရားရှိတယ်"

မန္တလေး ပြင်ဦးလွင် ကားလမ်းပေါ်က ကားမီးရောင်တွေကို ဖွေးခနဲဖွေးခနဲ မြင်နေရသည်။ ကဗျာဆရာ မောင်သင်းဝေနှင့် ကိုလူအောင်တို့က ပြီးစီးခဲ့သော ကဗျာရွတ်ပွဲလေး အထမြောက် အောင်မြင်ခဲ့တာကို ပြောပြနေသည်။

အောင်ပင်လယ် ကဗျာရွတ်ပွဲ။ အောင်ပင်လယ် ကဗျာဆရာတွေရဲ့ သွေးနှီးပွဲ။ ကဗျာရွတ်ပွဲတွေ မကြာမကြာ ကျင်းပကြမည်ဟုလည်း ဆိုကြသည်။ ဘုန်းတော်ကြီး ကျောင်းထဲကို ပြန်ရောက်တော့ ညရှစ်နာရီ။

စကားဝိုင်းဖွဲ့ကြ၊ စာကြောင်းပေကြောင်းတွေ ပြောကြ။

"အပြင်မှာ ကားလေးတစ်စီး ရောက်နေတယ် ဘုရား၊ ရန်ကုန်က ဧည့်သည်တွေ ရှိသလား မေးတယ်ဘုရား"

ပိတ်ထားသော ကျောင်းတံခါးကိုဖွင့်ကာ ကျောင်းသားငယ် တစ်ယောက်က လာပြောသည်။ ကိုငြိမ်းနှင့် ကိုစိုးဝင်းငြိမ်း ထကြည့်သည်။

"ညထလတို့နဲ့ တူတယ်"

ကိုဆောင်းက ခန့်မှန်းသည်။ ညကြီးမှောင်မှောင် သည်ကွင်းပြင်ထဲကို မောင်းလာသော ကားကလေးပေါ်မှာ ဘယ်သူတွေပါသလဲ။ ဘယ်ကိုလာတာ



။ ခဏကလေးအတွင်းမှာ ကျောင်းထဲကို ကိုညိုထွန်းလူနှင့် ကိုခင်အောင်ဝင့် ဝင်လာသည်။

"ကျုပ် နောက်နေ့တွေ မအားလို့ဗျ"

ဆရာညိုက ထုံးစံအတိုင်း ဟောဟောဒိုင်းဒိုင်း။ သူကတော့ အောင်ပင်လယ်က စာပေမိတ်ဆွေများကို အားနာနေသည်။ သူသည် ဧည့်သည် မဟုတ်လား။ အိမ်ရှင်ကို ဧည့်ကားရာများ ရောက်နေမလား။

"လိုက်သွားချင်ရင်လည်း လိုက်သွားလိုက်ကြဗျာ၊ ဘာကူးဘာကန့် လာခေါ်နေတာပဲ"

ကိုငြိမ်းကတော့ စိတ်ကောင်းဟန် မရှိပါ။ သို့သော် သူသည် ကဗျာဆရာ ဖြစ်သည်။ အရာရာကို နားလည်တတ်သူ ဖြစ်သည်။ ကိုဆောင်းနှင့် ကိုပိုက်ကလည်း ဘာပြောရမှန်းမသိအောင် အားနာနေပုံရသည်။ တစ်ခွန်းမှ မပြောကြ။

"ကိုဆောင်း ဘယ်လိုလုပ်မလဲ"

"လာခေါ်တဲ့လူကလည်း ခေါ်နေပြီလေဗျာ"

သည်လိုနှင့် သူတို့ လိုက်ဖြစ်ကြသည် ဆိုပါစို့။ ကားလေးကို ပြင်ဦးလွင်ကားလမ်းပေါ် မောင်းတက်စေကာ လူတွေက နောက်က လိုက်ကြသည်။ အောင်ပင်လယ် ညမှာတော့ ဖျတ်ခနဲပါပဲကလား။ သူကတော့ လမ်းမမြင့်မြင့်ကြီးပေါ်က လှမ်းမြင်ရသော အောင်ပင်လယ်ဒေသ။ မြတဘက်ကျ ဘုရားစေတီ။ ကဗျာရွတ်တဲ့ နေရာကလေး။ မှောင်ရိပ်မည်းမည်းထဲက လိုက်ပို့ကြသူ အောင်ပင်လယ်ရွာသားများကိုပဲ ဝမ်းနည်းစွာ နှုတ်ဆက်လိုက်ရတော့သည်။ ကားလေး စထွက်တော့ အောင်ပင်လယ်သည် မှောင်ထဲကပဲ သူတို့ကို ခွင့်လွှတ်ဟန် နှုတ်ဆက်ရင်း နေရစ်ခဲ့သည်။ ဆရာ ဝင်းစည်သူကတော့ အိပ်မောကျနေတဲ့ မန္တလေးညကိုပဲ သူတို့ ပိုင်သတဲ့။ အောင်ပင်လယ် ညတွေကိုတော့ ဘယ်သူ ပိုင်သလဲ။ ကိုငြိမ်းလား၊ ကိုစိုးဝင်းငြိမ်းလား၊ ကိုသင်းဝေလား သူ မမေးခဲ့ရပါ။ ရှေ့မှာ မန္တလေး။ မီးရောင်တွေဆီကို သူတို့ တိုးဝင်နေသလား ထင်ရသည်။ မကြာမီ မြို့တွင်းကို ဝင်လာသည်။ ကိုညိုကတော့ ဂန္ဓာလရာဇ်စာတန်းတွေ ရေးထားသော ဆိုင်တစ်ဆိုင်က ရမ်တစ်လုံး ဝင်ဝယ်သည်။ ပြီးတော့ ဆက်ထွက်လာသည်။

တောင်သမန်ဆီသို့။

အောင်ပင်လယ်မှ တောင်သမန်ဆီသို့။

သူကတော့ ကားပေါ်မှာ ထိုင်လိုက်ရင်း မန္တလေး၏ မီးပွင့်ရောင်စုံကြ
မှ ဂန္ဓာလရာဇ်ဘာသာ ဆိုင်းဘုတ်တွေကို ငေးရင်း စက်ရုပ် တစ်ရုပ်လို ပါလ
ခဲ့၏။ ဩော်... ရတနာပုံမ်ရဲ့ ညတွေတဲ့လား။ ။

[ဖွန်လ၊ ၁၉၉၃၊ ရှင်စုန်

# ရေချိုးဆိပ်

## (၁)

ကိုဇျိုက်စစ် မတ်တတ်ရပ်နေရတာ ကြာပြီ။ သူ့စိတ်ထင် နာရီဝက်လောက်
တော့ ရှိလောက်ပြီ။ အမှတ် ၇ လိုင်းကားတွေက ဂိတ်ဖျားကနေ ခြောက်မိနစ်
တစ်စီး လွှတ်တယ်လို့ ကြားဖူးလေတော့ သူ့လက်က နာရီကို ခြောက်မိနစ်
ကို တစ်ခါ ငုံ့ငုံ့ကြည့်နေရတာကပဲ ခြောက်ခါရှိပြီကိုး။ ခြောက်မိနစ်တစ်စီး
ထွက်ထွက်လာတဲ့ လိုင်းကားတွေကို ခပ်ဝေးဝေးကတည်းက မြင်နေရတယ်။
ကားခေါင်းခန်းထဲမှာ လူပါ၊ မပါလည်း ကြည့်ရသေးတယ်။ မျက်မှန်ကို ချွတ်၊
ဆိုးခါးပုံစနဲ့ သုတ်ပြီး ပြန်တပ်၊ နည်းနည်းလေး ကြည်သွားသလိုလို ရှိပေ
မယ့် ကောင်းကောင်း မမြင်ရဘူး။ ကိုဇျိုက်စစ် ရပ်နေတဲ့ နေရာကို လိုင်းကား
ရောက်မလာခင်ကြားမှာ တိုက်တန်းတွေက လူတွေ ထွက်ထွက်စီးတဲ့ ကား
မှတ်တိုင် တစ်တိုင်ရှိတယ်။ သည်နေရာကိုရောက်ရင် လိုင်းကားတွေက ခရီးသည်
ရပ်ရပ်စောင့်တာများတော့ ကားခေါင်းခန်းမှာ လူပြည့်သွားတတ်တယ်။ ဒါကို
ကိုဇျိုက်စစ် သိပေမယ့် အဲသည့်နေရာကို သွားမစီးဘူး။ စောင့်နေကျ နေရာမှာ
ပဲ ပေစောင့်နေတာပါပဲ။ ကားခေါင်းခန်းရရင်လည်း ရပေါ့။ မရရင်လည်း
စောင့်ရမှာပေါ့။ တစ်ကားမဟုတ် တစ်ကားတော့ ခေါင်းခန်းမှာ လူမပါဘဲ ရနိုင်
တာပဲ မဟုတ်လား။

ကားတစ်စီး ရောက်လာပြန်ပြီ။ တိုက်တန်းက လူတွေ ကားထွက်စီး
တဲ့ နေရာမှာ ကားရပ်လိုက်တာကို ကိုဇျိုက်စစ် မြင်နေရတယ်။ သူ့မျ ်လုံး
တွေကို ပုစွန်မျက်လုံးတွေလို ရှေ့ကို အစ်ထွက်နေအောင် အားယူကြည့်ပေမယ့်

ခေါင်းခန်းမှာ လူပါလေသလား၊ မပါလေသလား မသဲကွဲဘူး။ တစ်အော
လောက်နေတော့ ကားက ဆက်ထွက်လာရော။ သူရပ်နေမှန်းသိတော့ ကား
ရပ်ပေးတယ်။ ကားခေါင်းရှေ့က ပတ်ပြီး ခေါင်းခန်းတံခါးကို ဖွင့်တယ်။ ဖွ
မရဘူး။ ဒရိုင်ဘာက ကိုဇျိုက်စစ် ကားပေါ်ရောက်ရင် မောင်းထွက်ရုံလော
ပဲ အခုရှိပုံရတယ်။ ကားတံခါး ဖွင့်မရတာ သူနဲ့မဆိုင်သလို လုပ်နေလေရဲ့
သည့်မှာတင် နောက်မှာ မတ်တတ်ရပ်လိုက်လာတဲ့ စပယ်ယာက ပြေးလာ
ကားတံခါးကို ခပ်ကြမ်းကြမ်း ဆွဲဖွင့်ပေးတယ်။ ကိုဇျိုက်စစ်က ကားတံခါးပွ
သွားတာကို အလီဘာဘာနဲ့ ခိုးသားလေးဆယ် ပုံပြင်ထဲကလို ကျောက်ဂူကြ
ပွင့်သွားသလို ခံစားရပုံပေါ်ပါရဲ့။ ပါးစပ်က 'open sesame' ရွတ်လိုက်ရင်
ကားခေါင်းခန်းထဲရောက်အောင် 'အင်း' ထိုးတက်ရတယ်။ ဟန်မကျချက် တော
လိုင်းကားများတော့ ကိုဇျိုက်စစ် နောက်ခန်းက ဘယ်တော့မှ မစီးဘူး။ စက္က
ဘူး သေးသေးကလေးထဲ ထည့်ထားတဲ့ စစ်တုရင်ရုပ်တွေလို ညပ်ညပ်သပ်သ
ကြီး လိုက်ရတာကို ခံတွင်းမတွေ့တာလည်း ပါတယ်။ ကြေးနံ့၊ ချွေးနံ့၊ အာလွေ
နံ့တွေ ထောင်းထနေတာထား၊ တစ်ယောက်နဲ့တစ်ယောက် ပူးကပ်ပြီး ကားက
ယိမ်းတိုင်း လူတွေကပါ လိုက်ပြီး ယိမ်းနေရတာကို ကိုဇျိုက်စစ် အင်မတ
စိတ်ပျက်တယ်။ ဒါကြောင့် ကားခေါင်းခန်းကို မရရအောင် စောင့်စီးတယ်
ကားခ နှစ်ဆပေးရတာပေမယ့် လွတ်လပ်ချောင်ချိမှုက ဆယ်ဆလောက်ရှိတယ်
လို့ သူ့ဟာသူ သာသာထိုးထိုး တွက်ထားတာလည်းပါတယ် ပြောပါတော့။

ကားခေါင်းခန်းမှာ အခုထိတော့ ကိုဇျိုက်စစ် တစ်ယောက်တည်းပဲ
ဘယ်နားရောက်မှ ကားခေါင်းခန်းကြိုက်တဲ့ လူတစ်ယောက် တက်လာမလဲ
မသိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် လောလောဆယ်တော့ so far, so good ပေါ့လေ
လက်ထဲမှာပါလာတဲ့ ကြွပ်ကြွပ်အိတ်ထဲက ကွမ်းထုပ်ကို နှိုက်ယူပြီး တစ်ယာ
ထုတ်ဝါးတယ်။ ကားဒရိုင်ဘာကို ကြည့်လိုက်တော့ ပါးစပ်က ကွမ်းစားတဲ့
ပါးစပ်ဖြစ်နေတာနဲ့ ကွမ်းသမားချင်း ရိုင်းပင်းရမယ်ဆိုတဲ့ အသိကလေးကပဲ
ပြီး တစ်ယာ လှမ်းပေးတယ်။ ဒရိုင်ဘာက မယူဘူး။ ဘာမှလည်း မပြောဘူး။
ကွမ်းတစ်ယာထက်စာရင် ရှေ့မှတ်တိုင်မှာ ရှိနေမယ့် ခရီးသည် တစ်ယောက်က
ပိုအရေးကြီးတယ်ဆိုတဲ့ မျက်နှာနဲ့ ရှေ့ကိုပဲကြည့်ပြီး ကားကို ကျင်ကျင်လည်
လည်း မောင်းနေလေရဲ့။ လမ်းပေါ်မှာရှိနေတဲ့ ရွှေလျားရုပ်ပစ္စည်းတွေ မှန်သမျှ
ကျော်ဖြတ်ရမယ်ဆိုတဲ့ ဖိစီးမှုနဲ့ ဒရွတ်သိုးသီ ဖြစ်နေတာကို ကြည့်ပြီး ကိုဇျိုက်စစ်
စိတ်မချမ်းမသာ ဖြစ်နေရတယ်။



"ကျုပ်တို့လို တစ်ခေါက်တစ်ကျင်း စီးတဲ့ ခရီးသည်တွေတောင် တစ်
ခေါက်ဆို တစ်ခေါက် ပင်ပန်းလိုက်တာဗျာ။ လူလည်း အိုက်၊ စိတ်လည်း အိုက်၊
မောင်းရင်တို့ နိစ္စဓူဝ တစ်နေကုန်နဲ့ တစ်နေ့ခန်း မောင်းရတဲ့လူတော့ မပြောနဲ့
တော့ ကိုယ်ချင်းများစာပါရဲ့"

ကိုဇျိုက်စစ်က ဒရိုင်ဘာကို စကားလုံးတွေနဲ့ ချော့ကြည့်လိုက်တယ်။
ရိုင်ဘာက နောက်မှန်ကနေ နောက်ကား လိုက်လာသလားဆိုတာကို ကြည့်
ိုက်၊ ရှေ့က လွတ်လောက်မယ့်နေရာကို ရွေးပြီး ဖြတ်ဖို့ ကြိုးစားလိုက်ဆို
တော့ ကိုဇျိုက်စစ် စကားတွေကို မကြားတာပဲလား၊ ကြားလျက်နဲ့ ပြန်မပြော
င်တာလား သေတော့ မသေချာဘူး။

"အဲသလိုမှ မလုပ်ရင် ငတ်သွားမှာပေါ့ဗျ။ မြန်တဲ့လူတွေကြားထဲ ကိုယ်
နှေးနေရင် ခံသွားရမှာပေါ့"

တော်တော်ကြီးကြာမှ ဒရိုင်ဘာက ပြန်ပြောတာပါ။ သည်တော့မှ
ရိုင်ဘာကို ကြည့်လိုက်တယ်။ သည်ကောင့်ကို ငါ မြင်ဖူးပါတယ်လို့လည်း
ွားမိတယ်။ လူက ပိန်ပိန်ပါးပါးပါ။ မျက်နှာက ဂျူနီတစ်ကောင်နဲ့တောင်
ူသေးတော့လို့လည်း အောက်မေ့မိတယ်။ ဝတ်ထားတဲ့ စပို့ရှပ်အင်္ကျီက မဖွပ်
လျှော်တာ ကြာပြီထင်ပါရဲ့၊ ကြေးကြောင်းတွေများလိုက်လို့။ ကွမ်းစားပေမယ့်
ားဝိုက်ပုံ မရတဲ့ ပါးစပ်က ထွေးခံဟောင်းတစ်လုံးနဲ့တောင် တူရဲ့။

"ဟုတ်တော့လည်း ဟုတ်ပါရဲ့၊ ခေတ်ကလည်း speed ခေတ်ကိုး၊
န်စွမ်းမှ ရှင်ကျန်မယ်ဆိုပါ့ကော"

ဒရိုင်ဘာက ဘာမျှပြန်မပြောပြန်ဘူး။ ရှေ့ကိုပဲ မျက်လုံးကြီး ပြူးကြည့်
င်းက ကားရဲ့ အမြန်နှုန်းကို တိုးသည်ထက် တိုးအောင် မောင်းနေလေရဲ့။
ဇျိုက်စစ်ကတော့ ရတနာသုံးပါး အောက်မေ့ရင်းက သန်စွမ်းမှ ရှင်ကျန်တော့
ပါလားလို့ တွေးမိနေတာပါပဲ။ သည်ကားကို ဆက်စီးရင် ဒုက္ခရောက်ချေ
လို့လည်း စဉ်းစားတယ်။ နဂိုစိတ်ကူးက ၂၉ လမ်းလောက်အထိ လိုက်မယ်။
သည်ကမှ ဘုတာကြီးကို ဆိုက်ကားစီးသွားမယ်။ သည်လိုကိုး။ ခုတော့
ဖြစ်ချေဘူး။ ၃၃ လမ်းမှာဆင်းပြီး ဆိုက်ကားစီးသွားရင် သည်ကားနဲ့ ဝေးရ
ပေါ့။ သည်လိုနဲ့ ကိုဇျိုက်စစ် ကားပေါ်က ဆင်းဖို့ ပြင်ရတယ်။ မဆင်းလို့
လည်း မဖြစ်ဘူး။ ကားက ၈၅ လမ်းပေါ် ရောက်ပြီဆိုကတည်းက ပြဒါး၊
ဆေးတို့၏ အတတ်နှင့် ကောင်းကင်ကို ပျံတော့မည့်နှယ် ဖြစ်လာပြီကိုး။
ည့်လမ်းပေါ်မှာတော့ သူနဲ့မျိုးတူ လိုင်းကားတွေ တွေ့ရပြီဆိုတော့ ဘာပြော

ကောင်းမလဲ။ မင်္ဂလာနှင်၊ မရာမလျှော်၊ မတော်သမျှ၊ အသုဘကို သုဘမှ
ထင်နေတဲ့ ကောင်ပါလားလို့ စိတ်ထဲက ရေရွတ်လိုက်မိပေမယ့် ပါးစပ်ကတေ
သူ မေးချင်တာလေးရအောင် မေးလိုက်တယ်။ သည်ဒရိုင်ဘာကို မြင်ဖူးတ
လို့ အောက်မေ့တာကိုး။

"ကျွမ်းကျင်ပါ့ကွာ၊ လိုင်းကားမောင်းတာ ကြာပြီထင်ပါရဲ့"

"ဆယ်နှစ်ကျော်ပြီဗျ"

လိုင်းကားက ၃၃ လမ်း ဓာတ်ဆီဆိုင်နားမှာ ငြိမ့်ခနဲ ထိုးရပ်တယ
ကိုဗျိုက်စစ် ဆင်းမယ်လုပ်တော့ စပယ်ယာက ပြေးလာပြီး တံခါးဖွင့်ပေးတယ
ခေါင်းခန်းခ လေးရာယူလိုက်တယ်။ ပိုယူလိုက်တာလည်း သိပါရဲ့၊ ပြောမ
တော့ပါဘူး။ ပြောနေဖို့လည်း အချိန်မရှိဘူး။ ကားက ဝေါခနဲထွက်ဖို့ ပြင်
ကိုဗျိုက်စစ်က မြေကြီးပေါ် ခြေချမိတာ သေချာပြီဆိုတော့မှ ဒရိုင်ဘာ
အော်ပြောလိုက်တယ်။

"မင်း သက်ဆိုးတော့ ရှည်သားပါလားကွာ"

ကိုဗျိုက်စစ် ဆိုက်ကားဂိတ်ဘက်ကို ကူးလိုက်တယ်။ ကိုဗျိုက်
မှတ်မိသလောက် သည်ဆိုက်ကားဂိတ်က ဆိုက်ကားဆရာတွေကလည်း အ
လူတွေပါပဲ။ ပြောင်းရင် တစ်ယောက် နှစ်ယောက်နေမှာပေ့ါ။ ကိုဗျိုက်စစ်
သူ့ကို လှမ်းကြည့်နေတဲ့ ဆိုက်ကားဆရာဆီကို တည့်တည့်ကြီး သွားလို
တယ်။

## (၂)

"ဆရာကြီး ဘယ်သွားချင်တာတုန်း"

ဆိုက်ကားခုံပေါ် ရာဇပလ္လင်အမှတ်နဲ့ ထိုင်နေတဲ့ ဆိုက်ကားဆရ
ကိုဗျိုက်စစ်ကို မျက်မှောင်ကြီးကုပ်ရင်းက မေးတယ်။ သည်ဆိုက်ကားဆရ
လည်း ကိုဗျိုက်စစ် မြင်ဖူးတယ် မှတ်တယ်။ မြင်ဖူးရုံတောင် မကပါဘူး၊
တောင် စီးဖူးသလားလို့ပဲ။ သပိတ်ရောင်ထနေတဲ့ အသားအရေနဲ့ ဦးထိပ်မြေ
ပြောင်ကြီးကို ပထမ မှတ်မိလိုက်တာကစပြီး သွားဖူးလာဖူးတာတွေပါ မှ
လာတယ်။ အခု မေးလိုက်တဲ့ 'ဆရာကြီး ဘယ်သွားချင်တာတုန်း' ဆိုတဲ့ မေ
က မှတ်မိလို့ မေးတာလည်း ဖြစ်နိုင်တယ်။ ခရီးသည်တစ်ယောက်ကို မေ
မေးရဥ္စ မေးတာလည်း ဖြစ်နိုင်တယ်။ မန္တလေးမှာ ကိုဗျိုက်စစ် ဆိုက်က
တာ များတယ်။ စက်ဘီးခေတ်တုန်းကလည်း ဆိုက်ကားစီးခဲ့တာပဲ။ မော်



ဆိုင်ကယ်ခေတ် ရောက်တော့လည်း ဆိုက်ကား စီးနေတာပဲ။ ကိုဗျိုက်စစ်က
ခင်္ဂလိပ်ကျောင်းထွက်ပေမယ့် စက်ဘီးလည်း မစီးတတ်ဘူး။ မော်တော်ဆိုင်ကယ်
လည်း မစီးတတ်ဘူး။ ရန်ကုန်မှာနေခဲ့တုန်းကတော့ လိုင်းကားကို အရာလုပ်ခဲ့
တာဆိုတော့ သွားချင်သမျှ အနားရှိတဲ့ ကားပေါ်တက်လိုက်ရုံပဲ။ မန္တလေး
လည်း လိုင်းကားတွေ ရှိတာပါပဲ။ ဒါပေမယ့် ကိုဗျိုက်စစ် မစီးဖြစ်တာ များ
တယ်။ သည်တော့ ဟိုနားသည်နား တစ်ပြနှစ်ပြလောက်ကအစ ကိုးပြ၊ ဆယ်ပြ
စ်ဦးတော့၊ ဆိုက်ကားပဲ လွယ်လွယ်စီးလိုက်တာ များတယ်။ ကိုဗျိုက်စစ်
ဆိုက်ကားစီးရတာကို သဘောကျတာလည်း ပါပါတယ်။ ရန်ကုန်မှာနေခဲ့တုန်း
က ဆိုက်ကား မစီးခဲ့ရတာလည်း ပါမှာပေ့ါလေ။ စီးချင်ရင် ကမ်းနားလမ်း
ဘက် ထွက်ချင်ထွက်၊ ရေကျော်ဘက် ထွက်ချင်ထွက်။ မန္တလေးမှာက အဲသလို
မဟုတ်ဘူး။ ဆိုက်ကားတွေက ဘယ်နားမှာမဆို အမြဲတမ်း အဆင်သင့်ရှိတယ်။
တောင်မြောက် လမ်းရှည်ကြီးတွေနဲ့ အရှေ့အနောက် ဖြတ်လမ်းဆုံရာ လမ်းဆုံ
ထောင့်တိုင်းမှာ ဆိုက်ကားဂိတ်တွေ ရှိတယ်။ ဂိတ်မဟုတ်ဘဲ ဂိတ်နဲ့ လှမ်းလှမ်း
ဆိုက်ကားငုတ်တုတ်၊ လူငုတ်တုတ်တွေလည်း ရှိတာပါပဲ။ တောင်ထိပ်
ဘုရားကြီးကနေ မြောက်ထိပ် မန္တလေးတောင်ခြေ သွားချင်သလား ရတယ်။
ဆိုက်ကားပေါ် ငုတ်တုတ်ထိုင်လိုက်ရတဲ့ အရသာဟာ ဘာနဲ့မှ မတူဘူးလို့
ကိုဗျိုက်စစ် ထင်တယ်။

ထိုင်လျက်က လေထဲလွင့်ပါနေရသလို စိတ်ရော ကိုယ်ပါ လွတ်လပ်နေ
တဲ့ အရသာကို ကြိုက်တာလည်း ပါမှာပေ့ါ။ လိုရာခရီး မရောက်မချင်း မိမိ
ဆိုက်ကားဆရာ လောကအကြောင်း၊ လူ့အကြောင်း စကားအင်္ချေအတင်
ပြောခွင့်ရတာကိုလည်း ကိုဗျိုက်စစ် သဘောကျတာပါပဲ။ ဒါကြောင့် မန္တလေး
အစွန်အနားတွေကလွဲလို့ မြို့တွင်းဆိုက်ကားဂိတ်တွေက ဆိုက်ကားဆရာ
တွေနဲ့ 'ကိုယ်နှင့်ထပ်တူ၊ ဆွေလူတော်ကြ၊ သဟာယသို့' ဆိုတာလို မျက်နှာ
သင့်သလောက် နာပြီးသားဖြစ်နေပြီလို့ ပြောနိုင်မယ် ထင်ပါရဲ့။

"ဘုတာကြီးကိုဗျ၊ ဘယ့်နှယ် ဈေးဦးများကော ပေါက်ပြီလား"

"တစ်ခေါက်ထွက်ရသေးတာပါ ဆရာကြီးရာ။ ဆိုက်ကားပေါ် ထိုင်ငိုက်
ကာသာ ကြည့်တော့။ သည်ရက်တွေထဲတော့ သရောကြီး ခိုင်းလိုက်ပုံများ
တာကြီးက သည်ဘက် ခုံးတံတားခြေသွားမှာလား၊ ဘုတာရှေ့ရောက်အောင်
ချင်တာလား"

ကိုဗျိုက်စစ်က ခုံးတံတားခြေတင် ပို့ပါဆိုတော့ လေးရာတောင်းတယ်။

သည်ခရီးက ခါတိုင်း တစ်ရာ၊ တစ်ရာ့ငါးဆယ် လွန်ရောကျွံရောပေါ့။ အခု
လေးရာဆိုတော့ ကိုဗျိုက်စစ် စိတ်ညစ်သွားတယ်။ အရင်ဈေးတွေနဲ့ မတူ
တာတော့လည်း သိပါရဲ့။ ဒါပေမယ့် အခုက လေးရာဆိုတာကတော့ လွန်လွ
တယ်ထင်လို့ သုံးရာဆစ်တယ်။ ဆိုက်ကားဆရာကလည်း လေးရာမှ မရ
မလိုက်ပေါင်ဆိုတဲ့ပုံနဲ့ တင်းခံနေလေရဲ့။ တခြားဆိုက်ကားဆရာ လေးငါးယော
ကတော့ ကြေပန်းကာန့်ထဲ ပစ်ပစ်ချနေတဲ့ ကြွေစေ့တွေလောက်တောင် ကိုဗျိုက်
ကို အာရုံမရှိကြတော့ နောက်ဆုံး လေးရာနဲ့ပဲ လက်ခံရတော့တာပါပဲ။

"ဆရာကြီးက ဝလို့ဗျ။ မဝရင် သုံးရာနဲ့လိုက်ပါတယ်။ ဘူတာကြီးဘ
ကျတော့ တစ်လျှောက်လုံး ကုန်းတက်ရတာလေ ဆရာကြီးရဲ့။ တစ်ရာ မ
ပါနဲ့ဗျာ။ ဆရာကြီး ကျွန်တော့်ကို မမှတ်မိဘူးနဲ့တူတယ်။ ဘိုဆိုက်လေ အ
စီးနေကျဟာကို"

ဘိုဆိုက်ဆိုလို့ ဆိုက်ကားဆရာ မျက်နှာကြည့်လိုက်တော့ ရေးတေး
မှတ်မိသလိုတော့ ရှိသား။ အရက်ဖောဖောနေတဲ့ မျက်နှာက ပွစိပွယောင်း
နေတဲ့အပြင် ပါးပေါ်မှာ သဖန်းသီး တွေ့လို အလုံးတွေကလည်း လေးငါး
ထွက်လိုက်လို့။ ကိုဗျိုက်စစ် ဆိုက်ကားပေါ် တက်လိုက်တော့ ချဉ်စုတ်
အရက်သိုးနံ့က ထောင်းခနဲ ထသွားလို့ ကွမ်းတစ်ယာ ပါးစပ်ထဲ မြန်မြန်ထ
ပြီး ဝါးလိုက်ရတယ်။ သည်ကြားထဲ အ ကြယ်သီးတွေ ဖြုတ်ထားတော့ အင်္ကျ
တစ်ဖက်က မျက်နှာကို လာလာရိုက် နေလိုက်တာ တဖျပ်ဖျပ်နဲ့။

"သည်ဂိတ်က ကျွန်တော့်ဂိတ် ဟုတ်ဘူး ဆရာကြီးရဲ့။ သူငယ်ချ
တွေဆိုတော့ ဂိတ်မှေးထိုးရင်း တစ်ခေါက် တော့ ပေးပါကွာလို့ တောင်းပန်
လိုက်ရတာ။ ကျွန်တော်တို့ဂိတ်က အရက် သောက်လာရင် ဂိတ်မထိုးရဘူးဆိုလို့

၈၄ လမ်းကနေ ထွက်လာပြီး ၈၃ လမ်း ကုန်းအတက်ကျတော့ ဘိုဆို
က ခုန်ဆင်းတယ်။ ကိုဗျိုက်စစ်ကို မဆင်းခိုင်းဘဲ ဆိုက်ကားကို တွန်းတင်တယ
၈၂ လမ်း လမ်းဆုံကျတော့ တစ်ခါဆင်းပြီး ဆိုးပြင်ဝတ်ပြန်တယ်။ ပြီးတော
၈၁ လမ်း၊ လမ်း ၈၀၊ ၇၉ လမ်းထိပ်ရောက်တော့ မြောက်ဘက်ကို ချိုးတယ
မြောက်ဘက် ချိုးလိုက်တော့မှ လေအတိုက်လွတ်သွားလို့ ထင်ပါရဲ့။ အင်္ကျ
မျက်နှာရိုက်တာ ငြိမ်သွားတယ်။ ခရီးလေးငါးပြဲလောက်ထဲမှာ ကိုဗျိုက်
ကြားရသလောက်က မယားကြီးက အိမ်ဆိုင်ကလေး ဖွင့်ထားတဲ့အကြောင်
နောက်ယူထားတဲ့ မိန်းမကလည်း မနက်စောစော ဈေးကို ဈေးတောင်းပို့ရ
ယူလိုက်တဲ့အကြောင်း၊ သူ နင်းရတဲ့ ဆိုက်ကားခကို အံနာကြေးပေးလို့ က



တာ အရက်သောက်တဲ့အကြောင်း၊ မိန်းမတွေက သူ့ဆီက ပိုက်ဆံရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ လူလာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ ပြဿနာမရှာတဲ့အကြောင်း စုံလို့။ လောကကြီးထဲမှာ သည်လောက် ကံကောင်းတဲ့လူ ရှိပါသေးသကောလို့လည်း ကိုဗျိုက်စစ် တွေးတယ်။ ထမင်းကျတော့ ဘယ်စားတုန်းဆိုတော့ မယားကြီးအိမ်မှာ မနက်စာ စားသတဲ့။ ညနေစာကျတော့ နောက်မယားအိမ်မှာ စားသတဲ့။ အိပ်တော့ကောဆိုတော့ ဗီဒီယိုရုံမှာ နှစ်ကားဆက်ကြည့်ပြီး ရုံထဲတင် အိပ်လိုက်တာ များသတဲ့။

"သည်လိုလေ ဘိုဆိုက်ရဲ့၊ ခင်ဗျားဆိုက်ကားစီးကြတဲ့ ခရီးသည်တွေကတော့ ခင်ဗျားမယားတွေ မဟုတ်ဘူးလေ။ အရက်နံ့တထောင်းထောင်းနဲ့ ဆိုက်ကားကို ဘယ်သူက စီးချင်ပါ့မလဲ။ ကိုယ့်ထမင်းရှင်တွေကိုတော့ လေးစားပါဦးမှပေါ့။ ကိုယ့်အလုပ်ကိုယ် လေးစားပါဦးမှပေါ့"

ဘူတာခုံးတံတားအခြေနဲ့ နီးနီးမှာ ဘိုဆိုက်က ဆိုက်ကားကို ရပ်ပေးတယ်။ ကုန်းတက် နင်းလာရလို့လား မသိဘူး။ အစေးပေါက်နေတဲ့ ခန္ဓာကိုယ်မှာ အရက်ချွေးဆိုတာ မြင်မကောင်းဘူး။ ရင်ဘတ်က ဟပ်စိဟပ်စိနဲ့ မောနေလိုက်တာကလည်း အကြာကြီး။ ခါးပုံစကိုဖြုတ်ပြီး မျက်နှာကို သုတ်တယ်။ ကိုဗျိုက်စစ်ဆီက ကွမ်းတစ်ယာတောင်းပြီး ပါးစပ်ထဲ ထိုးထည့်၊ တော်တော်လေး ဝါးပြီးမှ ဖွီးခနဲ ထွေးတယ်။ ကိုဗျိုက်စစ် လှမ်းပေးတဲ့ နှစ်ရာတန် နှစ်ရွက်ကို အင်္ကျီအိတ်ထဲ ထိုးထည့်ရင်းက ပြုံးပြတယ်။

"ဆိုက်ကားနင်းတာ ဆယ်နှစ်ကျော်ပြီ ဆရာကြီးရဲ့။ ဘိုဆိုက် ဂိတ်ပေါင်းဖြင့် စုံလှပေါ့။ အရေးကြီးတာ လိုရာခရီးကို ရောက်ဖို့ပါဗျာ၊ မဟုတ်ဘူးလား။ အခု ဆရာကြီး ရောက်ချင်တဲ့ ဘူတာရုံ ရောက်လာတာပဲဥစ္စာ"

ဆိုက်ကားနင်းတာ ဆယ်နှစ်ကျော်ပြီဆိုတော့မှ ဂေါဝိန်ကမ်းနားဘက်မှာ တစ်ခါတလေ သူ စီးဖူးတာကို မှတ်မိသွားတယ်။ ကိုဗျိုက်စစ်ကတော့ ဘာမှ ပြန်ပြောမနေတော့ပါဘူး။ ဘိုဆိုက်ပြောတာလည်း ဟုတ်သလိုလိုကိုး။ မီးရထားကုန်းပေါ် တက်လာခဲ့တယ်။ မီးရထားလက်မှတ်က ဘူတာရုံကြီး အပေါ်ထပ်မှာ ရောင်းတယ်ဆိုတာတော့ ကိုဗျိုက်စစ် ကြားဖူးထားပြီးသားပါ။ ဟိုတုန်းကတော့ ဘူတာ တောင်ဘက်က လက်မှတ်ရုံမှာ လက်မှတ်တန်းစီရတဲ့ အတွေ့အကြုံ ရှိဖူးပါရဲ့။ လက်မှတ်ရုံ မြောက်ဘက် ရောက်လာတော့လည်း တစ်ခါလား၊ နှစ်ခါလား ဝယ်ဖူးတယ်။ သည့်နောက် သူ ရန်ကုန် မရောက်တာကြာတာလည်း ပါမှာပေါ့။ လက်မှတ် မဝယ်ဖြစ်တော့ လက်မှတ်ရုံ သည်အပေါ်

ရောက်လာတာ သူ မသိဘူး။ ဘူတာရုံအပေါ်ထပ် ပြန့်ပြန့်ပေါ်ရောက်တော့ လက်မှတ်ရုံလည်း တွေ့တယ်။ လက်မှတ်တန်းစီနေကြတာလည်း တွေ့တယ်။ ကိုဗျိုက်စစ် မှတ်ပုံတင်ကို ထုတ်ပြီး လူတွေ လက်မှတ်တန်းစီနေတဲ့ နေရာကို လိုက်ကြည့်တယ်။ သူ့ရထားနဲ့ သူ့အချိန်၊ သူ့ကောင်တာနဲ့ သူ့အရောင်း၊ ဘာမှားစရာမှ မရှိတော့ဘူး။ သူက လက်မှတ်ပေါက်မှာ ရပ်လိုက်တယ်။ **သူ** ရပ်လိုက်တဲ့နေရာမှာ လူတစ်ယောက်မှ မရှိတာကို ကိုဗျိုက်စစ် သံသယ**တော့** ရှိတယ်။ ဒါပေမယ့် မေးရမှာ သူ့တာဝန် မဟုတ်လား။

(၃)

"မနက်ဖြန် သုံးဆယ့်ငါး ရထား လက်မှတ်တစ်စောင်လောက် လိုချင်လို့"

"ကုန်ပြီ ခင်ဗျ၊ နောက်သုံးရက်စာကို ကုန်နေတာပါ။ အပြင်မှာလည်း ရေးထားပါတယ်"

ကိုဗျိုက်စစ် စိတ်ညစ်သွားတယ်။ နေပူဆဲ ဆိုက်ကားစီးလာရလို့ လူလည်း ချွေးပေါက်ပေါက်ကျနေပြီ။ ရေကလည်း ဆာလိုက်တာ မပြောနဲ့တော့။ လူ့တစ်ကိုယ်လုံးက ရေဓာတ်တွေ ကုန်ခန်းသွားသလိုလည်း ခံစားနေရတယ်။ သူက လက်မှတ်ပေါက်ကလေးထဲက လူကို ငုံ့ကြည့်လိုက်တယ်။ ကြည့်စမ်း သည်လက်မှတ်ဆရာကို သူ မြင်ဖူးသားပဲ။ ရင်ဘတ်မှာ တပ်ထားတဲ့ နာမည်ကို ကြိုးစားဖတ်တော့ ချစ်ကွန်းတဲ့။ ချစ်ထွန်းလည်း ဖြစ်နိုင်တယ်။ မျက်မှန်ကို ပင့်ပြီးမှ ပြူးနေအောင် ဖတ်တော့မှ 'ချစ်ကွန်း' ဆိုတာ သေချာသွားတယ်။

"တစ်စောင်လောက်တော့ ကြည့်လုပ်ပေးပါဦး ဆရာကွန်းရဲ့"

လက်မှတ်ဆရာက ဘာမှ ပြန်မပြောဘူး။ သည်လူ့နှယ် ရှင်းနေပြီးသားကို ရှုပ်အောင် လာလုပ်လေခြင်းဆိုတဲ့ မျက်နှာနဲ့ ကိုဗျိုက်စစ်ကို ပြန်ကြည့်တာပဲ ရှိတယ်။ ဒါပါပဲ။ ကျန်တာ သူ့စာရွက်တွေ သူ သိမ်းနေတယ်။ ကနေ့အတွက် သူ့တာဝန်ပြီးပြီဆိုတဲ့ သွက်လက်မှုမျိုးနဲ့ သူ့အလုပ် သူလုပ်နေတာပဲ ရှိတယ်။ ကိုဗျိုက်စစ်ကလည်း ကုန်ပါပြီဆိုတဲ့ဟာကို ယုံကြည်ဖို့ပဲရှိတာ မဟုတ်လား။ အပြင်က ဇယားချပ်မှာလည်း သည်နေ့ သည်ရက် သည်ရထားအတွက် ရောင်းချခွင့်ရှိတဲ့ ရထားလက်မှတ် ဘယ်လောက်ဟာဖြင့် ကုန်ပါပြီရယ်လို့တောင် ကြက်ခြေခတ် ပြထားတာလည်း မြင်ရသားပဲ။ ရောင်းချတဲ့ တာဝန်ရှိသူကလည်း ကုန်ပါပြီရယ်လို့ နှုတ်က ဖွင့်ပြောနေပြီပဲ။ သည့်ထက် သေချာတာ ဘာရှိရဦးမှာလဲ။ မသကာ တခြားအချိန်တွေမှာ ထွက်မယ့်ရထားကို လိုက်စုံစမ်းဖို့ပဲ ရှိ



တယ်။ သုံးနာရီခွဲသယ့်ငါး ရထားလက်မှတ် သုံးရက်စာ ကုန်ပါပြီ ဆိုတာကို ဘာကိစ္စ စောင့်နေစရာ လိုသေးသလဲ။

ဒါပေမယ့် ကိုဗျိုက်စစ် စိတ်ထဲမှာ ထူးဆန်းတဲ့ ခံစားမှုတစ်ခုက 'စလုံးစခု' ဖြစ်နေတယ်။ ရထားလက်မှတ် တစ်စောင်လောက်ကတော့ ကတ်သီးကတ်သတ် ညပ်ကျန်နေနိုင်တယ်ဆိုရင်ကော မဖြစ်နိုင်ဘူးလား။ မလိုလည်း လိုလည်း အရေးရယ် အကြောင်းရယ် သုံးနိုင်အောင် ချန်ထားတဲ့ လက်မှတ်တစ်စောင်တလေလောက်လည်း ရှိမယ်ဆို ရှိနိုင်တာပဲ မဟုတ်လား။ ကုတ်ကုတ်ကတ်ကတ် ကော်ထုတ်ရင် ထွက်ကောင်း ထွက်လာမှာပေါ့။

"သည်လိုပါ ဆရာကွန်းရဲ့၊ ကျွန်တော်က မနက်ဖြန်ထွက်မယ့် သုံးဆယ့်ငါး ရထားကို မစီးလို့ကို မဖြစ်တာဆိုတော့ ဖြစ်နိုင်ရင်"

"မဖြစ်ကို မဖြစ်နိုင်တော့လို့ပါ ခင်ဗျာ။ ခရီးသည်နဲ့ ခုံနဲ့ တိကျအောင် ရောင်းချပေးရတာ ကျွန်တော်တို့ အလုပ်ပဲဗျာ။ ရှိရင် ရောင်းမှာပေါ့။ အခုဟာ သုံးရက်စာ ကြိုတင်ရောင်းတာ အားလုံး ကုန်သွားပါပြီ။ သည်ရက်တွေက စီး သွားတဲ့လူတွေများသား ခင်ဗျ"

တစ်စောင်မှ လက်ကျန် မရှိတော့ပါဘူးဆိုတဲ့ ရထားလက်မှတ်ဆရာနဲ့ မရလို့ကတော့ မပြန်ဘူးလို့ စိတ်ဒုံးဒုံးချထားတဲ့ လက်မှတ်ဝယ်သူရဲ့ အားပြိုင်မှုဟာ သည်လိုနဲ့ ပြီးရတော့မလို ဖြစ်နေပြီ။ ကိုဗျိုက်စစ်ကလည်း ထွက်သွားဖို့ ကောင်းပြီ။ ယဉ်ကျေးမှုအရ စဉ်းစားရင်တောင် သည့်ထက်ပိုပြောလို့ မကောင်းနိုင်တော့ဘူး မဟုတ်လား။ မရနိုင်တော့ပါဘူးဆိုတာကို ဇွတ်တောင်းနေတာဟာ ယဉ်ကျေးမှု စည်းမဲ့ခြင်းတစ်မျိုးပဲ။ ဒါပေမယ့် ကိုဗျိုက်စစ်ကလည်း ပြောခဲ့ပါပကော၊ လူတစ်မျိုးပါလို့။ သူ့စိတ်ထဲ သည်လက်မှတ်ဆရာက ရောင်းမယ်ဆိုရင် တစ်စောင်လောက်ကတော့ ရနိုင်မယ်လို့ မသိစိတ်က လှုံ့ဆော်နေတာကို ယုံနေတုန်းပဲ။ တစ်ဖက်က ကြက်အိုလို့ ရှုံးရတယ်ထား၊ သူကတော့ လူအိုမို့ ဆုံးဖြတ်နိုင်ရမယ်လို့ တွက်တယ်။ ခက်တာက လက်မှတ်ဆရာက ကြက်ဥပြုတ်ကို သံတုတ်နဲ့ ရိုက်ခွာရမယ့်လူမျိုး။ ကြက်နာတွေကျလို့ ဗေဒင်မေးကာမှ ကြက်သတ်ပြီး နတ်တင်ရမယ်ဆိုတဲ့ကိန်းတော့ ဆိုက်နေပြီ။ လက်မှတ်ဆရာကလည်း မိကျောင်းတစ်ကောင်လို မျက်လုံးတစ်ဖက်ပိတ်ကြီးနဲ့ ကိုဗျိုက်စစ်ကိုပဲ ကြည့်နေတယ်။ ဘာမှတော့ မပြောဘူး။

"သည်လိုပါ ဆရာကွန်းရဲ့၊ ကျွန်တော့်စိတ်ထဲတော့ လက်မှတ် တစ်စောင်လောက်တော့ ကျန်ကောင်းကျန်ရာ ကျန်နိုင်မလားလို့ တွက်မိတယ်။

ဒါမျိုးက ဖြစ်တတ်တာမျိုးပဲ မဟုတ်လား။ တစ်ဆိတ် ကြည့်ပေးစေချင်ပါတယ်။ ကျန်တယ်ဆိုလို့ကတော့ ကံကောင်းလုပြီကောဗျာ”

လက်မှတ်ဆရာက သူ့ရှေ့က စာရွက်တွေ ဘယ်ဘက်ကနေ ညာဘက် ရွှေ့တယ်။ ညာဘက်ကနေ ဘယ်ဘက်ပြန်ရွှေ့တယ်။ တစ်ခါ ဘယ်ဘက်ကနေ ညာဘက်ကို ပြန်ရွှေ့တယ်။ အနားက စာရေးတဲ့ ကောင်တာယုတ်တဲ့ အဝတ်စုတ်နဲ့ ကောင်ထာကို ပွတ်တယ်။ ပြောင်ပြီးသားကို ထပ်ပွတ်တယ်။ ကိုဇိုဂျီက်စစ်ကိုလည်း စိတ်ပျက်လက်ပျက် ကြည့်တယ်။ သည်တစ်ခါတော့ မိကျောင်းလို ကြည့်တာ မဟုတ်ဘူး။ ငှက်ကြီးဒုံးစပ်တစ်ကောင်လို ကြည့်တာပါ။ လူ့ဝိုးတိုးဝါးတားနဲ့တော့ တွေ့နေပြီကော စိတ်နဲ့ ကြည့်တာလည်း ဖြစ်နိုင်တာပါပဲ။

“စာရင်းတောင် ချုပ်ပြီးပြီ ဆရာကြီးရဲ့။ တစ်စောင် မဟုတ်ဘူး၊ တစ်စိတ်တောင် မကျန်တော့ဘူးဗျ။ ဆရာကြီးလည်း အချိန်ကုန်တယ်။ ကျွန်တော်လည်း အလုပ်ပျက်တယ်၊ ရှိဦးမှာပေါ့။ လေးနာရီ ရထား၊ ငါးနာရီ ရထား၊ ကိုးနာရီ ရထား စသည်ဖြင့်”

ကိုဇိုဂျီက်စစ်က သည်တစ်ခါတော့ ရေလိုက် လွဲပါပကောလားဆိုတဲ့ မျက်နှာနဲ့ ကောင်တာရှေ့ တောင့်တောင့်ကြီး ရပ်ရင်းက ကောင်တာကို လက်ဖျားထိပ်ကလေးတွေနဲ့ စန္ဒရားများတီးသလို ခေါက်နေလိုက်တယ်။ ဒါကလည်း ကိုဇိုဂျီက်စစ်ရဲ့ ဝသီပါ။ သူ့စိတ်ထဲ တစ်ခုခု အဆင်မပြေဘူးထင်ရင် တစ်ခုခု အမာခံအပေါ် လက်ဆစ်ကလေးတွေနဲ့ တတောက်တောက်မြည်အောင် ခေါက်တတ်တယ်။ လက်မကို ကောင်တာပေါ် အသေထောက်ထားပြီး ကျန်တဲ့ လက်ချောင်းကလေး လေးချောင်းနဲ့ ခေါက်နေတာပါ။ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်း။ လက်သန်း၊ လက်သူကြွယ်၊ လက်ခလယ်၊ လက်ညှိုး။ တစ်ခေါက်ခေါက်ရင် ရှစ်ချက်နဲ့ တစ်ခါခေါက်လိုက်၊ မျက်တောင် နှစ်ခတ်စာလောက် နားလိုက်၊ တစ်ခါ ခေါက်လိုက်။ လူတွေ ရုတ်ရုတ်သဲသဲကြီး ဆူပွက်နေတဲ့ ဘူတာရုံ လက်မှတ်ရောင်းတဲ့ နေ့ရာမျိုးမှာ ကိုဇိုဂျီက်စစ်ရဲ့ လက်ထိပ်ခေါက်သံဟာ ကောင်းကောင်းကြီး ကြားရလောက်အောင်ကို ကျယ်တယ်ဆိုရမယ်။ သည်လက်ထိပ်နဲ့ ခေါက်တဲ့ အသံထွက်ရာ ကိုဇိုဂျီက်စစ်ရဲ့ လက်ဖျားကလေးတွေကို လက်မှတ်ဆရာက လိုက်ကြည့်နေလေရဲ့။ ကိုဇိုဂျီက်စစ်က အဆက်မပြတ် ခေါက်လေ၊ လက်မှတ်ဆရာက လိုက်ကြည့်လေ။ ကြာတော့ စိတ်များအညို့ခံရသလို ဖြစ်လာတယ်နဲ့ တူပါရဲ့။ မပွင့်တပွင့် ပြောတယ်။

“ကောင်းပြီလေ ရှာကြည့်ပါဦးမယ်။ ကုန်တာတော့ ကုန်ပါပြီ၊ သို့သော်



လည်း အရေးပေါ် အရန်ချန်ထားရတာတွေ ရှိတဲ့အခါ ရှိတတ်ပါတယ်။ နို့ပေမယ့် များတော့ မမှားနိုင်ပါဘူးလေ။ လက်မှတ်ရောင်းတာပဲ ဆယ်နှစ်ကျော်ပြီပဲဟာ။ မနက်ဖြန် သွားမှာနော်။ ကုန်တာကတော့ ကုန်ပြီပေါ့လေ”

မျှော်လင့်ချက်ကလေး ဖျတ်ခနဲ ဝင်လာလို့ထင်ပါရဲ့၊ ကိုဇိုဂျီက်စစ်က သူ့မှတ်ပုံတင်ကို ကောင်တာရှေ့ ချပေးတယ်။ ဘယ်ဘက်လက်နဲ့ ချပေးလိုက်တာပါ။ ညာဘက် လက်ချောင်းကလေးတွေကတော့ ခေါက်နေတုန်းပဲ။ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်း။ လက်သန်း၊ လက်သူကြွယ်၊ လက်ခလယ်၊ လက်ညှိုး။ ကိုဇိုဂျီက်စစ် လက်မှတ်ဆရာကို ခုမှ သေသေချာချာ ကြည့်မိတယ်။ ကတုံးဆံပင်ကို နားသယ်တိထားလိုက်တာကလည်း သပ်ရပ်လိုက်ပုံများ။ မျက်နှာက လေးထောင့်ပေမယ့် ထောင့်သိမ်းတာ ညီတော့ ဟိုတုန်းက ယ်ပြားစေ့သာ ကြည့်တော့။ ဝန်ထမ်းအင်္ကျီအဖြူက ဟောင်းပေမယ့် ကြေ ိုက်ကျနဲ့ ကျော့လို့။ သည်ဆရာကို သေသေချာချာ စဉ်းစားကြည့်တော့ င်ဖူးတယ်လို့လည်း အောက်မေ့ရဲ့။ နေပါဦး ဘယ်မှာပါလိမ့်။ လက်မှတ် ရာက သူ့ရှေ့က စာရွက်တွေကို ဖြန့်တယ်။ ကိုဇိုဂျီက်စစ် မျက်နှာကို တစ် က် မော့ကြည့်တယ်။

ကိုဇိုဂျီက်စစ် မီးရထားဘူတာရုံက ထွက်လာတော့ နေက ပူလိုက်တာ ပဲ့တောင် လော့်လို့ရလောက်တယ်။ ဘိုဆိုက်ကတော့ မရှိတော့ပါဘူး။ က်ကားလည်း မငှားတော့ပါဘူး။ ခုံးပေါ်ကဆင်းပြီး ၂၉ လမ်းအတိုင်း နောက်ကို လျှောက်လာခဲ့တယ်။ စွပ်ကျယ်ကလေး တစ်ထည် နှစ်ထည် ဝယ် ရမယ်။ စားနေကျ ဆေးလေးဝါးလေး ဝယ်ရမယ်၊ မုန့်ကလေးတစ်ထုပ် နှစ် ထုပ် ဝယ်ရမယ်။ ဆီချက်တစ်ပွဲလောက်ကလည်း စားချင်သေးတယ်။

(၄)

ပ်ကျယ်ဆိုင်ဝင်တော့ ခါတိုင်းဝယ်သူတွေ တရုန်းရုန်းနဲ့ တရုတ်မ စွပ်ကျယ် ိုင်က လူရှင်းနေလိုက်တာ နေ့ခင်းကြောင်တောင် သရဲများခြောက်မှာ စိုးရ သေးတာကလား။ တရုတ်မ သားအမိက ဟင်းသောက်ပန်းကန် တစ်လုံးစီနဲ့ ့တစ်စုံစီကိုင်ရင်း ထမင်းစားနေကြတယ်။ တရုတ်ကားထဲကလို ယင်ကောင် င်လာရင်တောင် တူနဲ့ ဆွဲညှပ်လိုက်မဟဲ့ဆိုတဲ့ ကျွမ်းကျင်မှုနဲ့ စားနေကြတာ ါ။ ကိုဇိုဂျီက်စစ် ဝင်လာတော့ တရုတ်မကြီးက နောက်ဖေးကို လှ ;အော်တယ်။ ယ်သူ လာတယ်ဟေ့ပေါ့။ သည်တော့မှ နောက်ဖေးဘက်က တရုတ်ကြီး

တစ်ယောက် ထွက်လာပြီး ခင်းထားတဲ့ ကလေးစွပ်ကျယ်တွေ၊ လူကြီးစွပ်ကျယ်တွေထဲက ကိုဇျိုက်စစ်နဲ့ ကိုက်လောက်မယ်ထင်တဲ့ စွပ်ကျယ်ကို ရွေးတယ်။ ကိုဇျိုက်စစ် သည်ဆိုင်မှာ ဈေးဝယ်တာ ကြာပြီ။ စွပ်ကျယ်ဆိုတာ စတိုးဆိုင်ကြီးတွေမှာ ရတာတ်တာ မှန်ပေမယ့် ဘယ်တော့မှ မဝယ်ဘူး။ သည်ဆိုင်မှာပဲ ဝယ်တယ်။ စတိုးဆိုင်ကြီးတွေမှာ ဝန်ထမ်းခတွေရော၊ ရေခ မီးခတွေရော၊ အခန်းငှားခတွေရော၊ အခွန်အခတွေရော၊ အညစ်အကြေးခွန်၊ ဆိုင်ခွန်၊ ဆိုင်းဘုတ်ခွန်တွေရော အကုန်အကျများလေတော့ ဝယ်သူကို ရောင်းတဲ့ပစ္စည်းပေါ်မှာ ဈေးတင်တတ်ကြတယ်လို့ ကိုဇျိုက်စစ် စွဲနေတာလည်း ပါပါတယ်။ သည်လိုဆိုင်မျိုးကတော့ ဒါတွေ မရှိဘူး။ ကိုယ့်အိမ်ကိုယ်ခင်း ရောင်းကြတာပါသလိုမိသားစုထဲက အားသူက အားသလို ဝင်ရောင်းကြတာဆိုတော့ ဝယ်သူပေါ်မှာ သင့်ရုံအမြတ်ကလွဲရင် ပိုတင်တာ နည်းတယ်ပေါ့လေ။

"စွပ်ကျယ်လား ဆရာကြီး"

"ဟုတ်တယ်၊ လက်နဲ့ နံပါတ်လေးဆယ့်လေးထဲက ပြ၊ တရုတ် မပြနဲ့ ယိုးဒယားပြ"

"ယိုးဒယားဆိုရင် နံပါတ်လေးဆယ့်လေးက နှစ်ထောင့်ရှစ်ရာ"

"ဘယ်နှစ်ထည်ကိုလဲ"

"တစ်ထည်ဈေးလေ"

"မဟုတ်တာကွ၊ ပြီးခဲ့တဲ့ ခြောက်လလောက်ကမှ မင်းတို့ဆိုင်မှာဝယ်တာ ထောင့်နှစ်ရာပါ"

"ဆရာကြီး အိပ်ပျော်နေပြီထင်တယ်။ ဆရာကြီး စကားထဲမှာ အဖြေပါနေပြီလေ။ ပြီးခဲ့တဲ့ ခြောက်လက ဟုတ်ချင်ဟုတ်မှာပေါ့။ အခု မဟုတ်တော့ဘူး"

"အမိပ္ပာယ်မရှိတာကွာ၊ စွပ်ကျယ် နှစ်ထောင့်ရှစ်ရာနဲ့ ဝယ်ဝတ်ရမယ်လို့၊ မေးများ ကြည့်စမ်းပါဦးကွာ၊ မင့်မယားကို"

"ဈေးရောင်းတာ ခုမှ မဟုတ်ဘူးလေ ဆရာကြီး၊ ဆယ်နှစ်ကျော်ပြီ။ ဘယ်လိုလုပ်ပြီး မှားမလဲ။ ယိုးဒယားဈေးကြီးရင် တရုတ်ဝယ်လေ၊ ဈေးသက်သာတယ်"

"ယိုးဒယားပဲ ကြိုက်တယ်။ ထောင့်ရှစ်ရာ ထားလိုက်၊ နှစ်ထည်ယူမယ်"

"ဆရာကြီးပြောတာ စွပ်ကျယ်တစ်ထည်ပေါ်မှာ ကျုပ်က တစ်ထောင် ဈေးအင်ထားသလို ဖြစ်နေတယ်"



ကိုဇျိုက်စစ်နဲ့ တရုတ်ကြီး အချေအတင် ဖြစ်နေတာကြားတော့ တရုတ်မကြီး ဆင်းလာတယ်။ အကျိုးအကြောင်း မေးတယ်။ တရုတ်ဘာသာနဲ့ လင်ယား ဒီဘိတ်လုပ်နေတာကို ကိုဇျိုက်စစ် တော်တော်ကြာအောင် စောင့်ရသေးတာပါ။ သည်မှာတင် မပြီးလို့ သမီးဖြစ်သူ တရုတ်မလေးကို လှမ်းခေါ်ရရော၊ တရုတ်မလေးရောက်လာတော့ သားအဖတွေ ပွက်ပွက်ညံအောင် ပြောကြပြန်တယ်။

ဆယ်မိနစ်လောက်ကြာတော့မှ တရုတ်မလေးက ကိုဇျိုက်စစ်ကို လှည့်ကြည့်တယ်။ ကိုဇျိုက်စစ်ကတော့ တရုတ်ကြီး ဈေးမှားပြောလို့သာ သားအမိနှစ်ယောက်က ဝိုင်းဆူနေတာမှတ်လို့ မှတ်ကရောဟဲ့ဆိုတဲ့ မျက်နှာနဲ့ တရုတ်ကြီးကို ကြည့်တယ်။ ဘယ့်နှယ် စွပ်ကျယ်တစ်ထည် နှစ်ထောင့်ရှစ်ရာရယ်လို့။ ...တော့ ကောင်းကြရော။ ဒါတောင် ပြောလိုက်သေးတယ်။ ဈေးရောင်းလာတာ ...ယ်နှစ်ကျော်ပြီဆိုတာပါသေး။ ဩော်... လူတွေများ ဖြစ်ရပုံ။ တရုတ်မလေး ...က အားနာတဲ့ပုံနဲ့ ကိုဇျိုက်စစ်ကို တောင်းပန်တယ်။

"အားနာလိုက်တာ ဦးလေးရယ်၊ ဘာလိုချင်လို့လဲ"

"ယိုးဒယားစွပ်ကျယ်လေ၊ နံပါတ် လေးဆယ့်လေး လက်နဲ့ ဘယ်လောက် ...ုန်းဆိုတော့ ညည်းအဖေက နှစ်ထောင့်ရှစ်ရာဆိုလို့လေ။ တော်ပါသေးရဲ့ ညည်း ...ို့ ဝင်ရှင်းပေလို့"

"ယိုးဒယားစွပ်ကျယ် နံပါတ် လေးဆယ့်လေးက နှစ်ထောင့်ရှစ်ရာပဲ ...းလေးရဲ့၊ ကျွန်မအဖေပြောလိုက်တာ ဈေးမှန်ပဲ။ ဝယ်ရင်းဈေးတွေ များတယ့် ...းလေးရဲ့။ ကျွန်မတို့တောင် ရောင်းရတာ အားနာနေရတယ်"

"နို့ ဒါဖြင့် ညည်းတို့ သားအဖတွေ တရုတ်လို ငြင်းခုန်နေတာ ငါ့ ...ပ်ကျယ်ကိစ္စ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ မနက်ဖြန် ဘုံကျောင်းမင်္ဂလာဆောင်ကို အဖေနဲ့အမေ ...က သူသွားမယ် ငါသွားမယ် ငြင်းနေကြတာ။ ကျွန်မ သွားမယ်လို့ဖြတ်မှ ပြတ် ...တော့တယ်။ စွပ်ကျယ်ကိစ္စ မဟုတ်ပါဘူး။ စွပ်ကျယ်ဈေးက ဈေးမှန်ပါ ဦးလေး ...ယ်။ ကျွန်မတို့ရောင်းတာပဲ ဆယ်နှစ်ကျော်ပြီပဲဟာ"

ကိုဇျိုက်စစ် စွပ်ကျယ်ဆိုင်က ထွက်လာပြီး ကိုယူနွတ်ဆေးဆိုင်ကို ဝင် ...တယ်။ ကိုဇျိုက်စစ်က ဆေးဆိုင်တွေ တစ်အိမ်ခြားလောက် ဖွင့်နေတဲ့ကာလ ...က ဆေးများဝယ်ရင် ကိုယူနွတ်နဲ့ညီအစ်ကို ဆိုင်မှာပဲ ဝယ်လေ့ရှိတယ်။ တကယ် ...တော့ ကိုယူနွတ်နဲ့ ယောက်ဖများဆိုင်ပါ။ ယောက်ဖများဆိုတော့ မကောင်း

တတ်တာနဲ့ ညီများ လုပ်ထားတာလည်း ကိုဗျိုက်စစ်က သိတာပါပဲ။ ကိုယူနွတ်နဲ့ ခင်မင်တာပဲ ကြာလှပေါ့။ ဆယ်နှစ်ကျော်ကျော်တော့။ ကိုယူနွတ်ဆိုင်က ကျယ်ကျယ်ဝန်းဝန်းတော့ မဟုတ်ဘူး။ ငါးပေ ပတ်လည်လောက် ရှိတာပါ။ သည် ငါးပေပတ်လည် အခန်းကလေးရဲ့ လေးဖက်လေးတန်မှာ ဆေးဘူးမျိုးစုံ၊ ဆေးတောင့်မျိုးစုံ၊ ဆေးကတ်မျိုးစုံ၊ ဆေးထုပ်မျိုးစုံဆိုတာ မြင်မကောင်းဘူး။ အခန်းထဲမှာ အလူမီနီယမ် လှေကားတစ်စင်းလည်း ရှိတယ်။ ဆေးဝယ်သူက ဆေးစာရွက်နဲ့လည်း လာတယ်။ ပါးစပ်နဲ့လည်း လာတယ်။ တချို့က ရောဂါအမည်တပ်ပြီး လာကြတာလည်း ရှိတယ်။ တော်ရုံ ရောဂါကတော့ ကိုယူနွတ်ကို မေးပြီး ဝယ်သောက်ကြတာဆိုတော့ ကိုယူနွတ်က တစ်ခါတစ်ခါ သူ့ကိုယ်သူ ဆရာဝန် ထင်သေးတာကလား။ ဈေးဝယ်သူက ဝယ်တဲ့ဆေး ဘယ်နားမှာရှိသလဲ ချက်ခနဲ သိသူဆိုတော့ မမီလောက်ဘူးထင်ရင် အလူမီနီယမ်လှေကားပေါ် တက်တော့တာပဲ။ သည်လှေကားပေါ် ကိုယူနွတ်များ တက်လိုက်ရင် မြွေနဲ့ လှေကား ကစားတာနဲ့တောင် တူတယ်။ လူက ဆေးသာရောင်းတာ ပိန်လိုက်တာ ဝါးခြမ်းသာ ကြည့်တော့။

"ဆရာကြီး ဆေးကုန်ပြီလား။ ဆေးတော့ ဝယ်သောက်ဗျ။ ဆရာဝန်က သောက်ဆိုတဲ့ဆေးကို သောက်သာသောက်။ တချို့က ရောဂါနဲ့ဆေး တည်နေမှန်းသိလျက်နဲ့ ပေါ့ကြတာရှိတယ်။ သုံးဖြာကမ္ဘ၊ တံခွန်ပြသို့၊ အန္တပုထုဇဉ်မိုက်ယှဉ်သဘော၊ မောဟဇောနှင့်၊ သိမောသာဆုံး၊ မိုက်နလုံးအားကြီးတယ်ဆိုတဲ့ လူက များသား။ လူ့ဘဝ ရတုန်းရခိုက်မှာ ဖြစ်ကလည်း ပျက်၊ သံသာစက်ဟု၊ ဇေဂ္ဂတာချည်းကျနေလို့ မဖြစ်သေးဘူး။ ချိုမြက်ဇမြ၊ ဩသဖော့သုခရသာ၊ ကောင်းမြိန်စွာသား ဆိုသကိုး"

ကိုယူနွတ်က ခေတ်ပညာကလည်း တတ်ပြန်၊ မြန်မာမှုကလည်း မြတ်နိုးပြန်ဆိုတော့ စကားပြောရင် အဲသလို ပြောတတ်တယ်။ ကိုဗျိုက်စစ်က ဘာမှတော့ ပြန်မပြောတော့ပါဘူး။ ကိုယူနွတ်လိုလည်း ဟန်ကျပန်ကျ မပြောတတ်တာလည်း ပါတယ်။ မပြောချင်တာလည်း ပါတယ်။ ဆေးဆိုင်ကလေး အလယ်က ခုံရှည်ပေါ်မှာ မျောက်တစ်ကောင်လို ထိုင်နေတတ်တဲ့ ကိုယူနွတ်ကို တစ်ခါတစ်ခါ စိတ်ရောက်ရင် ကိုဗျိုက်စစ် အံ့ဩတတ်တယ်။ မနက်မိုးလင်း ဆိုင်ဖွင့်ကတည်းက မြေလည်း ခြေမထောက်မိ၊ ကျောမီလည်း မပါတဲ့ ခုံရှည်ပေါ်မှာ ထိုင်နေလိုက်တာ ညနေ မင်းဝံတောင်ဘက် နေဝင်တော့မှ ခုံပေါ်က ဆင်းတယ်။ ဆေးရောင်းစရာရှိလို့ ဆင်းရောင်းတာကလွဲရင် သည်ခုံရှည်ပေါ်မှာ



ကိုယူနွတ် အမြဲရှိတယ်။ ကိုယူနွတ် ဆေးဆိုင်သွားလို့ ကိုယူနွတ်နဲ့ မတွေ့ခဲ့ပါဘူးလို့ ပြောရင် ဒါ ညာတာပဲ။ ကိုဗျိုက်စစ်နဲ့ ခင်မင်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော် ကာလတွေအတွင်း သည်ခုံပေါ်ကပဲ ခင်မင်ခဲ့ရတယ်လို့ ပြောရင်လည်း ဖြစ်တယ်။

•"နန်းကြီးနေသား၊ ဒေဝီရတနာ၊ လှသူဇာ၏၊ သည်းချာသက်ချစ်၊ ကိုဗျိုက်စစ်ရဲ့၊ ခင်ဗျား အဂ္ဂမဟေသီကြီးဖို့ ဖောလစ်အက်ဆစ် မဝယ်တော့ဘူးလား၊ ဈေးတော့ တက်သွားပြီဗျ၊ ထောင့်ကိုးရာ ဖြစ်သွားပြီ"

ကိုဗျိုက်စစ်ကတော့ ဖောလစ်အက်ဆစ်ဝယ်ဖို့ မိန်းမက မှာဖူးတာရှိပေမယ့် ထောင့်ကိုးရာဆိုလို့ မဝယ်တော့ပါဘူး။ သူ သောက်နေကျ သွေးကျဆေး တစ်ကတ်နဲ့ သွေးချိုထိန်းဆေး တစ်ကတ်တော့ ဈေးနည်းနည်းမြောက်ပေမယ့် ဝယ်လိုက်တယ်။ ခရီးသွားရမှာဆိုတော့ လမ်းခရီးမှာ ဆေးဝါးပြည့်စုံဖို့ ဖြစ်မှာ မဟုတ်လား။

"ခင်ဗျား သူများချည်းပဲ ပြောမနေနဲ့ ကိုယူနွတ်၊ ခင်ဗျားကြည့်ရတာ ဆေးဆိုင်ထဲ ငုတ်တုတ် ထိုင်နေတဲ့ကြားက ပိန်ပိန်နေလိုက်တာ လေးစိတ်ကွဲ ဝါးခြမ်းဖြစ်နေပြီ"

"ဆေးရောင်းလာတာ ဆယ်နှစ်ကျော်ပါပြီဗျာ၊ ဘာဆေး ဘာကောင်းတယ်ဆိုတာ သိသားပဲ။ ကျုပ်က လေးတန်သင်္ဂဟ၊ ဗလငါးခု၊ ကြီးသူ့ကျင့်လှ၊ ဂုဏ်ခြောက်စေ့နဲ့နေတာ။ သင်္ဂဟတရားလေးပါး၊ ဗလ ငါးပါး၊ နာယကဂုဏ် ခြောက်ပါးနဲ့ နေတယ်ပေါ့ဗျာ။ ပိန်ပေမယ့် ပံသုမြေအောက်၊ သေလာကျောက်သို့ ဆိုတာမျိုးဗျ"

ဆေးဆိုင်ထဲမှာ နှစ်ပေါင်းဆယ်ချီပြီး ထိုင်နေကျဆိုတော့ ကိုယူနွတ်ကို ဆေးနဲ့ ပေါင်းထားသလို ဖြစ်နေပုံရတယ်။ အရိုးပေါ် အရေတင်လောက်အောင် ပိန်ပေမယ့် ကိုယူနွတ် နာတယ်၊ ဖျားတယ်လို့ မကြားဖူးတာလည်း အမှန်ပဲ။ ကိုဗျိုက်စစ် ကိုယူနွတ်ဆိုင်က ဆေးနှစ်ကတ်ယူပြီး ပြန်ထွက်လာခဲ့တယ်။ ဗိုက်ကလည်း ဆာပြီဆိုတော့ ဒေါ်ရှုလွမ် ဆီချက်ခေါက်ဆွဲဆိုင်အဝက စားပွဲမှာ ဝင်ထိုင်လိုက်တယ်။ ဒေါ်ရှုလွမ်ဆိုင်က ကိုယူနွတ်ဆေးဆိုင်နဲ့ မျက်နှာချင်းဆိုင်။ ကိုဗျိုက်စစ် ကိုယ်တိုင်က ဒေါ်ရှုလွမ်ကို မသိပေမယ့် ဒေါ်ရှုလွမ်ရဲ့ သားတွေဖြစ်တဲ့ ဖိမော်တို့၊ ဂေါ်လန်တို့နဲ့တော့ ခင်တယ်။ ဖိမော်တို့၊ ဂေါ်လန်တို့တောင် သားသမီးတွေ မြေးတွေ ရနေပါပြီ။ ဒေါ်ရှုလွမ်လည်း ရှိသေးတယ်လို့ ကြားပေမယ့် တွေ့တော့ မတွေ့ဖူးဘူး။

"ဆီချက်တစ်ပွဲ ကြက်သားနဲ့ပေးကွာ၊ မငန်စေနဲ့"

ဆီချက်ဆိုင်က ကောင်လေးကတစ်ဆင့် ထပ်မှာတယ်။ သည်မှာတ
ဖိမော်ရဲ့ မိန်းမက ခေါက်ဆွဲမှုင်တွေကို ဖွကာ ဖွကာနဲ့ ပြုတ်ဖို့ပြင်ပြီ။ ခေါက်
စောင့်ရင်း ဘာဝယ်သွားရင် ကောင်းမလဲ တွေးတယ်။ စွပ်ကျယ်ရပြီ။ ဆေးရ
ဟုတ်ပြီ ဆံပင်ညှပ်ရဦးမှာပါလား။ ဆံပင်ညှပ်ဆိုင်က ကိုဇျိုက်စစ် ရောက်နေ
နေရာနဲ့တော့ လှမ်းသေးတယ်။ သွားရမှာပေါ့။ ၃၄ လမ်းမှာဆိုတော့ နော
ထပ် ငါးပြလောက် လျှောက်ရဦးမယ်။

ကိုဇျိုက်စစ် စဉ်းစားနေတုန်း ခေါက်ဆွဲပန်းကန် ရောက်လာတယ်
တူနဲ့ မွှေကာဖွကာ အအေးခံပြီး စားလိုက်တော့ ခေါက်ဆွဲဆီချက်က ငန်တ
လို့။ ကိုဇျိုက်စစ်က သည်တစ်ခါတော့ ပြောမှဖြစ်တော့မယ်လို့ အောက်
တယ်။ သည်ဆိုင်က ဆီချက်ကို စားမိတိုင်း ငန်လို့ချည်းနေတာ တစ်ခါ မက
တော့ဘူး။ အခုလည်း မှာကတည်းက အတန်တန်မှာပါလျက်နဲ့ ငန်တာကတော
တစ်ဆိတ်လွန်လွန်းပြီ။ မနီးမဝေး မီးဖိုနားရပ်နေတဲ့ ခွေးတလုံးလုံးနဲ့ မိန်းမက
ကိုဇျိုက်စစ် လှမ်းခေါ်တယ်။ ဖိမော်ရဲ့ မိန်းမပါ။

"ဟဲ့... မိန်းကလေး ဖိမော် ဘယ်သွားလဲ။ နင်က ဖိမော်မိန်းမလား

"ဟုတ်တယ်၊ ကိုဖိမော်ကို ဘာလုပ်မလို့လဲ"

"ဆီချက်က စားတိုင်း ငန်နေလို့ဟ။ ငါစားတိုင်း ငန်တာ၊ သည်တစ်ခါ
မှ မဟုတ်ဘူး။ မိမွေ ဖမွေဆိုတာ စောင့်ရှောက်ကောင်းသဟ။ နင်တို့ ပစ်စလက်
ခတ် မလုပ်ကြနဲ့၊ ငါက လူရင်းမို့ပြောတာ"

"ဦးလေးပါးစပ်က ငန်တာနေမှာ။ ကျွန်မက ကိုဖိမော်မယားဆိုတာတော
ဆီချက်လုပ်သက် ဆယ်နှစ်ကျော်ပြီ။ ဦးလေးတစ်ယောက်တည်း ငန်တယ် ပြော
ဖူးသေးတယ်"

ဦးလေးပါးစပ်က ငန်တာနေမှာဆိုလိုက်တော့ ကိုဇျိုက်စစ်က ဟုတ်များ
ဟုတ်နေလေသလား တွေးမိတယ်။ တလောက သူ့အိမ်မှာ ချက်နေတဲ့ဟင်းတွေ
ငန်တယ် ပြောမိလို့ အပြောခံရပြီးပြီ။ ကိုဇျိုက်စစ်မိန်းမ မရေပေါက အညာသူ
ပီပီ ဟင်းကို အညာစပ်ကလေးနဲ့ ဖွယ်ဖွယ်ရာရာ ချက်တတ်တယ်။ မရေပေါ
နဲ့ ညားကတည်းက မရေပေါ ချက်သမျှနဲ့ တင်းတိမ်ခဲ့ရတာပေမယ့် နောက်ပိုင်း
မှာ မရေပေါ ဟင်းစပ်တွေ ငန်လာတယ်လို့ ကိုဇျိုက်စစ် ခံစားလာရတယ်။
ငန်တာမှ တော်တော့်ကို ငန်တာဆိုတော့ မပြောလို့ မဖြစ်တော့ဘူး။ သည်မှာ
တင် ကိုဇျိုက်စစ်ကတော်က ကက်ကက်လန်အောင် ရန်တွေ့တာတွေ ဖြစ်ကုန်



ယ်။ ကိုဇျိုက်စစ်က ငန်တယ်ပြောတိုင်း အငန်လျှော့ချက်ရာက နောက်ဆုံး
း:မထည့်၊ ငါးပိ မခတ်ဘဲ ချက်တာတွေအထိ တစ်ဖက်က လိုက်လျောပေမယ့်
ဇျိုက်စစ်က ငန်တယ်လို့ချည်း ပြောနေတော့ မယားလုပ်သူက "ကိုဇျိုက်စစ်
ဲ ပန်းထိမ်မှာ လွဲတာထား၊ ပန်းပဲမှာလည်း မကျွမ်းကျင်ဆိုတာ ရှင်ပဲ" တဲ့။
ခုလည်း ဖိမော်မယားက ဦးလေးပါးစပ်က ငန်တာနေမှာလို့ ပြောနေပြန်
ာ့ မလှုပ်သာပြန်ဘူး။ သူ့ပါးစပ်ကပဲ မှားနေတာလားပေါ့။ မသေချာတော့
ည်း ဘာမှ ပြောမနေတော့ပါဘူး။ ဆီချက်တစ်ပန်းကန် တစ်လုတ်စာလျော့
ပက်ခနဲ ထားခဲ့ပြီး ပိုက်ဆံချေတယ်။ ပြီးတော့မှ ဆံပင်ညှပ်ဆိုင်ဘက်ကို
ျှောက်လာခဲ့တယ်။ ဆံပင်ညှပ်ဆိုင်ရောက်တော့ ချက်ချင်း မညှပ်ရသေးပါ
။ ခုံလေး ငါးခုံထဲက သူ ညှပ်နေကျ မောင်ညွန့် အလှည့်ကျအောင် စောင့်နေ
မှ ညှပ်တာဆိုတော့ စောင့်တော့ စောင့်ရတယ်။ သည်ဆိုင်မှာ ကိုဇျိုက်စစ်
ပင်ညှပ်တာကလည်း ကြာပါပြီ။ မလွဲသာမကင်းသာ အချိန်မရရင်သာ ရပ်ကွက်
ကဆိုင်မှာ ညှပ်လိုက်ရတာမျိုးရှိပေမယ့် သည်ဆိုင်မှာလိုလိုချည်း ညှပ်တာများ
ယ်။ သည်ဆိုင်မှာ ကိုဇျိုက်စစ် ညှပ်တယ်ဆိုပေမယ့် သူ့လက်စွဲက မောင်ညွန့်မှ
မောင်ညွန့်။ တခြား ဆံပင်ညှပ်ဆရာတွေက ခုံအားလို့ ခေါ်ရင်တောင် မညှပ်
။ ပေထိုင်နေတာပဲ။ မောင်ညွန့် အားပြီဆိုမှ ညှပ်တယ်။ ပြောသာ ပြောတာ
 မောင်ညွန့် ညှပ်တာကလည်း ကောင်းလွန်းလို့လားဆိုတော့ မကောင်းဘူး။
ည်လ ညှပ်သွားတဲ့ပုံနဲ့ ပြီးခဲ့တဲ့လက ညှပ်ခဲ့တဲ့ပုံက တူချင်မှတူတာ။ အခုလ
ပ်တာနဲ့ လာမယ့်လ ညှပ်တာ တူနိုင်ဖို့ဆိုတာလည်း သေချာတာ မဟုတ်
။ ကိုဇျိုက်စစ်က "ဘိုကေပါးပါးကွာ" လို့ ဆံပင်ညှပ်ခုံပေါ်ရောက်တိုင်း
ာနေကျပေမယ့် မောင်ညွန့်ကလည်း ညှပ်ချင်သလို ညှပ်တာတွေ များလှ
။ မကောင်းမှန်းလည်း သိသားပဲ။ မောင်ညွန့်မှ မောင်ညွန့်ရယ်လို့ တစ်ယူသန်
င်လို့သာ သန်နေတာ။ မောင်ညွန့်လက်ရာကလည်း ဟုတ်လှတာ မှုတ်ဘူး။
ပေမယ့် မောင်ညွန့်နဲ့ ဆံပင်ညှပ်လာတာ ဆယ်နှစ်ကျော်ပြီဆိုတဲ့ အချက်တစ်
က်တည်းနဲ့ ညှပ်နေတာပါ။ ကိုဇျိုက်စစ်ခေါင်းက ဆံပင်ညှပ်ဆရာ ကိုမောင်ညွန့်
က်ရည်စမ်းတဲ့ ခေါင်းလို့ ကွယ်ရာမှာ ဆံပင်ညှပ်ဆရာတွေ ပြောကြတယ်ဆို
လည်း တစ်ဆင့်စကားနဲ့ ကြားပါရဲ့။ ကိုဇျိုက်စစ် ကိုယ်တိုင်ကလည်း
ယ်သူတွေ ဘာပြောပြော လက်ရာက ကောင်းမှတော့ သည်းခံရမှာပေါ့ ဆို
မျိုး မဟုတ်ပါဘူး။ မောင်ညွန့်လက်ရာ ညံ့တာလည်း သိသားပဲ။ ဒါပေမယ့်
မောင်ညွန့်ကို ကိုဇျိုက်စစ် စွဲရတဲ့အချက်ထဲမှာ ဆံပင်ညှပ်သက်ချည်းပဲ

ဆယ်နှစ်ကျော်ပြီဆိုတဲ့အချက်က အဓိက ကျတယ်။ သည်ဆိုင်မှာပဲကြည့်လေ
တခြား ဆံပင်ညှပ်ဆရာတွေသာ တစ်ယောက်ပြီးတစ်ယောက် ပြောင်းကြတယ်
ကိုမောင်ညွန့် မပြောင်းဘူး။ ဆံပင်ညှပ်ဆိုင်ပိုင်ရှင်က ဆိုင်ပိတ်ချင် ပိတ်လိုက်
ပဲ။ ကိုမောင်ညွန့်ကတော့ တစ်ရက်မှ မပျက်ခဲ့ဘူး။ ရှေးက ဘုရားကျွန်၊ ကျောင်
ကျွန်များကို ရှင်ဘုရင်က ဘုရားလှူထားတဲ့အတိုင်းပဲ။ သည်လို ကမ္ဘာတည်
အောင် မရွှေ့မလျား မြဲနိုင်တဲ့ အရည်အချင်း တစ်ခုတည်းနဲ့ကို ကိုဗျိုက်စစ်
အားပေးနေတာဆိုတော့ ဘယ်သူဘာပြောပြော ကိုမောင်ညွန့်ညှပ်တဲ့ ခုံနားမှာ
ပေစောင့်နေတာ များတယ်။ တစ်ခါတော့ ကိုဗျိုက်စစ်က ဦးပုညစာကို တစ်လုံ
နှစ်လုံးပြင်ပြီး ကိုမောင်ညွန့်ကို စာချိုးတယ်။ 'ထုံးမတိမ်၊ ငုံးအိမ်ကျူလနှင့်
တူမျှစံနိုင်း။ ထပ်တညီ၊ ကပ္ပဋ္ဌီတင်ထိုက်ကယ့်၊ ယဉ်သိုက်ဝင် ကိုမောင်ညွှ
နှင့်၊ ငါးကွန့်သမိုင်း' တဲ့။

"ကိုမောင်ညွန့်ရဲ့ ကပ္ပဋ္ဌီဆိုတာက တစ်ကမ္ဘာပတ်လုံး တည်မြဲတဲ့ အ
လို့ ပြောတာဗျ။ ငုံးအိမ်ကျူလဆိုတာက လဗိမာန်မှာထင်တဲ့ ယုန်ရုပ်အ
ဝဋ္ဋ ငုံးမင်းဇာတ်က မီးငြိမ်းရာအရပ်၊ ဃဋိကာရအိုးထိမ်းသည်ရဲ့ အိမ်နေ
နဋ္ဌပါလက ကန်နားက ကျူပင်ဝါးပင်တွေ အဆစ်မရှိဘဲ တည်တာကိုပြေ
တာ။ သည်လေးပါးဟာ ကမ္ဘာတည်သမျှ မြဲသလိုပဲ ခင်ဗျားလည်း သည်နေ
မှာ မြဲတယ်ပေါ့ဗျာ။ ခင်ဗျားနဲ့ဆို ငါးပါးပေါ့"

သည်စာကို ကိုမောင်ညွန့်ကလည်း သဘောကျတာပါပဲ။ စာနဲ့ရေးပြ
အလွတ်တောင် ကျက်ထားတယ်။ ကိုဗျိုက်စစ်ကိုလည်း ကဗျာဆရာလို့ပဲ ခေ
တော့တယ်။ ကိုဗျိုက်စစ်မှ ဆံပင်ညှပ်ဆိုင်ထဲ ဝင်လာရင် တခြား ဆံပင်ညှ
ဆရာတွေကို ကိုမောင်ညွန့်က တားလေ့ရှိတယ်။

"သည်ကဗျာဆရာကြီးကို ငါ ညှပ်မယ်ဟေ့။ ငါမှ မညှပ်ရင် ကုတ်
နဲ့ ကော်ထုတ်တာတောင် ထွက်မယ့်လူ မဟုတ်ဘူးရယ်။ ငါ့ဆံပင်ညှပ်သက်
ကလည်း ဆယ်နှစ် ဟိုဘက်သီသီ ကျော်ပြီကောကွာ။ ထိုင်ဗျို့ ကဗျာဆရ
စောင့်ရလှ လေးခေါင်းပေါ့"

ထားပါတော့။ အဲသည့် ညနေက ကိုဗျိုက်စစ် အိမ်ပြန်လာတော့ စွပ်ကျယ်
တစ်ထည်ပါတယ်။ ဆေးကတ် တစ်ကတ် ပါတယ်။ ဘိုကေပါးပါးနော်လို
အထပ်ထပ် သတိပေးတဲ့ကြားက နောက်စေ့ ဆံပင်အုံထူကြီးနဲ့ နားသယ်မွှေ
တစ်ဖက် ပါမလာတာထား၊ ကိုဗျိုက်စစ်ကို ရှေ့တည့်တည့်ကကြည့်ရင် ယူဘို
ပျက်နေတဲ့ လော်ရီကားနဲ့တောင် တူနေတော့တယ်။



"တော့်ကြည့်ရတာ ကနေ့ ဂျွန်များ သွားကိုက်လို့ ပါးတစ်ဖက်ကလည်း ယောင်နေတဲ့အတိုင်းပဲ။ ခေါင်းက တစ်ဖက်လိုက်နေသလားလို့"

အိမ်ဝင်တော့ မယားက ဆီးပြောတာပါ။ ကိုဗျိုက်စစ်ကတော့ ဘာမှ ပြန်ပြောမနေတော့ပါဘူး။ ခေါင်းကြေးတွေ ကွက်နေတဲ့ ပက်လက်ကုလားထိုင်ဟောင်းပေါ်ကို ထိုင်ချလိုက်တယ်။ သည်ကုလားထိုင်ကလည်း ပြောမယ်ဆိုရင် ဝယ်ထားတာပဲ ဆယ်နှစ်ကျော်ပါပြီ။ မယားလုပ်သူက…

"တော် ရထားလက်မှတ် ရခဲ့လား"

လို့ မေးတော့လည်း မဖြေဘူး။ ကုလားထိုင် လက်တင် သစ်သားပြားပေါ် လက်ချောင်းကလေးတွေ ခေါက်နေလေရဲ့။ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်း၊ လက်သန်း၊ လက်သူကြွယ်၊ လက်ခလယ်၊ လက်ညှိုး။

(၅)

ကိုဗျိုက်စစ် ရထားပေါ်ရောက်တော့ ရထားက ထွက်ခါနီးနေပြီ။ မြွေရေခွံလက်ဆွဲအဝတ်အိတ်ကို စင်ပေါ် ထိုးတင်တယ်။ မယားက ထုပ်ပေးလိုက်တဲ့ ထမင်းထုပ်ကို ပြတင်းပေါက်နားက သံကောက်မှာ ချိတ်လိုက်တယ်။ သောက်ရေသန့်ဘူးဟောင်းထဲ ထည့်လာတဲ့ အိမ်က သောက်ရေကို တစ်ကျိုက်ကောင်းကောင်း သောက်လိုက်မဟဲ့လို့ ပြင်နေတုန်းမှာပဲ သူ့ဘေးခုံမှာ လူတစ်ယောက်ဝင်ထိုင်တာ သတိထားမိလိုက်တယ်။ လူက ပိန်ပိန်၊ ရှိုက်ကုန်းကုန်းပါ၊ နှုတ်ခမ်းမွေးကြီးကလည်း လက်မလောက် ငါးရံ့နှစ်ကောင် နှာခေါင်းကြား ကန့်လန့်ညှပ်ထားတဲ့အတိုင်းပဲ။ လည်ကတုံးအင်္ကျီ ဟာပြဲကြားက အပြင်ကို ထိုးထွက်နေတဲ့ လည်ဇလုတ်ဘုကြီးကလည်း ကြက်ဥလောက်ရှိမယ် ထင်ပါရဲ့။ သည်လည်ဇလုတ်ကြီးကို မြင်ဖူးပါတယ်လို့ တွေးနေတုန်းမှာပဲ သည်ဆရာက နှုတ်ဆက်တယ်။

"အလို ဟန်ကျချက်တော့၊ မိတ်ဆွေဟောင်း မိတ်ဆွေကောင်းများနဲ့ တွေ့နေရမင့်ကော။ ကျုပ်ကို မှတ်မိရဲ့လား။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က မိတ်ဆွေကို ကျုပ်ကိုယ်တိုင် ဗေဒင်ရှေ လက္ခဏာပါ ကြည့်ပေးခဲ့ရဖူးပါရဲ့။ ဘယ့်နှယ့်တုန်း ကျုပ် ဟောချက်တွေ ဒက်ထိပဲ မဟုတ်လား။ နေပါဦး ခင်ဗျားနာမည်တောင် ကျုပ်က မှတ်မိပါတယ် ကိုဗျစ်ဆိုင် မဟုတ်လား"

"ဗျိုက်စစ်ပါ"

"သည်တစ်ခါတော့ ဗေဒင်ဆရာ သီသီကလေး လွဲပါပကောလား။ နေပါဦး ကိုဗျိုက်စစ်ဆိုတော့ ဘာလူမျိုးများပါလိမ့်"

–"မြန်မာထဲပါပဲ။ တောသူတောင်သား မိဘများကပဲ မွေးတာပါ။ နေတာကလည်း တောမှာပဲနေ၊ တောမှာပဲ ကြီးရပါတယ်။ ဦးလေးတော်တစ်ယောက်က မိဘများ မချောင်မှန်းသိတော့ ရန်ကုန်ခေါ်ပြီး အင်္ဂလိပ်ကျောင်းထားပေးလို့ တစ်နှစ်သွားနေဖူးတယ်။ ကျောင်းက ပါသွားတဲ့ ဗမာနာမည်ဖျောက်ပြီး ဘိုနာမည်ပေးတာမှာ ဘရိုက်စ် (Bryce) ပါတဲ့။ ကျောင်းကလည်း တစ်နှစ်ပါပဲ။ ရွာပြန်ရောက်တော့ နဂိုနာမည် စံထွန်းအေး ပျောက်ပြီး ဘရိုက်စ် ဖြစ်ကရော။ ရွာက ဘရိုက်စ် မခေါ်တတ်ကြတော့ ဗျိုက်စစ် ခေါ်ကြရာက တွင်တယ် ပြောပါတော့"

ကိုဗျိုက်စစ်က တစ်ညလုံး ဘောမှာထိုင်လိုက်မယ့် ခရီးဖော်နဲ့ အဆင်ပြေမှ ကောင်းမယ်ဆိုတဲ့စိတ်နဲ့ ပြောသင့်တယ်ထင်တာ ပြောပြတာပါ။ သူ့စိတ်ထဲမှတ်မိသလိုလိုရှိတာကလည်း ခုမှ ကောင်းကောင်းရှင်းသွားတယ်။ ဟုတ်သားပဲ။ သူ့ဘဝမှာ စီးပွားရေးကလည်း အဆင်ပြေတာ မရှိခဲ့တော့ ဗေဒင်ဆရာပေါင်းကလည်း စုံပြီ။ ဓာတ်ဆရာ၊ နက်ဆရာတွေလည်း စုံပြီ။ သူမေးခဲ့တဲ့ ဗေဒင်ဆရာတွေထဲက တစ်ယောက်ဆိုတာလည်း မှတ်မိသွားပြီ။ ဘာပဲဖြစ်ဖြစ် စကားပြောဖော်တော့ ရပြီပေါ့လေ။

"ပြစမ်းပါဦး ညာဘက်လက်ဖဝါး၊ လက်ကလည်း အဝိုင်းအဝန်းပြေတဲ့ လက်မျိုးပါလား။ မင်္ဂလာခေါ်တာမျိုးပဲ။ စန္ဒမင်္ဂလာ လပြည့်ဝန်း၊ ဓဇ္ဇမင်္ဂလာ ဆံကျစ်ဝန်း၊ ပထဝီမင်္ဂလာ မြေအပြင်၊ ဇမ္ဗူဒိပ မင်္ဂလာ၊ ဇမ္ဗူဒိပ ကျွန်းဝန်းစတာတွေဟာ ပြန့်ပြူးခြင်းကို ဆိုသဟာကောဗျ၊ အလို ဒါက ဘာပါလိမ့်"

လက္ခဏာဆရာက ကိုဗျိုက်စစ်လက်ကို ကိုင်ရင်း ပြောနေတာဆိုတော့ ကိုဗျိုက်စစ်ကလည်း မလှုပ်သာဘူး။ တိမ်မည်းနက်နှင့်၊ မိုးသက်ဆီးနှင်း၊ ရာဟုကင်းတဲ့လက်ဆိုတာလည်းပါရဲ့။ သုံးရာယောဇန၊ ခံတွင်းဝ၊ ကျယ်စွထိုနတ်အား နှစ်ရာစွင့်စွင့်၊ အထူးချင့်၊ လက်နှင့် ခြေဖဝါးဆိုတာလည်းပါရဲ့။ ရန်ကုန်ကို ချက်ချင်းထလိုက်ရတာကလည်း ခရီးသွားကုမ္ပဏီတစ်ခုက နိုင်ငံခြားသားတွေ အုပ်လိုက်ရောက်လာဖို့ရှိတော့ အကောင်းဆုံး ဗေဒင်ဆရာနဲ့ တွေ့ချင်ပါတယ် တောင်းဆိုကြရာက သူ့ကို လှမ်းဖိတ်လို့ သွားရတာဆိုတာလည်းပါရဲ့။ သာစည်ကျော်လို့ ထမင်းစားကြတော့ နိုင်ငံခြားသားတွေကို ဗေဒင်ဟောမယ့်ဆရာက ထမင်းမပါဘူး။ ကိုဗျိုက်စစ်ကပဲ ခွဲကျွေးရတော့တာပါပဲ။

ထမင်းစားပြီး ဗေဒင်ဆရာက ပါးစပ်ကြီးဟောင်းလောင်းနဲ့ အိပ်နေသမယ့် ကိုဗျိုက်စစ် မအိပ်နိုင်ဘူး။ ကိုဗျိုက်စစ် ရန်ကုန်မရောက်ဖြစ်တာ ကြာ



ပြီ။ ရန်ကုန်မြို့ကြီး ပြောင်းလဲနေတယ်ဆိုတာလည်း ကြားရဲ့။ ကိုဗျိုက်စစ်မိဘများက မင်းဘူးနယ် ရွာတစ်ရွာကပါ။ တောကုန်စုံဆိုင်ကလေးနဲ့ အဆင်ပြေတော့ သားဖြစ်သူ ဗျိုက်စစ်ကို စလင်းဘက်မှာ ကျောင်းထားတယ်။ စလင်းကရွာဆက်ဘုန်းကြီး ကျောင်းတစ်ကျောင်းမှာနေရင်း ပညာသင်ရာက ခုနစ်တန်းရောက်တော့ ရန်ကုန်မှာနေတဲ့ ဦးလေးတော် တစ်ယောက်က ခေါ်လို့ ရန်ကုန်ရောက်ရတယ်။ အဲသည့်ခေတ်က စိန့်ကျောင်းတွေရှိသေးတော့ စိန့်အန်ထော်နီကျောင်းသား ဖြစ်ရပြန်တယ်။ စိန့်ကျောင်းက ရလာတဲ့ နာမည်က ရွာမှာရောက်နှင့်ပြီ။ ရွာက ကိုလှဖေ မကုလားမသား စံထွန်းအေးက ရန်ကုန်မှာဗျိုက်စစ်ဖြစ်လို့တဲ့ဆိုတဲ့ သတင်းက တိုက်နယ် တစ်နယ်လုံးမှာ ပွက်ပွက်ကြီးရိုက်နေချိန်ပေါ့။

ရန်ကုန်မှာ တစ်နှစ်နေပြီး မိဘက မထားနိုင်တော့လို့ ရွာပြန်ခဲ့ရပေမယ့် အင်္ဂလိပ်ကျောင်းသားဆိုတဲ့ ဂုဏ်က မသေးဘဲကိုး။ အင်္ဂလိပ်ကျောင်းသား လူထွက်ဆိုတော့ ရွာရောက်ကတည်းက ကျောင်းလည်း ဆက်မနေရ၊ အလုပ်ရယ်လို့လည်း ကူဖော်လောင်ဖက် မရတော့ မိဘများခမျာ လူပိုကြီး အဖတ်တင်သလို ဖြစ်ရတာပါပဲ။ မြေပဲတစ်တောင့် အခွံကျွတ်အောင် မခွာတတ်တဲ့ သားကို ကုန်စုံဆိုင်အပ်ခဲ့ပြီး မိဘနှစ်ပါး မျက်စိနှစ်လုံးမှိတ်တော့ မျက်စိသူငယ်နဲ့ ဟောင်းကိုင်ရမလိုလို၊ ပလုံးကိုင်ရမလိုလို ဖြစ်ရရော။ ဆင်ဝန်မင်းအရိပ်နဲ့ ဖောင်ဆိပ် ဓားပြတိုက် ဆိုသလို တစ်သက်လုံး မိရိပ်ဖရိပ် ခိုလှုံရာက မိဘနှစ်ပါးဆုံးတော့ ဆင်ပေါက် ကောက်ရိုး ခိုးစားရမလိုလိုပေါ့လေ။ နောက်တော့ ရွာဘုန်းကြီးဆက်နဲ့ မန္တလေးရောက်၊ မန္တလေးပါးကလေး ဝလာတော့ ရွာက မိဘလက်ငုတ်ရောင်းချပြီး မန္တလေးမှာပဲ အခြေချ၊ မန္တလေးမှာပဲ မိန်းမရ။ မိန်းမကပဲ 'ဘိဇနက်' ကို တာဝန်ယူလို့ ကြီးကြီးမားမား ဒုက္ခသုက္ခရောက်တာမျိုးတော့ မရှိခဲ့ဘူး။ မန္တလေးသူ မယားကလည်း တော်ရှာပါရဲ့။ ဖိုးသူတော် အလှူခံလို့ရလာတဲ့ ပိတ်စ တစ်တောင်၊ တစ်နေ့ ခုနစ်ခါ ထ ထတောင်ဆိုသလိုစေ့ကုတ်ကုတ် ရှိရှာတယ်။

တစ်ခုပဲရှိတယ်။ ကိုဗျိုက်စစ်မှာ ရောဂါတစ်ခုရှိတယ်။ လူသစ်တွေကိုမယုံတဲ့ ရောဂါ။ ပစ္စည်းသစ်တွေကို မယုံတဲ့ရောဂါ ဆိုကြပါစို့။ လူပေါင်းရင်လည်း ပေါင်းတော့ ပေါင်းတာပေါ့။ ဆယ်နှစ် ဟိုဘက်က ခင်မင်ခဲ့တဲ့လူတွေနဲ့ ပိုပေါင်းဖြစ်တယ်။ ယုံလည်း ယုံတယ်။ ပစ္စည်းများ ဝယ်ရင်လည်း အိမ်မှာအမြဲထားရမယ့် ပစ္စည်းဆိုရင် အဟောင်းအကျကို သက်သက် ရှာဖွေဝယ်တဲ့

လူမျိုး။ ကိုဗျိုက်စစ်အိမ်က ကက်ဆက်ဆိုရင် အဟောင်းပဲ။ ထရံကပ်ထားတဲ့ နာရီကလည်း ဆယ်နှစ် ဟိုဘက်က နာရီပဲ။ ဝတ်တဲ့ အဝတ်တောင် ဝယ်ထားလို့ ဆယ်နှစ်ကျော်ပြီဆိုမှ ဗီရိုထဲက ထုတ်ဝတ်တာများတယ်။ ပုဆိုးလည်း သည်လိုပဲ။ မယားက အမြင်မတော်လို့ ဈေးက အသစ်ဝယ်လာရင်လည်း စက္ကူနဲ့ ရက်စွဲကပ်ပြီး သိမ်းထားလိုက်တာပဲ။ ဆယ်နှစ် ဟိုဘက် သီသီကျော်ပြီဆိုမှ ထုတ်ဝတ်တာဆိုတော့ လွန်လွန်းတယ်ပြောလည်း ခံရုံပဲ။ ပြောကြပါစို့၊ အိမ်မှာ မနက်တိုင်း ဆွမ်းခံကြွတဲ့ ထိုင်ကိုယ်တော် ပင့်တာတောင် ဆယ်ဝါကျော်တဲ့ ရဟန်းကိုမှ ပင့်တယ်။ မယားလုပ်တဲ့သူက 'တော့်ဟာက ထင်ရှားရှိတဲ့ ရုပ်ခန္ဓာမှာ အယူမှားမှုဆိုတဲ့ သက္ကာယဒိဋ္ဌိ အားကြီးတယ်ခေါ်တယ်။ ဆင်ခြင်မှပေါ့တော်' လို့ ကြုံရင် ကြုံသလို ပြောရှာပါရဲ့။ ကိုဗျိုက်စစ်က မရပါဘူး။ သူ့ဝသီကိုလည်း မပြင်ဘူး။ မိန်းမရယ်လို့ ယူထားတဲ့ မယားတောင် ပူထမလင်သေပြီး ဆယ်နှစ်ကျော်ကြာပါပြီဆိုတာ သေချာမှ ယူခဲ့တဲ့အထိ အစွဲကြီးတယ်ဆိုတော့ စဉ်းစားကြည့်ပေါ့။ မနက် မိုးလင်းလို့ ရထားက ရန်ကုန်ဝင်ခါနီး တိုးကြောင်ကလေးလောက် ရောက်တော့ ဗေဒင်ဆရာ ကိုနူတ်ခမ်းမွေးကို သူ့အစွဲဟာ မပြုတ်နိုင်၊ မပယ်နိုင် ဖြစ်နေရတဲ့အကြောင်း ပြောပြတယ်။ ဗေဒင်ဆရာက ပြုံးတယ်။

“ဒါ ဝိစိကိစ္ဆာခေါ်တယ် ကိုဗျစ်ဆိုင်ရဲ့ အဲ... ဘယ်သူတဲ့၊ ထားပါလေ ဝိစိကိစ္ဆာဆိုတာ သို့လော တွေးတောခြင်းကိုလည်း ဆိုတယ်။ မဆုံးဖြတ်နိုင်ခြင်းကိုလည်း ဆိုတယ်။ ယုံမှားခြင်းကိုလည်း ဆိုတယ်။ ဒါကြောင့် ပိုင်းခြားမသိ၊ ညွှတ်နွယ်ငြိသားလို့ ဆိုတာပေါ့။ မပြောမရှိနဲ့။ ဝိဆိုတာက မရှိတာ။ စိကိစ္ဆာဆိုတာက ဉာဏ်တည်းဟူသော ကုစားခြင်းကို ပြောတာ။ ဉာဏ်နဲ့ မကုစားနိုင်ဘူးပေါ့ဗျာ။ ဒါကို ဝိပဿနာ စေတသိက်နဲ့ ပယ်ရတယ်။ ဘာပြောတာလဲတဲ့။ ဆင်ခြင်ခြင်းအားဖြင့်သာ ပယ်နိုင်တယ်။ ရေဟာ အေးခြင်းမူလရှိပေမယ့် အပူငွေ့သင့်တဲ့အခါ အပူဆိုတဲ့ ဖောက်ပြန်ခြင်း ဖြစ်တယ်။ အေးခြင်းမူလကို စွန့်တယ်ပေါ့ဗျာ။ ဒါကို သိရင် လွယ်တယ်”

ဗေဒင်ဆရာကတော့ အင်္ဂလိပ်ကျောင်းထွက်ဆိုတဲ့ ကိုဗျိုက်စစ်ကို ကြက်ဥလောက် ဇလုတ်ကြီး တလူပ်လူပ်ဖြစ်အောင် ပြောတာပေမယ့် ကိုဗျိုက်စစ်က အခံမရှိတော့ ဘာပြောမှန်းတောင် မသိဘူး။ သည်လိုနဲ့ ရန်ကုန် ဝင်ခါနီးပြီပြောပါတော့။ မရောက်တာ ဆယ်နှစ်ကျော်ပြီဆိုတော့ ရန်ကုန်က လူတွေနဲ့ အဆင်ပြေပါ့မလား တွေးပြီး ကိုဗျိုက်စစ် ပူမိသေးတယ်။ သည်တစ်ခေါက်



ာရတဲ့အကြောင်းက ရန်ကုန်မှာနေတဲ့ အဖေ့အစ်ကို ဘကြီးက လှမ်းခေါ်လို့ ာတာပါ။ အမွေကိစ္စကလေး ပြီးပြတ်အောင် စီစဉ်ခဲ့ချင်လို့ဆိုတော့ ထမလာ ို့ မဖြစ်လို့သာ လာရတာ စိတ်ထဲ မလင်းလှဘူး။ သည်လိုနဲ့ ရထား ဆိုက် ာရော။

(၆)

ရန်ကုန်မှာ ကိုဗျိုက်စစ် ထင်သလို မဟုတ်ဘူး။ လူတွေက အရင်လူတွေပဲ ဖြစ်နေတယ်။ ဘူတာက ဆင်းတာနဲ့ တက္ကစီငှားတော့ သည့်အရင် ဆယ်နှစ် ကျော်က သူနဲ့ ခင်ခဲ့တဲ့လူ ဖြစ်နေတယ်။ သည်လူက ကားသာ ပြောင်းသွား ယ်။ ကားတော့ မောင်းတုန်းပဲ။ မိသားစုများလို့ ဘကြီးအိမ်မှာ မတည်းဘဲ ည်းခိုခန်းတည်းတော့လည်း လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော် သူ ရောက်ရောက် ာတုန်းက တည်းခိုခန်းပဲ။ သည်နာမည်ပဲ။ သည်မန်နေဂျာပဲ။ သူတွေ့တော့ တွေ့ရတာတောင် ကြာပြီကောတဲ့။ ဘကြီးနဲ့တွေ့လို့ ပြောစရာရှိတာ ပြောကြ ိုကြပြီး တည်းခိုခန်းကို ပြန်လာ၊ ဘားလမ်းခေါ်ကြတဲ့ မဟာဗန္ဓုလ ပန်းခြံ လမ်းထိပ်က လမ်းဘေး ထမင်းဆိုင် သွားစားတော့လည်း ထမင်းရောင်းတဲ့ ကုလားမက အရင် ကုလားမပဲ။ အရင်လက်ရာပဲ။

“အန်ကယ်ကြီး မလာတာကြာပြီနော်။ ကျွန်မ သတိရတယ်။ ဘဲဥ စ်ခြမ်းနဲ့ပဲ စားမှာလား”

“နင့်မလည်း ငါသိသလောက် ထမင်းရောင်းတာ ဆယ်နှစ်ကျော်ရော ပေါ့။ ခုထိ ဆိုင်ကြီး မဖွင့်နိုင်သေးဘူးလား”

“အန်ကယ်ကြီးကကော ထမင်းဆိုင်ကြီးတွေ သွားစားနိုင်လို့လား။ အဲသလိုပေါ့”

ကုလားမက သူ့ကို တွယ်လိုက်တော့ မန္တလေးက ဆေးရောင်းတဲ့ ကိုယူနွတ်နဲ့ ပေးစားမှ တော်ကာကျမယ့် ကုလားမပါလားလို့ တွေးတယ်။ ထမင်းစားပြီးလို့ ဆူးလေဘုရားတက်ဖူးတော့လည်း ငှက်ရောင်းတဲ့ ၊ န်းမက အရင် ဆယ်နှစ်ကျော်က မိန်းမပဲ။ ပန်းရောင်းတဲ့ မိန်းမကကော မထူးဘူး။ ဒါနဲ့ စာအုပ်တန်းဘက် လျှောက်တယ်။ ကိုဗျိုက်စစ်က စာအုပ်အဟောင်း ကလေး ဘာလေး ဝယ်ချင်တာရော၊ မိတ်ဟောင်း ဆွေဟောင်းတွေ တွေ့ချင် တာရော ပါလေတော့ စာအုပ်အဟောင်းတန်းကို နှံ့အောင် လျှောက်တယ်။ အရင် ဆရာတွေပဲ။ ကိုစိုးမြင့်သိန်းနဲ့ ကိုတင်မြင့်တောင် လက်ဖက်ရည် …

တိုက်လို့ သောက်လိုက်ရသေး။ လမ်းတွေ့သမျှ လူတွေကို ကြည့်ပြန်တော့ကော
တဲ့။ အရင် ဆယ်နှစ်ကျော်က သူ မြင်ဖူးတဲ့ မျက်နှာတွေချည်း ဖြစ်နေတယ်
အပြန်မှာတော့ ပန်းဆိုးတန်းက ပတ်ပြီး အနော်ရထာလမ်းဘက် ချိုးတယ်
ညနေဈေးတောင် ခင်းနေပြီ။ အဝတ်ပုံကြီးတွေ၊ ပလတ်စတစ်ပုံကြီးတွေ၊ တို
မှတ်စတွေ၊ ဖိနပ်တွေ၊ ဖန်ထည်ပစ္စည်းတွေ၊ လေဘေးထည်တွေ၊ ဘိတ်ခွေ
ရောင်းကြသူတွေကိုထား၊ မုံ့န့်လက်ကောက်ကြော်တွေ၊ မုန့်ဟင်းခါး ဆိုင်းထ
သည်တွေကလည်း လွန်ခဲ့တဲ့ ဆယ်နှစ်ကအတိုင်းပဲ။ မုန့်ဟင်းခါး ဝင်စားတော
ဆိုင်းထမ်းသည်ကဆိုရင်…

"ဦးလေး မန္တလေးပဲကြော် နှစ်ခုနဲ့ပဲလား"

လို့တောင် မေးသေးတာပါ။ ကိုဗျိုက်စစ်က…

"မင်း ငါ့ကို မှတ်မိသားပဲ" ဆိုတော့…

"ဦးလေးကလည်း ရောင်းလာတာပဲ ဆယ်နှစ်ကျော်ပြီပဲဗျာ။ ဖောက်သည
ကို အလွတ်ရပါတယ်"

ဆိုလို့ အံ့ဩရသေးတယ်။

ကိုဗျိုက်စစ် စိတ်ထဲ ကျေနပ်သွားတယ်။ ရန်ကုန်ဟာ သူ ထင်ထ
သလို သူနဲ့ အဟပ်မကွာသေးတာ တွေ့ရတော့ သူ့မှာ နေရတာ ချောင်
သလို ဖြစ်နေတယ်။ ကင်မရာပစ္စည်းတွေ ရောင်းတဲ့ဘက်ရောက်လို့ ဆိုင်
လှမ်းကြည့်လိုက်တော့ ထိုင်နေတဲ့ တရုတ်ကြီးက အရင်တရုတ်ကြီးပဲ။ ကြုံ
မန္တလေးပြန် မိန်းမအင်္ကျီကလေးနှစ်ထည် ဝင်ဝယ်ပါဦးမယ်လေရယ်လို့ ဝင်
တော့ ဆိုင်ထဲမှာ မတ်တတ်ရပ်ပြီး ဝယ်သူမျှော်နေတဲ့ မိန်းကလေးတွေကလည
အရင်မိန်းကလေးတွေပဲ။ မျက်နှာသေကြီးတွေနဲ့ မရောင်းချင်သလို ရောင်း
သလို မျက်နှာပေးတွေတောင် အရင်ဆယ်နှစ်ကျော်က အတိုင်းပဲ။

"အန်ကယ်ကြီး ချိုင်းသုံးထွာတွေ ရောက်နေပြီ မဝယ်တော့ဘူးလာ

ချိုင်းသုံးထွာဆိုတာ အရင်ဆယ်နှစ်ကျော်က ရန်ကုန်လာရင် မပ
မှာနေကျ ကိုယ်တိုင်းဆိုတာ သူတောင် မှန်တာပြောရရင် မေ့နေပြီ။ အင်္ကျီချို
ဟိုဘက် သည်ဘက် သူ့လက်နဲ့ သုံးထွာထွာရင် သူ့မိန်းမနဲ့ Fit Size ကို
ကိုဗျိုက်စစ်က ရှိသမျှအင်္ကျီတွေ အောက်ချခိုင်းပြီး သူ့လက်နဲ့ ထွာထွာနေတ
တွေ ရှိဖူးတယ်။ ကြည့်စမ်း၊ သည်ကလေးမတွေ လွန်ခဲ့တဲ့ ဆယ်နှစ်ကျေ
က ကိစ္စကို မှတ်မိနေတာများ ပြောရင် ယုံလောက်စရာ မရှိဘူး။ တည်းခိုခ
ပြန်ရောက်လို့ လှေကားထစ်တွေကို တက်မယ်လုပ်တော့ လှေကားထောင့်
ကောင်လေးက…



"အန်ကယ် ညောင်းရင် ညာရင် နှိပ်ပေးတယ်နော်" တဲ့။

လူကြီးသူမကို ဂုဏဝုဒ္ဓိဝယဝုဒ္ဓိ ရှိကြပေသားပဲ အောက်မေ့ရင်း အေး…
ညောင်းတဲ့အခါ ပြောမယ်ကွာလို့ပဲ ပြောခဲ့တယ်။ တည်းခိုခန်းပေါ်ရောက်လို့
ည့်ခန်းထဲမှာ လူတွေ မနည်းဘူး။ နံရံပေါ်က တီဗွီကို မော့ကြည့်နေကြတဲ့
ူတွေကလည်း အဝေးကလာကြတဲ့ ဧည့်သည်တွေဆိုပေမယ့် လွန်ခဲ့တဲ့ ဆယ်နှစ်
ကျော်က မျက်နှာတွေချည်းပါပဲ။ ကိုဗျိုက်စစ် သူ့အခန်းထဲရောက်လို့ အိပ်ရာ
ပါ လှဲချတယ်။ အလို အောက်သိုးသိုး အနံ့ကလည်း အရင်ဆယ်နှစ်ကအတိုင်း
ါပဲကလား ကရို့။

(၇)

ကြီးတော်နဲ့ နှစ်ရက်လောက် အချိန်ပေးပြီး မန္တလေးပြန်ဖို့ ပြင်ရတော့မယ်
ိုတဲ့အခါကျတော့ ထုံးစံအတိုင်း ရထားလက်မှတ် ဝယ်ရတယ်။ အရင်ကလို
တစောကြီး ထသွားစရာ မလိုတော့ပါဘူး။ မိုးလင်းမှ ရောင်းတာဆိုတော့
ိပ်ရာကထ၊ မျက်နှာသစ်၊ ရထားလက်မှတ်ဝယ်တဲ့အခါပြဖို့ မှတ်ပုံတင်ကလေး
ည်းခိုခန်း မန်နေဂျာဆီက ခဏပြန်တောင်းပြီး ဘူတာဘက် ထွက်လာခဲ့
တယ်။ ကိုဗျိုက်စစ်က ဘူတာရုံရှိတဲ့ ဗိုလ်ချုပ်လမ်းဘက်ကို ထွက်မလာသေး
ဲ တစ်ခုခုလည်း စားမယ်၊ လမ်းကလေးလည်း လျှောက်မယ်၊ ရန်ကုန်
ကက်ခင်းကိုလည်း ခံစားမယ်ဆိုတဲ့စိတ်နဲ့ ကမ်းနားဘက်ကို အရင်လျှောက်လာ
တယ်။ ဝါညစ်ညစ် ရန်ကုန်မြစ်ရေတွေနဲ့ ညို့ညို့ကောင်းကင်၊ ဆားနံ့ ရွှံ့နှစ်
ပါတဲ့လေ၊ ကသုတ်ကရက်နိုင်လှတဲ့ လူတွေဆီက အူထွက်လာတဲ့ ကသည်မှုန့်
၊ မျက်နှာချေနံ့တွေကလည်း လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က အတိုင်းပါပဲ။ ရန်ကုန်
နက်ခင်းဟာ စိတ္တဂီဝါခေါ်တဲ့ ခိုလည်ရစ်ရောင်နဲ့ ရီလျက် မလင်းဖြစ်နေတာ
ကိုပဲ ကိုဗျိုက်စစ် သဘောကျနေလေရဲ့။ ရှေးအခါက သည်နေရာဟာ ရွာ
ကလေး တစ်ရွာပဲ။ အလောင်းဘုရား ခုနစ်ရက်နဲ့ တည်ခဲ့တဲ့ မြို့ရာဟောင်းဟာ
အခုတော့လည်း မှတ်မိနိုင်စရာ မရှိတော့ပါလား။ ကိုဗျိုက်စစ် ဒလဘက်ကမ်း
က ကူးလာတဲ့ လှေတွေကို ငေးနေမိတာကပဲ တော်တော်ကြာတယ်။

ဘူတာရုံဘက်ကို ပြန်လျှောက်လာခဲ့တယ်။ နေကလေး ပွင့်လာပြီဆို
တော့ ရန်ကုန်မြို့ထဲကို ပိုးပုရွက်တွေလို ဝင်လာကြတဲ့ လူတွေကို အရပ်
လေးမျက်နှာစလုံးမှာ မြင်နေရတယ်။ မိမိ ရည်မှန်းရာ တစ်စုံတစ်ရာဆီကို
ပြေးပြေးလွှားလွှား ရှိနေကြတာလည်း အရင်အတိုင်းပါပဲကလား။ ဘူတာရုံ

ကို ရောက်တော့ လူတွေ များလှပြီ။ ကိုဇျိုက်စစ်က ညနေ သုံးနာရီ ရထားနဲ့ ပြန်ချင်တယ်။ သုံးနာရီ ရထားလက်မှတ်ရုံရှေ့ရောက်လို့ လက်မှတ်လက်ကျန် ဆိုင်းဘုတ်ပြားကို ဖတ်လိုက်တော့ လက်မှတ် မကျန်တော့ဘူးဆိုတဲ့ အမှတ် အသားဖြစ်တဲ့ ကြက်ခြေခတ်ကလေးနဲ့ပါပဲ။ ရဟန်းသုံးလေးပါးနဲ့ လူလေးငါး ယောက်ကလည်း ကိုဇျိုက်စစ်လိုပဲ မနက်ဖြန်ညနေ ပြန်ချင်ကြပုံရတယ်၊ လက်မှတ်ဆရာနဲ့ စကားတွေ ပြောနေကြတယ်။ ကိုဇျိုက်စစ်က လူရှင်းတဲ့ အထိ စောင့်ပြီးမှ မေးချင်တာကလေး မေးရတယ်။

"မနက်ဖြန်ထွက်မယ့် ရထားလက်မှတ်က မရှိတော့ပါဘူး။ သန်ဘက်ခါ အတွက်တော့ ရှိသေးတယ်"

"ကျုပ်က မနက်ဖြန် ပြန်ချင်တာ၊ ကြည့်စမ်းပါဦးဗျာ"

"မရှိတော့လို့ပါ ခင်ဗျာ၊ သန်ဘက်ခါ ပြန်ပါလားဗျာ။ တစ်ရက်နေ လိုက်ပေါ့"

ကိုဇျိုက်စစ်က လက်မှတ်ဆရာ ပြောတာကို မကြားသလိုလုပ်ရင်း ပေ စောင့်တယ်။ သူ့စိတ်ထဲ စလုံးစခုဖြစ်နေရင် ပြုမြဲဖြစ်တဲ့ လက်ချောင်းကလေး တွေ အလိုလို လှုပ်လာတယ်။ လက်မှတ်ကောင်တာပေါ်တင်ထားတဲ့ လက်ချောင်း ကလေးတွေက လှုပ်နေပေမယ့် စိတ်ကတော့ ငြိမ်နေလေရဲ့။ လက်ချောင်း ကလေးတွေကတော့ စိတ်အလိုအတိုင်း လှုပ်ရှားနေတာ မဟုတ်ဘဲ သူ့သဘော နဲ့သူ လှုပ်နေတာပါ။

ရထားလက်မှတ်ဆရာက ကိုဇျိုက်စစ်ရဲ့ လက်တွေကို ငေးနေလေရဲ့၊ သည်လက်မှတ်ဆရာကိုလည်း ကိုဇျိုက်စစ် မှတ်မိနေတာပါပဲ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်ကတည်းက သည်အခန်းကလေးထဲ ငုတ်တုတ်ရှိနေတဲ့ ကျေးဇူးရှင်ပါလား။ ကိုဇျိုက်စစ် လက်ကလေးတွေကတော့ ကောင်တာခုံကို ခေါက်နေတုန်းပဲ။

(၈)

မန္တလေးရောက်တော့ အိမ်က မယားဖို့ ဝယ်လာတဲ့ အင်္ကျီက မတော်ဘူး၊ စတိုးဆိုင်က ဝယ်လာတဲ့အင်္ကျီ မဟုတ်ပါဘူး။ အဟောင်းဆိုင်က ရွေးဝယ်လာ တဲ့ အင်္ကျီပါ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က အင်္ကျီရယ်လို့ ရွေးဝယ်လာတာ ပေမယ့် လတ်ပါသေးတယ်။ ခက်တာက ချိုင်းက မတော်တာ။

"ကိုဇျိုက်စစ်ရယ် ရန်ကုန်လို မြို့ကြီးရောက်ခဲ့တာတောင် လေဘေးပုံ



ထဲက ရွေးလာရသလား။ တော်နဲ့တော့ ခက်ပါရဲ့။ တော်ကလည်း ဘုရားရှင် ဖွတ်သော်မှ ကျွတ်မယ့်ပုံ မပေါ်ပါလား ကိုဇျိုက်စစ်ရယ်။ ကျုပ်က အရင်ထက် လာတာ တော် မသိဘူးလား။ လူဆိုတာ တစ်သမတ်တည်း မမှတ်နဲ့။ အချိန် အမျှ ပြောင်းလဲနေတာများလည်း ထည့်တွက်ပါဦး"

"ချိုင်းသုံးထွာပဲကွာ"

"ကျုပ်က ချိုင်းလေးထွာဖြစ်နေပြီ ကိုဇျိုက်စစ်ကဲ့။ ကိုယ့်မယားချိုင်း လည်း ကိုယ်တိုင်းကြည့်ဦး"

ကိုဇျိုက်စစ်တတော့ ဘာမှ ပြောမနေတော့ပါဘူး။ ပက်လက် ကုလား ထိုင်ပေါ် ထိုင်ချလိုက်တယ်။ ခေတ်ကာလဟာ အမြင်ယဉ်ကျေးမှု အားကြီးတဲ့ ခေတ် ဖြစ်နေတာ သူ သိသားပဲ။ အင်္ဂလိပ်ကျောင်းနေလာပြီး အင်္ဂလိပ်နာမည် တောင် တွင်နေတဲ့ လူတစ်ယောက်အနေနဲ့ မသိဘဲ ရှိပါ့မလား။ လူတွေဟာ လျှံပယ် ကြွယ်ဝလာတဲ့ ရုပ်ဝတ္ထုတွေနောက်ကို မဆံ့မပြ အမောတကောလိုက် ကြရင်း ဟပ်ထိုးလဲနေကြတာပါလား။ အသစ်အဆန်းတွေ မိုးလင်းတိုင်း ပေါ် နေတဲ့ ကာလမှာ သည်လို လိုက်နေလို့ကော ဆုံးဦးမှာလား။ လူက လိုက်မမီ တော့ စိတ်နဲ့ လိုက်ကြပြန်တယ်။ အလိုမပြည့်လေခြင်းဆိုတဲ့ စိတ်ရဲ့ အညွှဉ်းပန်း ရမှုကို ထည့်မတွက်ကြတော့ပါလား။

'အရက်ကောင်းများဟာ မြေတိုက်ထဲမှာ ဆယ်နှစ်ကျော်ကျော်ထားမှ ကောင်းသလိုပဲ။ ဆယ်နှစ်ကျော်ကျော်လောက် ကစော်ဖောက်ချိန်ပေးထားမှ အရက်များဟာ မံသေသလိုပဲ။ စိတ်ကို ဆယ်နှစ်ကျော်ကျော်လောက် နောက်- ဆုတ်ပြီး မြေတိုက်ထဲ လှောင်ထားရတာမျိုးနဲ့နေပါမှ စိတ်မံသေတယ်။ စာရှိ သားပဲ။ 'လောကီရေးရာ၊ ထင်ရှားငှာဖြင့်၊ ပကာသန၊ ဤဒိဋ္ဌိ၊ ကိစ္စကိုသာ၊ ပိုကြစွာ၏' တဲ့။ နင်တို့ကော ဘာထူးတုန်း၊ ကိစ္စတွေ လိုလို့ပဲ မဆုံးနိုင်သူတွေ ပါလား။ မှတ်ထား၊ လူဆိုတာ ဆယ်နှစ်ကျော်ကျော် နောက်ဆုတ်ထားတဲ့ စိတ် နေမှ တော်ကာကျတယ်။ အလိုလောဘနောက် လိုက်ခြင်းဟာ အညစ်အကြေး များ စုဝေးရာ ရေချိုးဆိပ်နဲ့ ဘာထူးလို့တုန်း'

ကိုဇျိုက်စစ် စိတ်ထဲက ပြောနေတာပါ။ ပါးစပ်က ထုတ်ပြောနေလို့ လည်း သဘောပေါက်မယ့်ဟာတွေမှ မဟုတ်တာကလား။ သည်မှာတင် ထိုင် နေတဲ့ ကုလားထိုင်က ဖျိုးဖျိုးဖျစ်ဖျစ် မြည်လာရာက တစ်ဖက်နိမ့် ကျိုးကျ သွားတယ်။ ကိုဇျိုက်စစ်ပါ တစ်စောင်းကြီး လန်နေပေမယ့် တည့်ပေးမယ့်လူ ရှိဘူး။ မယားလုပ်သူကလည်း ထူမယ့်ပုံမပေါ်တော့ ကိုယ့်ဟာကိုယ်ပဲ အသာ

အယာ ကျုံးထရတယ်။ ပွန်းသွားတဲ့ တံတောင်ဆစ်ကို လိမ်းဖို့ ဆေးပုလင် လည်း ကိုယ်တိုင် ထရှာရတော့တာပါပဲ။ လွန်ခဲ့တဲ့ ဆယ်နှစ်**ကျော်ကျော်**က ဝယ်ထားတဲ့ ဆရာအောင် ဒဏ်ကြေလိမ်းဆေးပုလင်းက အ**ရေးထဲ** ရှာမတွေ့ ပြန်ဘူး။ ။

[ကလျာမဂ္ဂဇင်း၊ ၂၀၀၆ ခုနှ

## တချို့က နီပြာပြာ၊ တချို့က ဖြူဝါဝါ၊ တချို့မှာ ချိတ်ပွင့်၊ တချို့မှာ ပန်းရင့်

### (၁)

ထုံးစံအတိုင်း တောင်ကုန်းကလေးပေါ်က ခြေလှမ်း နှစ်ရာခန့် ဆင်းပြီးလျှင် တစ်ဆစ်ချိုး ကွေ့ရမည်။ ပြီးလျှင်တော့ နောက်ထပ် ခြေလှမ်းတော်တော်များ များ လျှောက်လာခဲ့လျှင် အိမ်စုတွေထဲက ပုဏ္ဏရိက်ပင်ခြောက်များ ထိုးထိုး ထောင်ထောင် ရှိနေသော အိမ်အဝင်ဝကို တွေ့ရမည်ဖြစ်၏။ အိမ်။ ကျွန်မ အတွက်တော့ သည်ပျဉ်ပေါင်းချပ်များဖြင့် ကာရံထားကာ သံချေးအထပ်ထပ် တက်နေသော မညီမညာ သွပ်ပြားချပ်များ မိုးထားသည့် သည်အိမ်ဟောင်း မြင့်မြင့်ကြီးကို နေထိုင်စရာအိမ်ဟု ရက်ရက်ရောရော စာစာနာနာ ခေါ်ဝေါ် သတ်မှတ်လိုစိတ်မရှိတာ အမှန်ပါ။ သည်အိမ်က ကျွန်မအတွက် အေးရာ ငြိမ်းရာ နေရာထိုင်ခင်းတစ်ခုမဟုတ်တာ တစ်ခုတည်းနှင့် မလိုတမာစွာ ပြောနေခြင်း လည်း မဟုတ်ပါ။ ဖြစ်နိုင်လျှင် သင်္ချိုင်းဇရပ်တစ်ခုပေါ်မှာ နေကုန်နေခန်း နားအေးပါးအေး တစ်ယောက်တည်း တွေတွေငေးငေး ကျွန်မ နေချင်လှပါသည်။ ဘာပဲဖြစ်ဖြစ် သည်အိမ်ပေါ်မှာ ကျွန်မ လိုအပ်စွာ လာရောက် နေထိုင်ရတုန်း ဖြစ်သည်။

ဤအိမ်နှင့် ကျွန်မ၏ ဆက်ဆံမှုသည် နှစ်ကာလ အတော်ကြာကြာ ကတည်းကပင် ပတ်သက်နေခဲ့သည် မဟုတ်လော။ နောက်ထပ်လည်း နှစ်ပေါင်း ဘယ်လောက်ကြာကြာ ပတ်သက်နေဦးမည်လဲ ကျွန်မ မသိပါ။ ကျွန်မကိုယ်တိုင် ပင်လျှင် မဝေခွဲနိုင်သေးပါ။ ပြောလည်း မပြောနိုင်သေးပါ။ ကျွန်မ တစ်ကိုယ် တည်းသာဆိုလျှင် သို့မဟုတ် ကျွန်မမှာ ဘာအနှောင်အဖွဲ့မှ မရှိဘူးဟုဆိုလျှင်

ဒါမှမဟုတ် ကျွန်မသည် မောင်၏ နောက်မိန်းမ ထားပါတော့၊ ဒုတိယမြောက် ဇနီးသာ မဟုတ်ဘူးဆိုလျှင် ဒါမှမဟုတ် မောင်က သူ၏ ရောဂါဝေဒနာ ငွေ ရည်များဖြင့် ပြွမ်းတီးနေသော ဝေသီသီမျက်လုံးများနှင့် ကျွန်မကို တယုတယ ဆွေးဆွေးမြည့်မြည့် မကြည့်တတ်ဘူးဆိုလျှင် ကျွန်မသည် သည်အိမ်စောင်း စောင်းကြီးပေါ်တွင် ဘာမျှ တွယ်ငင်စရာရှိမည် မဟုတ်ပါ။ ပြီးခဲ့သည့်ကိ များအတွက် ကျွန်မဘဝ၏ ပြိုကျ ပျက်စီးသွားသော အချိန်ကာလများကို လည်းကောင်း၊ ကျွန်မ၏ ခန်းခြောက် ပျက်ပြယ်စ ပြုပြီဖြစ်သည့် ကိုယ်ခန္ဓာ အတွက် လည်းကောင်း ကျွန်မ နှမြောဝမ်းနည်းနေလိမ့်မည်လည်း မဟုတ်ပါ။ ပြီးတော့ အချိန်ကာလက ပွတ်တိုက်ချေဖျက်သွားပြီဖြစ်သော ကျွန်မကိုယ်ခန္ဓာ ၏ နုပျိုလန်းဆန်းခြင်းသည် လက်ရှိ ကျွန်မရောက်ရှိနေသည့် အသက်ထက် ပိုမို စောစီးစွာ ကျွန်မကို စွန့်ခွာသွားပြီ ဖြစ်သောကြောင့်လည်း မဟုတ်ပါ။ သည်အတွက် ကျွန်မသည် လည်းကောင်း၊ မောင်သည် လည်းကောင်း နားလည် ကြပြီး ဖြစ်ပါသည်။ သည်အတွက်လည်း မောင်က ဝမ်းနည်းစရာကောင်းလှ သည့် စကားတချို့ကို မကြာမကြာ ပြောတတ်သည်လည်း ရှိ၏။

"မင်း သိပ်အိုစာသွားပြီ။ မင်း သိပ်စိတ်ဆင်းရဲနေရတာ မောင် သိပါ တယ်။ ဒီအတွက်လည်း မောင် စိတ်မကောင်းဖြစ်နေရတယ်။ ဒီအတွက်လည်း ရောဂါတစ်ဝက် ဖြစ်နေရတယ်"

မောင့်စကားများကို ကျွန်မ နှစ်နှစ်ခြိုက်ခြိုက်ကြီးကို ယုံကြည်ပါသည်၊ အဆုတ်ရောဂါ၏ ထိုးနှက်ခြင်းကို အလူးအလဲ ခံစားနေရသော မောင့်နှုတ်ခမ်း များမှ ကျွန်မအတွက် အတန်အသင့် ယုံကြည်မှုကို ပေးစွမ်းနိုင်သည့် သည် စကားစုများက ကျွန်မ၏ရင်ထဲသို့ နွေးထွေးစွာ စီးဝင်သွားမြဲ ဖြစ်၏။

မည်သို့ပင်ဖြစ်စေ မောင့်ကို ချစ်နိုင်နေသရွေ့ မောင်နဲ့ ပတ်သက်နေ သေးသော သည်အိမ်ဟောင်းတစ်လုံးသည်လည်း ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည် ဖြစ်စေ ကျွန်မနှင့်ပါ သက်ဆိုင်ခွင့် အနည်းအကျဉ်း ရှိနေသည်ဟု ယုံကြည် နေသရွေ့ သည်အိမ်ဆီကို ကျွန်မ လာနေရဦးမည်သာ ဖြစ်ပါသည်။ ဆီနှင့် နှစ်ပေါင်းများစွာ ကင်းဝေးနေပြီဖြစ်သော ကျွန်မ၏ ဖြူရော်ရော် ဆံစများကို လည်းကောင်း၊ ပြည့်ဖောင်းခြင်းကင်းကာ လျော့ရဲ တွန့်ကြေနေပြီဖြစ်သည့် ကျွန်မ၏ မျက်ဝန်းများ၊ ပါးပြင်နှင့် နားထင်စပ်၊ ပြီးတော့ အာဟာရမဲ့ နေလောင် နှုတ်ခမ်းများကို စုငင်သိမ်းထုပ်ရင်း အသက်ဝိညာဉ် ကင်းမဲ့သည့် စက်ရုပ် တစ်ရုပ်လို ကျွန်မ လာနေရဦးမည်သာ ဖြစ်၏။



(၂)

အဆိုးဆုံးမှာ လှေကားထစ်များ ဖြစ်၏။ တစ်ထစ်နင်းလိုက်တိုင်း အသံကျယ် ကျယ် မြည်သွားတတ်ကာ လူရော လှေကားဆန်ပါ ဘယ်တော့များ ပြုတ်ကျ သွားလေမလဲဟု တွေးဆနေရတတ်သော လှေကားထစ်များပင် ဖြစ်၏။ သည် လှေကားထစ်များက တစ်ထစ်တက်လိုက်တိုင်း သည်အိမ်ထဲကို ဝင်ရဦးတော့ မှာပါလားလို့လည်း လှေကားကို တက်ရင်း ဖျတ်ခနဲ ဖျတ်ခနဲ ကျွန်မ သတိ ဝင်နေတတ်၏။

တစ်ထစ်၊ နောက်ထပ်တစ်ထစ်၊ နောက်ထပ်တစ်ထစ်၊ ထိုအခါမျိုးတွင် ကျွန်မ၏ ခြေလှမ်းများက အနုတ်အသိမ်း လေးဆွဲဆွဲဖြစ်နေကာ ဖြစ်နိုင်လျှင် လှေကားမှ နောက်ပြန်ဆင်းကာ ငါ ပြေးနိုင်ဖို့ မြေပြင်ကျယ်ကျယ်မှ ရှိရဲ့လား ဟူသော အသိဖြင့် ပြေးလွှားတတ်သည်ဆိုသော အမိဝမ်းမှ ကျွတ်စ မြင်းတစ် ကောင်လို ဇမြရှိသမျှ တလွှားလွှား ပြေးပစ်လိုက်ချင်စိတ် အမြဲတမ်း ဖြစ်နေ လေ့ ရှိ၏။ လှေကားထစ်တွေဆုံးလျှင် ခပ်ယှဲ့ယှဲ့ သစ်သားတံခါးမကြီး တစ်ချပ် ရှိမည်။ အတွင်းက စက္ကူထူထူပိတ်ထားသော ချောင်းကြည့်ပေါက်ကလေးတစ်ခု ရှိမည်။ ကျွန်မ၏ လက်ဆစ်များနှင့် တံခါးရွက်တွေကို ခပ်ဖွဖွ ခေါက်လိုက် လျှင် ချောင်းကြည့်ပေါက်ထဲက မျက်လုံးတစ်လုံးကို ကျွန်မ တွေ့ရမည်။ ထို မျက်လုံးသည် အဆိပ်ပြင်းသော မြွေတစ်ကောင်၏ မျက်လုံးများလို သေးငယ် သလောက် ကြောက်ရွံ့ချောက်ချားဖို့ကောင်းသော မျက်လုံး တစ်လုံးလုံး ဖြစ် ချင် ဖြစ်မည်။

မည်သို့ပင်ဖြစ်စေကာမူ တစ်ခါတစ်ရံ တံခါးဖွင့်ပေးတတ်သော မောင့် မျက်လုံးကလွဲလျှင် အခြားမျက်လုံးတွေကတော့ ပုပ်သိုးသိုး အာနိသင်ချင်း အတူတူပင် ဖြစ်သည်။ ထိုမျက်လုံးတွေထဲက သေးငယ်သလောက် ကြောက် စရာ ကောင်းသော မမြရီ၏ မျက်လုံးကို ကျွန်မ အရွံမုန်းဆုံး ဖြစ်သည်။ စက္ကန့် တစ်ဝက် မရှိတရှိလောက် အချိန်ကလေးအတွင်းမှာပင် သူမ၏ မျက်လုံးများ ဆီက မောဟ အခိုးအငွေ့များကို ချောင်းကြည့်ပေါက်ကလေးက တစ်ဆင့် ကျွန်မ ရနေတတ်ပါသည်။ ပြီးလျှင် ချက်ချင်းလိုလို တံခါးချပ် တစ်ခြမ်းကို မဟတဟ ဖွင့်ပေးမည်။ အိမ်ထဲသို့ဝင်လာသော ကျွန်မ တစ်ကိုယ်လုံးကို ဝေ့ခနဲ ဝိုက်ခနဲ အကဲခတ်လိုက်ကာ ကျွန်မလက်ထဲမှာ ဘာများပါလာလေမလဲဆိုတာ ကိုပဲ မလွှတ်တမ်း ကြည့်နေလိမ့်မည်။

"လာပါပြီ ကိုသက်၊ ရှင့်မယား"

ပြာဟောက်ဟောက် စူးတူးတူး လည်ချောင်းခြစ်သံဖြင့် အိမ်ထဲက ပက်လက်ကုလားထိုင် တစ်လုံးပေါ်မှာ သို့မဟုတ် ခုတင်ပေါ်မှာ ရှိနေမည့် မောင့်ဆီကို အသံပြုမည်။ ထိုအခါ မောင်သည် ချွဲဟပ်သံ၊ ချောင်းဆိုးသံ၊ ညည်းညူသံတွေကြားက အားယူရင်း...

"နောက်ကျလှချည်လား မကျေးရယ်၊ မင်းဥစ္စာ"

ဆိုသော စကားစုကို ပြောလိမ့်မည်။ ထိုအခါ ကျွန်မကလည်း ခါတိုင်းလိုပါပဲ။ လက်ချောင်းကလေးတွေကို တဖြောက်ဖြောက်ချိုးရင်း မောင်ရှိနေမည် ထင်ရသော နေရာကို မှန်းဆကာ–

"ကနေ့ သင်ရိုးအသစ်တက်တယ်။ ကလေးကလည်း နားဝေးတယ် ကိုသက်ရယ်။ သိပ်တော့ နောက်မကျသေးပါဘူး။ ခါတိုင်းလောက်ပါပဲ။ ဒါတောင် ထမင်းကျွေးနေသေးတယ်၊ မစားခဲ့ဘူး"

ဟု ပြန်ပြောမိတတ်သည်ချည်း ဖြစ်၏။ ထိုအခါ သူက စူးတူးတူး လည်ချောင်းခြစ်သံဖြင့် 'ထမင်းကျွေးရင်လည်း စားခဲ့ရောပေါ့။ ဒီမယ် ကလေးတွေ ထမင်းချက်မှားလို့ ထမင်းတောင် မကျန်ဘူး" ဟု ပြောပြန်ဦးမည်။

ဒါက တချို့ ညဦးတိုင်းမှာ လေ့ကားထစ်တွေက တက်လာပြီးတိုင်း ကြားနေကျ ပြောနေကျ စကားတွေသာ ဖြစ်သည်။ ထမင်းမကျန်ချင်တော့ဘူးဟု ပြောသော်လည်း တကယ် ထမင်းမကျန်တော့ဘူးဆိုတာကိုလည်း ကျွန်မ သိနှင့်ပြီ ဖြစ်ပါသည်။ သည်အတွက်လည်း ကိစ္စမရှိလှပါ။ ကျွန်မ စန္ဒရားတီး သင်ပေးသည့် ကလေးအိမ်မှာ အိမ်ဖျော် ကော်ဖီကျဲကျဲ တစ်ခွက်လောက်တော့ တိုက်သည်ချည်း ဖြစ်သည်။ တစ်ခါတစ်ရံ ထောပတ်မုန့်ကြွပ်ကလေး တစ်ချပ် နှစ်ချပ် ပါတတ်သည်။ သိပ်ဆာလွန်းလျှင် လမ်းထောင့်က သရေစာဆိုင်ကလေးက မရွှေးပွပွ နှစ်ထုပ်လောက်ကို ဝယ်စားနိုင်သည်။ ပြီးလျှင် ရေသောက်ရုံပေါ့။ ဒါက အမြဲတမ်းတော့လည်း မဟုတ်ပါ။ ထမင်းတစ်လုတ် တစ်ဆုပ်ကျန်သည့် အခါလည်း ရှိသည်။ သည်အတွက် ကျွန်မ ကျေးဇူးမကန်းချင်ပါ။

မောင့်အရိပ် အာဝါသအောက်မှာ ထမင်း တစ်လုတ်တစ်ဆုပ်စားရင်း မောင်နှင့်အတူ အသက်ရှင် နေထိုင်ခွင့်ရနေတာကိုပဲ ကျွန်မ၏ ကံကြမ္မာကို ကျေးဇူးတင်လှပါသည်။ တစ်ခါတစ်ခါတော့လည်း အေးစက်နေပြီဖြစ်သော ဟင်းချိုရည်နှင့် တစ်ဖတ်စ၊ နှစ်ဖတ်စ ကျန်တတ်သော အသားဟင်း အနည်းအကျဉ်းကို စားရင်း မောင်နဲ့အတူ ထမင်းလက်ဆုံ မစားဖြစ်တော့သော ရက်



တွေကိုတော့ ညစာစားရင်း ဝမ်းပန်းတနည်း ပြန်လှန် ရေတွက်နေမိတတ်ပါသည်။ ပြီးတော့ သည်အိမ်ပေါ်မှာ (အထူးသဖြင့် မမြရီနှင့် သူမ၏ ကလေးများ ရှိနေချိန်မှာ) 'မောင်' ဟူသော အသုံးအနှုန်းကို ကျွန်မ ခေါ်ခွင့်မရတာကိုလည်း ကျွန်မ ဝမ်းနည်းနေမိတတ်၏။ သူတို့ရှေ့မှာ မောင့်ကို 'ကိုသက်' လို့ ခေါ်ရတာကိုပဲ ရင့်သီးလွန်းလှသည်ဟု ကျွန်မကိုယ်ကျွန်မ လိပ်ပြာမလုံ ဖြစ်နေတတ်တာလည်း ရှိသည်။ ပြီးတော့ မောင့်အိပ်ရာဘေး၊ ဒါမှမဟုတ် မောင့်အခန်းထဲကိုလည်း ကျွန်မ ဝင်ခွင့်မရပါ။

ကျွန်မအတွက် သီးသန့်ထားရှိသော အခန်းငယ် (ဝါးထရံဖြင့် ခပ်ကျဉ်းကျဉ်း ကန့်ထားသည်) ထဲမှာ နေချင်နေ၊ ဒါမှမဟုတ် မီးမှိန်မှိန်ကလေး လင်းနေတတ်သည့် ဧည့်ခန်းဘက်မှာ ထွက်ထိုင်ချင်ထိုင်၊ ဒါပါပဲ။ တစ်ခါတစ်ရံ မောင့်မျက်နှာကို ကျွန်မ မြင်ခွင့်မရတာ နှစ်ပတ်ခန့် ရှိတတ်ပါသည်ဟုဆိုလျှင် ယုံကြည်မှုရှိမည် မဟုတ်ပါ။ မောင့်ချောင်းဆိုးသံ၊ သလိပ်ဟပ်သံတို့ကိုသာ အခန်းအပြင်က စိတ်မကောင်းခြင်းကြီးစွာ ကျွန်မ ကြားနေရတတ်သည်။ မောင့်နဖူးတွေကို ကိုင်ရင်း ချွေးစေးတွေကို တယုတယ သုတ်ပေးရင်း ရေအေးအေး တစ်စက်တစ်ပေါက်တိုက်ရင်း ဒါမှမဟုတ် ကျွန်မလက်နှင့် ကိုယ်တိုင်ပြုတ်သော 'မောင်ကြိုက်တတ်သည့်' မြူစွမ်ပြုတ်ကိုခွံ့ရင်း မောင်နှင့် စကားတွေ ပြောချင်သော်လည်း ကျွန်မတွင် အဲသည့်အခွင့်အရေး လုံးဝ မရှိပါ။ စီးဆင်းမဲ့သော ရေအိုင်တစ်အိုင်လို တဖြည်းဖြည်း ညစ်ပုပ်ကော ခြောက်လာလေသလားဟု ကိုယ့်ကိုယ်ကိုယ် တွက်ဆရင်း ကျွန်မ အားငယ်နေမိတတ်တာကို မောင် သိစေချင်လှပါသည်။

## (၃)

စင်စစ် မောင်သည် ကျွန်မ၏ ပထမဆုံး ခင်ပွန်းဖြစ်သည်။ ဒါပေမယ့် မောင့်ဘက်က ကြည့်လျှင်တော့ ကျွန်မသည် မောင်၏ ဒုတိယအိမ်ထောင် ဖြစ်နေပြန်သည်။ မောင့်မှာ ပထမဇနီး ရှိသည်။ မောင်နှင့် မမြရီတို့ အိမ်ထောင်ကျချိန်မှာ ကျွန်မသည် ရှစ်တန်းကျောင်းသူလောက်ပဲ ရှိဦးမည်ဟု နောင်အခါ ကျွန်မ သိရပါသည်။ အဲသည်တုန်းက မောင်နှင့် မမြရီတို့ ကျွန်မတို့ ရပ်ကွက်ကလေးသို့ ပြောင်းမလာသေးပါ။ မောင့်မိဘ လက်ငုတ်လက်ရင်းဖြစ်သော လက်ဖက်ရည်ဆိုင်ကလေးကို ဦးစီးဦးဆောင်ပြုရင်း ဥက္ကလာဘက်မှာ နေထိုင်ခဲ့ကြသည်။ မောင်နှင့် မမြရီတို့၏ ပထမအိမ်ထောင်သက် ဆယ်နှစ်ကျော်မှာ

သားသမီးသုံးယောက် ထွန်းကားခဲ့သည်။ သည်တုန်းက မောင့်စီးပွားရေးက ကောင်းသည်ဟု ဆိုနိုင်သည်။ လက်ဖက်ရည်ဆိုင်ကလေးကလည်း အကျိုးပေးသတဲ့။ အမြဲတမ်း ပြုံးရယ်ရွှင်ပျရှိနေတတ်ကာ စိတ်ကောင်း နှလုံးကောင်းရှိသော မောင်က သူ့ဇနီးအပေါ်မှာ အရိပ်တကြည့်ကြည့် ရှိနေတတ်သည်။ ဒါကလည်း မောင်ကိုယ်တိုင်က အကျည်းတန်သော်လည်း ချောမောလှပသည့် ဇနီးအပေါ်မှာ အစိုးရိမ်လွန်ကဲစွာ စောင့်ရှောက်နေခြင်းမျိုး မဟုတ်ဘဲ မောင့်ပင်ကိုစရိုက်ကိုက အေးချမ်းတည်ငြိမ်သည့် သဘောမျိုးဖြင့် တစ်သက်ထာဝရ ရိုးမြေကျအချစ်မျိုးကို ဖန်တီးထူထောင်ခဲ့ခြင်း ဖြစ်သည်ဟု နောင်အခါ ကျွန်မကို မောင်ကိုယ်တိုင်က ပြောဖူးပါသည်။ ဒါပေမယ့် ကလေးသုံးယောက်ရှိပြီးသည့်အခါ မောင်တို့ မိသားစုဘဝသည် ဦးစောက်ကျွမ်းပြန် ပြောင်းလဲသွားတော့သည်။

ကျွန်မတို့ ရပ်ကွက်ကလေးသို့ မောင်တို့ မိသားစုများ ပြောင်းရွှေ့လာချိန်မှာတော့ မောင့်မှာ လက်ဖက်ရည်ဆိုင် မရှိတော့ပါ။ ဘာဆိုဘာမှ ဆုပ်ဆုပ်ကိုင်ကိုင် မရှိတော့ဘဲ ရှိသမျှလေးကို ထုခွဲစားသောက်နေရချိန်လည်း ဖြစ်သည်။ ညနေတိုင်း အိမ်နှင့် ခပ်ဝေးဝေးကို ထွက်သွားတတ်ကာ ညဉ့်နက်မှ အရက်မူးမူးနှင့် ပြန်လာတတ်သော မောင်က သူ့သားသမီးများ၏ နာမည်တွေကို စီကာစဉ်ကာခေါ်ရင်း နှိုးနေတတ်သည်။ ဤသို့ဖြင့် ရပ်ကွက်ထဲကို မထင်မရှား ရောက်ရှိလာခဲ့သော မောင့်အကြောင်းတွေကို လူတွေ တစ်စတစ်စ သိလာခဲ့ရသည်။ မောင့်ဇနီးက မောင်နှင့် သားသမီး သုံးယောက်ကို ထားရစ်ကာ လက်ဖက်ရည်ဆိုင်က လူငယ်တစ်ဦးနှင့် လိုက်သွားခဲ့သည့်အကြောင်း၊ ထိုအခါ မောင်က လက်ဖက်ရည်ဆိုင်ကလေးကို မတန်တဆဈေးနှင့် ရောင်းပစ်ခဲ့သည့်အကြောင်း၊ ထိုနေရာဒေသနှင့်ဝေးရာ ကျွန်မတို့ ရပ်ကွက်ကလေးသို့ နေ့ချင်းညချင်း ရောက်လာရသော်လည်း အလုပ်အကိုင် မည်မည်ရရ မလုပ်ဘဲ နေချင်သလို နေရင်း အရက်တွေချည်း သောက်နေခဲ့ကြောင်း စသဖြင့် စသဖြင့် မောင်၏ (သည်တုန်းက ကျွန်မ၏မောင် မဟုတ်သေးပါ) သတင်းတွေကို ကြားနေခဲ့ရသည်။

ရပ်ကွက်ထဲ ပြောင်းလာသည်ဆိုသော်လည်း ကျွန်မတို့မိသားစုများနှင့် ဘယ်လိုမှ ပတ်သက်ခြင်း မရှိခဲ့ပါ။ ကျွန်မတို့ မိသားစုဆိုသည်ကလည်း များများစားစား မဟုတ်ပါ။ မေမေ၊ မောင်လေးနှင့် ကျွန်မတို့ သုံးဦးသာ ဖြစ်ပါသည်။ ထိုစဉ်က ကျွန်မ၏ အသက်မှာ နှစ်ဆယ့်ရှစ်နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ ဖေဖေ ထားရစ်ခဲ့သော ပင်စင်လခကလေးနှင့် ဖေဖေ ထားရစ်ခဲ့သော ဂျာမန် စန္ဒရား



ာင်း တစ်လုံးနှင့် ဖေဖေ သင်ပေးထားခဲ့သော စန္ဒရားတီးပညာကိုသာ အရင်းနှီးပြုရင်း ကျွန်မတို့မိသားစု မလောက်မငှ ခြိုးခြံနေခဲ့ရသည့် ကာလများ ည်း ဖြစ်၏။ အသက်အရွယ် အတန်သင့်ရလာပြီဖြစ်သော မောင်လေးသည် ည်း လှမ်းထဲက မိန်းကလေးတစ်ဦးနှင့် လက်ထပ်ပြီးသည့်အခါ ကျွန်မနှင့် မေသာ ကျန်ရစ်ခဲ့တော့သည်။

ကျွန်မနေသော ရပ်ကွက်ကလေးက တော်တော် အလှမ်းဝေးလှသော ့တွင်းကို စန္ဒရားတီးသင်ပေးရန် ကျွန်မ သွားနေရသည့်အခါ မေမေသာ ိမ်တွင် ကျန်ရစ်နေခဲ့ရသည်။ တစ်ခါတစ်ရံ မှောင်ကြီးမည်းကြီးမှ ကျွန်မ ်ရောက်ရတာလည်း ရှိသည်။ ရောက်ရောက်ချင်း ရေမိုးချိုး ထမင်းစားပြီး ျင် စန္ဒရားခုံမှာ ခဏထိုင်ရင်း နောက်တစ်နေ့အတွက် လေ့ကျင့်ခန်းများကို ျွန်မ ပြန်နွှေးရသေးသည်။ ဖေဖေ သင်ပေးခဲ့သော မဟာဂီတ သီချင်းတွေထဲ ှ ဟိုတစ်စ ဒီတစ်စ ရောက်တတ်ရာရာ တီးရင်း တချို့ ညဉ့်နက်သော ည ျားတွင် ဖေဖေ့ကို ကျွန်မ အောက်မေ့နေမိတတ်ပါသည်။ ထိုနေ့ညကတော့ မေသည် နောက်တစ်ခါ ကျွန်မ ဘဝအဆစ်အချိုးများ ဖြစ်လာမည့် အကြောင်း ရားများ၏ အဦးအစဖြစ်သော ချည်ခင်အစ တစ်စကို စတင် ဆွဲငင်လိုက် ည့် ညဖြစ်သည်။ ညဉ့်နက်စပြုပြီဖြစ်၍ ကီးနုရာချောင်းခြား ပတ်ပျိုးကို ကျွန်မ ွမ်းစိတ်နှင့် တိုးသဲ့သဲ့ တီးနေသည့်အချိန်းလည်း ဖြစ်၏။

"သမီး မေမေတို့အိမ် တစ်ခြမ်းငှားဖို့ မေမေတော့ စီစဉ်လိုက်ပြီ။ သမီး သဘောတူရင် နောက်တစ်ပတ်လောက် အခန်းဖွဲ့ပေးရမယ်"

သည်တုန်းက ကောင်းသည် ဆိုးသည် ဘာမှ ပြန်မပြောခဲ့ပါ။ မေမေ့ ဆန္ဒများကိုသာ ကျွန်မ တစ်သက်လုံး လိုက်လျောခဲ့သည်နှင့်အညီ ဘယ်သူ့ကို ငှားမှာလဲ၊ ဘယ်လောက်နှင့် ငှားမှာလဲ၊ ဘယ်လောက်ကြာကြာ နေကြမှာ လဲ၊ မိသားစုက ဘယ်လောက်များသလဲ စသည့် မေးသင့်သည့် မေးခွန်းများ ကိုပင် ကျွန်မ မမေးမိခဲ့ပါ။ ခေါင်းကိုသာ ညိတ်ပြရင်း တီးလက်စ သီချင်းအပိုဒ် တွေကို စိတ်ကမှတ်ရင်း တရှုရှု တီးနေခဲ့ပါသည်။

ဤသို့ဖြင့် မောင်နှင့် သားသမီးများ ကျွန်မတို့အိမ်သို့ ရောက်လာသည့် အခါ ကျွန်မ အလွန်အံ့ဩခဲ့ရပါသည်။ ကျွန်မထက် အသက်ဆယ့်ငါးနှစ်ခန့် ကြီးမည်ဖြစ်သော ဦးသက်မောင်နှင့်အတူ သားသမီးများ ရောက်လာစက ခပ် စိမ်းစိမ်း ရှိခဲ့သော်လည်း ထရံပါးပါးလေး တစ်ချပ်သာ ခြားသော ကျွန်မ၏ စန္ဒရားခုံနားကို နောင်အခါ သူတို့ သားအဖတစ်တွေ ရောက်လာတတ်၏။

မေမေနှင့် **ကျွန်မကိုပဲ** အားနာလို့လား၊ မေမေကပဲ တရားချကောင်းလို့လာ
မသိပါ။ ဦးသက်မောင် ရုပ်ပျက်ဆင်းပျက် အရက်မသောက်တော့တာကိုလည်
ကျွန်မ သတိထားမိပါသည်။

ကာလအတန်ရှည်ကြာလာသည်နှင့်အမျှ မောင့်သားသမီးငယ်များကို
ကျွန်မ သံယောဇဉ် ဖြစ်လာရတော့သည်။ မောင်သည်လည်း နှစ်ပေါင်းအတော်
ကြာ သံယောဇဉ် ဖြတ်ထားခဲ့သော လက်ဖက်ရည်ဆိုင်ကလေးကို ပြန်ဖွင့်သည်
မေမေက အိမ်ရှေ့ ကွက်လပ်ကျယ်ကလေးကို လက်ဖက်ရည်ဆိုင် ဖွင့်ခွင့်ပေး
သည့်အတွက် အခကြေးငွေ မယူဘဲ ဖွင့်ခွင့်ပြုခဲ့သည်။

ဤသို့ဖြင့် ကျွန်မထက် အသက် အတော်အတန်ကြီးသော မောင်နှင့်
ကျွန်မတို့သားအမိ၏ ရစ်ပတ်ဖွဲ့နှောင်လာသော သံယောဇဉ်သည် တင်းရစ်
သထက် တင်းရစ်လာသည်။ ကျွန်မ မရှိသည့်အခါ မေမေ့ကို မောင်တို့မိသားစု
က စောင့်ရှောက်၍ ကျွန်မ ပြန်ရောက်လာသည့်အခါ မောင်တို့ သားအဖတစ်တွေ
ကို ကျွန်မက ကူညီရင်း ညပေါင်းများစွာ၊ နေ့ပေါင်းများစွာကို သံယောဇဉ်
များဖြင့် ဖြတ်သန်းဖြစ်ခဲ့သည်။ အင်မတန် မွန်ရည် နူးညံ့သော မောင်နှင့်ကျွန်မ
လက်ထပ်ဖြစ်သည့်နေ့က မေမေ လူ့ဘဝမှာ မရှိတော့ပါ။ (မေမေ ဆုံးပြီး
တစ်နှစ်ကျော်ကျော်မှာ ကျွန်မ လက်ထပ်ပါသည်။)

မောင်နှင့် လက်ထပ်ပြီးသော်လည်း မြို့ထဲသို့ စန္ဒရားသင်ရန် ထွက်သွား
တတ်သော ကျွန်မကို မောင်က နားလည် ခွင့်လွှတ်သော်လည်း လက်ဖက်ရည်
ဆိုင်ကလေးမှာပဲ ရရစားစား နေစေချင်မှန်း ကျွန်မ သိပါသည်။

"မောင် မကြိုက်ရင် သည်အလုပ်ကို စွန့်လွှတ်နိုင်ပါတယ်။ ဖေဖေ
သင်ပေးခဲ့တဲ့ပညာနဲ့ ဖေဖေ့ကို..."

"မဟုတ်ပါဘူးကွယ်၊ မောင် နားလည်ပါတယ်။ ကျေး ပင်ပန်းမှာစိုးလို့
ပါ။ ဘာပဲဖြစ်ဖြစ် တို့အိမ်ထောင်အတွက် မောင့်အပေါ်မှာသာ တာဝန်ရှိနေချင်
တာပါပဲ"

အရိပ်တကြည့်ကြည့် အမြဲရှိတတ်သော မောင့်ကို သနားလွန်းလှသဖြင့်
သူ့ရှေ့မှာ ပင်ပန်းနွမ်းနယ်ဟန်ကိုပင် ကျွန်မ မပြဝံ့ပါ။ အသက်တွေ အတန်
အသင့် ရလာကြပြီဖြစ်သော မောင့်သားသမီးတွေကလည်း ကျွန်မတို့ နှစ်ဦး
ကြားတွင် သိပ်ပြဿနာ မရှိလှပါ။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်မ စန္ဒရားသင်
ပေးသည့်အိမ်က ကလေးမကို ဖြူပြာမူရာ ပတ်ပျိုး ပထမပိုဒ်ကို စတင် သင်
သည့်နေ့က ကျွန်မ မိုးကြီးတော်တော်ချုပ်မှ ပြန်ရောက်ပါသည်။ ထိုနေ့က



နှ်မတို့အိမ်ကလေးကို ကျွန်မ ဘယ်လိုမှ မျှော်လင့်မထားသော ဧည့်သည်
စ်ယောက် ရောက်နေတာကို ကျွန်မ အိမ်ပေါ်တက်တက်ချင်း တွေ့လိုက်ရပါ
ည်။

(၄)

တန်ငယ် ကြီးရင့်စပြုနေပြီ ဖြစ်သော်လည်း ဖြူဖျော့ဖျော့ ပိန်သွယ်သွယ်
မျိုးသမီးတစ်ဦးသည် ဖိနပ်ချွတ်ခုံကတစ်ဆင့် တက်လာသော ကျွန်မကို ကြည့်
င်းက ပြုံးပြလိုက်သည့်အခါ ကျွန်မ သွေးကြောထဲ ပေါက်ကွဲသွားလေသလား
ု ကျွန်မ ခံစားလိုက်ရပါသည်။ မောင့်သားသမီးတွေက ဧည့်သည်အမျိုးသမီး
ှင့် သိနှင့်ပြီးသူများပမာ ဖက်လဲတကင်း ရှိနေသည်ကို ကြည့်ရင်း ကျွန်မ
ဘောပေါက်သွားခဲ့ပါသည်။

"ကျေး ဒါ မမြရီလေ"

မောင်က ဒါပဲပြောရင်း ကျွန်မကို ဝမ်းပန်းတနည်း ကြည့်နေသည်။
ျွန်မ ဘာပြောရမှာလဲ။ ကျွန်မ မျက်နှာကို ဘယ်လိုထားရမှာလဲ။ ရောက်ရှိလာ
သာ ဧည့်သည်တစ်ယောက်လို ဧည့်ဝတ်ကျေရုံပဲလား၊ ဒါမှမဟုတ် သည်တုန်း
ာ ကျွန်မ ရင်ထဲမှာ ခံစားမှုတွေ လွန်းထိုးနေသည်။ သည်တုန်းကတော့ မမြရီ
၏ မျက်နှာသည် ကျိုးနွံခြင်း၊ နှိမ့်ချခြင်း၊ ပြုခဲ့ဖူးသော အမှားများအတွက်
ောင်းပန်တိုးလျှိုးခြင်း စသည့် မျက်နှာရိပ်များဖြင့် မောင့်ကို လည်းကောင်း၊
ျွန်မကို လည်းကောင်း၊ သူမ နှစ်အတန်ကြာ ခွဲခွာထားရစ်ခဲ့သော သားသမီး
များကို လည်းကောင်း ကြည့်ရင်းက ဝမ်းပန်းတနည်း ငိုရှိုက်နေခဲ့သေးသည်။
ခဲသည်တုန်းကတော့ ထိုမျက်ရည်စများကို မောင်ရော၊ ကျွန်မပါ သံသယ
ရှိခဲ့ပါ။ မောင်က ကျွန်မ၏ သဘောဆန္ဒအတိုင်း ဖြစ်စေရပါမည်ဟု ကတိ
ပြုပါသေးသည်။ ကျွန်မကတော့ ဝမ်းနည်းစွာ ငိုရှိုက်ပစ်လိုက်ရုံကလွဲရင် ဘာ
တတ်နိုင်မှာလဲ။

"ကလေးတွေဘက်ကကြည့်ရင် သူ့မိ သူ့ဖနဲ့ နေချင်ရှာကြမှာပါပဲ
မောင်။ ကျေးကို မောင် နားလည်တယ် မဟုတ်လား။ ဘဝပျက်လာတဲ့ မမြရီ
ကို ကျွန်မတို့ စောင့်ရှောက်ရမယ့် တာဝန်လည်း ရှိပါသေးတယ်။ မောင့်သဘော
ါ"

ထိုညက တစ်ညလုံး ကျွန်မ မမြင်အောင် မောင် ငိုနေတာ ကျွန်မ သိ
ါသည်။ စင်စစ် မမြရီသည် မောင်နှင့် ကျွန်မကြားတွင် ဧည့်သည်တစ်ယောက်

လို နှုတ်ဆက်ရုံ၊ တွေ့ရုံ ခဏတစ်ဖြုတ်လာခြင်းမဟုတ်ဘဲ သူမ၏ ချန်ထားရ ခဲ့သော ပထမနေရာကို ပြန်လည် လုယူရန် ဝင်ရောက်လာခြင်းဖြစ်ကြောင်း တစ်စ တစ်စ ကျွန်မ သိလာချိန်တွင် နောက်ကျနေခဲ့ပါပြီ။

သည့်နောက်တော့ ကျွန်မ၏ အိမ်ကလေးကို ရောင်းချခြင်း၊ ကလေး တွေက သူတို့မိခင်ရင်းကို ခွင့်လွှတ်နားလည်လာကြခြင်း၊ မောင်သည်ပင်လျှင် (ကျွန်မ အထင်သက်သက်ပါ) မမြရီကို ခွင့်လွှတ်စိတ်နှင့် တယုတယ ရှိလာ ခြင်း၊ ကျွန်မတို့ ရပ်ကွက်ကလေးက ဝေးရာ (မမြရီ စိတ်ကြိုက်) နေရာတစ်ခု မှာ သစ်သားအိမ်ဟောင်းမြင့်မြင့်ကြီး တစ်လုံးကို ဝယ်ယူခဲ့ခြင်း။

လက်ဖက်ရည်ဆိုင်အစား အိမ်ဆိုင်ကလေး တစ်ဆိုင်ဖွင့်ရင်း ကျဉ်းကျပ် မွန်းနစ်စွာ နေထိုင်လာခဲ့ရခြင်းများအကြောင်းကို ကျွန်မ တဖွဲ့တနွဲ့ ပြောချင် စိတ် မရှိတော့ပါ။ ထိုကာလများတွင် ကျွန်မ အခံစားရဆုံး အကြောင်းသုံးချက် ကိုသာ ကျွန်မ တစ်သက်ထာဝရ သတိရနေမည် ဖြစ်၏။ ပထမအချက်မှာ မောင်ကလွဲလျှင် မိသားစု အားလုံးက ကျွန်မကို မလိုမုန်းတီးစွာ ဆက်ဆံလာ ခြင်း ဖြစ်ပါသည်။ နောက်တစ်ချက်မှာ မောင့်တွင် ပြင်းထန်သော အဆုတ် ရောဂါ ရရှိလာခြင်းဖြစ်၍ နောက်ဆုံးတစ်ချက်မှာ မမြရီတွင် ကိုယ်ဝန်ရှိလာ ခြင်း ဖြစ်ပါသည်။

(၅)

စန္ဒရားတီးသင်ရန် မြို့တွင်းသို့ မသွားရတာ ကြာခဲ့ပါပြီ။ ကျွန်မတို့နှင့် မနီး မဝေး တောင်ကုန်းကလေးပေါ်မှာနေသော ကျောင်းဆရာမနှစ်ဦးကို နံနက် တစ်ခါ ညတစ်ခါ သွားရောက် သင်ပေးနေရတာကိုက လေးငါးလခန့် ရှိခဲ့ပြီ ဖြစ်၏။ တောင်ကုန်းကလေးပေါ်မှ ခြေကျင်ဆင်းလျှောက်လာချိန်တွင် အမြဲတမ်း မှောင်နေတတ်သည်။ ကျွန်မအိမ်မှာ ဖေဖေ ထားရစ်ခဲ့သော စန္ဒရား မရှိတော့ သော်လည်း ဖေဖေ သင်ပေးခဲ့သည့် စန္ဒရားတီးပညာနှင့် ကျွန်မအတွက် ဝင်ငွေ အတန်အသင့် ရရှိရန် ရှာနေရတုန်းဖြစ်၏။ စန္ဒရားရှိသော ဆရာမနှစ်ဦး၏ တောင်ကုန်းကလေးပေါ်က အိမ်မှာပဲ နေကုန်နေခန်းနေရင်း မိုးကြီးမှောင်မှောင် ကို ကျွန်မ စောင့်နေတတ်၏။ တစ်ခါတစ်ခါ အိမ်ဖျော် ကော်ဖီကျဲကျဲ တစ်ခွက် တလေကို သောက်ရင်း ကီးနှရာချောင်းခြားပတ်ပျိုးတွေကို ဝမ်းပန်းတနည်း တီးရင်း ညဉ့်မှောင်မှောင်ကို စောင့်ရင်း ကျွန်မ၏ဘဝကို ဖြုန်းတီးပစ်နေရ တာကို တစ်ခါတစ်ရံ ချောက်ချားဖွယ် သတိရနေမိတတ်တာလည်း ရှိသည်။



ည်သို့ပင်ဖြစ်စေ မောင့်ကို မောင်လို့ပင် ခေါ်ခွင့်မရလောက်အောင်၊ မောင့် ိပ်ခန်းထဲတောင် ဝင်ခွင့်မရလောက်အောင်၊ မောင့်ရောဂါ ဝေဒနာတွေအတွက် ဆေးတစ်ပြား ရေတစ်ခွက်တောင် တိုက်ကျွေးပြုစုခွင့် မရလောက်အောင် ဖြစ် နေရင်းသာ ကျွန်မဘဝကိုကျွန်မ သာယာနေသည် မဟုတ်ပါ။ ကျွန်မကို ငြူစူ ကောင်းမြောင်းတတ်သူတွေကြားမှာ ကျွန်မ နေပျော်နေတာ မဟုတ်ပါ။

ကျွန်မမှာ မျှော်လင့်ချက်တစ်ခုတလေတောင် မရှိရတော့ဘူးလား။ ကျွန်မ ည် အချစ်အတွက် အသက်ရှင်နေတာမျိုး မဟုတ်သည့်တိုင် မောင့်ဖို့ အသက်ရှင် နေတာပါလို့တောင် ပြောခွင့်မရသင့်တော့ဘူးလား။ ဖြူရော်ရော် ဆံစများဖြင့် ရက်ရှိနေသည့် အသက်ထက် ကြီးရင့်နေပြီဖြစ်သော မိန်းမတစ်ယောက်၏ ချစ်သည်လည်း သူမနှင့်ထပ်တူ အိုမင်းရင့်ရော်သွားတော့မှာလား။ လှေကား စ်တွေပေါ်ကို တစ်ထစ်ချင်း လေးလံစွာတက်ရင်း ကျွန်မကိုယ်ကျွန်မ ပထမ း စစ်ဆေးလိုက်သည်။ ထုံးစံအတိုင်းပါပဲ။ ကျွန်မ၏ ဓာဘော်လီအတွင်းသို့ ာ်ယူလာခဲ့သော ထောပတ်မုန့်ကြွပ်ကလေး သုံးလေးခုကို ကျွန်မ စမ်းကြည့် က်သည်။ ပြီးတော့မှ တစ်လှမ်းချင်း ဆက်တက်လာခဲ့သည်။ တစ်ခါတစ်ခါ လေးတွေ သိပ္ပက်ယူခဲ့ရသော်လည်း မောင့်ကို ကျွေးခွင့်မရတာ ရှိသေးသည်။

ကျွန်မ တံခါးကို ခေါက်လိုက်သည်။ စက္ကူထူထူပိတ်ထားသော ချောင်း ည့်ပေါက်မှာ မျက်လုံးတစ်လုံး ပေါ်လာသည်။ ထိုမျက်လုံးများကို ကျွန်မ မဆိုင်ဖြစ်ပါ။ စက္ကန့်ဝက်အတွင်းမှာပဲ တံခါးချပ်သည် ဖျတ်ခနဲ မဟတဟ သွားခဲ့သည်။ ။

❐

## မီးကင်းစောင့်

### (၁)

အပျိုတော် မခေါင်း သည်တစ်ခေါက် ကိုယ့်အရပ်ကို ပြန်ကပ်တော့ လူတ
ယောက် ပါလာပြန်တယ်။ လူက သေးသေးဖျောက်ဖျောက်ရယ်။ မျက်နှာဝိုင်
ဝိုင်း၊ ပုဆစ်တိုတိုဆိုတော့ အရပ်က အပျိုတော်မိခေါင်း ဇာတ်ထဲက ကန့်တော့
ရွက်လာတယ်တောင် အောက်မေ့ကြသေးတာပါ။

မခေါင်း အရပ်ကို ပြန်ကပ်ခဲ့တော့ သည်တစ်ခေါက် ပါလာတာ ဖ
တစ်ခေါက်က ပါလာတာနဲ့ မတူတော့တာထား။ သို့ပေမယ့် သည်တစ်ခါ ပါလ
တာက ရုပ်ကလည်း အကျည်းတန်သေး၊ မခေါင်းထက်လည်း ခေါက်ချိုးလော
ငယ်သေးဆိုတော့ စိတ်ဝင်စားကြတယ်။

မခေါင်းကတော့ ဘယ့်နှယ့်မှတောင် မနေပါဘူး။ ဇာတ်ထဲက ငိုချ
လို “အမယ်လေး၊ အပိုအသစ် မမြင်တယ်၊ နှစ်ကိုယ်ချစ်တာ နှစ်သွယ်ကြင်ကြ
ပါသရှင်၊ ကိုတာနော်ရေ ကျွန်မလင်ငယ်တစ်ပါး” လို့တောင် ဆိုဝံ့သေးကိုး
သည်တစ်ခါ ပါလာတာက နှဲသမားတဲ့။ နှဲ ဘယ်လောက်မှုတ်တတ်သလဲတော့
ဘယ်သိကြလိမ့်မလဲ။ ဒါပေမယ့် လူက နဲလောက်တောင် တီတီတော်တော်
မယ့်ပုံ မပေါ်ဘူး။ မခေါင်းက တစ်ယောက်တည်းသမား။ ပွဲကထွက်ရရင် သူ
အိမ် နကျယ်ခေါင်းကို ပိတ်ပစ်ခဲ့တာချည်းပဲ။ ပြန်လာလို့ သော့ဖွင့်ရင် ဒါ လူ
တာပဲ။ တစ်ယောက်တည်းသမားဆိုပေတဲ့ ပြောခဲ့ပါပကော။ ‘ထောင်သောင်
ရယ်ဆူ၊ အောင်မောင်းသံ တဒူဒူနဲ့ လူသံတွေကြား’ ဆိုတဲ့ အထဲကဆိုတော့
လူတွေက ဘာရယ် ညာရယ်တော့ မဝေခွဲတတ်ဘူး။ အခုလည်း ပါလာပြ
ပြီ၊ နှဲသမားတဲ့။ မီးတွင်း ဇာတ်နားလို့ တစ်ခေါက်တစ်ကျင်း ပြန်နားရင် မခေါ



ိုင်စားရုံပဲ။ အပျိုတော်က ညကြေး ဘယ်လောက်ရတယ် မဆိုနိုင်ပေမယ့်
ည့်ရတာတော့ အေးအေးဆေးဆေးပဲ။ ဗုံတောင်တောင် ခတ်နေလိုက်သေးရဲ့။
လူတွေက မခေါင်းကို အပျိုတော်လို့ ခေါ်ကြတယ်။ တချို့ကလည်း
ခေါင်းတဲ့။ တချို့ကတော့လည်း အပျိုတော် မခေါင်းလို့ တိတိကျကျ ခေါ်
ကလည်း ရှိတယ်။ မခေါင်းကလည်း ကိုယ့်ရုပ်ကိုယ့်ရှာရယ်လို့ ရောက်လာ
ဲ ဟိုအိမ်၊ သည်အိမ်ကူးပြီး နယ်က ပါလာတာလေးတွေ ဝေတတ်တယ်။
်းပြည်နယ်က ပြန်တော့ လက်ဖက်ခြောက်ကလေးပေါ့။ အညာကပြန်ရင်
နပ်ခါးတုံးပေါ့။ အောက်ပြည် အောက်ရပ်ရယ်လို့တော့ သွားကရ ခဲတာပေါ့
။ ဇာတ်ကလည်း ဟုတ်တိပတ်တိ ဇာတ်ကြီးမှ မဟုတ်တာကိုး။ အပေါ်
ယ်ယောက်၊ အောက်ဆယ်ယောက် သူနဲ့ပါမှ လူနှစ်ကျိပ်နှစ်ယောက်ဆိုတာ
ႈ မဟုတ်လား။ ဒါပေမယ့် မခေါင်းငယ်ငယ်က ဇာတ်တော်တော်များများနဲ့
က်ဖူးတာတော့ ရှိပါရဲ့။ အသက်ကလေး ရလာတော့ မထူးတော့ပါဘူး။
သန်းစိန်ဇာတ်မှာ ဇာတ်သစ်ငှတ်လုပ်ပြီး အပျိုတော် မခေါင်းဘဝနဲ့ ညဉ့်ဦးယံ
းတော်ဆက်ပြီးရင် ဒူးနှန့်နေလိုက်တာပါပဲ။ အပျိုတော်ရာထူးကလေး မြဲပါ
ယ့်အကြောင်း ခယဝတ်တွေ လုပ်နေရတာမျိုးလည်း မဟုတ်ဘူး။ မြသန်းစိန်
ါအဝင် တစ်ဇာတ်လုံးက အမေခေါင်း၊ အမေခေါင်းနဲ့ ခေါင်းပေါင်းကြီး
် ဘယာပွေဖြစ်နေရသူဆိုတော့ မျက်နှာငယ်ရတယ်လို့တော့ မရှိဘူး။ အသက်
ဆယ် မရွယ်ခင်ကတည်းက ဇာတ်စင်ပေါ် မီးရောင်အောက် ဖနောင့်ပေါက်
က်လာသူဆိုတော့ အသက် ငါးဆယ်ကျော်မှတော့ သည်လောက်တော့ ရှိရမှာ
ါလို့ မခေါင်းကလည်း ဂုဏ်ခံနေတာပါပါရဲ့။

အပျိုတော် မခေါင်းကလည်း ရှင်းတယ်။ ဇာတ်ထဲမှာ တခြားဇာတ်ရုပ်
လို့ အမေခေါင်း ကူညီပါဦး၊ ဝင်ပါဦးဆိုလို့ ဝင်လုပ်ပေးတာ မဟုတ်ဘူး။
ျိုတော်ရယ်လို့ ဇာတ်ဦးဇာတ်ဖျား ကနေတဲ့ မိန်းမက ဇာတ်ထဲ ဖြတ်စဗျင်း
ာင်း လတ်လျား လတ်လျား အဖြစ်မခံဘူး။ ညကြေး ပိုယူပါဆိုလို့လည်း
ဘူး။ သရုပ်မဆောင်တတ်လို့လားတဲ့။ ဘယ်ဟုတ်ပါ့မလဲ။ က တတ်လိုက်
မှ၊ သရုပ်ဆောင်တတ်လိုက်တာမှ ဇာတ်စင်တောင် နတ်တင်နေတဲ့ မိန်းမ။
ယ့်နှယ့် သဏ္ဍာန်လုပ် သရုပ်မတူနိုင်ဘဲ ရှိပါ့မလဲ။ ခေတ်ပြဇာတ် ခေတ်
က်ပရာ ဆိုတာကလည်း ဘာစာမှ လိုတာမဟုတ်တဲ့ခေတ်။ အရပ်ပြော ဝင်
ရတာ။ မျက်နှာခံရတာလောက်နဲ့ လုပ်ရတဲ့အလုပ်။ လုပ်တတ်လိုက်တာ
ပြောတတ်လိုက်တာမှ သဘောပြောရုံနဲ့ ‘နော’ နေတဲ့ မိန်းမ။ အာဂမှတ်

လို့။ ဒါပေမယ့် ပြောပါပကော၊ မဒေါင်း ဘယ်တုန်းကမှ ဝင်မလုပ်ဘူး။ ဇာ
ထောင် ကိုရာကျော်ကလည်း အမေဒေါင်း မလုပ်ချင် မခိုင်းကြပါနဲ့ကွာတဲ့

"ရုပ်သေး ကလာတာဟဲ့၊ သစ်များ ဝါးများနဲ့ ဆောက်ပြီး စင်ထိ
ကရတဲ့ သဘင်၊ သစ်များ ဝါးများကို လမိုင်းနတ်မကလေး ကြိုက်အောင် ထ
ကနေရတဲ့မိန်းမ၊ မင်းတို့ ချော်လဲရောထိုင်ထဲ မပါချင်ပေါင်တော်။ အမည်ပည
ကောင်းတဲ့ သစ်ကို ခုတ်၊ သစ်ကို ရွေ၊ လက်ယာဘက်က အိုးထဲ စိုက်ရ
မြေဝိုင်းခေထ်ကတည်းက ဆိုင်ရာတောတွေ တောင်တွေ၊ မြို့တွေ နယ်တွေ
တိုင်တည်ပြီး ကရတဲ့ဟာ၊ နှယ်နှယ်မှတ်လို့။ ပွဲမအပ်ရင် ဖိနပ်တောင် မစီး
တဲ့ အလုပ်ဟဲ့။ နင်တို့က ပေါ့ပေါ့မှတ်လို့လား"

မဒေါင်းက နတ်နဲ့ပါ ကိုင်တိုက်လိုက်ရင် ရန်သူမျိုးငါးပါး ကြောက်
ရတဲ့ ဇာတ်က ဘယ်လှုပ်ဝံ့မတုန်း။ မဒေါင်းက ဇာရယ် ပေရယ်လို့တော့ တ
လှတာ မဟုတ်ပါဘူး။ အိုးနင်းခွက်နင်းထဲကပါပဲ။ သူ့ကို ဇာတ်ထဲရောက်အော
စတော်တိုက်သွင်းလိုက်တဲ့ မအုန်းညိမ် ပြောတာ ဆိုတာ ကတာ ခုန်တ
လှုပ်တာ ရှားတာတွေ စိတ်နဲ့မှတ်၊ ခေါင်းနဲ့မှတ်၊ ရင်နဲ့မှတ်၊ အာခံတွင်း
မှတ်လာတာ နှစ်မှ မနည်းတော့ဘဲ။ နဂိုကလည်း စကားရေးတတ်သူဆိုတော
သူက ထပ်တောင် ပွားလိုက်သေးတာ မှတ်လား။ ပါးစပ်ကလည်း ထွက်သ
ဟုတ်နေတော့တာပေါ့။ တစ်ခါတစ်ခါ ဇာတ်ထဲက ကလေးမတွေ သူ့ကို ဗိုဗိ
ရင် တတ်အပ်သမျှပညာ ပြောပြတတ်တာတော့ ရှိတယ်။

"ညည်းတို့များတော့အေ၊ နှစ်ပါးသွားထဲ ငုတ်တုတ်ထိုင် လက်ခုပ်ထ
ရတာလောက် မင်းသမီး နာမည်ခံနေကြတာများ ငါ့ပါးစပ်က မရယ်ချင်ဘူ
မြစ်ထဲ ဆားလှေမှောက်သလို၊ ဂွမ်းတစ်ပိဿာ အကျွမ်းဖုတ်လို့မှ ပြာတစ်ဆု
မရချင် ရချင်ဟာတွေ။ ညည်းတို့ကို ဘယ့်နှယ်လုပ် သင်ရပ့်။ မိသန်းကြ
ညည်း အရေးကြီးတယ်။ ငါ နေမကောင်း ထိုင်မသာဖြစ်လို့ ညည်း ငါ့နေ
ဝင်ကရင် ငါဖြင့် သေချင်စော်ကို နံရောပဲ။ ညည်းက အပျိုတော်နဲ့မှ မတူ
အေ့။ ကာရာအိုကေမက အပျိုတော် တက်လုပ်တော့ အောက်ကလီ အာလို
ပုံများ"

တစ်ဖက်သား ရစရာမရှိအောင် ပြောပေမယ့် သင်စရာရှိတာ သင်
ပါပဲ။ ကျက်ခိုင်းစရာရှိတာ ကျက်ခိုင်းတာပါပဲ။ ဇာတ်ထဲက ထွက်လို့ က
ဖြင့် သဘင့်အမွေရယ်လို့ လင်သုံးယောက် အဖတ်တင်တယ် မဖြစ်စေနဲ့
တာလည်း ပါရဲ့။ လုပ်စားစား မစားစား ရစရာရှိတာ ယူကြလို့လည်း ဆ



တတ်တယ်။ ကိုယ်တိုင်က မြင်းခြံ သဘာဝ ဆေးလိပ် ခပ်တုတ်တုတ်ကြီး အူ နေအောင် ဖွာတတ်ပေမယ့် ကလေးမတွေ ဆေးလိပ်သောက်တာကျတော့ တား တယ်။

"အမေအုန်းစိန်တို့ ကတုန်းက ပွဲရှင်က ငှက်ပျောဖီးဆိုင်ကလေးနဲ့ ဆော်ငွေ တစ်မတ်တင်ပြီး ကမယ့်ပွဲကို ဒီကနေ့ည ဘာဇာတ်တော့ဖြင့် ကစေ ချင်ပါတယ် တောင်းပန်ရသတဲ့။ ဇာတ်တစ်ပွဲ၊ နောက်တစ်ပွဲ။ နောက်တစ်ပွဲ ဆိုတာ ဆိုင်းကိုပေးရတဲ့ ကန်တော့ပွဲကို ခေါ်တာ။ ဇာတ်တစ်ပွဲ နောက်တစ်ပွဲ ဖီးဖီးကြီး နှစ်ပွဲဆိုင်ထိုးပြီး ဆိုင်းကလေဟဲ့၊ မီးဟဲ့၊ မိုးဟဲ့ သုံးချီသုံးလား၊ သုံး ဖန်ချီ သုံးဖန်ချ တီးပြီးရင် အမေအုန်းစိန်တို့က ပဝါရိုက် မပျက်သေးဘူး။ ဆိုင်းဆရာ မျက်စ လှမ်းချီလိုက်ရင် ဆက်တီးနေရသေးတာ။ ပါဝါရှိပုံများ"

မဒေါင်းက ပခုက္ကူသနပ်ခါး ပျစ်နေအောင်သွေးပြီး ပါးတစ်ဖက်တစ် ချက် ဘတ်ခနဲ ကပ်လိုက်ပြီးရင် ဝါးဘီးနဲ့ ခြစ်ချလိုက်တာပေမယ့် လုပ်သက် ရင့်နေတော့ ကြည့်ကောင်းတာပါပဲ။ စကားပြောတော့လည်း လူက ပြောတာနဲ့ မတူဘဲ နတ်ဝင်သည်က ပြောနေသလို ရီရီဝေဝေ မျက်နှာခံနဲ့ ပြောတတ်တယ်။ ကလေးမလေးတွေက အားရင် အားကြသလို နားသာ ထောင်နေကြရတာ ပေမယ့် စိတ်မထင်လို့ ထတုတ်လိုက်မှာလည်း ကြောက်ကြသေးတာကလား။ မဒေါင်းအသားက မဖြူမရော်လောက်ရှိတာပါ။ ရုပ်ရည်ကလည်း သူလိုကိုယ်လို ထဲကပါပဲ။ စံပယ်ဆီရေမွှေးနံ့က အီတောက်နေအောင် မွှေးတတ်ပေမယ့် မဒေါင်းကတော့ ကြိုက်တယ်။ မှည့်တစ်လုံးက နှုတ်ခမ်းထောင့်မှာ ယင်မည်း နားသလို ပြူးပြူးကြီးဆိုတော့ ခံ့တဲ့ဘက်ကနေ ပိုနေတယ်ပြောရမှာပေါ့။ ဆံထုံး က နောက်စေ့မှာလည်း မဟုတ်။ ငယ်ထိပ်ပေါ်လည်း မရောက်။ ဦးရစ်စောင်း ထက် ထုံးထားတော့ သူများထက် ထူးခြားနေတာလည်း ရှိတယ်။ ဇာတ်ခုံပေါ် က ဇာတ်သေတ္တာပေါ် တင်ထားတဲ့ ကန်တော့ပွဲ ကောက်မရင် ပွဲကြည့်ကတောင် ခင့်အောက်က ကြက်သီးဖြန်းဖြန်း ထရသူဆိုတော့ ပြောမယ်ဆိုလည်း ပြောစရာ ပေါ့လေ။ စင်ပေါ်က နတ်သံများ ပစ်လိုက်ရင် မြေကျသာလွန်းလို့ ပွဲကြည့်က ကောင်းလိုက်တဲ့ မိန်းမနှယ်နော်လို့ အချင်းချင်း လက်တို့ရတာချည်းပဲ။

"မင်္ဂလာရယ်မှ မဏ္ဍိုင်လေ အေးဟောဟော အေးဟောဟော ရောင်ဆိုင်မှ လေးလီသာမောငယ်စည် နတ်ပြည်ထိလှ ပျော်ဖွယ်ရယ်မှကောင်း နတ်ပေါင်း ငယ်မှ စုစည်း မေယုဇဟို မေယုဇဟို မြင်းမိုရ်ထိပ်မှာ ဝေဇယန္တာက သူဇာ နန္ဒ တြဲနဲ့ စိတ္တမွှော ကြင်ယာအများ မိဖုရားအပေါင်း ထောင်သောင်းမက ငါ သိကြားငယ် စွန်ထက်ဖျားငယ်စံ ဝန်းရံခ၏"

ဆိုင်းသမား သာဆောင်က သည်နေရာရောက်ရင် "ဘုန်းဘုန်းတန်း ဘုန်းတန်းတေဇာ ဖြာဖြာငယ်လင်းပါလို့ မင်းများ့ထိပ်ခေါင်ဖွေ" အပိုဒ်ကို တီးနေကျ၊ ဒါပေမယ့် သာဆောင်က မဝင်သေးဘဲ ဖြုန်းနေရင် မဒေါင်းက စင်ပေါ်က သာဆောင့် လှမ်းကြည့်တယ်။ သာဆောင်က မသိချင်ယောင်ဆောင်ရင် မဒေါင်းက စင်ပေါ်ကနေ 'နင့်နှမက ဘုန်းတန်းတေဇာချိုးပါဟဲ့" လို့ တုတ်လိုက်ရင် ပွဲကြည့်က သိပ်သဘောကျတာ။ နတ်ကတော်ဆက်ကလို့ပြီးရင် ဘုံဆောင်မြင့်ကလေးဝင်ပြီး သပြေခံပေးတယ်။ မဒေါင်းက သည်အချိန် 'စင်ရော်တောင်လက်ပစ်' ပေါ့။ ဝမ်းခေါင်းသံကြီးနဲ့ ရုတ်တရက် ထဟာစ်တယ်။

"ရုံလင်ငယ်မှ မယွင်း၊ ပွဲတော်ခင်း၍၊ ထမင်းမုန့်နှော၊ အုန်းငှက်ပျောနှင့်၊ ဆိုင်းသမား မအေရိုးကို တစ်ဘူးနှင့်၊ သဘောဖြူစင် ကျွန်ုပ်ကပ်တင်၊ စည်ပင်ထွန်းကား၊ မ,ပါဘုရားဟု၊ သနားရယ်ခံ၊ နန်းစံမယ့်သခင်၊ မြို့တော်ကို အပိုင်အုပ်စိုးတဲ့ မြတ်မျိုးအရှင် နယ်တော်ကို ပိုင်အုပ်စိုးပတဲ့။ မြတ်မျိုးညီလာခွင်၊ ဦးသုံးကြိမ်ငယ်တင်၊ မယ်လျှင် ကန်တော့ပါ၏။ နတ်နန်းငယ်ကွန်းစိန်က၊ ကျေးတော်ရှင် ကျွန်တော်မျိုးတို့ကို အလိုရှင်တိုးမပါ" ဆိုရင် ပွဲကြည့်က ပွဲကျပေါ့။

ဒါပါပဲ။ အပျိုတော်ကပြီးရင် မဒေါင်းက ဇာတ်စင်နောက် ပြန်ဝင်သွားရော။ နတ်ဝတ်စုံကို ရွရွကလေး ချွတ်တယ်။ မချွတ်လို့လည်း မရဘူး။ တစ်စုံကလည်း သည်ခေတ် ဈေးသေးတာ မဟုတ်ဘူးကိုး။ ဇာတ်ထောင်တာလည်း အ,မြောင်မသာ အဝတ်အစားဆင်ချင်တာ။ မဒေါင်းဝတ်စုံ ထည့်တောင် စဉ်းစားတာ မဟုတ်တော့ အဝတ်အစားမရှိ မကနဲ့ဗျာ လုပ်တတ်တာကလား။ ပါတိတ်ဝမ်းဆက် အရောင်ပျက် အကောင်းလုပ် လဲပြီးရင် အိပ်လို့ရပြီ။ မအိပ်ချင်ရင်လည်း ပွဲဈေးလျှောက်လို့ ရပြီ။ မဒေါင်းအလုပ်က သည်လောက်ပဲ။

ဒါပေသိ မဒေါင်းဘဝက ဒါနဲ့တင် ဘယ်ပြီးပါ့မလဲ။ မဒေါင်းဘဝတွေစုံပြီ။ ဇာတ်တွေစုံပြီ။ ငယ်တုန်းက ငယ်ရုပ်နဲ့မို့။ ကြီးတော့လည်း ကြီးရုပ်နဲ့မို့။ ဆိုင်းသမားကလည်း လက်ခတ်ဘုနဲ့ တို့ချင်သေးတာ။ မင်းသားကလည်း ပ၀ါနဲ့ ရစ်ချင်သေးတာ။ ဇာတ်ထောင်ကလည်း ခတောင်စ (ခါးတောင်စ) ဆွဲချင်သေးတာ၊ တွေ့ကြုံလှပေါ့။ ငိုချင်းထဲကလို 'တစ်မယားသေလျှင် တစ်မယားနေစမြဲပေမယ့် စုလျားအခြေနှစ်ပါး ဂဟေမြဲချင်သူရဲ့ အမယ်မင်း အမယ်မင်းမယားအနေရဲလုမလားရယ်လို့၊ အလကား မဲမဲပြီး ဘွားအေဆဲမှာ မကြောက်ကြသူတွေ လည်း ကြုံခဲ့လှပေါ့။



မဒေါင်း အပျိုတော် ကလာတာကပဲ အနှစ် ၂၀ တော့ ရှိပါပြီ။ သဘင်သက် ၃၀ ဝွန်းစွန်းမှာ ဟိုဘက် ၁၀ နှစ်ကတော့ လူကလည်း ငယ်သေးတော့ လေးလုံးမကွဲ၊ ဌာန်ကလည်း မပီ၊ လော်လည် ဗန်းပြရင်း မိုးလင်းခဲ့ရတာတွေ များခဲ့တယ်။ မိန်းမသားပေမယ့် မရှက်နိုင်ပါဘူး။ မချိုပေါင် တုတ်တပြာ (တံဖျာ)နဲ့ ရိုက်သော်လည်း မသိအောင် ကျုပ်မှာ ကြိုက်ခဲ့ရတာတွေလည်း ရှိခဲ့ပါရဲ့။ မသိသချင်တာတွေကို ညည်းလင်မို့ ကလက်သလားအေ့ရဲ့လို့ ဆိုတာလို တစ်ညမပေါင်းရခင်က ဘဝပြောင်းရတာတွေလည်း ရှိတာပါပဲ။ ခြေဖျားက ဆံစလည်းကန်တော့ပါရဲ့။ ထုံးမလေ့ ဓမ္မတာ မော်မနော သဘောရယ်နဲ့ အုံးမွှေ့ရာပျော်သကောရယ်လို့၊ ကော်ဇောအစုံအလင်နဲ့ လူသရဏဂုံတင်ခဲ့တာများကတော့ ကော။ နောက်တော့လည်း ဘဝကလည်း ထုံပြီ။ လူကလည်း ထုံပြီ။ ပလီစီချောက်ချက်လာလုပ်တာနဲ့ စကားတွေ အပြောတစ်ဖုံ သစ်လိုက်တာက အပျိုရေ ကျောရုံချစ်တာမို့ သဘောအကုန်ပစ်တော့မလား၊ စကားအပိုကြွားသူရယ်၊ အောက်မေ့တတ်ပါပြီ။

မဒေါင်းဘဝမှာ အဲ့သလို ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ရ၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ရတဲ့ကြားကပဲ ပဆက်နဆက် (ပါးဆက် နားဆက်) တွေလည်း ကျပြီ။ နထင်နရင်း (နားထင် နားရင်း) တွေလည်း ချိုင့်ပြီ။ မျက်လုံးထောင့်လည်း ကျီးခြေနင်းပြီ။ ဦးရစ်ဆက်ထက် ထုံးထားတဲ့ သန်လျှချည့်ဆိုတဲ့ ဆံပင်တွေ တောင် ခုတော့ ယုန်မွေးဆွယ်တာပေါင်း ဆူးငြိသလို မူးစေ့လောက် ကျန်တော့တဲ့ဘဝ ရောက်ပြီ ပြောပါတော့။ အပျိုတော် အကထဲက ဘယ်ခါးထောက်၊ ညာခါးထောက် လက်မြှောက်လိုက်၊ ခါးထောက် လက်မြှောက် ဘေးလွှဲလိုက်၊ တစ်ခါတစ်ခါလည်း ပန်းကုံးဆွဲကလေး၊ တစ်ခါတစ်ခါတော့ တစ်ပင်တိုင် ခြေရှေ့၊ တစ်ခါတစ်ခါတော့ ပဝါကောက် ဘေးရှေ့။

"ဟောသဟာက စင်ရော်တောင်လက်ပစ် ခေါ်သဟဲ့။ ကြည့် သည်မယ် ဟောသဟာက အရုပ်လက်ဆက်ခေါ်သဟဲ့၊ သည်မယ် ဒါက လက်ဆစ်ကော့မေးထိုး၊ ဒါက ကိန္နရာတော့င် လက်တစ်ဖက်ခတ်၊ သည်လိုလေးက ထဘီနားခတ် အသုတ်ကလေး၊ ဟောသဟာက ပန်းကုံးဆွဲ အပြေး၊ ဟဲ့ လင်မကြည့်နဲ့ သည်ကြည့် တရာမ"

နောက်တက်တွေကို ယူချင်သော်ရှိ၊ မယူချင်သော်ရှိ သင်ပေးနေရပြီ။ *အသက်ကလည်း ငါးဆယ်ရှိပြီ။ စိတ္တဇကြောင့် ဘိခ္ခုနလည်း မမြင်တော့ပါဘူး။* ကဲမလှတို့ လွဲဘဝတွေကိုလည်း သဲကျရေ အောက်မေ့တတ်ပြီကိုး။ အကြည်

တွေ့ချင်လို့ ကြည်မွေ့စွာ ဗန်းတင်ပြရမယ့် အရွယ်ကလည်း မဟုတ်တော့ အကျပ်အပူးကိုလည်း ဓာတ်ကူးလို့ မတွယ်ချင်တော့ဘူးပေါ့လေ။

သည်တစ်ခေါက် ကိုယ့်ရုပ်ကိုယ် ပြန်ကပ်တော့ လူတစ်ယောက် ပါလာတာကတော့ မဒေါင်းအပြစ် မပါပါဘူး။ နှံ့သမား သာရှင်းက မဒေါင်းရယ် လိုက်ခဲ့ပါရစေတဲ့။ ကျုပ်ကလည်း ခင်ဗျားလို တုံးမျောတိုင်ကပ်ပါပဲတဲ့။ ဆန်စဉ်ရာ ကျည်ပွေ့လိုက်ရသူပါတဲ့။ ခင်ဗျားမှ လက်ခံရင် နှစ်ယောက်တစ်ဘဝ ထူထောင်ချင်တယ် လုပ်လာပြန်လေတော့ တောဖျားမှာ ငြိုငြင်ခိုက်ပေမယ့် ဓာငါးဖြာ ခိုဝင်ဆိုက်လာတယ် အောက်မေ့ရပြန်တာပါပဲ။ ဘယ့်နှယ်လုပ်မတုန်း။

သို့သော်လည်း အဲသလောက်တော့ ဘယ်လွယ်ပါ့မလဲ။ ဘဝမှာ ကံပါသရွေ့ ပေါင်းကြရမယ့် လင်ယူသားမွေးကိစ္စ။ အဲသလောက်တော့လည်း ဘယ်ချောချောသာသာ ရှိပါ့မလဲ။ မိန်းမသားဆိုတာ လေလာတဲ့ဘက်ချည်း လှည့်နေတဲ့ ဖျင်းအောက်မှ မဟုတ်တာပဲ။ ပြီးတော့ မဒေါင်းမှာက ကလေးတစ်ယောက် ရှိနေပြီဆိုတော့ ရေရှည်မှာ ထည့်တွက်ရမယ့်ကိစ္စ မဟုတ်လား။ တစ်ခါတစ်ခါတော့လည်း မဒေါင်း သူနဲ့ ပတ်သက်ဖူးတဲ့ လူသုံးယောက်ကို သတိရရဲ့။ သည်လိုနဲ့ မဒေါင်း ဓာတ်နားလို့ ကိုယ့်ရွာကိုယ့်ရပ် ပြန်ကပ်တော့ နှံ့သမား ကိုသာရှင်းပါ ပါလာခဲ့တယ်။

## (၂)

ကိုသာရှင်း မဒေါင်းတို့ဓာတ်ထဲရောက်လာတာ သိပ်မကြာသေးဘူး။ မကြာသေးဘူးဆိုပေမယ့် အခါလည်တော့ ကျော်ပါပြီ။ ဓာတ်ခုံဆရာဆိုပေမယ့် တွယ်နဲ့ပါ။ သာရှင်းဆရာ ဝိဇ္ဇာသန်းက ဓာတ်ထောင်ကို တွယ်နဲ့တစ်လက်ကတော့ ထားမှပေါ့ဆိုတာနဲ့ ဆရာ စိတ်တိုင်းကျတဲ့လူခေါ်လေ ခွင့်ပြုလို့ ကိုသာရှင်း ရောက်လာတာပါ။ ဝိဇ္ဇာသန်းက ကိုသာရှင်းကိုခေါ်တာ တကယ်တော့ သူ့လက်ကျမိလို့ တော်လွန်းလို့ရယ်လို့တော့ မဟုတ်ဘူး။ ဆွေရိပ်မျိုးရိပ် မကင်းလို့ ခေါ်လိုက်တာ။ ကိုသာရှင်းက နှံ့မှုတ်သက် **မနည်းတော့ပေမယ့်** လျှာချန့်က မကောင်းလှဘူး။ နှံ့မှုတ်တာမှရယ် မဟုတ်ပါဘူး၊ **စကားပြောရင်တောင်** လျှာချန့်က မကောင်းချင်ဘူး။ စကားလုံးတစ်လုံးနဲ့ တစ်လုံးကလည်း ညောင်ဦးနဲ့ အင်တောကျယ်လောက် ခြားသေးတာ။ ပြီးတော့ ကိုသာရှင်းက ဓာတ်နဲ့သမားထုံးစံ သံထီးသံပါ။ နှံ့မှာက ရှေးသမားစဉ် မှုတ်လာကြတာ သံထီးသံ၊ သံလက်သံ၊ သံကြပ်သံရယ်လို့ ရှိရာမှာ လက်ပေါက်ငါးပေါက် ပိတ်မှုတ်လို့ သံမှန်ထွက်တဲ့ နှံ့က



...ကြပ်သံ၊ လက်ပေါက်လေးပေါက် ပိတ်မှုတ်လို့ သံမှန်ထွက်တဲ့နှံ့က သံထီး...၊ လက်ပေါက် သုံးပေါက်ပိတ်မှုတ်လို့ သံမှန်ထွက်တဲ့နှံ့က သံလက်သံ ခေါ်...တယ်။ တျာသံထွက်တယ်ပေါ့။ ကိုသာရှင်းက ခေတ်နဲ့သမားဆိုတော့ သည်...က်ခေတ် သုံးနေကျ သံထီးသံသမား၊ နှံ့သမား ကောင်းရင် ပတ်တစ်လုံးနဲ့ တစ်ပေါက်ကပ်လျက် ချပ်လျက် ရှိကြရပေမယ့် ကိုသာရှင်းက လေးတယ်။ ...တ်က ရန်းရင် မနည်းလိုက်ပေတော့ပဲ။ ဒါပေမယ့် ဓာတ်ကလည်း ဂရန်းဂရင်း ...တော့ နှံ့သမားက ဂရန်းဂရင်းနဲ့တော့ အကိုက်ပေါ့။ ပြီးတော့ ကိုသာရှင်း ... ရှေ့က ညှော့ခံလောက်၊ အိုဗာဂျာလောက်၊ အပျိုတော်ထွက်လောက် မှုတ်...တာဆိုတော့ သူ တာဝန်ယူရတဲ့အပိုင်းတော့ သူပိုင်တယ်။

မဒေါင်းနဲ့ ကိုသာရှင်းက တစ်ဓာတ်တည်းသားတွေလည်း ဖြစ်ပြန်၊ ...ဒေါင်း အပျိုတော်ထွက်ရင် ကိုသာရှင်းက နှံ့မှုတ်ရတာလည်း ရှိပြန်ဆိုတော့ ...တ်ထဲက သူလိုကိုယ်လိုပါပဲ။ ခင်ကြတယ်၊ နောက်ကြစမြဲပါပဲ။ ခက်တာက ...သာရှင်းက ကျပ်ကလည်း ပြည့်ချင်တာ မဟုတ်ဘူး။ စကားသာ မသွက်တာ ...ပြောချင်ရာရာ တောင်စဉ်ရေမရ ပြောတတ်တယ်။ လူတကာက ဓာတ်ထဲ ခိုင်း...ရှိရင် ထမ်းဆင့်လို၊ ကြိုးဆွဲလို ကလေးတွေကို သတိမရကြဘူး။ ကိုသာရှင်း...သတိရကြတာ များတယ်။ ကူပါဦးဟ၊ မ ပါဦးဟ ဆိုတော့လည်း ကိုသာရှင်း...။ ပြေးပါဦးဟ၊ ဝယ်ပါဦးဟ ဆိုတော့လည်း ကိုသာရှင်းပဲ။ တူရိယာအစုံ ...ချောက်တီးချောက်တက် တီးတတ်တော့ ဝိုင်းထဲက အတီးသမား ဖဲထွက်ရိုက်...င်လည်း ဝင်ကူတတ်တယ်။ မီးစက်သမားက လူလိုတော့လည်း သာရှင်း၊ ...သံချဲ့စက်သမားက လူလိုတော့လည်း သာရှင်း၊ မင်းသမီးအမေက ပွဲခင်းထဲ ...န်ပြုတ်ကလေး ပြေးဝယ်ပါဦးဆိုတော့လည်း သာရှင်း၊ ဓာတ်ထောင်က မြို့... ကျန်ရစ်တဲ့မယား ပိုက်ဆံလို စာလို ပို့ခိုင်းရင်တော့လည်း သာရှင်းပဲ ပို့...င်းတာ များတယ်။ မရိုးမသား မရှိတာ၊ ဖင်ပေါ့တာ၊ သဘောကောင်းတာကို ...ခွင့်ကောင်းယူကြတာ မဟုတ်ပေမယ့် အရေးရယ်၊ အကြောင်းရယ် ခိုင်းစရာ ...လာရင် ထက်တဲ့ဓား အရင်ဆုံး ကောက်ကိုင်ကြတဲ့ သဘောပဲ။

မဒေါင်းနဲ့တော့ ကိုသာရှင်း ပိုခင်တယ်။ မဒေါင်းမှာ ဆီတွေဝနေအောင် ...မ်ထားတဲ့ လက်ဖက်ချိုင့်က အမြဲရှိတော့ ဒါကို ကိုသာရှင်းက သိပ်ကြိုက်တယ်။ ...တ်ထဲ နှံ့တစ်လက် ခါးထိုးပြီး ရောက်လာတဲ့လူ။ ဘယ်သူက လက်ဖက်ချိုင့် ...ိုးပေးပါ့မလဲ။ ကြိုက်ရင် ဝယ်စားရုံ၊ သုပ်စားရုံ မှုတ်လား။ ဒါပေမယ့် မဒေါင်း လက်ဖက်ချိုင့်တော့ ကိုသာရှင်းက ကြိုက်သလို စားခွင့်ရှိတယ်။ သည်လို ပါမစ်

ရဖို့ကလည်း ကိုသာရှင်းက နေ့လယ်နေ့ခင်း ထမင်းစားပြီးရင် မဒေါင်းကို ကုပ်ကြောဆွဲပေးရတယ်။ ဘံကောက်ခွက်ကြောတွေ ဆွဲပေးရတယ်။ တစ်ခါ တလေ ရှေ့ကထိုင်ပြီး မဒေါင်း နဖူးကျယ်ကြီးကို လက်မနဲ့ လက်ခလယ် ညှပ် ပြီး ဖျစ်ဖျစ်ပေးရတာကျတော့လည်း ကိုသာရှင်းမှ လက်ပေါက်တယ်ဆိုသကိုး။ တစ်ခါတလေများ မဒေါင်း အိပ်ရာဝင်ဝင်အိပ်နေလို့ မဒေါင်းက ငေါက်ရသေး တာ။

"ဟဲ့… နဲ့သမားရဲ့၊ ငါ့အိပ်ရာများ နဲ့သပွတ်ထည့်တဲ့ဖာ မှတ်နေသလား"

ဓာတ်သူ ဓာတ်သားတွေကတော့ ပြုံးပြုံးပေါ့။ လူရွှင်တော် ဒန်ခွက်က ဓာတ်စင်ထောင့် ဆေးလိပ်သောက်ရင်းက မဒေါင်း ငေါက်သံကြားရင် ထပြော တတ်တယ်။

"ဟုတ်သားပဲဟ သာရှင်းရ၊ မင်းက အိပ်ရာအိပ်ရာမို့လို့၊ လက်ဖက်ချိုင့် လက်ဖက်ချိုင့်မို့လို့ မဒေါင်းများ မင်းနှိုက်စရာများ မှတ်နေသလားဟ"

သည်တော့ မင်းသားကြီး သော်တာလှက ဝင်ထောက်တယ်။

"မိဒေါင်း ဇယန်းနှပ်မှတ်လို့ပါကွာ"

"ဟုတ်ထင်ပေါင်ဗျာ၊ သာရှင်းက ဇယန်းနှပ်တော့ သိပါတယ်။ အခု ဟာက အတွင်းတောင် တင်တာနေမှာ"

"ငါတော့ ရွှေဖီ မိုးမလွတ် ထင်ပါ့ကွာ"

ဒန်ခွက်နဲ့ သော်တာလှ တစ်ယောက်တစ်ပေါက် ပြောချင်ရာ ပြောကြ တာကို ကိုသာရှင်းက တကယ်ပြောတယ် ထင်သေးတာ။

တစ်ခါတစ်ခါတော့လည်း ဓာတ်ခုံနောက်က မွှောရုံရိပ်လို၊ ဘုန်းကြီး ကျောင်းရိပ်လို နေရာတွေမှာ မဒေါင်းနဲ့ ကိုသာရှင်း နှစ်ယောက်တည်း စကား တွေ ပြောချင် ပြောနေကြတာ။ မဒေါင်းက ရှေးဟောင်းနှောင်းဖြစ်တွေ ပြော တာကို ကိုသာရှင်းက ညမှုတ်ရမယ့် သူ့နဲ့တံပြင်ရင်း နားထောင်နေတတ်တယ်။ တစ်ခါတလေတော့ ကိုသာရှင်းက ပြောတာပေါ့လေ။ ဘယ်မှာမွေးလို့ ဘယ်မှာ ကြီးရတာကအစ ဘယ်ဓာတ် ဘယ်လို လိုက်ခဲ့ရတဲ့အကြောင်း၊ နဲ့မှုတ်ပညာ ဘယ်လို သင်ခဲ့ရတဲ့အကြောင်း စီကာစဉ်ကာရယ် မဟုတ်ပါဘူး။ ရောက်ရာ ပေါက်ရာ ပြောတော့တာပါ။

တစ်ရက်တော့ မဒေါင်းက သူ ရခဲ့ဖူးတဲ့ အိမ်ထောင်တွေအကြောင်း ပြောပြတယ်။ ဓာတ်ထဲဝင်စက မင်းသား ကျော်စိန်သော်က ကြိုက်လှချည့်ရဲ့ ဆိုလို့ ဓာတ်ထဲတင် လက်ဖက်ရည်တိုက်၊ ကန်တော့ပွဲတင်ပြီး မင်းသားကြီး



စိန်မျက်မှန် အကြီးအမှူး လုပ်ယူခဲ့တာကစလို့ တစ်နှစ်ကျော်ကျော် ပေါင်းလို့မှ မဝခင် ကျော်စိန်သော် နှောင်မယားယူပြေးလို့ ကွဲရတာအဆုံး၊ စီကာပတ်ကုံး ပြောတဲ့အခါ ကိုသာရှင်းက နဲ့လျှာခင် သွားနဲ့ကိုက်ကိုက်ပြီး တီတီနဲ့ အသံ မင်းတာမျိုးနဲ့ စုတ်သပ်တယ်။ နောက်တစ်ယောက်ယူဖြစ်တဲ့ လင်က ဓာတ်ထောင် ကိုစိန်လှယောက်ဖ ဓာတ်မန်နေဂျာ ခဏလာလုပ်တဲ့ ကိုကြီးဖေတဲ့။ ကိုကြီးဖေက ဓာတ်အကြောင်း ဘာမျှ နားမလည်တော့ အလေအလွင့် အယိုအဖိတ်များလို့ ဓာတ်ထောင်မယား လိုက်လာတော့ မောင်နှမချင်း ရန်ထဖြစ်ရာက ဓာတ်ပေါ် က ဆင်းသွားတာ မဒေါင်းတောင် မသိလိုက်ဘူးဆိုရဲ့။ ဒင်းမှ သံယောဇဉ်မရှိဘဲ ဓာတ်ဖက်ခါဆင်းမှတော့ သူကလည်း သည်ဓာတ်မကတော့ဘူးဆိုပြီး မြောင်နယ် ဘက်က ဓာတ်တစ်ဓာတ် ပါသွားခဲ့သတဲ့။

"ရော်ဗျာ မဒေါင်းနှယ် အဲသလို ဆင်းသွားတော့ ပြီးရောတဲ့လား။ ဘယ့်နှယ် မဟုတ်တာ"

စကားတစ်လုံးနဲ့ တစ်လုံး ခြားနေလို့ ကိုသာရှင်းမေးတဲ့ မေးခွန်းပြီး အောင် စောင့်နားထောင်ပြီးမှ မဒေါင်းက ရယ်တယ်။

"အောင်မယ်လေး မိဒေါင်းတို့က ဘယ်နှယ့် လင်တစ်ယောက်အတွက် နဲ့ ဒါလောက် သည်းကြီးအူမ ပြတ်စရာလိုမှာတုန်း သာရှင်းရဲ့။ မရှိသာ သကုဏာ အမူထူးပါဘိ၊ မြေလူးကာ ဘယ်အတွက်ကယ်ကြောင့် သည်ငှက်အော် ဆိုတာ ကို ဘယ့်နှယ် ငါက မြေလူးလူးပြီး ညည်းရမှာလား၊ ဝမ်းကိုး တူးကမ်းပေါ့"

မဒေါင်းက အင်္ဂလိပ်လိုတတ်တာတော့ မဟုတ်ဘူး။ ဒါပေမယ့် တစ် ယောက် သွားရင် နှစ်ယောက်လာမယ်လို့ ပြောတာမှန်းတော့ လူတကာ သုံး နေတော့ သိတာကိုး။

"ကိုင်း လုပ်စမ်းပါဦး တစ်ယောက်"

ကိုသာရှင်းက နဲ့ကိစ္စပြီးသွားလို့ ကျကျနန နားထောင်တော့မယ့်ပုံနဲ့ မဒေါင်းမျက်နှာ စေ့စေ့ကြည့်တယ်။ သူ့စိတ်ထဲ သည်မိန်းမကြီးကတော့ လက် ပေါက် ငါးပေါက်လုံး ပိတ်မှုတ်မှ တျာသံထွက်မယ့် သံကြပ်သံနဲ့မျိုးပဲလို့လည်း တွက်နေပုံပေါက်ရဲ့။

"တစ်ယောက်က ဘယ်သူရမတုန်း၊ အရင် တို့ဓာတ်ထဲ အုပ်စုံတီးသွား တဲ့ ကျော်လှရယ်။ လူပျိုမဟုတ်မှန်းတော့ သိသား၊ ဒါပေသိ လူလွတ်ခ်တော့ ကိုယ်ကလည်း အရွယ်ကလေးရပြီလေ။ သဘင်အလုပ်ဆိုတာ လုပ်နိုင်ကိုင်နိုင် ရှိတုန်း ကောင်းတာ၊ သည်တစ်ခါတော့ ကံကလေး လိုက်ကောင်းပါရဲ့ဆိုပြီး

ထယူတာ။ သင်းလည်း မထူးပေါင် သာရှင်းရယ်။ ဟိုဒင်းပြောသလို ငါ့ဖြစ်ပုံက ရေစီးအကျော်တွင် လှေကြီးပေါ်တွင် လှေငယ်တင်သကဲ့သို့ အလှည့်တွင် ပုံ့စင်က လှုပ်သည့်နှယ် ငွေကြုတ်မယ် ဂနာမငြိမ်လိုက်တာက ဆိုသလို၊ ငါ ဂနာမငြိမ်လေတော့ လှေလည်း မြုပ်ကရော”

“ဩော်... လှေမြုပ်ကြသေးသလား”

“ဟယ် သေနာရဲ့ သဘောပြောတာဟဲ့။ ဓာတ်ထဲမှာ နဲ့မှုတ်နေပြီး သည်လောက် အ,ရသလား သာရှင်းရဲ့။ ငါမကောင်းလို့ ငါ ခံရတာလို့ပြောတာ နင့်ပြောရတာ မောသဟယ်”

တကယ်တော့ မဒေါင်းက သာရှင်းကို လူကောင်းလုပ်ပြီး သူ့ဘဝ ပြောပြနေတာ မဟုတ်ပါဘူး။ သာရှင်းကို ဒါတွေအထိ ပြောရလောက်အောင်လည်း မလိုတာ သိပါရဲ့။ ဒါပေမယ့် သာရှင်း စိတ်ဝင်စားနေမှန်း မဒေါင်းက သိတယ်။ တကယ်တော့ မဒေါင်းနဲ့ ရဖူးတဲ့ သည်သုံးယောက်ဆိုတာကလည်း လူတိုင်းသိတဲ့ သုံးယောက်ပဲ ရှိသေးတာပါ။ ယောကျ်ားများ ဘာပြောရင် ဘယ်ရောက်တယ်ဆိုတာ မဒေါင်းက သိလေတော့ ယောကျ်ားဆို နောက်များကို အမှန်ရှုံ့ပါသရှင့်၊ ကြံဖွံ့တော့ဘူးဆိုပေမယ့် အသွင်ကိုပြင်၊ လင်မင်အောင် မျက်နှာချိုသွေးတဲ့သဘောလည်း ပါရဲ့ပါလေ။ ကိုသာရှင်းကတော့ မဒေါင်းကို ကြိုက်လှချည့် ချစ်လှချည့်ရယ်လို့သာ ဘယ်ပြောဝံ့ပါ့မလဲ။ တစ်ဓာတ်လုံးက အပျိုတော်ရယ်လို့ ဘာမှန်း ညာမှန်းသာ မသိတယ်၊ ကြောက်နေရတာဆိုတော့ ကိုသာရှင်းကလည်း သည်အထဲ ဘယ်လွတ်လိမ့်မတုန်း။ ကိုသာရှင်းက မဒေါင်းကို သနားပါတယ်ပြောရင် မဒေါင်းကလည်း ငါသိပါတယ် သာလီကာရယ်ပေါ့။ သည်အရွယ်ကြီးတွေကျကာမှ ဇာတ်ပြိုင်ဂူလိုဏ် စကားသစ္စာ တိုင်မနေရတော့ပါဘူး။ ဒါပေမယ့် သာရှင်း မရှင်းသေးတာ တစ်ချက်ရှိတယ်။ မဒေါင်းမှာ ဆယ်နှစ်သားလောက် ကလေးတစ်ယောက်ရှိတယ်ဆိုတာ သန့်သန့်ကြားဖူးထားလေတော့ သည်ကလေး ဘယ်သူနဲ့ မွေးသလဲဆိုတာတော့ သာရှင်း သိချင်တယ်။ ဒါကလည်း သိချင်တာသက်သက်ပါ။ ကလေးအတွက်ရယ်လို့ ဆေးချက်လေးလို့လည်း မဟုတ်ဘူး။ သိချင်တာ။ ကလေးက ဓာတ်ထဲ တကောက်ကောက်ပါနေတာ မဟုတ်တော့ မြင်လည်း မမြင်ဖူးဘူး။

“ဒါနဲ့ မမဒေါင်း ကလေးတစ်ယောက်ရှိသလို ပြောကြတာကြားဖူးရဲ့။ ဘယ်သူနဲ့ မွေးတာတုန်း”

“ဟုတ်ပေါင်တော် ငါက မွေးစားတာပါ။ အုပ်စုံတီးကျော်လှနဲ့ အတူ



ပေါင်းနေတဲ့အချိန်ပေါ့။ မလယ်ဘက်က ရွာတစ်ရွာ သွားက,တော့ ရွာက မအေအေ မရှိတော့တဲ့ကလေး ဓာတ်ကမွေးပါ ပေးလိုက်ကြတဲ့ကလေး၊ နာမည်လည်း အုပ်စုံလို့ပဲ ပေးလိုက်တယ်။ အုပ်စုံတောင် ဆယ်နှစ်သားရှိပါပြီ။ ငါက တောင်းယူလိုက်တာ”

“အခု ဘယ်မှာထားသတုန်း”

“ညီမဝမ်းကွဲဆီ စရိတ်ပေးထားရတာပေါ့။ သူတို့ကလည်း သားသမီးရှိတော့ စရိတ်ရယ် မဟုတ်တော့ပါဘူး။ ‘အစ်မရယ် ငါတို့ပေးပါလား’ တဲ့။ ခဲ့သလိုတော့ ပေးနိုင်ပေါင်အေ၊ ငါ ဓာတ်နားပြန်တော့ ပြန်ခေါ်ပါရစေ ပြောထားရတယ်”

စဥ့်ကူးမင်းလက်ထက် ထုတ်ပြန်တဲ့ သဘင်စည်းကမ်းမှာက ဆိုင်းဆရာများက တီးကွက်ရှိသော ၃၇ ချပ် သံချပ်ကြီးများ တီးမှုတ်၍ဆုံးလျှင် လက်ရုံးတန်း အထက်သို့ အထိအခိုက် မရှိအောင် မ၍ တင်ရမည်ဆိုသမို့လား။ ခြောက်လလောက်ကြာတော့ မဒေါင်းကို ကိုသာရှင်း လက်ရုံးတန်းအထက် အထိအခိုက်ရှိအောင် မ,တင်လိုက်တာပါပဲ။

မဒေါင်းနဲ့ ကိုသာရှင်း ဓာတ်ထဲမှာပဲ မင်္ဂလာဆောင်တယ်။ မကုန်ပါဘူး။ ပွဲဈေးတန်းက လက်ဖက်ရည် မှာတိုက်ကြရုံပါ။ မင်းသားကြီး သော်တာလှက မင်္ဂလာစကားပြောတယ်။ တစ်ဓာတ်လုံးကတော့ ပြောစရာ ဖြစ်နေတာပေါ့လေ။ ဝမ်းလည်း သာကြပါရဲ့။ ဓာတ်သမားတွေဆိုတော့ မုခသိုက်ဝင်တာ မဝင်တာထား၊ ပြောချင်ရာ ပြောကြတာမှတ်လား။

“သည်လိုဟာပေါ့ကွာ ဒန်ခွက်ရဲ့၊ စိတ်နှောက်တဲ့မောင်၊ ထိတ်လောက်အောင် ပြစခန်းပေထင့်၊ ကြွလှမ်းမည်ဟန်တော်ကာမှ၊ ကရုဏာ အကြိမ်ကြိမ်ဆောင်လို့၊ အိမ်မြှောင်စုတ်ထိုး ဆိုတာ”

“နိမိတ်မရှိ နမာမရှိကွယ် မဟုတ်တာ မပြောပါနဲ့၊ ခုဟာက ဘယ့်နှယ်ဖြစ်နေသတုန်းဆိုတော့”

“ဆိုပါဦး”

“ကန်မယ့်သူပါလေလေ့၊ ပြန်လှည့်မှု ဖေမရှုလေဘူး၊ သေလှအောင်သည်မယ်ကောင်းသော်ငဲ့၊ မဆိုသာ ဟိုဟာက ကောင်းပြီမို့ ဆိုတာလေကွာ”

သည်တော့ မိတ်ကပ်တွေ ပိန်းနေအောင် လိမ်းထားတဲ့ သတို့သမီးမဒေါင်းက “လာလေဟယ်၊ ဘယ်ဟာက ဟောင်းသလဲ ကြည့်ရအောင်” လို့ပြောရင်း အော်ပရာမှာ သုံးတဲ့ လေးကောက်နဲ့ လိုက်လို့ပြေးသူက ပြေးကြရ

ပေါ့လေ။ တည့်သော်ရှိ မတည့်သော်ရှိ၊ ချစ်သော်ရှိ မချစ်သော်ရှိ၊ သည်ဇာတ်
အဖွဲ့အစည်းကလေးဟာ သူတို့ရဲ့ လူ့အဖွဲ့အစည်းကလေးဆိုတော့လည်း တကယ့်
လက်တွေ့ဘဝတွေဟာ ဇာတ်ခုံပေါ်မှာ သရုပ်တူရတဲ့ဘဝတွေနဲ့ ဘယ်တူပါ့မလဲ
စိတ်နဲ့ ရုပ်ပေါ်မှာ တင်သမျှ ဘဝအမောတွေကလည်း ညဘက် မီးရောင်အောက်
ရောက်ရင်ပဲ ပြေရပျောက်ရပေသကိုး။ သံဝေဇနီမာန်–ထင်ရှားရှိသော၊ ရုပ်–ရုပ်
တည်း (ဝါ) သဘောတည်း။ သရုပ်–ထင်ရှားရှိသောရုပ် (ဝါ) သဘောတည်း
လို့ ဆိုပေမယ့် သူတို့ တကယ့်ဘဝတွေကို ကိုယ်တိုင်က ထင်ရှားမရှိတဲ့ ဘဝ
တွေနဲ့တောင် တူသေးတာ မဟုတ်လား။

(၃)

သည်တစ်ခေါက် မဒေါင်း ရွာပြန်တော့ လူတစ်ယောက် ပါလာခဲ့တယ်ဆိုတာ
ဘယ်သူဖြစ်ရဦးမတုန်း။ နှဲသမား ကိုသာရှင်းပေါ့။ လူက ဖျောက်ဖျောက်ပေမယ့်
လုံးစောက်စောက်ဆိုတော့ ပြောခဲ့ပါပကော။ လူတွေက မဒေါင်း ကန်တော့ပွဲ
ရွက်လာတယ် ထင်ကြသေးတာ။ ဇာတ်က ရှင်းပေးလိုက်လို့ ပိုက်ဆံခေါက်
ကလေး ကျစ်ကျစ်ဆုပ်ပြီး လင်မယားနှစ်ယောက် ပြန်ရောက်လာကြတယ်။
သေတ္တာကလေးရယ်တောင် မဟုတ်ပါဘူး။ ဟင်းဘက်ကြီး တစ်ယောက်တစ်လုံး
လွယ်ပြီး မဒေါင်းက ဖျင်ပုဆိုးကွက် အနွေးထည်ကြီးနဲ့၊ ကိုသာရှင်းက နှဲခါး
ထိုးပြီး ဘလေဇာကုတ်ကြီး ဝတ်လိုက်လို့။ ဇာတ်စင်ပေါ်မှာ အပျိုတော်ဘဝနဲ့
နတ်ကြီးပင့် အယိုင်ကနဲ့ လက်စုံပစ်ပစ်ပြီး က,တဲ့ မဒေါင်း မဟုတ်တော့ပါ
ဘူး။ စင်ရော်တောင်လက်ပစ် အပြေးကလေးနဲ့ ကသုတ်ကရက် ဆိုရတဲ့ နတ်
ယိုင် သီချင်းတွေ ဝေနေအောင်ဆိုရတဲ့ မဒေါင်း မဟုတ်တော့ပါဘူး။ ဆိုင်းက
မန္တလေး ဘိုးတော် နတ်ချင်းဖြစ်တဲ့ ဘုန်း... ဘုန်းတန်း ဘုန်းတန်းတေဇာ၊
ဖြာဖြာရောင် လင်းပါလို့၊ မင်းမင်းများ ထိပ်ခေါင်ဇွေ ချီးသော်မှ၊ ပျည်းဖြူ
ပန်းကြွယ်၊ ဂူသာဝယ် ဓားလွယ် ဓားလွယ် ဓားလွယ်ရောင်ချက် ဓားပင်ဓားရိုး
နတ်ကယ်နှင့်လေးလို့ ဆက်ဆိုနိုင်တဲ့ မဒေါင်း မဟုတ်တော့ပါဘူး။ ကိုသာရှင်း
ကလည်း ဘာထူးမှာလဲ။ မဒေါင်းတို့ အိမ်ခလယ်တိုင်မှာ ချိတ်ထားတဲ့နှဲ ဘယ်
ကိုင်နိုင်တော့မလဲ။ ဇာတ်က ရလာတဲ့ ပိုက်ဆံနဲ့ နောက်တစ်နှစ် ဇာတ်ရာသီ
အထိ စားလို့က မဖြစ်တော့ ဘာလုပ်ကြမလဲ တိုင်ပင်ကြပြီ။ လာမည့်နှစ်တွေ
ဇာတ်လိုက် ကဖို့ မကဖို့ တိုင်ပင်ရပြီ။ မဒေါင်းကလည်း အရွယ်ကျပြီ။ တစ်သက်
လုံး အပျိုတော်ဘဝနဲ့ ပန်းမကိုင်ရဘဲဖြစ်ရတဲ့ မဒေါင်း၊ အသက်ငါးဆယ်ကျော်



မိတ်ကပ်တင်းတင်းလိမ်း၊ နှုတ်ခမ်းနီကို ထော်နေအောင် ဆိုးပြီး စည်းပုံနဲ့
က်စည်းနဲ့ ရှန်ပန်းထည်စ ရင်ခေါင်းစည်းရတဲ့ အလုပ် မလုပ်ချင်တော့ဘူး။
ထက်စာရင် ငယ်သေးတဲ့ သာရှင်းကိုလည်း မထည့်ချင်ဘူး။ လင်ရယ်၊ မယား
ယ်ဖြစ်လို့မှ အတူတူမနေရမှတော့ အပျိုလို မနေမိလို့ ကိုယ်ရိတယ် မဖြစ်ချင်
တော့တာလည်း ပါတယ်။

"သာရှင်း ငါကတော့ ဇာတ်ခုံပေါ် ပြန်မတက်ချင်တော့ဘူး။ ဇာတ်ခုံ
ပေါ် ခေါင်းချရတဲ့ အလုပ်လည်း မလုပ်ချင်တော့ဘူး။ နင့်သဘောလည်း ပြော
ပါ၊ ငါကတော့ နင့်လည်း မသွားစေချင်ဘူး၊ ဘယ့်နှယ်တုန်း"

တစ်ည မဒေါင်းက သည်လိုပြောလာတော့ ကိုသာရှင်းက မဒေါင်း
သဘောပေပတဲ့။ ကိုသာရှင်းကလည်း ပြောသာပြောရတာ နှဲကလေး တော်တော်
တိတိ မှုတ်တတ်တာကလွဲရင် ဘာမှ လုပ်တတ်တာ မဟုတ်ဘူး။ ဇာတ်က
ကျူးတဲ့ ထမင်းနဲ့ လူဖြစ်လာခဲ့ရတယ်လို့တောင် ပြောနိုင်တဲ့ သူ့အဖို့ ဘယ်မှာ
နေရနေရ ထမင်းနှစ်နပ် သေချာဖို့ လိုတာမှတ်လား။

"ကျုပ်ကတော့ မမဒေါင်းရယ်၊ ငယ်ငယ်ကတည်းက မိဘတွေ ကံကုန်
ကြတယ်။ ဦးလေးသားချင်းတွေက မခေါ်ကြတော့ ဘုန်းကြီးကျောင်းမှာ နေ
ရတယ်။ အရွယ်ကလေး ရောက်လာတော့ ဘုန်းကြီးက ဆိုင်းထဲ ထည့်ပေး
လို့ တောက်တိုမယ်ရနဲ့ လိုက်ခဲ့ရတယ်။ နှဲကလေး သင်ရပါမယ့်အကြောင်း၊
ဆရာကြီးအိမ်မှာ သုံးလေးနှစ် ထင်းခွဲ ရေခပ်လုပ်ခဲ့ရတယ်။ ဇာတ်ထဲ ထမ်း
ဝင့် လုပ်ခဲ့ရတာ အကြာကြီး။ ပွဲဇာတ်ထဲ ဓားပြနောက်လိုက် လုပ်ခဲ့ရတာ
အကြာကြီး။ အိုးဖိနပ်ထမ်းခဲ့ရတာ အကြာကြီး။ ရောက်ရာအရပ်က မြေကန်သင်း
ခေါင်းအုံးပြီး ဇာတ်က ရေသောက်၊ ဇာတ်က ဘုရားစင် ရှိခိုး၊ ဇာတ်က သဒ္ဓါ
ရှေ့ ညကြေးနဲ့ ကြီးခဲ့ရတာပါပဲ။ သည်လိုနဲ့ နှဲကလေး ပီအောင်မှုတ်တတ်
တော့လည်း ကျုပ်မယ် သွားစရာလည်း မရှိဘူး။ နားစရာလည်း မရှိဘူး။
ဇာတ်နားလို့ သူတကာ အိမ်ပြန်လို့လည်း ကျုပ်မယ် အိမ်မရှိလို့ မပြန်ရဘူး။
ကျုပ်က သည်လို ကြီးရတာပါဗျာ။ အခု ကျုပ် မမဒေါင်းနဲ့ ညားလို့ အိမ်ရယ်
တရယ်နဲ့ သည်လို နေဖူးတယ် ပြောကြပါစို့။ သည်တော့ မမဒေါင်း စီမံရာ
ပါ့ဗျာ။ ဇာတ်သတိရတော့လည်း မမဒေါင်းလည်း အဝတ်အစားရှိသားကပဲ။
တ်ပေါ့၊ ကပေါ့။ ကျုပ်က နှဲကလေး မှုတ်ပေါ့၊ ဘာဆန်းမှတ်လို့"

အဲသည့် ညက လင်မယားနှစ်ယောက် ဆုံးဖြတ်ချက်ချတယ်။ ကိုယ့်
ဘဝနဲ့ ကိုယ့်အကြောင်း ဇာတ်စင်ကို ကိုယ့်ပုံစံနဲ့ကိုယ် ရောက်လာကြပေမယ့်

စဉ်းစားကြည့်တော့လည်း ဘဝပေးချင်းက တူကြသလိုလိုကိုး။ ကိုသာရှင်းက
မဒေါင်းကို ရာဂစိတ်ရယ် ဘာရယ် မပါပါဘူး။ အတွေ့များလို့ခင်၊ အခင်မျာ
လို့ ကြင်ခဲ့ကြတာရှိတာပဲ။ မဒေါင်းကလည်း အသက်ငါးဆယ် သီသီကျေ
ကာမှ ပြိတ်တီလုပ်ခဲ့တာမှ မဟုတ်တာ။ ကိုသာရှင်းကို ပါးစပ်ထဲ လက်ညှိ
ထည့်လို့မှ မကိုက်တတ်ပါဘူးဆိုတာ ပါသလို၊ ဘဝပြည့်ဖုံးကား နောက်ဆုံ
တစ်ချပ် ကျန်ခါမှတော့ မလှပ်လောက်တော့ဘူး ထင်တာလည်းပါရဲ့။ ပြီးတော
သာရှင်း ပြောပုံဆိုရင် နဲ့တစ်လက်ကယ်နှင့် ဘဲကြက်သံ နာခံပါလို့ ကြီးတော
သလားဆိုတဲ့ တောသား။ လူက မအူမလည်၊ စကားလုံးက လေးလုံးမကျ
တော်တော်လေး အရှိန်ရခါမှ ဝေါခနဲ သွန်ကျလာတဲ့ ကြဲရည်ကြိတ်စက်လိုလ
မဟုတ်လား။ အကြောင်းရင်းရှာတော့ သနားတာက ပိုရသေးကိုး။

အဲသည့်ညက မဒေါင်းက ဆို၊ ကိုသာရှင်းက နှဲမှုတ်။ နှစ်ပါးသွားထဲ
ဆိုကြ ကကြတဲ့ အဆစ်ကလေးတွေတောင်ပါသေး။ ရပ်ကွက်ထဲ နတ်သံပေ
နေလို့ မဖြစ်တော့ 'လစန်းကလေးနဲ့တူတယ် မေ့ကိုလားကွယ်' ပေါ့လေ။

မဒေါင်းက သူ့အိမ်ကလေးရှေ့က ကျောက်လမ်းပေါ် မုန့်ဟင်းခါးဆိုင်
ကလေးဖွင့်ဖို့ စိတ်တောင်ကူးပြီပေါ့။

(၄)

မဒေါင်းတို့ လမ်းတိုကလေးထဲမှာ ဈေးဆိုင်တွေက များလွန်းလို့ ဈေးပွဲတော်
တောင် မှတ်ရတယ်။ လက်ဖက်ရည်ဆိုင်ကချည်း သုံးဆိုင်၊ အရက်ဆိုင်ကတော့
မပြောနဲ့တော့။ အသုပ်လိုလို၊ ကြာဆံကြော်လိုလို၊ စိန်ဖေကြီးမုန့်ဟင်းခါးလိုလို
ဗူလိနတ်စ ဆိုင်ကလေးတွေကလည်း ဇန်းချင်းဆက်နေကြတယ် ပြောပါတော့
မဒေါင်းတို့က မုန့်ဟင်းခါးဆိုင်ဆိုတော့ မနက် မနက် လှေသမား၊ သဲသမား
နဲ့ သစ်ဆွဲ ဝါးဆွဲ အလုပ်သမားတွေက အားပေးကြတယ်။ လက်ငင်းကလေး
ရတာနဲ့ရ၊ အကြွေးချသင့်တာချ၊ အကြွေးမရလို့ သုံးဖန်ချီ သုံးဖန်ချ ရန်ထဖြစ်
ရတာများလည်း ရှိပေါ့လေ။

ကိုသာရှင်းကတော့ မနက်အစောကြီးထ၊ မီးမွှေး၊ ရေနွေးတည်၊ ဆိုင်ခင်း
က အစ၊ ငှက်ပျောအူလှီးရ၊ ပဲမှုန့်ကျိုရ၊ ငါးပြုတ်ထွင်ရ၊ မုန့်ဖတ်ပြေးဝယ်ရ
အလယ်၊ လက်သုတ်ပဝါ လျှော်ရ၊ ထင်းမီးထိုးရတာအဆုံး၊ နဲ့သမားနဲ့ မဆိုင်
တာတွေ လုပ်နေရပြီ။ ဒါပေမယ့် ပျော်ပါတယ်။ မဒေါင်းက သည်ကြားထဲ ငေါက်
ငေါက်နေသေးလို့ လက် မီးစလောင်တာများကလည်း ခဏခဏပေါ့။ ယဉ်ပေ



တဲ့ ယဉ်လေ၊ နွံ့ပျော့ငဲ့ပျောင်း လုံမလေး ရင်ခွင်ပေါ်၊ အိပ်လို့ပျော်တဲ့ ဝိုင်းတော်
သား မဟုတ်တော့ဘူးပေါ့။ ဆိုင်လူကျရင် ပြုံးပြုံးကြီး။

"နဲ့ကောင်းတော့ တယောတဲ့ကွ၊ နဲ့မကောင်းတော့ မုန့်ဟင်းခါးပေါ့
လကွာ"

သူ့ဟာသူလည်း သဘောတွေကျနေသေးတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် မနက်
မနက် နေသာမြင့်ရင် မြင့်မယ်၊ မုန့်ဟင်းခါးကတော့ ကုန်တာပါပဲ။ မုန့်ဟင်းခါး
ဟင်းရည်အကာပ်နဲ့ ထမင်း လူးဖတ်စားရတာကိုပဲ ကောင်းလှ အောက်မေ့သေး
တာကလား။

"သာရှင်း"

"ဗျို့"

"မုန့်ဖတ် တစ်ပိဿာတော့ လိုမယ်ထင်သနော၊ ပြေးလိုက်ဦး"

ပြေးလိုက်ဦးဆိုတာက စက်ဘီးနဲ့ ဆိုက်ကားနဲ့ ဘယ်ဟုတ်ပါ့မလဲ။
လူက တကယ်ပြေးရတာ။ ဈေးမကွဲခင် ပြေးနိုင်ရင် တော်သေးရဲ့။ ဈေးကွဲလို့
ကတော့ မုန့်ဖတ်ဖိုအထိ ပြေးရတာ။ နီးနီးတော့ မဟုတ်ဘူး။ မုန့်ဖတ် တစ်
ပိဿာနဲ့ ပြန်ရောက်လာတာနဲ့ ဘာတော့ဖြင့် လိုပြန်သဟဲ့ဆိုရင် ပြေးဦးပေါ့။
ကိုသာရှင်းကတော့ ရတယ်။ ပြေးရတော့ကော ဘာဖြစ်တုန်း။ ကိုယ့်အိမ် ကိုယ့်ရာ
နဲ့ နေပြီး ကိုယ့်ဆိုင် ကိုယ့်ကန္တားနဲ့ ဖွင့်တဲ့ဟာ ဂုဏ်တောင်ရှိသေး။ သူများ
ဆိုင်မှာ ထမင်းစား လခယူဘဝမှ မဟုတ်တဲ့ဟာ။ ပြေးဆို ပြေးပါ့ မောင်ရ၊
လွှားဆို လွှားပါ့ မောင်ရပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ကျန်သင့်သလောက်တော့ ကျန်
ပါတယ်။ လင်ကိုယ်မယား နှစ်ယောက် အပျိုတော် ကရတာ၊ နဲ့မှုတ်ရတာထက်
တော့ ပိုလွတ်လပ်တာပါပဲ။ ဖောဖောသီသီတော့ စားရတာပါပဲ။ တစ်ယောက်
ယောက်က "ကိုသာရှင်း ဇာတ်ထဲ နဲ့မှုတ်မလိုက်ရတော့ဘူးလား" ဆိုရင်တော့
ကိုသာရှင်း မျက်နှာကွက်ခနဲ ပျက်တာတော့ ရှိတယ်။ သူ့ဘဝဟာ နဲ့သမားပါး
လို ပိန်လိုက် ဖောင်းလိုက် မဟုတ်ဘဲ ပိန်လိုက် ချိုင့်လိုက်ရှိခဲ့ပေမယ့် တစ်လျှောက်
လုံး အဆင်းရဲခံပြီး တွယ်ခဲ့ရတဲ့ အနုပညာပဲ။ နဲ့ဆရာရယ်လို့ လူတစ်လုံး သူ
တစ်လုံးဖြစ်အောင် နှစ်ပေါင်းများစွာ ဆည်းပူးခဲ့ရတဲ့ ပညာပဲ။ နဲ့ဆရာဘဝက
မုန့်ဟင်းအိုး မီးထိုးရတဲ့ဘဝ 'ဟုပ်' ခနဲ ထိုးကျလာခဲ့တာကို အောက်တန်း
နောက်တန်းကျတယ် မထင်ခဲ့ပေမယ့် ဇာတ်စင်ကို ကျောခိုင်းခဲ့ရတာကိုတော့
တစ်ခါတစ်ခါ စိတ်မကောင်းဖြစ်ရတာတော့ အမှန်ပဲ။

သို့သော်လည်း သူ့ကံဇာတာက ဒုတက်ဘက်ကို ရောက်လာခဲ့တယ်

ဆိုတာကိုတော့ ကိုသာရှင်း သိတယ်။ သူ့ဘဝမှာ အိမ်နဲ့ရာနဲ့ တစ်ခါမှ မနေဖူးဘူး။ လူမှန်းသိကတည်းက အိုးပိုင်အိမ်ပိုင်ရယ်လို့ လေးတိုင်စင်တောင် ရှိခဲ့တာ မဟုတ်ဘူး။ ခုတော့ အိမ်စုတ်ကလေးကုပ်ကုပ် ဆိုဦးတော့ ဒါ သူ့အိမ်ပဲ။ မမဒေါင်းနဲ့ ညားမှတော့ မမဒေါင်းအိမ်ဟာ သူ့အိမ်ပဲ။ သည့်အတွက်တော့ သူ ဝမ်းသာတယ်။ လူဆိုတာ နေစရာရှိရမှာပေါ့။ စားစရာရှိရမှာပေါ့။ ဝတ်စရာရှိရမှာပေါ့။

မဒေါင်းနဲ့ အိမ်ထောင်မကျခင်ကလည်း လူတစ်ယောက်အနေနဲ့ သူ့မှာ ကိုယ်ပိုင်မဟုတ်ပေမယ့် နေစရာရှိခဲ့တာပဲ။ စားစရာရှိခဲ့တာပဲ။ ဝတ်စရာလည်း ထားပါတော့၊ အထိုက်အလျောက်တော့ တူတူတန်တန် ဝတ်ရတာပါပဲ။ ဒါပေမယ့် ဟိုတုန်းကတော့ ကိုယ့်ဘဝလေး ရပ်တည်ဖို့ သူတစ်ပါးကို ပေးဆပ်ရင်းက နေခဲ့ရတာ၊ စားခဲ့ရတာ၊ ဝတ်ခဲ့ရတာ။ အခုကတော့ ကိုယ်ပိုင် မိသားစုအတွက် လုပ်ရင်းကိုင်ရင်းက နေခဲ့ စားခဲ့ရတာ ဖြစ်ခဲ့ပြီ။ သည်နှစ်ချကြားမှာ အင်မတန်ခြားနားတဲ့ အဓိပ္ပာယ်တွေ ရှိနေခဲ့ပြီ။ ဒါတော့ ကိုသာရှင်း သိတာပေါ့။ လူပဲ။ မအူမလည်ဆိုပေမယ့် လူဆိုတာ သည်အကြောင်း သုံးပါးလောက်တော့ နားလည်တာချည်း မဟုတ်လား။ သည်တော့ တစ်ခါတစ်ခါ လွင့်တက်လာတဲ့ အနုပညာစိတ်ကလေးကို ချိုးထားရတာပါပဲ။ ပတ်သာ၊ ဗုံ၊ မောင်း၊ နဲ၊ ကြေးနင်းဆိုတဲ့ နရည်းစရာ ခြောက်ပါးအစုဟာ မဒေါင်းအိမ်မှာ ဘာအဓိပ္ပာယ်မှ မရှိတော့ဘူး။ သဘင်လေးပါးဖြစ်တဲ့ အနိမ့်သဘင်၊ အမြင့်သဘင်၊ အတီးသဘင်၊ အဆိုသဘင်တွေဟာ မဒေါင်းအိမ်မှာ ဘာသဘောမှ မဆောင်တော့ဘူး။ သိမ်မွေ့သော ပညာမျက်စိဖြင့် ရှုအပ်သောလို့ အနက်ရှိတဲ့ 'သုခုမ' ဟာ မဒေါင်းအိမ်မှာ တစ်လက်ဆွမ်းစာတောင် မရှိတော့ဘူး။

သည်လိုနဲ့ မဒေါင်းနဲ့ ကိုသာရှင်းတို့အိမ်ကလေးမှာ မနက်ခင်း ဖတ်သီဖတ်သီနဲ့ ဈေးကလေးထွက်ကြ။ နေ့ခင်း သီချင်းကလေး ညည်းလို့၊ နှံကလေးမွှတ်လို့၊ နေပျော်အောင်နေကြ။ ညနေခင်း မနက်ထွက်မယ့် ဆိုင်အတွက် ပြင်ကြဆင်ကြ၊ ဝယ်ကြခြမ်းကြ။ ညဦး ထမင်းကလေးစားပြီးတော့ ကိုသာရှင်းက သူ့ မမဒေါင်းကို ကုပ်ကြောကလေး ဆွဲရနဲ့ နေလာလိုက်တာ ငါးနှစ်ရှိပြီ။ ဘဝဟာ ထူးထူးခြားခြား ပြောင်းလဲသွားတာမျိုး မဟုတ်ပေမယ့် လုပ်လုပ်စားစားဆိုတဲ့ကြားက သောင်သောင်သာသာကလေး ရှိလာတယ်။ မဒေါင်းကလည်း ရွှေ[illegible]လေးနဲ့ ကိုသာရှင်းကတော့ ယောကျ်ားသားကိုး၊ ရိုးမား နာရီကြီးတစ်လုံး အပေါင်ခံရုံးက ရလိုက်တာကို ပြုံးပြုံးကြီးပတ်ရုံပေါ့။ မဒေါင်းက အလိုမကျ



လို့ ငေါက်ရင်တောင် 'ဂုဏ်မတူတာတောင် ပဏ္ဍာသလျက်ကနဲ့ ပုံယူကာ ဒေါင်းပမာ ပြလိုက်ချင်ရဲ့၊ ကောင်းပါစ မင်းနှုတ်သံ' ထင်သူဆိုတော့ ရိုးမားနာရီလေး ပတ်ရပြီးကတည်းက ကိုသာရှင်း နှစ်ဆတောင် လုပ်လိုက်သေး။ ဗျစ်တောက်ဗျစ်တောက် မလုပ်ပါနဲ့ မမဒေါင်းရယ်၊ မလိုသူတွေ ဝမ်းသာတာနဲ့ အိမ်လာဘ်တိတ်တာ အဖတ်တင်ပါ့မယ်လို့ကလည်း ပြောတတ်ရဲ့။

သို့သော်လည်း လူ့ဘဝဆိုတာကလည်း ဆန်းသားကလား။ မှန်ကင်းကထင်းဖြစ်ရတာတွေ၊ ဗုံလုံက ငါးပုံဖြစ်ရတာတွေဟာ ဆန်းမှတ်လို့။ လောကဓံ အကောင်းလေးပါး အဆိုးလေးပါးဟာ ဖြစ်ချင်သလိုဖြစ်တာ၊ ကြုံချင်သလိုကြုံရတာ မဟုတ်လား။ အခုလည်း မဒေါင်းတို့အိမ်ကို လူတစ်ယောက် ရောက်လာခဲ့တယ်။

ဘယ်သူရမလဲ အုပ်စုံပေါ့။ အပျိုတော် မဒေါင်းဘဝ ရွာတစ်ရွာက ဇာတ်ကို အပ်လို့ ခေါ်လာခဲ့တဲ့ အုပ်စုံကို မဒေါင်းက တောင်းယူလိုက်တာ မှတ်မိကြမယ် ထင်ပါရဲ့။ သည်အုပ်စုံက အပျိုတော် မဒေါင်းနဲ့ ကိုသာရှင်း ညားတော့ ဆယ်နှစ်သားလောက် ရှိပါပြီ။ မဒေါင်း ညီမတစ်ယောက်ဆီမှာ ထားတာပါပဲ။ ကိုသာရှင်းနဲ့ မဒေါင်း ဇာတ်ထဲမလိုက်တော့ဘဲ မုန့်ဟင်းခါးဆိုင်ကလေး ဖွင့်တဲ့အထိလည်း မဒေါင်းညီမနဲ့ အတူနေတာပါပဲ။ မဒေါင်းညီမကလည်း ပလူမွေး ပလူတောင်ကတည်းက မွေးလာတဲ့ ကလေး၊ သံယောဇဉ်တွေ ဖြစ်နေကြတာ ပါသလို မဒေါင်းကသာ ပြန်မယူရင် သူတို့ပဲ မွေးတော့မယ့်အထိ စိတ်ကူးကြပြီးသား။ ဒါပေမယ့် အုပ်စုံက ထင်သလို ဖြစ်မလာဘူး။ မဒေါင်းနဲ့ ကိုသာရှင်းကလည်း အုပ်စုံရှိတဲ့အိမ်ကို တစ်ပတ် တစ်ခေါက်တန်သည် နှစ်ခေါက်တန်သည် သွားကြပေမယ့် ချက်ချင်းကြီးတော့ ပြန်မခေါ်ဖြစ်ဘူး။ မခေါ်ချင်တာ မဟုတ်ပါဘူး။ မဒေါင်းက ခေါ်ချင်လိုက်တာမှ ရှလို့။ ကိုသာရှင်းကလည်း မဒေါင်းက မွေးတာလည်း မဟုတ်၊ သူက မွေးတာလည်း မဟုတ်ပေမယ့် မဒေါင်း မွေးစားသားဟာ သူ့မွေးစားသားပဲလို့ သဘောထားသူပါ။ အုပ်စုံကလေးသာ ရောက်လာရင် သူ တတ်ထားတဲ့ နှံပညာတောင် သင်ပေးမယ်လို့ စိတ်ကူးပြီးသားပါ။ ဒါပေမယ့် အုပ်စုံက လူပျိုပေါက်တစ်ပေါက် ဆယ့်ငါးနှစ်ဆယ့်ခြောက်နှစ်သား ရောက်လာပေမယ့် မလိမ္မာဘူး။ စာလည်း ဟုတ်တိပတ်တိ မသင်ချင်ဘူး။ မတတ်ကောင်း တတ်ကောင်းတွေ တတ်လာတဲ့အပြင် ပြဿနာပေါင်း သောင်းခြောက်ထောင်ပါ အိမ်သယ်လာတတ်လေတော့ မဒေါင်းညီမက ညည်းတို့ဟာ ညည်းတို့ ပြန်ယူတော့ လုပ်ပါရော။ သူတို့ခများလည်း

တတ်နိုင်သမျှ ကျွေးမွေးပဲ့ပြင်ရှိရှာကြပေမယ့် အုပ်စုံက သည်းမခံနိုင်လောက် အောင် ဖြစ်လာတော့ 'ရေဝေးတဲ့ ကြာပဒုံ မီးပုံလို့ တိုက်သည့်နှယ်၊ အရှိုက်မှာ ပူလှ၊ အမယ်လေး ရေယူလို့ လောင်းကြပါဦး' ဖြစ်လာခဲ့တယ်။

သည်လိုနဲ့ အုပ်စုံ မဒေါင်းတို့အိမ်ကို ရောက်လာတာပါပဲ။ မဒေါင်းက မွေးစားသားဆိုတော့ ဖြစ်သမျှ သူ့တာဝန်လို့ ခံယူရှာတယ်။ အလိုလိုက်ရှာ တယ်။ အပျိုတော်ဘဝက မြို့တော်ရင် နယ်တော်ရင်ကို ကန်တော့ပွဲ မ,မပြီး စတော်တိုက်ခဲ့တဲ့ မိန်းမက သည်မွေးစားသားကျတော့ လောကဓာတ် လူတို့ ဘောင်၊ အပူကောင် ဒုက္ခအေးတဲ့အောင်၊ သံပရာ စိန်ဖျော်လို့ပေးကြပါ၊ သေ ဆေးသာ သောက်လိုက်ချင်တော့ ဖြစ်လာခဲ့ပါပြီ။ ဒါပေမယ့် အုပ်စုံကလေးကို ချစ်ရှာတယ်၊ ကျွေးရှာတယ်၊ ဆင်ရှာတယ်။ ကိုသာရှင်းကို ဆင်ထားတဲ့ ရိုးမား နာရီကိုတောင် ပြန်ချွတ်ပြီး သူ့သား လူပျိုပေါက်ကို ဆင်တယ်။ သာရှင်းရယ် နင်က မနက် ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်ရင် ထလို့ရပါတယ်။ နာရီကောင်းလေး ငါ့သား ဆင်လိုက်ပါဆိုတော့ ဖြုတ်ပေးလိုက်ရတာကော။

ဒါပေမယ့် နောက်ထပ် ငါးနှစ်လောက်ကြာတဲ့အခါမှာတော့ မဒေါင်းတို့ အိမ်ဆိုင်ကလေးလည်း ဖြုခါပြာခါကျနေပါပြီ။ မဒေါင်းကလည်း ခြောက်ဆယ် စွန်းပြီ။ သာရှင်းကလည်း ဘယ်ငယ်တော့မလဲ။ ရှာသမျှပိုက်ဆံကလည်း အုပ်စုံ ဂျင်ထိုးတာနဲ့၊ ဖဲရိုက်တာနဲ့၊ လူရိုက်လာလို့ လျော်ရတာနဲ့၊ သုံးစွဲဖို့ ရှာကြွေးပေး ရတာနဲ့၊ မသိအောင် ခိုးတာနဲ့ မဒေါင်းအပျိုတော်ဘဝက အမြတ်တနိုးဝတ်တဲ့ အပျိုတော် နတ်ဝတ် နတ်စားတောင် မရှိတော့ဘူး။ ကိုသာရှင်းရဲ့ နဲ့ကလည်း ဘာသားမို့တုန်း။ မဒေါင်းဆင်ထားတဲ့ ရိုးမားနာရီကလည်း ပြုတ်ပြီ။ မဒေါင်း ကတော့ အကုသိုလ်ကို နှစ်ပေါင်းနှစ်ဆယ်တောင် မွေးယူခဲ့ရပါပကောရယ်လို့ ယူကျုံးမရ ဖြစ်ပေမယ့် အုပ်စုံမှ အုပ်စုံ ဖြစ်နေတော့လည်း အုပ်စုံကလည်း ကန်းတက်တော့တာပါပဲ။ ဆိုးတဲ့သားသမီး ပိုချစ်ရ ထင်ပါရဲ့။

သည်လိုနဲ့ မဒေါင်း အသက်ခြောက်ဆယ့်ငါးနှစ်၊ အုပ်စုံ အသက် အစိတ်မှာ သည်အိမ်မှာ လူနှစ်ယောက် တိုးပြန်တယ်။ အုပ်စုံယူလာတဲ့ မိန်းမ က ကလေးတစ်ယောက် ပါလာသေးတာကိုး။ မဒေါင်းကလည်း ဖြစ်လာမှတော့ ဖြစ်သမျှအကြောင်း အကောင်းအောက်မေ့ရတော့တာပါပဲ။ ကျွေးပေါ့။ ကိုသာရှင်း ကတော့ ရိုးမားနာရီ ဖြုတ်ခံရပြီးမှ အလုပ်ကို လေးဆပိုလုပ်နေရပြီ။

ဒါပေသိ မဒေါင်း မုန့်ဟင်းခါးဆိုင်က လူတွေ တအုံးအုံးနဲ့ ရောင်း ကောင်းလှချည့်ဆိုတဲ့ ဆိုင်မှ မဟုတ်တာပဲ။ ဆိုင်ကြီး ကနားကြီးမှာ ဝင်မထိုင်



င်သူတွေက တစ်လုတ် တစ်ဆုပ်စားတဲ့ ဆိုင်ဆိုတော့ အမြတ်ဆိုတာလည်း ည်မည်ရရ ကျန်တာ မဟုတ်ဘူး။ မုန့်များ ကျန်တဲ့နေ့ အရင်းတောင် မကျေ င်တာရှိသေး။ အုပ်စုံက ကလေးတစ်ယောက်ပါတဲ့ မိန်းမ ယူသာထားပေမယ့် လုပ်ရယ်လို့ စိတ်တောင် ကူးတာ မဟုတ်ဘူး။ မအေအိုကြီးအိုမ ရန်ရှာ၊ ားမယား ရန်ရှာလုပ်ရင်းက အနိုင်ကျင့်စားနေတာဆိုတော့ ကိုသာရှင်း သူ့ တ်ခုံကို သူလွှမ်းပြီ။ ဒါပေမယ့် ချက်ချင်း ထကူးလို့ ဖြစ်တာလည်းမဟုတ်။ ကြီးအိုမ မမဒေါင်းကို သည်အခြေရောက်မှလည်း မထားခဲ့ချင်ဘူး။ သည် တော့ လက်ပူတိုက်ထားတဲ့ သံပတ်စက်ရုပ်လို ချိုးချိုးချောက်ချောက် လုပ်နေ တော့တာပါပဲ။ သည်လိုနဲ့။

## (၅)

ဒေါင်း အသက် ခုနစ်ဆယ်၊ အုပ်စုံ အသက်သုံးဆယ်မှာ မဒေါင်း သေ ယ်။ ကိုသာရှင်းက ငါးဆယ်ကျော်ပြီ။

မီးကလေး မှိတ်တုတ်၊ အိမ်ကလေး ပလုတ်တုတ်ကို မဒေါင်းက အုပ်စုံ က်စက်သမျှ ဆတူအချိုးကျတဲ့ ချစ်ခြင်းမေတ္တာနဲ့ပဲ ရက်ကွက် လူကြီးစုံရာ ၍မှာ အုပ်စုံတို့သားအဖကို လွှဲပေးခဲ့တယ်။ လင် နဲ့သမားပောင်းကို မချစ်ခင် ို့လည်း မဟုတ်ရှာပါဘူး။ ပိုင်ဆိုင်မှု အရသာ အခုရှုပ်မှ နောင်ရှင်း လွှဲခဲ့ ပြောင်းခဲ့တာပေမယ့် သူ့တစ်သက်တော့ ကိုသာရှင်းလည်း နေပေါ့။ နေခွင့်ရှိ ပေါ့။ ဘာပဲဖြစ်ဖြစ် သူ မရှိရင်တော့ ကိုသာရှင်းက တစ်ကိုယ်ရေတစ်ကာယ မင်းတစ်လုတ်တော့ ထင်းခုတ်စားဦးတော့ ဖြစ်တယ်။ အုပ်စုံတို့ မီသားစုတွေ းစရာမရှိတာထက် နေစရာမရှိတာက ရုပ်ပျက်ချေရဲ့ဆိုတဲ့စိတ်နဲ့ ပေးခဲ့တာ ။ ကိုသာရှင်းကတော့ အတွင်းပစ္စည်းယူပါလို့တော့ ပြောခဲ့ရှာရဲ့။ အတွင်း ည်းဆိုလို့ ရှာကြည့်တော့ ရိုးမားနာရီ အပေါင်ဆုံးတစ်လုံး မဒေါင်းသေတ္တာ က တွေ့တာပဲရှိတာပဲ။ ရိုးမားနာရီ မရှိကတည်းက နာရီမပတ်ရတဲ့ ကိုသာရှင်း၊ းမားနာရီတစ်လုံးတော့ ပြန်ရလိုက်တယ် ပြောပါတော့။ ကျေနပ်ပါတယ်။ ့မှာ နေစရာအိမ်ရှိတယ်။ လုပ်ရင် စားရမယ်။ ပြီးတော့ ရိုးမားနာရီတစ်လုံး ည်း ရှိနေပြီ။

ဒါပေမယ့် ထင်သလို ဖြစ်မလာခဲ့ဘူး။ ဓာတ်ထဲမှာ လက်ဖက်ရည်တိုက် ခဲ့တဲ့ လင်နဲ့ ရုပ်ကွက်ကပေးလိုက်လို့ ကောက်မွေးစားရတဲ့ သားဟာ သွား လသူ မဒေါင်းထင်သလို မဖြစ်ခဲ့ဘူး။ မဒေါင်းသေပြီး တစ်နှစ်တန်သည်၊

နှစ်နှစ်တန်သည်ကတော့ လှည့်ကာပဲ့ကာ အတူနေကြပါသေးတယ်။ သည်အချိန်
မှာတော့ ကိုသာရှင်းက မုန့်ဟင်းခါးဆိုင် မဟုတ်တော့ပါဘူး။ ရပ်ကွက်ထဲမှာ
ကင်းစောင့်နေရပြီ။ အုပ်စုံတို့ကလည်း တစ်ဝမ်းတစ်ခါးတော့ ထမလုပ်ရင် မစား
ရတော့တဲ့ အခြေအနေ ဆိုက်လာတော့ ကြုံရာကျပန်းလုပ်ရင်း ဝမ်းကျောင်း
ကြပြီ။ ဒုက္ခပေးစရာ၊ ထမင်းဝင်နိုက်စရာ မအေကလည်း မရှိလေတော့ ထန်း
သမားစားဖို့ ထန်းနို့ ထွက်ရပြီ။

ပြောကြကြေးဆိုရင် ကိုသာရှင်းနဲ့ အုပ်စုံကလည်း သွေးရင်းကြတာ
မဟုတ်သလို သည်အိမ်ကလေးမှာ ကိုယ့်အကြောင်းနဲ့ကိုယ် လာစုကြတဲ့ ညည်းသည်
နှစ်ယောက်လို ဖြစ်နေကြသူတွေဆိုတော့ တစ်ယောက်ကိုတစ်ယောက် ကျေ
ကပ် ရင်ကပ် ရှိစရာ မလိုဘူးကိုး။ မဒေါင်း ငုတ်တုတ်ရှိမှ အဖေလိုလို သား
လိုလို တော်ချင်တော်ဖို့ရှိတာဆိုတော့ စိမ်းမယ်ဆိုလည်း စိမ်းစရာပေါ့။ ပြဿနာ
က အိမ်ပေါ်မှာ ဖြစ်နေကြတာပါ။ တစ်ယောက်က မယားကပါတဲ့အိမ်၊ တစ်
ယောက်က မအေကပါတဲ့ အိမ်။ တစ်ယောက်က လူကြီးစုံရာနဲ့ လွဲလို့ ပိုင်ဆိုင်
ခွင့်ရပြီး၊ တစ်ယောက်က တစ်သက်တော့ သည်အိမ်မှာ နေခွင့်ရှိစေလို့ သဘောတူ
အခွင့်ရထားတဲ့သူ။

နောက်ဆုံးတော့ ကိုသာရှင်းသာ ပါလာတဲ့ နှံတစ်လက် သည်အိမ်မှာ
ပျောက်ခဲ့ရပြီး၊ သူ မျှော်မှန်းမထားတဲ့ ရိုးမားနာရီတစ်လုံး လက်ပတ်ပြီး အိမ်
ပေါ်က ဆင်းခဲ့ရတယ်။ အုပ်စုံက ဆင်းတော့လို့ မောင်းမချပေမယ့် ဘယ်လို
မှကို နေလို့မဖြစ်တော့ ဆင်းလာတာ ကောင်းပေရဲ့ဆိုပြီး ဆင်းလာတာပါပဲ။
တခြားလည်း သွားခိုစရာမရှိတော့ ကင်းတဲပေါ့။ ဘာကို ကြောက်ရလို့ ဘာကို
စောင့်နေမှန်းမသိတဲ့ ကင်းတဲကြီးမှာ ကိုသာရှင်း စိတ်ချမ်းသာတယ်။ ကင်းတဲ
ကတော့ သူ့အိမ်ကိုး။

(၆)

ညဘက်ကျရင် ကိုသာရှင်း ကင်းလှည့်ပြီ။ လက်ထဲမှာ ဝါးခလောက်တစ်လုံး
ဝါးနှစ်တုတ်တစ်ချောင်းကိုင်လို့။ ဝါးခလောက်က ကျွန်းသားကို လက်သမား
အပ်ပြီး ထိပ်ထူထူ ခေါင်ပါးပါး ဖောက်ခိုင်းထားတာပါ။ ထိပ်ထူ ခေါင်ပါး
အဝေးကြား ဆိုသကိုး။ ညကျရင် တစ်ရပ်ကွက်လုံး ရှစ်စပ်ထွန်များ ငင်သလို
လျှောက်ရင်း ဝါးခေါက်သံကလေး ပေးနေကျ။



"အိပ်ကြရော့ဗျို့၊ မီးတွေ ငြိမ်းရော့ဗျို့၊ ဘုရားမီး အမွှေးတိုင် ခြင်ဆေး
တိုင်များ သိမ်းကြရော့ဗျို့"

ပါးစပ်ကအော်ရင်း ဝါးခေါက်သံ တတောက်တောက်နဲ့ သူ ကင်းလှည့်
နေကြောင်း အသံပေးတတ်တယ်။ စကားလုံးတွေကတော့ ရှော့ရှော့ရှုရှု ထွက်
လာတာ ဘယ်ဟုတ်ပါ့မလဲ။ ထစ်ထစ်ဆိုင်းဆိုင်းပေါ့။

တစ်ခါတစ်ခါတော့ နှံကလေး တစ်လက်ရှိရင် ကောင်းမှာလို့ ချင်ခြင်း
ဖြစ်မိတယ်။ ရပ်ကွက်လူကြီးတွေ ပူဆာတော့လည်း ဘယ့်နှယ်ကွာ ကင်းသမား
က နှံမှုတ်နေလို့ ဘယ်ဖြစ်ပါ့မလဲလို့ ပြောကြတော့ ကိုယ်ပိုင်ကလေး တစ်လက်
ဆိုပြီး မြစ်စောင်းထိပ် ဆောင့်ကြောင့်ထိုင်မှုတ်ချင်သေးတာကလား။ သူ့နားထဲ
တစ်ခါတလေ ဆိုင်းသံတွေ ကြားနေတတ်တယ်။ မမဒေါင်းက ကန်တော့ပွဲကြီး
ပင့်ပင့်ပြီး ကနေတာလည်း စိတ်ထဲ အောက်မေ့ရဲ့။ သည်အခါမျိုးမှာ သူ့ နှံသံ
ကလည်း မြည်လိုက်၊ ပီလိုက်သမှ။ တွယ်နဲ့ဆိုပေမယ့် သူအပိုင်ရတဲ့ ခွင်ကိုး။

ကိုသာရှင်း မဒေါင်းကို စိတ်မနာပါဘူး။ သူ့ဘဝတစ်လျှောက်လုံး အိမ်
မယ်လို့ ရှိခဲ့တာ မဟုတ်ဘူး။ ခုကစလို့ နောင်လည်း ရှိစရာအကြောင်းမရှိဘူး။
ဒါပေမယ့် မဒေါင်းကြောင့် သူ့ဘဝမှာ ခဏတစ်ဖြုတ်ဆိုသလိုတော့ အိမ်ပိုင်
ရှင်ပိုင် ဘဝနဲ့ နေခဲ့ရတယ် မဟုတ်လား။ မဒေါင်းက သူ့ပေးချင်သူကို ကျေကျေ
အပ်နှပ် ပေးခဲ့တာကိုလည်း သူ မဥပဒ်ပါဘူး။ ဘယ်တတ်နိုင်မလဲ။ ဘယ်လောက်
ဆိုတောင်လဲဆိုရင် ဘုရားမှာ နောင်ဘဝအတွက် ဆုတောင်းတာတောင် အိမ်ပိုင်
ယာပိုင်ဘဝ ရပါလို၏ ဆုတောင်းတာ မဟုတ်ဘူး။ နှံသမားဖြစ်ဖို့ ဆုတောင်း
တာ၊ အဲသလောက်။

"အိပ်ကြရော့ဗျို့၊ မီးတွေငြိမ်းကြရော့ဗျို့၊ ဘုရားမီး အမွှေးတိုင် ခြင်ဆေး
တိုင်များ သိမ်းကြရော့ဗျို့"

[ရွှေအမြုတေမဂ္ဂဇင်း၊ မတ်လ၊ ၂၀၀၆]

## သေရည် ဖောက်ကားသူများ

## (၁)

"အရှင့်အမိန့်တော်အတိုင်း နေ့ဗွန်းတီမ်းချိန်ကပင် မုဆိုး သုရာနှင့် ရသေ့ ဝရုဏ
တို့အား ဦးလည်ကိုဖြတ်၍ ကွပ်မျက်ပြီးပါပြီ အရှင်"

အရှင့် အမိန့်တော်အတိုင်းတဲ့လား။ ထိုစကားသည်ပင် ကျွန်ုပ်၏ နှလုံ
သည်းပွတ်အား ဆုပ်ခြေလိုက်သကဲ့သို့ ရှိ၏။ သာဝတ္ထိ၏ ရက်စက် ခါးသီးသော
ဤဖြစ်ရပ်သည် ကျွန်ုပ် သဗ္ဗမိတ္တ သက်ဦးဆံပိုင် ဧကရာဇ်၏ ရာဇဝင်၌ ကြီးစွာ
သော စွန်းထင်မှု တစ်ရပ်အဖြစ် တည်ရှိ ကျန်ရစ်နေပေလိမ့်မည်။ ကျွန်ုပ်၏
လက်တွင်းမှ ဆုပ်ကိုင်ထားသော ရွှေခွက်အတွင်းမှ ကျွန်ုပ် ဆေးဝါးအဖြစ် မှီ
နေကျဖြစ်သော မဟာ ဩသဓ ဆေးရည်တို့သည်ပင်လျှင် တင်လျှောက်ချက်
စကားကြောင့် ဝသတိုင်းဖြစ် ပိုးချည် ဝတ်လဲတော်ပေါ်သို့ ဖိတ်စဉ်ကျသွား
သည်အထိ ထိတ်လန့် တုန်လှုပ်သွားမိပေသည်။

တဆတ်ဆတ် တုန်ရီနေသော လက်မှ ရေခွက်ကို ရတနာ ကျောက်
ပန်းတင်ခုံပေါ်သို့ လှမ်းတင်ရင်း ကျွန်ုပ်စံရာ တဲမဏ္ဍပ်မှ ရှေ့ဆီသို့ မျှော်ကြည့်
လိုက်သောအခါ မြင်ကွင်းထဲ၌ မီးခိုးငွေ့ တလူလူအဖြစ်သာ ကျန်ရှိနေသော
မီးဖိုဟောင်းများကိုသာ မြင်နေရ၏။ အတန်ငယ် ပူပြင်းစပြုနေပြီ ဖြစ်သော
နေရောင်ခြည်အောက်၌ ဖြစ်ရပ်အားလုံးသည် မီးခိုးငွေ့များအဖြစ်သာ ရှိတော့
သည်ဟုသာ ဆိုရတော့မည်လား။ မြန်ဆန်လှသော ဖြစ်ရပ်၏ နောက်ဆွယ်၌
နောင်တဟု ဆိုနိုင်သော လောကဖြစ်စဉ် တစ်ရပ်သည်သာ ပကတိ ကျန်ရှိနေ
...သည်။



မြေပြင်ပေါ်၌ ကျရောက်နေသည့် သေရည်၏ **အမြှုပ်တဖွေးဖွေး**ကို ကျွန်ုပ်
...ည် သံဝေဂကြီးစွာ ငေးမောနေမိသေး၏။

"မုဆိုး သုရာနှင့် ဝရုဏရသေ့တို့သည် ကွပ်မျက်**အုံ့ဆဲဆဲ၌**ပင်လျှင် အရှင်
...င်းကြီးအား သေရည်ကား ချိုမြိန်၏ဟု အကြိမ်ကြိမ် **အထပ်ထပ် မှာ**ကြားခဲ့
...ါသေးသည် အရှင်"

သေရည်ကား အလွန်ချိုမြိန်၏။ သေရည်ကား အလွန်ချိုမြိန်၏။ သူ
...တ် မင်းချင်း၏နှုတ်မှ တင်လျှောက်ချက်များကသာ လွမ်းခြုံနေတော့၏။
...ယာင်းသော သစ်စ၌ စူးနစ်အပ်သော မယ်နတစ်ချောင်းလို ကျွန်ုပ်၏ နားစည်ဝ
ထိုအသံသည် လှိုင်းတံပိုးသဖွယ် တဝုန်းဝုန်း ရိုက်ခတ်နေလေသည်။

မုဆိုး သုရာနှင့် ရသေ့ ဝရုဏ။ မုဆိုး သုရာ၏ အဝတ်မဲ့ကိုယ်ခန္ဓာပေါ်မှ
...းရေးမင်ကြောင်တို့ကို လည်းကောင်း၊ မဖြီးမသင်ဘဲ နှစ်ကာလကြာရှည်
ပစ်ထားဟန်ရှိသော မုတ်ဆိတ်ကျင်စွယ်နှင့် ရှည်လျားသော ဆံစများကို
...ည်းကောင်း ကြေးမုံ၌ ထင်အပ်သော အရိပ်ကဲ့သို့ ကျွန်ုပ် မြင်ယောင်နေမိ
...းသည်။

ထိုနေ့က ဆောင်းနှောင်းရာသီ၏ နေ့တစ်နေ့မှာပင် ဖြစ်သည်။ သာဝတ္ထိ
...းရင်ပြင်သည် ထွက်သစ်စ နေရောင်ခြည်အောက်၌ ရွှေရောင်၊ ငွေရောင်၊
...ွမြားရောင်တို့ဖြင့် ပြိုးပြက်လျက်ရှိ၏။ သာဝတ္ထိ နံနက်သည် ခါတိုင်းထက်
ထူးခြားနေကာ ကျွန်ုပ်၏ သဗ္ဗမိတ္တ ဘုရင်ဧကရာဇ်၏ အသရေတော်ကို
ဖြည့်လောင်းနေဟန် သာတောင့်သာမော ရှိနေချိန်လည်း ဖြစ်လေသည်။
...ိယာ ငါးပါးတီးမှုတ်သံ၊ ဂီတ သီချင်းသံ ကျူးသံ၊ ကျောက်စည် ကျောက်
...င်းများ ထိုးသံဖြင့် ထုံမွှမ်းအပ်သော ထိုနံနက်မှာပင် သာဝတ္ထိသို့ တိုင်း
...ပါးမှ ဧည့်သည်တော်နှစ်ဦး ရောက်ရှိလာသည်။ ကျွန်ုပ်၏ နန်းရင်ပြင်၌
...တရက် ရောက်ရှိလာသော ထိုဧည့်သည်တော်နှစ်ဦးကြောင့် ကျွန်ုပ် အပါအဝင်
...းရင်ပြင်တစ်ခုလုံး ရုတ်ချည်း ငြိမ်သက် တိတ်ဆိတ်သွားလေသည်။

ကျက်သရေမဲ့သော ဒွန်းစဏ္ဍားတို့၏ အဆင်အသွေးဖြင့် ရောက်ရှိလာ
...ာ ဧည့်သည်တော်နှစ်ဦးကား ကြောက်ရွံ့ခြင်း အလျဉ်းကင်းသည့် ကျေးတော
...းများပမာ နန်းရင်ပြင်ကိုပင် ပမာမခန့်သော အမူအရာများဖြင့် ပုဆစ်တုပ်
...က် ရှိလေ၏။ အတန်ငယ် မြင့်မားသော ရာဇပလ္လင်ပေါ်မှ မြင်ရသော
...ည့်သည်တော် နှစ်ဦးစလုံးကား လုံးဝန်းသော အိုးစရည်းငယ် ပမာဏရှိသော
...ဗိုက်ကိုယ်စီဖြင့် မူးယစ်နေဟန် ရှိလေသည်။ ရှည်လျားသော မုတ်ဆိတ်

ကျင်စွယ်တို့ဖြင့် လည်းကောင်း၊ နံဟောင်ပုပ်အဲ့သော ကိုယ်နံ့များဖြင့် လည်းကောင်း၊ စုတ်ပြတ်သော သင်တိုင်းခြုံထည်တို့ဖြင့် လည်းကောင်း၊ နှုတ်ခံတွင်းမှ မပြတ်ထွက်လာလျက်ရှိသော ချဉ်စူးစူး အနံ့အသက်များကို လည်းကောင်း ကျွန်ုပ် ခံစားတွေ့မြင်နေရသည်။

"ရှင်မင်းမြတ် ရွှေတော်သို့ ဝင်ရောက်ရန် ခွင့်တောင်းလာသည့် ပုဂ္ဂိုလ်များ ဖြစ်ပါသည် အရှင်။ သာဝတ္ထိ၏ ကောင်းသော ဧည့်သည်တော်များဟု တင်လျှောက်ကြားပါရန်လည်း အကြိမ်ကြိမ် ဆိုခဲ့ပါသည်။ သာဝတ္ထိ၏ ဧည့်သည်တော် နှစ်ဦးအား အရှင့်ရွှေတော်သို့ ပို့ဆောင်အပ်ပါသည် အရှင်"

နန်းရင်ပြင်တစ်ခုလုံးမှ မျက်လုံးပေါင်းများစွာက သာဝတ္ထိ၏ ဧည့်သည်တော်များဆိုသူတို့၏ ကိုယ်ခန္ဓာပေါ်သို့ ကျရောက်နေကြလေသည်။ အရော အသွေး မှေးမှိန်လှသော ဧည့်သည်တော်များ၏ ပြင်းထန်သော အသက်ရှူ ကိုပင် ကျွန်ုပ် ကြားနေရပေသည်။

"သင်တို့ကား အသူတို့နည်း၊ လျှောက်တင်လော့"

ညစ်နွမ်းသော သင်တိုင်းကို ရုံလျက် ဖရိုဖရဲနိုင်လှသော ရသေ့နှင့် သူက မည်သည့် စကားကိုမျှမဆိုဘဲ ရပ်ရည် လွန်စွာ ကြမ်းတမ်းလှသော ညို မျက်လုံးပိုင်ရှင်က အက်ကွဲ ကြမ်းတမ်းသောအသံဖြင့် လျှောက်တင်လေသည်

"အရှင်မင်းကြီး ကျွန်တော်မျိုးကား မုဆိုးသုရာဖြစ်၍ သူကား ဝရု ရသေ့တည်း"

သည်တစ်ကြိမ် တုန်လှုပ်ချောက်ချားရသူမှာ ကျွန်ုပ်ကိုယ်တိုင်ပင် ဖြ လေသည်။ သုရာနှင့် ဝရုဏ၊ သုရာနှင့် ဝရုဏ။

သင်းတို့၏ အမည်နာမကို ကျွန်ုပ် ကြားဖူးခဲ့သည်မှာ ကြာခဲ့လေ ဟိမဝန္တာအရပ်မှ တစ်ခုသော သစ်ပင်ကို အမှီပြု၍ ရရှိအပ်သော သေရည် ကို ဆောင်ကြဉ်းပြီးလျှင် မစ္ဆရာဇ်မြို့၊ ဗာရာဏသီမြို့၊ သာကေတမြို့များ လှည့်လည် ရောင်းချရင်း အသက်မွေးဝမ်းကျောင်းသူ သေရည်ဖောက်ကား များပေတကား။

ထိုသေရည်ကြောင့်ပင်လျှင် တိုင်းကားမြို့ရွာ ပြည်ရွာ ပျက်သုဉ်း သေရည်နှင့် ယစ်ကုန်သော ပြည်သူတို့၏ အနိဋ္ဌာရုံ သတင်းစကားများကို ကျွ ကြားဖူးပြီးလည်း ဖြစ်လေသည်။ ယခုလည်း သာဝတ္ထိသို့ ရောက်ရှိလာခဲ့ ချေပြီတကား။





"သုရာနှင့် ဝရုဏ၊ သင်တို့၏ သတင်းစကားများကို ငါ ကြားဖူးပြီ ၏။ သင်တို့ ဆောင်ကြဉ်းရာ သေရည်သည် လည်းကောင်း၊ သင်တို့ ချက် ပ်ရာ သေရည်သည် လည်းကောင်း ပြည်သူတို့အား ပျက်စီးစေသည် မဟုတ် လော။ သင်တို့ ရောက်လေရာ တိုင်းပြည်တို့မှ သင်တို့အား ရိုက်ပုတ် ညှဉ်းဆဲ နယ်နှင်ခဲ့သည်ချည်း မဟုတ်လော။ သဗ္ဗမိတ္တဘုရင်မင်းမြတ် စံတော်မူရာ ဝတ္ထိအား ပျက်စီးစေရန် ကြံရွယ်သလော"

"မြတ်သော မင်းကြီး၊ သေရည်ကား ချိုမြိန်၏။ မြင့်မြတ်သော သေရည် အာနိသင်ကို ဆက်သရန် ကျွန်တော်မျိုးများ ရောက်ရှိလာခြင်း ဖြစ်၏။ မဝန္တာအရပ်၌ရှိသော တစ်ခုသော ခက်မသုံးဖြာရှိရာ သစ်ပင်အခေါင်းမှ မိုးရေ တ်ချို၊ သျှိသျှား၊ သဖန်းခါးနှင့် သလေးဆန်တို့ကို အမှီပြု၍ အနီရောင် ဆင်းရှိသော သေရည်သည် အလိုအလျောက်ဖြစ်၏။

"သေရည်ကား နှုတ်ခံတွင်းကို ကောင်းစေ၏။ လန်းဆန်း တက်ကြွ ၏။ ရဲရင့် ဖျတ်လတ်စေ၏။ အလွန်ထူးခြား ဆန်းကြယ်သော အာရုံခံစားမှု ဖြင့် ရဲရင့်သော ခြင်္သေ့ကဲ့သို့ လည်းကောင်း၊ တွန်က,တတ်သော စာမရီငှက် သို့ လည်းကောင်း ဖြစ်စေ၏။ ထိုသေရည်အား ချက်လုပ်စေလျက် အရှင် မြတ်နှင့်တကွ သာဝတ္ထိပြည်သူတို့အား ဆက်သရန် ကျွန်တော်မျိုးများ ရောက် လာခြင်း ဖြစ်၏။ ထူးကဲ ချိုမြိန်သော သေရည်အား မှီဝဲခြင်းဖြင့် အရှင်၏ င်းနိုင်ငံကား မပျက်စီးနိုင်ပါ အရှင်"

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏ မသိစိတ်များက သုရာ၏ သေရည်အား တင်တခြင်းကြီးစွာ ငံ့လင့်နေမိသည်ကပင်လျှင် ထူးဆန်းနေတော့၏။ ပစ္စန္တရာဇ်၊ ရာဏသီ၊ သာကေတ စသည့် တိုင်းနိုင်ငံတို့၏ ပျက်သုဉ်းမှုကား အထိန်း ကွပ်မဲ့သော လွန်ကဲမှုများဖြင့် သေရည်၌သာ မွန်းနစ်နေကြခြင်း ဖြစ်တန်ရာ၊ ဝတ္ထိ၌ကား ကျွန်ုပ် သဗ္ဗမိတ္တ မင်းဧကရာဇ်၏ အထိန်းအကွပ်ဖြင့် မှီဝဲစေ ် သေရည်၏ ဆိုးကျိုးများ မကျရောက်နိုင်ဟု ကျွန်ုပ် တွက်ဆမိပေသည်။ ရည်၏ ကောင်းခြင်း၊ ဆိုးခြင်း အစွန်းနှစ်ပါးကို ထိန်းညှိ၍ မှီဝဲလျှင် ရနိုင် င်းအဲ့သည်ဟု ကျွန်ုပ်ကိုယ်တိုင် နှစ်သက် လိုလားစွာ ဆုံးဖြတ်ချက် ချမိ သည်။

"ကောင်းပြီ သုရာ၊ သင်တို့ ဘာကို အလိုရှိသနည်း"

"မင်းကြီး၊ သေရည်၏ အဆောက်အဦဖြစ်သော အမြစ်အခေါက်တို့ကို ်းကောင်း၊ သလေးမုန့်ညက်ကို လည်းကောင်း၊ အိုးစရည်းကြီး ငါးရာကို

လည်းကောင်း၊ ထင်းမီးထိုးသူ လူယောကျ်ား ငါးဆယ်အား လည်းကောင်
အလိုရှိ၏”

“ပြည့်စုံစေအံ့”

သာဝတ္ထိနန်းရင်ပြင်မှ တစ်ခဲနက်ထွက်လာသော တီးတိုးစကားသံတို့မှာ
တဝေါဝေါ မြည်ဟည်းလျက်ရှိ၏။ သုရာ၏ သေရည်ကား နံ့ချာလှသော သုရ
နှင့် ဝရုဏတို့၏ အမြိုက်ရေစင်ကား သာဝတ္ထိအား မည်ကဲ့သို့သော အနာဂတ်
ကို ဖော်ဆောင်လာမည်နည်း။ နန်းရင်ပြင်မှတစ်ဆင့် သုရာ၏ သေရည် သတင်
စကားသည် သာဝတ္ထိ၏ တိုင်းစွန် နယ်ဖျားထိ ပြင်းစွာ တိုက်ခတ်အပ်သေ
လေထုတွင်းမှ ပန်းဝတ်မှုန်များကဲ့သို့ ပျံ့နှံ့သွားလေသည်။

ဤသို့ဖြင့် အိုးစရည်းငါးရာဖြင့် ချက်လုပ်သော ထိုနေ့က ကျွန်ုပ်စံရ
ယာယီတဲမဏ္ဍပ်ရှေ့တွင် သာဝတ္ထိပြည်သူတို့ တစ်ခဲနက် တိုးဝှေ့လုငင်ရှိနေ
လေသည်။ ကျွန်ုပ်ကိုပင် ဂရုမထားနိုင်ကြဘဲ သေချက်ပွဲကို ကြီးစွာသော
လမ်းသဘင်ကို ရှုစားသကဲ့သို့ တွန်းထိုးတိုးငင် ရှိနေကြသည်။ သေရည်အိ
တို့မှ ဝေစီးကျလေသာ အမြှုပ်ဖွေးဖွေးသည် လည်းကောင်း၊ သေရည်၏ သင်း
သော ရနံ့သည် လည်းကောင်း၊ ချွေးတလုံးလုံးဖြင့် ချက်ပြုတ်နေကြသေ
သေရည်ချက်လုပ်သူများကို လည်းကောင်း၊ ပြေးလွှား ညွှန်ကြားနေသော သုရ
နှင့် ဝရုဏတို့ကို လည်းကောင်း သာဝတ္ထိပြည်သူတို့ အထူးအဆန်းဖြစ်လျ
ရှိလေသည်။ ကျွန်ုပ်မူကား ထိုမြင်ကွင်းများမှ ဝေးကင်းရာ ဥယျာဉ်တော်သ
ထွက်လာခဲ့သည်။ တစ်နေ့လုံးလုံး ဥယျာဉ်တော်၌နေရင်း ဆက်ကပ်လာမ
သေရည်ဦးကို မျှော်လင့်နေမိသေး၏။ ဥယျာဉ်တော်မှ အထွက်တွင်ကား ကျွ
မျှော်လင့်သော သုရာ ယမကာ မဟုတ်ဘဲ အလွန်တရာ စက်ဆုပ်ထိတ်လ
ဖွယ် ကောင်းသည့် လျှောက်တင်ချက်ကိုသာ ကျွန်ုပ် ကြားလိုက်ရလေသည

“အရှင်မင်းမြတ်၊ သုရာ ချက်လုပ်သော အိုးစရည်းငါးရာမှ ဝေစီးထ
လာသော သေရည်အမြှုပ်တို့ကို ကြွက်တို့၏ရန်မှ ကာကွယ်ရန် အစောင့်ထ
သော ကြောင်တို့ သောက်သုံးကြရာ အားလုံး သေဆုံးကုန်ကြောင်း သံတော်
တင်ပါသည် အရှင်၊ သုရာနှင့် ဝရုဏတို့၏ အလွန်ပြင်းထန်သော အဆိပ်ရ
များကြောင့် သာဝတ္ထိပြည်သူများ လွန်စွာ ချောက်ချားလျက် ရှိကြပါသည် အရှ

ဥယျာဉ်တော်စပ်မှ နန်းရင်ပြင်ရှေ့ ကွက်လပ်ကို လှမ်း၍ မမြင်နိုင်
မှိုင်းအောင်းကင်ပေါ်သို့ တငွေ့ငွေ့ တလူလူ တက်နေသော မီးခိုးငွေ့များကိုက



ခပ်ထွေးထွေး တွေ့နေရလေသည်။ အဆိပ်ရည်အိုးများမှ ထွက်နေသော အဆိပ်ငွေ့များ။

ကျွန်ုပ်၏ရင်မှ ကာလကြာမြင့်စွာက ငုံ့လျှိုးနေခဲ့သော ဒေါသတို့သည်လည်း မီးခိုးငွေ့များပမာ လူးလွန့်လာဆဲမှာပင် ကျွန်ုပ်၏နှုတ်မှ အမိန့်သည် ထွက်သွားခဲ့လေပြီ။

“အဆိပ်ကို ပြုသည်ဖြစ်အံ့၊ ဦးခေါင်းကို ဖြတ်၍ ကွပ်မျက်စေ”

ညဦးယံ၌ကား သုရာနှင့် ဝရုဏတို့၏ သတင်းသည် သူသတ်ကုန်းမှ သာဝတ္ထိနန်းတော်သို့ ကျက်သရေမဲ့စွာ ရောက်ရှိလာပြန်လေသည်။

“မုဆိုးသုရာနှင့် ဝရုဏတို့သည် ကွပ်မျက်အံ့ဆဲဆဲမှာပင် မင်းကြီးအား သေရည်ကား ချိုမြိန်၏ဟု မှာကြားလိုက်ပါသေးသည် အရှင်”

“ဆက်လက်၍ တင်လျှောက်ရန် ရှိပါသေးသည် အရှင်”

ပျံ့လွင့်နေသော စိတ်အစဉ်ကို လည်းကောင်း၊ တဒိတ်ဒိတ် တိုးလှုပ်နေသော နှလုံးခုန်သံကို လည်းကောင်း၊ ပကတိတည်ငြိမ်သွားရန် ကျွန်ုပ် ကြိုးစားနေစဉ်မှာပင်...

“အရှင်မင်းမြတ် သူသတ်ကုန်း၌ သုရာနှင့် ဝရုဏတို့ကို ကွပ်မျက်နေချိန်မှာပင် သေရည်အိုးများအနီး၌ လဲကျသေဆုံးနေသော ကြောင်တို့သည် ရှင်လန်းစွာ ထ၍ သေရည်အိုးမှ ဝေစီနေသော အမြှုပ်တို့ကို ချိုမြိန်သော အရသာရှိသကဲ့သို့ တစ်ဖန် သောက်သုံးကြပါသည် အရှင်”

“စင်စစ် ကြောင်တို့ကား သေဆုံးသည်မဟုတ်၊ သေဖြင့် မူးယစ်ခြင်းသာ ဖြစ်ရာ...”

ကျွန်ုပ်ကား လျှောက်တင်ချက်များကို မကြားနိုင်တော့ပြီ။ သာဝတ္ထိသို့ ရောက်လာသော ဧည့်သည်နှစ်ဦးကို လည်းကောင်း၊ သေရည်အိုးများကို လည်းကောင်း၊ သူသတ်ကုန်းကို လည်းကောင်း၊ မီးခိုးငွေ့များကို လည်းကောင်း ကျွန်ုပ် စိတ်ကာစဉ်ကာ မြင်ယောင်နေမိလေသည်။ သုရာနှင့် ဝရုဏကား မရှိတော့ပြီ။ သာဝတ္ထိအတွက် အိုးစရည်း ငါးရာကား ချက်လုပ်ပြီးသော သေရည်များဖြင့် အပြည့်။ သုရာ၏ ချိုမြိန်လှပါသည်ဆိုသော သေရည်များ။ ကျွန်ုပ်၏ နှုတ်ခမ်းများကား တလှုပ်လှုပ် တုန်နေလေသည်။

“ထီးဖြူလေးလက်ဖြင့် ဆင်ယင်အပ်သော ယာယီတဲ မဏ္ဍပ်၌ သေသောက်ပွဲ သဘင်ကို ကျင်းပအံ့။ နံနက်အရုဏ်၌ သေရည်ကို ငါ သောက်အံ့၊ စီစဉ်ကြပါဘိ”

## (၂)

ကျွန်ုပ်၏ သာဝတ္ထိ သေသောက်သဘင်ပွဲကား စည်ကားလှ၏။ ခမ်းနားစွာ ခင်းကျင်းပြင်ဆင်လျက် မင်းနှင့် ပြည်သူတို့အတွက် သီးသန့်နေရာများ စီစဉ်ထားရှိကာ သာဝတ္ထိ၏ ပထမဦးဆုံးသော သေသောက်ပွဲကို ကျင်းပခြင်း ဖြစ်၏။ ကျွန်ုပ်၏ ရှေ့ရှိ ရတ်နာခြယ် ပန်းတင်ခုံပေါ်တွင် ကျွန်ုပ် ဆေးဝါးအဖြစ် မှီဝဲနေကျ မဟာဩသဓဆေးရည်အစား သေရည်ခွက်ကို အသင့်တင်ထားကာ ကျွန်ုပ်ထွက်တော်မူရာ မင်းလမ်းတစ်လျှောက်တွင်လည်း သေရည်ခွက်များ စီကာစဉ်ကာ ရှိနေလေသည်။ ဟင်္သာပြဒါးရောင် တဖျပ်ဖျပ် လက်ပလျက်ရှိသော သေရည်၏ အရောင်သည်ပင် သောက်ချင်စဖွယ် ကောင်းလှသော်လည်း သုရာနှင့် ဝရုဏတို့၏ သွေးများပေလော။ ကျွန်ုပ် တွေးနေမိသေး၏။ မည်သို့ပင်ဖြစ်စေ အကျည်းတန်လှသော ဖြစ်ရပ်တို့ကား အတိတ်တို့၌ ကျန်ရစ်ခဲ့ပြီ။ ရာပေါင်းများစွာသော ပရိသတ်သည် ကျွန်ုပ်အား ငံ့လင့်နေကြလေပြီ မဟုတ်လော။ သာဝတ္ထိ၏ ပထမဦးဆုံး သေရည်ကို လက်လှမ်းလိုက်သော ကျွန်ုပ်လက်သည်ပင် ထူးထူးခြားခြား တုန်ရီလျက် ရှိ၏။ မွှေးပျံ့သော သေရည်၏ ရနံ့။ ရွှေခွက်အတွင်းမှ သေရည်ကို သောက်အံ့မူးမူး အချိန်လေးမှာပင် ဖြစ်၏။

ကျွန်ုပ်၏ ရှေ့ကောင်းကင်၌ တည်ငြိမ်စွာ တည်ရှိသော အခြင်းအရာတစ်ခုသည် ဝင်းပလျက် ပြိုးပြက်သောအရောင်များ ထွက်ပေါ်လျက်ရှိ၏။ ထိုအခြင်းအရာသည် လွန်မင်းစွာ တောက်ပလျက်ရှိသော အရောင်အဝါများကြားမှ တဖြည်းဖြည်း ကျွန်ုပ်ရှိရာသို့ ဆင်းသက်လာကာ ကျွန်ုပ်ရှေ့ရှိ သင့်တင့်လျောက်ပတ်သော နေရာတစ်ခု၌ တည်ငြိမ်စွာ ရပ်တည်နေလေသည်။

"ပုဏ္ဏား၊ သင်ကား မည်သူနည်း။ မည်သည့်အရပ်မှ လာသနည်း။ ကောင်းကင်၌ ရပ်တည်နိုင်စွမ်းသော သင်သည် ညဉ့်၌ ထွန်းပသော လကဲ့သို့လည်းကောင်း၊ သတေရိတ မည်သော လျှပ်စစ်ကဲ့သို့ လည်းကောင်း အရောင်အဝါသည် ရှိ၏။ သင်သည် ကောင်းကင်၌ ရပ်လည်းရပ်၏။ သွားလည်းသွား၏။ သင်၏ လက်တွင်း၌ ကိုင်ထားသော အိုးကား အဘယ်အိုးနည်း။ ဖြေလော့ ပုဏ္ဏား"

"နသပ္ပိကုမ္ဘော၊ နာပိ တေလကုမ္ဘော၊ ဖာဏိတဿ မဓုရဿ ကုမ္ဘော၊ ကုမ္ဘဿ ဝဇ္ဇာနိ အနပ္ပကာနိ ဒေါသေဗဟူ ကုမ္ဘဝတေ သုဏာထ"

မဟာရာဇ၊ မြတ်သောမင်းကြီး။ အယံ၊ ဤအိုးသည်။ နသပ္ပိ

ကုမ္ဘော၊ ထောပတ်အိုးလည်း မဟုတ်။ နာပိတေလကုမ္ဘော၊ ဆီအိုး



လည်း မဟုတ်။ ဖာဏိတဿ၊ တင်လဲ၏။ ကုမ္ဘော၊ အိုးသည်။

န၊ မဟုတ်။ မဓုရဿ၊ ပျား၏။ ကုမ္ဘော၊ အိုးသည်။ န၊ မဟုတ်။

ကုမ္ဘဿ၊ အိုး၏။ ဝဇ္ဇာနိ၊ အပြစ်တို့သည်။ အနပ္ပကာနိ၊ များစွာ၏။

ဗဟူ၊ များစွာကုန်သော။ ကုမ္ဘဝတေ၊ အိုး၌ ဖြစ်ကုန်သော။ ဒေါသ၊

အပြစ်တို့ကို။ သုဏာထ၊ နာကုန်လော့။

ပုဏ္ဏား၏ ကြည်လင်သော အသံသည် တိုးလျစွာ ဆိုလင့်ကစား မင်းပရိသတ်အားလုံး ကြားနိုင်ပေသည်။ ကျွန်ုပ်အပါအဝင် သာဝတ္ထိ ပြည်သူတို့ကား အိုးငယ်တစ်လုံးဖြင့် ကောင်းကင်မှ ကျရောက်လာသော ပုဏ္ဏားကိုသာ အာရုံ စူးစိုက်လျက် ရှိသဖြင့် နန်းရင်ပြင်သည် ပကတိ ဆိတ်ငြိမ်လျက် ရှိလေသည်။

"မင်းကြီး၊ ဤအိုးကို ဝယ်လိုသလော။ ဤအိုးအတွင်းမှ သေရည်ကို သောက်၍ ဖြစ်လာအံ့သော အပြစ်တို့ကား များလှစွာ၏။ သင် မသိသလော"

"ပုဏ္ဏား၊ ငါ မဝယ်လိုပါ။ ဤအိုးငယ်အတွင်းမှ သေရည်၏ အပြစ်တို့ကိုလည်း ငါ မသိပါ။ ရှင်းလော့"

ပုဏ္ဏားသည် လက်တွင်းမှ အိုးငယ်ကို မင်းပရိသတ် မြင်အောင် ပြလျက် ပကတိတည်ငြိမ်၍ သန့်ရှင်း ကြည်လင်သော အသံဖြင့် ပြောလေသည်။

"မင်းကြီး ဤသေရည်ကို သောက်၍သွားလျှင် ဖဝါးလှမ်းတိုင်း လှမ်းတိုင်း ကမ်းပါးပြတ်သို့လည်းကောင်း၊ တွင်းချိုင့်သို့ လည်းကောင်း၊ လိုဏ်ခေါင်းဥမင်သို့ လည်းကောင်း၊ ချုံညွန့်၌ လည်းကောင်း၊ ဆန်ဆေးရေတို့ သွန်ရာအရပ်သည် လည်းကောင်း ကျရာ၏။ မစားသင့်သော ဝတ္ထုကို စားမိရာ၏။ ဤအိုးမှ သေရည်တို့၏ အပြစ်ကို နာလော့။ ဤသေရည်ကို သောက်သောကြောင့် စိတ်၌ အစိုးမရ ဖြစ်တတ်၏။ အဟောင်းဖြစ်သော မြက်ပင်ကို စားသော နွားကဲ့သို့ လည်းကောင်း၊ ကိုးကွယ်ရာမဲ့သောသူကဲ့သို့ လည်းကောင်း ဖြစ်တတ်၏။ သီလည်း သီတတ်၏။ ဆိုလည်း ဆိုတတ်၏။ ကလည်း ကတတ်၏။ ဤသေရည်ကို သောက်သုံးသောကြောင့် တိတ္ထိ တက္ကဒွန်းကဲ့သို့ အဝတ်မပါ ရွာ၌ လည်းကောင်း၊ လမ်းခရီး၌ လည်းကောင်း သွားမိရာ၏။ တွေဝေသော စိတ်တို့ လွှမ်းခြုံသည်ဖြစ်၍ အတိုင်းအရှည်ထက်လွန်သော အိပ်ခြင်းကို ပြုစေတတ်၏။ ဤသေကို သောက်သောကြောင့် တုန်လှုပ်တတ်၏။ ဦးခေါင်းကို လည်းကောင်း၊ လက်ရုံးကို လည်းကောင်း လှုပ်စေလျက် သစ်သားဖြင့် ပြုလုပ်အပ်သော ယန္တရားရုပ်ကဲ့သို့ ကတတ်၏။ ဤသေကို သောက်ခြင်းဖြင့်

ကိုယ်ခန္ဓာတစ်ခုလုံး မီးလောင်စေလျက် အိပ်စက်ရကုန်၏။ နောင်ဖွဲ့ခြင်းသို့ လည်းကောင်း၊ သတ်ပုတ် ညှဉ်းဆဲခြင်းသို့ လည်းကောင်း၊ စည်းစိမ် ဆုတ်ယုတ်ခြင်းသို့ လည်းကောင်း ရောက်စေတတ်၏။ မဆိုအပ်သော စကားကို ဆိုမိရာ၏။ အဝတ်မှ ကင်းသည်ဖြစ်၍ မိမိ၏ အဝတ်၌ လဲပြိုသည်ဖြစ်၍ ယင်းအန်ဖတ်ဖြင့် လိမ်းကျံလျက် နစ်မွန်းသောအဖြစ်သို့ ရောက်တတ်၏။ ဤသေကို သောက်သောကြောင့် ငါကား အလွန်မြတ်သူတည်း။ ငါနှင့်တူသူ မရှိဟု ကြုံးဝါးတတ်လျက် နီသော မျက်စိ ရှိတတ်၏။ အလုံးစုံသော မြေသည်လည်း ငါ၏ ဥစ္စာဟု ထင်တတ်၏။ မြတ်သောမင်းကြီး နာလော့။ ဤသေကို သောက်ခြင်းဖြင့် မဟာသမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသော မြေ၌ မင်းသည်လည်း မရှိဟု ထင်တတ်၏။ အလွန်မာန်မူတတ်သော အပြုကို ပြုမူတတ်၏။ ငြင်းခုံခြင်းကို ပြုမိတတ်၏။ ကုန်းတိုက်ချောပစ်တတ်၏။

"အဝတ်မရှိသည့် ကိုယ်ခန္ဓာကို ဖြစ်စေတတ်၏။ ပြေးခြင်းကို လည်းကောင်း၊ ခိုးခြင်းကို လည်းကောင်း ပြုမူတတ်၏။ စည်းစိမ်ချမ်းသာဖြင့် ပြည့်စုံသော၊ အမျိုးတို့ကိုလည်းဖြတ်သော မွေခံ ဖြစ်စေတတ်၏။ အကြင်အမျိုး၌ စပါးသည် လည်းကောင်း၊ ဥစ္စာသည် လည်းကောင်း၊ ငွေသည်လည်းကောင်း၊ ရွှေသည် လည်းကောင်း၊ လယ်မြေသည် လည်းကောင်း၊ နွားသည် လည်းကောင်း တည်သည်ဖြစ်အံ့။ ထိုသေရည်ကြောင့် စီးပွားဥစ္စာ ပျက်ယွင်းတတ်၏။ အမျိုးပြတ်ခြင်း၊ ဥစ္စာပြတ်ခြင်းကို ဖြစ်စေတတ်၏။ သေရည်ကို သောက်သောသူသည် အမျက်စောင်မာန် ကြီးသည်ဖြစ်၍ အမိကို လည်းကောင်း၊ အဘကို လည်းကောင်း ဆဲရေးမိတတ်၏။ ယောက္ခမ မိန်းမဖြစ်သူကိုလည်း ကိလေသာ၏ အစွမ်းဖြင့် ဆွဲငင်မိရာ၏။ ချွေးမကိုလည်း ကိလေသာအစွမ်းဖြင့် ဖမ်းယူမိတတ်၏။ သေရည်ကိုသောက်သော မိန်းမသည်လည်း ယောက္ခမ ယောကျ်ားဖြစ်သူကို လည်းကောင်း၊ လင်ကို လည်းကောင်း ဆဲရေးမိတတ်၏။ ကျွန်ကိုသော်လည်း လင်ထင်မှတ်၍ ဖမ်းယူတတ်၏။ အလုပ်အကျွေးပြုသော ကျေးဇူးရှင်ကိုလည်း ငင်မိရာ၏။ မြတ်သော ရဟန်းကိုလည်းကောင်း၊ ပုဏ္ဏားကို လည်းကောင်း သတ်ပုတ်ညှဉ်းဆဲတတ်၏။

"ထိုညှဉ်းဆဲမှုကြောင့် အပါယ်လေးပါးသို့ ကျရောက်တတ်၏။ ကိုယ်စိတ်နှလုံး သုံးပါးတို့ဖြင့် မကောင်းသော ဒုစရိုက်တို့ကို ပြုမူစေတတ်၏။ မဟုတ်မမှန်သော စကား၊ သိမ်ဖျင်းသော စကားကို ဆိုတတ်၏။ မှားကြားလိုက်သော စကားအနက်တို့ကိုလည်း မေ့လျော့တတ်၏။ သေဖြင့် ယစ်ကုန်သည်ဖြစ်၍



က်ခြင်း၊ ကြောက်ခြင်း တရားတို့နှင့် ကင်းပလျက် များစွာသော စကားတို့ကို
ိမိရာ၏။ အမျိုးယုတ်သောသူနှင့် ပေါင်းဖက်မိတတ်၍ အတူအိပ်စက်ရာ၏။
ျသေရည်ကို သောက်သောကြောင့် ကင်းပြတ်သော အာဟာရ ဖြစ်တတ်သော
ကြောင့် မြေ၌ ဆင်းရဲစွာ အိပ်စက်တတ်၏။ အဆင်းမလှခြင်း၊ ကဲ့ရဲ့ခံရခြင်း
ို့ကို ဖြစ်စေတတ်၏။ ငိုက်စိုက်ကျသော လည်ကို ဖြစ်စေလျက် ညှဉ်းဆဲတတ်
သာ နွားကဲ့သို့ အိပ်ကုန်၏။ လူတို့ကို ပြင်းစွာ နှိပ်စက်တတ်၏။ သေသောက်
ကို လူတို့သည် အဆိပ်ပြင်းသော မြွေကဲ့သို့ ရှောင်ရှားတတ်၏။ ရှေးအခါ
တစ်ကျိပ်မျှသော မင်းညီနောင်တို့သည် သေရည်ကို သောက်၍ သမုဒ္ဒရာ
မ်းနား၌ ကျည်ပွေ့တို့ဖြင့် အချင်းချင်း ရိုက်ကြကုန်၏။

"သဗ္ဗမိတ္တ၊ မြတ်သောမင်းကြီး။ တံ၊ ထိုသေရည်သည်။ နိရတ္ထကံ၊ ကျိုးမရှိ။ ဣတိ၊ ဤသို့။ ဇာနံ ဇာနန္တော၊ သိသောမင်းကြီးသည်။ ကထံ၊ ဘယ့်ကြောင့်။ ပိဝေယျ၊ သောက်အံ့နည်း"

သေသောက်သဘင်ကို ပျော်ရွှင်စွာ ကျင်းပအံ့သော ကျွန်ုပ်၏ နန်းရင်ပြင်
ည် သုသာန်တစ်စပြင်ကဲ့သို့ ငြိမ်သက်ခြင်းကို ဆောင်လျက်ရှိ၏။ နန်းရင်ပြင်
ှ သေရည်အိုး ငါးရာသည်လည်း ငြိမ်သက်လျက်ရှိ၏။ ပုဏ္ဏားသည် သေရည်
း်ယ်ကို ကိုင်လျက်က ကျွန်ုပ်အား လည်းကောင်း၊ ညှော်ပရိသတ်အား လည်း
ာင်း ကြည့်ရှုရင်း ကျွန်ုပ်၏ စကားသံကို ငံ့လင့်ဟန်ရှိလေသည်။ သေခွက်ကား
ရှိသောအဆင်းကို ဆောင်လျက် ကျွန်ုပ်အား ဆွဲငင်နေဆဲ ဖြစ်လေသည်။

"ပုဏ္ဏား၊ သင်သည် ငါ၏ အမိကဲ့သို့ လည်းကောင်း၊ အဘကဲ့သို့
ည်းကောင်း ငါ၏ အစီးအပွားကို စောင့်ရှောက်သူတည်း။ သင်၏စကားကို
နားထောင်အံ့။ အခွန်တစ်သိန်းထွက်သော ငါးရွာကို လည်းကောင်း၊ ကျွန်မ
စ်ရာကိုလည်းကောင်း၊ ခုနစ်ရာသော နွားတို့ကို လည်းကောင်း၊ အာဇာနည်
င်းကသော ရထားဆယ်စီးကို လည်းကောင်း ငါ ပေး၏။ ယူလော့"

"အရှင်မင်းမြတ်၊ သင်ပေးကမ်းသော ငါးရွာကို လည်းကောင်း၊ ကျွန်
န်းမတစ်ရာကို လည်းကောင်း၊ ခုနစ်ရာသော နွားတို့ကို လည်းကောင်း၊ အာဇာ
ည် မြင်းကသော ရထားဆယ်စင်းအား လည်းကောင်း အရှင်မင်းမြတ်၌သာ
စ်စေသတည်း။ ငါကား နတ်တကာတို့ကို အစိုးရသော သိကြားမင်း ဖြစ်၏။
င်၏ဥစ္စာတို့ကို ငါ မယူလို။ အရှင်မင်းကြီးသာလျှင် သားပြွမ်းထမင်းကို
ည်းကောင်း၊ ဃနာနို့ထမင်းကို လည်းကောင်း၊ ပျားမုန့်တို့ကို လည်းကောင်း၊
တ်သော ခဲဖွယ်ဘောဇဉ်တို့ကို သုံးဆောင်၍ သေသောက်ခြင်းမှ သင်နှင့်တကွ

ပြည်သူတို့ကိုပါ ရောင်ကြဉ်စေလျက် မွေ့ရတော၊ သုစရိုက် တရား၌ မွေ့လျော် သည်ဖြစ်၍။ အနိန္ဒိတော၊ မကဲ့ရဲ့အပ်သည်ဖြစ်၍။ ဘုဝံ၊ သင် မင်းမြတ်သည် သဂ္ဂံ၊ ရှုပါရုံ စသဖြင့် မြတ်သော။ ဌာနံ၊ နတ်ပြည် ဌာနသို့။ ဥပေဟိ ကပ်လော့”

“ကောင်းလှပါပြီ မဟာသက္ကော သိကြားမင်း၊ ငါသည် တရားစောင့်အံ့”

ကျွန်ုပ်၏ ကိုယ်ခန္ဓာမှ နွေးထွေးရှိန်းမြသော သွေး၏ လည်ပတ်မှုကိုပင် ကျွန်ုပ် တဒီးဒီး ကြားယောင်နေရပေသည်။

ရတနာခြယ် ပန်းတင်ခုံပေါ်မှ သေရည်ခွက်ကို ကျွန်ုပ် လှမ်းယူလိုက် ချိန်မှ စ၍ ကိုင်ထားဆဲဖြစ်သော သေရည်ခွက်သည် ပကတိ တည်ငြိမ်လျက် ရှိ၏။ နီရဲသော ဟသ်ာပြဒါးရောင် သေရည်ထဲ၌ သုရာနှင့် ဝရုဏာသည် ကျွန်ုပ် အား မမှိတ်မသုန် ကြည့်လျက်ရှိ၏။ အယောင်ယောင်အမှားမှားဖြင့် မြေပေါ် သို့ သွန်ချလိုက်သော သေရည်တို့ကား မဟာပထဝီမြေထဲသို့ စိမ့်ဝင်ကာ မဟာ အဝီစိတိုင် ထိုးဖောက်ဝင်ရောက်သွားသည်ဟု ကျွန်ုပ် ခံစားနေရပေသည်။ ကျွန်ုပ် ၏ စိတ်နှလုံးသည်လည်း ပိုမို ကျဉ်းကျုံ့သွားရာမှ လွတ်လပ်အေးမြသော ရသ တစ်မျိုးကို တဖြည်းဖြည်း ခံစားနေရပေသည်။ ကျွန်ုပ်သည် ဦးခေါင်းကိုမော့၍ သူ့ရှုးတစ်ယောက်ပမာ အော်ဟစ်လိုက်၏။ ယင်းကား သာဝတ္ထိပြည့်ရှင် သဗ္ဗမိတ္တ ဘုရင်မင်းမြတ်၏အမိန့်လည်း ဖြစ်ပေသည်။

“မင်းချင်းတို့၊ သေရည်အိုးငါးရာအား ပျက်စီးစေလျက် သေရည်၏အပြစ် တို့ကို အောက်မေ့ကြကုန်လော့။ တရားကို စောင့်ကြကုန်လော့။ သာဝတ္ထိအား သုစရိုက်တရားတို့ဖြင့် ထုံမွမ်းစေလော့”

သာဝတ္ထိ၏ သင်းပျံ့သော လေညင်း၌ ပန်းပေါင်းစုံ၏ ရနံ့သည် အချို့ အဆ များစွာ ရောပြွမ်းလျက်ရှိ၏။ နေရောင်ခြည်သည်လည်း ဆောင်းနှောင်း သစ်ရွက်များပေါ်သို့ လှပစွာ ကျရောက်လျက်ရှိ၏။ အဝေးဆီမှ ကျောက်စည် ထိုးသံ ခပ်သဲ့သဲ့သည် လေညင်းနှင့် နေရောင်ခြည်တို့ကို ဖြတ်ကာ သာဝတ္ထိ နန်းရင်ပြင်သို့ ရောက်ရှိလာလေသည်။ ။

[ဖွန်လ၊ ၁၉၉၂၊ သစ္စာမဂ္ဂဇင်း]

# ကျွဲပွဲ

## (၁)

...နီးအနား သူကြီးလေးငါးပိုင်ရွာတွေက သူကြီးတွေစုပြီး သူကြီးခေါင်း ရွေး ...ကြတော့ မရိုးကုန်းသူကြီး ကိုကြာကံက သူကြီး မဲအများဆုံးရတယ်။ သူတကာ ...ကြီးတွေထက် ထူးပြီးတော်လို့ရယ်လို့လည်း မဟုတ်ပါဘူး။ ငွေဓားတို့၊ စလွယ် ...တို့၊ နှစ်လုံးပြူးတို့ ရထားလို့လည်း မဟုတ်ဘူး။ အုပ်ချုပ်တာကတော့ သူလို ...ကိုယ်လိုပါပဲ။ သူကြီးလက်စွဲနဲ့ လုပ်သက်ကလေးပေါင်းပြီး ဝန်မတန်တော့ ...စ်ကဲ၊ ထမင်းမတန်တော့ ထမနဲဆိုတာလို တော်ရုံလျော်ရုံနဲ့ စခန်းသွားကြ ...တာချင်းမှာလည်း မထူးပါဘူး။

ဒါဖြင့်ရင် မရိုးကုန်းက အိမ်ခြေများလို့လားတဲ့။ သည်လိုလည်း မဟုတ် ...ဘူး။ အိမ်ခြေများလို့ သူကြီးခေါင်း ဖြစ်ကြေးဆိုရင် တည်ပင်ကန် သူကြီး ...ကိုမောင်စိုး ဖြစ်ရုံရှိတော့မပေါ့။ ဒါဖြင့် မရိုးကုန်းက သောင်သောင်သာသာရှိ ...လို့ ထင်ကြလိမ့်မယ်။ မဟုတ်ဘူး။ ရွာချမ်းသာလို့ သူကြီးခေါင်း ဖြစ်ကြေး ...ဆိုရင် သဖန်းတောသူကြီး ကိုဆင်ခေါင်း ရကရောပေါ့။

ဒါပေမယ့် ပြောခဲ့ပါပကော။ ကိုကြာကံက သူကြီးခေါင်း ထဖြစ်တယ်။ ...သူကြီးခေါင်းရွေးပွဲပြီးလို့ ညနေဘက် အရက်ကလေးဘာလေး သောက်ကြတော့ ...နှန်းဆိုးသူကြီး ကိုပိုက်တင်က မမွှသတ်တော့ ရာဇသတ် ဖျက်ချေရဲ့ ဆိုတာ ...လောက်တော့ ရှိသေးတာပေါ့လေ။ ခက်တာက ပြောသာ ပြောတာ၊ သူပါ ...ကိုကြာကံကို မဲပေးခဲ့ရတာပဲ မဟုတ်လား။ သူကြီးခေါင်းပွဲ လာလုပ်ပေးတဲ့ ...အရေးပိုင်က ဆိုင်ရာဆိုင်ရာ သူကြီးတွေနဲ့ တွေ့ပြီး စကားထည့်ထားတာလည်း ...ရှိတော့ မပယ်ရှားဝံ့ကြတာလည်း ပါတယ်။

"ခင်ဗျားတို့ စိတ်ကြိုက် ရွေးကြပါဗျာ၊ ကျွန်တော်တို့ ပယောဂ မပါပါ
စေနဲ့၊ တစ်ခုတော့ ရှိတာပေါ့ဗျာ၊ မရိုးကုန်းမှာက အောက်လင်းဓာတ်မီးရှိတော့
ရပ်မှုရွာမှုမှာ သူ့ရွာ ကိုယ့်ရွာကိစ္စရှိရင် သုံးနိုင်တာပေါ့"

ပြောတာကတော့ အဲသလောက်ပါ။ မရိုးမသားတော့လည်း ဟုတ်ပုံ
မရပါဘူး။ ဒါပေမယ့် ကိုကြာကံကိုမှ မရွေးရင် ဝါးလုံးနင်း၊ ဝါးခြမ်းနင်း ဖြစ်
မယ့်ပုံပြောနေတော့ အောက်လင်းဓာတ်မီး မျက်နှာနဲ့ပဲ ရွေးလိုက်ကြတယ် ပြောပါ
တော့။ အဲသည့်ညက သူကြီးတွေ ကိုယ့်ရွာကိုယ် မပြန်ရဘူး။ သူကြီး ကိုကြာကံ
က ဝက်တစ်ကောင်ပေါ်ပြီး တစ်ညလုံး ဧည့်ခံတယ်။ မြို့ပိုင်ရော ဝန်ထောက်
တွေပါ ပါပေမယ့် ပျော်ပျော်ပါးပါးပဲ။ ဖောက်ထိုးပြောကြတာဆိုပေမယ့် မူးနေ
ကြတော့ ခေါက်ချိုး နားလည်တာနဲ့ ထေမိကြရော။

အောက်လင်းဓာတ်မီးကြီး သုံးလုံးကလည်း ထိန်လို့။

(၂)

ပြောမယ်ဆိုရင်လည်း ပြောစရာပေါ့လေ။ သည်နား လေးငါးဆယ်ရွာမှာ အောက်
လင်း ဓာတ်မီးရယ်လို့ ဘယ်ရွာမှာမှ မရှိဘူး။ ဘုန်းကြီးကျောင်းတစ်ကျောင်း
တလေမှာ တစ်လုံးတလေရှိချင် ရှိနိုင်ပေမယ့် တစ်နေရာတည်းမှာ သုံးလုံးရှိဖို့
ဆိုတာကတော့ ခဲယဉ်းသားကလား။ မရိုးကုန်းသူကြီး ကိုကြာကံက အရင်သူကြီး
ဟောင်း ဦးဖိုးဘသမီး မခင်သန်းနဲ့ အိမ်ထောင်ကျတော့ မခင်သန်းကိုရော
သူကြီးဟောင်းပိုင် ပစ္စည်းဖြစ်တဲ့ အောက်လင်းဓာတ်မီးသုံးလုံးကိုပါ ရလိုက်
တယ်။ ဦးဖိုးဘ သေတော့ ကိုကြာကံ သူကြီး တန်းမဖြစ်ဘူး။ သမက်ကိုး။
ဦးဖိုးဘညီ ဦးဆာမိ သူကြီးဖြစ်တယ်။ ဦးဆာမိက သူကြီးအလုပ် ဝါသနာမပါ
တာတစ်ကြောင်း၊ ဘုန်းကြီးဝတ်ချင်တာက တစ်ကြောင်းဆိုတော့ သူကြီးရာထူး
ကို ဆိုင်ရာ ပြန်အပ်တယ်။ သည်မှာတင် မခင်သန်းက သူ့အဖေလက်ထက်
က သိဟောင်းကျွမ်းဟောင်း အရာရှိတွေဆီဝင်ပြီး သူ့လင် ကိုကြာကံကို သူကြီး
ခန့်ဖို့ ပြောတော့တာပါ။ ကိုဆာမိမှာ သားသမီးတွေ ရှိပေမယ့် မခင်သန်းက
ဘကြီးသမီးဆိုတော့ ဘယ်သူကမှ ကလန်ကဆန် မလုပ်ကြတာလည်း ပါပါရဲ့။
မကြာပါဘူး။ ကိုကြာကံ သူကြီးခန့်စာ ရတယ်။ ဆိုင်ရာ အုပ်ချုပ်ရေးပိုင်း
ကလည်း သည်ကတည်းက သည်ဘက်နယ် ကွင်းဆင်းမယ်ဆိုရင် မရိုးကုန်း
မှာ အထိုင်ချပြီးမှ တစ်ရွာချင်း ခေါ်တွေ့တာတွေ ဘာတွေ လုပ်တော့တာပေါ့
လေ။ ကိုကြာကံကလည်း မယားမျက်နှာနဲ့ သူကြီးဖြစ်ရတာပေမယ့် ရက်ချည်



ကက် ချုပ်ချည်က များဆိုသလို သူကိုယ်တိုင်က ဂိုက်ထုတ်ချင်သူဆိုတော့
ည့်သည်မှလာပြီဆိုရင် အောက်လင်းဓာတ်မီးသုံးလုံး ထိန်နေအောင် ထွန်းတော့
တာပဲ။

"ဖိုးသောင်း၊ ည အောက်လင်းမီးထွန်းရမယ်၊ ပြင်ဆင်ထား၊ ဝန်ထောက်
င်းက သုံးရက်နေမယ် ပြောတယ်။ ရေနံ မီးစာ စစ်ဆေးထား၊ လေပေါင် မလျော့
စနဲ့"

ဖိုးသောင်းက သူကြီးအိမ်က သူရင်းငှားပါ။ သူကြီးလယ်တွေလည်း
သူပဲ။ သူကြီးမွေးထားတဲ့ သိုးတွေ၊ ဆိတ်တွေဆိုရင်လည်း သူပဲ။ အောက်လင်း
ဓာတ်မီးဆိုရင်လည်း သူပဲဆိုတော့ တစ်နေ့တစ်နေ့ နားရတယ်မရှိဘူး။ ဒါပေမယ့်
အောက်လင်းဓာတ်မီးကိုင်ရတာကိုတော့ ဖိုးသောင်းက ဂုဏ်ရှိတယ် အောက်မေ့
တယ်။ တစ်ရွာလုံး သုံးလုံးတည်းရှိတဲ့ ဓာတ်မီး သူမှ ကိုင်တတ်တာဆိုတော့
တစ်ခါတစ်ခါ ဆေးဆရာများ ဇရပ်ပေါ်က လူနာမကုချင်သလိုပဲ။ လယ်ဝင်
လုပ်ကျောင်းတောင် တယ်မလုပ်ချင်တော့ဘူး။ သူကြီးက အောက်လင်းဓာတ်မီး
ထွန်းရမယ်လို့ ပြောတဲ့နေ့ဆိုရင် ဖိုးသောင်းက သူကြီးကတော်ဆီက ဆန်
တစ်ပြည်၊ ငွေတစ်မတ် တောင်းနေကျ။ သူကြီးကတော် မခင်သန်းက အောက်
လင်း ဓာတ်မီး နတ်တင်ရ ထင်ပါရဲ့ဆိုတဲ့ ယုံကြည်မှုနဲ့ မတွန့်မတို ပေးလေ့
ရှိတယ်။ မနက်မိုးလင်းတော့ ဆန်တစ်ပြည်ရော ငွေတစ်မတ်ရော ဖိုးသောင်းပဲ
ရတာပေါ့လေ။ ဖိုးသောင်းက ပစ္စည်းတော့ ရှိသေတယ်။ တစ်ခါထွန်းရင်
ဆန်တစ်ပြည် ရနေတာဆိုတော့ အောက်လင်းဓာတ်မီးတွေက သူ့ထမင်းရှင်
ပေါ့။ ရှင်လည်း ဟုတ်တယ်။ ကျေးဇူးရှင်တွေဆိုရင်လည်း ဟုတ်တယ်။ သည်တော့
သူကတော့မဆို ရိုရိုသေသေ ကိုင်တယ်။ တန်းကဖြုတ်တာတောင် ရှရှကလေး
ဖြုတ်တယ်။ အောက်လင်းဓာတ်မီး လက်ဆွဲကိုင်းကို ဖောက်စွပ်ထားတဲ့ အုပ်
ကင်း ကြွေရည်သုတ်ကို အသာအယာ ချွတ်တယ်။ ပြောင်းအိမ်ကို သတိနဲ့
ဖြုတ်တယ်။ မီးစာ ရေနံ စစ်ဆေးပြီးတာနဲ့ စွပ်ကျယ်စုတ်နဲ့ ပြောင်းအိမ်ကို
ပြောင်နေအောင် ပွတ်တော့တာပဲ။ အာလာဒင်မီးခွက်များဆိုရင် ဘီလူး ထွက်
လာလောက်အောင်ကို ပွတ်တော့တာ။ ပြီးပြီဆိုတာနဲ့ မျောတိုင် နှစ်တိုင်မှာ
တန်းပစ်ပြီး သံချိတ် တောင့်တောင့်နဲ့ ချိတ်ထားတတ်တယ်။ ဒါပဲ။ မကိုင်
ရတော့ဘူး။

ညနေဘက် နည်းနည်းလေးမှောင်ပြီဆိုတာနဲ့ မောင်းထောင်ချိုင့်ထဲ ဆန်
တစ်ပြည်ထည့်၊ ပိုက်ဆံ မတ်စေ့ ဆန်ပေါ်က တင်ပြီး အောက်လင်းဓာတ်မီးတွေ

ရှေ့ ချတယ်။ သူကြီးက ဖိုးသောင်းကို ထွန်းတော့ဆိုတာနဲ့ ဒန်မီးခတ်ကြ
ခါးလိမ်ထားရာက ဖြုတ်ပြီး စထွန်းတယ်။ မီးစာကို ဟုပ်ခနဲ ဟုပ်ခနဲ မီး
ပြီဆိုတာနဲ့ လေပေါင်ပြည့်အောင် ရှိုးခနဲ ရှိုးခနဲ ထိုးပြီးရင် အောက်လင်းမီ
အကြည်ဓာတ်ဟာ ဖြာထွက်လာတော့တာပါပဲ။ သည်လို မီးလင်းပြီဆိုတာ
ရွာက သိကြပြီ။ သူကြီးအိမ်မှာ ကိစ္စဝိစ္စတော့ ရှိပြီပေါ့လေ။ မရိုးကုန်းမှ
အောက်လင်းဓာတ်မီး ထွန်းတာဟာ တော်ရုံကိစ္စမဟုတ်ဘူးဆိုတာလည်း သိကြ
ရဲ့။ ရွာနဲ့ဆိုင်တဲ့ အစည်းအဝေးရှိတော့လည်း ထွန်း၊ ဧည့်သည်ရောက်တော
လည်း ထွန်းကိုး။ ဘုန်းကြီးကျောင်းမှာ အလှူအတန်းရှိတော့လည်း ထွန်းတ
ပါပဲ။ အနားရွာတွေက လာငှားတော့လည်း ရွာကိစ္စနဲ့မတိုက်ရင် ငှားရတာ
သေးတယ်။ တခြားရွာကို ငှားရင်လည်း ဖိုးသောင်းပဲ လိုက်ရတော့ ငှားတဲ့ရွ
က ဖိုးသောင်းအစား သူ့ရင်းငှားတစ်ယောက် မရိုးကုန်းကို ပေးထားရတယ်

(၃)

သူကြီး ကိုကြာကုံ အိမ်ရှေ့ကွက်လပ်မှာ အောက်လင်းဓာတ်မီးသုံးလုံး ထွန်
ထားတာများ မျက်စိတောင် ကျိန်းလောက်တယ်။ ခုတလော အောက်လင်းမီ
တွေ မသုံးရတာ ရွာဘုရားပွဲပြီးကတည်းကဆိုတော့ ဖိုးသောင်းက နေ့ခင်း နာ
ပြန် နှစ်ချက်လောက်တည်းက ချစမ်းထားနှင့်ပြီ။ ဧည့်သည်တွေ မလာတ
လည်း ကြာပြန်ပြီ။ ဖိုးသောင်း အောက်လင်းဓာတ်မီးတွေ ထွန်းပြီတာနဲ့ သိ
မကြာပါဘူး။ ရွာက ဖိတ်ထားတဲ့ လူကြီးသူမတွေ တဖြုတ်ဖြုတ် ရောက်လာ
ကြတယ်။ ဆရာတော်ကြီးကိုယ်တိုင် မကြွလာပေမယ့် ဦးဇင်းသုံးပါးလည်
ရောက်ပြီ။ လူတွေ ထိုင်မယ့်နေရာမှာ ဖျာမခင်းထားပေမယ့် သူကြီးထိုင်မယ်
နေရာမှာ ဖျာကြမ်းတစ်ချပ် ခင်းထားလို့။ ဦးဇင်းများကတော့ ခုံတန်းလျားပေါ်
မှာ သီတင်းသုံးကြတယ်။ ထမင်းစားခုံဝိုင်းကလေး တစ်လုံးချထားပြီး ဖန်ရေ
တကောင်းတစ်လုံးနဲ့ ဖန်ခွက်တစ်လုံး တင်လိုက်လို့။ ဖိုးသောင်းကလည်း မီး
တွေ လင်းနေပါလျက်ကနဲ့ အောက်လင်းဓာတ်မီးတွေ တစ်လုံးချင်း ချစစ်တယ်
အောက်လင်းမီးရောင်ကြောင့် ထင်ပါရဲ့။ အရပ်လေးမျက်နှာက ထွက်လာတဲ့
မိုးဖလံတွေ၊ ပလူတွေ၊ ပိုးမည်းကောင်တွေဆိုတာ မနည်းဘူး။ ဖိုးသောင်းက
အဝေယာကိုင်းနှစ်ကိုင်း ဖြောင်းခနဲ ထချိုးပြီး အောက်လင်းမီး ချိတ်ထားတဲ့
သစ်သားတန်းမှာ ခွချိတ်တယ်။ မရပါဘူး။ ပိုးကောင်က သပ်သပ်၊ သစ်ကိုင်း
က သပ်သပ်ပါပဲ။



ညခုနစ်နာရီ အစည်းအဝေးဆိုပေမယ့် အဝေးရွာတွေက သူကြီးတွေ
ရောက်မလာကြသေးဘူး။ ဖိတ်တာတော့ သေသေချာချာ လူလွှတ်ပြီး ဖိတ်ထား
ကဆိုတော့ မလာတော့ မရှိလောက်ဘူး။ ဘယ့်နှာများ ဖြစ်နေကြတယ် မသိ
းဆိုတဲ့စိတ်နဲ့ သူကြီး ကိုကြာကုံကိုယ်တိုင် လမ်းမ ထွက်ထွက်မျှော်တယ်။
တော့ အားနာစရာမရှိပါဘူး။ ကြွလာတော်မူကြတဲ့ ရဟန်းတွေကို အားနာ
တပါ။ ရွာကတော့ တော်တော်လေး စုံပါပြီ။ တချို့က အောက်ခံအင်္ကျီ မပါဘူး။
ိုက်ပုံတွေတော့ ဝတ်ကြလို့။ တချို့က ခေါင်းပေါင်းကြီးတွေနဲ့။ ရာအိမ်မှူး
်ယောက်နဲ့ ဆယ်အိမ်မှူးတွေက သူကြီးခိုင်းရင် ချက်ချင်း လုပ်နိုင်အောင်
ကြီးနဲ့ မလှမ်းမကမ်းမှာနေကြရင်း သူကြီးအရိပ်အကဲ ကြည့်နေကြတယ်။
“တောသူကြီးတွေ ဘယ့်နှာ ဖြစ်နေကြပါလိမ့်ကွာ၊ နေမဝင်ခင်ကတည်း
ရောက်ကြရမင့်ဟာ၊ ငါနဲ့ အဲသဟာတွေ မကိုက်တာ၊ ထမင်းတောင် ကျုပ်
ရောက်မှ စားကြပါ ပြောထားလျက်ကနဲ့ အစည်းအဝေးက အရေးကြီးပါ
ယ် ဆိုမှကွာ”
သူကြီးက ပျာနေတော့ ဆယ်အိမ်ခေါင်းတွေကတည်း ဘာမှန်းသာ
သိတယ်၊ သူတို့လည်း ပျာကြရတာပါပဲ။ အဝေးရွာက သူကြီးတွေပဲ ပြေးခေါ်
တော့မလိုလို၊ သူကြီး ကိုကြာကုံကိုပဲ ကုပ်ကြောလျှော့ပေးရမလိုလိုပေါ့လေ။
ပ်မကြာပါဘူး။ သူကြီးတွေ လှည်းကိုယ်စီနဲ့ ရောက်လာကြတယ်။ မရှေး
နှောင်း လှည်းတွေ ဝင်လာကြတာပါ။
“မောင်ကြာကုံရေ၊ လာတုန်းကတော့ အစောကြီးပါကွာ၊ မင်းတို့ရွာ
ရောက်ခင် တစ်တိုင်လောက်က သစ်သားတံတားကြီး ကျိုးနေတာနဲ့ ခရီးဖင့်
ကြရတယ်။ ထမင်းတောင် မစားခဲ့ရပေါင်ကွာ”
သည်စကားကြားတော့ သူကြီးကတော်က အိုးကြီးချက် ဆရာတွေကို
က်ချင်း ထမင်းပြင်ခိုင်းတယ်။ သူကြီးတွေရော၊ လှည်းဆရာတွေရော ထမင်း
းပြီးတာနဲ့ သူကြီးက ချက်ချင်းပဲ စားပွဲခုံဝိုင်းကလေးရှေ့ ဝင်ထိုင်တယ်။
ကြာကုံက ဘုန်းကြီးတွေ သူ့ဆီက အရက်နံ့မရအောင် ဝါးထားတဲ့ ကွမ်းဖတ်
 လက်ဖဝါးထဲ ထွေးချပြီး ဖျာအောက်သွင်းတယ်။ ပါးစပ်ကို ရေနွေးကြမ်း
ပလုတ်ပလက်ကျင်းပြီး ချောင်းဟန့်တယ်။ ပရိသတ်ကိုလည်း တစ်ချက်
ကြည့်တယ်။
ဖိတ်ထားတဲ့ ဧည့်သည်တွေ၊ ရပ်မိရပ်ဖတွေတင် မကပါဘူး။ ရွာက
တ်တော်များများလည်း မိုးတိုးမတ်တတ်တွေနဲ့။ ကလေးတွေဆိုတာတော့

ဖြောင်းဆန်လို့။ ဆယ်အိမ်မှူး ကိုကျောက်က ကလေးတွေကို တုတ်တစ်ချောင်
နဲ့ လိုက်ထိန်းနေတာလည်း မြင်နေရတယ်။ အားလုံး နေရာကျပြီဆိုတော့
ကိုကြာကံက တန်းလျားပေါ်က ဘုန်းကြီးသုံးပါးကို ဦးသုံးကြိမ်ချတယ်။ ပြီးတော့
ပရိသတ်ဘက် ပြန်လှည့်ပြီး အိတ်ထဲက စာရွက်တစ်ရွက် ထုတ်တယ်။ ကျွဲကော်
ကိုင်း မျက်မှန်ကို ထုတ်တပ်တယ်။ ပြီးမှ စာရွက် မလိုပါဘူးလေဆိုတဲ့ပုံ
စာရွက်ကိုခေါက်ပြီး အိတ်ထဲ ပြန်ထည့်တယ်။ သည်လိုကျတော့လည်း ဖြေ
မထွက်ပြန်လို့ အိတ်ထဲက စာရွက်ပြန်ထုတ်ရပြန်ရော။

"မောင်ကြာကံရဲ့ ပြောစရာရှိတာ ပြောကွဲ့၊ တို့မလည်း အချိန်နဲ့ ပြ
ကြရမှာရှိတယ်။ ရဟန်းသံဃာများလည်း ကြွချင်ရှာကြရော့မပေါ့"

အသက်ရှစ်ဆယ်နားကပ်နေတဲ့ ဘကြီးမောင်က ငေါက်တော့ သူကြ
ကိုကြာကံက ပြောမယ့် ပရိကံတောင် ပျောက်သွားပြန်ရော။ ရှိသမျှ လူအားလုံ
ကလည်း သူကြီးကတော့ ဦးစပါး ပုံ့ပြောင်း၊ ပုံ့စပါး ဦးပြောင်း လုပ်နေတာ
ပြီးနေပါရောလားဆိုတဲ့ မျက်နှာတွေနဲ့။ ကိုကြာကံက စပြောရမယ့် စကားလုံ
ရှာနေတာကပဲ အကြာကြီး။

"ကနေ့ည အရှင်ဘုရားများကိုရော၊ အဝေးရွာက သူကြီးမင်းတို့ကိုရေ
ရွာမိရွာဖများကိုရော ဖိတ်ကြားရတဲ့အကြောင်းက ထူးထူးခြားခြားလားဆိုတေ
လည်း မဟုတ်ဘူး။ ဖိုးသောင်း အောက်လင်းမီးတစ်လုံး လေလျော့နေပြီ
ဟကောင် ဖိုးသောင်း၊ အဲ... ခု နင်က စကားဆက်ရရင် ထူးထူးခြားခြားလာ
ဆိုတော့လည်း မဟုတ်ဘူး။ သို့ပေသိ မထူးခြားဘူးလားဆိုတော့လည်း ထူးခြ
တယ်"

အလို ဘယ့်နှာပါလိမ့်။ ထူးထူးခြားခြားလား ဆိုတော့လည်း မဟုတ်ဘူ
တဲ့။ မထူးခြားဘူးလားဆိုတော့လည်း ထူးခြားသတဲ့။ ဘကြီးမောင်က...

"ကြာကံဆိုတဲ့ကောင်က ဆပ်ပြာကောင်းလို့ ခေါင်းပေါင်းဖြူတဲ့ကော
ပါကွာ၊ ဘယ်စကား ဘယ်ရောက်လို့ ရောက်မှန်းမသိတဲ့ကောင်၊ ဝါးနားပင်
ရေသွင်းချင်တဲ့ကောင်"

လို့ မကြားတကြား ပြောနေတာလည်း ကိုကြာကံ ကြားသားပဲ။ မကြားချ
ယောင်ဆောင်ပြီး စကားဆက်ဖို့ စကားလုံးရှာတယ်။ ကျွဲကော်ကိုင်းမျက်မှန်က
ချွတ်။ မျက်မှန်ကို ပုဆိုးခါးပုံစနဲ့ သုတ်ပြီးမှ စကားဆက်တယ်။ အောက်လင
ဓာတ်မီးထဲက ဘယ်အလုံး လေလျော့သလဲဆိုတာလည်း တစ်ချက်လှမ်းကြ
လိုက်သေးတာပါ။



"ကျုပ်တို့ရွာမယ် သည်နှစ်လည်း ကထိန်ပွဲကြီး စည်စည်ကားကား လုပ်ပါ့မယ်၊ ရွာကထိန်ဆိုသော်လည်းပဲ သည်နားဝန်းကျင် စီရင်စုရွာတွေ၊ ကေါစရဂါမ်ရွာတွေ အားလုံး ပါကြရမယ့် ကထိန်၊ ကထိန်ဆိုတာကလည်း ခင်ဗျားတို့ သိတဲ့အတိုင်းပဲ။ မြတ်စွာဘုရားသခင် လက်ထက်တော်တုန်းက ဘဒ္ဒဝဂ္ဂီရဟန်း သုံးကျိပ်"

"မောင်ကြာကံရဲ့ လိုရင်းပြောပါကွယ်၊ ဦးဇင်းများလည်း အားနာပါဦး၊ ရဟန်းများဟာ မွန်းလွဲမွန်းတိမ်း ရွာထဲရပ်ထဲ ဝင်ရတာဟာ ပါစိတ်အာပတ် သင့်တော်မူနိုင်သကွဲ့၊ ဂါမပဝေသန သိက္ခာပုဒ် ရှိသေးတယ်။ အဟိသံသဋ္ဌ ရဟန်းများဟာ လူတွေနဲ့ ရောနှောလုပ်ကိုင်နေတာလည်း မလျော်ဘူး မောင်ရဲ့၊ အဲသည်တော့ ဂရုဓမ္မ စည်လည်မနေနဲ့၊ လိုရင်းသာ ပြော"

ရွာ့အနောက်ချောင်က ဘိုးတိုင်းခင်က ထပြောတာပါ။ သူကြီးလည်း စကားတောင် လေးစိတ်မကွဲသေးဘူး။ အငေါက်ခံရတာက နှစ်ခါရှိပြီဆိုတော့ ဒေါသ ဖြစ်သွားတယ်။ ကိုယ့်ရွာနဲ့ကိုယ်ချည်းဆိုတော့ အကြောင်းလား။ အခုက သူစိမ်းသူကြီးတွေလည်း ရှိသေးတာ မဟုတ်လား။ မတော် ပုစွန်ခြေကျိုး၊ သမင် ကြို့ထိုးထင်ရင် မခက်ပါလား။

"ကိုင်း ဘကြီးများ တစ်ဆိတ်၊ အခုဟာက ရပ်ကိစ္စပြောနေတာပါ။ ဘကြီးတို့ကို ဖိတ်ရတာက ရှားပင်များဟာ အိုလေ အနှစ်ပြည့်လေ ဆိုသာလို သဘောနဲ့ ဖိတ်တာပါ။ သည်းခံတော်မူကြပါ၊ အခုကိစ္စက ရပ်ရွာနဲ့ ငွေကြေးနဲ့ လုပ်ရမယ့်ကိစ္စဆိုတော့ ကျုပ်သဘောချည်းပဲ မဖြစ်ချင်ဘူး"

"ကိုင်း... ကိုင်း ပြောပါကွာ၊ ကထိန်လုပ်မယ့်ဟာပဲကွာ၊ ဒါ နှစ်စဉ် လုပ်နေကျပဲ။ အခုဟာက မင်းက ဖိုခနောက် ကျောက်စီနေလို့ ပြောရတာပါ"

ရွာမှာ နှစ်စဉ်ကျင်းပနေကျ ကထိန်ပွဲ လုပ်မယ့်ဟာပဲ။ ဘယ့်နှာကြောင့် သည်နှစ်ကျတော့မှ အောက်လင်းဓာတ်မီးကြီး သုံးလုံးထွန်းပြီး ရေးကြီးခွင့်ကျယ် လုပ်နေရတာပါလိမ့်။ တစ်သက်လုံး ကထိန်ပွဲနီးပါပြီဆိုမှ ဘုန်းကြီးကျောင်းမှာ လူစုပြီး သူ့တာဝန် ကိုယ့်တာဝန် ယူခဲ့ကြတာ မဟုတ်လား။ အခုက အဝေးက သူကြီးတွေပါ ညသိပ်ဖိတ်၊ ဦးဇင်းတွေပါ ပင့်လျှောက်ပြီး လူကြီးသူမ ရပ်မိရပ်ဖတွေပါ မလာမနေရဆိုတော့ ဘယ်လိုကထိန်မို့လို့တုန်း။ တက်လာကြသမျှ လူတွေက ရွှစီရွှစီ ဖြစ်ကုန်ကြပြီ။ ပွစိပွစိ ဖြစ်ကုန်ကြပြီ။ တချို့ကလည်း ဖင်အောက်ခုထားတဲ့ ဖိနပ်ပြန်ထုတ်ပြီး ထပြန်မယ်ပြင်ကြတယ်။ သည်မှာတင် အောက်လင်းဓာတ်မီး နှစ်လုံးက ဟုပ်ခနဲ အလင်းရောင် ကျသွားတော့ ဖိုးသောင်း

က ကမန်းကတန်းဖြုတ်ပြီး လေထိုးတယ်။ အစည်းအဝေး အရေးကြီးပါတယ် ဆိုမှ မှောင်ကြီးကျသလို ဖြစ်သွားတော့ သူကြီး ဒေါသက ဖိုးသောင်းဘက် လှည့်အော်တယ်။

"ဖိုးသောင်း၊ မင်းတော့ ကြားထဲက ထိပ်တုံးစာမိတော့မယ်။ မြန်မြန် လုပ်စမ်း၊ အောက်လင်းမီး သုံးလုံးတောင် မနိုင်နင်းမှတော့ ဘာသွားအသုံးကျ မှာတုန်း"

သည်မှာတင် ဦးဇင်းသုံးပါးက ညောင်စောင်းတန်းလျားကထပြီး သင်္ကန်း ပြင်ရုံကြတယ်။ ပြီးမှ အလယ်ခေါင်မှာ ထိုင်နေတဲ့ ကိုယ်တော်က ခပ်ကျယ်ကျယ် ကလေး မိန့်လိုက်တော့ တစ်ယောက်တစ်ပေါက် ဆူပွက်နေသံတွေ ရပ်သွား တယ်။ သူကြီးတောင် ဖိုးသောင်းကို ငေါက်နေရာက ရပ်သွားပြီး လက်အုပ် ထချီတယ်။

"သည်လို သည်လို၊ ကထိန်ကတော့ ဦးဇင်းတို့ရွာမယ် နှစ်စဉ် ကျင်းပ နေကျဆိုတာ ဟုတ်ပါတယ်။ ဒါကတော့ မဆန်းပါဘူး။ သည်နှစ်ကျတော့ ထူးထူးခြားခြားဖြစ်အောင်ဆိုပြီး သူကြီးက ကျွဲပွဲထည့်ချင်ပါတယ်။ ထည့်ခွင့် ပြုပါဆိုပြီး ဆရာတော်ဘုရားကြီးကို လျှောက်တော့ ဆရာတော်ကြီးကလည်း ပဲ ခွင့်ပြုတော်မူပါတယ်။ ဆရာတော်ဘုရားကြီးကလည်း ရပ်ရွာကိုငဲ့ပြီး ခွင့်ပြု တော်မူတာပါ။ ပွဲလမ်းသဘင် ပါးရှားတဲ့ ရွာတွေဆိုတော့ ကျောင်းနဲ့ ရဟန်း နဲ့ မအံ့ပ်မရာပေမယ့် ခွင့်ပြုပါတယ်။ ဦးဇင်းတို့တော့ ပြန်ကြွရဦးမယ်။ ကျန် တဲ့ ပုဂ္ဂိုလ်များက ဆက်ဆွေးနွေးရစ်ကြပါ"

ဦးဇင်းသုံးပါး ပြန်ကြွတော့ အားလုံးက ဝတ်ဖြည့်ကြတယ်။ သူကြီး ကိုကြာကံကလည်း ထိုင်ရာက ငေါက်ခနဲ ထပြီး ဦးဇင်းသုံးပါး ခြံဝလိုက်ပို့ တယ်။

သည်တစ်ခါတော့ ရှိသမျှ လူတွေအားလုံး ကျွဲပွဲဆိုတာ ဘာပါလိမ့်။ ကျွဲပွဲဆိုတာ ကျွဲတွေ ကတဲ့ပွဲလား။ သူကြီးက သည်နှစ်ကထိန်မှာ ကျွဲပွဲ ထည့် ချင်သတဲ့။ ဘယ်က ကျွဲပွဲကို ဘယ်အထဲ ဘယ်လိုထည့်မှာလဲ။ ဒါကြောင့် အောက်လင်းဓာတ်မီးထွန်းရတဲ့ အစည်းအဝေး လုပ်တာကိုး။ ဒါကြောင့် အဝေး က သူကြီးတွေကို ဖိတ်တာကိုး။ ဘေးမှာ ဖိတ်ကြားခြင်းမခံရပေမယ့် မိုးတိုး မတ်တတ်ရှိကြတဲ့ ရွာသူရွာသားတွေ၊ ကလေးတွေကလည်း သူတို့အချင်းချင်း ကြည့်ကြတယ်။ ကျွဲပွဲတဲ့၊ ဘာလဲ ကျွဲပွဲ။

သူကြီးအိမ်မှာ ဖျတ်ခနဲ ကြားလိုက်ရတဲ့သတင်း၊ ရွာထဲ ပြေးပြောချင်



ကြလှပြီ။ ဒါပေမယ့် သူတို့ကိုယ်တိုင်ကလည်း ကျွဲပွဲဆိုတာက ဘာမှန်းမသိတော့ ခက်သားကလား။ ကလေးတွေမှ မသိတာ မဟုတ်ဘူး။ ရပ်မိရပ်ဖ လူကြီးသူမ တွေကလည်း အသက်ပဲ ခုနစ်ဆယ်တန်း၊ ရှစ်ဆယ်တန်း ရောက်ကြပြီ။ ကျွဲပွဲ ဆိုတာ တစ်သက်နဲ့တစ်ကိုယ် မကြားဖူးကြဘူး။ မကြုံဖူးကြဘူး။ သည်တော့ သူကြီး ကိုကြာကံက ဘာပြောလာမလဲ စောင့်ရုံကလွဲလို့ ဘာရှိမှာတုန်း။ သူကြီး ကိုကြာကံဆိုရင် ကိုင်းတော မီးလောင်တာတောင် ပြာကောင်းကောင်းမရချင် တဲ့ လူလောက် အောက်မေ့တဲ့ လူတွေကတောင် သည်တစ်ခါတော့ ကိုကြာကံ ရှင်းပြမယ့် ကျွဲပွဲဆိုတာကို စိတ်ဝင်စားကြပြီ။

ဦးဇင်းတွေ အိမ်ပေါက်ဝအထိ လိုက်ပို့ပြီး သူ့နေရာသူ ပြန်ရောက် လာတော့ ကိုကြာကံ မျက်နှာက ရဲလို့။ တစ်ခွက်လောက် ဝင်သောက်ခဲ့ပုံပေါ် ပါရဲ့။ သည်တစ်ခါတော့ လူတွေကလည်း ငြိမ်လို့။ အောက်လင်းဓာတ်မီး ကလည်း ထိန်လို့။ သူကြီး ကိုကြာကံက ပါးစောင်းမှာ စီးကျနေတဲ့ ကွမ်းရေ တွေကို လက်ဖမိုးနဲ့ သိမ်းရင်းက စကားပြောဖို့ ပြင်ပြန်တယ်။

"အဲဒီတော့ ခုနက ပြောသလို သည်နှစ် ကျွဲပွဲထည့်ဖို့ ကျုပ် စဉ်းစား မိတယ်။ ခက်တာက ကျွဲပွဲဆိုတာ..."

ဟုတ်ပြီ။ ကျွဲပွဲဆိုတာ၊ ဘာလဲ ကျွဲပွဲဆိုတာ။ သည်ခဏမှာ အားလုံး ဟာ ငြိမ်နေကြတယ်။ ကျွဲပွဲဆိုတာ မမြင်ဖူး၊ မကြားဖူးတဲ့ ရွာဆိုတော့ သည်နှစ် စည်စည်ကားကား ကျင်းပမယ့် ကျွဲပွဲဆိုသဟာကို သိချင်ကြတယ်။ မျက်စိထဲ စိတ်ကူးနဲ့တောင် ပုံဖော်လို့ မရနိုင်တဲ့ ပွဲဆိုတော့ သူကြီး ရှင်းပြရင် လင်းရ တော့မှာကိုး။ သည်တော့ ကလေးလူကြီး အားလုံးက သူကြီးမျက်နှာကို ငေး ကြည့်နေကြတယ်။

"ကျုပ်လည်း အသက်သာ ငါးဆယ်ကျော်ပြီ၊ တစ်ခါမှ မြင်ဖူးတာ မဟုတ်တော့ ပြောဖို့ ခက်သားပဲ"

အောက်လင်းဓာတ်မီးရောင်အောက်က လူအုပ်ကြီးဟာ သည်စကားကြား တော့ 'ဟာ' ခနဲ ထဲအော်ကြတယ်။ ဘယ့်နှယ်ဟာတုန်း။ သူကြီးက သူတောင် မမြင်ဖူးတဲ့ပွဲ၊ သည်နှစ် ထည့်ဖြစ်အောင် ထည့်မယ်ဆိုတာကကော ဘာသဘော ပါလိမ့်။

"ကျွဲပွဲမှာ ဘာတွေပါရမယ်၊ ဘယ်လိုလုပ်ကြရမယ်၊ ဘယ်လို ဓာတ် တိုက်ရမယ်၊ ဘယ်လို သရုပ်ဆောင်ရမယ်ဆိုတာကအစ မောင်သာရင်က ရှင်းပြ ပါလိမ့်မယ်"

တော်ပါသေးရဲ့။ ဖိုးသောင်းက အောက်လင်း ဓာတ်မီးတွေ လေထထိုးတယ်။ ကောင်းခန်း ရောက်တော့မှာကိုး။ လူတွေကလည်း လှုပ်စိလှုပ်စိ ဖြစ်လာတာပါပဲ။ သူကြီးအိမ်ပေါ်လည်း လှမ်းကြည့်ကြတယ်။ ဘယ်မှာလဲ မောင်သာရင်ဆိုတာ။ တချို့ကလည်း သူကြီး ကိုကြာကို့ အစ်မဝမ်းကွဲ တစ်ယောက် မြို့မှာရှိတာတော့ သိကြပါရဲ့။ ဒါပေမယ့် သည်အစ်မရဲ့သား 'သာရင်' ဆိုတာကို မသိကြဘူး။ လူကြားထဲ ဘယ်လိုဟာ ပေါ်လာမလဲ စောင့်ကြည့်နေတုန်း ကတုံးဆံတောက်နဲ့ လူတစ်ယောက် မြင်ကွင်းထဲ ပေါ်လာပါရော။ လူက အောက်လင်းဓာတ်မီးတွေ ရှိန်နေအောင် ထွန်းထားတာတောင် စမုံနက်ရောင်က မပျောက်ချင်ဘူး။ လူကလည်း စမုံနက်အပါအဝင် စမုံမျိုးငါးပါးကို ရော်ပြီး ထုပ်ထားတဲ့ မီးနေသည် နှမ်းထုပ်လောက် ရှိတာပါ။ သူကြီး အိမ်ထောင့်ချထားတဲ့ 'ထိပ်တုံး' ကမှ ကြီးသေးတာပါကလား။ ဘယ်လိုပဲဖြစ်ဖြစ် သည် 'မောင်သာရင်' က ကျွဲပွဲမှာ သေတ္တာမှောက် ဆိုပါပကော။ သူကပဲ ရှင်းပြ၊ သူကပဲ ဓာတ်တိုက်၊ သူကပဲ သဘောသဘာဝတွေ ကျကျနန နားလည်အောင် သင့်ပြပေးလိမ့်မတဲ့။ လူပုံက မဟန်လောက်ပေမယ့် ပန်းညိုမျိုးလို ချိုးလေတိုးလေ ထင်ပါရဲ့ပေါ့လေ။

"သည်ဘက်ရွာတွေမှာ ကျွဲပွဲဆိုတာကို မကြားဖူး မမြင်ဖူးကြပေမယ့် ကျွန်တော်တို့မြို့မှာတော့ ကျွဲပွဲခလေ့ အင်မတန်ကြီးတယ် ခင်ဗျ၊ အလှူပွဲ ကထိန်ပွဲများမှာ ကျွဲပွဲထည့်လေ့ ရှိပါတယ်။ ကျွဲပွဲမှာ သရုပ်ဆောင်ရတဲ့ လူတွေကလည်း တခြားက မဟုတ်ပါဘူး၊ သည်ရွာက လူတွေပါပဲ။ ဓာတ်ကွက် ဓာတ်လမ်းတွေ ကျွန်တော်ပဲ ခင်းပြ ရှင်းပြမှာပါ။ ကျွဲပွဲဆိုတာ ဒီလိုခင်ဗျ"

ဖိုးသောင်းက အောက်လင်း ဓာတ်မီးသုံးလုံးကို လေထထိုးပြန်ရော။ လေပေါင်ပြည့်လာလေ လင်းလာလေ။ ဖိုးသောင်းက အောက်လင်းမီးတွေကို သံချိပ်မှာလည်း ချိတ်ပြီးရော၊ မောင်သာရင်ကလည်း ကျွဲပွဲဆိုတာကို စရှင်းတယ်။

(၄)

ကျွဲပွဲမှာ အဓိကကျတဲ့ ဓာတ်ရုပ်က ကျွဲနှစ်ကောင်ပါ။ တကယ့်ကျွဲ ဘယ်ဟုတ်ပါ့မလဲ။ ဝါးနဲ့ချိုးထားတဲ့ ကျွဲပေါ့။ ကျွဲတစ်ကောင်လုံးကို ချိုးရတာမျိုးလည်း မဟုတ်ဘူး။ ကျွဲခေါင်းလောက် ချိုးရတာပါ။ ဒါမှလည်း ကျွဲကမယ့်လူက ကျွဲခေါင်းစွပ်ပြီး ကနိုင်မှာကိုး။ နှစ်ကောင်ခတ်ရမှာဆိုတော့ ကျွဲခေါင်းက နှစ်



ါင်း ချိုးကြရတယ်။ ချိုးတော့လည်း ပေါ့ပေါ့ပါးပါးဖြစ်အောင် 'နှီးတစ်ဘက်' ါတဲ့ ဝါးကို လွှာပြီးသား နှီးပြားနဲ့ ရက်ရတာပါ။ ကျွဲခေါင်းကို ဝါးနဲ့ ပုံပေါ် ာင် အမာခံ ချိုးပြီး အပေါ်က ရက်ထားတဲ့ နှီးကပ်ကြားနဲ့ကပ်၊ ပြီးမှ ပုဆိုး ာ်လို၊ သင်္ကန်းစုတ်လို အစကို ကော်ဝအောင် သုတ်ပြီး ကပ်၊ ပြီးတော့ ်ခါ ဘိလပ်မြေစက္ကူနဲ့ ထပ်ကပ်၊ ပြီးပြီဆိုရင် စက္ကူပေါ်ကို ဆေးနက်ပိန်း ယ်ရတယ်။ မျက်လုံးနေရာတွေမှာ အပေါက်ဖောက်ထားတော့ ကျွဲခေါင်းထဲ ါင်းစွပ်ကရမယ့်လူက အပြင်ကို မြင်နိုင်တာပေါ့။ ဟုတ်ပြီ ဒါက ကျွဲခေါင်း။

"ကျွဲကိုယ်လုံးကကော" တဲ့။ ဒါလည်း နှီးကပ်ကြားကို ခပ်ခုံးခုံးရက် ပိတ်အမည်းစ အုပ်လိုက်ရုံနဲ့ ပြီးတယ်။ ကမယ့် နှစ်ယောက်က ရှေ့တစ် ာက်၊ နောက်တစ်ယောက်ကိုး။ တစ်ယောက်က ကျွဲခေါင်းထဲ ခေါင်းလျှို ကျွဲကိုယ်လုံး အဖျားကပ်ကြားခုံး တစ်ဖက်တင်၊ နောက်က ကမယ့်လူက ်တဲ့ ကျွဲကိုယ်လုံး အဖျားဘက်ကို ဝင်ပြီး ခါးကုန်းထားလိုက်ရင် ကျွဲ ်ကောင် မတ်တတ်ရပ်နေတာနဲ့တူပြီ။ ကျွဲကမယ့်လူ နှစ်ယောက်စလုံးက ာင်းဘီရှည်အနက်တွေ ဝတ်ကြရတယ်။ ကျွဲခြေလေးချောင်း ဖြစ်ကရော။ ်တော့ မသက်သာပါဘူး။ တစ်ယောက်က ကျွဲခေါင်းထဲ ခေါင်းလျှိုရလို့ က်သာသလိုပဲ၊ နောက်လူကလည်း အလိုက်သင့်အောင် ခါးကြီးကုန်းပြီး ်လျှောက်လုံး လိုက်နေရတာ အင်မတန် ပင်ပန်းတယ်။ ခတ်ကျွဲဆိုတာ ည်းမည်းမြင်ရာ ခတ်ကြရတာဆိုတော့ ရှေ့လူပြေးသမျှ၊ လိုက်သမျှ၊ လှုပ်ရှား မျှ နောက်လူက တစ်ထပ်တည်း ပါရတယ်။ မလိုက်နိုင်ရင် ကျွဲတခြား လူ ခြား ဖြစ်ကရော။ သည်တော့ ကျွဲထဲဝင်ကကြမယ့် လူနှစ်ယောက်က တစ် ာက်သဘော တစ်ယောက်သိဖို့ လိုတယ်။ အပင်ပန်းခံနိုင်ဖို့ လိုတယ်။ ်ကျွဲ ခတ်မယ့်လူတွေဆိုတော့ ကြမ်းကြမ်းရမ်းရမ်း စရိုက်ရှိဖို့လည်း လိုတယ်။

"မရိုးကုန်းမှာ ခတ်ကျွဲနှစ်ကောင်အတွက် ခေါင်းချိုးမယ့် အရုပ်ချိုး ကောင်းတဲ့ ဆရာကော ရှိရဲ့လား။ ခတ်ကျွဲကတာတော့ ဟုတ်ပါရဲ့။ ကျွဲခေါင်း၊ ကျွဲကိုယ်လုံးကို နှီးတစ်ဖက်လွှာပြီး အချိုးကျကျ ချိုးနိုင်ပါမှ အဓိပ္ပာယ်ရှိတော့ ပေါ့။ ဒါကလည်း မခက်တော့ မခက်ဘူး။ မရိုးကုန်းမှာ အရုပ်ချိုး ကျွမ်းကျင် ့ ဘကြီးစံ ရှိတယ်။ ကျွဲမပြောနဲ့၊ ဆင်တောင်ချိုးနေတဲ့ ပုဂ္ဂိုလ်ပဲဟာ။ ဘကြီးစံ ့ ချိုးဆင်ဟာ သည်နှားတစ်ဝိုက် နာမည်ကြီး။ ချိုးဆင်မှာမှ လှမ်းဆင်ရော ်ဆင်ပါ ချိုးနိုင်တယ်။ လှမ်းဆင်ဆိုတာက ဆင်လေးဖက်ထောက် ရပ်နေတဲ့ ်န်မှာ ဘယ်ခြေတစ်ဖက် အဆစ်ကလေးချိုးပြီး နည်းနည်းလေး မ,ထားတဲ့

ဟန်ကို ခေါ်တာပါ။ တစ်ခါ စုံဆင်ဆိုတာကျတော့ ဆင်တစ်ကောင်လုံး စုံရ
နေတဲ့ဟန်။ သည်လို လှမ်းဆင်ရော စုံဆင်ပါ ကျွမ်းကျင်မှတော့ ချိုနှစ်ဖက်
ထောင်ကားထားရတဲ့ ကျွဲခေါင်းဆိုတာလောက်တော့ ဘကြီးစံ ချိုးရင် မဖြ
မရှိဘူး။ ကျွဲခေါင်းနှစ်ခေါင်းနဲ့ ပေါင်းမိုးလို ကျွဲကိုယ်လုံး တစ်ခြမ်းစီ မှောက်
လို့ရရင် ခတ်ကျွဲနှစ်ကောင် ရတာပဲ။ တစ်ကောင်ကို မိုးမှောင်၊ တစ်ကော
ကို နက်မှောင်လို့ ကျွဲနံတောင်းနေရာတွေမှာ ဆေးဖြူနဲ့ ရေးရုံပဲ။ ဟုတ်ပြ
ဒါက ကျွဲ။

"သည်ကျွဲနှစ်ကောင် ကြမ်းကြမ်းရမ်းရမ်း ကတဲ့အခါ တီးပေးရမယ်
ဒိုးပတ်ဝိုင်းကကောတဲ့။ ရှိလိုက်တာမှ ဟောသည်နားရွာတွေမှာ ဒိုးပတ်ဝိုင်
မရှိတဲ့ရွာ တစ်ရွာမှ မရှိဘူး။ မရိုးကုန်းမှာလည်း ရှိတာပါပဲ။ ပီလိုက် မြည်
လိုက်တဲ့ ဒိုး။ တီးချင်လွန်းလို့မှ ပွဲစောင့်နေရတဲ့ ဒိုး လာစမ်းပါလေ့ကိုး။ ကျွဲ
ဆိုတာက ကျွဲနှစ်ကောင် မြင်မြင်ကရာ၊ တွေ့ကရာ လိုက်ခတ်နေတာကို ဒိုးဝိုင်း
က အဆူတီး၊ အသွက်တီး၊ မြိုင်မြိုင်ကြီး ဟီးထအောင် တီးပေးရတာထား
ကျွဲတွေကလည်း ဒိုးသံနဲ့ဆိုတော့ စိတ်တွေကြွပြီး ပိုခတ်လေ၊ ဒိုးဝိုင်းကလည်း
ကျွဲနှစ်ကောင် မြူးလေ လက်ပေါက်အောင် တီးနိုင်တယ်ပဲထား၊ ဘယ်မှာ စိတ်ဝင်
စားစရာကောင်းလို့တုန်း။ ကျွဲပွဲလာကြည့်တဲ့ ပရိသတ် လိုက်ခတ်လို့ ပြေးကြ
လွှားကြတာနဲ့တင် ဘယ့်နှယ့်လုပ် ကျွဲပွဲခေါ်လို့ရပါ့မတုန်း။ ဒါပေမယ့် ရှေးက
ကျွဲပွဲဆိုတာ သည်လောက်ပဲ။ ကျွဲနှစ်ကောင်ခတ်တဲ့အခါ အလှက၊ အယဉ်က
ပြီးရင် အရိုင်းခတ်၊ အပြေးခတ်လောက်နဲ့ပဲ ပြီးခဲ့ကြတာလည်း အမှန်ပဲ။ ကျွဲ
ခတ်လို့ ပြေးဟယ် လွှားဟယ်၊ နင်းဟယ် ကျော်ဟယ်၊ အော်ဟယ် ဟစ်ဟယ်
ရှိရင်ပဲ ပျော်စရာ ကောင်းလှပြီကိုး။ ပွဲဆူခေါ်တာပေါ့။ ကျွဲနှစ်ကောင်ခတ်တော့
မယ်၊ ပွဲစတော့မယ်ဆိုတာနဲ့ ကန်တော့ပွဲပေးရတယ်။ ကျွဲနတ်ကို ပသတာပါ။
ကျွဲတကယ်ခတ်ပြီဆိုရင် ခတ်တဲ့လူတွေမှာ နတ်ဝင်တယ်၊ နတ်စီးတယ်လို့
ယုံကြည်ကြတော့ တစ်စုံတစ်ရာ အထိအခိုက် ရှိဦးတော့ ဘယ်သူကမှ အလျော်
အပေါ် မတောင်းဝံ့ဘူး။ ကျွဲခတ်မှာစိုးရင် ခပ်ဝေးဝေး လွတ်လောက်မယ့်နေရာ
က ကြည့်ချင်ကြည့်၊ ဒါမှမဟုတ် ကျွဲပွဲကို မလာခဲ့နဲ့။ ကျွဲပွဲလာမှတော့ ထိချင်
ထိမယ်၊ ထိချင်မှလည်း ထိမယ်။ ထိရင် နာရင်၊ ကျိုးရင် ကြေရင် အလျော်
မရှိဘူး။ ဒါ လူကလုပ်တာ မဟုတ်ဘူး။ ကျွဲနတ်က လုပ်တာ။ ဒါကို လျော်
ရမယ်ဆိုရင် ဘယ်သူက လျော်မှာတုန်း။ သည်တော့ ပြောပါပကော။ ထိမှာ
စိုက်မှာစိုးရင် ကျွဲပွဲကို မလာနဲ့။



"နောက်ပိုင်းခေတ်တွေ ရောက်လာတော့ ကျွဲပွဲတွေလည်း ထွင်လာကြ
ယ်။ သရုပ်ဆောင်တွေ ထည့်လာကြတယ်။ ဇာတ်ထုပ်ဇာတ်ကွက်ကလေး
ွင်လာကြတယ်။ ဘာတွေပါလာကြသလဲဆိုတော့ စာတောင်ကုလားမခေါ်တဲ့
ကလေးဗေဒင် ကုလားမတစ်ယောက် ထည့်တယ်။ စာကလေးဗေဒင် ကုလားမ
စာကလေး လှောင်အိမ်ကလေး လက်က ဆွဲပြီး ရွာထဲဝင်လာ၊ လူနှစ်ယောက်
စာကလေးဗေဒင် မေးချင်တယ်ဆိုတော့ နီးရာမှာ ထိုင်ချပြီး ဗေဒင်ကိစ္စနဲ့
ားတွေ ပြောကြဆိုကြပေါ့။

"တစ်ခါ ထီးချုပ်ကုလားတစ်ယောက် ပါရမယ်။ ထီးစုတ်တွေ စုထုပ်
ားတဲ့ အထုပ်ကြီး ပခုံးပေါ်ထမ်းရင်းက ထီးပြင်တယ်။ သော့ခလောက် ပြင်
ယ်၊ လက်နှိပ်ဓာတ်မီး ပြင်တယ် စသည်ဖြင့် အော်ပြီး ရွာရိုးကိုးပေါက်
လျှောက်တဲ့ ဟန်ပေါ့လေ။ တစ်ခါ ဖဲသမားလေးယောက် ဖဲဝိုင်းထောင်နေတာ
ရဲက လိုက်လို့ နေရာရွှေ့ရွှေ့ပြေးရတာလည်း ပါရမယ်။ ဦးရွှေရိုးနဲ့ ဒေါ်မိုး
ဝတ်ထားတဲ့ လင်မယားနှစ်ယောက်လည်း လိုတယ်။ လူနှစ်ယောက် ကြက်
ကောင် တိုက်နေတာကို ဝိုင်းကြည့်တဲ့ လူလေးငါးယောက်ကလည်း သူ့ကြက်
ိုယ့်ကြက် အော်ကြီးဟစ်ကျယ် အားပေးကြလို့ပေါ့လေ။ တစ်ခါ ကြွေအံဝိုင်း
လည်း မလိုဘူးဆိုရင် လူခြောက်ယောက်လောက် လိုမှာပေါ့။ တစ်ခါ ထန်းရည်
သမား အုပ်စုကလည်း မြူအိုးနှစ်အိုး အလယ်ကောင်ချပြီး ထန်းရည်ဝိုင်းဖွဲ့
ယ် ဆိုကြပါစို့။

"နောက် ဘာထည့်ချင်သေးသလဲ ထည့်ပေါ့။ အရေးကြီးတာက ခတ်
ျွဲ နှစ်ကောင် ခတ်ရမယ့် လူတွေ ရှိဖို့ပဲ။ ခတ်ကျွဲနှစ်ကောင်က သူတို့ချင်း
တ်နေကြရာက ရွာထဲဝင်လာပြီး တွေ့ကရာ မြင်ကရာ လိုက်ခတ်တယ်ဆိုတဲ့
ဘာဝပေါ်ရင် ဒါ အထမြောက်တာပဲဆိုတော့ ဉာဏ်ရှိသလောက် ကွန့်နိုင်
ိုင်ရှိတယ် ပြောပါတော့။ စာကလေးဗေဒင် ကုလားမနဲ့ ဗေဒင်မေးနေတဲ့ လူ
တွေကိုလည်း ခတ်မှာပဲ။ ထီးချုပ်ကုလားလည်း ခတ်မှာပဲ။ ကြွေအံဝိုင်းလည်း
တ်မှာပဲ။ ဖဲဝိုင်းလည်း ခတ်မှာပဲ။ ထန်းရည်ဝိုင်းလည်း ခတ်မှာပဲ။ ကြက်ဝိုင်း
လည်း ခတ်မှာပဲ။ ဦးရွှေရိုး ဒေါ်မိုးလည်း ခတ်မှာပဲ။ နောက်ထပ် ဘာတွေ
ထည့်ချင်သေးတုန်း၊ ထည့်လေ။ ကျွဲနှစ်ကောင်ကတော့ 'ခတ်စာ' ဖို့ရတာပေါ့။
ကြွေအံဝိုင်းတို့၊ ဖဲဝိုင်းတို့၊ ကြက်ဝိုင်းတို့ကို လိုက်ဖမ်းနေတဲ့ ရဲသားတောင်
တ်မှတော့ ကျန်တာ စဉ်းစားသာကြည့်တော့"

"နို့ နေပါဦး၊ မောင်သာရင်ရဲ့ပွဲက ဘယ်အချိန် ပြီးရတာတုန်း၊ မင့်
တွေက တွေ့ကရာ ခတ်နေမှတော့ ဆုံးနိုင်ပါ့မလား"

မြင်းလှည်းဆရာ ကိုတောကျော်က သူ့စိတ်ထဲ မရှင်းတာ ထမေးတယ်
"ဘယ်အချိန် ပြီးရမယ်ဆိုတာတော့ မရှိဘူး ခင်ဗျ၊ ကျွဲတစ်ကော
လူနှစ်ယောက်ဆိုတော့ ကျွဲနှစ်ကောင် လူလေးယောက်ရှိမှာကိုး။ အဲသ
လေးယောက် ဟပ်ထိုးလဲအောင် မောတော့မှ ပြီးမှာပဲ။ သည်လူတွေကလည်
အရက်ကလေး ဘာလေး တိုက်ရဦးမှာဆိုတော့ တော်ရုံနဲ့တော့ မောကြတ
မရှိဘူး"

မေးခွန်းတွေ ဝင်လာပြီဆိုတော့ အစည်းအဝေးထဲ ရှိနေကြသူတွေကလည်
စိတ်ဝင်စားတယ်။ သူတို့ရင်ထဲ မရှင်းတာ မေးချင်ကြတယ်။ သူကြီးကိုယ်တို
ကတောင် သူ့တူပြောနေတာ အကုန်နားလည်ပုံမရတော့၊ ကျွဲပွဲဆိုတာကို
တေးတေးရှိတဲ့ လူတွေက သာဆိုးတာပေါ့လေ။ မြင်းလှည်းဆရာ ကိုတောကျေ
က ကျွဲခတ်မယ့်လူတွေ ဟပ်ထိုးလဲတော့မှ ပြီးရမယ့် ကျွဲပွဲကို ဘယ့်နှယ်ဟ
ပါလိမ့်လို့ တွက်ပုံရတယ်။ သည်မှာတင် တစ်ယောက်က မေးပြန်ရော။

"မောင်သာရင်ရဲ့၊ စာကလေးဗေဒင် ကုလားမဆိုတာ ဘာတုန်းဟ လု
စမ်းပါဦး"

"စာကလေးဗေဒင်ဆိုတာ မြို့တွေမှာတော့ ရှိတာများပါတယ်။ ဗေဒ
သည် ကုလားမပေါ့ဗျာ။ ဟောစာတမ်း ရိုက်ထားတဲ့ ကတ်ပြားတွေကို
ကလေးက ဆွဲယူပေးတာကို ဖတ်ပြီး ဟောချက်ရယ်လို့ ယူရတာပေါ့လေ
စာကလေးတစ်ကောင်ကို သစ်သားအိမ်ကလေးထဲထည့်ပြီး လှည့်သွားနေ
ကုလားမ ခင်ဗျ"

စာကလေးက ဗေဒင်ဟောတယ်ဆိုတော့ မေးသူတင်မကပါဘူး၊ ကျ
တဲ့ လူတွေကလည်း သဘောမပေါက်ဘူး။ သည်အချိန်မှာ အောက်လင်း ဓာ
မီးတွေ မှိန်ကျသွားတော့ ဖိုးသောင်းက လေထထိုးတယ်။ ပိုးကောင်တွေ
ဓာတ်မီးတစ်လုံးမှာ တစ်ပြည်သားလောက်နဲ့ တစီစီရှိနေကြလေရဲ့။ တစ်ချိန်လ
ငြိမ်ပြီး နားထောင်နေတဲ့ ဘကြီးမောင်က မေးပြန်ရော။

"နေပါဦးကွ၊ မောင်ကြာကံရ၊ မင်း သည်စိတ်ကူး ဘယ်ကများ ရ
လိမ့်မယ်။ ဘယ့်နှယ်ကွာ အရက်မူးနေတဲ့ကောင်တွေ ကျွဲခေါင်းစွပ်ပြီး ထ
ကရာလူ လိုက်ရမ်းရမယ်ဆိုတော့ ဘယ်မှာ ပျော်စရာကောင်းလို့တုန်း မောင်
မတော်တဆ ထိခိုက်ကုန်တော့ မခက်ပေဘူးလား"



သည်မေးခွန်းကို သာရင်က မဖြေဘူး။ သူက ကျွဲပွဲဖြစ်မြောက်ရေးမှာ
ဝန်ယူရမယ့်လူ မဟုတ်လား။ လုပ်မယ်ဆိုရင် သူ တာဝန်ယူပြီး သင်ပြ
ရဲ့ တာဝန်ရှိတာကိုး။ သည်တော့ လုပ်ခြင်း မလုပ်ခြင်းဟာ ရွာနဲ့ပဲဆိုင်
ာ သူ့ဦးလေးတော်သူကို လှမ်းကြည့်တယ်။ သူကြီး ကိုကြာကံက ဖျာစွန်း
မပြီး ကွမ်းထွေးရင်းက ကွမ်းပလုတ်နဲ့ ဖြေတယ်။

"ဘကြီးမောင်တို့နဲ့တော့ ခက်ပါ့ဗျာ၊ ကျွဲပွဲပါဆိုမှ ယိုးဒယား သမင်
က်သလို ညက်ညက်ကလေးတော့ ဘယ်ရှိပါ့မလဲ။ ပွဲကြီးလမ်းကြီး မထည့်
လို့ ထလုပ်ရတဲ့ဟာ၊ စည်လည်း စည်စေ၊ ပျော်လည်း ပျော်စေ၊ မမြင်ဖူး
လည်း မြင်ရစေဆိုတဲ့ စေတနာနဲ့ လုပ်ကြတာ။ ထိမှာစိုးရင် ဘကြီး မလာ
"

နောက်တော့လည်း သူကြီးစကား တည်ရတာပါပဲ။ အဝေးရွာတွေက
သိ ဘမသိ ရောက်လာတဲ့ သူကြီးတွေကလည်း သူတို့အပိုင်းက ဘာလဲ
လို့ ထမမေးကြပါဘူး။ မရိုးကုန်းမှာ အင်စပိတ်တော်လောက် လာတာ
င် အနားရွာတွေပါ ငွေခွဲတဲ့သူကြီးဆိုတော့ ကျွဲပွဲဆိုတာမှာလည်း သူတို့
တ်လောက်ပါဘူးဆိုတာ သိတာလည်း ပါမှာပေါ့။ အဲသည့်ညက ကျွဲပွဲနဲ့
သက်လို့ ရွာက တော်တော် သိလိုက်ရတယ်။ သည်နှစ်ကထိန်မှာ ကျွဲပွဲ
တဲ့ဆိုတဲ့ သတင်းဟာ ညတွင်းချင်း ရွာထဲကို ရောက်သွားခဲ့တဲ့အထိပဲ။
က်လင်းဓာတ်မီး မီးထိုးရတဲ့ ဖိုးသောင်းတောင် သူ့ဘဝမှာ သည်ညလောက်
ထိုးရတဲ့ည မရှိဘူးလို့ တွေးမိတဲ့အထိ အစည်းအဝေးက ကြာတယ် ပြောပါ
ာ။ သူကြီး ကိုကြာကံကပဲ အစည်းအဝေး သိမ်းတာပါပဲ။

"အဲတော့ မောင်သာရင် ငါတူက ဝယ်ရ ခြမ်းရမှာ၊ ငှားရ ပြုရမှာတွေ
ကာ့ ကုန်ကျစရိတ်စာရင်းလုပ်ကွာ၊ အရေးကြီးတာက လူနဲ့ ကျွဲပွဲမှာ ကမယ့်
ကိုက်ပစေဟေ့၊ ကျွဲဘယ်သူလုပ်မယ်၊ ဗေဒင်ဆရာ ဘယ်သူလုပ်မယ်ကအစ
ချာအောင် ရွေး၊ လောလောဆယ် ကုန်မယ့်ငွေကို ဟံသာ မင်း စိုက်ထား
၊ နောက် ရွာက ကောက်ခံပြီး ပြန်ဆပ်ရမှာပေါ့။ သူကြီးတို့ကလည်း
ထိန်နေ့ ကိုယ့်ရွာကိုယ် တာဝန်ယူပြီး ပရိသတ်များအောင် ဆော်ဩပေးကြ
ရွာမှာ ကျွဲပွဲရှိတော့ သူကြီးတို့ရွာတွေ လိုတော့လည်း ခေါ်နိုင်တာပေါ့"

အောက်လင်းဓာတ်မီးမြင်လို့ သူကြီးအိမ်ရောက်လာတဲ့ ကလေးတွေ
လည်း အဲသည့်နားတင် ခွေအိပ်နေကြတော့ ဆိုင်ရာမိဘတွေက ကိုယ့်ကလေး
လာကောက်ကြတယ်။ ဖိုးသောင်း အောက်လင်းမီးကွေ သိမ်းတော့၊ ည
ပြန် တစ်ချက်ထိုးပြီ။

## (၅)

ကျွဲပွဲဆိုတာ အပြောလောက် ကြားရတာလောက်ရှိလေတော့ ပိုက်ဆံစိုက်ရမ
ကိုဟံသာက သူကြီးကြောက်လို့သာ အင်းလိုက်လိုက်ရတယ်။ ဘယ်ရွေ့ဘယ်
ကုန်မယ်ဆိုတာ မသိဘူး။ အရင်ကလည်း စိုက်ရတာ များလှပေါ့။ တို့တိတို့
နဲ့ ဆပ်တာမျိုးတော့ ရှိပါရဲ့။ တစ်ခါမှ ကျေတယ် ရှင်းတယ်လို့ မရှိခဲ့ဖူး
ကိုဟံသာ မိန်းမက သူကြီးအကြောင်းသိသူပီပီ 'ကျုပ်တို့ သူကြီးက ကျုပ်
ကုန်စုံဆိုင်နဲ့ သူကြီး လုပ်နေတာ' တဲ့။ ကာထိန်က တစ်လ မရှိတရှိလော
လိုသေးတာပေမယ့် ကျွဲရုပ်ချိုးရတာနဲ့၊ စာကလေးပုံး ရိုက်ရတာနဲ့၊ တီးရမ
ဒိုးပတ်တွေ မကောင်းတော့ဘူးဆိုလို့ မြို့တက်ဝယ်ရတာနဲ့ စသည်ဖြင့် တစ်ရ
တစ်ရက်နဲ့ ရက်က ဘာမှမကျန်တော့ဘူး။

ကျွဲပွဲဆိုတာက စကားရယ် ဘာရယ် ဟုတ်တီပတ်တီ ပြောရတဲ့ အ
ပြဇာတ်မဟုတ်လို့ အခန်းဝင် အခန်းထွက်ရယ်၊ ကားလိပ် အတင်အချ
မရှိပေမယ့် သူ့လူနဲ့ သူ့နေရာဆိုတာ ရှိသေးတာကိုး။ ကန်တော့ပွဲ တစ်ပွဲ
အောက်လင်းဓာတ်မီးဆရာ ဖိုးသောင်းကို တစ်ည ဆန်တစ်ပြည် ငွေတစ်မ
ပေးပြီး ကျွဲပွဲတိုက်ရတာကိုက မရီးကုန်းမှာ တိမ်တိမ်ခြေဖုံးပါလို့ အုန်းမြိ
ည်နေတော့တာပါ။ ကလေးတွေကလည်း ကျွဲပွဲ၊ အပျို လူပျိုတွေကလ
ကျွဲပွဲဆိုတာ ထား၊ အိုကြီးအိုမတွေကပါ ညတိုင်ရင် သူကြီးဝိုင်းထဲ ရောက်
ပြီ။ တကယ့်ပွဲကြီး မဟုတ်တော့ သဘောလောက်ပေါ့လေ။ ကြမ်းကြမ်းရမ်း
ကြီးတော့ မရှိသေးဘူး။ သာရင်က ဒါရိုက်တာ။ စာထောင်ကုလားမနဲ့ အ
က သည်မှာနေ၊ ဖဲဝိုင်းက ဟိုမှာ၊ ကြက်ဝိုင်းက သည်ဘက်လာ၊ ကြွေ
က သည်ထောင့်နေပေါ့လေ။ ပုလိပ်တွေလာရင် ဘယ်သူက ဘယ်ဘက်ကို
ကျွဲက ဘယ်လိုဝင်၊ ဘယ်လိုခတ်၊ ဘယ်လိုယိမ်း၊ ဘယ်လိုရှောင်။

သူကြီး ကိုကြာကံကတော့ သူ့လက်ထက်ကျမှ ကျွဲပွဲထည့်နိုင်တာ
တော့ မြို့က အရေးပိုင်၊ နယ်ပိုင်တွေကအစ မြို့ပိုင်နဲ့ တောဆင်း စာရေး
ပါ ဖိတ်ချင်တယ်။ စရိတ်ဆိုတာကလည်း သူ့ဟာသူတော့ ဖြစ်သွားမှာပါ
လို့လည်း တွက်တယ်။ ရွှေတစ်ကျပ်သား လေးရာခေတ်ဆိုတော့ ငွေတစ်ထော
လောက်ဆိုရင် သုံးပါလေ့။ ရွာထဲ ချောင်ငါးချောင်ရှိတော့ တစ်ချောင်နှစ်
တော့ သူ့ဟာနဲ့သူ ဖြစ်သွားမှာပါလေလို့လည်း စိတ်ထဲတေးထားတယ်။ သူ
ကသာ စိတ်ထဲတေးထားတာ ကိုဟံသာက စိုက်ထားရတာ မနည်းတော့
သူကြီးက သူ့လက်မှတ်ပါမှ ငွေထုတ်ပေးဆိုပေမယ့် သူ့လက်မှတ်တွေချ





ာနေတော့ ပေးရတော့တာပေါ့။ ဒိုးဝိုင်းခြောက်ယောက်နဲ့ ကျွဲလေးယောက်
ချည်း တစ်ရက် တစ်ရက် အရက်ဖိုး ထုတ်ပေးရတာ မနည်းတော့ဘူး။

"သူကြီးကလည်း လက်မှတ်တွေချည်း ထိုးမနေနဲ့ဗျ။ ခင်ဗျားလူတွေ
အရက်ဖိုး၊ ထန်းရည်ဖိုး ထုတ်ကြတာထား၊ အခုက စားမယ့် ကွမ်းဖိုးကို
ာင် သူကြီးစာရွက်နဲ့ လာနေတော့ ဘယ်နှယ့်လုပ်မတုန်း"

တစ်ရက်တော့ ကိုဟံသာက သူကြီးပေမယ့် မခံနိုင်တော့ ငေါက်ကရော။
ည်တော့လည်း ပွဲမပြီးခင်ပါကွာ၊ သည်ကောင်တွေလည်း ပျော်ကြလို့ နေမှာ
လို့ လေပျော့ကလေးနဲ့ ချော့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ညတိုင်း ဒိုးသံ တအိမ်း
မ်း၊ ကျွဲတယိမ်းယိမ်းဆိုတော့ မရီးကုန်းဟာ အနားရွာတွေထက် စည်ကား
တာ အမှန်ပဲ။ သူကြီးကတော်ဆိုတာတော့ ပြောမနေနဲ့တော့။ ထဘီဒယဦ
က်နဲ့ ဘီးဆံပတ်ကြီး ကြေ့နေအောင် ထုံးလိုက်လို့။ သူကြီးသမီးလည်း ဖြစ်
၊ လက်ရှိ သူကြီးမယားကလည်း ဖြစ်ပြန်ဆိုတော့ 'သူကြီးကတော်' ခေါ်
ည်း ထူးတယ်။ စိတ်မထင်တဲ့အခါ 'တိုက်သူကြီးကတော်' ခေါ်မှ မေးထူး
ပြော လုပ်တာလည်း ရှိတယ်။ ဖအေသူကြီးပေါင်းထားခဲ့တဲ့ အောက်လင်း
တ်မီး သုံးလုံးကြောင့် တိုက်သူကြီး ဖြစ်ခဲ့ရတဲ့ လင်သူကြီးတောင် တစ်ခါ
စ်ခါ ဘေးပြောချင် ပြောနေသေးတာကလား။

"မောင်ကြာကံရေ့၊ ဖွဲလှည်းနောက် ဆန်လှည်းပါ နေရာတကာ
ာက်လင်းဓာတ်မီးကြီး တဝင်းဝင်းနဲ့၊ ကာလတန်ကြေးမသိဘဲနဲ့ လူရှုပ်ရှုပ်
မ်းထုပ်ဖြေသလို လုပ်နေတာ မပြောချင်လို့ ကြည့်နေတယ်မှတ်ပါ။ နေမြင့်
ပုန်းရည်ချဉ်လေပါလားတော်ရဲ့"

တစ်ခါတစ်ခါ သူကြီးကတော်က အောက်လင်းဓာတ်မီးကြီးတွေ ညတိုင်း
န်းနေတာကို မလိုတဲ့နေ့ မလိုသလို ပြောတတ်ပေမယ့် ကိုကြာကံကတော့
န်းတာပါပဲ။ သည်ကြားထဲ ဖိုးသောင်းက နေ့တိုင်း ဆန်တစ်ပြည် ငွေတစ်မတ်
တ်နေတာကလည်း ပြည်သုံးဆယ်နီးပြီဆိုတော့ အောက်လင်းဓာတ်မီး ကုန်ကျ
တ်ကလည်း တက်လှပြီကိုး။ ဘယ်လိုဖြစ်ဖြစ် ရက်ကလေး ရလာတော့လည်း
ပွဲက တိုက်သားကျကြပြီ။ သပ်သပ်ရပ်ရပ်တော့လည်း မဟုတ်ဘူးပေါ့။ ဦးစီး
င် ပွဲစီးမနိုင်ဆိုတော့ ဦးနှင်းပွဲထောင်၊ ပွဲနှင်းဦးထောင်နဲ့ပဲ ဟုတ်သင့်သလောက်
တ်ရတာပေါ့လေ။ ကထိန်ပွဲကြီးနီးလို့ သုံးလေးရက်လောက် အလိုမှာတော့
ဆိုနေရာချထားရေး၊ အဝေးဧည့်တွေ ဧည့်ခံရေး၊ ဆွမ်းကွမ်းကပ်လှူရေးက
ဝေယျာဝစ္စ ကိစ္စတွေအတွက် အဖွဲ့ကလေးတွေ ဖွဲ့ရပြီ။ သူကြီးကတော့

အိမ်နဲ့ ဘုန်းကြီးကျောင်း ပြေးရတာနဲ့ပဲ ဒူးဆတ်ခေါက်လိုက်နေပြီ ပြောပါ
ရွာထဲရော အဝေးရွာတွေမှာပါ ကထိန်ပွဲဆိုတာ ပျောက်ပြီး ကျွဲပွဲဆိုတာကြ
ရွေ့ရောက်နေတော့တာပါပဲ။ မရိုးကုန်း ကထိန်မှာ ကျွဲပွဲဆိုသဟာ ပါသ
ဆိုတဲ့ သတင်းက ကပ်လျက် ရွာတွေတင်မကဘူး ခရီးနှစ်တိုင် သုံးတိုင်အ
က ရိုးကြီး၊ မဲဇလီ၊ ကြွက်နဖား၊ ခလောက်ဆွဲ၊ ကြောင်လျှာတော၊ ရေ
စောက်၊ တောမီး၊ ချောင်းစောက်ရွာတွေအထိ စကားရောက်နှင့်ပြီ။ ကျွဲ
တာ ဘယ်လိုဟာမှန်း မသိကြဘူးဆိုဦးတော့၊ မရိုးကုန်း ကျွဲပွဲဆိုမှတော့ ကြ
ချင်ကြသားပေါ့။ ခက်တာက ကြားရသလောက်က မြင်မြင်ထင်ထင် ခြေ
လက်ခင်းသာသာ နေ့လယ်နေ့ခင်း ကမှာမဟုတ်ပြန်ဘူးဆိုတော့ ညရေးည
တစ်ရွာတစ်ရွာ ကူးဖို့ဆိုတာ ခက်သားကလား။ မရိုးကုန်းနဲ့ ကပ်နေတဲ့
တွေက အကြောင်းလား။ ပွဲမရှိရင်လည်း သည်လိုပဲ ကူးကူးနေတဲ့ ရွာ
ငရုတ်သီးတစ်တောင့် ကြက်သွန်တစ်မြိတ်နဲ့လည်း ညဘက် ထွက်ချင်ထွက်
ကြတာ မဟုတ်လား။ ခက်တာက အဝေးရွာတွေက ခက်တာ။ ဖြစ်သင့်တ
ကထိန်သင်္ကန်းကပ်၊ ပဒေသာပင်တွေ ဆိုင်ရာဆိုင်ရာကျောင်းတွေ လှူလို့
လို့ ပြီးတာနဲ့ ကျွဲပွဲတစ်ခါတည်းဝင်။ အခုက အဲသည်လို မဟုတ်ပြန်ဘူး။ နေ
တစ်ခင်းလုံး ပက်လက်လန်အောင် အားလျားနေပါလျက်ကနဲ့ ညမှောင်မှ
ကမယ်ဆိုတော့ စဉ်းစားရခက်နေကြတယ်။

"သူကြီးနယ်၊ ကထိန်လာကြသမျှလူတွေ သိုက်သိုက်မြိုက်မြိုက် ကြ
နိုင်အောင် သင်္ကန်းကပ်ပြီးတာနဲ့ ကျွဲပွဲဝင်ရမယ့်ဟာ၊ ခုတော့ ညမှ ကမ
တော့ သူကြီးဟာက မဟုတ်သေးပါဘူး"

သူကြီး သူရင်းငှား အောက်လင်းဓာတ်မီးဆရာ ဖိုးသောင်းက သူ
တစ်ပြည် ငွေတစ်မတ် နှစ်နာတာထား အများအတွက်ငဲ့ပြီး ပြောကြည့်ပါ
တယ်။ သူကြီးကတောင် ဘာမှမပြောရသေးဘူး။ သူကြီးကတော်က ပယ
တယ်။

"အမယ့် ဖိုးသောင်း၊ လူကြီးတွေက ကောင်းမယ်ထင်လို့ စီမံထား
မင်းက စလောင်းမလှန်နဲ့၊ အရေးထဲ ကြက်နာက မောင်းကျောက် မုန်ရ
တော်"

ဒါပါပဲ။ ကထိန်ည မတိုင်ခင် နှစ်ရက်မှာ ပွဲဝင်မယ့်သူတွေ အား
ရော၊ ဓာတ်ဝင်ခန်းပစ္စည်းတွေပါ အေးခုတင်ကြီး နှစ်ချပ်ခင်းတဲ့ပြီး စ
တိုက်ကြရတယ်။ လမိုင်းတင်တယ်လို့လည်း ခေါ်ကြတဲ့ ဆိုင်ရာနတ်ကို အ



အယွင်း ကင်းအောင်၊ အထိအခိုက် မရှိအောင် ပသတဲ့ပွဲပေါ့လေ။ ဘုရားပွဲ တစ်ပွဲ၊ ကျွဲနတ်အတွက် တစ်ပွဲ ထိုးထားတဲ့ ကန်တော့ပွဲကြီးနှစ်ပွဲနဲ့ ကျွဲခေါင်းကြီး နှစ်ခေါင်း၊ ပွဲသုံးမယ့် စာကလေးဗေဒင်ပုံး၊ ထီးစုတ်ထုပ်၊ ဖဲထုပ်၊ ကြွေစေ့၊ ထန်းရေမြူအိုးကအစ ခုတင်ပေါ် အကုန်တင်ပြီး ကမယ့်သူတွေ စုပြီး ကန်တော့ရတာပါ။ ကမယ့်သူတွေကလည်း ဝတ်စုံပြည့်နဲ့ဆိုတော့ မျက်နှာချေတဖွေးဖွေး၊ ချွေးတလုံးလုံးပေါ့လေ။ မောင်သာရင်က အစစအရာရာ စီမံပေးရတာပေါ့လေ။ သူကြီး ကိုကြာကံကတောင် မျက်နှာချေတွေနဲ့ဆိုတော့ စဉ်းစားသာ ကြည့်တော့။ သည်ကြားထဲ အားလုံးက ကန်တော့ကြတော့ သူကြီးကပါ ဝင်ကန်တော့နေလို့ တချို့က သူကြီးက ဘယ်နေရာမှာများ ပါဦးမှာပါလိမ့်လို့ တွေးကြတယ်။

အဲသည့်ညက ဝတ်စုံပြည့် ကကြတာဆိုတော့ တစ်ရွာလုံးက လာကြည့်ကြတာ ပရိသတ်များလွန်းလို့ သူကြီး ခြံစည်းရိုးတောင် ကျိုးရတဲ့အထိပဲ။ တကယ် ကမယ့်နေရာက ဘုန်းကြီးကျောင်းဝက ကွက်လပ်ကြီးထဲမှာဆိုတော့ လူဘယ်လောက်များများ ဆံ့လောက်မယ်လို့တော့ မှန်းရတာပါပဲ။ လှည်းဝိုင်းချွတ်ရမယ့်နေရာ၊ ဈေးသည်တွေ ဈေးရောင်းရမယ့်နေရာတွေ ဖယ်ဦးတော့၊ နေရာ တော်တော် ကျန်သေးတယ်ဆိုတော့ ချောင်ချောင်ချိချိ ကနိုင်ကောင်းပါရဲ့ပေါ့လေ။ အဲသည့်ညက ဝတ်စုံပြည့်နဲ့ဆိုတော့ လမိုင်းပိုတပ်ကြထင်ပါရဲ့။ ကလိုက်ကြစမ်းဆိုတာများ ဘာပြောကောင်းမလဲ။ မရိုးကုန်းရွာတောင် မြေပေါ်က ကြွကြွတက်နေသလို ခုံးခုံးထနေတာများ စောင်ထဲ မြွေဝင်နေတဲ့အတိုင်းပဲ။

(၆)

ကထိန်ပွဲကြီး ဖျိုးဖျိုးဖျစ်ဖျစ် ပြီးမြောက်သွားတဲ့အခါ တစ်ရွာလုံးလည်း ချိုးချိုးချွတ်ချွတ်မြည်ပြီး ကျန်ရစ်ခဲ့တယ် ပြောပါတော့။ ရဟန်းသံဃာတော်များကို ကထိန်ဒါန လှူဒါန်းပူဇော်တဲ့အပိုင်းကတော့ 'ဘုန်းမြတ်ကျော်ကို၊ ပူဇော်သကာ၊ ပြုစရာဟု၊ ညီညာတုပ၊ ထီးဖြူလှနှင့်၊ တံခွန်တွေပြား၊ ရက်သားတင့်တယ်' ဆိုသလို တင့်တင့်တယ်တယ် ပြုနိုင်ခဲ့ကြပါရဲ့။ ဆောင်းစပ်ခါချိန်၊ ကထိန်မချွတ်၊ သဒ္ဓါညွှတ်ကြတာလည်း ကတညုတ ကတဝေဒီ ရှိကြပါပေရဲ့။

နို့ဖြင့် ကျွဲပွဲကကော။ စည်လိုက်တာမှ 'ဝရဇိန်ဟု၊ စက်ရှိန် လက်နက်၊ ဆန့်၍ နက်သော်၊ ဝက်ဝက်မြေမိုး၊ ပြတ်ကျိုးမြင်းမိုရ်၊ ထိန့်ထိန့်ပြိုမျှ' ဆိုတာလို မရိုးကုန်းတောင် နှစ်ခြမ်းကွဲတော့မလား မှတ်ရတယ်။ ညဦး ခုနစ်နာရီလောက်

စလိုက်တဲ့ ကျွဲပွဲ၊ ဆယ်နှာရီထိုးတာတောင် မပြီးသေးဘူး။ မိုးမှောင်နဲ့ နက်မှောင် ကျွဲနှစ်ကောင်ကလည်း တွေ့ကရာ မြင်ကရာ ခတ်လိုက်ကြစမ်းဆိုတာများ။ စာထောင် ကုလားမလုပ်တဲ့ မရင်းတုတ်ကလွဲလို့ ယောကျ်ားသားတွေချည်း သရုပ်ဆောင်ကြတာဆိုတော့ အားလုံးလိုလိုက မူးနေကြတာပါပဲ။ ဒိုးဝိုင်းကလည်း အနားမှာ အရက်ဂါလံပုံး တစ်ပုံးချပြီး လောင်မီး မိုးကြိုးကြီးသလို မြုန်းမြုန်းဖြောင်းဖြောင်း တီးလိုက်ကြတာ အရပ်အနား တစ်ချပ်မရှိဘူး။ ဘယ်သူကမှလည်း ကျွဲပွဲရယ်လို့ ကောင်းကောင်း မတွေ့ဖူးကြတော့ ကျွဲလိုက်ခတ်လို့ ပြေးရလွှားရတာကိုပဲ အကြောင်းကြောင့်ဖြစ်ရတဲ့ အကျိုးပါတကားဆိုတဲ့ စိတ်နဲ့ ကြိတ်ကြိတ်ကြီး ဝမ်းသာကြလေရဲ့။ အလှူအတန်းနဲ့ မင်္ဂလာဆောင်ကလွဲလို့ မဝတ်ဘဲ သိမ်းထားတဲ့ ခေါက်ရိုးတွန့် အဝတ်အစားတွေကို အသားကုန် ထုတ်ဝတ်ကြလေတော့ မရိုးကုန်းခမျာ ကံဇာတာကြီး တိုးတက်၍ စုံမက်ဖွယ် တသောသော၊ ချောတဲ့သူ အပုံပေါ်လှသည့်ပြင် ဆိုတာလို မကြုံစဖူး ဖိတ်ဖိတ်တောက်လို့။ ခတ်ကျွဲလိုက်ခတ်သမျှ ထွန်တုံးကျပဟန် မိုးကြိုးနဲ့ အပစ်ခံရသလို ဒရောသောပါး ပြေးရလွှားရပါမယ့်အရေး စရိတ်ငွေကြေး အကုန်အကျခံပြီး ကျင်းပခဲ့ရတဲ့ပွဲဆိုတော့ ကုသိုလ်ရေးက ဘယ်ရွေ့ဘယ်မျှ၊ ဖျော်ဖြေရေးက ဘယ်ရွေ့ဘယ်ပုံ စသည်ဖြင့် စခန်းသိမ်း အစည်းအဝေးကလေးလည်း လုပ်ကြရတယ်။ လေးလက်မပတ်လည် စက္ကူစက္ကလေးတွေ ဖြတ်ထားပြီး 'ကြာကံ'၊ 'ကြာကံ' ရယ်လို့ လူလာတိုင်း ထိုးပေးနေတဲ့ လက်မှတ်စာတွေကလည်း ကုန်စုံဆိုင်ပိုင်ရှင် ကိုဟံသာဆီက ထွက်လာတာကပဲ လက်တွင်းတစ်ဆုပ်စာလောက် ရှိနေတော့ ကောက်ခံရငွေနဲ့ ကုန်ကျငွေ အခု အနုတ်ရှိပါမှ စာရင်းချေနိုင်မှာကိုး။

"ငရှိရှာက သည်နှစ်လုပ်လိုက်တဲ့ ကျွဲပွဲဟာ သည်နားတစ်ကြောတော့ ဝက်ဲဝက်ကို ကွဲတာပဲဟေ့။ ဂရိတ်ဦးဖိုးစိန် ငှားတာတောင် သည်လောက် မစည်နိုင်ဘူး။ သောက်ရေတောင် ရွာထဲပြတ်ထွက်တဲ့အထိ စည်တာဆိုတော့ တွက်သာ ကြည့်တော့။ နယ်ပိုင် မြို့ပိုင်မင်းတွေ မကြွရောက်နိုင်ပေမယ့် ဘီလစ်စာရေးကြီးနဲ့ တောလိုက်စာရေးကြီးတွေ လာကြတယ်ဆိုကတည်းက ကျက်သရေရှိလှပြီ။ သည်တော့ ကုန်တာက ကုန်စာရင်း၊ ရစရာရှိတာက ရစာရင်းတော့ ရှိရမှာပေါ့။ ကျောင်းဆရာ မောင်လှဘော်က စာရင်းတွေ မှတ်ထားတာဆိုတော့ စာရင်းဖြောင့်ကွာ"

ကျွဲပွဲကြောင့် အိပ်ရေးတွေ ပျက်လွန်းလို့ ထင်ပါရဲ့။ အရိုးပေါ် အရေ ဟင်နေတဲ့ သူကြီးက ဒူးခေါင်းနှစ်လုံးပေါ် မျက်နှာတင်ထားရင်းက ခေါ့ရင်း



ကောင် အော်သံနဲ့ ပြောနေတာပါ။ စာရင်းရှင်းပွဲကတော့ နေ့ခင်းဘက် လုပ်တာပါ။ မန်ကျည်းပင်ရိပ် ဖျာကြီးခင်းပြီး အပိုင်းလိုက် လူကြီးတွေ၊ ဆယ်အိမ်မှူး ရာအိမ်မှူးတွေနဲ့တကွ ပိုက်ဆံစိုက်ထားတဲ့ ကိုဟံသာအပါအဝင် ကျောင်းဆရာ ကိုလှဘော်တို့ စာရင်း စဆွဲကြတယ်။ အဖွဲ့တွေဆီက တက်လာတဲ့ စာရင်းတွေ အရင်ဖြည့်ကြရတာပေါ့လေ။ ညနေ တော်တော်ကြီး နေစောင်းတော့မှ စာရင်းဖြောင့်လို့ရတယ်။ အဖွဲ့လိုက် ကုန်ကျငွေ၊ တစ်ဦးချင်း ကုန်ကျငွေအထိ တွက်လို့ရပြီ ဆိုပါတော့။ ကျွဲခေါင်းချုပ်တာ၊ ကျွဲကိုယ်လုံး ရက်တာ၊ ပိတ်စ၊ စက္ကူ၊ ကော်၊ ချုပ်ခကအစ ကျွဲနှစ်ကောင် စာရင်းရယ်လို့ အသေးစိတ်သိချင်သလား၊ ရပြီ။

"ကျွဲခေါင်း ကျွဲကိုယ်လုံးအတွက် ဝါးဝယ်တာက တစ်ရာ၊ ဘကြီးစံကို ချုပ်ခပေးတာ တစ်ကောင် တစ်ရာဆိုတော့ နှစ်ကောင် နှစ်ရာ၊ ပိတ်ဖိုးက တစ်ရာ့လေးဆယ်၊ ဘိလပ်မြေစက္ကူနဲ့ ကော်ဖိုးက ခုနစ်ဆယ်၊ မိုးမှောင်နဲ့ နက်မှောင် နာမည်ရေးခကု တစ်ကောင် အစိတ်နဲ့ နှစ်ကောင် ငါးဆယ်။ ပြီးတော့..."

"ဟော့... ဟော့ နေဦး၊ မိုးမှောင်နဲ့ နက်မှောင် စာလုံးလေးလုံးရေးတာ ဘယ်ကောင်လဲကွ ပိုက်ဆံယူတာ။ ကိုယ့်ရွာပွဲ ကိုယ့်ကိစ္စ ဒါလေးတောင် ပိုက်ဆံတောင်းတယ်လို့ကွာ"

"စံအေးလေ၊ သူကြီးပဲ ထုတ်ပေးရန်ဆိုပြီး လက်မှတ်ထိုးပေးလိုက်တာလေ"

စံအေးက သူကြီးရဲ့ မယားဘက်က တူပါ။ သည်တော့ သူကြီးလည်း ငြိမ်သွားတယ်။ ကိုဟံသာက စာရွက်တစ်ရွက်ထောင်ပြတော့ သူကြီးက "ကိုင်း ပါလေ ကျွဲစာရင်း ဆက်စမ်းပါဦး" တဲ့။ သူကလည်း ထိုးပေးမိသကိုး။

"ကျွဲကတဲ့ လေးယောက်အတွက် စွပ်ကျယ်လေးထည်နဲ့ ရှမ်းဘောင်းဘီနက် လေးထည်က လေးရာ့ရှစ်ဆယ့်နှစ်ကျပ်၊ ကျွဲသမား လေးယောက် မျက်နှာချေ ဝယ်တာက"

"ဟော့... နေဦး၊ ကျွဲခေါင်းထဲ ဝင်ကတဲ့ကောင်နဲ့ နောက်က ကျွဲကိုယ်လုံးထဲ ဝင်ပုန်းနေရတဲ့ကောင်တွေက ဘယ့်နှယ် မျက်နှာချေလဲကွ။ မင်းတို့က ယုတ္တိတန်၏ မတန်၏ တွက်ချက်ထုတ်ပေးမှပေါ့"

"သူကြီးပဲ လက်မှတ်ထိုးပေးလိုက်တဲ့ဟာပဲ"

"ခက်တာပဲကွာ၊ ကဲ... ဆက်"

"ကျွဲသမားလေးယောက် ပတ္တူဖိနပ်ဝယ် လေးရံ၊ တစ်ရံ နှစ်ဆယ့်

ခြောက်ကျပ်နဲ့ တစ်ရာ့ရှစ်ကျပ်၊ မျက်နှာသုတ်ပဝါလေးထည်က တစ်ထည် အစိတ်နဲ့ နှစ်ရာ"

"မျက်နှာသုတ်ပဝါက ဘာလုပ်တာတုန်း"

"ချွေးသုတ်ဖို့ ပြောတာပဲ။ ကျွဲပွဲနိုင်တော့ ကျွဲခေါင်းနဲ့ ကျွဲကိုယ်လုံး ဆေးပြန်သုတ်တာ မိုးမှောင်နဲ့ နက်မှောင် စာလုံးပြန်ရေးခ တစ်ကောင်အစိတ် နဲ့ နှစ်ကောင် ငါးဆယ်။ ကျွဲသမားလေးယောက် တစ်ည အရက်နှစ်လုံးနဲ့ တစ်လ ဆိုတော့ အလုံးခြောက်ဆယ်၊ တစ်လုံး ငါးမတ်ဆိုတော့ ခုနစ်ဆယ့်ငါးကျပ်"

"သောက်လှချည့်လားကွ"

"ထိုင်ကြည့်တဲ့ သူကြီးတောင် တစ်ည နှစ်လုံးကုန်မှတော့ သည်ကောင် တွေ နှစ်လုံးက မဆိုးပါဘူး သူကြီးရဲ့"

"ကိုင်း... ဆက်"

"ညစဉ်တိုက်ရက် တစ်လအတွက် လက်ဖက်ပွဲ ပွဲသုံးဆယ်က ခြောက် ဆယ်၊ ကျွဲအဖွဲ့ အထွေထွေသုံးက နှစ်ရာ"

"ဘာတုန်းကွ အထွေထွေ အသုံးစရိတ်ဆိုတာ"

"တိုလီမုတ်စ သုံးကြတာတွေပါ။ ကျွဲသမားလေးယောက်က ဆရာကျ လိမ်းဆေး ဝယ်လူးရတာကချည်း တိုက်ရက်နဲ့ ဘာနဲ့ ဘူးနှစ်ဆယ်ကုန်တာတို့ မိုးမှောင် ကျွဲကတဲ့ ဖို့ငွေးမယား ကလေးမွေးတာ လက်သည်ခ ပေးရတာတို့ နက်မှောင်ကျွဲက အောင်ပု ဒူးလည်သွားလို့ လူစားထိုးခပေးရတာတို့လိုဟ တွေပေါ့ဗျာ။ အားလုံး နှစ်ရာရှိတယ်"

"နေပါဦး၊ မင်းဟာက ခုထိ ကျွဲနှစ်ကောင်က မတက်သေးဘူးလား ကျွဲမှာတင် ကုန်လိုက်တဲ့ ပိုက်ဆံ"

"မပြီးသေးဘူး၊ တကယ် ကမယ့်နေ့က ပတ္တုဖိနပ်တွေ ထပ်ဝယ် ရတာရယ်၊ နောက်ပြီး..."

မပြီးနိုင်ပါဘူး။ ဒါက ကျွဲနှစ်ကောင်အတွက် ရှိသေးတာပါ။ စာက ဇေဒင်ကုလားမနဲ့အဖွဲ့၊ ကြွေအံအဖွဲ့၊ ဖဲဝိုင်းအဖွဲ့၊ ထန်းရည်သမားအဖွဲ့၊ ကြ သမားအဖွဲ့၊ ဦးရွှေရိုးနဲ့ ဒေါ်မိုး၊ ရဲနှစ်ယောက်နဲ့ ဒိုးအဖွဲ့ ဆယ်ယောက်တို့ ကုန်ကျစရိတ်တွေကလည်း တက်လာလိုက်တာ မနည်းဘူး။ သည်ကြား ဧည့်သည်တော်များကို ထမင်းကျွေးနဲ့ အရက်ဧည့်ခံစရိတ်ကလည်း ပိန်တစ်ရ စာလောက်ရှိမယ်။ ဒါက ကထိန်အလှူတော်စာရင်း မပါသေးဘူး။ ကျွဲပွဲကုန် စရိတ်သက်သက် တွက်နေတာကိုက ဂျစ်ကားတစ်စီးစာ ခြောက်ထောင်လော



းရတဲ့ခေတ်မှာ နှစ်စီးစာလောက်ရှိနေပြီ။ သူကြီးက ဖတ်ပြတာ နားထောင်ရင်း ခေါင်းထဲမှာ ကျွဲရောက်နေပြီ ထင်ပါရဲ့။ နားထင်နှစ်ဖက် လက်နဲ့ဖိလိုက် ပြီ။ ကျောင်းဆရာ ကိုလှဘော်ကတော့ ဆက်ဖတ်နေတာပါပဲ။

"ဦးရွှေရိုး တောင်ရှည်နဲ့ ကုလားမ ဆာရီက ဘယ်ကမှ ငှားမရတော့၊ နောက်နှစ်တွေပါ ကရအောင်ဆိုပြီး အပိုင်ဝယ်လိုက်ရတယ်။ ကြက်ဝိုင်းက ကြက်သေလို့ လျော်ရတာရယ်၊ ဒိုးပတ်အသစ် ဝယ်ရတာရယ်၊ လင်းကွင်းတစ်စုံ ယ်ရတာရယ်၊ ရဲလုပ်တဲ့ သာခွေး ချွတ်ထားတဲ့ဖိနပ်ပျောက်လို့ အစားဝယ်ပေး ရတာရယ်"

"တော်ပဟေ့၊ အခု စာရင်းပေါ်သလောက်နဲ့သာ ချုပ်တော့၊ နောက်နေ့ ပေါ်လာတာတွေ မလိုချင်ဘူး။ ဘယ့်နှယ်ကွာ၊ ခုထိ ထမင်းဘယ်ဆီနေမှန်း သိဘူး၊ ဖိုးသောင်း အောက်လင်းမီးတွေ အဲလေ..."

"ဟုတ်တယ်၊ စာရင်းက အောက်လင်းမီးတွေကြောင့် ချုပ်လို့မရတာ သူကြီးရဲ့၊ ကျန်တာတွေ စုံပြီ"

သည်တော့မှ သူကြီး ကိုကြာကံက သူ့ရှေ့က ကျောက်ဖယောင်းတိုင် မီးတောက်ကို စိုက်ကြည့်နေလေရဲ့။ မီးရောင်အောက်မှာ ဖလံကလေးနှစ်ကောင် ပျံလိုက် နားလိုက်။ သူကြီးစိတ်ထဲ ကျွဲနှစ်ကောင် အောက်မေ့သလား မသိ ဘူး။ ကြည့်နေလိုက်တာ မျက်လုံးတွေများ ပြူးလို့။

## (၇)

ရိုးကုန်းသူကြီး သူ့ဇာနဲ့သူကပ်နေလို့ မသိလိုက်လို့သာပါ။ နေ့ခင်းကတည်း စခဲ့တဲ့ ကျွဲပွဲ စာရင်းရှင်းတမ်းကိစ္စက မိုးချုပ်လို့ ညဘက်တောင်ကူးခဲ့ပေါ့။ သောင်းကိုယ်တိုင် ကျောက်ဖယောင်းတိုင်ကြီးတွေ ထထွန်းတာပဲ နှစ်တိုင် ုန်ပေါ့။ သူကြီးက ဖိုးသောင်းကို ယောင်ယောင်ယမ်းယမ်းနဲ့ အောက်လင်း တ်မီး ထွန်းခိုင်းပေမယ့် အောက်လင်းဓာတ်မီးတွေမှ မရှိတော့တာကလား။ ျွဲပွဲကြီး ကတဲ့ညက ညဥ့်နက်လို့ စခန်းသိမ်းတော့မယ်ဆိုမှ ကျွဲနှစ်ကောင် တ်မိလို့ အောက်လင်းဓာတ်မီးနှစ်လုံး ရှေ့ဆင့်နောက်ဆင့် ကျကွဲကာ ထလောင် ဲ့ မီးတောက်တွေတောင် မနည်းငြိမ်းယူကြရသေးတာပါ။ ကျန်ကောင်းကျန် ာ တစ်လုံးတည်းနဲ့ ပွဲသိမ်းလိုက်နိုင်လို့သာကိုး။

ပြဿနာက မပြီးသေးဘူး။ သူကြီးကတော်ကလည်း ဖအေ့လက်ထက် ကတည်းက တရိုတသေထားခဲ့တဲ့ အောက်လင်းဓာတ်မီး သုံးလုံးထဲက နှစ်လုံး

ကျကွဲသွားပြီလဲဆိုရော ကျွဲပွဲကြည့်ရာက တက်သွားလိုက်တာ ယောကျ်ားသန်သ
နှစ်ယောက်လောက်က ခြေဖဝါးကို တော်တော်ကုတ်ယူလိုက်ရတယ်။ မိုးလ
တာနဲ့ ကျန်တဲ့ အောက်လင်းဓာတ်မီး တစ်လုံးနဲ့ ဝန်စည်စလယ်တွေတင်
လှည်းတစ်စီးနဲ့ ဆင်းသွားလိုက်တာ ဘယ်ခွေးမျိုးအိမ် ရောက်နေမှန်းတော
မသိဘူး။ သုံးရက်ရှိပြီ။ ဖိုးသောင်းကိုတော့ ကျိတ်မှာခဲ့သတဲ့။ တစ်လုံးကို
တစ်ထောင် မလျော်လို့ကတော့ လိုက်မခေါ်နဲ့တဲ့။ ကွဲတာက နှစ်လုံးဆိုတော
နှစ်ထောင်ပေါ့။ ကျောင်းဆရာ ကိုလှဘော်က စကားဆိုက်တုန်း ဝင်ပြောရေ

"အဲဒါပေါ့ သူကြီးရ၊ ကျုပ်တို့ စာရင်းချုပ်မရတာ အဲသဟာကြော
ပေါ့။ သူကြီးကပဲ လင်မယားချင်း လက်သိပ်ထိုးလျော်မှာလား၊ ကျွဲပွဲစာရင်
ထဲ ထည့်ပြီး အလျော်ပြုရမှာလား မရှင်းတော့ စာရင်းချုပ်မဖြစ်ဘူး၊ ကျန်တ
တွေတော့ စုံပါပြီ"

သူကြီးက ဒူးခေါင်းနှစ်လုံးပေါ် မေးတင်ပြီး စဉ်းစားတယ်။ ဘယ့်နှ
လင်မယားချင်း ကျိတ်လျော်ရမယ်လို့၊ ကျောင်းဆရာ မဟုတ်တာ ပြောရေ
မယ်။ ကျွဲပွဲထဲဖြစ်တဲ့ကိစ္စ ကျွဲပွဲစာရင်း ဖြစ်ရမှာပေါ့။ ကိုယ့် အောက်လင်းဓာတ်မီး
တွေလည်း အကွဲခံရသေး၊ စိုက်လည်း လျော်ရသေးဆိုရင် သူကြီးညံ့ရာကျတော
မယ် မဟုတ်လား။ အောက်လင်း ဓာတ်မီးဖိုးကတော့ တရားခံရှိရတော့မယ်
ဝင်တိုက်တဲ့ ကျွဲခတ်သမားတွေ လျော်ခိုင်းလို့ကလည်း မဖြစ်ဘူး။ လူ့ပေါင်ကျို
အောင် ခတ်မိတယ်ဆိုဦးတော့ အလျော်မပေးရဆိုတဲ့ မူကလည်းရှိတာ သူ့အသိ
ဒါဖြင့်ရင် သည်ငွေနှစ်ထောင် ဘယ်သူ့တာဝန်ရှိသလဲ။ ဟုတ်ပြီ။ ပေါ်ပြီ။

"ဖိုးသောင်း လျော်လိမ့်မယ်။ စတော်တိုက်တဲ့နေ့က အောက်လင်းဓာတ်မီး
တွေ ခုတင်ပေါ်တင်တာ မတွေ့ဘူး၊ လူလည်း လက်ထိလက်ရောက် လာမက
တော့ဘူး။ မင်း တော်တော်မိုက်တဲ့ကောင်ပါလားကွ ဟေ၊ နတ်နဲ့နဂါး လှည့်တ
လို့ကွာ"

တတိယမြောက် ကျောက်ဖယောင်းတိုင်ကို မီးကူးနေတဲ့ ဖိုးသောင်းက
သည်မကားကြားတော့ ခေါင်းပေါ် ဥက္ကာပျံကျသလို ဆတ်ခနဲ တွန့်သွားတယ်
ကျွဲခတ်လို့ ကျကွဲတဲ့ အောက်လင်းဓာတ်မီးနှစ်လုံးက သူ့ခေါင်းပေါ် တာဝန်
လာကျနေပါပကော။ ဘေးကလူတွေကို အားကိုးတကြီး လိုက်ကြည့်ပေမယ့်
ဘယ်သူကမှလည် သူ့ဘက်က မပါပါဘူး။

"ကျုပ်လည်း စတော်တိုက်တဲ့အထဲသာ မပါတာပါ သူကြီးရာ၊ အောက်
လင်း ဓာတ်မီးနတ်တော့ ဆန်တစ်ပြည် ငွေတစ်မတ် မပြတ်အောင် တင်နေတဲ့
ဟာ၊ အခုဟာက…"



"တိတ် အောက်လင်းဓာတ်မီးနတ်ထက် ကျွဲနတ်က ပိုတန်ခိုးကြီးတော့
ပေါ့။ မလေးမစားလုပ်တဲ့ကောင်ကွာ။ ဟဲ့သာ၊ ဖိုးသောင်းကို စာရင်းမှတ်၊
းဆီက ရအောင်တောင်း၊ အစည်းအဝေးလည်း သိမ်းတော့"

သည်တစ်ခါပါပဲ။ မရိုးကုန်းမှာ နောက်ထပ် ကျွဲပွဲဆိုတာလည်း မက
တော့ပါဘူး။ အောက်လင်းဓာတ်မီး သုံးလုံးပြည့်အောင် မရှိတော့တာလည်း
ကြောင်းပေါ့။ နိမိတ်မရှိ နမာမရှိ၊ ကျွဲလိုက်ခတ်လို့ ပြေးရလွှားရတာကို
း အကြွေးတင်ခံလို့ကွာလို့ ဘုန်းကြီးက ရွာကို ကြိမ်းတာလည်း တစ်ကြောင်း
မယ် ထင်ပါရဲ့။ ။

[ရွှေအမြုတေမဂ္ဂဇင်း၊ ၂၀၀၆၊ ဇူလိုင်]

# အသဿဗန္ဓက ည

## (၁)

သူ နေထိုင်သောအရပ်မှ မိုင်ပေါင်းငါးရာခန့်ဝေးသော သစ်သားတံတားရှည်ကြ
တစ်ခုပေါ်မှာ သူ ရှိနေသည်။ သူ ထိုင်နေသော နေရာ၏ အောက်ဘက်မှ
ရေမရှိ။ နီညိုရောင် မြေနူးပွပွ၊ သဲခြောက်ရောင် မြေကြမ်းကြမ်း၊ နောက်တ
ဆက်တည်းမှာ စိမ်းဖန့်သော မြက်ခင်းကျယ်ကျယ်ပဲ ရှိသည်။ ခပ်ဝေးဝေးမှ
တော့ ရေတော်တော်များများ ရှိနေသည်ကို သူ သိနေသည်။ အဝေးစေတီမှ
ဆီမှ မာကျူရီမီးရောင် ကြည်ပြာလဲ့က အင်းရေထဲမှာ လျှပ်စစ်မားတစ်ချော
စီလို တွန့်လှုပ်ရှည်မျောနေတာကို သူ မြင်နေရလို့ ဖြစ်သည်။ ပြီးတော့ 
ထိုင်နေသော နေရာလေးမှာ တံတားပေါ် ထိုးကျနေသော မယ်ဇယ်ပင်ကို
အုပ်အုပ်ကလေး ယှက်မိုးနေသည်။ (အဲသည့်နေရာကလေးကို ညဦးကပင် 
ရွေးချယ်ထားခဲ့ခြင်း ဖြစ်သည်)

စောစောကတော့ တံတားပေါ်မှာ ဆူညံပွက်ထနေခဲ့သေး၏။ ရယ်မော
သံ၊ နှုက်ဆက်သံ၊ တီးတိုးသံ၊ ပုလင်းသံ၊ ခွက်သံ၊ နောက် ကဗျာရွတ်သံ
ဝေစီနေခဲ့သေး၏။ တောင်သမန်ညကို တစ်ယောက်စီ ခံစားပြနေခဲ့ကြတာ 
သတိရသွားပြန်သည်။ မယ်ဇယ်ပင်တန်း၊ တောင်သမန်အင်း၊ လရောင်
နှင်းဆွတ်လေပြည်တွေကို ခံစားကြရင်း ကဗျာတွေ ရွတ်ခဲ့ကြသေးသည်။ ည
တော်တော်နက်တော့ တချို့လည်း နှုတ်ဆက်ပြန်ကြ၊ တချို့လည်း တည်
ဆောင်သို့ ပြန်အိပ်ကြ။ တချို့ကတော့လည်း ကျောင်းဝ ခရေပင်ရိပ်မှာ။

တံတားပေါ်မှာ သူ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ တမင်တက
ချန်ရစ်နေခဲ့တာလည်း ဖြစ်သည်။ တောင်သမန် အင်းကျယ်ထဲက 'လရော
ဆည်းဆာည' ကို သူ ဖမ်းဆုပ် ခံစားချင်လို့ ဖြစ်သည်။ အဲသည့်ည
ကောင်းကင်ယံမှာ မိုးတိမ်တွေ အနှံ့အပြည့် ရှိနေသည်။ တိမ်မြူဝွမ်းစ



ဟုတ်။ တိမ်ညိုညိုပုပ်တွေ ဖြစ်သည်။ လရောင်နို့ရည်ကို မကြာခဏ နောက်ကျိ
မွနောက်ပစ်တတ်သော တိမ်ညိုမည်းမည်းတွေ ဖြစ်လေသည်။ ခံစားမှုပါပဲ။
သတချို့ကို ပေးနေတတ်တဲ့ မြင်ကွင်းတွေပါပဲ။ မိုးတိမ်တွေက လမင်းကို
တ်ခနဲ ဖျတ်ခနဲ အုပ်ဆိုင်းနေတတ်သည်။ ထိုအခါမျိုးမှာ တံတားရှည်ကြီး
စ်ခုလုံး မှောင်ကြီးမည်းမည်း ဖြစ်သွားတတ်ကာ ပိုမို အေးစက်သွားသလို
င်ရသည်။ (ထိုအခါမျိုးမှာ သူ့ကြောက်စိတ်တွေ ဝင်လာတတ်တာကို ဝန်ခံ
ပါမည်။)

တံတားရှည်ကြီးပေါ်မှာ လူသူတစ်ယောက်မျှ မရှိ။ အသံဗလံမရှိ။ လှုပ်ရှား
မရှိ။ သူပဲ ရှိသည်။ ဝိုးတဝါး အလင်းဖျော့ဖျော့အောက်မှာ တံတားကြီးကို
ကြောက်စိတ်နှင့် ငေးကြည့်နေတုန်းမှာပဲ လရောင်က ဖွေးခနဲ ကျလာရင်လည်း
ကျလာတတ်သည်။ တိမ်ညိုတွေက ကောင်းကင်မှ အရှိန်ပြင်းစွာ ပြေးလွှားနေ
သည်။ လမင်းဆီကို ပြေးဝင်လာဖို့ စီကာစဉ်ကာ ရှိနေသည်။ လင်းလိုက် မှိန်
လိုက်။

လရောင်က ကြည့်မယ့်ကြည့်တော့လည်း ဟိုဝေးဝေးက မြင်ကွင်းတွေ
ကိုတောင် လှမ်းကြည့်လို့ ရနိုင်သည်။ သည်ဘက်က ဘဲတဲကလေးတွေကတော့
တစ်ချပ်ပေါ်က မီးခြစ်ဘူးကလေးတွေလို ငြိမ်ကုပ်နေသည်။ တံတားရဲ့ အဖျား
ဘက်မှာတော့ တောင်သမန်ရွာညိုညို။ အောက်ဘက်မှာ လှည်းလမ်းကြောင်း
ဖြူဖွေးဖွေး။ ရေပြင်ပေါ်မှာတော့ ဂဃက်ပွင့်ကလေးတွေ။ နောက် အကွက်
ကွက် ထနေသည့် မော်ဒန်ပန်းချီစိုက်ခင်းတချို့။

သူက တံတားပေါင်နှင့် ကပ်လျက် ခုံတန်းမှာ ခပ်လျှောလျှောလေး
ထိုင်ထိုင်လိုက်သည်။ မှောင်ကျသွားပြန်သည်။ လမင်းက တိမ်မည်းတွေအောက်
က တော်တော်နှင့် လွတ်နိုင်ဦးမည် မထင်ရ။ ဒါပေမယ့် လမင်းက တိုးဝင်
ရှုန့်လျားနေတာနှင့် တူနေသည်။

'ညဥ့်ရဲ့ဆည်းဆာ
တပ်ထောင်တာ ဗိုလ်ထုနဲ့
လူစုနေတုန်း။
ကောင်းကင်ဝမှာ
လစန္ဒာနတ်သမီးက
ကြယ်ပုတီး သူ သီကုံးလို့
လှမ်းကြွချီပြီး'

ကဗျာ။ ဘယ်သူ ရွတ်သွားတာလဲ။ သူ မှုးယစ်ရီဝေနေသည်။ 
အစာအိမ်ထဲမှာ ယမကာတော်တော်များများ ရှိနေသည်။ သူ့စိတ်တွေက လွင့်
နေသည်။ ဦးနှောက်တွေက ဆူဝေနေသည်။ ခံစားမှုတွေကလည်း လွန်းထိုး
သည်။ တစ်ခါတစ်ခါ လမင်းက နှစ်စင်း၊ တစ်ခါတစ်ခါ သစ်သားတံတား
ကလည်း ညွတ်ခွေပျော့ပျောင်းနေတတ်သည်။

ညဦးပိုင်းက တောင်သမန်တံတားပေါ်က ကဗျာရွတ်ပွဲကလေးကို 
စိတ်တွေ ရောက်သွားပြန်သည်။

ဟုတ်ပြီ။ ဆရာ စိုးမြင့်လတ် ရွတ်သွားတဲ့ ကဗျာလေးပဲ။ တောင်သ
ညနဲ့ လရောင်ကိုကြည့်ရင်း သူ ရွတ်ဆိုသွားခဲ့တဲ့ ကဗျာကလေးပဲ။

သစ်လုံးအစီအရီ
ရေကြည်ဖြန့်ခင်း
ကင်းခြေများ အိုး။
တောင်သမန်တံတား
ခါးလည်ပြတ်ရေကြော
မာကျောချွန်မြထက်တဲ့လူ။
ကင်းခြေများ တစ်သောင်း
လွတစ်ချောင်းတိုက် ဦးပိန်ရဲ့ ဟားတိုက်သံ
တောင်သမန်ညငှက်များ
အိပ်ပျက်သလားမမေးနဲ့။

မော်ဒန်ဦးပိန်။ သည်ကဗျာကလေးကိုတော့ ကဗျာဆ
ကိုယ်တိုင် ရွတ်သွားတာ သူ ကောင်းကောင်း မှတ်မိနေပြန်သည်။ ထူအမ်းအမ
မျက်မှန်၊ မုတ်ဆိတ်ကျင်စွယ်တွေနဲ့၊ ညထဲမှာတောင် သူ့ရဲ့ သင်္ကေတ လွယ်အိတ
တစ်လုံးနဲ့၊ အောင်ပင်လယ်က ကဗျာဆရာ။ 'တကယ် တောအစစ်ကဲ့
လယ်တောဖြစ်လို့မို့' ဆိုသော နန်းတော်ရှေ့ ဆရာတင်ရဲ့ အောင်ပင်လယ
ရောက် ကဗျာဆရာ၊ ကိုငြိမ်း (မန္တလေး) ရဲ့အသံက တိုးတိမ်နေသည်။ ကဗျ
ကို ရွတ်ရင်းက ဆို့နစ်ကြေကွဲနေသလို အသံစီးဆင်းမှုတွေ တုန်ခါနေသည်

တောင်သမန်ည
ပြန်လွမ်းရအောင် အချစ်ရယ်။
ဒီမှာ
ဒဂုန်တာရာ



ကဗျာထဲက လရိပ်စိမ်းမြ
လှပပွင့်ဖူး၊ စိတ်ကူးပုံသစ်
မှုးယစ်ဝေကြမယ်။
ကောင်းကင်ပြင်ထက်
တစ်ခဲနက်လေ
စံပယ်ပွင့်တွေ ပက်ကြမယ်။
ဦးပိန်တံတား
ရှည်လျားလှပ
လေရိုင်းတွေ မွှေ့ကြမယ်။

ကျယ်လောင် မာကျောသော်လည်း ကြည်နူးနေတဲ့ အသံ၊ ဆရာ
င်သင်းပန်ရဲ့ ကဗျာတစ်ပုဒ်။

တစ်လှည့်စီ တစ်လှည့်စီ၊ ကဗျာခံစားမှု၊ စိတ်ကူးခံစားမှု၊ တောင်သမန်
လှ ခံစားမှုများ။

ဆရာကြည်နိုင်ကတော့ သူ့အလှည့်မှာ အာစလျှာစတွေ လေးလံနေတာ
သတိထားမိသည်။ သူ့ကိုယ်ခန္ဓာထဲကို ယမကာ တစ်ခွက်တစ်ဖလား ဖိတ်
ကျသွားခဲ့ဟန် တူသည်။ ဒါပေမယ့် သူလည်း ကဗျာတစ်ပုဒ်တော့ ရွတ်သွား
ည်။

မီးမတောက်နိုင်ဟု
ထင်ခြောက်ကယ်က
ထုံတာတော။
မှုတ်ရသူ ဖားဖိုကျလောက်တဲ့
ပါးပွလို့ ပြာသာပေ

ဆရာတော် အရှင်ဥတ္တမသာရရဲ့ ကဗျာတစ်ပိုဒ်ကို သူ ရွတ်သည်။
ံအတိုင်း စကားလုံးတွေက တစ်လုံးနှင့်တစ်လုံး ဝေးလွန်းသည်။

"အခု ဆက်လက်ပြီးတော့ အလှည့်ကျသူက ဆရာ ဝင်းစည်သူ"
အင်းဝသား ကဗျာဆရာက အခမ်းအနားမှူးလုပ်သည်။ လရောင်ထဲမှာ
လည်း သူ့ဇက်တွေ ထောင်မတ်နေဖို့ ကြိုးစားနေရဟန်တူ၏။

"ကျွန်တော် ဟောဟိုးက မြင်ရတဲ့ မီးပွင့်ကလေးသုံးပွင့်မှာ ဘယ်မီးပွင့်
 ဖြစ်မလဲလို့ အခုပဲ စဉ်းစားနေမိတယ်။ ဘုရားပွဲ၊ အဲဒီ မီးပွင့်တွေထဲက
ားတစ်ဆူမှာ ဘုရားပွဲလုပ်လေ့ ရှိတယ်။ ကျွန်တော် ၁၂ နှစ်သားက သွား

ကြည့်ခဲ့ဖူးတဲ့ ဇာတ်ပွဲတစ်ပွဲကို ဒီမှာထိုင်ရင်း ကျွန်တော် စက်ဆုပ်ခံစားနေ
တယ်။ အဲဒီတုန်းက အဲသည့်ဘုရားပွဲက ဇာတ်ပွဲကို ကြည့်ရဖို့ နေ့လယ်ဘ
ကတည်းက အဒေါ်တွေ၊ အစ်မတွေကို ဂျီတိုက်ထားရတယ်။ ကျွန်တော်က
သိပ်ကြည့်ချင်တယ်။ ပွဲ သိပ်ဝါသနာပါတယ်။

“အဲဒီညက ဇာတ်ပွဲမှာကတဲ့ နောက်ပိုင်းဇာတ်က ‘အသဿဗန္ဓက’ တ
အဲဒီမှာ မင်းသားက နတ်မြင်းပျံနဲ့ ကောင်းကင်တက်တဲ့အခန်း။ ဆိုင်းကလ
မြင်းခင်းကို တီးတယ်”

နှုတ်ခမ်းကလေးကို ချွန်ကာချွန်ကာ ကွမ်းကလေးကို မြုံ့ကာပြောရ
လမိုင်းဝင်သွားဟန် ရှိသည်။ မတ်တတ်ရပ်ကာ ပါးစပ်ဆိုင်းတီးသည်။ အမူအ
တွေ လုပ်သည်။ မိုးတိမ်ပေါ် ပျံတက်တော့မလား ထင်ရအောင် ဇာတ်ဟန်
နှင့် သူ ကသည်။ သူ့အမူအရာက အေးစက်သောညကို လှုပ်ခါပစ်လိုက်သ

“အဲဒီမှာ မင်းသားက ဆံပင်သျှောင်ထုံးနဲ့ မဟုတ်ဘူး။ ဘိုကေ
ဆံတုကို ဘိုကေနဲ့တွဲပြီး ထားရတာဆိုတော့ လက်တစ်ဖက်က ဆံပင်ကို ကိုင်
သရုပ်ဆောင်ရတာကိုး။ လက်တစ်ဖက်က ဆံပင်ကို ကိုင်ရင်း ပြေးပြလွှား
တာကိုက ပရိသတ်အတွက် ရယ်စရာဖြစ်နေတယ်။ အဲဒါ ၁၂ နှစ်သားက
တဲ့ အသိ၊ အဿဗန္ဓက ကြည့်ရင်းက ရခဲ့တဲ့အသိ၊ တစ်ခါတစ်ခါ အစစ်
တုပရင်းက အတုတွေဟာ လူ ‘သော’ စရာ ဖြစ်နေတတ်ပါတယ်”

တံတားပေါ်မှာ ခဏကလေး တိတ်ဆိတ်သွားသည်။ ဘုရားပွဲရှိခဲ့
သည်ဆိုသော ဟိုဝေးဝေးက မီးရောင်သုံးပွင့်ကို သူ လှမ်းမျှော်ကြည့်သည်

ဘုရားပွဲ၊ အဿဗန္ဓကဇာတ်၊ နတ်မြင်းပျံ၊ မြင်းခင်း၊ အတုနှင့် အစ

ကျွန်ုပ် အိမ်မပြန်မီ
အပုပ်ချိန်ကို ကြံစည်မိ
ပုဂံပြည်အကြောင်းတွေးရင်း
ရှေးသီချင်း ဆိုမည်ပြင်တော့
ခင်ရေ...
‘ညနေ ညနေ
စည်တယ်လေ စည်တယ်လေ’ တဲ့။
ရီဝေဝေ ပါးစပ်ဒိုးနဲ့
နတ်ကိုးသံ မိုးပျံနေ။
သူရာကို ပူစာမိတော့



ဆရာမောင်ခိုင်မာ ကဗျာရွတ်နေသည်ကိုလည်း သူ မှတ်မိနေသည်။ အဲသည့်ညက ကဗျာဆရာကလည်း ကဗျာရွတ်သည်။ ပန်းချီဆရာကလည်း ကဗျာရွတ်သည်။ တချို့ကလည်း ကဗျာခံစားမှုတွေ ပြောသည်။ ဆောင်းလေ အေးအေးက ပိုမို ပြင်းရှလာသည်။ ရေရိပ်ထဲက နီယွန် လျှပ်စစ်မီးတွေက လှုပ်ခါနေဆဲ။ မိုးတိမ်တော်တော်များများ ကင်းစင်သွားပြီ။ ဒါပေမယ့် ကောင်းကင် အောက်ခြေမှာ စုဖွဲ့နေကြသေးသည်။ လရောင်ထဲမှာ သူ့နာရီကို သူ ငုံ့ကြည့် သည်။ မသဲကွဲ၊ ဓာတ်ငွေ့မီးခြစ်ကို ခြစ်ကာ ကြည့်သည်။

ည ၁၂ နာရီ ၁၃ မိနစ်။ သူ မတ်တတ်ရပ်လိုက်သည်။ မူးယစ် ရီဝေ နေဆဲပါလား။ တံတားလက်ရန်း (အဲသည့်နားမှာ လက်ရန်းကလေးရှိသည်) ကို ကိုင်ရင်း သူ လမ်းနည်းနည်း လျှောက်ကြည့်သည်။ ပထမတော့ သူ သီချင်း တစ်ပုဒ် ဟစ်ဆိုလိုက်ဖို့ စိတ်ကူးသေးသည်။ ဒါပေမယ့် သူ မဆိုဖြစ်ပါ။ ရေကြော ကလေးရှိရာ ကွန်ကရစ်အုတ်တိုင်တွေနားထိ သူ တော်တော်ဝေးဝေး လျှောက် ပစ်လိုက်သည်။ သူ့စိတ်ထဲမှာ တံတားက ကျဉ်းမြောင်းသထက် ကျဉ်းမြောင်း လာသည်ဟု ထင်သည်။ အုတ်တိုင်ခြေရင်းက ပျဉ်ချပ်တွေပေါ်မှာ ထိုင်ချလိုက် သည်။ တံတားခြေတိုင်ကို အင်းရေတိုးသံ မကြားရသော်လည်း ရေငွေ့ကြောင့် ပိုမို အေးစက်နေသည်။

သူ့တစ်ကိုယ်လုံးပေါ်မှာတော့ လရောင်။ ကဗျာဆရာ မောင်အောင်ပွင့် ရဲ့ ကဗျာတစ်ပုဒ်ကို သူ သတိရသွားပြန်သည်။

‘ညက လသာတုန်း
ကျွန်တော့်ကိုယ် ကျွန်တော်
သစ်ပင်ဖြစ်ချင်စိတ်
ကျိတ်ဖြစ်ခဲ့ရသေးတယ်’

ကွင်းပြင်ထဲက သစ်ပင်တစ်ပင်လိုပါပဲ။ သူ့တစ်ကိုယ်လုံးမှာ လရောင် တွေ စိုနစ်နေသည်။ သူ့ကိုယ်သူ တကယ်ပဲ သစ်ပင်တစ်ပင်လို သူ နေပစ် လိုက်သည်။ သူ့မျက်လုံးတွေကိုလည်း မှိတ်ထားလိုက်သည်။ သူ့ကိုယ်ခန္ဓာထဲ သွေးတွေ စီးဆင်း လည်ပတ်နေသံကိုတောင် ကြားရလောက်အောင် တိတ်ဆိတ် နေတာကို သူ သိပ်မကြိုက်။ ဘာပဲဖြစ်ဖြစ် သည်အချိန်လေးဟာ ကဗျာတစ်ပုဒ် ရွတ်ဆိုရမယ့်အချိန်ပဲ။ သူ ညဦးပိုင်းက ရွတ်ဆိုခဲ့သော ကဗျာကလေးကို ခပ်ရှရှ ကလေး သူ ရွတ်ကြည့်သည်။

'မယ်ဇယ်ဘူတာနား
လမင်းမီးတိုင် မှုန်ဝါးဝါး
ဦးပိန်ခါတ်ရထား'

ညဦးတုန်းက သူ အိမ်ကိုလွမ်းနေသည်။ သူ့အိမ်နားမှာ မြို့ပတ်ဘူတာရုံကလေး ရှိသည်။ နီကြင်ကြင် မီးတိုင်ကလေးတွေ စီကာရီကာ ရှိသည်။ သည်ခံစားမှုကို သူ ကူးယူလိုက်သည်။ မယ်ဇယ်ပွင့်တွေက ဘူတာရုံလေးပေါ့။ တိမ်ကြားမှာ နစ်မြုပ်သွားတတ်သော ငွေလမင်းက နီနီကြင်ကြင် မီးတိုင်ကလေးပေါ့။ ဒါဆိုရင် ဦးပိန်တံတားက ရပ်ထားတဲ့ ခါတ်ရထားတစ်စင်းပဲ ဖြစ်ရမှာပေါ့။ လရောင်ထဲမှာ သူ ပြုံးလိုက်သည်။

(၂)

သိမ့်ခနဲ တံတားလှုပ်သွားတာကို သူ သတိထားမိလိုက်သည်။ သူ့ခြေထောက်တွေကို တစ်စုံတစ်ရာ ထိခတ်သွားတာကိုလည်း သူ သိနေသည်။ သူ့မျက်လုံးတွေကို ဖွင့်လိုက်တော့ သူ့ရှေ့မှာ လူလေးယောက်။ သူ့ကို မိုးထားသည်။ လရောင်ထဲမှာ သူတို့အဝတ်စားတွေက ဆန်းကြယ်နေသည်။ ပြိုးပြက်တောက်ပနေသည်။ ရင်ဖုံးအင်္ကျီ အနားသတ်တွေမှာ သီချုပ်ထားသော ရွှေရောင်အနားကွပ်တွေက တဖျပ်ဖျပ် လက်ပနေသည်။

ရှေ့ဆုံးမှာ ရပ်နေသည့် နှုတ်ခမ်းမွေး ကုပ်ကွေးကွေးနှင့် လူဝကြီးမှ လွဲလျှင် ကျန်လူတွေမှာ ဓားတွေ ကိုယ်စီလွယ်ထားသည်။ ရတနာကျောက်စီဓားတွေပဲ ဖြစ်မည်။ စိန်ပွင့်၊ ပတ္တမြားပွင့်တွေကလည်း အရောင်တွေ ထွက်နေသည်။ လက်တွေက ဓားရိုးပေါ်မှာ အသင့်အနေအထား။ သူ လန့်ဖျပ်သွားသည်။ အသံမဲ့ ရောက်လာသော ဧည့်သည်များ။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

သူ့အသံက ပုံမှန်မဟုတ်ဘဲ ခြောက်ကပ်နေသည်။ အခုအချိန်ထိ သူ တံတားပေါ်မှာ လဲလျောင်းနေသည့် အနေအထားအတိုင်းပဲ ရှိသေးသည်။ ထလိုက်ဖို့ ကြိုးစားသော်လည်း ခေါင်းက မ,ထူ၍ မရချေ။

"ကျုပ်က မောင်ပိန်၊ မြို့စားစာရေး မောင်ပိန်။ အလယ်က ထန်းခေါင်းငရှင်ကလေး။ ဟိုဘက်က တံခါးနီမှူး ငရွှေဘော်။ သူက ဈေးခေါင်း ငမှုံ"

"ဪ... ဟုတ်ပြီ၊ ပုဂံမင်းလက်ထက်က နာမည်ကျော်ပုဂ္ဂိုလ်တွေပဲ။ ဒါပေမယ့် ခင်ဗျားတို့ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၄၀ ကျော်ကတည်းက သေဆုံးခဲ့သူတွေ မဟုတ်လား"



"လူတွေကတော့ သေပြီပေါ့လေ။ ဝိညာဉ်တွေကတော့ ရှိနေသေးတယ်ဆိုပါတော့"

"ဝိညာဉ် ဟုတ်လား၊ ဝိညာဉ်တွေကလည်း ဒုက္ခပေးနေတုန်းပဲလား"

"စကားကို ဆင်ဆင်ခြင်ခြင် ပြောပါလေ။ အခု ကျုပ်တို့လာတာက မောင်ရင်နဲ့ ရှင်းစရာရှိလို့ပါ"

"ဆိုပါဦး"

"ညက ဒီတံတားပေါ်မှာ မောင်ရင် ကဗျာတွေ ရွတ်တယ်။ ယမကာတွေ သောက်တယ်။ ကျုပ်နာမည်တွေကို အော်တယ်။ တစ်ယောက်ကဆိုရင် မော်ဒန် ဦးပိန်တဲ့။ မောင်ရင်က ဦးပိန်ခါတ်ရထားတဲ့၊ အဲဒါ ဘာတွေလဲ"

"ခင်ဗျားလည်း ကဗျာဆရာပဲ၊ ခံစားယူပေါ့"

"ကျုပ် ကဗျာဆရာ ဟုတ်လား၊ မောင်ရင် ဘာကို ဆိုလိုတာလဲ"

"ခင်ဗျားကိုယ်တိုင် ကဗျာစပ်ဖူးတာပဲ။ ခင်ဗျားကဗျာကို ကျုပ် ရွတ်ပြမယ်။ ဘိုင်ဆပ်ကို ငပိန်မွေ့လို့၊ သေပစေ ဒီမျက်ပြဲ လူတိုင်းကော်လို့ဆဲတဲ့၊ ဟုတ်သလား"

"ဪ... အင်း၊ အဲဒါက ကဗျာဖြစ်ပါ့မလား။ ကျုပ် ချိုးထားတဲ့ စာတစ်ပုဒ် မဟုတ်လား"

ဦးပိန်က သူ့လူတွေကို ကြည့်သည်။ ထန်းခေါင်း ငရှင်ကလေးက ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း မလှုပ်မယှက် ရပ်နေသည်။ တံခါးနီမှူး ငရွှေဘော်ကတော့ ကွန်ကရစ်အုတ်တိုင်ကို မှီရင်း ကွမ်းတံတွေးကို တဖျစ်ဖျစ် ထွေးသည်။

"အဲဒါ ကဗျာပဲ။ ခင်ဗျားတို့ခေတ်က အခြေအနေကို ပြနေတဲ့ ကဗျာတစ်ပုဒ်ပဲ။ ခင်ဗျားတို့ရဲ့ဘုရင် ပုဂံမင်းရယ်၊ သူ့ယောက်ဖ ဦးကျောက်လုံးရယ်၊ မြို့ဝန် ဦးပွားရယ်၊ ခင်ဗျားတို့ လေးယောက်ရယ် ထင်တိုင်းကြဲခဲ့တဲ့ အမရပူရရဲ့ ရင်ခုန်သံပဲ"

"အမရပူရရဲ့ ရင်ခုန်သံ၊ ဟုတ်လား"

"ဟုတ်တယ်၊ ပုဂံမင်းက လိပ်တိုက်၊ သိုးတိုက်၊ ဆင်တိုက်၊ ကြက်တိုက်၊ ချိုးတယ်၊ ခါတယ်၊ ထန်းရည်မူး။ ခင်ဗျားနဲ့ ဘိုင်ဆပ်က မနက်လင်းတာနဲ့ ဘုရင်လောင်းကစားဖို့ ပြင်ဆင်ပေး။ ရသမျှ အခွင့်အရေးတွေယူ"

ဈေးခေါင်းငမှုံက ဓားအိမ်ထဲက ဓားကို ဆွဲချွတ်လိုက်သည်။ လရောင်ထဲမှာ ဓားသွားက ပြိုးပြက်သွားသည်။ ဦးပိန်က လူဝသလောက် သွက်သည်။ ငမှုံ့လက်က ဓားကို လုယူပြီးသား ဖြစ်သွားသည်။

"စကြာမင်းလေး ရေမှာ ဖျောက်ခံရတယ်။ ပြည်မင်းက ရွှေစက်တော် ဘုရားဖူးမိလို့ အကျဉ်းချခံရတယ်။ ပုခန်းမင်းက လေနာရောဂါနဲ့ ကံကုန်တယ်။ တရုတ်မှော်မင်းသားက မီးလောင်တိုက် အသွင်းခံရတယ်။ မင်းတုန်းနဲ့ ကနောင် ကိုယ်တော်ကြီးက ရွှေဘိုကို ထွက်ပြေးတယ်။ ကျန်ရစ်တဲ့ ပုဂံမင်းနဲ့ ခင်ဗျားတို့ ပေါင်းမိတယ်"

"ဒါပေမယ့် ကျုပ်တို့လည်း ကျုပ်တို့ဆရာ ဘိုင်ဆပ်နဲ့အတူတူ ကွပ်မျက်ခံရတာပါပဲ"

"ခင်ဗျားတို့ဝိညာဉ်တွေ သည်မှာပဲ နေကြတာပေါ့ ဟုတ်လား"

"ဟုတ်တယ်။ သည်အင်းတစ်ဝိုက်မှာ ရှိနေကြတယ်။ ညက ခင်ဗျားတို့ ကဗျာတွေ ရွတ်တော့ ကျုပ်စိတ်တွေ သိပ်လှုပ်ရှားသွားရတယ်။ ခင်ဗျားတို့ ကျုပ်ကို မမေ့နိုင်တာကိုပဲ ကျုပ် အံ့ဩနေမိတယ်"

ဦးပိန်က ကျောက်တော်ကြီး ဘုရားဘက်ကို ငေးရီနေသည်။ ဈေးခေါင်းငုံ့က ပျဉ်ချပ်တွေပေါ်ကို ဓားဦးနှင့် တတောက်တောက် စိုက်လိုက် မြန်နုတ်လိုက် လုပ်နေသည်။

"ကိုင်း ကျုပ်တို့ ပြန်ခွင့်ပြုပါဦး။ ဘာတဲ့ မောင်ရင်ပြောတာ အမရပူရရဲ့ ရင်ခုန်သံ ဟုတ်လား။ ကျုပ်တို့ရဲ့ အမှားတွေအတွက် အမရပူရဟာ ရင်ခုန်နေတုန်းဆိုရင် ကျုပ် စိတ်မကောင်းပါဘူး"

ထိုစဉ်မှာပင် လမင်းကို တိမ်တွေ ဖုံးသွားပြန်သည်။ မှောင်မည်းမည်း တံတားပေါ်မှာ ခြေသံတွေ တဝုန်းဝုန်း ထကျန်ရစ်ခဲ့သည်။ တံတားတစ်ခုလုံး ယိမ်းလှုပ်နေသည်။

သူ ငေါက်ခနဲ ထထိုင်လိုက်တော့ သူ့ရှေ့မှာ စက်ဘီးတွေ။ လရောင်က ဝါနောက်နောက် စေးပျစ်နေသည်။ မယ်ဇယ်ပင်တန်းပေါ်က လမင်းလည်း ငိုက်မျဉ်းနေပြီ။ သူ့အနားမှာ တောက်ပသော ကြယ်တစ်ပွင့်တည်း ရှိနေတော့သည်။ ပြီးတော့ ဆေးရဲ့ရနံ့။

သူ့နာရီကိုကြည့်တော့ လေးနာရီခွဲတော့မည်။ သူ့တစ်ကိုယ်လုံး အေးစက်နေသည်။ ညက ကဗျာတွေ၊ အိပ်မက်တွေနှင့် လွန်းထိုး သတ်ပုတ်ရင်း တံတားပေါ်မှာ အိပ်ပျော်သွားခဲ့သည်ပဲ။

တံတားပေါ်မှာ ဖြတ်သန်းသူတွေ များသထက် များလာသည်။ သူ တည်းခိုရာ ကျောင်းဆီသို့ ပြန်လာချိန်မှာပင် အင်းတစ်ပြင်လုံး နှင်းတွေ ဖွေးသွားလေသည်။



(၃)

... အိပ်ပစ်လိုက်ဖို့ စိတ်မကူးပါ။ တောင်သမန် နံနက်ခင်းကိုလည်း သူ အလွတ်...ခံနိုင်ပါ။ ညတုန်းက သူ တော်တော်မူးယစ်နေခဲ့တာကို ပြန်သတိရနေမိပြန်...။ ကိုယ်လက် သန့်စင်ကာ တံတားပေါ်သို့ ပြန်လျှောက်လာခဲ့သည်။

ဆောင်းနှောင်းနွေရိပ်
တိတ်တဆိတ်ပွေ့ဖက်
နှင်းခက်ဝေ့ကျန်
တောင်သမန်ရေပြင်၊ နေခြည်ပွေ့ပိုက်
နမ်းရှိုက်လိုက်ပြီ
ဦးပိန်တံတား
နဂါးတစ်ကောင်၊ မျက်တောင်လှုပ်ရှု
အိပ်ရာထပကော။

တံတားပေါ်မှာ သံဃာတော်တွေ ကျက်သရေရှိစွာ လျှောက်လှမ်းနေ...ကြသည်။ စက်ဘီးတွေ၊ လူတွေ။ တံတားအောက်မှာတော့ ငါးမျှားသူများ၊ ...ရမ်းချဉ်ခင်းထဲက စေးဆိုလုံမပျိုများ၊ အဝေးအင်းရေထဲမှာတော့ လှေတစ်စင်း၊ ...စ်စင်း၊ သုံးစင်း၊ ရေစပ်မှာ မှောက်ခုန်လဲကျနေသော ရေဝင်လှေဟောင်း...စ်စင်း။ တံတားတစ်ဝက်လောက်ရောက်တော့ သူ့ခြေတွေ တုံ့ရပ်သွားသည်။ ...တွေ အုံခဲနေကာ တံတားအောက် မြေပြင်ကို ငုံ့ကြည့်နေကြသည်။ မြင်ကွင်း...က ရေစပ်စပ် မြေပြင်ပေါ်မှာ လှည်းကြမ်းတစ်စီး ရပ်ထားသည်။ ယောကျ်ား...ကြီး သုံးယောက်က မေ့မြောနေသည့် ကလေးတစ်ယောက်ကို ပွေ့တင်နေကြ...သည်။

တံတားပေါ်က လူတွေကြားကို သူ တိုးဝင်လိုက်သည်။ သူ ငုံ့ကြည့်...လိုက်တော့ လှည်းက ထွက်စပြုနေပြီ။ လူနာက လှည်းပေါ်မှာ တစ်စောင်း...လဲကျနေသည်။ မျက်နှာကို ကောင်းကောင်းမမြင်ရ။ ခြေနှစ်ချောင်းကတော့ ...လှည်းအိမ်အပြင်ကို တန်းလန်းကျနေသည်။ သူ့ဘေးက ကရုဏာမျက်လုံးတွေ...နှင့် ကြည့်နေသော အဘွားအို နှစ်ယောက်ကို သူ စပ်စုလိုက်သည်။

"ဘာဖြစ်တာလဲ အမေ"

"မျက်မမြင်လေးပါကွယ်။ တစ်သက်လုံး သည်တံတားပေါ်က လျှောက်...နေကျပါ။ ကနေ့မှ ဘယ်လိုဖြစ်တယ် မသိဘူး။ တံတားပေါ်က လိမ့်ကျသွား...သတဲ့"

"ဒီရွာကပဲလား"

"တခြားရွာကနဲ့ တူပါရဲ့ကွယ်။ ဒီလိုပဲ သွားလာနေတာပါပဲ။ ဘယ်က
ဘယ်သူမှန်းလည်း မသိပါဘူး။ အမေတို့ကတော့ အလွယ် ငပိန်လို့ ခေါ်လိုက်
တာပဲ"

"ငပိန်တဲ့လား"

သူ လှမ်းကြည့်လိုက်တော့ ခပ်လှမ်းလှမ်း မယ်ဇယ်ပင်တန်းအစပ်
လှည်းရောက်ပေပြီ။ လှည်းအိမ်အပြင်ကို တွဲလောင်းကျနေသော ခြေထောက်
နှစ်ချောင်းကို သူ မြင်နေရတုန်း။

ဒါကတော့ အတုမဟုတ်။ အရှိပကတိ ဖြစ်သည်။ ညက ဆ
ဝင်းစည်သူ၏ 'အဿဇန္နက' ဇာတ်ဝင်ခန်းက နတ်မြင်းပျံ စီးဟန်ပြသေ
မင်းသားလေးကို မြင်ယောင်လာသည်။ ကြည့်လေ။ သည်မြင်ကွင်းကတေ
'သော' စရာ ဇာတ်ကွက်တစ်ကွက် မဟုတ်။

မယ်ဇယ်ပင်တွေအောက်မှာ တလှုပ်လှုပ် ခြေနှစ်ချောင်း။ ငပိန်
ခြေထောက် နှစ်ချောင်းကို မြင်နေရတုန်းပင် ဖြစ်၏။ ။

[ပေဖော်ဝါရီလ၊ ၁၉၉၁၊ မဟေ

# ကွဲအက်နာရီ

## (၁)

ပေတောမှာ နာရီဟောင်းတစ်လုံး ရှိတယ်။ Sandoz လို့ခေါ်တဲ့ သာမန်
ရာကျော်ကျော်လောက်သာတန်တဲ့ နာရီတစ်လုံးပါ။ အဲဒီနာရီ အရင်ကလည်း
မှာ နာရီအတော်များများ ရှိခဲ့ဖူးတယ်။ ဒါပေမယ့် အဖိုးနည်း ဝန်ပါတွေချည်း
တစ်ထောင်ကျော်တန်တဲ့ နာရီတစ်လုံးမှ မပါဘူး။ ငါးရာတောင် မကျော်
ဘူး။ နည်းနည်းကောင်းကောင်းဆိုလို့ ဖဲဝိုင်းပြန် အိုဂျီဘယ်နာရီပါးပါးကလေး
စ်လုံးပဲ ပါဖူးတယ်။ ကိုပေတောက နာရီကလီတတ်တဲ့လူတော့ မဟုတ်ဘူး။
ဆန်းတာက နာရီရယ်လို့ ဝယ်လိုက်လို့ သူမှ ပတ်ပြီဆိုရင် နာရီက ပျက်
များတယ်။ သွားနေရင်းက ရပ်သွားတာမျိုး။ တစ်ခါကဆိုရင် မြို့ထဲက
်လာတာ သူနေတဲ့ ရပ်ကွက်တောင် မရောက်သေးဘူး ကားပေါ်မှာတင်
ရီက ရပ်သွားတယ်။ ဒါနဲ့ ကားပေါ်က ပြန်ဆင်းပြီး ပြန်ပြောတော့ ဆိုင်
ဖြုတ်ကြည့်တယ်။ အသစ်မို့လို့ပါတဲ့။ ဒါက ဝိုင်ဒင်တိုက်နော်တဲ့။ သံပတ်
စဉ်ပေးဖို့လည်း မမေ့နဲ့တဲ့။ ခြောက်လအတွင်း ရပ်သွားရင် ပျက်သွားရင်
သာယူခဲ့တဲ့။ ကိုပေတော ကျေနပ်သွားတယ်။ ပြန်ပတ်လာတယ်။ မရပ်ဘူး။
က်တစ်ရက်မှာ ရပ်သွားတယ်။ သူ တော်တော်လည်း စိတ်ပျက်သွားတယ်။
င်ကို တစ်ခါပြန်သွားတယ်။ ဆိုင်ရှင်က မျက်နှာမကောင်းဘူး။ ဘာဖြစ်
းလို့ဆိုလား ပြန်လုပ်ပေးလိုက်တယ်။ သူ ပြန်ယူလာတယ်။ တစ်ပတ် ကိတိ
တဲ့နေ့မှာ စက်ရပ်သွားပြန်ရော။ ဒီတစ်ခါတော့ နာရီရောင်းတဲ့သူက ဝယ်တဲ့

နာရီဈေးတော်မှာ အခြေအပြီး … ခြားနာရီတစ်လုံးကိုသာ ယူသွားပါတော့တဲ့ ငွေနည်းနည်း ထပ်ဆောင်းပေးပါဆိုတော့ သူ့စိတ်ကြိုက်တစ်လုံး ထပ်ယူလာ တယ်။ ငွေတစ်ရာ ထပ်ပေးခဲ့ရတယ်။ အဲဒီနာရီလည်း ခြောက်လ အာမခံ တိုက်တိုက်ဆိုင်ဆိုင် ခြောက်လပြည့်တဲ့နေ့ရဲ့ နောက်တစ်နေ့ မိုးလင်းတော့ နာ စက်ရပ်သွားတယ်။ သူ ရက်တွေ ပြန်စစ်တယ်။ ဟုတ်တယ်။ တကယ့် ခြောက်လ တစ်ရက်စွန်း ဖြစ်နေတယ်။ သူ ရောင်းတဲ့ဆိုင်ကို မသွားတော့ဘူး နာရီပြင်ဆိုင်မှာ ပြင်တယ်။ ကောင်းတယ်။ ပတ်တယ်။ ပျက်တယ်။ ပြင်တယ် ပတ်တယ်။ ပျက်တယ်။ ပြင်တယ်။ ခုတ်ဆီ၊ ခုတ်ဆန် ပြုတ်လုံးလိုပဲ။ ရင်းကတော့ ငါးကျပ်ပဲ။ ပေါ်လိုက် ရွေးလိုက်က ငါးဆယ်ကျတယ်ဆိုသလို ပြင်ခကရချည်း နာရီဖိုးကျော်သွားတယ်။ ဒီတော့ သူ ရသလောက်နဲ့ ရော လိုက်တယ်။ နောက်တစ်လုံး ဝယ်တယ်။ ချက်ချင်းတော့ ဝယ်လိုက်နိုင်တ မဟုတ်ဘူး။ တော်တော်ခြိုးခြံပြီး စုဝယ်ရတာ။ နောက်နာရီတွေလည်း သည်လို ဒါပေမယ့် သူ စိတ်မပျက်ဘူး။ ငြီးငွေ့တယ်ရယ်လို့လည်း မရှိဘူး။ နာရီအတွ အချိန်လည်း ပေးနိုင်တယ်။ စိတ်လည်း ရှည်တယ်။ နာရီဆိုးမျိုး ခံနိုင်သူ ကျွန်မဖြင့် တွေ့မမြင်ပြီ။ ဪ… ရာပေဦးတော့ ထမင်းထုပ်ကြီးနဲ့ လူ မသိုးရှုံဖြင့် မှာလိုက်ချင်သည်ဆိုတာ ကိုပေတောမှ အစစ်ပဲ။ နောက်ပြီး နာ ကောင်းနေတုန်းပေမယ့် ကြေးဆေးရင်လည်း ဆေးတတ်တယ်။ ဆိုင်က ခင်ဗျာ နာရီ ကောင်းနေသေးပဲဗျာဆိုတော့ သူက အဝတ်အထည်လိုပဲပေါ့ဗျာ၊ သိ မပေခင် ဖွပ်တော့ ပိုမကောင်းဘူးလားတဲ့။ နာရီပြင်ဆရာက ကောင်းပါတယ် ဒါပေမယ့် ခင်ဗျားအဝတ်က မစွန်းထင်းသေးအဲနဲ့တော့ အစွန်းချွတ်ဆေးထဲ န စရာ မလိုဘူးမဟုတ်လားဆိုတော့ သူ စိတ်ဆိုးသွားတယ်။ ခင်ဗျားက ရပ်နေ နာရီကိုပဲ ကြေးဆေးတတ်တဲ့လူပဲ။ ကောင်းနေတဲ့ နာရီကို ကြေးမဆေးတတ်ဘူ ထင်ပါရဲ့လို့ပြောပြီး ပြန်ယူလာတတ်တယ်။ နောက်တစ်ဆိုင် ပြောင်းတယ် နောက်တစ်ဆိုင်ကလည်း အဲသလို ပြောတာပါပဲ။ ဒီတော့ သူက ရော… ခက် လား။ ခင်ဗျားတို့ နာရီပြင်ဆရာတွေဟာ လက်စသတ်တော့ တစ်ကျောင်းတည် ဆင်းတွေပါလားဆိုပြီး ပြန်ယူလာပြန်ရော။ ဒါပေမယ့် ကြေးဆေးချင်တဲ့စိတ်က မကုန်ဘူး။ ဒီတော့ နောက်တစ်ဆိုင်မှာ စက်ခဏခဏရပ်တယ်ဗျာ ကြေးဆေ ပေးပါဦးလို့ပြောပြီး အပ်တယ်။ ဒီတော့မှ ထားခဲ့လေတဲ့။ ဒီတော့ သူက နာ ကို ချွတ်ရင်း 'ခင်ဗျားတို့ နာရီပြင်ဆရာတွေလည်း ရောဂါ ပဲ' တဲ့။ 'စက်ရ တယ်ဆိုမှ ကိုင်ချင်ကြတာကိုး' လို့လည်း ပြောသေးတာ။



ဒါပေမယ့် စောစောကပြောသလိုပဲ သူ့လက်ထဲမှာ နာရီက ခဏခဏ ပျက် ပဲဆိုတော့ သူက နာရီတွေကို အပြစ်မတင်ချင်တော့ဘဲ သူ့လက်ကောက် တ်ကိုပဲ သံသယရှိလာတယ်။ ဘယ်ဘက်က ညာဘက် ပြောင်းပတ်ကြည့် ယ်။ ပျက်တာပဲ။ နောက် ညာဘက်က ပြန်ပတ်တယ်။ ပျက်တာပဲ။ က်ကောက်ဝတ်နဲ့ နာရီရဲ့ သမှုဟ မဖြစ်ခြင်းသဘော ဒါမှမဟုတ် ဝိရောဓိ ခြင်းသဘောကို သူ ဘယ်လိုမှ စဉ်းစားလို့ မရဘူး ဖြစ်နေတယ်။ အခုတော့ ndoz နာရီလေး။ ပတ်ဖြစ်နေပြန်တယ်။ သည်နာရီလေးကတော့ မဆိုး ဘူး။ တော်တော်လည်း ခံတယ်ပြောရမယ်။ တစ်နှစ်နီးပါးရှိပြီ။ ဒါပေမယ့် ရားမပျက် ကြေးတော့ မှန်မှန်ဆေးပေးရတာပေါ့လေ။

နောက်တစ်ခုက ကိုပေတော မိန်းမမှာလည်း နာရီတစ်လုံး ရှိတယ်။ မပတ် CQ နာရီလေး။ လေးထောင့်စောင်းသိမ်း (ဆယ်ပြားစေ့) နာရီ လေး။ နာရီဖင်ဘက်မှာ (Stainless Steel) လို့ ရေးထားပေမယ့် သံချေးစ တော့ ရှိတယ်။ (Water Proof) ဆိုပေမယ့် ရေစလေးတွေ မှန်မှာ သီးနေ တ်တယ်။ ဒါပေမယ့် နာရီက စက်တော့ ကောင်းနေတယ်။

ဒါပေမယ့် သူ့မိန်းမ CQ နှင့် သူ့ Sandoz ကို တိုက်ကြည့်လိုက်တိုင်း ချိန်က ခုနစ်မိနစ်လောက် ကွာနေတတ်တယ်။ ဒါက အမြဲဖြစ်နေတာ။ သူ တယ်၊ ငါ မှန်တယ် အမြဲငြင်းနေကျ။ တစ်ခါတော့ မြန်မာ့အသံနှင့် လင် ယားနှစ်ယောက် အချိန်တိုက်ကြတယ်။ လင်မယားပေမယ့် အလောင်းအစား လေးတော့ ပါတယ်။ များများ မဟုတ်ပါဘူး။ ဆီချက်တစ်လုံးကြေးပါ။ ရေ့ ရေဒီယိုကြီးဖွင့်ထားပြီး မွန်းတည့် ဆယ့်နှစ်နာရီ ဒေါင်ဒင်ဒေါင်ကြီးလာ တော့မယ့်အချိန် ဧည့်ခန်းထဲမှာ နှစ်ယောက်သား ငြိမ်ပြီး ထိုင်နေကြတယ်။ ကိုပေတောက ရင်တထိတ်ထိတ်နဲ့။

ဆီချက်ဝယ်ကျွေးရမှာကို ကြောက်လို့ မဟုတ်ဘူး။ သူ ရှုံးမှာ စိုးရိမ်လို့။ သူ့နာရီက မှားနေတယ်ဆိုတာကို မဖြစ်ချင်ဘူး။ သူ့ Sandoz က အဖိုးမတန် င်သာ ရှိမယ်။ ကမ္ဘာပေါ်မှာ အတိကျဆုံးလို့ သူ့ဟာသူထင်နေတဲ့ ရောဂါ ခံကလည်းရှိတော့ သူ့နာရီက ကျွမ်းကျင်တဲ့ ခွဲစိတ်ကုသမားတော်ရဲ့ ဓားသွား မှ အပိုအလို ရှိလိမ့်မယ်။ ကျုပ်နာရီက ကွက်တိပဲလို့ အမြဲပြောတတ်တဲ့လူ ဟုတ်လား။

ဒေါင်ဒင်ဒေါင်ကြီးလည်း လာရော၊ သူ ရှုံးတယ်။ သူ့မိန်းမနာရီကလည်း တိတိကျကျကြီးတော့ မဟုတ်ပါဘူး။ တစ်မိနစ် မရှိတရှိ လိုနေတယ်။ ထားပါ

တော့။ အနီးဆုံးမှန်တယ် ပြောပါတော့။ ဒါကိုလည်း ကိုပေတောက မကတ်
ဘူး။ သူ့မိန်းမ နာရီကို အမှန်ပေးလိုက်ပါတယ်။ ဆီချက်တစ်လုံးဖိုးလည်း
လိုက်တာပါပဲ။ ဒါပေမယ့် သည်ဒေါင်ဒင်ဒေါင်ကိုလည်း သူ မယုံပြန်ဘူး။ သူလ
နာရီတစ်လုံးပဲ။ သူကလည်း လွဲနေနိုင်တာပဲလို့ သူ ထင်တယ်။ သူ့မိန်းမ
"ရှင် ရူးနေသလား။ ဒါက စံတော်ချိန်ရှင့်" ဆိုတော့ နာရီတွေသာ လူဆို
သူ မှန်တယ်။ ငါ မှန်တယ်လို့ ငြင်းကြ ခုံကြရင်းက အုပ်စုတွေကွဲပြီး နာရီက
စစ်တောင် ဖြစ်သွားနိုင်တာပါပဲတဲ့။ သိပ်မထင်ပါနဲ့တဲ့။

ဒီတော့ သူ့မိန်းမက...

"နာရီကမ္ဘာစစ်သာဖြစ်ရင် ရှင့် Sandoz အမျိုးအစား အစုတ်ပလ
က စခံရမှာပဲတဲ့။ ရှင့် Sandoz က ဘာမှသာ မဟုတ်တယ်၊ လေကျယ်လွ
လို့" ဆိုတော့ တော်စမ်းပါကွာတဲ့။ နင်နဲ့ ငါနဲ့ သည်နာရီအတွက်နဲ့ လင်မယ
ကွဲလိမ့်မယ်တဲ့။

ပြောတုန်းရှိသေးတယ်။ သူတို့ဧည့်ခန်းထဲက တိုင်ကပ်နာရီဟောင်းကြ
ဆီက ဆယ့်နှစ်ချက်ထိုးသံ ကြားရတယ်။ ကိုပေတော တော်တော် စိတ်ပျက်သွ
တယ်။ သူ့နာရီနဲ့က ဆယ်မိနစ်ကျော်ကျော်တောင် ကွာတယ်။ ဒေါင်ဒင်ဒေ
ကြီးနဲ့က ငါးမိနစ်လောက် ကွာနေတယ်။ စိတ်ပျက်ပေမယ့် အဲဒါကိုက 
အတွက် ပြောစရာအခွင့်အရေး မဟုတ်လား။

"ကိုင်း... ငါ မပြောဘူးလား။ ဘယ်ဟာမှ ပုံသေမတွက်နဲ့၊ အနီးဆုံး
မှန်ကြတယ်ဆိုတာ ယုံပြီလား။ နာရီတွေက သံသယဖြစ်စရာ ကောင်းမနေ
လား" တဲ့။

သူ့မိန်းမက သူ့နာရီလေးကိုဖြုတ်ပြီး စားပွဲပေါ်မှာ လှမ်းတင်တယ်

"ရှင်ဟာလေ မန်းလေ ပြလေပဲ။ ကျွန်မကတော့ ရှင့်ကို တုပြောနေ
မဟုတ်ဘူး။ ဒီမယ် နာရီတစ်လုံးရဲ့သိက္ခာဆိုတာ ရှိတယ်ရှင့်။ နည်းနည်းပါး
အချိန်ပိုတာ လိုတာနဲ့ သိပ်မဆိုင်ဘူး။ အဲဒီနာရီနဲ့ နာရီပတ်တဲ့သူရဲ့ အချင်းချ
ယုံကြည်မှုပဲ"

ဆိုတော့ သူ သိပ်နားလည်ပုံ မရဘူး။ ဒါပေမယ့် ကိုပေတော အလျှေ
မပေးဘူး။ နာရီနဲ့ ပတ်သက်လို့ကတော့ ဘယ်တော့မှ အလျှော့လည်း မပေးနဲ့
ဘူး မဟုတ်လား။ ဒီတော့ သူ နိုင်ရာနဲ့ကိုင်တယ်။

"နာရီမှာ သိက္ခာရှိတာ၊ မရှိတာ ငါ မသိဘူး။ မိနစ်ခြောက်ဆယ် တ
နာရီ၊ စက္ကန့်ခြောက်ဆယ် တစ်မိနစ်ကတော့ အတူတူပါပဲ" တဲ့။



ကိုင်း... ကောင်းရော။ အဲဒီနေ့ တစ်နေ့လုံး ကိုပေတော သူ့ Sandoz
ကို သူ လုံးဝ မကျေနပ်ဘူး။ စက်လည်း သွားနေတယ်။ ကောင်းလည်း
င်းနေတယ်။ ဒါဆိုရင် ဘာပဲဖြစ်ဖြစ် အချိန်က မှန်နေရမယ်လို့ သူ တွက်
။ စောစောက ပြောသလိုပဲ။ သူ့လက်ကောက်ဝတ်တွေကိုပဲ ပိုပြီး သံသယ
တယ်။ နာရီရဲ့ အနေအမြန်ဟာ လက်ကောက်ဝတ် သွေးတိုးနှုန်းကြောင့်
လားလို့လည်း စဉ်းစားတယ်။ ဒါကို အသေးစိတ် လေ့လာပြီး လက်ကောက်
နဲ့ နာရီတို့၏ ဖြစ်တတ်ပျက်တတ်သော သဘောသဘာဝများ သို့မဟုတ်
လယန္တ ရားနှင့် လက်ကောက်ဝတ် သွေးတိုးနှုန်းတို့၏ ဆက်စပ်မှု သီအိုရီ
ိုးတောင် သူ သီအိုရီတစ်ခု ထုတ်ချင်လာတဲ့အထိ သံသယ ရှိတယ်။

အဲဒီညက သူ အိပ်မပျော်ဘူး။ ဆေးပြားတော်တော်များများကို ရေအေး
တစ်ခွက်နဲ့ သောက်ပြီးတာတောင် စိတ်က လှုပ်ရှားနေတုန်းပဲ။ အိပ်ရာထဲ
အိပ်ရှေ့ခန်း နာရီကြီးက ကြားနေရတဲ့ ညဆယ့်နှစ်နာရီထိုးသံ၊ ညတစ်နာရီ
သံ၊ နှစ်နာရီထိုးသံတွေက သူ့ကို ခြောက်လှန့်နေတယ်။ မိုးသာလင်းသွား
တယ်။ သူ့မှာ ချွေးစေးတွေထွက်ပြီး အနေရခက်နေတုန်းပဲ။ သူ့မိန်းမ
တော့ အိပ်နေလိုက်တာ သိုးလို့။ သူ ထတယ်။ သူ့မိန်းမချွတ်ထားတဲ့ နာရီ
ယူတယ်။ သူ့ Sandoz ကိုလည်း ယူတယ်။ နောက် ဧည့်ခန်းကိုသွားပြီး
ကပ်နာရီကြီးကို ဖွင့်တယ်။ လက်တံတွေကို ရွှေ့တယ်။ နာရီသုံးလုံး တစ်
တည်းကျအောင် ညှိပြီးတော့မှ ပြန်လာတယ်။ ပြန်အိပ်တယ်။ မျက်လုံး
မှေးစင်းသွားတယ်။ အဲဒီတော့မှ အိပ်ပျော်သွားလိုက်တာ အသေကောင်
ကိုင်းပဲ။

(၂)

ဟောမှာ သားတစ်ယောက် ရှိတယ်။ နာမည်က ပေါက်စီတဲ့။ အိမ်မှာ
ပေါက်လို့ ခေါ်တယ်။ သူ့မှာတော့ နာရီမရှိဘူး။ နာရီမရှိလို့လည်း ပူတဲ့ပုံ
ပါဘူး။ ဧည့်ခန်းမှာ ရှေးတိုင်ကပ်နာရီကြီးတစ်လုံး ရှိတယ်။ သူ့အဖေမှာ
ရှိတယ်။ သူ့အမေမှာလည်း နာရီတစ်လုံးရှိတယ်။ သူ အပြင်ထွက်တိုင်း
း ဘယ်သူ့ဆီကမဆို ဘယ်နှနာရီထိုးပြီလဲလို့ မေးရဲရင် အချိန်ကို သိနိုင်
ပဲ မဟုတ်လား။

ဒါကြောင့် ပေါက်စီအတွက် နာရီဟာ သိပ်အကြောင်းမဟုတ်သလို ဖြစ်
တယ်။ နာရီမရှိလည်း နေလို့ရသလို ဖြစ်နေတယ်။ ဒါကို ကိုပေတော ဘဝင်

မကျဘူး။ လူဟာ နာရီမရှိရင် ဘဝမှာ လူဖြစ်ရှုံးတာပဲ။ နာရီမရှိတဲ့လူဟာ
နေတဲ့ လူတစ်ယောက်လိုပဲလို့ သူ ခံယူထားတယ်။ ဒါကြောင့် သူ့သား ပေါ
ကို နာရီတစ်လုံးဝယ်ပေးဖို့ ခဏခဏ ကြိုးစားဖူးတယ်။ ဒါပေမယ့် သိတဲ့အတ
ပဲ။ နာရီတစ်လုံးရဲ့ ဈေးကလည်း နည်းတာမဟုတ်ဘူး။ လမ်းဘေးက ခြေ
ဆယ်တန် ပလတ်စတစ် ဂဏန်းနာရီတွေလည်း ဝယ်မပေးချင်ဘူး။ နာရီဆို
စက်သွားတွေနဲ့ ခံ့ခံ့ညားညားရှိရမယ်လို့ သူ ခံယူထားတယ်။ နာရီ မပီ
ဆယ့်နှစ်ကွက်နာရီက ဖျတ်ခနဲ ဖျတ်ခနဲပေါ်တဲ့ အချိန်ပြဂဏန်းတွေကို
သိပ်မုန်းတာလည်း ပါတယ်။

တစ်နေ့တော့ သူ့သား ပေါက်စီကို မေးတယ်။

“မင်းမှာ နာရီမရှိလို့ ဖြစ်ရဲ့လား။ အဖေ ဝယ်ပေးမယ်။ နေဦး
Sandoz လေး တစ်လုံးလောက်ဝယ်ဖို့ အဖေ ဈေးငွေတင်ဦးမယ်” ဆိုတေ
သူ့သားက...

“မလိုပါဘူး အဖေရာ၊ အိမ်မှာလည်း နာရီတွေရှိသားပဲ။ နာရီမရှိ
လည်း ဘာမှမဖြစ်ပါဘူး” လို့ ပြန်ဖြေတာကို သူ ဘဝင်မကျဘူး။

“ကိုင်းကွာ၊ အိမ်မှာ နာရီတစ်လုံးမှ မရှိဘူးဆိုပါတော့၊ မင်း ဘယ်
လုပ်မလဲ” ဆိုတော့...

“ရပါတယ်၊ ရတာပါပဲ။ သဘာဝတရားဟာ နာရီတစ်လုံးပါပဲ။ တ
ကျေးလက်က အိမ်တွေမှာ နာရီမရှိပါဘူး။ ဒါပေမယ့် သူတို့အလုပ် သူတို့
နေကြတာပဲ” တဲ့။

ကိုပေတော ဘာမှမပြောတော့ဘူး။ ဒီကောင့်ကို ပညာပေးရမယ်
သူ့စိတ်ထဲမှာ တွက်တယ်။ ဒီကောင် သိပ်ကြီးကျယ်တဲ့ကောင်။ ကျေးလ
တဲ့၊ သဘာဝ တရားတဲ့။ အဲဒီမှာတင် သူ့စီမံကိန်းကို ဆွဲတယ်။ ပထမ
သူ အိမ်က တိုင်ကပ်နာရီကြီးကို ရပ်သွားဖို့ သူ ကြိုးစားခဲ့တယ်။ ခက်တာ
ကောင်းနေတဲ့ နာရီတစ်လုံးကို ရပ်သွားဖို့ဆိုတာလည်း တကယ်တော့ မလ
တော့ မလုပ်ကောင်းဘူး မဟုတ်လား။ ဒါပေမယ့် မဖြစ်မနေလုပ်ဖို့ ပိုင်းဖြ
လိုက်တယ်။ သံပတ်မပေးတော့ဘဲထားရင် နာရီကြီး ရပ်သွားမှာပဲဆိုတာ
သိတယ်။ ဒါပေမယ့် သူ့မိန်းမက သံပတ်ပေးလိုက်ရင် နာရီက သွားနေဦးမှာ
ဒီတော့ ဒီနာရီပျက်ရမှုကို ဖြစ်မယ်ဆိုပြီး နာရီထဲက ခွေးသွားစိတ်တစ်ခု
အားစိုက်ပြီး တွန်းလိုက်တယ်။ ခွေးသွားစိတ်ဘီးတွေဟာ တစ်ဘီးနဲ့တစ်ဘီး ခို
မဆွဲနိုင်တော့ဘဲ နာရီကြီး ရပ်သွားတယ်။ သူ ကျေနပ်သွားတယ်။ စီမံကိန်း



လို့ နာရီပြန်ကောင်းချင်ရင် ဆိုင်ပြန်သွား၊ ခွေးသွားစိတ်ချင်း ချိတ်မိအောင်
လုပ်ပေးလိုက်ရင် ပြီးတာပဲလို့ သူ့စိတ်ကူးထားတာကိုး။

နောက်တစ်ခါ သူ့နာရီ Sandoz ကို ကောင်းနေလျက်နဲ့ ကြေးဆေး
ဆိုင်ပို့လိုက်တယ်။ သူ့မိန်းမနာရီကိုလည်း လူအလစ်မှာ သံပတ်တင်းပြီး
တစ်သွားအောင် တအားဖိလှည့်လိုက်တယ်။ သူ့မိန်းမက ပထမတော့ သံသယ
ရှိပုံရတယ်။ နောက်တော့ ဆိုင်ပို့တာပါပဲ။ ဆိုလိုတာက နာရီအားလုံးဟာ ရပ်
ဆိုင်းသွားတယ်။ သူတို့အိမ်က နာရီသုံးလုံးဟာ လုံးဝ အချိန်မပြနိုင်တော့ဘဲ
ရပ်ဆိုင်းသွားတယ်။ ပျက်တာက ပျက်၊ ဆိုင်ရောက်တာက ရောက်။

ပထမဆုံး နေမထိထိုင်မသာ ဖြစ်နေရတာက ကိုပေတော ကိုယ်တိုင်ပဲ။
ဒါပေမယ့် နာရီမရှိဘဲ နေလို့ရတယ်ဆိုတဲ့ သူ့သားပေါက်စီကို လက်တွေ့ကရတဲ့
အသိ သူ ပေးချင်နေတာကိုး။ သူကိုယ်တိုင် အောင့်အည်းသည်းခံရင်း ပေါက်စီ
ရဲ့ အခြေအနေကို အကဲခတ်တယ်။ ပေါက်စီက ဘာမှမဖြစ်ဘူး။ ကျောင်းသွား
ရောက်ရှိတာ သွားတယ်။ ညဆယ်နာရီခွဲမှာ အိပ်တယ်။ သုံးရက်လောက်ကြာတော့
သူ ဖွင့်မေးရတော့တယ်။ ဘယ့်နှယ်လဲပေါ့။ နာရီမရှိတော့ ဒုက္ခရောက်နေပြီ
မဟုတ်လားပေါ့။ ပေါက်စီက ခပ်အေးအေးပဲ။

“ဟင့်အင်း ဘာမှမဖြစ်ပါဘူး အဖေရ။ မနက်ခြောက်နာရီ ပဲပြုတ်သည်
လာတယ်။ ဒါက ခန့်မှန်းပြောတာ မဟုတ်ဘူး။ နာရီရှိကတည်းက ပဲပြုတ်သည်
လာရင် ခြောက်နာရီပဲဆိုတာ ကျွန်တော် သတိထားမိတယ်။ ညနေဘက် ဂန္ဓမာ
ပန်းသည်ရဲ့ ဟောဒီက ဂန္ဓမာပန်း၊ မေမြို့ပန်းလို့ အော်တဲ့အသံက ညနေ သုံး
နာရီမှလိုရင် ပိုရင် ငါးမိနစ်ပဲ။ အိမ်ဘေးက မြို့ပတ်ရထား ဖြတ်သွားချိန်တွေ
ကို အကြမ်းတွက်ယူရင် ရသေးတယ်။ နောက် ရေဒီယိုဖွင့်ထားရင်လည်း သိ
နေနိုင်တာပါပဲ။ လွဲရင် နည်းနည်းပေါ့ အဖေရ။ အပြင်ထွက်သွားလို့ကတော့
ငါးထောင်တန်နာရီကို မေးမလား၊ ကွာစ်နာရီကို မေးမလား၊ Pilot နာရီမျိုး
ကို မေးမလား။ ရွှေသားစစ်စစ် နာရီမျိုးမေးမလား။ တချို့ နာရီဆိုရင် ဂရင်းနစ်
စံတော်ချိန်တောင် ပါသေးတယ်။ အရှေ့အနောက် တောင် မြောက်တောင် ပါ
သေး၊ သံလိုက်အိမ်မြှောင်လည်း ပါသေး၊ ရက်စွဲ ခုနှစ် လ ရက်၊ တနင်္လာ
အင်္ဂါတောင် ပါသေး။ ဂဏန်းပေါင်းစက်လည်း ပါသေး၊ နှိုးစက်တွေတောင်
ပါသေး။ ကိုင်း... အဖေ ဘာလိုချင်သေးတုန်း၊ ရလိုက်တာမှ။ အဖေ့ Sandoz
က အောက်နေသေးတယ်”

• ကိုပေတော ဘာမှမပြောနိုင်ဘူး။ ပဲပြုတ်သည်တို့၊ ဂန္ဓမာပန်းသည်တို့၊
မြို့ပတ်ရထားတို့၊ ရေဒီယိုတို့ အားလုံးကို ဖြစ်နိုင်ရင် လိုက်တောင် ရိုက်ပစ်

ချင်စိတ် ပေါက်သွားတယ်။ သူ့စီမံကိန်းလည်း ပျက်ရော။ နာရီတွေ ဖျက်
တာပဲ အဖတ်တင်သွားတာကိုး။

ဒါပေမယ့် သူ့ရောဂါက စင်မသွားဘူး။ လူမှန်ရင် နာရီတစ်လုံးတော့
ရှိရမယ်။ အဲဒီနာရီဟာ သူ့ Sandoz နာရီလို အမြဲတမ်း တိကျနေရမယ်ဆိုတဲ့
ရောဂါက သေးကျုံ့မသွားဘဲ ကြီးထွားသထက် ကြီးထွားလာတယ်။

သူ့သား ပေါက်စီပြောတဲ့ အထဲမှာ အဖေ့ Sandoz ကြီးက အောက်
ပြီဆိုတာကို သူ အခံရအခက်ဆုံးပဲ။ သည့်ထက် အခံရခက်သွားတာက နာ
တွေ အားလုံး ပြန်ပြင်လိုက်ရတာ တစ်ရာကျော်ကျော် ကျသွားတာပဲ။

(၃)

ကိုပေတောရဲ့ရောဂါ ရင့်လာတယ်လို့ ပြောရမယ်။ တစ်ရက် သူ ဘတ်စ်ကား
နဲ့ မြို့ထဲသွားတယ်။ ဘတ်စ်ကားပေါ်မှာ မိန်းမတစ်ယောက်က ဘယ်သူရယ်
ဘယ်ဝါရယ် မဟုတ်ဘူး။ ဘယ်နှယ်နာရီများတောင် ထိုးပြီလဲ မသိဘူး။ အချိန်
ကလည်း အကုန်မြန်လိုက်တာ မပြောပါနဲ့တော့လို့ ညည်းတာကို အနားက
နာရီပတ်ထားတဲ့ လူတွေက အသိစိတ်နဲ့ ကိုယ့်နာရီကိုယ် ငုံ့ကြည့်ပြီးတော့
ပြောကြတယ်။ တစ်ပြိုင်နက်လိုလိုပဲ။ တစ်ယောက်က ကိုးနာရီ ငါးမိနစ်တဲ့
တစ်ယောက်က ကိုးနာရီ ခုနစ်မိနစ်တဲ့။ တစ်ယောက်က ရှစ်နာရီ ငါးဆယ့်ငါး
မိနစ်တဲ့။ ကိုပေတောကလည်း သူ့နာရီကို သူ ငုံ့ကြည့်တယ်။ သူ့နာရီက
ကိုးနာရီနဲ့ တစ်မိနစ်တိတိ။ အားလုံး ငြိမ်သွားတော့မှ ကျုပ်နာရီက ကိုးနာ
တစ်မိနစ်တိတိ ရှိသွားပြီ။ ဒါ အမှန်ဆုံးပဲ။ ခင်ဗျားတို့ နာရီတွေကို ကျွန်တော်
ပြောချင်တာက ဖြစ်နိုင်ရင် ရိုက်ခွဲပစ်လိုက်ကြဖို့ပဲလို့ အော်ပြောတော့ ကားပေါ်
က လူတွေဆိုတာ ငြိမ်ကျသွားတယ်။ သူ့ကိုလည်း သနားတဲ့ မျက်လုံး၊ ရယ်
ချင်တဲ့ မျက်လုံးတွေ၊ ဒေါသထွက်တဲ့ မျက်လုံးတွေနဲ့ ဝိုင်းကြည့်လိုက်ကြတာ
ပြာဖြစ်သွားလောက်တယ်။ အဲဒါက တစ်ခါ။

တစ်ခါက ကိုပေတောအိမ်ကို လေးစားလောက်တဲ့ ဧည့်သည်တစ်ယောက်
လာတယ်။ ကိုပေတောက လက်ဖက်ရည်ကလေး မုန့်လေးနဲ့ ဧည့်ခံလို့ တော်
တော်လေးလည်းကြာရော ဧည့်သည်က သူ့နာရီကို သူကြည့်ပြီး ပြန်ဦးမှဗျား၊
ဆယ့်နှစ်နာရီတောင် ခွဲတော့မယ်ဆိုတော့ ကိုပေတောက အတိအကျ ပြောပါ
ဗျာတဲ့။ ဧည့်သည်က ရိုးရိုးမေးတယ် အောက်မေ့ပြီး။ အဲ… နေဦးဗျ ဆယ့်နှစ်နာရီ
နဲ့ နှစ်ဆယ့်ရှစ်မိနစ်ဆိုတော့။ ကိုပေတော အားရပါးရ ရယ်တယ်။ ဧည့်သည်



ည်း ကြောင်သွားတယ်။ ဘာပါလိမ့်ပေါ့။ တော်တော်ကြာအောင် ရယ်ပြီးမှ
င်ဗျားနာရီကလည်း စုတ်လှချည့်လားဆိုတော့ ဧည့်သည်က နောက်တယ်
င်ပြီး စုတ်ကာမှ စုတ်ရောဗျာ၊ ကမ္ဘာကျော် ရိုးလက်စ်မှ အစစ်ဗျ။ ဖောရင်း
ပါလာတာ။ အချိန်ကလည်း ကိုက်လိုက်သမျှ ကွက်တိပဲလို့ ပြောရော။
ိုပေတော ဘာမှပြန်မပြောဘူး။ သူ့လက်မှာ ပတ်ထားတဲ့ နှစ်ရာတန် Sandoz
ကို ထိုးပြရင်း လက်တစ်ဖက်က အနားက စာအုပ်ဖိတဲ့ ဖန်တုံးကို လှမ်းပေး
ယ်။ ဧည့်သည်က ဘာလဲဗျဆိုတော့ ‘ခွဲသာပစ်လိုက် ဆရာရေ၊ ခင်ဗျား
းလက်စ်ကို အခိုးထွက်သွားအောင် ခွဲသာပစ်လိုက်တော့’ တဲ့။

ဧည့်သည်ခမျာ ပြန်သာသွားရတယ်။ ကိုပေတောကို ဘယ်လို နားလည်
မှန်း သိသွားပုံမရဘူး။

ကိုပေတော မိန်းမနဲ့ သူ့သား ပေါက်စီကလည်း ကိုပေတောကိုပဲ
ကဲခတ်နေကြတယ်။ ကိုပေတော ပြောပုံဆိုပုံတွေဟာ ပုံမှန်မဟုတ်တော့တာ
သတိထားမိကြတယ်။ ကိုပေတောရဲ့ အသွားအရေတွေ၊ မျက်လုံးတွေကိုလည်း
ကြိုက်ဘူး။ ခုတလော ကိုပေတော မျက်လုံးတွေက စင်းပြီး လည်နေတယ်
လို့ ထင်နေကြတယ်။ ကိုပေတောကတော့ ဘယ်သူ့မှ ဂရုစိုက်မနေပါဘူး။ ရုံး
ကို မနက်ကတည်းက ထွက်သွားလိုက်တာ မိုးချုပ်မှချည်း ပြန်တယ်။ တစ်နေ့
ကိုပေတောမိန်းမက ရှင် ဘယ်သွားနေတာလဲ။ အရေးအကြောင်းဆိုရင် ရှင့်ကို
ဘယ်လိုက်ရှာရမလဲဆိုတော့မှ အကြောင်းကိစ္စရှိရင် ဆူးလေနားက စိန်စက္ကန့်
နာရီဆိုင်ကို လာခဲ့တဲ့။ သူဟာ နာရီတစ်လုံးရဲ့ အတွင်းသား တည်ဆောက်ပုံ
ကို သွားလေ့လာနေတာ တစ်လခွဲ ပြည့်တော့မယ်တဲ့။ သူ့မိန်းမက ရှင် နာရီ
ပြင်တဲ့ပညာ သွားသင်တာလားဆိုတော့ ကိုပေတောက တော်တော် ဒေါကန်
သွားတယ်။ နာရီပြင်တဲ့ပညာ သွားသင်တာ မဟုတ်ဘူး။ ငါက နာရီပြင်စား
မယ့် ကောင်လည်း မဟုတ်ဘူး။

နာရီတစ်လုံးရဲ့ တည်ဆောက်ပုံကိုသာ လေ့လာနေတာ။ ငါ့ဟာငါ နာရီ
တစ်လုံးကို တည်ဆောက်ကြည့်မလို့ဆိုတော့ ကိုပေတောမိန်းမက ငါ့ယောကျ်ား
တော့ ပစ်လိုက်ရပြီ ထင်ပါရဲ့ဆိုတဲ့ မျက်လုံးတွေနဲ့သာ ကြည့်နေရတော့တယ်။

တစ်ညတော့ မိသားစုအားလုံး ထမင်းစားပြီးတဲ့အချိန် ဧည့်ခန်းထဲမှာ
ဆုံမိကြတယ်။ ကိုပေတောကလည်း သူ့အတွေးနဲ့သူ။ ကိုပေတော မိန်းမနဲ့
သားကလည်း သူတို့ကိစ္စနဲ့သူတို့ ထိုင်နေကြတယ်။ အဲဒီအချိန်မှာ ဧည့်ခန်း
နံရံမှာ ချိတ်ထားတဲ့ တိုင်ကပ်နာရီဟောင်းကြီးက တဒင်ဒင်နဲ့ ခုနစ်နာရီထိုးသံ

ပေါ်လာတယ်။ နာရီသံ တစ်ချက်ချင်းကို မိသားစုသုံးယောက်သား ပီပီသသ
ကြီး ကြားနေရတယ်။ နာရီသံလည်းဆုံးရော ကိုပေတောက ခေါင်းကို တွင်တွင်
ခါတယ်။ ပြုံးလည်း ပြုံးတယ်။

"ဒီနာရီကြီးဟာ တို့ဘိုးဘွားလက်ထက်က နာရီကြီးပဲ။ ဒါပေမယ့် ဒီ
နာရီကြီးက သစ္စာမရှိတော့ဘူး။ အဲဒီတော့ ငါတို့ကလည်း သံယောဇဉ်ထားစရာ
မလိုတော့ဘူး။ နာရီတစ်လုံးဟာ အချိန်မမှန်တော့ဘူးဆိုရင် လိမ်ချင်ကောက်ချင်
လာပြီဆိုရင် ဘာလုပ်တော့မလဲ။ ဒါ ဘာဖြစ်လို့ ပြောသလဲဆိုတော့ အဖေဟာ
နာရီတွေနဲ့ ပတ်သက်လို့ အမျိုးမျိုး လေ့လာပြီးပြီ။ နာရီတစ်လုံးရဲ့ အတွင်းသား
လျှို့ဝှက်ချက်တွေ၊ တည်ဆောက်ပုံတွေ၊ နာရီသမိုင်းတွေအားလုံး လေ့လာပြီးပြီ
မင်းအမေရဲ့ CQ နာရီရော။ ငါပတ်နေတဲ့ ငါ သိပ်အထင်ကြီးနေတဲ့ ငါ့ရဲ့
Sandoz နာရီပါ တကယ်တော့ ညာဝါးနေတဲ့ နာရီတွေ ဖြစ်နေတာတွေ့
တယ်။ တကယ်တော့ စက်နဲ့လုပ်ထားတဲ့ နာရီအားလုံးဟာ လူတွေကို ညာ
ကြတာ သေချာသွားပြီ။ ဖေဖေ ပြောရဲတယ်ကွာ။ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်နာရီ
ဖြစ်ဖြစ် အလိမ်အညာတွေချည်းပဲ။ ဒါ အဖေရဲ့ လေ့လာမှုအား၊ အဖေရဲ့ ပါရမီ
အဖေရဲ့ ထက်မြက်တဲ့ ဉာဏ်ပညာနဲ့ အကဲဖြတ်ပြီးမှ ရလာတဲ့အဖြေပဲ"

ပထမတော့ သားအမိနှစ်ယောက်စလုံးက နာရီနဲ့ပတ်သက်လို့ ကိုပေတော
ဘာပြောပြော စကားနည်းရန်စဲနေနေကျ၊ ထုံးစံအတိုင်း နားထောင်ရုံသက်သက်
ပဲ နေခဲ့ကြတာပါပဲ။ ဒါပေမယ့် ကိုပေတောရဲ့ စကားတွေက ပုံမှန်မဟုတ်တော့
ဘူးဆိုတာ သိလာတော့ ပေါက်စီက စောဒကတက်တယ်။

"ကမ္ဘာပေါ်မှာ အင်မတန် ထင်ရှားတဲ့ နာရီကြီးတွေရှိတယ် အဖေရဲ့
ပြင်သစ်နိုင်ငံ ခရပ်ဖ်ဒူးမြို့က နာရီကြီးက အချိန်တွင်သာမကဘူး နေကြတ်
လကြတ်မယ့် ကာလတွေကိုတောင် ပြနိုင်တယ်။ လန်ဒန်မြို့က ဘစ်ဘင်း..."

"တော်ပြီ ငါ့သား၊ မင်းမပြောနဲ့ ငါပြောမယ်။ အဲဒီ ဘစ်ဘင်းနာရီကြီး
ဟာ အချင်း သုံးဆယ့်နှစ်ပေတောင် ရှိတယ်။ ချိန်သီးရဲ့ အလေးချိန်က ပေါင်
လေးရာ့ငါးဆယ်လောက် လေးတယ်။ နယူးယောက်မှာရှိတဲ့ ကိုးလ်ဂိတ်နာရီကြီး
ဆိုရင် သူ့ထက် နှစ်ဆကြီးတယ်။ ဒီနာရီကြီးရဲ့ မိနစ်တံကဆိုရင် သုံးဆယ့်
ခုနစ်ပေတောင် ရှည်တယ်။ အင်မတန် တီကျတဲ့ နာရီကြီးတွေလို့ တစ်ကမ္ဘာ
လုံးက လက်ခံထားကြတယ်။ ဒါပေမယ့် ငါ့သား ဒီကနေ့ ငါ ပြောမယ်။ အဲဒီ
နာရီတွေဟာလည်း လိမ်ညာနေတာပဲ"

ကိုပေတောက သူ့သား အစဖော်ပေးတာကို သူက ချက်ကျလက်ကျ
ပြန်ချေပနိုင်တယ်ဆိုပြီး မျက်နှာကြီးကို ပင့်ထားတယ်။ ကိုပေတော မိန်းမ



ကတော့ မျက်စောင်းတစ်ချက်ထိုးတဲ့ပြီး လက်ဖက်ခွက်ထဲက လက်ဖက်တစ်ဖတ်
ကို နှိုက်ပြီး မြုံ့နေလိုက်တယ်။

"ကိုင်း... နာရီတွေအကြောင်း အဖေ ပြောမယ်။ မင်းတို့ သည်းတော့
ခံကြ၊ နာရီတွေရဲ့ ဆင့်ကဲဖြစ်စဉ်နဲ့ နာရီတွေရဲ့သမိုင်းကို ငါ ပြောမယ်။ ပညာရှိ
တွေဟာလည်း နည်းနည်းတော့ ကြောင်တယ်ဆိုတာလည်း မင်းတို့ ကြားဖူး
မှာပေါ့။

"အဟမ်း ဒီလိုကွ၊ ကမ္ဘာဦးတုန်းက ကျောက်ခေတ်လူသားတွေဟာ
နေကို နာရီလို့ သတ်မှတ်တယ်။ သူတို့က သူတို့နေတဲ့ ဂူရဲ့ အမိုးအက်ကြောင်း
တွေထဲက ကျလာတဲ့ နေရောင်ခြည်ကို မှတ်ကြတာ။ ရွှံ့တွေကိုလုံးပြီး နေရောင်
ခြည် ကျနေတဲ့ နေရာတွေကို လိုက်ကပ်ကြတယ်။ အမဲလိုက်ရမယ့် အချိန်
သည်ဖြင့်ပေါ့။ ဒါပေမယ့် နေသွားရာလမ်းကြောင်းက မှန်တာ မဟုတ်ဘူး။
နေရောင်ခြည်ဆိုတာကလည်း အမြဲရှိနေတာ မဟုတ်ဘူး။ ကမ္ဘာဦးက ရာသီဥတု
ကလည်း မှန်တာ မဟုတ်ဘူး။ နှင်းမုန်တိုင်းတွေ၊ မိုးမုန်တိုင်းတွေ လနဲ့ချီပြီး
ကြာတတ်တယ်။ ဒီတော့ နေဟာ နာရီဟုတ်နိုင်ပါ့မလား။ ဒါက တစ်ချက်"

ကိုပေတောက သူ့မိန်းမနဲ့ သားကို ကြည့်တယ်။ ငြိမ်နေမှန်းသိတော့
ဆက်ပြောတယ်။

"နောက်တစ်ဆင့်က နေဟာ နေရာရွှေ့တတ်တယ်။ နောက်တော့ နေ
ဟာ လမ်းကြောင်းနဲ့ သွားတတ်တယ်ဆိုတာ လူတွေ သိလာတာပဲ။ ဒါကြောင့်
နေကို မကြည့်တော့ဘဲ အရိပ်ကို ကြည့်တဲ့စနစ်ကို တီထွင်တယ်။ နေနာရီ ဆို
တာလေ။ တုတ်တစ်ချောင်းကို စိုက်ပြီး ကျောက်ခဲတွေနဲ့ မှတ်တဲ့စနစ်ပေါ့။
တိုင်ပတ်လည်က အရိပ်တွေကို အသေမှတ်ပြီး အချိန်ကို ခန့်မှန်းယူကြတယ်။
အဲဒါ ခရစ်တော်မပေါ်ခင် နှစ်ပေါင်း ခုနစ်ရာကတည်းက ဖြစ်နေတဲ့ စနစ်ပဲ။
ဒါပေမယ့် ဒါလည်း မမှန်ပါဘူး။ ရေပြင်ပေါ်မှာ ဘယ်လို ခဲလုံးချ မှတ်နိုင်မလဲ။
နေထွက်တာ နေဝင်တာဟာလည်း မှန်တာ မဟုတ်တော့ အရိပ်ဟာလည်း
ဘယ်မှန်နိုင်ပါ့မလဲ"

(၄)

ကိုပေတောက ရေနွေးတစ်ခွက် သောက်တယ်။ ကိုပေတော မိန်းမက လက်ဖက်
မြုံ့နေတုန်းပဲ။ ပေါက်စီကတော့ ဝါးခနဲ တစ်ချက်သမ်းတယ်။ သူ့ဇက်ပိုးကို
သူ ရိုက်တယ်။

“ဘီစီ ၃၀၀ လောက်မှာတော့ ဗက်ဘီလုံးမြို့က ဗာရောဆပ်ဆိုတဲ့
ပုဂ္ဂိုလ်က သတ္တုလုံးခြမ်း နာရီကို ထွင်တယ်။ အခေါင်းပါတဲ့ သတ္တုလုံးခြမ်း
နာရီကို ထွင်တယ်။ အခေါင်းပါတဲ့ သတ္တုလုံးခြမ်းပေါ်မှာ အလုံးကလေး တစ်လုံး
တင်ပြီး အဲဒီက အရိပ်ကို သတ္တုခွက်ပေါ်မှာ မှတ်သားထားတဲ့ မျဉ်းကြောင်း
တွေက တစ်ဆင့် ဖတ်တဲ့နည်းပဲ။ ဒါကလည်း မမှန်နိုင်ပါဘူးကွာ။ နေဟာ
ကောင်းကင်မှာ ဆောင်းဆိုရင် ဆယ်နာရီလောက်ပဲကြာပြီး နွေဆိုရင် ဆယ့်လေး
နာရီတောင် ကြာတတ်တာ သူတို့ မသိဘူးလား။ သိပ်ညှံ့ဖျင်းတဲ့ကောင်တွေ
ထားပါတော့၊ အဲဒီနည်းလည်း မစွံဘူး။ ဒါပေမယ့် အလယ်ခေတ် တစ်လျှောက်
လုံး နေနာရီကို ဆင့်ပွားယူတဲ့စနစ်တွေ တီထွင်ရင်းနဲ့ပဲ ပြီးရတာပါပဲ”

သည်တစ်ခါတော့ လက်ဖက်ဝါးရင်းကပဲ ကိုပေတော မိန်းမက သမ်
ပြန်ရော။ ကိုပေတောက သူ့ကို ထောက်ခံတယ်ထင်လို့လားမသိဘူး ပိုတော
ကျယ်လာသေးတယ်။

“နောက် ရေနာရီ။ ကြားဖူးမှာပေါ့ ကြေးဖလားကို ဂေါ်ရီအရွယ် အပ
ဆံပင် ဆယ့်ခြောက်ချောင်းဝင်ရုံ အပေါက်ဖောက် ရေထည့်ပြီး ရေကုန်ရ
တစ်မောင်းမှတ်တယ် ဆိုတာလေ။ အေး... သူတို့ဆီမှာလည်း အဲသလို
မြေအိုးဖင် အပေါက်ဖောက်ပြီး ရေတစ်စက်ချင်းကျတာကို မှတ်တယ်။ ဒါပေမ
မြေအိုးဆိုတော့ ရေကို မမြင်နိုင်ဘူးလေ။ ဒီတော့ ဖန်အိုးကို ထွင်တယ်။ ဖန်အ
ကလည်း ရေများများရှိနေရင် ခပ်မြန်မြန်ကျပြီး ရေနည်းသွားတော့ ရေကျနှ
သွားပြန်ရော။ နောက်အပေါက်ဆို့သွားတာတို့ အပေါက်ကျယ်သွားတာတို့၊ ရေ
သွားတာတို့ ရှိသေးတယ်။ အဲဒီနည်းကလည်း မဟုတ်လှပါဘူးကွာ”

ဒီတစ်ခါတော့ ကိုပေတော ကိုယ်တိုင် လက်ဖက်နည်းနည်း မြို့တယ
ပေါက်စီ စားပွဲပေါ်က မဂ္ဂဇင်းတစ်အုပ် လှမ်းဆွဲပြီး ကိုပေတော မိန်းမကတေ
ဆက်တီနောက်မှီကို ခေါင်းကပ်ပြီး မှေ့ထားတယ်။ ဘာတွေ စဉ်းစားနေတာ
တော့ မသိဘူး။

“တစ်ခါ သဲနာရီ ပေါ်လာပြန်ရော။ ဖန်ပြွန်ထုလုံးရှည်တစ်ခုကို ခါးသိ
သွားအောင် ညှစ်ထားတဲ့ ကိရိယာလေးပါပဲ။ အထဲမှာ အင်မတန် နုးညံ့
သဲထည့်ထားတယ်။ အပေါ်က သဲ အောက်အကုန်ကျသွားရင် တစ်နာရီ
နောက်ပြောင်းပြန်လှန်။ အောင်မယ် သဲနာရီက အခုထိ အနောက်နိုင်ငံ လွ
ဆော်တွေမှာ သုံးတုန်းနော်။

“ဒါပေမယ့် သဲနာရီတွေဟာ တစ်ခုနဲ့တစ်ခု မတူကြပြန်ဘူး။ ဘယ်နှ



လုပ်မလဲ။ သဲနာရီတစ်လုံးကို သွားလေရာ ဘယ်လို ယူသွားမလဲ။ နောက်
ဖယောင်းတိုင်ကို အရာခုတ်ပြီး မီးထွန်းတာတို့၊ ဘာတို့လည်း ရှိသေးတယ်။
ထားပါတော့ကွာ၊ အဲဒါတွေ အားလုံးရဲ့ အဖြေဟာ မတိကျ မရေရာဘူးဆို
တာပဲ”

သည်မှာတင် ကိုပေတော မိန်းမက ဆတ်ခနဲ ခေါင်းမတ်လိုက်တယ်။
ဒေါသတွေလည်း ထွက်နေတယ်။ မျက်လုံးတွေလည်း ပြူးထားသေးတယ်။

“ဒီမယ် ရှင် ပြောကောင်းတိုင်း ပြောမနေနဲ့။ ရှင့်နာရီကိစ္စချည်း လူတိုင်း
ခေါင်းထဲမှာ ရှိနေတာ မဟုတ်ဘူး။ မနက် ဘာချက်ရမလဲ စဉ်းစားနေတာ။
ရှင် နည်းနည်းမှ မသိတတ်ဘူး”

ဒါပေမယ့် ကိုပေတောက သူ့မပြောသလိုပဲ။ ဘာကိုမှ ဂရုမစိုက်တဲ့ပုံပဲ။
စာသင်ခန်းထဲက ပါမောက္ခတစ်ယောက်ရဲ့ လေနဲ့ ဆက်ပြောတယ်။

“ခရစ်ယာန် ဘုရားကျောင်းကြီးတွေမှာ ခေါင်းလောင်းတီးတဲ့ စက်တွေ၊
နောက် ပါရီက အန်းရီဒါဗစ်ရဲ့ နန်းတွင်းနာရီကြီးတွေဟာ ကနေ့ နာရီတွေရဲ့
ခင်လို့ ဆိုရမယ်။ အဲဒီမှာ ဂလီလီယိုဆိုတဲ့ ငနဲတစ်ကောင်က လေတိုက်လို့
လွဲနေတဲ့ မီးအိမ်ကြီးကိုကြည့်ရင်း ချိန်သီးရဲ့ သဘောကို တွေ့သွားပြန်တယ်။
လွဲကျယ် ကျယ်သွားရင် ပိုမြန်တယ်။ လွဲကျယ်ကျဉ်းရင် ပိုနှေးတာ သတိထား
သွားကြတယ်။ အဲဒီ ချိန်သီးစနစ်နဲ့ လူတွေကို သွေးတိုးနှုန်းတိုင်းဖို့ ဆရာဝန်
တွေကို သူ ပြောခဲ့တာပေါ့။ နာရီတော့ ဖြစ်မလာသေးဘူးပေါ့လေ။ နောက်တော့
တ်ချ်လူမျိုး ဝိုင်းဂင်က နာရီတစ်လုံးကို ထွင်တယ်”

ကိုပေတော မိန်းမက ထိုင်ရာက ထတယ်။ အိမ်ခန်းဘက် ဝင်သွား
တယ်။ ပေါက်စီက မဂ္ဂဇင်းကို ပစ်ချရင်း တစ်ခါသမ်းပြန်ရော။ သူလည်း ထမယ်
လုပ်တော့ ကိုပေတောက ဒေါကန်သွားတယ်။

“အေး... အဲဒါ ခက်တာပေါ့။ ငါ အခုပြောနေတာ ဖြစ်စဉ်ပဲ ရှိသေး
တကွ၊ အနှစ်သာရ မပါသေးဘူး။ ငါ့ရဲ့ တွေ့ရှိချက်ကို ငါ မပြောရသေးဘူး။
ါ တစ်သက်လုံး လျှို့ဝှက်ထားဖို့ စဉ်းစားထားတဲ့ တစ်ချက်ရှိတယ်။ ဒါပေမယ့်
နက်လင်းရင် ငါ ပြောတော့မှာပါ။ နေဦး အခုနစကား ဆက်ရဦးမယ်။
လိုကွာ နာရီနဲ့ပတ်သက်လို့ ကျေးဇူးတင်ရမယ့်လူတွေ ရှိတယ်။ ‘ဂျက်ကော့
း’ တို့ ‘ဂရူးအီး’ တို့ ‘နစ်ကိုဖတ်ရှေး’ တို့။ ဒါပေမယ့်ကွာ သူတို့ နာရီတွေ
လည်း ခပ်ညံ့ညံ့တွေ ဖြစ်နေတယ်။ နောက်ပိုင်းပေါ်တဲ့ လျှပ်စစ်နာရီတို့၊
ွာစ်တို့၊ ခရစ်စတယ်လ်တို့၊ ပိုင်ဇိုအီလက်ထရစ်တို့၊ ကွန်ပျူတာရိုင်ဒ်စ်တို့ဟာ

တော်တော်ကို မုန်တယ်လို့လည်း ပြောကြတယ်။ နှစ်ပေါင်း သုံးထောင်မှာ
ဖြစ်ဖြစ်၊ နှစ်ပေါင်း တစ်သောင်းမှာဖြစ်ဖြစ် နာရီတစ်လုံးရဲ့ တာဝန်ဟာ အချိန်
ပြရုံ သက်သက်ပဲဆိုရင် ဘာလုပ်ရမှာလဲ။ တစ်စက္ကန့်မှ နောက်မကျဘူးဆိုရင်
လည်း ဘာလုပ်ရမှာလဲ။ ဒါပေမယ့် ဒါဟာ လူတွေရဲ့ အထင်ပါ။ တကယ်က
နာရီတွေ အားလုံးဟာ မှားနေတယ်။ အဖေပြောခဲ့တာ အားလုံးကို ပြန်ချုပ်ရင်
ကမ္ဘာဦးကနေ ကနေ့အထိ ပေါ်ခဲ့တဲ့ နာရီစနစ်တွေဟာ မှားနေတယ်။ နာရီ
အချိန်တွေကလည်း လွဲနေတယ်။ ဖြစ်နိုင်ရင် တစ်ကမ္ဘာလုံးက နာရီတွေအားလုံး
ကို ရိုက်ခွဲ ဖျက်ဆီးပစ်ရမယ်။ တစ်ကမ္ဘာလုံး ဘယ်နေရာမှာဖြစ်ဖြစ် နာရီ
တစ်လုံးမှကို မရှိတော့ဘူးဆိုတာ သေချာပြီဆိုတော့မှ အဖေ့ရဲ့ နာရီကို ထုတ်
ပြချင်တယ်။ အင်မတန် ထူးဆန်းတဲ့ နာရီတစ်လုံး အဖေ့မှာ ရှိနေပြီ။ မနက်
မိုးလင်းမှ အဖေ ပြတော့မယ်။ ကိုင်း... အိပ်တော့ ငါ့သား”

အခုမှ ပေါက်စီလည်း စိတ်လွတ်လက်လွတ် ဖြစ်သွားရတော့တယ်
ကိုပေတော အိပ်ခန်းထဲ ဝင်သွားတော့ ကိုပေတောမိန်းမက အိပ်နေလိုက်တာ
အိပ်မက်တောင် မက်နေလောက်ပြီ။

(၅)

မနက်မိုးလင်းလို့ အားလုံး အိပ်ရာကနိုးတော့ ဧည့်ခန်းထဲက တိုင်ကပ်နာရီကြီး
ဟာ ကွဲနေတယ်။ လက်တံတွေ လိမ်ကောက်နေတယ်။ မှန်စတွေဟာလည်း
ကွဲကြေပြန့်ကြဲနေတယ်။ ဖိနပ်ချွတ် အုတ်ခုံပေါ်မှာ ကိုပေတောရဲ့ Sandoz
နာရီရော၊ သူ့မိန်းမရဲ့ နာရီရော တူနဲ့ထုထားသလို ပြားကပ်ကြေမွနေတယ်
ကိုပေတောကတော့ ဧည့်ခန်းထဲမှာ မျက်လုံးပြူးကြီးနဲ့ ထိုင်နေတယ်
မျက်လုံးသူငယ်အိမ်တွေက လည်နေတယ်။ မျက်နှာက ပြုံးယောင်သမ်းနေတယ်
ပါးစပ်က တတွတ်တွတ်နဲ့ ရွတ်နေတယ်။ နဖူးမှာ ချွေးတွေလည်း သီးထနေ
တယ်။

ကိုပေတော မိန်းမရော၊ ပေါက်စီပါ နိုးတဲ့အချိန်မှာ အားလုံးဟာ နောက်
ကျသွားပြီ။ သားအမိနှစ်ယောက်ဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်
ပြီး သဘောပေါက်သွားကြသလို သက်ပြင်းတွေ ချလိုက်ကြတယ်။ ဧည့်ခန်းထဲ
ကို သားအမိနှစ်ယောက် ဝင်လာတာတွေ့တော့ ကိုပေတော မျက်နှာတည်သွား
တယ်။

“ကိုင်း... လာကြ၊ ကနေ့တော့ ငါ အစောကြီးနိုးနေတာ။ ညက ငါ



...းတဲ့ ကတိအတိုင်း ငါ့ရဲ့ နာရီကို ပြမလို့ပဲ။ အင်မတန် ထူးဆန်းတဲ့ နာရီ
...တစ်လုံး ငါ ရထားပြီ။ မကြာခင်မှာ ဒီနာရီရဲ့ အာနိသင်ကို ငါ ပြောတော့မယ်”

ကိုပေတောက တစ်လုံးချင်း ပြောနေတာကို သားအမိနှစ်ယောက်က
...ငြိမ်ပြီး နားထောင်နေရတယ်။ သည်အချိန်ဟာ ကိုပေတောပြမယ့် နာရီဆိုတာ
...က် ကိုပေတောကို ဘာလုပ်ရမလဲဆိုတာပဲ သူတို့ စဉ်းစားနေရတော့တယ်။
...ပါက်စီက သူ့အမေကို ကြည့်လိုက်တော့ သူ့အမေက ခေါင်းညိတ်ပြတယ်။
...သွားပြီဆိုတဲ့ သဘောပေါ့။

“ကိုင်း... ဒီမယ်ကြည့်”

ကိုပေတောက အင်္ကျီကို ချွတ်လိုက်တယ်။ ချက်အပေါ် လက်လေးလုံး
...လာက် ဗိုက်တည့်တည့်က မွေးရာပါ မှဲ့ကြီးတစ်လုံးကလွဲရင် ဘာမှ မရှိဘူး။

“ဟော့ဒီမှာ ငါ့ရင်ဘတ်မှာ နာရီတစ်လုံး မြင်ရဲ့လား။ ငါ့ရဲ့ နို့သီး
...ခေါင်း နှစ်ခုကြားမှာ လက်တံတွေ တွေ့ရဲ့လား။ လည်စလုတ်အောက်က ချိုင့်
...လေးက ဆယ့်နှစ်နာရီနေရာ၊ ဘယ်ဘက် နို့သီးခေါင်းက သုံးနာရီနေရာ၊
...ညာဘက် နို့သီးခေါင်းက ကိုးနာရီနေရာ၊ ဟောဒီ မှဲ့ကြီးက ခြောက်နာရီနေရာ။
...နာရီ ငါ့မှာ ပေါ်လာတာ တစ်ပတ်လောက် ရှိသွားပြီ။ နို့သီးခေါင်း နှစ်ခု
...ကြားမှာ လက်တံတွေ ပေါ်လာတာ တစ်ပတ်လောက် ရှိသွားပြီ။ ငါလည်း
...မ်းပြီးပြီ။ လက်တံတွေ နောက်ပြန်လှည့်ကြည့်တော့ ငါ့ဆံပင်တွေ ပြန်နက်
...နက်တယ်။ ရှေ့ကို လှည့်ကြည့်တော့ ဆံပင်တွေ တစ်ခေါင်းလုံး ဖြူဆွတ်သွား
...ယ်။ ဘဝကိုပါ Rewind လုပ်နိုင်တဲ့ နာရီပဲ။ ဒါကြောင့် ဒီမနက်မှာ လိုအပ်
...ပဲ ငါ့နာရီရဲ့ လက်တံတွေ ချိုးပစ်လိုက်ရတယ်။ ဒီနာရီက အင်မတန် တိကျ
...တဲ့ အချိန်ကို ပြရုံတင်မကဘူး နာရီပိုင်ရှင်ဖြစ်တဲ့ ငါ့ကိုယ်ငါ ငယ်စေနိုင်၊ ကြီး
...စေနိုင်တယ်။ ဒီအတိုင်းလည်း ရပ်ထားနိုင်တယ်။ ဆိုလိုတာက နာရီလက်တံ
...တွေကို နောက်ကို ခပ်များများလှည့်ပေးရင် ငါ ငယ်သွားမယ်။ ရှေ့ကို များများ
...လှည့်လိုက်ရင် ငါ အိုသွားမယ် ဒါပဲ။ ဒါပေမယ့် ငါ အခုအခြေအနေကို အကြိုက်
...ဆုံးပဲ။ အခုအချိန်ဟာ ငါ့အတွက် အကောင်းဆုံးအချိန်ပဲ။ ငါ့အတွက် အရင့်ကျက်
...ဆုံး အချိန်ပဲ။ ဒီအချိန်ကို ငါ အမိအရ ဖမ်းထားလိုက်တယ်။ ဆိုလိုတာက
...ငါ့နာရီစက်တွေကို ငါ ဒီမနက်ပဲ ရပ်ပစ်လိုက်ပြီ။ ဒါကြောင့် ငါဟာ ဒီအတိုင်းပဲ
...တည်ရှိနေတော့မယ်။ မင်းတို့သားအမိကတော့ ကံကုန်နေ့စေ့တဲ့အထိ တဖြည်း
...ဖြည်း ကြီးရင့်ရင်း သေသွားကြသည့်တိုင် ငါဟာ ဒီအတိုင်း ကျန်ရစ်ခဲ့လိမ့်မယ်”

"ငါဟာ နှစ်သန်းပေါင်းများစွာ ဒီအတိုင်း ကျန်ရစ်ခဲ့လိမ့်မယ်။ အ
မေတ္တေယျ မြတ်စွာဘုရားကို ငါ စောင့်ဖူးမယ်။ ငါဟာ အခုအခြေအနေက
တစ်ရွေးသားမှ အပွန်းအရှ မခံနိုင်ဘူး။ ဒါကြောင့် ငါ့နာရီစက်တွေကို ငါ
မနက်ပဲ ရပ်ပစ်လိုက်ရတာပဲ။ တစ်ကိုယ်ကောင်းဆန်တယ် မထင်နဲ့။ ဒါဟ
ငါ့ရဲ့ ပါရမီက ဖြစ်လာတဲ့ အသီးအပွင့်ပဲ။ ဒါကို ငါ ခူးဆွတ်ခံစားတာပဲ ဖြ
တယ်။

"အဖေ့ကို ခွင့်လွှတ်ကြပါ။ ငါ ဒီအခြေအနေအတိုင်းပဲ ငါ နေခဲ့ပါရ
တော့။ ငါဟာ အရင်က နာရီတစ်လုံးဟာ အချိန်မှန်ဖို့ပဲ လိုတယ်လို့ ခပ်တိ
တိမ် တွေးမိတယ်။ လူတွေဟာ နာရီမရှိရင်လည်း မရနိုင်ဘူးလို့ပဲ ထင်ခဲ့တယ
လက်ကောက်ဝတ် သွေးကြောတွေကို ငါ အထင်လွဲခဲ့ဖူးတယ်။ အခုတော့ ငါ
ဟာ ငါ ပြန်ရှက်နေတယ်။ ငါ တစ်ခုပဲ ဝမ်းနည်းတာက လွဲမှားနေတဲ့ နာ
တွေနဲ့ ကမ္ဘာကြီးဟာ ယောင်တိယောင်န ခရီးသွားနေရတာကိုပဲ"

အဲဒီအချိန်မှာပဲ ကိုပေတော မိန်းမက အိမ်ဘေးက ယောက်ျားကြီ
လေးငါးယောက်ကို သွားခေါ်တယ်။ ပေါက်စီက ပေါ်တာကက်တစ်စီး သွ
ငှားတယ်။ ကိုပေတောကို ချော့ပြီး ကားပေါ်တင်တယ်။ ကိုပေတောကလည်
ငြိမ်ငြိမ်ကလေး ထိုင်လိုက်တာပါပဲ။

ကိုပေတော မိန်းမက ကားထွက်ခါနီးမှ အိမ်တံခါး ပြန်ဖွင့်တယ်
အိမ်ထဲ ပြန်ဝင်တယ်။ တော်တော်ကြာမှ စာအုပ်တွေ စာရွက်စာတမ်းတွေ
ပြန်ထွက်လာတယ်။ နောက် သူ့သားကို လှမ်းပြောတယ်။

"တော်သေးတယ်၊ သတိရလို့။ မင်းအဖေ အရင်တစ်ခါ Shock ရိုက
ဖူးတဲ့ လူနာမှတ်တမ်းဟောင်းတွေ မေ့ကျန်ရစ်ခဲ့တော့မလို့" တဲ့။

ကားထွက်လာတော့ ပေါ်တာကက်ကားရဲ့ အရိပ်ဟာ နေနာရီနဲ့သ
ဆိုရင် ရှစ်နာရီသာသာလောက် ရှိပြီဆိုတာကို ပြနေတယ်။ ။

[စံပယ်ဖြူမဂ္ဂဇင်း၊ အမှတ် ၆၃၊ ၁၉၉၁ ခုနှစ်၊ ဧပြ

ရထား

(၁)

သည်ရွာကြီးကို မြို့ရယ်လို့၊ ဒါမှမဟုတ် မြို့ကလေးရယ်လို့ ခေါ်ဖို့ခက်ပေမယ့်
သည်ရွာကြီးက လူတွေက မြို့လို့ခေါ်မှ ကြိုက်ကြတယ်။ အလယ်တန်းကျောင်း
ရှိတယ်။ တိုက်နယ်ဆေးခန်းကလေး ရှိတယ်။ တော်တော်လေးစည်တဲ့ မနက်
ဈေးရှိတယ်။ တရုတ်အပေါင်ဆိုင်တစ်ဆိုင် ရှိတာနဲ့ပဲ မြို့လို့ ခေါ်ချင်နေကြတာ
ပါ။ ဈေးကတော့ မြူနီစီပယ်ဈေးပေါ့လေ။ သည်ဈေးကို ဘေးပတ်လည်ရွာ
တွေက ကိုင်းတောင်သူ၊ ကျွန်းတောင်သူတွေ ဈေးလာရောင်းကြတယ်။

မီးသွေးလှည်း၊ ထင်းလှည်း၊ အိုးလှည်းတွေက ဘီးသံ တအီအီနဲ့ ဝေလီ
ဝေလင်းကတည်းက ရောက်လာတတ်ကြတယ်။ ဈေးဝ အစိန့်လက်ဖက်ရည်
ဆိုင်က ထင်းလှည်းသမားတွေရဲ့ ဘုံရိပ်သာပါပဲ။ ရေနွေးကြမ်းမော့၊ တစ်အိုးပြီး
တစ်အိုးသောက်ရင်း လှည်းအစီးလိုက် ထင်းဝယ်မယ့်သူကို စောင့်ကြတဲ့ နေရာ
ပေါ့။ အစိန်ကလည်း ကျေနပ်ပါတယ်။ မြို့ကလေးက လူတွေက လက်ဖက်ရည်
ထိပ်သောက်ကြတာ မဟုတ်ဘူး။ မနက်ခင်းကလေး ခဏ ဈေးစည်ပြီး ကျန်
တဲ့ အချိန်တွေမှာတော့ မြို့ကလေးဟာ တိတ်ဆိတ် ခြောက်ကပ်နေတတ်တယ်။
အောင်ဘာလေ သိန်းထီဆိုင်မှာ သိန်းထီထိုးနေသူလောက်၊ လှည်းကုန်သည်
ကြီးကြာယုံ့ဆိုင်မှာ လှည်းပစ္စည်း အနည်းအကျဉ်း ဝယ်သူလောက်၊ အချောင့်
ခေါက်ဆွဲဆိုင်မှာ ခေါက်ဆွဲတစ်လုံးနှစ်လုံး ဝယ်သူလောက်၊ အဲသည့်ခေတ်က
အမည်ဖြစ်တဲ့ နိုင်ငံတော် အစိုးရဘုံဆိုင်မှာ တစ်ခွက်တစ်ဖလား သောက်နေကြ
သူတွေလောက်၊ ဒေါ်စောရင့်အကြော်တဲမှာ အကြော်ဝယ်နေသူတွေလောက်နဲ့

မြို့ကလေးဟာ သူ့ဂုဏ်သိက္ခာ သူ့ဟာသူ ရနိုင်သလောက် ဆွဲတင်နေရ တယ် ပြောပါတော့။

ထားပါတော့။ သည်မြို့ကလေးရဲ့ အရှေ့ဖျားက အိမ်စုတွေမှာ ကိုတော ကျော် နေတယ်။ သည်မြို့ကလေးက မြင်းတပ် ဆွဲရတဲ့ လှည်းကို မြင်းလှည် လို့ မခေါ်ကြဘဲ ရထားလို့ခေါ်ကြတော့ ရထားပိုင်ရှင် ကိုတောကျော်ပေါ့လေ ရွာအနောက်ဘက် ဥယျာဉ်ကွင်း၊ လယ်ကွင်း၊ စိုက်ခင်းတွေရဲ့ အစပ်က တဲ မှာတော့ ကိုပန်းဖူး နေတယ်။ သူကတော့ မြို့ကလေးရဲ့ မရှိမဖြစ် တီးဝိုင် ခေါင်းဆောင်ပဲ။ သူ့တဲ လက်ခံတိုင်မှာ ချိတ်ထားတဲ့ ဗုံရှည်ကြီးက ကိုပန်းဖူးရဲ အသက်ရှင် ဖြစ်တည်မှုဘဝပဲ။ ပြောချင်တာက ရွာအရှေ့ဖျားက ကိုတောကျေ ရဲ့ ရထားနဲ့ ကိုပန်းဖူးရဲ့ ဗုံရှည်ဟာ အလုပ်ဘဝချင်း ဆက်စပ်နေတာကိုပါ မြို့ကလေးမှာ လူမှုသေပြီဆိုရင် ကိုတောကျော်ရဲ့ ရထားက လူသေတင်၊ ကိုပန်း ရဲ့ ဗုံရှည်ဝိုင်းက နောက်ကလိုက်ရင်း လူ့ဘဝရဲ့ နောက်ဆုံးခရီးကို ပို့ဆော ကြရတာ။ မြို့ကလေးက လူတွေက ဒီလူနှစ်ယောက်ကို အပေါင်းအသင်း မလု ကြဘူး။ ကျက်သရေမရှိတဲ့လူရယ်လို့ လောကမှာရှိတယ်ဆိုရင် သူတို့နှစ်ယော ဟာ သည်အမျိုးအစားထဲကလို့ သတ်မှတ်ထားကြတာကလား။ မင်္ဂလာမရှိတ လူရယ်လို့ လောကမှာ ရှိတယ်ဆိုရင်လည်း သူတို့နှစ်ယောက်ပါပဲ။ ဒါပေမယ လူတွေက အရေးရယ် အကြောင်းရယ် ဖြစ်လာရင် သူတို့နဲ့ မပတ်သက်ချ လို့တော့လည်း မရဘူး။ မဆက်ဆံချင်လို့တော့လည်း မရဘူး။ စကားမပြောချ ပါဘူးဆိုရင်လည်း မဖြစ်ဘူး။ လူမှုသေရင် ရွာအရှေ့ဖျားက ကိုတောကျေ ရထားဆီကို မသွားချင်ဘဲနဲ့လည်း သွားကြရတယ်။ ရွာအနောက်ဖျားက ကိုပန်း ဗုံရှည်ဝိုင်းကိုလည်း မဖြစ်မနေ စရန်သွားသတ်ကြရတယ်။ လူသေ မရှိသေးဘ ဆိုရင်တော့ သူတို့နှစ်ယောက်ကို မြို့ကလေးက မေ့နေကြတာပါပဲ။

သူတို့နှစ်ယောက်ကလည်း ဒါကို ဘယ်လိုမှ ခံစားနေကြတာတော မဟုတ်ဘူး။ မြို့ကလေးနဲ့ သူတို့ရဲ့ လူမှုဆက်ဆံရေး ဘဝကြားမှာ ကြီးမာ တဲ့ ကွာဟမှုကြီး ရှိတယ်ဆိုဦးတော့၊ ခြောက်ကပ်ကပ် ပျဉ်းတွဲ့တွဲ့နိုင်တယ်ဆို တော့ ဝမ်းနည်းနေကြတာ မဟုတ်ဘူး။ လူတွေက သူတို့ကို မသတီသလို သူ ကလည်း လူတွေကို မသတီပါဘူးဆိုတဲ့ပုံနဲ့ နေနေကြတာပါပဲ။ လောကမှ ရထားတစ်စီးရှိမှ လူ့ဘဝအဓိပ္ပာယ်ရှိတယ်ဆိုတဲ့ ကိုတောကျော်နဲ့ ဗုံရှည်တီးဝိုင် ခေါင်းဆောင်ဆိုတဲ့ ဂုဏ်ပုဒ်ကို ဘာနဲ့မှ မလဲနိုင်ဘူးဆိုတဲ့ ကိုပန်းဖူးတို့ကတော အချင်းချင်း လေးစားမှုရှိတယ်။ လူချင်းလည်း ခင်တယ်။ အလုပ်ဘဝချင်းလည်



က်စပ်တယ်။ လူသေတင် ရထားနောက်က ဗျိုင်းတောင်တီးဝိုင်းဟာ အတွဲ က်ပဲ။ ဝမ်းဆက်ပဲ။

"လူတွေက တော်တော် ရယ်စရာကောင်းတယ် ကိုပန်းဖူးရေ၊ ကျုပ် ို့ကို ကျက်သရေ မရှိဘူးချည်း ထင်နေကြတာကလား။ ဘယ်သူတွေကတော့ ျက်သရေ ရှိနေလို့တုန်းဗျ။ လောဘ၊ မောဟ၊ ဒေါသတွေနဲ့ လူးကျံနေကြတာ ည်းပါဗျာ။ သေရင်တော့လည်း ရောက်လာတတ်ကြသားဗျ။ ကျက်သရေ မရှိ ူးဆိုတဲ့ ကျုပ်လှည်းကြီးပေါ် ဆန့်ဆန့်ကြီးနဲ့။ အောင်မာ ကိုပန်းဖူးရေ၊ ခင်ဗျား ီးဝိုင်းကလည်း ပါပါဦးမှ မသာအထမြောက်သလိုကိုးနော်"

ထနောင်းခေါက်နဲ့ ချက်တဲ့ ချက်အရက်ကလေး မူးမူးလာရင် သည် ကားကို ကိုတောကျော် အမြဲပြောတတ်တယ်။ ကိုပန်းဖူးကလည်း ဒါဆိုရင် ူးနေတော့တာပါ။ အကွက်အကွက်ထနေတဲ့ အနာဖိန်းကြီးတွေကို လက်နဲ့ခွာ င်း ပါးပေါ်က သဖန်းသီးထနေတဲ့ အနာဖုပြောင်တင်းတင်းကြီးတွေကို သူ့ က်တိုတိုကလေးတွေနဲ့ ပွတ်ရင်း တဟီးဟီး ရယ်နေတတ်တယ်။ ချွေးစေး တွ ပြန်နေတဲ့ အရက်ဆိတက် မျက်နှာကြီးကို တဘက်ဟောင်းကလေးနဲ့ ပွတ် င်း သဘောကျနေတတ်တာလည်းရှိရဲ့။

"ဒါတင် ဟုတ်ပါ့မလား ကိုတောကျော်ရဲ့။ ဗုံရှည်ဝိုင်းက သီချင်း ကလေးများ လုပ်ပါဦး ဆိုတာလည်းပါရဲ့။ ကောင်းကောင်းတီးပေးပါဦး ဆို တာလည်းပါရဲ့။ ဇေ့ဇေ့ပြိန်းထက် ဘာများ ထပ် ကျုပ်က တီးတတ်ရှိးမှာ ုန်း။ သချိုင်းဝရောက်ရင် ဗိန်းတိုက်ပါဦးဆိုတာများတောင် ပါသေး။ ဟေး... ဟေး... ဟေး"

ရွာအနောက်က ကိုပန်းဖူးတဲကလေးထဲ မီးရောင်တလက်လက် တောက် နေတဲ့ ညတွေဆိုရင် သေချာတယ်။ သူတို့နှစ်ယောက် ဆုံဖြစ်ကြတဲ့ ညတွေပဲ။ ကိုပန်းဖူးက ကိုတောကျော် လာလည်တော့မှ ဘယ်တော့မှ မထွန်းတဲ့ ရေနံတိုင် ီးခွက်ကို ထွန်းတယ်။ ကိုတောကျော် မလာတဲ့ညတွေဆိုရင်တော့ ယောင်လို့ တောင် မထွန်းဘူး။ မှောင်ကြီးထဲ နေလိုက်တာပါပဲ။

ညောင်ရွက်သံ တရှဲရှဲ၊ မီးရောင်နီကြင်ကြင် ချက်အရက်နံ့ တထောင်း ထောင်းနဲ့ ညတွေဟာ ကျက်သရေမရှိတဲ့ လူနှစ်ယောက်ရဲ့ လွမ်းမောဖွယ် ည တွေပဲ ဆိုကြပါစို့။ တစ်ယောက်ဘဝကို တစ်ယောက်က သိတယ်။ တစ်ယောက် အခက်အခဲကို တစ်ယောက် သိတယ်။ တစ်ယောက် ပြဿနာကို တစ်ယောက် က နားလည်တယ်။ အင်မတန် ကျဉ်းမြောင်းတဲ့ လူမှုရေးဘဝ၊ ပေါင်းသင်း

ဆက်ဆံမှုဘဝ၊ ပူးပေါင်းနေထိုင်ခြင်း ဘဝထဲက လူချင်းဖြစ်ပေမယ့် သူတို့မှာ ပြောစရာတွေ မကုန်နိုင်အောင် ရှိတယ်။ ဆွေးနွေးစရာတွေ တစ်ထွေးကြီး ရှိ နေတတ်တယ်။

သည်လိုနဲ့ သည်မြို့ကလေးရဲ့ ကျက်သရေမရှိတဲ့ ရထားတစ်စီးနဲ့ မင်္ဂလာ မရှိတဲ့ ဗုံရှည်ကြီးတစ်လုံးနဲ့ဟာ ထနောင်းခါးခါး အရက်ညတွေမှာ စကားတွေ ပြောဖြစ်ကြတာ၊ ဆုံဖြစ်ကြတာ၊ တွေ့ဖြစ်ကြတာ နှစ်ပေါင်းပဲ ကြာလှပေါ့။ ရှိရောပေါ့။ အနှစ်နှစ်ဆယ် ပျော့ပျော့တော့။

## (၂)

သည်မြို့ကလေးမှာ မြင်းလှည်းကို ရထားလို့ ခေါ်ကြတာ ပြောခဲ့ပြီ။ မြင်းနဲ့ဆွဲတဲ့ ရထားတွေပေမယ့် ကျန်တဲ့ မြင်းလှည်းတွေက မြင်နေကျ၊ တွေ့နေကျ၊ သူသူငါငါ ခရီးခတင်းသွားရင်း စီးနေကျ မြင်းလှည်းတွေပါ။ မြို့ကလေးရဲ့ ဈေးဝ တမာပင် တွေအောက်မှာ စုရပ်အဖြစ် ရပ်ထားတတ်ကြတဲ့ မြင်းရထားတွေပေါ့။ မြင်းချေးနံ့ တသင်းသင်း၊ မြင်းနှာမှုတ်သံ တခွီးခွီး၊ မြင်းခွာရှပ်သံ တဖျတ်ဖျတ်နဲ့ မြင်းရထား တော်တော်များများ ရှိနေတတ်တယ်။ ပြောချင်တာက သည်မြင်းရထားတွေ ကတော့ ဈေးရှိရာ၊ လူတွေ နေထိုင်ရာ၊ လူတွေနဲ့ အင်မတန် နီးတဲ့နေရာမှာနေခွင့် နားခွင့် ရကြပေမယ့် ကိုတောကျော်ရဲ့ ရထားကတော့ မြင်းနဲ့ဆွဲရတဲ့ ရထား မှန်ပေမယ့် ဈေးဝသွားရပ်နေလို့မရတဲ့ ရထား။ လူတွေကြားထဲ ခပ်တည်တည် နဲ့ သွားထားလို့ရတဲ့ ရထားမျိုး မဟုတ်တော့ ရှေးဟောင်း စေတီပျက်ကြီး တစ်ဆူနဲ့ သိမ်ဟောင်းကြီး တစ်ဆောင်သာရှိတဲ့ စေတီဟောင်း ပရိဝုဏ်တစ်ခု ထဲ ထားရတာပါ။ ဟိုခေတ်ကတော့ ခုခေတ်လို ကျောင်းနဲ့အိမ်၊ ဆရာနဲ့ ဒကာ သံနဲ့သန်ခြားခြား နေရတဲ့ခေတ် မဟုတ်တော့ ထွေးရောယှက်တင်ပါပဲ။ ကျောင်း ဝင်္ကာက မြေထဲ လူနေတဲတွေ ထိုးနေကြတာလည်း မနည်းဘူး။ သည်ဝင်္ကာက မြေထဲမှာ သီးပင် တောကြီးတစ်တော ရှိတယ်။ သီးသီးတွေ ညွတ်နေအောင် သီးတတ်တဲ့ သီးပင်တွေဆိုတာ မြင်မကောင်းအောင် ခပ်စိပ်စိပ်ပေါက်နေတာ ကလား။ နောက် ထန်းပင်လေးငါးပင် ရှိတယ်။ ကျန်တာက ဟိုကသည်က အိမ်ခြေယာခြေမရှိလို့ ရောက်လာကြတဲ့ တဲကလေးတွေ။ ကိုတောကျော်က အဲသည့်တဲတွေက တစ်တဲမှာ နေတယ်။ သူ့ရထားကြီးကတော့ တဲရှေ့ သီး တောကြီးထဲက မြေကွက်လပ်မှာ လက်တံနှစ်ချောင်း မိုးထောင်ပြီး ထားတတ် တယ်။ သည်ရထားလက်တံ နှစ်ချောင်း သည်လို မိုးပေါ်ထောင်ထားတာ



ကလည်း တစ်ခါက ပြဿနာဖြစ်ဖူးတယ်။ မြို့ကလေးက လူကြီးတချို့ စေတီ ဟောင်းအနားက ဆရာတော့်ကျောင်း ရောက်လာပြီး လျှောက်တာပါ။

“တောကျော်ရဲ့ မသာရထားက လက်တံတွေ မိုးပေါ်ထောင်ထားတာ မြို့မှာ ကျက်သရေ မရှိဘူးလို့ တပည့်တော်တို့ကတော့ ထင်တာပါပဲ ဘုရား။ နာရေး၊ ဒုမင်္ဂလကို လက်တံနှစ်ချောင်းထောင်ပြီး မျှော်နေတာမျိုးနဲ့ တူနေလို့ အရှင်ဘုရား ခေါ်ပြီး ဆုံးမတော်မူစေချင်ပါတယ်” ပေါ့လေ။

သည်တော့ ဆရာတော်ကြီးက ချက်ချင်းပဲ ကိုတောကျော်ကို ခေါ်ခိုင်း လိုက်တယ်။ အများရှေ့မှာပဲ သည်ကိစ္စကို မေးတယ်။ ဆရာတော်ကြီးကတော့ ဘယ်သူ့ဘက်ကမှ မလိုက်ပါဘူး။ ဒါကိုလည်း အရေးတကြီးကိစ္စရယ်လို့ တရားရှိ သူပီပီ တွေးနေတာ မဟုတ်ပါဘူး။ ဒါပေမယ့် တစ်ဖက်က လာပြောတော့ နှစ်ဖက် သင့်မြတ်တာ ကောင်းတယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခေါ်တာပါ။ ကိုတောကျော် ရောက်လာတယ်။ ဘုရားကို ဝတ်ပြုတယ်။ ဆရာတော်ကို ဝတ်ဖြည့်တယ်။ ဆရာတော် ရှင်းပြတာ နာယူ၊ ပြီးတော့မှ လူတွေကို တစ်ချက်မှမကြည့်ဘဲ ပြန် လျှောက်တယ်။

“တပည့်တော်ရဲ့ ရထားလက်တံတွေက မြို့ရဲ့ ပြဿနာဖြစ်နေတာ တပည့်တော် စိတ်မကောင်းပါဘူး ဘုရား။ တစ်လောက တပည့်တော် ရထား လက်တံတွေ မြေပေါ်စိုက်ထားတော့ ဒါလည်း မင်္ဂလာမရှိဘူး။ မသာရထား မြေကျင်းတူးတာနဲ့ တူနေတယ်လို့ လူတွေက ပြောကြတာပါပဲ။ တပည့်တော် ဘယ်လိုထားရမှာလဲ ဘုရား။ အမိန့်ရှိတော်မူပါ” လို့ လျှောက်လိုက်တော့ လူကြီး တချို့ကလည်း ဘာမှမပြောနိုင်တော့ဘူး။ ရထားလက်တံတွေ ထောင်ပြီး နာရေး မျှော်တာထက်စာရင် မြေကျင်းကို ရထားလက်တံတွေက တူးနေတာမျိုးနဲ့ တူ နေတာက ပိုဆိုးတယ်ဆိုတာ သိသွားကြတယ်။

ရထားလက်တံတွေကို မိုးပေါ်ထောင်တာကို ခွင့်ပြုလိုက်ကြရတယ်။ နှစ်ဦးနှစ်ဖက် အားလုံး သဘောတူကြတော့မှ ဆရာတော်ကြီးက ကမ္မဋ္ဌာန်း ဘာဝနာတရားကို ဟောတယ်။ မမြဲတဲ့ သင်္ခါရသဘောကို ဟောတယ်။ လူ့ ခန္ဓာကို အပိုင်းပိုင်းဖျက်ပြီး ရှုကြည့်ဆင်ခြင်ရတဲ့ အသုဘကမ္မဋ္ဌာန်းကို ဟော တယ်။ အယူစွဲ၊ အမှတ်စွဲ၊ ဒိဋ္ဌိနဲ့ တဏှာ သတ်ရာသတ်ကြောင်း တရားတော်ကို ဟောတယ်။ မြို့က လူကြီးတွေလည်း ရထားလက်တံ မိုးပေါ်ထောင်တဲ့ကိစ္စ လာရင်းက တရားပါ နာသွားကြရတယ် ပြောပါတော့။

လူတွေကတော့ အမျိုးမျိုးပြောကြတာပေါ့လေ။ ကိုတောကျော်မှ ရထား
မောင်းတံကို ဆေးသုတ်ရင် သုတ်လို့။ စက္ကူပြန်းတွေ ညှပ်ပြီး ရထားကို ကပ်
ရင် ကပ်လို့။ ရထားကို အလုပ်မရှိ အလုပ်ရှာ သနေရင် သနေလို့ ပြောကြ
တာပါပဲ။ ပြောလည်း ပြောစရာပေါ့လေ။ ကိုတောကျော်ကလည်း သူ့သာ
တစ်ပတ်တစ်ခါ ရေမချိုးရင် ရှိရမယ်။ သူ့ခေါင်းက သျှောင်ထုံးကို ဝါးဘီး
တစ်ချောင်းနဲ့ ရှင်းဟယ် လင်းဟယ် မရှိရင်သာ နေရမယ်။ အုန်းဆီကလေး
ဆီမွှေးကလေး မလိမ်းချင်ရင် နေရမယ်။ ရထားကြီးကိုတော့ မနက်တိုင်း သ
တယ်။ ဇရပ်ဟောင်းအရိပ်မှာ တစ်ခါတစ်ခါ နေကုန်နေခန်း မသာရထား
မကျွင်းနှစ်လုပ်ချင် လုပ်နေတတ်တယ်။ ဘီးတွေဖြုတ်ပြီး စစ်ဆေးချင် စစ်ဆေး
နေတတ်တယ်။ စုတ်တံဟောင်း တစ်ချောင်းနဲ့ ဆေးပြာ၊ ဆေးဝါ သုတ်ချင်
သုတ်နေတတ်တယ်။ ရထားဝင်ရိုးထဲ လှည်းဆီဟောင်းတွေ ထိုးချင်ထိုးနေတတ်
တယ်။ ဘာမှလုပ်စရာမရှိရင် ရထားဆွဲတဲ့ မြင်းပိန်ကို ပွတ်သပ်ပေးချင်ရင်
ပေးနေတတ်တယ်။

ရထားကိုမှ ပြုစရာ ပြင်စရာမရှိဘူးဆိုရင်တော့ သူ့နှမ ဒုက္ခိတကို ပြု
နေတတ်တာလည်း ကိုတောကျော်ရဲ့ ရှားရှားပါးပါး နူးညံ့မှုတစ်ခုပေါ့လေ
ထနောင်းခါး အရက်ကလေးတွေထွေနဲ့ မူးနေတတ်တဲ့ သျှောင်တစ်စောင်းနဲ့
လူကြမ်းကြီးက သူ့နှမလေးကိုတော့ ချစ်ရှာတယ်။ သူ့နှမကလည်း ဒုက္ခိတ
ဆိုပေမယ့် မီးယပ်ကျိုး မီးယပ်ချည့် အိပ်ရာထဲ ပုံလဲနေတာမျိုး မဟုတ်ပါဘူး
မျက်စိမမြင်တာ။ ငယ်ငယ်ကလေးတည်းက ဘဝပေး အကျိုးမကောင်းတဲ့ နှမ
ကလေးဆို တယုတယ ရှိခဲ့တယ်။ သည်မြို့ကလေးက လူတွေက ကိုတောကျော်
ရဲ့ နှမလေးအပေါ် ချစ်ခင်ယုယတာကိုတော့ မလွဲသာ မရှောင်သာ စကားရောက်
ရင် အသိအမှတ် ပြုတတ်ကြတယ်။ နှမကလေး အိမ်သာသွားဖို့ ဝါးလုံးတန်း
ကလေး လုပ်ပေးတာ၊ ရေချိုးခုံကိုသွားဖို့ ကြိုးတန်းပေးထားတတ်တာ။ စား
ကောင်း သောက်ဖွယ်ရာ ရှားရှားပါးပါးရှိရင် သူ မစားဘဲ နှမလေးဖို့ ယူလာ
တတ်တာ။ တစ်ခါတစ်ခါ စေတီဟောင်းရိပ်မှာ သူ့နှမလေးရဲ့ ခေါင်းကို အုန်းဆီ
လိမ်းပေး၊ ခေါင်းဖြီးပေး။ သန်းရှာပေး လုပ်တတ်တာတွေကအစ မြင်နေကြ
ရတာကိုး။ သည်မျက်မမြင် နှမကလေးကို သူ့တစ်ဦးတည်း မိတ်ဆွေ ဗုံရှည်
ဆရာ ကိုပန်းဖူးက တစ်ခါတစ်ခါ ထနောင်းခါးရည် မူးပြီးလာရင် ရိသဲ့သဲ့
လုပ်တတ်တာကိုလည်း သူ သိသားပဲ။ ဒါကတော့ သူ စိတ်မဆိုးဘူး။ သဘော
တူလို့တော့လည်း မဟုတ်ဘူး။ လူယောကျ်ားတစ်ယောက်က လူမိန်းမ တစ်



ယောက်ကို ချစ်ခင် နှစ်သက်ခွင့်ရှိတယ်ဆိုတာလောက်တော့ သူ သဘောပေါက်
တယ်။ ဒါပေမယ့် သူ တစ်ခါက သူ့ဘက်က သဘောထားကိုတော့ ကိုပန်းဖူး
သိအောင် ပြောဖူးတယ်။

"ကျုပ် နှမကလေးက ဒုက္ခိတဗျ ကိုပန်းဖူးရဲ့။ သည် ဒုက္ခိတမကို
နောက်ထပ် ဒုက္ခိတထီးတစ်ယောက်နဲ့ ပေးစားဖို့ဆိုတာကလည်း ဘယ်လိုသွား
ဖြစ်မှာတုန်း။ ကျုပ်နှမ ရှိနေသရွေ့ ကျုပ်လည်း အိမ်ထောင်မပြုဘူး၊ သူလည်း
မပြုရဘူး"

ဆိုတော့ ကိုပန်းဖူးက သိမ်ပြီး ကွေးကောက်နေတဲ့ သူ့လက်ကလေးကို
ဘက်နဲ့ ဖျတ်ခနဲကာရင်းက ပြုံးတယ်။ တိုနေတဲ့ လက်ချောင်းကလေးတွေ
ကို တဘက်နဲ့ဖုံးရင်းက ပြန်ပြောတယ်။

"သူ့နှမ ကိုယ့်နှမ ချစ်ခင်ဖို့ လိုသာပါဗျာ။ မဟာပဒုမ ပေါင်တိုကြီး
တောင် ရှင်ဘုရင့် မိဖုရားနဲ့ ညားဖူးသားပဲဥစ္စာ။ ခင်ဗျားလည်း မသာရထား
မောင်းနေသူပဲ။ သေခြင်းတရားဆိုတာ ပြောလို့ရတာ မဟုတ်ဘူး။ ကိုင်း ... ခင်ဗျား
က အရင်သေပါပြီတဲ့။ ခင်ဗျားနှမကို ဘယ်သူ စောင့်ရှောက်နေမှာတဲ့တုန်း"

ဗုံရှည်ဆရာ ကိုပန်းဖူးက ချက်နဲ့လက်နဲ့ စောဒကတက်လိုက်တော့
ကိုတောကျော် ရုတ်တရက် ဘာပြန်ပြောရမှန်းတောင် မသိတော့ဘူးပေါ့လေ။
သူ ရယ်တယ်။ အားရပါးရကြီး ရယ်တယ်။ ထနောင်းခါးရည်တစ်ခွက် ဖွပ်ခနဲ
သောက်လိုက်ပြီးတဲ့အထိ မရပ်မနား ရယ်တယ်။ သည်ရယ်သံကို အတွင်းခန်း
က သူ့နှမကြားတော့ တော်တော် စိုးရိမ်သွားတယ်။ သူ့အစ်ကို ကိုတောကျော်
ခဲ့သလို အသံမျိုးနဲ့ ရယ်ရင် အင်မတန် ကြီးမားတဲ့ အန္တရာယ်တစ်ခုခု ကျ
ရောက်လာတော့မယ်ဆိုတာ အတွေ့အကြုံတွေအရ သိနေတာကိုး။ ဒါပေမယ့်
သည်ကိစ္စဟာ သည်မှာတင် ပြီးသွားတယ်။ စကားအကြောင်းအရာဟာ အခြား
တစ်ဖက်ကို ပြောင်းသွားတယ်။ ကိုတောကျော်ရဲ့ တဲကလေးဆီကို ရှားရှား
ပါးပါး လာတတ်တဲ့ ကိုပန်းဖူးဟာ သည်စကားမျိုးကို နောက်ထပ် ဘယ်တော့
မှ မပြောတော့ပါဘူး။ မလွှဲသာမရှောင်သာ ရောက်လာရင်လည်း ကိုတောကျော်ရဲ့
ဒုက္ခိတနှမကို ခိုးကြောင်ခိုးဝှက် မသိမသာ ကြည့်တာကလွဲရင် သည်အကြောင်း
စကား အရောက်မခံတော့ဘူး။ တစ်ခါတော့ ဘာစိတ်ကူးရတယ် မသိဘူး။
ကိုတောကျော်က ကိုပန်းဖူး တဲထဲကို လာလည်ရင်း ပြောတယ်။ ကိုပန်းဖူးက
ဗုံရှည်ကြီးက သားရေနန်းကြိုးတွေကို ရေလှည့်ရင်း သံချောင်း တစ်ချောင်းနဲ့
ဆွဲဆွဲတင်းနေချိန်ပါ။ လက်တိုကလေးတွေကို ဆုပ်ရင်း တဖိန်းဖိန်း တီးကြည့်

လိုက်၊ ဆွဲတင်လိုက်လုပ်ရင်းနဲ့ နားထောင်တယ်။ ပြီးတော့မှ မအုန်းမယ်ဆေးလိ
မီးညှိရင်း ကိုတောကျော်ကို ကြည့်တယ်။ တစ်ဖွာနှစ်ဖွာ ဖွာပြီးတော့ နန်းမြ
ဆွဲတယ်။

"ကိုပန်းဖူး ခင်ဗျားသေရင် သည်ဖုံကြီးကို ဘယ်သူ့ပေးခဲ့မှာလဲ။ စဉ်းစ
ဖူးသလား။ ကျုပ်လည်း တစ်ခါတစ်ခါ စဉ်းစားတယ်။ ငါ သေရင် သည်ရထ
ကြီး ဘယ်သူ့ပေးခဲ့ရမလဲလို့လေ။ ကျုပ်နှမလေးက အရင်သေရင် အကြော
မဟုတ်ဘူး။ ကျုပ်က အရင်သေရင် မျက်မမြင်မနဲ့ ရထားတစ်စင်းဟာ ဘယ်လိ
အဓိပ္ပာယ်မရှိတော့ဘူးနော်"

"ကျုပ်က သေရင် ကျုပ် ဖုံရှည်ကြီးပါ မြေကျင်းထဲ ထည့်မြှုပ်ပေး
စာရေးပေးခဲ့မှာဗျ။ ကိုတော၊ ခင်ဗျား ဘာတွေ သောကပွားနေတာတုန်း။ ကျုပ်
လည်း ဘုန်းကြီးကျောင်း နေလာခဲ့ကြတာပဲ။ လောကကပဲ ပြုပြင်စီမံသွားမ
အရာချည်းပါ မိတ်ဆွေရာ။ နေရတုန်း ကောင်းကောင်းနေစမ်းပါ ကိုယ့်လူရဲ့

ကိုတောကျော်က သူ့ခေါင်း သျှောင်တစ်စောင်းကြား တရှုရှုထိုးနေ
သန်းတွေကို တဗျင်းဗျင်းကုတ်ရင်းက ခပ်ဝေးဝေးက နေကြာခင်းတွေကို 
နေသည်။ နေကြာပွင့်ဝါဝါတွေက တစ်မျှော်တစ်ခေါ်ကြီး ပွင့်ကြလို့ မြစ်နားတ
ရေးရေးကိုလည်း မြင်နေရရဲ့။ နေဝင်ရီတရော အလင်းရောင်နဲ့ နေကြာပ
တွေဟာ ခါတိုင်းထက် ဝါတောက်နေတယ်လို့ ထင်နေရတယ်။ စားကျက်မြ
နွားအုပ်တွေကြောင့် ကျောက်လမ်းဟောင်းဆီက ဖုန်တွေ တထောင်းထောင်

"ဟိုတစ်ခါ ခင်ဗျား ကျုပ်နှမလေးအကြောင်း ပြောတုန်းက ကျွန်တေ
တော်တော် စိတ်ထိန်းလိုက်ရတယ်။ ခင်ဗျားကိုရော ခင်ဗျား ဖုံရှည်ကြီးကို
လာပြီး ကျုပ်က ရိုက်ချိုးပစ်မိတော့မလို့။ နောက်တော့ စဉ်းစားတယ်။ ခင်ဗျ
ပြောတာ မှန်ပါတယ်။ ကျုပ် အရင်သေရင် ဘယ်လိုလုပ်မလဲနော်"

ကိုပန်းဖူးကတော့ သူနဲ့ သူ့ဖုံရှည်ကြီးကို ရိုက်ချိုးပစ်မိတော့မလို 
တာ ကြားလိုက်တော့ ကြက်သီးထသွားတယ်။ ဖုံရှည်ကြီးကို ဆွဲရင်းက ယော
ပြီး ဗြိန်းဗြိန်းနဲ့ မြည်အောင် တီးလိုက်မိသေးတာသာ ကြည့်တော့။ ကပျာက
တဘက်ဟောင်းနဲ့ မျက်နှာသုတ်လိုက်သေးတယ်။ ပြီးတော့မှ ကိုတောကျော်
မျက်နှာကို မော့ကြည့်တယ်။

ကိုတောကျော်ကတော့ ဘာမှမဖြစ်သလို မျက်နှာမျိုးနဲ့ ပြောနေတာပါ
ဝေးရင်းက ပြောနေတာ။ ကိုတောကျော် ပြောနေတယ်တောင် မထင်ရဘ
နာနာဘာဝ တစ်ကောင်က ပြောနေတာမျိုး။ သည်တော့မှလည်း နှစ်ပေါ



းစွာ ပေါင်းလာတဲ့ ကိုတောကျော်ကို ကိုပန်းဖူး သေသေချာချာ ကြည့်မိ
တော့တယ်။ လူက ရုပ်ကြမ်းကြမ်း၊ မျက်ခုံးကောင်းကောင်းရယ်။ သျှောင်
စောင်းကြီးက ဆံပင်တွေက သိပ်မကောင်းလှတော့ပါဘူး။ ပြီးတော့ ဆံနီ
ကြာင်တွေနဲ့။ နှုတ်ခမ်းမွေးစစ၊ နှာခေါင်းလန်လန်နဲ့ အမြဲတမ်း သွားနှစ်ချောင်း
ါနေတတ်တဲ့ နှုတ်ခမ်းတွေက ရယ်ကျဲကျဲဟန် ဖြစ်နေပေမယ့် မျက်လုံးတွေ
တော့ သွေးအေးအေးနဲ့ ရက်စက်တတ်တဲ့ မျက်လုံးတွေလို့ ကိုပန်းဖူး ထင်
ယ်။

ပြီးတော့ သူတို့ မောင်နှမနှစ်ယောက် ဘယ်က ဘယ်လို သည်မြို့ကလေး
ရောက်လာတာလဲဆိုတာ မြို့ကလေးက မသိဘူး။ မြို့ကတောင် မဟုတ်ပါ
။ ကာလတော်တော်ကြာကတည်းက ပေါင်းသင်းနေတဲ့သူတောင် မသိဘူး။
ဲ့ ခင်မင်စ အချိန်ကတည်းက ကိုတောကျော် ဒုမင်္ဂလ လှည်းကြီးတစ်စီး
နေခဲ့ပြီ။

"ကျုပ်လည်း လူသားပဲ ကိုပန်းဖူးရယ်။ အိမ်ထောင်သားမွေး မလုပ်ချင်
နေပါ့မလား။ မိုးမကောင်း၊ ချောင်းမစီးဘဝမျိုးနဲ့ ဘယ်သူကကော နေချင်
လဲ။ တစ်ခါတစ်ခါ ကျုပ်ဘဝကို နားလည်တဲ့ မိန်းမတစ်ယောက်တော့
ကထဲ ရှိမှာပဲလို့ ကျုပ် ထင်နေမိတယ်။ မသာရထား မောင်းတဲ့ လူတစ်
ာက်ကို လင်တော်မယ့် မိန်းမပေါ့နော်"

စကားပြောရင် နှောနှောနဲ့ ထည့်ပြောတတ်တဲ့ ကိုတောကျော်ကတော့
က်ချောက်ချားချား ပြောနေတုန်းပါ။ ကိုပန်းဖူးက နည်းနည်းလေး မှောင်
တော့ ရေနံတိုင်မီးခွက်ကို ထွန်းတယ်။ မီးကျိုးခဲနည်းနည်း စလောင်းဖုံးပဲ့
ကော်ထည့်ပြီး နှစ္စင်းတက် လေးငါးတက် ထည့်လိုက်တယ်။ ငွေ့ငွေ့အူ
ဲ့ နှစ္စင်းမှိုင်းတွေကြောင့် ခြင်တွေ ပြေးထွက်သွားတယ်။ သည်တော့မှ
ာင်း အရက်ပုလင်းကလေးချပြီး ကိုတောကျော်ကို ညှော့ခံတယ်။

"နေပါဦး၊ ကိုယ့်လူက ဘာပြောချင်သာတုန်း။ ဘာဖြစ်ချင်သာတုန်း။
တွေများ စိတ်ကူးထားလို့တုန်း"

"ဘာမှတော့ ထွေထွေထူးထူး မရှိသေးပါဘူးဗျာ။ မသာရှိမှ လှည်းတစ်
က် သုသာန်ပို့နေရတဲ့ဘဝ၊ မသာမျှော်ရတဲ့ဘဝကို ကျုပ်တော့ ငြီးငွေ့စပြု
ဲ ကိုပန်းဖူးရေ။ ခက်တာက ကျုပ်နှမကလေးက ရှိသေးတယ်။ ကျုပ်ယူ
မိန်းမက မကြည်ဖြူရင် ဘယ်နှယ့်လုပ်မလဲ။ ဒါလည်း ကျုပ် စဉ်းစားနေ
ားတာလေနော်"

"ကိုင်းပါ ကိုယ့်လူရာ။ မိန်းမက ဘယ်မှာနေမှန်း မသိသေးဘဲနဲ့
ကိုင်း... ချလိုက်စမ်းပါဦး။ ခင်ဗျားနဲ့ ကျုပ်က ဘဝတူတွေပါဗျာ။ ကျုပ်ကလည်
ဘာထူးလို့တုန်း။ ရောဂါသည်ရယ်။ ဘယ်မိန်းမက ကျုပ်ကို စာနာပြီး ယူမှာတုန်း
လောကမှာ မိန်းမ မရှိဘဲ နေလာကြမယ့်ဟာ ဘာအရေးတုန်း ကိုယ့်လူရဲ့"

အဲသည့်ညက သူတို့နှစ်ယောက်စလုံး သူတို့ဘဝမှာ တစ်ခါမျှ ထု
မစဉ်းစားဖူးတဲ့ မိန်းမအကြောင်း ပြောဖြစ်ကြတယ်။ ကိုပန်းဖူးကတော့ သိ
မပြောရဲပါဘူးလေ။ တော်တော်ကြာ ကိုတောကျော်က သူ့နှမ မျက်မမြင်က
ရည်ရွယ်ပြီး ပြောတယ်ထင်မှာလည်း စိုးရသေးတာကိုး။ ကိုတောကျော်ကတေ
ဘာစိတ်ကူးရတယ် မသိဘူး။ ပြောလိုက်တာ ထောင်းထလို့။ မိန်းမများ ရခဲ့
သလား မှတ်ရအောင် မိန်းမကျမ်းများ ကျေလိုက်တာလည်း လွန်ရော။ အဲသ
ညက တစ်ခါမျှ မိန်းမအကြောင်း မပြောဖူးတဲ့ ကိုတောကျော်ကို ကိုပန်း
မျက်လုံးအပြူးသားနဲ့ ကြည့်နေလိုက်တာ အကြာကြီး။

(၃)

သည်မြို့ကလေးမှာ သည်တစ်ခါ ဆုံးပါးသွားရသူကတော့ တော်တော် ထူးခြ
သူပဲလို့ ဆိုရတော့မှာပါ။ ကိုတောကျော်ဟာ ဘယ်တုန်းကမှ သူ့ရထားက
ခလောက် အလှမဆင်ဖူးဘူး။ ဘယ်သူ့နာရေးကိုမှ ရထားကြီးကို သည်လောက
မခြယ်သခဲ့ဖူးဘူး။ မို့အစ်နေတဲ့ မျက်လုံးတွေဟာ နီရဲနေတယ်။ အသံမထွက
ဘဲ ကျိတ်ငိုထားသလို ကိုတောကျော်ရဲ့ မျက်နှာကြီးဟာ ဖူးယောင်ပွထနေတယ်
မြူနီစီပယ်ဈေးကလေးထဲက အကောင်းဆုံး စက္ကူတွေ၊ ရွှေရောင် ငွေရော
ပန်းစက္ကူတွေကို ဝယ်ပြီး အလှပဆုံး ခြယ်သထားသည်ကိုပဲ ကိုတောကျေ
မကျေနပ်နိုင်သေးဘူး။ ဒါပေမယ့် သည်မြို့ကလေးမှာ နောက်ထပ် သည့်ထက
ဘာပိုရှိဦးမှာလဲ။

"ဘယ်လိုဖြစ်ရတာလဲ ကိုတောကျော်။ ကျုပ်လည်း ဘာမှ မသိရတ
လား။ ခင်ဗျားနဲ့ ကျုပ်ဆိုတာ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပါဗျာ။ ကလေး
နေမကောင်းတာ ကျုပ်တော့ သိသင့်ပါတယ်။ ကိုင်း ပြော၊ ကျုပ် ဘာလုပ်ပေ
ရမလဲ"

ကိုပန်းဖူး ရောက်လာတော့ ကိုတောကျော် ပိုဝမ်းနည်းသွားတယ်
တကယ့် တကယ်ကျတော့ သည်မိတ်ဆွေပဲရှိတာ မဟုတ်လား။ ကိုတောကျေ
ကိုပန်းဖူးနဲ့ ကိုတောကျော်ရဲ့နှမ။ သည်ပေါင်းစပ်မှုကို လူ့အဖွဲ့အစည်းလို့ အ



င်တယ်ဆိုရင် လူသုံးယောက်နဲ့ ဖွဲ့စည်းထားတဲ့ သည်လူ့အဖွဲ့အစည်းမှာ လူ
စ်ယောက် ပဲ့သွားခဲ့သွားပြန်ပြီ။ ကိုတောကျော်ရဲ့နှမ မျက်မမြင်ကလေးဟာ
က ရုတ်တရက် သေတယ်။ ဘာကြောင့်မှန်းမသိဘဲနဲ့ကို သေတာ။ မနက်
လင်းတော့ ကိုတောကျော် ရေနွေးအိုး ထတည်တယ်။ ပြီးတော့ ညက ကျန်
ထမင်းကြမ်းခဲကလေး အိုးကင်းပူတိုက်ပြီး နှမလုပ်သူကို နှိုးတယ်။ မရတော့
ဘူး။ မရနိုင်တော့ပါဘူး။ ကိုတောကျော်ရဲ့ နှမကလေးဟာ သူမ အင်မတန်
တဲ့ သူ့အစ်ကိုကိုရော၊ သူမအစ်ကိုပိုင်တဲ့ ဒုမင်္ဂလ ရထားကြီး ကိုရော၊
ပင်တောနဲ့ သိမ်ပျက်ကြီး စတဲ့ ကျင်လည်ရာ ပတ်ဝန်းကျင်ကို ထားရစ်ခဲ့ပြီး
လောကထဲက ထွက်ခွာသွားခဲ့ပြီ။ ကိုတောကျော်ဟာ ရုတ်တရက် ကြောင်စီစီ
တင် ဖြစ်သွားခဲ့တယ်။ ပြီးတော့မှ ရှိုက်ကြီးတငင် ငိုချလိုက်တယ်။ လူတကာ
သေခြင်းတရားကို ရထားငှားခလောက် စိတ်မဝင်စားခဲ့တဲ့ ကိုတောကျော်။
ရထားနောက်က ငိုကြီးရှိုက်ငင် ရှိခဲ့ကြသူတွေကို သည်းလွန်းရန်ကောရယ်
အမြဲတမ်း ပြက်ရယ်ပြုခဲ့တဲ့ ကိုတောကျော်။ လူပေါင်းများစွာ နေထိုင်ကြ
သည်မြို့ကလေးမှာ လူတစ်ယောက် သေဆုံးသွားတာဟာ ဆုံးရှုံးမှုရယ်လို့
ယ်တုန်းကမှ မထင်ခဲ့ဖူးတဲ့ ကိုတောကျော်။ သည်တစ်ခါတော့ သူ့အလှည့်
ောက်လာခဲ့ပြီ။ အေးစက်တောင့်တင်းနေတဲ့ သူ့နှမကလေးရဲ့ အလောင်းကို
ချိန်တော်တော်ကြာကြာ ပိုက်ပွေ့ထားတယ်။

ကိုပန်းဖူးကတော့ ကိုတောကျော်ရဲ့ တဲကလေးထဲက ဖြုတ်စရာလေး
တွေကို ကူညီဖြုတ်သိမ်းပေးတယ်။ မြင်းပိန်ကို အစာကျွေးပေးတယ်။ သေသူ
လေးမရဲ့ ဖြဘ်စဖျင်းတောင်းတွေကို စုစည်း သိမ်းထုပ်ပေးတယ်။ ပါးစပ်
လည်း ကိုတော ကိုတောနဲ့ အားပေးတယ်။ အနားက ဆရာတော်ကို သွား
လျှောက်တာတို့၊ သေမှုသေခင်းနဲ့ဆိုင်တဲ့ ပုဂ္ဂိုလ်တွေကို သွေးရိုးသားရိုး သေဆုံး
ကြောင်း သတင်းပို့တာတွေမှာလည်း ကိုပန်းဖူးပါပဲ။

ကိုတောကျော်ရဲ့ နှမကလေးရဲ့ အသုဘကိုချတော့ လူသိပ်မပါဘူး။
အားတဲစုကလေးက လူသုံးလေးယောက်ရယ်၊ ကိုတောကျော်ရယ်၊ ကိုပန်းဖူး
ဗုံရှည်ဝိုင်းက လူနှစ်ယောက်၊ သုံးယောက်ရယ်ပဲ ပါတယ်။ ကိုတောကျော်
အလှတွေ ဆင်ထားတဲ့ ရထားကို တစ်လှိမ့်ချင်းမောင်းတယ်။ ကိုပန်းဖူးက
ဗုံရှည်ကြီးကို ပခုံးချိတ်တီးရင်းက ဘယ်အသုဘတုန်းကမှ မဆိုခဲ့တဲ့ ဗျိုင်း
တင် သီချင်းကို ဆိုခဲ့တယ်။ ဆွေးဆွေးမြည့်မြည့်ကြီးကို ဆိုတာပါ။ ဒါဟာ
ပန်းဖူး မဖြစ်စကောင်း ဖြစ်စကောင်း ရည်ရွယ်ခဲ့ဖူးတဲ့ မိန်းကလေးရဲ့ တမလွန်

ခရီးအတွက် အကောင်းဆုံး ဝန်ဆောင်မှုလို့လည်း ပြောနိုင်တာပါပဲ။ ကိုပန်
ရဲ့ လက်သီးဆုပ်တွေက ဖုံရှည်ကြီးရဲ့ သားရေမျက်နှာပြင် နှစ်ဖက်ကို ရိုက်
မိတိုင်း ထွက်လာတတ်တဲ့ တဗြိန်းဗြိန်း မြည်သံဟာ ခါတိုင်းထက် ကျယ်လေ
နေတယ်တောင် ထင်ရရဲ့။ ကိုတောကျော်ရဲ့ ရထားကလည်း ခါတိုင်းအခေါ
တွေလို ကသုတ်ကရက် မဟုတ်တော့ပါဘူး။ တစ်ဘီးချင်း၊ တစ်လှိမ့်ချင်

အဲသည့်ညက ကိုပန်းဖူး ကိုတောကျော် လှည်းနဲ့ပဲ သီးပင်တော
လိုက်လာခဲ့တယ်။ ကိုတောကျော်ရဲ့ လှည်းကြီး သချိုင်းကပြန်တော့ လှည်း
မှ လူနှစ်ယောက်နဲ့ ဖုံရှည်ကြီးတစ်လုံး ပါလာတာကို လူတွေက အထူးအဆ
လို ကြည့်ကြတယ်။

ကိုတောကျော်က ရထားကြီးကို မြင်းဖြုတ်ပြီး လက်တံနှစ်ချောင်း မိုး
ထောင်ထားလိုက်တယ်။ မြင်းပိန်ကို သီးပင်တွေအောက်က မြင်းစားခွက်နာ
သွားချည်တယ်။ ပြီးတော့ စေတီပျက်ကြီးဘေးက အရိပ်မှာ ငူငူကြီး ထိုင်
တော့ ကိုပန်းဖူးကလည်း ထန်းကုလားထိုင် အဟောင်းလေးပေါ်မှ ခဏ
တယ်။ တော်တော်ကြီးကို ကြာတော့မှ လှမ်းပြောတယ်။

"ကိုပန်းဖူး၊ ကျုပ် နှမကလေးသေတာ ကျုပ် တော်တော် စိတ်ထိ
တယ်ဗျာ။ ကျုပ်က အစ်ကိုဆိုပေမယ့် ဖအေလို စောင့်ရှောက်ခဲ့တာပါ။ 
ကလေးမဟာ ဘဝတစ်လျှောက်လုံး စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲ
နဲ့ နေခဲ့ရတယ်။ အသက်ရှင်ပေမယ့် လူသေတစ်ယောက်လို နေခဲ့ရရှာတ
ကျုပ်တော့ဖြင့် ဖြေလို့ကို မပြေနိုင်တော့ပါဘူး"

"ဩော်... ကိုတောရယ်၊ မသာရထားမောင်းနေတဲ့ ခင်ဗျားကို ကျ
တရားမပြဝံ့ပါဘူးဗျာ။ လူရယ်လို့ သေမှ ပါးစပ်လှုပ်ရတဲ့ ကျုပ်တို့အဖို့ သေ
ဆိုတာ ဆန်းလှတာတော့ မဟုတ်ပါဘူး။ ဆရာတော်ကြီး မိန့်သလို သေ
တရားက တံခါးခေါက်မယ့် အိမ်ချည်းပဲ ဆိုသမို့လား။ လာပါ၊ ကျုပ်တဲ
လိုက်ခဲ့ပါ။ ကျုပ် ဧည့်ခံပါရစေဦး"

"ကျုပ်တော့ မသောက်တော့ဘူးလို့ ပိုင်းဖြတ်လိုက်ပြီ ကိုပန်း။ ဟော
ရထားကိုလည်း မမောင်းချင်တော့ဘူး။ ကျုပ် ရထားပေါ်မှာ သေခြင်းတရ
စီးနေတာ သေချာသွားပြီဗျ။ သည်ရထားကို ကျုပ် ကနေ့ညပဲ မီးဆိုက်ပစ်မ

လေပူကြီး တစ်ချက်ဟာ သီးပင်တွေကြားက ဖြတ်တိုက်သွားတ
စေတီဟောင်းဆီက ဆည်းလည်းသံတွေဟာ လေကြောင့်ပဲ တချွင်ချွင် မြည်ဟ
သွားတာကို နှစ်ယောက်စလုံး ကြားလိုက်ရတယ်။ မြင်းပိန်ဆီက အစာနို



သတကြီး ကန်ကျောက်ပစ်လိုက်သံတွေကိုလည်း ကြားနေရရဲ့။ ကိုပန်းဖူး
တော့ ကိုတောကျော်ကို မယုံနိုင်သလို ကြည့်တယ်။

"အဓိပ္ပာယ်မရှိလိုက်တာ ကိုတောကျော်ရယ်၊ ခင်ဗျားနဲ့ ကျုပ် မရှိရင်
တသည့် မြို့ကလေးဟာ ဘယ်မှာ ကိစ္စပြီးပါ့မလဲ။ ရထားတစ်စီးနဲ့ ဖုံရှည်
်လုံးရဲ့ တန်ဖိုးကို သည်မြို့က လူတွေက အသိအမှတ်မပြုပေမယ့် သိတော့
ကြပါတယ် ကိုယ့်လူရဲ့"

"ခင်ဗျား ထင်လို့ပါ။ ခင်ဗျားနဲ့ ကျုပ် မရှိရင်လည်း ဖြစ်တာပါပဲ။
ားတစ်စီးနဲ့ ဖုံတစ်လုံးမပါဘဲ လူတွေ သုသာန်ကို ရောက်ကြလှပါပြီ။
ပ်တို့ရှိတာကမှ သေခြင်းတရားကို ခမ်းနားအောင် လုပ်ရာတောင်ကျသေး
ယ်"

"အဲသာ ကျုပ် ပြောတာပေါ့ ကိုယ့်လူရာ။ သေခြင်းဟာ ခမ်းနားဖို့
တယ်။ ကျုပ်ကတော့ အဲ့သလိုကို ယုံကြည်တယ် ကိုတော၊ ဘာမှပြောမနေနဲ့။
ဗျားနှမကလေး အသုဘချမယ်ဆိုတော့ ခင်ဗျားရထားကို ခင်ဗျား ပြင်ထား
က်တာ ကျုပ်တစ်သက် အဲလောက်လှတဲ့ မသာရထား တွေ့ဖူးပေါင်ဗျာ။
ပ်ကလည်း ကျုပ်တစ်သက် ဘယ်တုန်းကမှ မဆိုခဲ့တဲ့ သီချင်း ကျုပ်ဆိုတာ
အဲသာကကော ဘာတုန်း။ သေသွားပြီဖြစ်တဲ့ အလောင်းကို ခမ်းနားအောင်
်ဘာလား။ သေခြင်းတရားကို ခမ်းနားအောင် လုပ်နေသလား"

ညနေစောင်းတော့ ကိုတောကျော် မနေနိုင်တော့ဘူး။ ကိုပန်းဖူးရဲ့
နောက်ခင်း နေကြာခင်းတွေထိပ်က တဲကလေးဆီကို ထွက်လာခဲ့တာပါပဲ။
ည်ကြီးလွယ်ပြီး ပြန်သယ်ရမှာ မလွယ်တော့ ကိုတောကျော်က သူ့ရထားကြီး
ပြန်ဆင်တယ်။ ရထားပေါ်မှာ ကိုပန်းဖူးနဲ့ ဖုံရှည်ကြီးကိုတင်ပြီး ရွာအနောက်
က် ပြန်မောင်းလာတယ်။ ရွှေရောင် ငွေရောင်စက္ကူတွေ တလက်လက်နဲ့
ားပေါ်မှာ ကိုပန်းဖူးက စန့်စန့်ကြီးအိပ်ရင်း လိုက်လာတာပါ။ မြို့ကလေး
လူတွေကတော့ ကျက်သရေမရှိတဲ့ လူနှစ်ယောက်ကတော့ လုပ်ချင်တိုင်း
ပ်နေကြတာပဲလို့ တွက်ကြဟန်နဲ့တူတယ်။ အပြင်းမောင်းလာတဲ့ ရထားဆီ
ဖုန်မှုန့်တောင် အလွင့်မခံဘူး။ ခပ်ဝေးဝေးကို ရှောင်ရင်း တံတွေးတွေ
်ခနဲ ထွေးကြတယ်။ နေဝင်ရီတရောမှာ ကိုတောကျော်ရဲ့ ရထားကြီး ရွာ
နောက်ဘက်ကို ဒုန်းစိုင်းမောင်းသွားတာ ဘာပါလိမ့်လို့ စူးစမ်းသူက စူးစမ်း
ယ်။ စန့်စန့်ကြီးလှဲရင်း လိုက်လာတဲ့ ကိုပန်းဖူးကို ဘယ်သူများ ကူးစက်
ဂါနဲ့ ရုတ်တရက် သေပါလိမ့်လို့ စဉ်းစားသူက စဉ်းစားတယ်။

ရထားက ကိုပန်းဖူး တဲကလေးကိုကျော်ပြီး ဆက်မောင်းသွားတော ကိုပန်းဖူး လှဲနေရာက ထတယ်။ ဗုံရှည်ကြီးကို လက်တစ်ဖက်က ထိန်းရင် ဘယ်များ သွားနေတာပါလိမ့်လို့ တွေးတယ်။ ပြီးတော့မှ သဘောပေါက်သွာ ပုံနဲ့…

"ကိုတော၊ သချိုင်းထဲကိုလား။ ဘာပြုလို့ အသစ်ပြန်လုပ်ချင်ရသတုန် ကိုယ့်လူရဲ့၊ ခက်ပါ့မင့်ကိုး။ သည်လူတော့…"

ကိုတောကျော်ကတော့ ကိုပန်းဖူးပြောတာ မကြားပါဘူး။ သချိုင်းထဲ စွတ်ရွတ်မောင်းချလာတယ်။ သူ့နှမမြေပုံကလေးဆီ မရောက်ခင် ရထားကို ရပ်ပြီး လမ်းလျှောက်သွားတယ်။ ကိုပန်းဖူးက မဆင်းဘူး။ ရထားပေါ်က စော တယ်။ တော်တော်ကြီး ကြာတော့မှ ကိုတောကျော် ပြန်လာတယ်။ ရထားကို ကွေ့လိုက်ပြီး မြင်းကို ကြာပွတ်နဲ့ ရွမ်းခနဲ ရိုက်လိုက်တယ်။ မြင်းဟာ ကြာပွတ် ဒဏ်ကို ရုတ်တရက် ခံလိုက်ရတော့ ဝုန်းခနဲ ဆောင့်ထွက်လိုက်တယ်။ ကိုပန်းဖူ ကတော့ သိမ်ပြီး ကွေးနေတဲ့ သူ့လက်တွေနဲ့ ရထားအိမ်ကို လှမ်းကိုင်လိုက်ရင် တစ်စုံတစ်ရာ မကြားတကြား ကျိန်ဆဲလိုက်တယ်။ သည်နောက်တော့။

(၄)

ကိုတောကျော်ရဲ့နှမ မျက်မမြင်ကလေး သေတာပဲ ရှိရောပေါ့ သုံးနှစ်တော နှမလေး သေပြီးတော့ ကိုတောကျော်လည်း ပိုပြီးတော့တောင် စုတ်တီးစုတ်ဖ နိုင်သွားတယ်လို့ ပြောရမှာပဲ။ သေသွားတဲ့ နှမကလေး လွမ်းလို့တော့လည် ဟုတ်မယ် မထင်ပါဘူး။ ခါတိုင်း စိတ်ကူးရရင် ဆီတရွှဲရွှဲရှိတတ်တဲ့ သျှော ကြီး ဖွေက ခြောက်သရောင်းလို့။ နှုတ်ခမ်းမွေးစစက နှုတ်ခမ်းမွေးထူထူ ကု ကွေးကွေးကြီးတောင် ဖြစ်လို့။ နှုတ်ခမ်းအပြင်ကို ထွက်နေတတ်တဲ့ သွားနှ ချောင်းကလည်း အသားစားသတ္တဝါတစ်ကောင်ရဲ့ သွားတွေလို ဝါထိန်လို့ ဖျင်ကြမ်းအင်္ကျီဟောင်းကြီးကလည်း ဟောင်းနွမ်းစုတ်ပြတ်လို့။ ရထားပို့စရာမရှိ ရင် သီးပင်တောထဲချထားတဲ့ ထန်းကုလားထိုင်မှာ နေကုန်နေခန်း ထိုင်ချင်နေ တော့တာကလား။ ထမင်းဆိုတာများ စားချင်တဲ့အခါ စားတယ်။ မစားချင်ရင် လည်း အနုပ်ပေါင်းများစွာ မစားပြန်ဘူး။ ထနောင်းခေါက်ထည့်ချက်တဲ့ အရက် တော့ ဝတ်မပျက်သောက်တယ်။ မနက်လည်း သောက်တယ်။ ညလည်း သောက် တယ်။ ကိုပန်းဖူးနဲ့ ဆုံရင် ပိုလို့တောင် သောက်ဖြစ်တာ များတယ်။

ကိုတောကျော်ရဲ့ စီးပွားရေးဘဝ မထင်မှတ်ဘဲ ပြောင်းသွားတာလည်း



ပါပါတယ်။ သည်မြို့ကလေးမှာ ကိုတောကျော်ရဲ့ မသာရထားမျိုး သုံးစီးပေါ် လာတာက စတာပဲ။ လူတွေ နေ့စဉ်စားတဲ့ ဆန်ရောင်းဝယ်တဲ့အလုပ်နဲ့ လူ သေရင်ပို့တဲ့ ရထားထောင်တဲ့အလုပ်ဟာ တိမ်ကောဖို့ သိပ်ရှိတာ မဟုတ်ဘူး လေ။ ပြီးတော့ သည်ရထားမျိုးထောင်လို့ အမျိုးပါ ယုတ်ညံ့သွားတာ မဟုတ် ဘူးလို့ နောင်းလူတွေက ယုံကြည်လာတာလည်း ပါတယ်။ ဒါပေမယ့် မြို့ကလေး ထဲ ပေါ်ပေါ်တင်တင်ကြီး ထောင်ထားကြတာတော့ မဟုတ်ပါဘူး။ သူတို့လည်း ရွာစွန်ရွာဖျား လူမနီး သူမနီးမှာ နေကြရင်းက ထောင်ကြတာပါ။ ခါတိုင်း လူမှသေရင် ကိုတောကျော်ဆီကို ရောက်ကြရတဲ့လူတွေဟာ ခုတော့ ကိုတောကျော် ဟုတ်ချင်မှ ဟုတ်တော့တာ။ ဈေးသက်သာတဲ့ဆီ၊ ဒါမှမဟုတ် အလျဉ်းသင့်တဲ့ ဆီ သွားလိုက်ကြတာပဲ။ သည်တော့ ကိုတောကျော်လည်း မသာရ နည်းလာ တယ်။ သည်လို နည်းလာတာဟာ ငွေရနည်းလာတာနဲ့ ဆက်စပ်နေတာပဲ မဟုတ်လား။ သူ့ရထားကြီး ထောင်စက မင်္ဂလာစကား၊ ကျက်သရေစကား၊ မြို့ရွာနာတယ်ဆိုတဲ့စကား ပြောကြသူတွေလည်း ခုတော့ အပြောနည်းကုန်ကြ ပါပြီ။ ဘာပဲဖြစ်ဖြစ် ကိုတောကျော် ကျေနပ်ပါတယ်။ သည်လိုဖြစ်လာတာကိုပဲ ဝမ်းနည်းနေတာ မဟုတ်ပါဘူး။ သည်လိုပဲ ဖြစ်ရမှာပေါ့။ သည်မြို့ကလေးက လူတွေအားလုံး ကိုယ်ပိုင်ရထား တစ်စီးစီရှိတော့ကော ဘာဖြစ်သလဲ။ သည် မြို့ကလေးမှာ သူတစ်ယောက်တည်း ရထားတစ်စီးတည်းရှိတုန်းက စုခဲ့ဆောင်း ခဲ့တဲ့ ပိုက်ဆံကလေး သူ့မှာ တော်တော် ကျန်သေးတယ်။ သူ့နှမကလေးနဲ့ သူ ခြစ်ခြစ်ခြုတ်ခြိုးခြံစားရင်း စုထားဆောင်းထားခဲ့တဲ့ ရွှေစကလေး အနည်းအကျဉ်း တောင် ရှိတယ်။

ကိုပန်းဖူးကတော့ ကိုတောကျော်ထက် ကံကောင်းနေသေးတယ် ဆိုရ မယ်။ ကိုတောကျော်မှာ စီးပွားပြိုင် ရထားတွေ ပေါ်လာပေမယ့် ကိုပန်းဖူးလို ဗုံရှည်သမားက နောက်ထပ် ပေါ်မလာသေးဘူး။ ဗုံရှည်တီးဝိုင်းပါမှ မသာအထ မြောက်တယ်လို့ ယူဆထားတဲ့ မြို့ကလေးမှာ ကိုပန်းဖူးကတော့ မရှိမဖြစ်နေရာ က မခွာရသေးဘူး။ ကိုပန်းဖူးကလည်း မဆိုးပါဘူး။ သူငယ်ချင်းအတွက် စီစဉ် ထားတာရှိတယ်။ သူ့ဗုံရှည်ဝိုင်းကို အရင်လာငှားသူများရှိရင် ကိုတောကျော် ရထားပါ သူ စီစဉ်ပေးပါ့မယ် လုပ်တတ်တယ်။ ကာယကံရှင်က တခြားလူ၊ တခြားရထား ငှားထားပြီးသားဆိုရင်တော့လည်း မတတ်နိုင်ဘူးပေါ့လေ။ ဒါကို ကိုတောကျော် သိတယ်။ ကျေးဇူးလည်း တင်တယ်။ ကိုပန်းဖူးက တစ်ဆင့် ငှားလို့ လိုက်ရတာကလည်း ရှိတတ်တာကိုး။

ကိုတောကျော်နဲ့ ကိုပန်းဖူး နှစ်ယောက်စလုံးမှာ နောက်ထပ် ပြောင်းလဲသွားတာ ရှိသေးတယ်။ တချို့ ညနေခင်းတွေမှာ သမန်းကုန်းထန်းရည် သွားသွား သောက်ကြတာပဲ။ ခါတိုင်းသောက်နေကျ ထနောင်းရည် အရက်ကလည်း သောက်တာ သောက်တာပေါ့လေ။ သမန်းကုန်းထန်းရည်ကိုလည်း တချို့ ညနေတွေမှာ သောက်ဖြစ်တယ်။ သမန်းကုန်းဆိုတာ သူတို့မြို့ကလေးက အနောက်ဘက် တော်တော်သွားရတဲ့ မြစ်နားတန်းရွာကလေး။ ထန်းတောညို့ညို့ကြီးတွေ ရှိတယ်။ ထန်းရည်ဆိုင်ကလေးတွေ လေးငါးဆိုင် ရှိတယ်။ သည်နယ်တစ်ဝိုက်မှာ သမန်းကုန်းထန်းရည်က နာမည်ကြီးရယ်။ ခပ်နောက်နောက် ပျစ်ချွဲချွဲနဲ့ ညှီစော်နံနေတယ်ထင်ရလောက်အောင်ကို ကောင်းတဲ့ ထန်းရည်။ ကိုတောကျော်နဲ့ ကိုပန်းဖူးက ထန်းရည်ချည်းကြောင့်တော့ သမန်းကုန်းကို လာတာတော့ မဟုတ်ဘူး။ ကိုပန်းဖူးရဲ့ ဆွေရိပ်မျိုးရိပ်မကင်းသူတွေ နေကြတဲ့ ရွာဆိုတော့ သူတို့မြို့ကလေးနဲ့ မတူဘူး။ သည်ရွာကလေးမှာတော့ သူတို့ကို လူတွေက ခင်တယ်။ မင်တယ်။ ပေါင်းတယ်။ ထန်းရည် အတူတူ သောက်တယ်။ စကားအတူတူ ပြောတယ်။ တစ်ယောက်ဆေးလိပ် တစ်ယောက်ဖွာတယ်။ တစ်ယောက်ပြောစကား တစ်ယောက်က လေးလေးစားစား နားထောင်တယ်။ သည်မှာတော့ ကိုတောကျော်ဟာ မသာရထားပိုင်ရှင် မဟုတ်ဘူး။ ကိုပန်းဖူးကလည်း မသာဗျိုင်းတောင် တီးဝိုင်းဆရာ မဟုတ်ဘူး။ ဒါတွေက သမန်းကုန်းမှာ ဘာမှ ပြဿနာမရှိဘူး။ သည်လူတွေ မြို့ကလေးမှာ ဒါ လုပ်စားနေတာ ရွာက သိသားပဲ။ ဘယ်သူကမှ စကားစပ်လို့တောင် ထည့်မပြောဘူး။ သည်တော့ သူတို့နှစ်ယောက်စလုံးက စိတ်ချမ်းသာကြတာလည်း ပါတယ်။ လူတွေနဲ့ ကင်းကင်းကွာကွာ နေတတ်ကြတယ်ဆိုဦးတော့ လူတွေနဲ့ ရင်းရင်းနှီးနှီး ထွေးရောယှက်တင်ဘဝကိုတော့ ဘယ်သူမဆို တပ်မက်ကြသူချည်း မဟုတ်လား။ ဒါကတော့ တစ်ချက်ပေါ့လေ။ နောက်တစ်ချက် ရှိသေးတယ်။ ဘာလဲဆိုတော့ သည်ရွာမှာ ကိုပန်းဖူးဘက်က ဆွေရှိပ်မျိုးရိပ် မကင်းတဲ့ မိန်းမ တစ်ယောက် ရှိတယ်။ သည်မိန်းမက အသက်တော့ ရနေပါပြီ။ မည်းမည်းကိုင်းကိုင်း စုတ်တီစုတ်ချွန်းထဲကပါပဲ။ လင်နှစ်ဆက် ရှိခဲ့ဖူးတယ်။ လင်နှစ်ယောက်စလုံး သည်မိန်းမနဲ့ပေါင်းခါမှ သေကြတော့ ဘယ်ယောကျ်ားသားကမှ ထပ်မယူရဲတော့တဲ့ မိန်းမ။ တစ်ဝမ်းတစ်ခါးအတွက် အသက်မွေးဝမ်းကျောင်းတော့ တတ်ရှာသူပါ။ ပဲနှုတ်တယ်။ ကောက်စိုက် ကောက်ရိတ်တတ်တယ်။ ဈေးရောင်းတတ်တယ်။ စကားသနား ခြေခြေမြစ်မြစ် နားဝင်အောင် ပြောတတ်တယ်။



ကိုတောကျော် အကြိုက်ဆုံးကတော့ သည်မိန်းမရဲ့ မျက်လုံးတွေပဲ။ မိန်းမတော်တော်များများရဲ့ မျက်လုံးတွေကို ကိုတောကျော် မြင်ဖူးပါရဲ့။ သည်မိန်းမ မျက်လုံးတွေလောက် တောက်ပတာမျိုး မတွေ့ဖူးဘူးလို့ ထင်တယ်။ ရုပ်ရည်နဲ့ အသားအရည်က စွဲမက်စရာ မရှိလှပေမယ့် သည်မိန်းမရဲ့ ရှင်နေတဲ့ မျက်လုံးတွေကို ကိုတောကျော် တော်တော် သဘောကျတယ်။

"နာမည်က မမြကြုတ်တဲ့ ကိုတောရဲ့။ ကျုပ်တို့ကတော့ မည်းကြုတ်လို့ ခေါ်ကြတယ်။ လင်သေတာတော့ နှစ်ယောက်ရှိပြီ ကိုယ့်လူရ။ နောက်ထပ် ဘယ်သူ မဲကျဦးမလဲ မသိဘူး"

ကိုတောကျော်က မမြကြုတ်အကြောင်းချည်း မေးနေတော့ ကိုပန်းဖူးက အမျိုးပေမယ့် မနေသာဘူး။ ကိုတောကျော်က သူ့နှမ မျက်မမြင်လေးကို ကိုပန်းဖူး စကားစတုန်းက ပြုံးပြုံးပျာပျာ ဖြစ်ခဲ့သလောက် ကိုပန်းဖူးဘက်က အမျိုးကျတော့ ဟန်တောင်မဆောင်နိုင်တော့ဘူး။ ကိုပန်းဖူးကလည်း သူ့အလှည့် တစ်ကျော့ရောက်လာပြီဆိုတာ သိပေမယ့် ဘာမှမဖြစ်ပါဘူး။ ဒါမျိုးက ဆန်းတာ မှတ်လို့ကိုး။

မမြကြုတ်ကလည်း ကိုတောကျော်ရဲ့ သရီးသရီ မျက်လုံးတွေကို သိတာပါပဲ။ လင်နှစ်ယောက် ပြောင်းပြောင်းပြေးရခဲ့ဖူးတဲ့ မိန်းမပဲ။ ဘယ်ယောကျ်ားက ဘာစကားပြောတယ်။ ဘယ်မျက်လုံးက ဘယ်လိုကြည့်တယ် ဆိုတာနဲ့ သိလိုက်သမှ။ ဒါပေမယ့် မသိချင်ယောင်ဆောင်တယ်။ ကိုပန်းဖူးရှေ့မှာ မလေးမစား မနေရဲတာလည်း ပါတယ်။ ကိုတောကျော်ရဲ့ရှေ့မှာ တလွှားလွှား လုပ်မပြချင်တာလည်း ပါတယ်။ တဖျပ်ဖျပ် တောက်နေတဲ့ သူ့မျက်လုံးတွေက ကိုတောကျော်ရဲ့ ရင်ကို တဖြန်းဖြန်း သွားထိနေပြီဆိုတာလည်း သိတာပါပဲ။ ပြီးတော့ မမြကြုတ်က ကိုယ့်အိမ်ကိုယ့်ရာနဲ့ တသီးတခြားနေတာ မဟုတ်ဘူး။ ဒုတိယလင်ဆုံးပါးသွားပြီးကတည်းက မိနဲ့ဘနဲ့ မောင်နဲ့ဘွားနဲ့ ပြန်နေရတာဆိုတော့ ကလက်တက်တက်နေလို့ မရတာကလည်း ပါတာပေါ့လေ။

"ကိုတော ကိုတော မိန်းမကျမ်းကျေလှ မှတ်သယ်။ မည်းကြုတ်နဲ့ကျတော့မှ အစိမ်းကလေး ဖြစ်နေပါမင့်ကလား ကိုယ့်လူရဲ့။ ကျုပ်က ကျုပ်အမျိုးပေမယ့် သဘောတူပ့ါ မောင်ရာ။ ကိုတော သေရဲလို့ကတော့ ယူရုံပေါ့"

ကိုပန်းဖူးက နောက်ပိုင်းအခေါက်တွေမှာ ပြောင်ပြောင်နောက်နောက် လုပ်လာတော့ ကိုတောကျော် လူကြမ်းကြီးက ရှက်တယ်။ နောက်ပိုင်းအခေါက်တွေမှာတော့ တစ်စတစ်စ ရင်းနှီးလာတာရော။ ပြောရဲဆိုရဲ ရှိလာတာရော၊

မမြကြုတ် မြင်အောင် သူ့နမကလေးရှိတုန်းက ဆွဲခဲ့တဲ့ ရွှေဆွဲကြိုးကလေး တပြပြ လုပ်တာရောဆိုတော့ မမြကြုတ်ကလည်း ငါးခြောက်ကလေး မီးဖုတ်ပေးလို့၊ အမဲခြောက်ကလေး ဆီပူထိုးပေးလို့ ဆိုတာမျိုး ဖြစ်လာတယ်။ ဆွေမျိုးမိဘတွေကတော့ ဘယ်ယောက်ျားကိုမဆို မေတ္တာရှိလို့၊ ယူဝံ့လို့ ဒါမှမဟုတ် သံယောဇဉ်ရှိကြလို့ တတိယမြောက် လင်ယူချင်သေးသပဆိုရင်လည်း မမြကြုတ်ကိစ္စလို့ သဘောထားနိုင်ပေမယ့် ကိုတောကျော်ကိုတော့ သဘောမတူကြဘူး။ သည်ရွာမှာ လူလူချင်း ပေါင်းသင်းဆက်ဆံတာမှာ သည်လူ ဘာလုပ်စားသလဲ ဆိုတာ ကြည့်လေ့မရှိတာမှန်ပေမယ့် သူ့နမ ကိုယ့်နမ မသာရထားမောင်းသူနဲ့ ပေးစားဖို့ဆိုတာကတော့ ခက်သားကလား။

"မြကြုတ်ရေ ကြည့်လည်းလုပ်ဟ၊ သျှောင်ကြီးဖွေကတော့ သမန်းကုန်း ထန်းရည် ကြိုက်လှထင်ပ၊။ မြို့ပြန်တယ်တောင် တယ်မရှိလှတော့ဘူး။ မသာရထားများတော့ မစီးချင်ပါနဲ့ ငါ့နမရာ"

မောင်တွေ အစ်ကိုတွေကတောင် သတိပေးလာရတဲ့အထိ ကိုတောကျော်ကလည်း သမန်းကုန်းထန်းရည်အကြောင်း ပြနေလိုက်တာ ရထားလိုက်ရတယ်တောင် မရှိသလောက်ပဲ။ ကိုပန်းဖူးကတော့ ဗုံရှည်ဝိုင်းငှားတဲ့နေ့ဆိုရင် မလိုက်ဖြစ်တော့ဘူး။ နှစ်ယောက်စလုံးကို ဝမ်းဆက်ငှားတဲ့နေ့နဲ့ ကြုံလို့ကတော့ သချိုင်းကိစ္စပြီးရင် ကိုပန်းဖူးအိမ်ရှေ့ ရထားကြီးပစ်ထားခဲ့ပြီး သမန်းကုန်းကို လာတော့တာလေ။ ထားပါတော့။ သည်လိုနဲ့ တစ်စတစ်စ နေလာရင်းက တစ်နေ့တော့ မမြကြုတ်ကို ကိုတောကျော် စကားပြောတယ်။ မမြကြုတ်ကလည်း မြင်ပါများပေမယ့် မပြယ်နိုင်ဘူး။ သျှောင်တစ်စောင်းနဲ့ ရထားသမားကို သူတို့ရွာ တစ်နှစ်ကလာတဲ့ မင်းသား အောင်သန်းစိန် အောက်မေ့နေပြီကိုး။ မမြကြုတ် မျက်ဝန်းတောက်တောက်ကြီးတွေနဲ့ စိုက်ကြည့်လိုက်ရင် ကိုတောကျော် မနေနိုင်ဘူး။ သီးပင်တောထဲ ထန်းကုလားထိုင်တစ်လုံးနဲ့ နေကုန်နေခန်း ပျင်းပျင်းရိရိကြီး ထိုင်ခဲ့တဲ့ ကိုတောကျော်၊ မမြကြုတ်နဲ့ကျတော့ အိမ်ရှေ့ ကွပ်ပျစ်မှာ ပျင်းဖို့တောင် အချိန်မရဘူး။ ကိုပန်းဖူးကလည်း ကိုတောကျော်ကို မှီပြီး သမန်းကုန်း ထန်းရည်သောက်နေရတော့ သဘောတူတယ်လည်း မဟုတ်ဘူး၊ မတူဘူးလည်း မဟုတ်ဘူး။ ထားပါတော့။ ကိုတောကျော်နဲ့ မမြကြုတ် တစ်စတစ်စ ပိုပြီး နားလည်လာကြတယ်။ ကိုတောကျော် သမန်းကုန်းမှာ အိပ်ဖြစ်တဲ့ ညတွေမှာ တိတ်တခိုး တွေ့ဖြစ်ကြတယ်။ အသက်ငါးဆယ်ကျော်မှ မိန်းမတစ်ယောက် ရဲ့ ချစ်ခြင်းမေတ္တာကို စတွေ့တဲ့ ကိုတောကျော်ဟာ မမြကြုတ်နဲ့ တွေ့တော့



ကျောင်းသားသစ် ဖြစ်သွားတာပါပဲ။ မိန်းမကျမ်းကျေတယ်လို့ ကိုပန်းဖူးက ကျူးခံရဖူးတဲ့ ကိုတောကျော် တကယ့်မိန်းမဆိုတဲ့ ကျမ်းစာအုပ်အဟောင်း စ်အုပ်နဲ့တွေ့တော့ သူ သိထားတာတွေဟာ ဘာမှမဟုတ်တော့ဘူး။ သမန်း န်း ညတွေမှာ ကိုတောကျော်က အသုဘ ရထားမောင်းသူ မဟုတ်တော့ဘူး။ က်သမီးကလေးတစ်ပါးကို ဝေဟင်ခရီးက ဆောင်ကြဉ်းလာတဲ့ နတ်ပန်း သားမျုး ဖြစ်နေတတ်တယ်။ စိမ်းရွက်ညိုကြိုကြားက လရောင်ပြောက်တောက် းတား ရောင်ခြည်ဝင်တဲ့ ညတွေဆိုရင် မမြကြုတ်ရဲ့ မျက်လုံးတွေဟာ ကျက်သံ ပတ္တမြားခဲတွေလားကျလို့။

"ဘယ်နှယ့်တုန်း ကိုတောရဲ့။ ကျုပ်နမဝမ်းကွဲ မမြကြုတ်ကို စွဲမက်နေ ထင်ပါရဲ့။ ခင်ဗျားကို ကျုပ် ပြောခဲ့သာကလား။ ချစ်ခင်ဖို့က အဓိကပါ ။ အဲသည့်တုန်းက ခင်ဗျား လက်မခံခဲ့ဘူးနော်။ ဟုတ်စ။ ဒါပါပဲ ကိုယ့်လူ ။ သည့်ထက် ဘာမှ ပိုမရှိပါဘူး"

ကိုပန်းဖူးက မြို့ကလေးရဲ့ သီးပင်တောထဲမှာ စကားနာပြန်ထိုးတော့ တောကျော် စိတ်တောင် မကောင်းဘူး။ သူ့နမကလေးကိုလည်း ဖျတ်ခနဲ တိရရဲ့။ လောကမှာ သူ့အလှည့် ကိုယ့်အလှည့်ဆိုတာ ရှိတယ်ဆိုဦးတော့ နမကလေးကို ကိုပန်းဖူးလို ရောဂါသည်နဲ့တော့ သဘောမတူခဲ့တာ တရား ယ်လို့ ထင်တယ်။ ဒါမျိုးနဲ့ ဝဋ်လည်မယ်ဆိုရင်လည်း လည်ပစေတော့လို့ က်ခဲ့ဖူးတယ်။ ကိုပန်းဖူးကို စွဲကပ်နေတဲ့ ရောဂါဆိုးကြောင့် သူ့နမနဲ့ သဘော တူခဲ့တာဆိုပေမယ့် လူကိုတော့ ကိုတောကျော် ချစ်ခင်ပါတယ်။ သူနဲ့ ဘဝတူ တယ်။ လူ့အသိုင်းအဝိုင်းက ဝေးနေရတာချင်းတူတယ်။ အသက်မွေးဝမ်း ကျောင်းချင်း တူတယ်။ သူ့ထက်စာရင် ကိုပန်းဖူးက ပိုလို့တောင် သူ့အပေါ် ညာတာတယ်။ စာနာတယ်။ အနစ်နာခံတယ်။ ချစ်ခင်တယ်။ လေးစား ယ်လို့တောင် ပြောနိုင်တာလည်း သူ သိတယ်။ အခုလည်း မမြကြုတ်ကို ဖို့ အစီအစဉ်ကို အရက်ကလေး တထွေထွေနဲ့ ကိုပန်းဖူးပဲ ဆွဲနေပါပကော။

"လပြည့်ကျော် နှစ်ရက်နေ့၊ သမန်းကုန်းရဲ့ တောင်ဘက်ရွာမှာ ဘုရား ရှိတယ်။ မညးကြုတ်တို့လည်း သွားလိမ့်မယ်။ အဲသည့်ည ဘုရားဝင်းထဲက ခွန်တိုင်အခြေမှာ မညးကြုတ် စောင့်လိမ့်မယ်။ ခင်ဗျား လှည်းတစ်စီးသာ းတော့"

ကိုတောကျော် ရင်တွေ တဆတ်ဆတ် ခုန်နေတယ်။ ကုပ်ကွေးကွေး ခမ်းမွေးကြီးတွေအောက်က သွားနှစ်ချောင်းထွက်နေတဲ့ နှုတ်ခမ်းတွေဟာ

တဆတ်ဆတ် ခုန်နေတယ်။ လပြည့်ကျော် နှစ်ရက်နေ့။ ရွာဘုရားပွဲ။ တံ
တိုင် အခြေက မိန်းမ။ သူက လှည်းတစ်စီးငှားရမယ် ဆိုပါရောလား။ ဘယ်
လှည်းငှားရင် ကောင်းမလဲ။ ရွာထဲက မြင်းရထားတွေကကော လိုက်ပါ့မလာ
လိုက်ရင်ကော စိတ်ချရပါ့မလား။ ပြီးတော့ လွယ်လွယ်ကူကူကော ဖြစ်ပါ့မလာ
လူအရှင်တစ်ယောက်ကို ခိုးယူရတာဟာ လူသေတစ်ယောက်ကို လှည်းနဲ့ သယ်
ပို့ရတာမျိုး မဟုတ်ဘူး။ သူ ကြိုတင်ငှားရတဲ့ လှည်းကကော နှုတ်လုံရင် ကောင်း
“ကောင်းပြီလေ ကိုပန်းဖူး။ ကျုပ် လှည်းတစ်စီးတော့ ရှာရမှာပေါ့
အဲသည့်ညက သောက်တဲ့ အရက်တွေဟာ ချိုမြိန်နေတယ်လို့တော
ကိုတောကျော် ထင်တယ်။

(၅)

ရှားရှားပါးပါး ကျင်းပတဲ့ တောဘုရားပွဲမှာ လူတွေ အုတ်အော်သောင်း
စည်ကားနေပေမယ့် ဘုရားဝင်းတံခွန်တိုင်ကြီးအောက်က မိန်းမတစ်ယောက်
ရှာရတာ တော်တော်လွယ်ပါတယ်။ ကိုတောကျော် သိပ်အားမစိုက်ရဘဲ တွေ
တာပါပဲ။ ဘုရားဝင်းထဲကနေ ပွဲတော်ကွင်းကိုဖြတ်၊ လူတွေကြားထဲက ဖေ
ထုတ်လာခဲ့တဲ့ မမြကြုတ်ဟာ သျှောင်ကြီးဖွေ ကိုတောကျော်ရဲ့ လက်ထဲမှ
အရုပ်ကလေး တစ်ရုပ်လို ပါလာခဲ့တယ်။ အသက် ငါးဆယ်ကျော်မှ မိန်း
ခိုးရတဲ့ ကိုတောကျော်ထက် လင်နှစ်လင် သေဖူးတဲ့ မုဆိုးမ နှစ်ထပ်ကွမ်
မမြကြုတ်က ပိုလို့တောင် ရင်ခုန်နေသေးတယ် ဆိုပါတော့။ ရွာပြင်မှောင်ရိ
မှာ ရပ်ထားတဲ့ ရထားပေါ်ကို လှမ်းတက်လိုက်တဲ့ ခြေလှမ်းတွေဟာ တတိယ
မြောက် အိမ်ထောင်မှုဘဝပေါ်ကို လှမ်းတက်လိုက်တာပါပဲကလားလို့ မမြကြု
တွေးတယ်။ ဒါပေမယ့် သည်ရထားဟာ ခါတိုင်းမြင်နေကျ ရပ်ထဲရွာထဲက ရထာ
မျိုး မဟုတ်တာ မှောင်ကြီးမည်းကြီးထဲမှာပေမယ့် သတိထားမိသွားတယ်။ သည်
ရထားက လူစီးတဲ့ရထား မဟုတ်ဘူးဆိုတာ ချက်ချင်း သိသွားခဲ့တယ်။ လေးဘက်
လေးတန် ဘောင်ခတ်ထားပြီး နောက်ဘက်က ပွင့်နေတဲ့ ရထားအိမ်ကို မြ
တော့ မင်္ဂလာမရှိတဲ့ ရထားမှန်း သူမရဲ့ အာရုံတွေက သိသိချင်းပဲ ကြက်သီး
တွေ ဖျန်းခနဲ ထသွားတယ်။
“ကိုတောကျော် ဒါ မြို့ကလေးမှာ ရှင်မောင်းနေကျ ရထား ဆိုတာ
မှုတ်လား။ ရှင် ရက်စက်လှချည်လား အို...”
နောက်ကပွင့်နေတဲ့ လှည်းပေါ်ကို တစ်ဆင့်တက်တဲ့ သဲခြေနင်းပြားပေါ်



တင်ထားတဲ့ မမြကြုတ်နဲ့ ခြေထောက်ဟာ မြေပေါ်ကို ပြန်ကျလာတယ်။
မှောင်ကြီး မည်းမည်းထဲမှာ ကိုတောကျော်ကို နာနာဘာဝတစ်ယောက်လို
နေရတယ်။ လင်နှစ်ယောက် သေဖူးတဲ့ မိန်းမပေမယ့် မသာရထားနဲ့ မိန်းမ
ရတာကို တော်တော် ဝမ်းနည်းကြေကွဲသွားတယ်။ လုပ်ရက်လေခြင်းလို့
ပ်း တွေးနေမိတယ်။ ဘုရားပွဲ ကွင်းဆီက ဇာထိသံတွေ သဲ့သဲ့ကြားနေရ
ယ်။

လရောင်မဲ့နေတဲ့ ည။ သစ်ရိပ်ဝါးရိပ်ထိုးနေတဲ့ ည။ အဝေးဆိုင်းသံ
ရှိတဲ့ ည။ မသာရထား တစ်စီးနဲ့ည၊ အဲသည့်ညမှာပဲ မမြကြုတ် တတိယ
ကို ထိတ်လန့်တကြား ရခဲ့တယ်။ ဇွေ့ခနဲ ရထားပေါ် ပွေ့တင်တာခံလိုက်
းတဲ့နောက် လူသေတင်တဲ့ လှည်းကြမ်းခင်းပေါ်မှာ မမြကြုတ် မေ့သွားလိုက်
။ သတိရတော့ သီးပင်တောထဲက တဲကလေး တစ်တဲထဲ ရောက်နေခဲ့ပြီ။
သည့်နေ့ကစပြီး မမြကြုတ် ကိုတောကျော်ကို စကားမပြောတော့ဘူး။ စေတီ
င်းကလေးရဲ့ဘေး၊ သီးပင်တွေရဲ့ကြား၊ ထန်းပင်တွေရဲ့အောက်၊ ထန်း
က်ကုလားထိုင်ကလေးပေါ်မှာ တော်တော်ကလေးလှမ်းတဲ့ သူ့ရွာဆီက
ယ်သူမှ တမြတ်တနိုး တဖိုးတတန်ထားပြီး လိုက်မလာကြတော့တာကို ဝမ်းနည်း
လည်း ပါပါတယ်။
“ကိုတောကျော်၊ ရှင့်သျှောင်ကြီးဖွေကို ဘိုကေရိတ်ပါ။ ရှင့်ရထားကြီး
ရောင်းပစ်လိုက်ပါ။ ဒါမှမဟုတ် ဖျက်ဆီးပစ်လိုက်ပါ!! ရှင့်ကို ကျွန်မ
ကိုင်ကျွေးမယ်။ ကျွန်မပြောတာ ရှင် နားထောင်ပါ”
ကိုတောကျော်ကို မမြကြုတ် ဒါပဲပြောတယ်။ ကိုတောကျော် မသာ
ားကြီးနဲ့ ခိုးလာတဲ့ညကစပြီး မမြကြုတ်ရဲ့ တောင်းဆိုချက်ဟာ ဒါပဲ။
းခါစမို့ ကြင်ကြင်နာနာ သာသာယျောင်းယျောင်း အကြောင်းအကျိုး၊ အဆိုး
ကောင်း ဘာစကားမှ မပြောဘူး။ ဒါပဲ ပြောတယ်။ သည်သဘောမျိုးပါတဲ့
ားပဲ ပြောတယ်။
မရပ့်ါဘူး။ မမြကြုတ်ရဲ့ တောင်းပန်စကားတွေက ကိုတောကျော်ကို
ိုးပါဘူး။ ကိုတောကျော်က သူ့ရဲ့ အိမ်ထောင်မှုဘဝမှာ ဆံပင်သျှောင် တစ်
င်းကြီးက ပြဿနာဖြစ်လာလိမ့်မယ်လို့လည်း မထင်ဘူး။ သူ့ မသာရထား
းက အကျပ်အတည်း ဖြစ်လာလိမ့်မယ်လို့လည်း မထင်ဘူး။ သူနဲ့ မမြကြုတ်
ယောဇဉ်တွေ တွယ်နေတုန်းကလည်း သည်ကိစ္စကို မမြကြုတ်က တောင်းဆို
းသားပဲ။ သည်တုန်းကတော့ ကတိပေးတယ်လို့ မဟုတ်ပေမယ့် သူ စဉ်းစား

ပါမယ်လို့တော့ ပြောခဲ့တယ်။ မမြကြုတ်ကလည်း ကိုတောကျော် မြို့ကလေ
မှာ အသုဘရထားမောင်းတာ သိသားပဲ။ ဒါပေမယ့် တကယ် အိမ်ထောင်ရက်သာ
ကျတဲ့အခါ ပြင်လိမ့်မယ်လို့ ထင်ခဲ့တယ်။ ဒီလို မင်္ဂလာမရှိတဲ့အလုပ်ကို ချ
တဲ့စိတ်နဲ့ပဲ စွန့်လွှတ်လိမ့်မယ်လို့ ထင်ခဲ့တယ်။ ဒါပေမယ့် ရှာဘုရားပွဲ မိန်း
လာခိုးတာတောင် အသုဘရထားကြီး မောင်းလာတဲ့ ကိုတောကျော်ရဲ့ ရိုင်းပျ
ကို မမြကြုတ် သည်းခံနိုင်ပုံ မရဘူး။ မင်္ဂလာဦးညမှာတောင် သည်လိုလုပ်ဖို့
လူတစ်ယောက်ရဲ့ စိတ်နှလုံးကို တစ်သက်လုံး လွှမ်းမိုးနိုင်ဖို့ မဖြစ်နိုင်တော့ဘူ
ဆိုတာ မမြကြုတ်က သိတယ်။

ကိုတောကျော်ကလည်း မမြကြုတ် သည်လောက် ဖွဲကောင်းနေလိ
မယ် မထင်ဘူး။ သည်သျှောင်ထုံးကို စွန့်လွှတ်ဖို့ကိစ္စဟာ တဖြည်းဖြည်း မေ့မှိ
သွားလိမ့်လို့ ထင်ခဲ့တယ်။ အသုဘရထားကြီးက ရတဲ့ဝင်ငွေဟာလည်း ဘယ်က
ပဲရရ ပိုက်ဆံဟာ ပိုက်ဆံပဲလို့ သဘောထားနိုင်လိမ့်မယ်လို့ ထင်ခဲ့တယ်။

ဒါပေမယ့် မမြကြုတ် မသိတာတွေ ရှိတယ်။ သည်သျှောင်ထုံးနဲ့ သည
ရထားမှာ အင်မတန် နက်ရှိုင်းတဲ့ နောက်ကြောင်းခံ ရှိတယ်ဆိုတာ မမြကြုတ
မသိဘူး။ အင်မတန် လေးနက်တဲ့ သစ္စာကတိတွေ ရှိတယ်ဆိုတာ မမြကြုတ
မသိဘူး။ သူကိုယ်တိုင်တောင် တစ်ခါတစ်ခါ စိတ်ပျက်လက်ပျက် ဖြစ်တဲ့အခ
သည်ရထားကြီး ဘယ်သူ့ပေးခဲ့ရမလဲ စဉ်းစားဖူးတာပဲ။ သည်ရထားကြီး
လုပ်ကိုင်စားနေရပေမယ့် မသာမျှော်ရတဲ့အလုပ်ကို သူ ငြီးငွေ့တယ်လို့ မကြ
မကြာ သူ ပြောခဲ့ဖူးတာပဲ။ ဒါပေမယ့် ကိုတောကျော် တကယ် မလုပ်ခဲ့ပါဘူး
သည်သျှောင်ထုံးနဲ့ သည်ရထားကြီးကို တကယ် မစွန့်ဖြစ်ခဲ့ပါဘူး။ ဘယ်တော
မှလည်း စွန့်ပယ်ပစ်မှာ မဟုတ်ပါဘူး။ ဒါကို မမြကြုတ် နားမလည်နိုင်ဘူး

ဘာပဲဖြစ်ဖြစ် ကိုတောကျော်နဲ့ မမြကြုတ်ကြားမှာ ချစ်ခြင်းမေတ္တာဟ
နေရထိုင်ရခက်နေတယ်လို့ပဲ ပြောရတော့မယ်။ အသုဘရထား မောင်းစားမှ
သိရက်နဲ့ ရဲရဲဝံ့ဝံ့လိုက်လာတဲ့ မိန်းမနဲ့ မျက်လုံးတွေ တဖျပ်ဖျပ်တောက်နေတ
ကို သဘောကျတယ်ဆိုတဲ့ ယောကျ်ားတို့ရဲ့ ချစ်ခြင်းတရားဟာ တစ်ဖွဲ့စီ တစ
စီ ကြွေကျကုန်ပြီလို့ပဲ ဆိုကြပါစို့ရဲ့။ ကိုတောကျော်က မမြကြုတ်ရောက်လာ
ကတည်းက သွားလေသူ နှမကလေးကို ပိုလို့ သတိရလာပုံလည်း ရတယ်
တစ်ညဆိုရင် သူ့နှမကို အိပ်မက်တောင် မက်တယ်။ သူ့နှမကလေးက ထ
ခြောက်ပင်ကြီးတစ်ပင်အောက်မှာ ဆံပင်ဖားလျားချပြီး ရပ်နေလို့တဲ့။ မျက်
တွေလည်း မြင်လို့တဲ့။ သူ့ယောက်မသစ်ကို သဘောမကျတဲ့ပုံနဲ့ မျက်နှာကလည
တင်းလို့တဲ့။ မမြကြုတ်ဆွဲထားတဲ့ ဆွဲကြိုးကို အတင်းဖြုတ်ခိုင်းနေသတဲ့။



ကိုတောကျော် အိပ်ရာကနိုးတော့ ချွေးစေးတွေနဲ့ စေးထန်းထန်းကြီး။
အပြင်ဘက်မှာ ကြယ်ရောင်တွေပဲ ရှိတယ်။ မမြကြုတ်က သူ့အနားမှာ အိပ်
ဘ်လို့။ ကြယ်ရောင်ညထဲမှာ လက်တံနှစ်ချောင်းထောင်ထားတဲ့ ရထားကြီး
မြင်နေရတယ်။ မနီးမဝေး ဘုန်းကြီးကျောင်းက ကျောင်းခွေးတွေကလည်း
လိုက်တာ။ အသုဘရထား မောင်းလာတဲ့ ကိုတောကျော် မကြောက်ပေမယ့်
က်သီးတွေ ဖျဉ်းခနဲ ထသွားတယ်။ ပါးစပ်က တိုးတိုးကလေး အမှျဝေ
ယ်။

(၆)

တောကျော်ရဲ့ တဲကလေးထဲ မမြကြုတ် ရောက်လာပြီး ခုနစ်ရက်မြောက်တဲ့
က်စောစောမှာပဲ မမြကြုတ် ပျောက်ချင်းမလှ ပျောက်သွားတယ်။ ပျောက်
းတယ် ဆိုတာက ဟိုနား သည်နားသွားတာကို ဆိုလိုတာ မဟုတ်ဘူး။
မြေပ်စကို ပျောက်သွားတာ။ ဘယ်ကဘယ်လို ဘယ်ကိုရောက်သွားမှန်းကို
ိတာ။ သူ့ရှာသူပြန်တာလည်း မဟုတ်ဘူး။ ကိုတောကျော်က…

“မမြကြုတ် ကျုပ်သဘောထား ကျုပ်ပြောမယ်။ ကျုပ် ဘိုကေလည်း
ှပ်နိုင်ဘူး။ သျှောင်လည်း အဆုံးမခံနိုင်ဘူး။ ကျုပ် ရထားကြီးလည်း မစွန့်နိုင်
း ရထားမောင်းတဲ့ အလုပ်ကိုလည်း မပစ်ပယ်နိုင်ဘူး။ ဘယ်လိုမှ အောက်မေ့
ပြောတာ မဟုတ်ဘူး။ မမြကြုတ် သဘောအတိုင်း ရှိပါစေတော့”

ညဦးပိုင်းလောက်က ပြောခဲ့တဲ့ စကားတွေပါ။ ဒါကို ကြားပြီး နောက်
်ရက် မနက်စောစော မမြကြုတ် ပျောက်သွားတာပဲ။ ကိုတောကျော်ကလည်း
ကန်တက ရှာမနေပါဘူး။ မနက်ခင်း တစ်ခင်းလုံး သူ့ရထားကြီး ဆေး
ှတောင် ပိန်းနေအောင် သုတ်နေသေးတယ်။ မြင်းစာခွက်တောင် အသစ်
်နေလိုက်သေးတယ်။ သူ့နှမ ဆွဲကြိုးလေး မမြကြုတ် ယူသွားတာတောင်
ပြာမနေတော့ပါဘူး။ ဒါပေမယ့် သံယောဇဉ်ဆိုတာကလည်း ခက်သားကလား။
လယ်ဘက် ပေါ်များလာလေမလား ကြည့်တော့ ကြည့်သေးတယ်၊ မလာဘူး။
တက်လည်း မလာဘူး။. သေချာသွားပြီ။

အဲသည့်ညက တဲထဲမှာ ကိုတောကျော် တစ်ယောက်တည်း ရှိနေတယ်။
ပန်းဖူးကလည်း ပြီးခဲ့တဲ့ နှစ်ရက်လောက်ကတည်းက သမန်းကုန်းသွားနေတာ
နေတော့ ကိုပန်းဖူးကိုလည်း သည်ကိစ္စ မပြောဖြစ်တော့ဘူး။ အဲသည်ညက
မှောင်ကြီးကျနေတဲ့ည။ ကြယ်ရောင်တောင် မရှိတဲ့ည။ မိုးသားတွေ တအိအိ
ကျနေတဲ့ည။ အဲသည့်ညမှာပဲ။

## (၇)

အဲသည့်ညက ညဥ့်နက်သန်းခေါင်ကြီး ကိုတောကျော်တဲက မီးထလောင်တ
ဘယ်ကဘယ်လို လောင်တာလဲ ဘယ်သူမှလည်း ကနေ့ထိ မပြောနိုင်
တဲထဲက ရုပ်ပျက်ဆင်းပျက် မီးလောင်နေတဲ့ ကိုတောကျော်ရဲ့ အလော
မီးဟပ်လို့သေတဲ့ မြင်းပိန်ကို မြို့ကလေးက လူတွေ လာကြည့်ကြတယ်။ ရ
ကြီးကတော့ လက်တံနှစ်ဖက် မိုးပေါ်ထောင်ပြီး မီးမလောင်ဘဲ ကျန်ရစ်ခဲ့တ
ကိုတောကျော် မီးလောင်သေတယ်ဆိုတော့ သမန်းကုန်းက ကိုပန်းဖူး အ
ပြန်လာရှာတယ်။ တခြားရထားတစ်စီးငှားပြီး အသုဘ ချပေးရှာတယ်။
ဗုံရှည်ဝိုင်းလည်း ပါတာပေါ့လေ။ ဗျိုင်းတောင်သီချင်းတောင် ဆိုပေးရှာပါ
တယ်။ သေခြင်းတရားဆိုတာ ခမ်းနားဖို့လိုတယ်လို့ ကိုပန်းဖူး ယုံကြည်
လည်း တစ်ကြောင်းပေါ့လေ။ အဲသည့်နေ့မှာပဲ ဆရာတော်ကြီးက ကိုပန်
ကို ခေါ်လိုက်တယ်။ ကိုတောကျော်ရဲ့ ရထားကြီးကို သီးပင်တောထဲက
သွားဖို့ ကိုပန်းဖူးကိုပဲ တာဝန်ပေးတယ်။

ကိုပန်းဖူးကတော့ ကိုတောကျော်ရဲ့နှမ မျက်မမြင်ကလေး ဘာဖြစ်
သေတယ်ဆိုတာ မသိခဲ့ဘူး။ မမြကြုတ် ဘယ်လို ပျောက်သွားတယ်ဆို
လည်း မသိဘူး။ အခု ကိုတောကျော် တဲကြီး မီးလောင်ပြီး သေရတာလ
ဘာမှန်း မသိဘူး။ သေချာတာကတော့ ကိုတောကျော်ရဲ့ ရထားကြီး သူ ရလို
ပြန်ပြီ။

အခုတော့ သည်မြို့ကလေးမှာ လူမှသေပြီဆိုရင် ကိုပန်းဖူးဆီသွ
ပဲ။ သူ့မှာက ရထားလည်းရှိ၊ ဗုံရှည်ကြီးလည်း ရှိတာကိုး။ ဝမ်းဆက်
ဟန်ကို ကျလို့။ ။

□

# ရွှေရိုး ကြေည်

## (၁)

လေးမှာက သိကြတဲ့အတိုင်းပဲ။ ရုပ်ကွက်နာမည်တွေ၊ လမ်းနာမည်တွေ၊
နာမည်တွေဟာ အင်မတန် လှတယ်။ နန်းဟန်နဲ့ မန်းဆန်အောင် ပေးကြ
ကိုး။ ဒါပေမယ့် မန္တလေး မြို့စွန်တစ်နေရာက သည်နေရာမှာတော့ ရုပ်ကွက်
က ဘယ့်နှယ်ဖြစ်တယ် မပြောတတ်ဘူး။ ရုပ်ကွက်နာမည်ကိုက လူပုဂ္ဂိုလ်
ည်တွေ ဖြစ်နေတယ်။ အကွက်အမှတ် ဘာညာနဲ့ နံပါတ်နဲ့ တွဲခေါ်ကြတာ
ကြတော့ ရုပ်ကွက်နာမည်ပဲ အလွယ်ခေါ်ကြတာ မဟုတ်လား။ သည်နား
ကပ်လျက် ရုပ်ကွက်နှစ်ခုမှာ တစ်ခုက ကျော်မင်း ရုပ်ကွက်တဲ့။ တစ်ခုက
င်းအေး ရုပ်ကွက်တဲ့။ သည်တော့ 'ကျော်မင်း' ထဲကတို့၊ 'သောင်းအေး'
တို့ ဖြစ်ကုန်ရော။ နေပါဦး မင်း ဘယ်နားနေတာတုန်းလို့ များဆိုရင်
်မင်းမွှာရုံနား နေတာဆိုရင် သိကြပြီ။ ကျော်မင်းရုပ်ကွက် မွှာရုံနားပေါ့။
်မင်း ရုပ်ကွက်ဆိုတာကလည်း တစ်ခုတည်းရှိတာ။ မွှာရုံကလည်း တစ်ခု
း်ရှိတာဆိုတော့ ဘယ်လိုမှကို မှားစရာမရှိတော့ဘူး။ သည်လိုပဲ သောင်းအေး
ကရုံးနားကဆိုရင် လွဲစရာ ဘယ်ရှိလိမ့်မလဲ။ ကျော်မင်းဆိုတာက ရှေးက
်နေရာကို ကနဦးရောက်တဲ့ ဆိုက်ကားပိုင်ရှင် နာမည်။ ဒါ တွင်နေတာ။
င်းအေးဆိုတာကလည်း သည်အစုကလေးထဲ ပထမဆုံး လာဖွင့်တဲ့ သစ်စက်
ှင်။ သည်စွန့်ဦးတီထွင် လုပ်ငန်းရှင် နှစ်ယောက်နာမည်ကို တခြား ဘယ်
ည်ကမှ လွှမ်းမိုးလို့မရဘူး။ လူတွေက နှုတ်ကျိုးနေပြီ။

သည်ဝတ္ထုမှာက ကျော်မင်းနဲ့လည်း မဆိုင်ပါဘူး။ သောင်းအေးနဲ့လည်
မပတ်သက်လိုက်တာမှ။ ဘာနဲ့ပဲ ဆိုင်သလဲဆိုတော့ ကျော်မင်း ဓမ္မာရုံထဲ
တီးဝိုင်း ပစ္စည်းတွေနဲ့ဆိုင်တာ။ အိုးစည်ဗုံမောင်းတွေ၊ နှဲ၊ ပလွေ၊ ဝါးလက်
တွေ၊ ခြောက်လုံးပတ်စခွန့်၊ မောင်းဆိုင်းတွေနဲ့ ဆိုင်တာ။ ရပ်ကွက်နှစ်ခုစလ
ကတော့ သည်ပစ္စည်းတွေထဲ ဗုံတောင်ဆိုတာ မပါဘဲနဲ့ ဗုံတောင်ဝိုင်းလို့
ကြတာပါ။ ကျော်မင်း ဓမ္မာရုံထဲမှာ သည်ပစ္စည်းတွေ ရှိတယ်။ တချို့က ဓမ္မာ
ထုပ်မှာ ဆွဲထားတာ။ တချို့ပစ္စည်းက ထင်းရှူးသေတ္တာကြီးထဲ ထည့်ထားတ
တီးချင် မှုတ်ချင် တီးဝိုင်းကလေး ဘာလေး တိုက်ချင်တော့မှ ညဘက် ဓမ္မာရုံ
စုပြီး အိုးနင်းခွက်နင်း တီးကြမှုတ်ကြတာကလား။ ခက်တာက သောင်းအေ
မှာက ဓမ္မာရုံတော့ ရှိပါရဲ့။ သည်လို တူရိယာပစ္စည်းတွေ မရှိပြန်ဘူး။

သည်တော့ ဂီတကိစ္စ စကားပါလာရင် ကျော်မင်းက ရေခံမြေခံရှိ
သောင်းအေးက နတ္ထိပစ္စယော ဖြစ်နေတယ် ဆိုကြပါစို့။ ရပ်ကွက်ချင်းကလည
တစ်ကြောတည်းကပ်လျက်။ ဒါပေသိ အခြေအနေက အဲသလိုကိုး။

(၂)

ခက်တာက ကျော်မင်းမှာ ဗုံတောင်ဝိုင်း (အမှန်က စုပေါင်း ဘုံသဘော စုထော
ထားတဲ့ ဝိုင်းကို ခေါ်ထင်ပါရဲ့) ရှိတာနဲ့ သောင်းအေးမှာ ဗုံတောင်ဝိုင်း မ
တာပဲ ကွာတာပါ။ သည်ရပ်ကွက်နှစ်ခုက လူတွေရဲ့ စားဝတ်နေရေး ကိစ္စ
ကတော့ မကွာလှဘူး။ ဧရာဝတီမြစ်ကြီးအနားက ဖြတ်သွားလေတော့ မြစ်
လုပ်စားကြတာလည်း တူကြတယ်။ လှေလိုက်၊ မော်တော်လိုက်၊ ပဲ့ထော
လိုက်၊ သဲမော်တော် သဲလှေလိုက်၊ သဲတင်သဲချလုပ်၊ သစ်ဆွဲဝါးဆွဲ၊ သစ်တို
ဝါးတိုက်ကလေးလုပ်သူက လုပ်ကိုး။ မြစ်နားကမ်းနား လူစည်တော့ ထမင်းဆို
ရောင်း၊ လက်ဖက်ရည်ဆိုင်ရောင်း၊ ကွမ်းယာရောင်းများကလည်း ရှိတာပါ
စက်မှုရပ်ကွက် လူထွက်ဘဝနဲ့ ကျန်ကောင်းကျန်ရာ စက်မှုအလုပ်တွေမှာလည
လုပ်ကြကိုင်ကြပေါ့။ သစ်စက်တွေမှာလည်း သည်ရပ်ကွက် နှစ်ခုက လူ
ချည်းပေကိုး။ တချို့ကလည်း လက်သမားကန်းကန်း ပန်းရန်စမ်းစမ်းနဲ့ တစ်
တစ်ခါးရှာကြ။ ပြောချင်တာက လူမှုဘဝတွေကတော့ ကျော်မင်းရော သောင်းအေ
ပါ မကွာဘူး။ လိုင်စင်ချ အရက်ဆိုင်ကလေးတွေမှာလည်း ဆဲဟယ် ဆိုဟ
ဆူရယ်ညံရယ်နဲ့ ကြည့်လိုက်ရင် ကျော်မင်းနဲ့ သောင်းအေးက လူတွေ များ
ပဲ။ တောရိုးထိပ် ကုက္ကိုပင်ကြီးအောက်က ဆိုက်ကားဂိတ်မှာလည်း ကျော်မ



သား၊ သောင်းအေး သားတွေ တစ်ဂိတ်တည်းသားတွေပေါ့လေ။ ပြောချင်တာက ဘဝတွေဟာ မကွာကြဘူး။ လူမှုရေး၊ ဘာသာရေးကစလို့ သာမှုနာမှုတွေမှာလည်း သူ့ဓမ္မာရုံ ကိုယ့်ဓမ္မာရုံရယ် မဟုတ်တော့ပါဘူး။ ကိုယ့်ရပ်ကွက်က ကိုယ့်ဓမ္မာရုံကြေးနဲ့ နှစ်စဉ် ဓမ္မာရုံပွဲ ကျင်းပကြတာတော့ ကိုယ့်ကိစ္စနဲ့ကိုယ်ပေါ့လေ။ ဒါပေသိ လုပ်ပေးနိုင်တာတော့ ကိုယ်ရယ် သူရယ် မဟုတ်တော့ဘူး။ အကူးအလူး ရှိကြတယ်။

"မင်းတို့ သောင်းအေးဘက်က လှူငယ်တွေ တီးချင် မှုတ်ချင်ကြရင် လာကြလေကွာ။ တို့ပစ္စည်းတွေ ရှိသားပဲ။ တီးကြ မှုတ်ကြပေါ့။ သီချင်း ဘာညာကို ဆိုကြပေါ့"

ကျော်မင်းဘက်က လူငယ်ကာလသားခေါင်း 'သာဇ' က ဖိတ်တော့ သောင်းအေး လူငယ်တွေကလည်း ဒါမျိုး ဘယ်အနာခံလိမ့်မလဲ။ ညဘက် ရောက်ကြရော။ ကိုယ့်ဘက်မယ် မရှိလို့သာကိုး။ ဂီတ သဘင်ပိုးကလေးတွေကလည်း ရှိကြတော့ ကျော်မင်းဓမ္မာရုံမှာ ညဉ့်နက်သန်းခေါင်အထိ ရှိတတ်ကြတယ်။ တချို့ကလည်း မတီးတတ် မမှုတ်တတ်ပါဘူး။ နားထောင်တာ။ တချို့ကျတော့လည်း စနစ်တကျရယ် မဟုတ်တော့ဘူး။ ဘိန်းဂျမ်း ဘိန်းဂျမ်းပေါ့။ ဂေါ်ဂေါ်ဂွိဂွိပေါ့။ တချို့ကလည်း အရက်ကလေး တစ်စိတ်လောက် သောက်ထားတော့ မြတ်လေး ရွှေခားဗိုလ်လို အသံဝါကြီးနဲ့ ရောက်မိရောက်ရာကိုး။

"ချမ်းမြေ့ ချမ်းမြေ့ပါစေ။ ချမ်းမြေ့ပါစေ။ ဖေဖေလည်း ချမ်းမြေ့ပါစေ။ မေမေလည်း ချမ်းမြေ့ပါစေ။ သားသမီးလည်း ချမ်းမြေ့ပါစေ"

လူငယ်တွေဆိုတော့ သူရယ် ကိုယ်ရယ် မဟုတ်တော့ဘူး။ တီးတဲ့ သီချင်းနောက် ပြုဆိုကြတော့ တစ်ယောက်တစ်ယောက် အသားထတယ်ထင်ပြီး နပန်းထလုံးချင် လုံးကြတာ။ ချမ်းမြေ့ပါစေဆိုတဲ့ ကောင်ချင်း ရိုက်ချင်ရိုက်ကြတာကလား။ သူငယ်ချင်း စကားများ ရန်ဖြစ်လို့ မခေါ်ကြတော့ အကူးအလူး မရှိကြပြန်တော့ဘူး။ ဒါပေမယ့် ခံလှရင် တစ်ပတ်ပေါ့။ နှစ်ပတ်ပေါ့။ သည်လို ပြန်ပူးကြတာပဲ။ ပြန်ဆိုကြ တီးကြတာပါပဲ။ ကျော်မင်းရပ်ကွက်က တီးဝိုင်းပစ္စည်းတွေရှိတော့ တီးဝိုင်းနာမည်ကိုလည်း 'ကျော်မင်း လုလင်တေးဂီတ' လို့ ပေးထားကြတယ်။ ခက်တာက တီးဝိုင်းပစ္စည်း။ ဝါသနာပါလို့ ထောင်ထားကြတာ။ ဟုတ်တိပတ်တိ တီးတတ်တဲ့လူက မရှိဘူး။ ပွဲလေးဘာလေး အလှူခံထွက်စရာလေးရှိရင် တီးမယ့်လူခေါ် ကောက်ငှားရတာ။ အော်ဂင်ကတော့ နဂိုက မရှိတာပါ။ သည်တော့ အော်ဂင်သမားရော အော်ဂင်ပါ ဝမ်းဆက်ငှား

ရတယ်။ ဒိုးတီး စခွန့်တီး ငှားရတယ်။ မောင်းဆရာ ငှားရတယ်။ သောင်းအေး ရပ်ကွက်က ကလေးအချို့ကတော့ တူရိယာ ပစ္စည်းသာမရှိတာ တီးတာ မှုတ်တာလေး မတောက်တခေါက် ရကြတယ်။

ခက်တာက ကိုယ့်မှာ တူရိယာပစ္စည်း မရှိတော့ 'ကျော်မင်းလုလင်ဘေးဂီတ' ခေါင်းစဉ်အောက်မှာ တီးကြရတာပေါ့။ သောင်းအေးလူငယ် တချို့က ဒါကို နာတယ်။ တီးရတာ တို့က၊ နာမည်က သူတို့နာမည် ဆိုတာကြီးကို နာကြတာပါ။ နာမည်က ပဓာန မဟုတ်ပါဘူးကွာ၊ တီးရဖို့ လိုရင်းပါဆိုတဲ့ လစ်ဘရယ်သမားတွေလည်း ရှိရဲ့။ တို့ကတော့ ကိုယ်မရှိ မတီးဘူးကွ၊ သူများတော့ သွားမခချင်ပေါင်ဆိုသူကလည်း ဆိုပေါ့လေ။ ဒါပေသိ သဘောထားက သဘောထားပေါ့။ အယူအဆက အယူအဆပေါ့။ မနေနိုင်တာ မနေနိုင်တာဆိုတော့ အကူးအလူး ပျက်တယ်ရယ်လို့တော့ မရှိပါဘူး။ သည်လိုပဲ တီးကြ မှုတ်ကြပေကိုး။

တစ်ခါတော့ ရပ်ကွက်နှစ်ခုက လူငယ်တွေပေါင်းပြီး ရပ်ကွက်နှစ်ကွက် ကြားမှာပဲ စင်ကလေးထိုးပြီး ဖျော်ဖြေရေးလုပ်ကြရော။ တကယ်တော့ ညေ့ပရိသတ်ကို ဖျော်ဖြေရတာဆိုတော့ သောင်းအေးက လူငယ်တွေ တီးတတ်တာလောက်နဲ့ မရတော့ဘူး။ ပညာရှင်တွေ ကြေးပေးငှားကြရရော။ နှစ်ဖက် ကာလသမီး ကာလသားတွေကလည်း သီချင်းတစ်ပုဒ် ငါးရာနှုန်းထည့်ပြီး ပိုက်ဆံထည့်ကြိုက်သလောက်ဆိုစနစ်နဲ့ ပါဝင်ဆင်နွှဲကြတယ်။ ကျော်မင်းလူငယ် တစ်လှည့်၊ သောင်းအေးလူငယ် တစ်လှည့် ဆိုကြ တီးကြတာ မိုးကိုလင်းရော ပြောပါတော့။ သည်မှာတင် ဂီတလမိုင်းဟာ လူငယ်တွေဆီ ကုပ်ပိုးက တက်လာတယ်။ ဖိုးဆိုချင် ခင်မောင်ညွန့်တွေ များလာတယ်။

"ကိုစိုးခ ကျွန်မတို့ဆီမှာလည်း တီးဝိုင်းလေး ဘာလေး ထောင်ပါဦး။ ကျွန်မတို့က ညဘက် သီချင်းသွားတိုက်ဖို့ကျတော့ ခက်တယ်။ အမေတို့က မလွှတ်ဘူး။ ကျွန်မတို့မှာလည်း ဓမ္မာရုံရှိလျက်နဲ့ဟာကို"

မိန်းကလေး ကာလသမီးတွေကလည်း သောင်းအေး ကာလသားခေါင်း ကိုစိုးခကို တောင်းဆိုကြရော ပြောပါတော့။ သည်မှာတင် စိုးခတို့ကလည်း စဉ်းစားရပြီ။ သူများရပ်ကွက်တွေက ဆိုက်ကား နှစ်စီး သုံးစီးငှား၊ မီးစက် တစ်စီးတင်၊ အော်ဂင် တစ်စီးတင်၊ ခြောက်လုံးပတ် တစ်စီးတင်ပြီး ခွက်ထိုးခံ အလှူခံထွက်ကြတာ နှစ်ချီကျပြီ။ ငါတို့က မထွက်နိုင်တာ မဟုတ်သေးဘူး။ သူများတွေဖြင့် စားပြီး သောက်ပြီး ကျန်လှပေါ့။ ရလှပေါ့။ ဓမ္မာရုံ ဝေယျာဝစ္စ



သုံးနိုင်တယ်။ ဘုရားပွဲမယ် သုံးနိုင်တယ်။ မီးသတ်ဝတ်စုံ၊ ကြက်ခြေနီဝတ်စုံ ကူညီနိုင်တယ်။ အခုက လူကြီးတွေလောက် ဓမ္မာရုံကိစ္စ လုပ်နေကြတာလည်း မဟုတ်သေးဘူး။ တို့လည်း တီးဝိုင်းပစ္စည်းဝယ် တီးကြတိုက်ကြပြီး အလှူခံထွက်ရင် မရဘူးလား။ တို့ကလေးတွေ အိုးမကွာအိမ်မကွာ မဆိုရ မတီးရဘူးလား။ သည်လို စဉ်းစားလာကြတယ်။ တစ်ရက် ဓမ္မာရုံထဲ အစည်းအဝေး ခေါ်တယ်။ သည်ကိစ္စ ဆွေးနွေးကြတယ်။

"ကျုပ်တို့ကတော့ သောင်းအေး လူငယ်တေးဂီတ မလုပ်ချင်ဘူး။ အောက်တယ်ဗျာ။ သန်းဒါးဗိုလ်မြူးဇစ်ဘင်လို့ နာမည်ပေးချင်တာ။ ဒါ ကျွန်တော် တင်ပြတာ"

အစည်းအဝေးတောင် မစရသေးဘူး။ အဝေးသင်ကျောင်းသား မောင်မောင်က ဆန္ဒထပြတယ်။

"ဘာလဲ သန်းဒါးဘိုးဆိုတာ"

"မိုးကြိုးသွားပေါ့ကွ"

"နမိတ်မရှိ နမာမရှိကွာ၊ ပဥ္စရူပတီးဝိုင်းဆို ပြီးတာပဲ"

"အောက်တယ်"

"ဘာအောက်တာလဲ။ မင်းမိဘက မြန်မာ မဟုတ်ဘူးလား"

တစ်ယောက်တစ်ပေါက်ပေါ့လေ။ တီးဝိုင်းက ဘယ်ဆီနေမှန်း မသိသေးဘူး၊ နာမည်ကိစ္စနဲ့ အော်ကြဟစ်ကြတော့ စိုးခက ထဆဲတယ်။ ပိုက်ဆံ ဘယ်က ရမလဲ။ ဘာတီးဝိုင်းပစ္စည်းကို ဦးစားပေးဝယ်မလဲ။ ဘယ်မှာသိမ်းမလဲ။ ဘယ်မှာ တိုက်ကြမလဲ။ တစ်ယောက် ဘယ်လောက် ထည့်ကြမလဲ။ ရပ်ကွက်ထဲ ဘယ်သူ့ကို အလှူခံပြီး ဘယ်သူ့ကိုတော့ အနိုင်ကျင့်ကြမလဲ။ အစည်းအဝေး အာဂျင်ဒါတွေက များသကိုး။ လူကြီးတွေကတော့ တီးဝိုင်းပစ္စည်းဝယ်တာ မကန့်ကွက်ကြပါဘူး။ သူတို့လည်း ငယ်ရာက ကြီးလာတာ မဟုတ်လား။ ဒါပေမယ့် ချို့ငဲ့နေတဲ့ ဓမ္မာရုံကို ဖြည့်စေချင်ကြတယ်။ ပန်းကန်ခွက်ယောက်ကောင်းကောင်း၊ ဇွန်းယောက်ချိုကောင်းကောင်း၊ ဖျာကြမ်းဖျာချောကောင်းကောင်း၊ တရားပလ္လင်ကောင်းကောင်း၊ ကြေးစည်ကောင်းကောင်း၊ မောင်းကောင်းကောင်း၊ ဘာဆိုဘာမှ မပြည့်စုံသေးတဲ့ ဓမ္မာရုံကို အရင်ဖြည့်စေချင်ကြတယ်။ ရပ်ကွက်မှာက ဓမ္မာရုံ လစဉ်ကြေး၊ ဘုရားပွဲ လစဉ်ကြေး၊ မီးကင်းကြေး၊ သာရေး နာရေးကြေးတွေကလည်း ကောက်နေကြရတော့ တီးဝိုင်းအတွက် ရပ်ကွက်ကို ထပ်ပြီး မနှိပ်စက်စေချင်တာလည်း ပါရဲ့ပေါ့လေ။ လူငယ်တွေကလည်း နားလည်ပါ

တယ်။ ရပ်ကွက်ကိစ္စ ဓမ္မာရုံကိစ္စဟာ လူကြီးတွေအလုပ်၊ လူကြီးတွေကိစ္စလို့ ဘယ်သူမှ သဘောမထားကြပါဘူး။ တစ်သက်လုံး သည်ကိစ္စတွေမှာ လူငယ်တွေ ပါခဲ့ကြတာပဲ။ ပိုက်ဆံငွေကြေး မဟုတ်ရင်တောင် ကာယဒါနတော့ ပါကြသူချည်း မဟုတ်လား။ ဓမ္မာရုံမှာ ပစ္စည်းပစ္စယ ချို့ငဲ့နေသေးတာကလည်း ကိစ္စတစ်ခုပေါ့။ ပြဿနာတစ်ခုပေါ့။ အခုဟာက တီးဝိုင်းပစ္စည်းကိစ္စ။ အခြေအနေက တောင်းဆိုနေပြီ။ လူငယ်တွေက ဆန္ဒရှိနေကြပြီ။ ဆိုချင် တီးချင်နေကြပြီ

"အေးလေ ဘယ်တတ်နိုင်မလဲ။ မင်းတို့ လူငယ်တွေ တစ်နည်းနည်း ရှာကြံဝယ်ကြရင်တော့ တို့လည်း မပြောသာပါဘူး။ သို့သော်လည်း တို့က အကောက်အပြုများရတဲ့ကြားထဲ မင်းတို့က ရပ်ကွက်ကို ထပ်ဖိရင် မကောင်းဘူးပေါ့ကွာ။ ငါတို့များလုပ်တာ ကိုင်တာ ဦးလေးတို့က ဘာပြောစရာလို့တုန်း။ အားတောင် ပေးရဦးမှာ။ ဒါပေသိလို့"

အစည်းအဝေးက ဝေ့လည်ကြောင်ပတ်နဲ့ ပြီးသွားခဲ့တာပါပဲ။

(၃)

သောင်းအေး ရပ်ကွက်မှာ တီးဝိုင်းထောင်ကြမယ် ကြားတော့ တကယ့်ကို ကျေကျေနပ်နပ်ကြီး ဝမ်းသာနေတဲ့လူက မောင်ကြည်ပဲ။ မောင်ကြည်က မျိုးမ ရိုးမရှိဘဲနဲ့ သဘင်သုခမဘက် တော်တော် ဝါသနာပါတယ်။ မန္တလေးမြို့ပေါ် ဆင်ခြေဖုံး မြို့သစ် မြို့ဟောင်း ဘယ်နားဇာတ်ရှိရှိ၊ ဘယ်နားအငြိမ့်ရှိရှိ စက်ဘီး စုတ်ကလေး တစ်ပြ လေ သုံးခါလောက်ထိုးပြီး ပြေးတာပဲ။ ညဘက် လေသ လို့ ကြေးနောင်သံကလေး လွင့်လာရင် ခေါင်းကလေးထောင်၊ နားကလေး ပေထားပြီး ဘယ်ဘက်ကလည်း တွက်တာပဲ။ သေချာလောက်ရင် အဲသည့် ကို ချားသမား၊ ရဟတ်သမား မရောက်ရင်ရှိရမယ်။ မုန့်လင်မယားသည် ခဲလန်ကျည်တောက်သည် မရောက်ရင် ရှိရမယ်။ ဂလုံးဂလုံးနဲ့ တိုင်ထော သားရေကွင်းစွပ်သမားတွေ မရောက်ရင်သာ ရှိရမယ်။ မောင်ကြည်က မရောက် မရှိဘူး။ မိုးလင်းမှ စက်ဘီးဂျောက်ဂျက်စီးပြီး ပြန်လာတာပဲ။ ဇာတ် ဇာတ်မို့ အငြိမ့် အငြိမ့်မို့၊ ဆိုင်း ဆိုင်းမို့ မလွတ်ဘူး။

"ညက ပန်တျာလှမင်းအောင်ဇာတ် ဆေးရုံကြီးဘက်မယ် ကောင်းလိုက် တာကွာ။ သည်ကောင်က မြန်မာသံပိုင်တယ် မောင်။ စတိတ်ရှိုးချည်း မိုးအလင် ဆိုတာများ"

မနက် ရပ်ကွက် လက်ဖက်ရည်ဆိုင်မှာ လူထုရင်ပြောပြီ။ မောင်ကြည်



ကိုယ်တိုင်က အကသမား။ ဦးရွှေရိုး အကသမား။ ဇကလေးကလည်း ရှိတယ်။ းပတ်ဝိုင်း၊ အိုးစည်ဝိုင်းတကာ မောင်ကြည်မပါတာ မရှိဘူး။ ကတုံးပြောင် ပြောင်ကြီးနဲ့ပေမယ့် ဦးရွှေရိုးကတော့ မောင့်ကျက်သရေ ခေါင်းပေါင်းစွပ်ရတာ ကိုး။ ပုဆိုးကွက်တုံး ဝတ်ရတာကိုး။ နှုတ်ခမ်းမွေးတု တပ်ရတာကိုး။ အိမ်တော် ထီး ဒါမှမဟုတ် ပုသိမ်ထီးကလေးကလည်း လိုတာကိုး။ ဒါတွေ ဘယ်သူ ဘယ်သူတွေမှာရှိတာ သူ သိတယ်။ အကြောင်းကိစ္စရှိလာလို့ ဦးရွှေရိုးလိုသတဲ့ ဆိုရင် သူ့ဘက်ကတော့ သေချာတယ်။ အလုပ်မသွားတော့ဘူး။ ဘယ်လောက် အရေးကြီးကြီး ဖြစ်ချင်ရာဖြစ်ပဲ။ နောက်မှ ကြည့်ရှင်းပဲ။ အလုပ်ရှင်နဲ့ စကား များလှပေါ့။ အလုပ်ရှင်တွေ ပြောင်းလှပေါ့။ မောင်ကြည်ကတော့ ပထမတော့ ထော်လာဂျီ မောင်းတာ။ ရပ်ကွက်နဲ့ မနီးမဝေး သဲဆိပ်တာရီးပေါ် ထော်လာဂျီ ထိုးထားတတ်တော့ အရေးရယ် အကြောင်းရယ်ဆိုရင် လှမ်းခေါ်ရုံပဲ။

"မောင်ကြည်ရေ၊ ပတ္တာထဲက ညနေ နှစ်ချက်တီး အလှူမဏ္ဍပ်အရောက် ခဲ့ဟ၊ မှာလိုက်တယ်။ ဆက်ဆက်သွားလိုက်ဦး"

ဒါမျိုးဆိုရင် မောင်ကြည် မဏ္ဍပ်ထဲရောက်နှင့်ပြီ။ ထော်လာဂျီကတော့ သဲဆိပ်မှာ ရပ်လျက်ပဲ။ အလှူက ပြန်လာမှ ဦးရွှေရိုးဝတ်စုံကြီးနဲ့ ထော်လာဂျီ ကို အုံနာ့အိမ်ပြန်ပို့တာ။ အုံနာက မကြည်သာဘူးထင်ရင် ဖြေရှင်းနည်းလည်း ရှိတယ်။

"ရှေ့ဗျာ၊ ဒါက ခုနစ်ရာ မနက်ပိုင်း သဲတစ်ခေါက် ဆွဲရတာ။ ဟောဒါ က ငါးရာ၊ ကျုပ်သွားကလို့ ဆုရတာ။ ခင်ဗျား ယူလိုက်တော့ ပေါင်း ထောင့် နှစ်ရာ"

သည်တော့ အုံနာက မပြောသာဘူး။ သည်ထဲကမှ သူ့ရပိုင်ခွင့် နှစ်ဆယ် ရာနိုင်နှုန်း နှစ်ရာ့လေးဆယ် ပြန်နုတ်ယူတယ်။ မောင်းခပေါ့လေ။ ဘာပဲဖြစ်ဖြစ် အုံနာကတော့ နာတာပါပဲ။ တစ်နေ့ကုန် နှစ်ထောင်၊ သုံးထောင် ဝင်နေကျက တစ်ထောင့်နှစ်ရာနဲ့ ပြီးရတာကိုး။ သည်တော့ မောင်ကြည် ရွှေရိုး ကရတဲ့နေ့ ရယ်လို့ မရှိစေချင်ဘူး။

မောင်ကြည့်မယားကလည်း မကြည်သာပါဘူး။ ကရတာလေး အုံနာပေး ရတော့ ဘယ်ကြည်သာလိမ့်မလဲ။ တော်သေးတယ် မောင်ကြည့်မယား ဝင်းလှ က မုန့်ဟင်းခါးတစ်ဖက်က ရောင်းလို့။ နို့မို့ရင် မလွယ်ဘူး။ ပွဲကိုက်လို့ အိပ် ရေး ပျက်ရတာနဲ့၊ ဦးရွှေရိုး ထွက်ကရတာနဲ့၊ မြစ်ကူးချောင်းခြား ရွှေရိုးအငှား လိုက်ရတာနဲ့ သူ့လုပ်ခ စားရတယ် မရှိဘူးကိုး။

"အသက်လည်း ကြီးပါပြီတော် မရှူးချင်ပါနဲ့တော့။ တော့်ဟာက လုပ်
စားရမယ့်အရွယ်မှာ ဖိဖိစီးစီးလေး လုပ်စေချင်တယ်။ ကလေးတွေကလည်
တော် ထွက်ကတာ ရှက်ကြတယ်။ ထော်လာဂျီ မမောင်းချင်လည်း ကျ
သာ ကူပါတော်၊ ထမင်းစားရပါတယ်"

မယားလုပ်သူကတော့ ပြောတာပါပဲ။ မောင်ကြည်ကတော့ မရပါ
ဖြစ်နိုင်ရင် ပန်တျာကျောင်း ဆိုတာတောင် တက်လိုက်ချင်သေးတာကလ
မယားက သည်လိုပြောရင် အနားက ထီး ဖြောင်းခနဲဖွင့်ပြီး ဦးရွှေရိုး ထ
လိုက်သေးတာ။

"ငါက နင့်တောင် ဒေါ်မိုး လုပ်လိုက်စေချင်သေး"

ဦးရွှေရိုးနဲ့ ဒေါ်မိုးက အတွဲကိုး။ ထားပါတော့။ အခုတော့ ကိုယ်နေ
သောင်းအေး ရပ်ကွက်က တီးဝိုင်းထောင်တော့မတဲ့။ လူငယ်တွေ ပိုက်ဆံကော
ကြတော့ သူတောင် နှစ်ရာထည့်လိုက်သေးတယ်။ ပိုက်ဆံက လစဉ်ကော
မှာဆိုတော့ သူ့ကို စာရင်းသေထားလိုက်လို့တောင် မှာထားသေးတာပါ။

"ကောင်းတယ်ကွ စိုးခရ၊ ဘယ့်နှယ်ကွာ ရပ်ကွက်တီးဝိုင်း မရှိရမ
လို့။ အကက ငါရှိသကွာ။ ကိုင်း ဘယ်သူ ယှဉ်နိုင်မတုန်း။ လုပ်သာလုပ်
စည်တိုဖြစ်ဖြစ် ဒိုးပတ်ဖြစ်ဖြစ်တော့ ပါပစေကွာ။ ဒါမှ ငါ ကလို့ရမှာ"

မောင်ကြည်က အူကိုမြူးနေတော့တာ။ ဝမ်းကိုသာနေတော့တာ။ ဦးရွှေ
ကကို ကတတ်သလို ကတာမျိုးတောင် မဟုတ်တော့ပါဘူး။ ကချက်တွေတော
ထွင်ထားသေးတာကော။ ကလိုက်ချေသေးရဲ့ပေါ့လေ။

(၄)

သောင်းအေး ရပ်ကွက် လူငယ်တွေက ပိုက်ဆံကို ရတဲ့နည်းနဲ့ ရှာကြတာပါ
ဂလုံးဂလုံ့အဆုံး၊ အလှူအိမ် ရေထမ်းအဆုံး ရှာကြတယ်။ နှစ်ပေါက် အ
ခံတယ်။ ရပ်ကွက်ကလည်း ဘုမသိဘမသိပေါ့လေ။ ထည့်ကြရတယ်။ အလှ
ထွက်ကြတယ်။ ရပ်ကွက်ထဲဖြတ်တဲ့ ကားကြီးတွေ အလှူပိတ်ခံတယ်။ ရ
သလို ရပြီး စာရင်းကလည်း ဝင်ချင်သလို ဝင်နေတာထား၊ ဖွဲကလေးနဲ့
စီးစီးကလေး လုံးပမ်းကြတော့ ငွေကလေး စုမိကြပြီ။ လိုတဲ့ငွေ အတိုးနဲ့
ရသေးတာ။ တစ်ခါတည်း ဘယ်ပြည့်စုံလိမ့်မလဲ။ အော်ဂင့်က ငှားရမှာဆို
မဝယ်ဘူး။ ခြောက်လုံးပတ် ဝယ်တယ်။ စခွန့်ဒိုးကြီးတစ်လုံး ဝယ်တယ်။ စည်
သုံးလုံးနဲ့ လင်းကွင်း ဝယ်တယ်။ မောင်းဆိုင်းအကျ တစ်စုံအချောင်ရလို့ ဝ



ယ်။ ဟိုက သည်က စုပေါင်းစပ်ပေါင်းနဲ့ တီးဝိုင်းဖြစ်ကရော။ ပိုက်ဆံကတော့
ကောက်မပျက်ဘူး။ ငွေတိုးက ရှိသေးတာကိုး။ ရပ်ကွက်လူကြီးတွေက ရပ်ကွက်
ရောကောက်တာ သိသား။ နို့ပေမယ့် မပြောကြတော့ပါဘူး။ ထည့်နိုင်လို့
ည့်ကြရင် ပြီးတာပဲကိုး။ တီးဝိုင်းကလေးရှိတော့ တခြားသီးချင်းတွေ တိုက်
သလိုပဲ မောင်ကြည် ဦးရွှေရိုးကလည်း ခွင်နဲ့ဘာနဲ့ နာရီဝက်စာလုပ်ထား
တယ်။ မောင်ကြည်က ထော်လာဂျီပစ်ထားပြီး ဦးရွှေရိုးဝတ်နဲ့ ညနေကတည်း
သူ့အလှည့်ရောက်နိုးရောက်နိုး စောင့်ရင်း မိုးချုပ်ရတယ် ပြောပါတော့။
င့်ကျက်သရေ ခေါင်းပေါင်းက ဘကြီးရှိန်ဆီက ငှားတယ်။ တိုက်ပုံအင်္ကျီ
ဖက်တာ အနက်ရောင်က ဘိုးကျန်ဆီက။ နှုတ်ခမ်းမွေးတုက ဇာတ်လူကြမ်း
င်း ကိုစိန်တင်ဝင်းဥစ္စာ။ ပုဆိုးကွက်တုံးက သူ့မိန်းမ မုန့်ဟင်းခါးဆိုင်
စားပွဲခင်း။ အိမ်တော်ရာထီးဟောင်းကသာ သူ့ကိုယ်ပိုင်ကိုး။ ဘာပဲဖြစ်ဖြစ်
အလှည့်ဆိုလို့ကတော့ ကွေးနေအောင် ကတာပါပဲ။ အဆိုအပြောတောင်
သေးတာကလား။ သူ့ကိုယ်သူ ရွှေရိုးငကြည်တဲ့။ သူ့ ကခွင်ထဲ ရွှေရိုးငကြည်၊
ရိုးငကြည်နဲ့ ပြောတတ်တော့ ရပ်ကွက်ကလည်း ရွှေရိုးငကြည် ခေါ်ကြတော့
။ သူကလည်း ကျေနပ်တယ်။ အိမ်တော်ရာ ထီးဟောင်း တစ်လက်ရင်း
ရထားတဲ့နာမည် မဟုတ်လား။

ဒါပေမယ့် နှစ်ဝက်လောက်မှာ မောင်ကြည် မကရတော့ဘူး။ သူ အင်မတန်
မ်းတဲ့ ရွှေရိုးကနဲ့ ခဏတစ်ဖြုတ် ခွဲရတာပါ။ ဖြစ်ပုံက သူ့က ကားလိုင်စင်
လေး လျှောက်ထားနှင့်ပြီးသားက သက်တမ်းကလေးရတော့ ကားကြီးမောင်း
ရတာကိုး။ သည်တော့ ထော်လာဂျီက သဲကားကြီးပေါ် ရောက်ရတယ်။
းအုံနာက ကျောက်ဆည်ဘက် သဲလုပ်ငန်းသွားလုပ်တော့ မလွှဲသာမကင်း
သူပါ ပါသွားရတာပါ။ ရာသီ တစ်ရာသီစာလောက်ပါကွာဆိုတော့ မငြင်း
တူးကိုး။ သည်တော့ အဆက်ပြတ်နေတာပေါ့လေ။

(၅)

င်ကြည် နှစ်ဝက်လောက် ကျောက်ဆည်ဘက်ရောက်နေတုန်း သောင်းအေး
ကွက်ထဲမှာ ပြဿနာဖြစ်ကြပြီ။ စာရင်းတွေ မရှင်းလို့တဲ့။ ငွေတိုးတွေ မဆပ
တဲ့။ တီးဝိုင်းပစ္စည်းတွေ ပျောက်လို့တဲ့။ တီးတော့လည်း မူးမူးရူးရူးနဲ့ ဖျက်လို
က်ဆီး တီးကြလို့တဲ့ စသဖြင့် ဖြစ်လာတယ်။ လူဆိုတာက ပုံသေကားချရှိ
မဟုတ်တော့ ဟိုရောက်သည်ရောက်ကြ။ အချိန်မပေးနိုင်လို့ မရောက်ကြ

စသည်ဖြင့် လူစုကွဲလာရော။ အဆိုးဆုံးက မောင်း၊ နဲ့တွေ၊ ကြေးတွေ စခွ
တွေ ဝေမျှထားကြတာပေါ့လေ။ သည်တော့ လူကြီးတွေက 'သည်း' တော
လည်း ဒင်းတို့ပဲ။ ပျက်တော့လည်း ဒင်းတို့ပဲ။ ဘာပဲဖြစ်ဖြစ် ရပ်ကွက်ကောက်
ငွေကလည်း ပါနေတော့ ပစ္စည်းကလေး စနစ်တကျဖြစ်အောင် ယူထားတ
လူငယ်တွေဆီ ပြန်တောင်းတယ်။ လူငယ်တွေကလည်း ဒါ လူကြီးတွေနဲ့ မဆိ
ဘူး။ ဓမ္မာရုံပိုင် မဟုတ်ဘူး။ ကျုပ်တို့ရှာထားတာ ဘာညာဖြစ်ကြပေါ့။ လူကြ
တွေကလည်း ရပ်ကွက်ပိုက်ဆံပါတယ်။ ဘယ်မှာပဲ နှစ်ပေါက် ကောက်ခ
ငွေစာရင်း၊ ဒါကို ပြန်အမ်းနိုင်ရင် မင်းတို့သဘော ဖြစ်ကုန်ရော။ အပ်ရမယ
နဲ့ မအပ်ဘူး ပြဿနာကြီးလာတော့ လူကြီးတွေက ရပ်ကွက် အုပ်ချုပ်ရေးက
အစီရင်ခံတယ်။ ရပ်ကွက်အုပ်ချုပ်ရေး လူကြီးတွေကလည်း ပြေရာပြေကြောင
တို့ ခဏထိန်းပေးမယ်။ ပစ္စည်းတွေ တစ်စစီ ပြန့်ကျဲနေတာ မကောင်းဘူး
သည်တော့ မပျောက်ပျက်ခင် ရပ်ကွက်ရုံးကို အားလုံး လာအပ်ရမယ် စာထုတ
ကရော။ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်ပေါ့လေ။ လူငယ်တွေက ဒါကို ကျေန
တယ်။ ဓမ္မာရုံလူကြီးတွေ မအပ်ရပြီးရော။ ရပ်ကွက်အုပ်ချုပ်ရေးရုံးအပ်ရရ
ကျေနပ်တယ်ကိုး။ သတ်မှတ်ရက်မှာ သည်ပစ္စည်းတွေ ပြန်စုပြီး ကားကြီးတစ်
နဲ့ တပျော်တပါး တီးရင်း မှုတ်ရင်း အပ်ဖို့ စီစဉ်ကြတယ်။ လူပြန်စုတယ
ပစ္စည်းတွေ ပြန်စုတယ်။ နောက်တစ်နေ့ မနက်ခင်း ဆယ်နာရီလောက် သဲကာ
ကြီး တစ်စီးပေါ်မှာ တီးဝိုင်းရောက်ပြီ။ ရပ်ကွက်ထဲ လှည့်တီးပြီး ညှော်ခံ
သေးတာပေါ့လေ။ ရွှဲ့ကြတာ။

(၆)

သဲကားကြီးပေါ်မှာ ရပ်ကွက်အုပ်ချုပ်ရေးရုံးကို တီးဝိုင်းပစ္စည်းတွေ သွားအပ်
သည်လို တီးမှုတ်နေကြတုန်းမှာပဲ တိုက်တိုက်ဆိုင်ဆိုင် မောင်ကြည့် သဲကားကြ
ရပ်ကွက်ထဲ ရောက်လာပါတယ်။ မန္တလေးဘက် ခဏလာရင်း သူ့မယား ဝင်းလ
ဆီ ဝင်တာ။ အလို ဘာပါလိမ့်။ ကားကြီးပေါ် တီးဝိုင်းနဲ့ပါကော။ အလှူလှည
လား၊ ကထိန်လှည့်လား၊ ခါတိုင်း သည်လို ကားကြီးတွေပေါ် မတီးရပါဘူး
ကေန္တ ဒါ ပွဲကြီးဖြစ်ပါလိမ့်မယ်။ ဘာမပြော ညာမပြော သူ့သဲကား တာ
ခြေထိုးပြီး ပြေးဆင်းသွားတော့တာပါပဲ။ ဘကြီးရှိန်ဆီ ပြေးတယ်။ မော
ကျက်သရေ ခေါင်းပေါင်းရတယ်။ စိန်တင်ဝင်းဆီက နှုတ်ခမ်းမွေးတု ရတယ
ဘိုးကျန်ဆီက တာဖက်တံ့ တိုက်ပုံအနက် ရတယ်။ သူ့မယား မုန့်ဟင်းခါ



ိုင်က ဟင်းဆီတွေ ပွနေတဲ့ စားပွဲခင်း ဇွတ်ဖြုတ်ယူတယ်။ အိမ်ထဲဝင် အိမ်
တ်ရာ ထီးပေါင်းယူတော့ မယားက အကျိုးအကြောင်းပြောဖို့ ဝင်လာတာ
တာင် လက်မခံဘူး။ အဝေးရောက်နေတဲ့ လင်သား ဖျတ်ခနဲ တွေ့လိုက်ရပြီး
ပျောက်သွားတာပေါ့လေ။ မောင်ကြည်က ကားပေါ် တွယ်တက်လိုက်တယ်။
ီးဝိုင်းက ရွှေရိုးကြေည် ဖျတ်ခနဲ ရောက်လာတော့ သွေးကြွသွားကြတယ်။
သံတွေ ပိုမြည်လာတယ်။ ပိုပြီး အော်ကြဟစ်ကြတယ်။ ကားပေါ်မှာ ချက်ချင်း
ဝတ်လဲပြီး မောင်ကြည်ကလည်း သူ့ခွင်သူဝင်တာပါပဲ။ ခဏနေတော့ ကား
ထွက်ရော။ မောင်ကြည်က အလှူလှည့်စပြီထင်တာကိုး။ ပြုံးပြုံးကြီး ကနေ
တော့တာပါ။

(၇)

ပ်ကွက်ရုံးရောက်တော့ လူကြီးတွေက တီးဝိုင်းပစ္စည်းတွေကို လက်ခံပုံစံနဲ့
က်ခံတယ်။ စိုးခကို လက်မှတ်ထိုးခိုင်းတယ်။ သူတို့လည်း ထိုးကြတယ်။
ာင် စုစုစည်းစည်းရှိလို့ တီးချင်မှုတ်ချင်ကြရင် တစ်ဦးက တာဝန်ခံပြီး လာ
ုတ်ဖို့လည်း မှာတယ်။ ပြီးတော့မှ မောင်ကြည်ကို ခေါ်တယ်။ ရွှေရိုးအဝတ်
စားတွေ ချွတ်ခိုင်းရော။ မောင်ကြည်က ဘာကိစ္စ ချွတ်ခိုင်းမှန်း မသိဘူး။
ကြီးတွေက ချွတ်ဆိုတော့ ချွတ်တာပေါ့လေ။ ဒါတွေကို လက်ခံပုံစံနဲ့ အသိမ်း
တယ်။ ဓမ္မာရုံလူကြီးတွေကို လူငယ်တွေက တီးဝိုင်းကြီးတီးပြီး ကလန်ကဆန်
ုပ်ကြတာထား၊ မင်းက မကြီးမငယ်နဲ့ လူကြီးတွေ ကပ်ဖဲ့တိုက်တာ ကောင်း
လားလို့လည်း ကြိမ်းတယ်။ မောင်ကြည်က သူ ဘာမှမသိရကြောင်း၊ ဘုမသိ
မသိ ပါလာတဲ့အကြောင်း ရှင်းပြပေမယ့် မရတော့ပါဘူး။ ဒါလည်း ဘုံ
ှည်းပဲ။ နောင်မှ ထုတ်ပေးမယ်ဆိုပြီး သိမ်းထားလိုက်ကြရော။

သည်လို ခဏသိမ်းတာက ပြဿနာမဟုတ်ပါဘူး။ သူ့အိမ်တော်ရာထီး
ြီးနဲ့ သူ့မယား ဝင်းလှ မုန့်ဟင်းခါးဆိုင်က စားပွဲခင်း ကွက်တုံးက ရှင်းလို့
တယ်။ မသကာ လင်မယား ထသတ်ရုံပ။ ခက်တာက ဘိုးကျန် တိုက်ပုံက
ဿနာ။ ဘကြီးရှိန် မောင့်ကျက်သရေက ပြဿနာ။ စိန်တင်ဝင်း နှုတ်ခမ်း
ွေးတုက ပြဿနာ။ သည်မှာလည်း စိန်တင်ဝင်းက တောင်းပန်တော့ ကျေနပ်
ားတယ်။ သူလည်း မသုံးတော့ပါဘူးတဲ့။ ရပါတယ်တဲ့။ ဘိုးကျန်တိုက်ပုံ
လည်း ဈေးချိုက သူ့ထက်ကောင်းတာ ဝယ်ပေးလိုက်တော့ လက်ခံတယ်။
ါတယ်ကွာ သည်လိုပေါ့ဆိုပြီး ယူလိုက်တာ။ ဘယ်လိုမှ ညှိမရတာက ဘကြီး

ရှိန်ရဲ့ မောင့်ကျက်သရေ ခေါင်းပေါင်းပဲ။ ပိုက်ဆံလျော်တော့လည်း မယ
တဲ့။ အစားဝယ်ပေးတာလည်း ဘယ်လောက်ကောင်းကောင်း လက်မခံဘူး

"ငါက အစကတည်းက မငှားချင်တာ မောင်၊ ခြော်လေ ရပ်
ကိစ္စတွေရယ်လို့ ခဏတစ်ဖြုတ် ငှားတာ။ မင်းက ရွှေရိုးကြေည် အမည်
လိုချင်တာ၊ သူများခေါင်းပေါင်းနဲ့ကိုးကွ။ ငါ့ဟာတော့ မရဘူးကွာ။ အသစ်
လို့လည်း မယူဘူး။ ပိုက်ဆံပေးလို့လည် မယူဘူး။ ဒါက ဘကြီးသမိုင်းနဲ့
တာကွ။ ဒါပျောက်ရင် ဘကြီး သေမှာပဲ"

ရပ်ကွက်ထဲမှာတော့ ပြောစမှတ်ပေါ့။ ခုထက်ထိလည်း မောင့်ကျက်သ
က မရသေးဘူး။ သွားလည်း မတောင်းရဲဘူး။ ဘကြီးရှိန်ကလည်း သူ့ဟ
ပြန်မရရင် သေမှာပဲဆိုတော့ မျက်နှာက ပူလှပြီ။ ရပ်ကွက်က မောင်ကြည်
ဘကြီးရှိန်ကို ချော့မော့ပြီး အလျော်ပေးလိုက်ပါလားဆိုတော့ 'သူက
မောင့်ကျက်သရေက သမိုင်းနဲ့တဲ့ဗျ။ ကျုပ်က ငွေအလိုတော့ လျော်နိုင်ပါ
သမိုင်း ဘယ့်နှယ်လုပ် လျော်မတုန်း' တဲ့။ သူပြောတာလည်း ဟုတ်တုတ်
ကိုး။

[အင်ကြင်းကြာအုံ ရတနာပုံမ်ဝတ္ထုတိုများ၊ မွေးနေ့၊ မ္ဘ

## ပင်လယ်သေ

### (၁)

းဖြူသုတ်ထားတဲ့ နှစ်လက်မပတ်လည် သံဆန်ခါအကွက်တွေထဲကို သူ့
က်ချောင်းကြီးတွေ တစ်ကွက်တစ်ချောင်း ထိုးထည့်လာရင်းက သူ အပြင်ဘက်
ခပ်ငေးငေး ကြည့်နေလိုက်တယ်။ ဒါဟာ သူ့ရဲ့ နေ့စဉ် လုပ်ရိုးလုပ်စဉ်
သေးအဖွဲ့ကလေးတွေထဲက တစ်ခုပဲ။

ညနေစောင်းပြီဆိုတာနဲ့ အိမ်အပေါ်ထပ်ကနေ အောက်ကို ဆင်းလာပြီး
သံဆန်ခါကွက်တွေထဲကို လက်ချောင်းတွေ ထိုးသွင်း ကုတ်တွယ်ထားရင်း
အပြင်ဘက်ကို သည်လိုပဲ သူ ငေးနေကျ။

တစ်ခါတလေတော့ သူဟာ ကလေးတစ်ယောက်လိုပဲ **သံဆန်ခါကွက်**
ပေါ်ကို မျက်နှာထိကပ်သွားတယ်။ သံဆန်ခါက အေးစက်စက် ထိအတွေ့
သူ့နှာခေါင်း၊ သူ့နှုတ်ခမ်းထူထူကြီးတွေကတစ်ဆင့် ရနေတတ်တာကိုပဲ
သဘောတွေ့နေတယ်။

သံဆန်ခါတွေပေါ်မှာ သူ့နှုတ်ခမ်းထူကြီးကို ကပ်ထားပေမယ့် သူ့
က်ခမ်းတွေဟာ တစ်ခုခုကို ရွတ်ဖတ်နေသလို လှုပ်နေတတ်တာလည်းရှိရဲ့။
လည်း သူ့အကျင့် တော်တော်များများထဲက တစ်ခုပါပဲ။ မသိတဲ့လူ တစ်
ာက်ကများတွေ့ရင် မန္တန်တစ်ပုဒ်ပုဒ်ကိုများ ရွတ်ဖတ်နေသလား။ ဘုရား
း တစ်ပုဒ်ပုဒ်ကိုများ ပူဇော်နေသလား ထင်ကြမှာပဲ။

ဒါပေမယ့် မန္တန်လည်း မဟုတ်ဘူး။ ဘုရားရှိခိုးနေတာလည်း မဟုတ်ဘူး။
နှုတ်ခမ်းတွေက တစ်ခုခု ငေးနေတုန်းမှာပဲဖြစ်ဖြစ်၊ စိတ်လှုပ်ရှားတဲ့အခါမှာ

ပဲ ဖြစ်ဖြစ်၊ ဒေါသတကြီး ရှိနေတတ်တဲ့အခါမှာပဲဖြစ်ဖြစ်၊ သည်လိုပဲ လှုပ်
တတ်တယ်။

သူ့နှုတ်ခမ်းထူထူကြီးတွေကသာ လှုပ်သာ။ မျက်လုံးစောင်းစောင်း
ကတော့ သူငယ်အိမ် မရွေ့စတမ်း ငြိမ်သက်နေတယ်။ သူ့ဟာသူ မြင်နေ
မြင်ကွင်းဘောင်ထဲက အရာတွေကို ချုံ့ငုံပြီး ကြည့်နေတာမျိုးနဲ့ ကြည့်နေ
မြင်ကွင်းထဲမှာ အတော်များများ မြင်နေရတာက ကောင်းကင်ပြာပြာကြီး။ အဲ
ကောင်းကင်ပြာပြာကြီး နောက်ခံမှာ ကျောက်ဂွမ်းစာမျှင်မျှင်တွေလို စေး
ထန်း မိုးတိမ်အမျှင်တွေ ပြေးလွှားနေတာကိုလည်း သူ မလွတ်တမ်း လိုက်
မှတ်နေတယ်။ မိုးတိမ်တွေဟာ အင်မတန် လျှင်မြန်တဲ့အဟုန်နဲ့ ရွေ့လျား
တယ်။

မိုးတိမ်တွေဟာ ဆုံးပဲ မဆုံးနိုင်ဘူး။ ဒါပေမယ့်နော်၊ မိုးတိမ်တွေ ရွေ့
တာကို သူ လိုက်ကြည့်နေတာတော့ မဟုတ်ဘူး။ မည်ကာမတ္တ ကြည့်ရုံကြ
နေတာ။ ယုတ်စွအဆုံး၊ မြင်ကွင်းထဲမှာ တစ်ဆက်တည်း မြင်နေရတဲ့ အုန်းလ
ဖားဖားကြီးတွေ လှုပ်ယိမ်းနေတာကိုလည်း သူ မြင်နေရတာပဲ။

ဒါပေမယ့် သူ့မျက်လုံး စောင်းစောင်းတွေဟာ ယိမ်းလှုပ်နေတဲ့ အုန်းလ
စိမ်းစိမ်းတွေနောက်ကို လိုက်ကြည့်နေတာ မဟုတ်ပြန်ဘူး။ ငြိမ်သက်နေ
သူ့မျက်လုံးတွေထဲမှာ သူ မြင်နေရတဲ့အတိုင်း သူ ခံစားနေရတာ။ အဲသ
အချိန်မှာ မိုးရေစက်တွေ ပြတင်းကတစ်ဆင့် သူ့ကို လာစဉ်တယ်။ သူ့မျက်
ပေါ်ကို၊ သူ့လက်တွေပေါ်ကို မိုးရေတွေ အတော်များများလေး ကျလာတော့
သံဆန်ခါပေါ်က သူ့နှုတ်ခမ်းကို ခွာလိုက်တယ်။

သည်တော့ သူ့တစ်ကိုယ်လုံးကို မျှော့တစ်ကောင်လို တွန့်လှုပ်လိုက်ရ
သံဆန်ခါအပြင်ဘက်က သစ်သားတရုတ်ကပ်ကို ဆွဲချလိုက်ဖို့ သူ့လက်တွေ
ကို သစ်သားမောင်းတံပေါ် တင်လိုက်တယ်။ သစ်သားတရုတ်ကပ်တံခါး တ
ချပ်ဟာ သစ်သားမောင်းတံကို ဖိချလိုက်တာနဲ့ ပိတ်သွားတော့မယ်။ ပိတ်သွ
ရင် သည်မြင်ကွင်းတွေ ကွယ်သွားလိမ့်မယ်ဆိုတာကို သူ ဖျတ်ခနဲ သတိရသွ
ပြန်ရော။ သည်တော့ သစ်သားမောင်းတံကလေးကို ဆွဲချလိုက်ဖို့ သူ လက်
တွန့်သွားတယ်။

မပိတ်ဖြစ်ပြန်ဘူး။ မိုးရေစက်တွေဟာ တဖျောဖျော သူ့ကိုယ်ပေါ်
ပက်စဉ်တာကို ကလေးတစ်ယောက်လို သဘောကျနေရင်းက မြင်ကွင်းတွေ
သူ ကြည့်နေပြန်ရော။ ကောင်းကင်ပြာပြာ၊ မီးခိုးဖျော့ရောင်မိုးတိမ်စတွေ၊ ရှန်းရှ



...န်ခတ် ဖြစ်နေတဲ့ အုန်းလက်တွေ အားလုံးကို သူ သဘောကျနေတယ်။
...က်တော်ကြာကြာကြီး အဲသလို နေပစ်လိုက်တယ်ထင်တယ်။

ဆယ့်ငါးမိနစ်လောက် ကြာလိမ့်မယ်။ အဲသည့်အချိန်မှာပဲ အဖြူနဲ့အနက်
...ား ဘောလုံးတစ်လုံးဟာ သူ ရပ်နေတဲ့ သံဆန်ကာ ပြတင်းရှေ့ကို လိမ့်လာ
...ယ်။ သူ စိုက်ထားတဲ့ အပွင့်ဖွေးဖွေး အပျိုမနိုင်ပင်ကလေးတွေရဲ့ အခြေမှာ
...ာလုံးဟာ ရပ်သွားတယ်။

ခဏကလေးအတွင်းမှာပဲ ကလေးတစ်ယောက် သူ့မြင်ကွင်းထဲ ရောက်
...ာတယ်။ ခပ်သဲသဲကြီး ရွာနေပြီဖြစ်တဲ့ မိုးရေတွေကြားက ဘောလုံးလာကောက်
...ဲ့ ကလေးကို သူ မြင်နေရတယ်။ ကလေးကတော့ ဘောလုံးကို မဲနေလို့
...ူ့ကို မြင်ဟန်မတူဘူး။ ဘောလုံးကို လက်နဲ့ကောက်ယူနေတုန်းမှာပဲ ဘာရယ်
...လို့ မဟုတ်ဘဲ သူ အော်လိုက်တယ်။

"ဟိတ်ကောင်လေး ဟိတ်"

"ဗျာ…"

ကောင်လေးက အဲသည်တော့မှ သူ့ကိုမြင်သွားတယ်။ သံဆန်ခါ ပြတင်း
...ထဲကနေ မိုးစိုခံပြီး ရပ်နေတဲ့ သူ့မျက်နှာကို ကောင်လေးက ခဏလေးကြည့်
...လိုက်ရင်း ဖျတ်ခနဲ ထွက်ပြေးသွားတယ်။

တကယ်တော့ သူကလည်း ကောင်လေးရဲ့မျက်နှာကို တစ်စက္ကန့်ရဲ့
...တစ်ဝက်မရှိတာရှိလောက်အတွင်းမှာ မြင်လိုက်ရတာပါ။ ဒါပေမယ့် သူဟာ တုန်လှုပ်
...ချောက်ချားသွားတယ်။ လန့်ဖျပ်သွားတယ်။ သူ့နှုတ်ခမ်းထူကြီးတွေဟာ ပွင့်ဟ
...သွားတယ်။

ခပ်ပါးပါးကလေးသာ ကျန်တော့တဲ့ သူ့ဆံပင် လိမ်လိမ်ကလေးတွေ
...ထောင်ထောင်ထသွားတယ်လို့ သူ ထင်တယ်။ ဖျဉ်းခနဲ နွေးခနဲတောင် သူ
...ခံစားလိုက်ရတယ် ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မိုးရေစက်တွေထဲမှာ သူ
...ဖျတ်ခနဲ မြင်လိုက်ရတဲ့ ကလေးဟာ သူနဲ့တူနေတာကိုး။

မည်းချိတ်ချိတ် အသား၊ လိမ်ကောက်ကောက် ဆံပင်။ ထူအမ်းအမ်း
...နှုတ်ခမ်းသာ တူတယ်ဆိုရင် ဘာပြောစရာရှိမလဲ။ မဟုတ်ဘူး၊ ကလေးရဲ့
...မျက်လုံးတွေဟာလည်း သူ့လိုပဲ စောင်းနေတယ်။ တကယ့်ကို သူ့လိုပဲ တောင်
...တစ်လုံး မြောက်တစ်လုံး စောင်းနေတယ်။

ဘယ်လောက်တောင်တူသလဲဆိုရင် မိတ္တူစက်ထဲထည့်ပြီး အဆ နှစ်ဆယ်
...ချဲ့လိုက်တဲ့ မိတ္တူဓာတ်ပုံတစ်ချပ်လို သူနဲ့တူနေတယ်။ ဒီတဒင်္ဂမှာပဲ သူ့စိတ်

တွေဟာ လေးလံထိုင်းမှိုင်းသွားတယ်။ သူ့ရင်ထဲမှာ အကြောင်းအရာမျိုးစုံဟာ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်ပေါ်နေတယ်။

သံဆန်ခါကွက်တွေနားက ခွာလိုက်ပြီး ဆက်တီပောင်းတစ်လုံးပေါ်မှာ ထိုင်ချလိုက်တဲ့အထိ သူဟာ သူ့ကိုယ်သူ ရွေ့လျားနေမှန်း မသိလောက်အောင် တုန်ယင်နေတယ်။ သူ့ရဲ့ ငယ်ဘဝတွေဆီကို စိတ်ရောက်သွားတုန်းမှာပဲ မိုးဟာ အင်မတန် ပြင်းထန်တဲ့အဟုန်နဲ့ ရွာချလိုက်တယ်။ မိုးရေတွေဟာ မပိတ်ရသေးတဲ့ ပြတင်းကတစ်ဆင့် ကြမ်းခင်းပေါ်ကို တရစပ်စီးကျနေတာကိုလည်း သူ မပိတ်မိတော့ဘူး။

မိုးရေတွေဟာ ကြမ်းပြင်ပေါ်မှာ ရေစီးကြောင်းကလေးတွေလို နိမ့်ရာဘက်ကို စီးဆင်းသွားတာကို ကြည့်ရင်းက သူ့အမေကို သူ မြင်ယောင်လာတယ်။ သူ့အဖေကို သူ မြင်ယောင်လာတယ်။ သူ့ရွာကို သူ သတိရလာတယ်။

မြင်းရိုင်းတစ်စီး လုပြေးသလို ရေစီးကြမ်းတဲ့ ချောင်းတစ်ချောင်းရဲ့အစပ်က ရွာတစ်ရွာမှာ အခုလို မိုးတွေ တအားရွာနေတုန်းမှာပဲ သူ့ကို မွေးတယ်လို့ အဖေက မကြာခဏ သတိတရ ပြောတတ်တာကိုလည်း သူ ကြားယောင်နေပြန်ရော။ သူ့ငယ်ဘဝတွေကို စီကာစဉ်ကာ သတိရနေတယ်။

ရွာက ကျုတ်ကုန်းကြီး။

ချောင်းက မုန်းကျချောင်း။

အဖေက ကိုဘလှ။

အမေက မပြုသွယ်။

သူ ပထမဆုံး သတိရတာက သူ့ကို အဲသလို မိုးကြီး ပြိုမှောင်နေတဲ့ ညမျိုးမှာ မွေးတယ်ဆိုတာပဲ။

(၂)

မုန်းကျချောင်းဘေးက ကျုတ်ကုန်းကြီးမှာ သူ့ကိုမွေးတဲ့ညက နှစ်ပေါင်းသုံးဆယ်အတွင်း တစ်ခါမှ မကျဖူးတဲ့ မုန်းကျချောင်းရေဟာ ကြောက်မက်ဖွယ်ရာ ရွာထဲကို စီးဝင်လာသတဲ့။

ချောင်းရေကျလို့ မွှေတဲ့ ရေကာင်း သံချောင်းခေါက်သံတွေ တဒေါင်ဒေါင်ဆူညံနေတုန်းမှာပဲ သူ့ကို လက်သည်က ခက်ခက်ခဲခဲ ဆွဲထုတ်ယူလိုက်တယ်။ ရေနံဆီမီးတိုင်က အရောင်ကြောင့် လက်သည်ရဲ့အရိပ်ဟာ ဝါးထရံပေါင်းတွေပေါ်ကို ကျနေတယ်။



သုံးလေးရက် မစဲတမ်းရွာနေတဲ့ မိုးဟာ သူ့ကို မွေးပြီးချိန်ကလေးမှာ ရုတ်တရက် ကျလာတဲ့ မိုးသက်လေပြင်းနဲ့အတူ ဝါးထရံတွေကို တဖျင်းဖျင်းနဲ့ ဆွဲဖွဲ့နေတယ်။ အသံတစ်ချက်မှမထွက်ဘဲ မလှုပ်တလှုပ်ဖြစ်နေတဲ့ ကလေးငယ်ကို လက်သည်အဘွားကြီးက လက်တစ်ဖက်က ပွေ့ထားရင်း လက်တစ်ဖက်ကဲ ရေနံဆီမီးတိုင်ကို မ,ယူလိုက်တယ်။

"ယောကျ်ားလေး မြသွယ်ရေ။ ဘလှရေ ယောကျ်ားလေးဟဲ့။ အဲ..."

အပြင်မှာ လေရော မိုးရော တရကြမ်းတိုက်နေတုန်း မုန်းကျချောင်းရေတွေ ရွာတွင်းကို မြွေဆိုးတစ်ကောင်လို တိုးဝင်လာနေတုန်း မိုးကြိုးတွေဟာ ကောင်းကင်နံရံကို ထိုးခွဲလိုက်သလို ထစ်ချုန်းနေတုန်းမှာပဲ လက်သည် အဘွားကြီးဟာ ငြိမ်းလုလု မီးတိုင်ခွက်ကို ဒုတိယအကြိမ် မ,ကြည့်လိုက်ချိန်မှာ ကလေးဟာ ပြင်းထန်စွာ ငိုကြွေးလိုက်တယ်။

သည်တင်မှာပဲ နီကြင့်ကြင့် မီးရောင်ထဲမှာ လက်ခနဲ ဖြစ်သွားတဲ့ ကလေးမျက်နှာပေါ်က အရာဟာ စပါးလုံးတစ်တောက်လောက် ရှည်လျားတဲ့ သွားတစ်ချောင်း ဖြစ်နေတယ်ဆိုတာကို လက်သည်အဘွားကြီးက သိလိုက်တယ်။

သွားက တစ်ချောင်းတည်း။ အပေါ်ရှေ့သွား မဟုတ်ဘူး။ သွားတက်လို နေရာက တစ်ချောင်းတည်းပေါက်နေတဲ့ အစွယ်လေး။

"ဘုရား... ဘုရား ဖွဟဲ့"

ကျုတ်ကုန်းကြီးက လူတွေဟာ မိုးထဲလေထဲမှာပဲ သည်သတင်းကို ကြားကြတယ်။ ထုပ်ဟာယ် ပိုးဟာယ်၊ ပြောင်းဟာယ် ရွှေ့ဟာယ် လုပ်နေကြရင်းက မြသွယ် ဘီလူးမွေးတယ်ဆိုတဲ့ သတင်းဟာ တောမီးလို ပျံ့နှံ့သွားတယ်။

သည်းထန်တဲ့ မိုးရေတွေကြားမှာ ကျုတ်ကုန်းကြီးသားတွေဟာ သံပုံးစုတ်တဒိုင်းဒိုင်းရိုက်ပြီး မြွေခြောက်ရင်းက ရွာနာမှာကို စိုးလာကြတယ်။

မီးနေအိမ်ကို မီးတွင်းမှာ တစ်အိမ်တစ်ယောက် လာကြ သွားကြ အားပေးကြတဲ့ ရိုးရာကိစ္စတွေလည်း မရှိတော့ဘူး။ ရွာထဲမှာတော့ သတင်းတွေ အမျိုးမျိုးပေါ့။ ဖအေလုပ်သူက ကလေးကိုခွပြီး ဓားထမ်းကျော်တော့ မွေးကင်းစကလေးက ဖအေကို လှမ်းကြည့်နေလိုက်တာ လူကြီးတစ်ယောက်လိုပဲတဲ့။ မအေကို အိပ်မက်တွေပေးတာ သုံးခါရှိပြီတဲ့။ တစ်ရွာလုံးကိုစားဖို့ သူရောက်လာတဲ့အကြောင်း ရွာဦးကျောင်းဆရာတော်ကိုလည်း အိပ်မက်ပေးသတဲ့။ ကလေးကို မွေးတဲ့နေ့ကစပြီး မအေ သွေးတက်နေလိုက်တာ သတိမရဘူးတဲ့။

စကားတွေကတော့ ကြောက်စရာလည်း ကောင်းရဲ့၊ ရယ်စရာလည်း

ကောင်းရဲ့၊ စက်ဆုပ်ရွံရှာစရာလည်း ကောင်းရဲ့။ မပြသွယ်ကတော့ ထူးဆန်းတယ် ဆိုရမယ်။ သူမွေးလိုက်တဲ့ ကလေးဟာ အစွယ်ကလေးတစ်ချောင်းပါလာတယ်ဆိုတာကို ကြားကြားချင်းမှာတော့ အင်မတန် စိတ်ထိခိုက်သွားတာအမှန်ပဲ။

ဒါပေမယ့် ချက်ချင်းလိုလို အားတင်းလိုက်တယ်။ ကိုဘလှကို လှမ်းခေါ်တယ်။ အင်မတန် ပြတ်သားတဲ့အသံနဲ့ ပြောတယ်။

"ကိုဘလှ တော် ကြောက်သလား။ ဘာပဲဖြစ်ဖြစ် ဒီကလေးကို ကျုပ်မွေးမယ်။ လူတွေက ရွာထဲမှာ မထားဘူးဆိုရင် ကျုပ် ရွာပြင်မှာ သွားနေမယ်။ ကျုပ်သားလေးကို ဘယ်သူမှ မထိရဘူး"

တကယ်လည်း ရွာပြင်မှာ သွားမနေရပါဘူး။ ဒါပေမယ့် ရွာပြင်မှာ သွားနေရတာနဲ့လည်း ဘာမှမခြားပါဘူး။ ရွာက မလွဲသာမရှောင်သာကိစ္စကလွဲရင် သူ့ဘို့အိမ်ကို မလာကြတော့ဘူး။ စကားကို ဟက်ဟက်ပက်ပက် မပြောကြတော့ဘူး။ လူမှုရေးကိစ္စတွေမှာလည်း ကြဉ်မှန်းမသိ ကြဉ်လာကြတယ်။

လူတွေက ကြဉ်မှန်းသိတော့ သည်ကိစ္စနဲ့ပဲ လူတွေက ရှောင်မှန်းသိတော့ ကလေးကို နာမည်ပေးဖို့ ဖြစ်လာတဲ့အခါ လူတွေကို နာကြည်းတဲ့စိတ်နဲ့ ကလေးကို ဘယ်သူမှ စိတ်မကူးတဲ့ နာမည်မျိုး မှည့်လိုက်ကြတယ်။

'တာနော' တဲ့။

တာနောလေး လေးနှစ်သားမှာ သူ့အပေါ်က အစ်မနှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် သုံးလပဲခြားပြီး သေသွားတယ်။ တစ်ယောက်က ကျောက်ရောဂါနဲ့ သေတယ်။ နောက်တစ်ယောက်က နေ့လယ်ဘက်ကအကောင်းညကျမှ ကိုယ်ပူပြီး ရုတ်တရက် သေသွားတယ်။ နေ့လယ်ဘက်က အိမ်ဝိုင်းထဲက သရက်ပင်တစ်ပင်မှာ ချည်ထားတဲ့ ဒန်းကို စီးတယ်။

အဲသည်တုန်းမှာပဲ သရက်ပင်ပေါ်က မြွေသေးသေးလေးတစ်ကောင်မြေကြီးပေါ်ကို ဖြုတ်ခနဲ ကျလာတယ်။ မြွေစိမ်းကလေး တစ်ကောင်တည်းပါ။ ရက်ကန်းကြိုးလို့ခေါ်တဲ့ မြွေစိမ်းသေးသေးလေးတစ်ကောင်ပါ။ ဒါကို ဒန်းပေါ်က ကလေးမက လန့်သွားတယ်။ ဒါပဲ။ နေ့လယ် နာရီပြန်နှစ်ချက်လောက်မှာ ထမင်းကြမ်းစားသေးတယ်။ ညနေ လေးနာရီလောက်မှာ မျက်လုံးတွေ ပူတယ်ဆိုပြီး ဝင်ခွေတယ်။ ညရှစ်နာရီလောက်မှာ ကယောင်ကတမ်းအော်ရင်းသေသွားတယ်။ လူငါးယောက်ရှိတဲ့ တာနောတို့ မိသားစုဟာ သုံးယောက်ပဲကျန်တယ်။ သည်လိုနဲ့ လူကောင်ကလေး ထွားလာတဲ့ တာနောဟာ အိမ်မှာ



ရင်ဖြစ်လာတယ်။ မိဘတွေဟာ ဆံပင်လိမ်ကျစ်ကျစ်၊ မျက်လုံးစောင်းစောင်း နှုတ်ခမ်းထူထူ တာနောကို ပိုချစ်လာကြတယ်။ တာနော ရေချိုးဖို့လုပ်တိုင်း တာနော ကိုယ်ပေါ်က မှည့်စလွယ်လို့ခေါ်တဲ့ မှဲ့တွေကို ရေတွက်လေ့ ရှိကြတယ်။ မှဲ့ဟာ ပခုံး၊ ကျော၊ ဝမ်းဗိုက်၊ ခါး စတဲ့ နေရာတွေမှာ စလွယ်သိုင်းထားသလို ဖြစ်နေတယ်။

အားလုံး ဆယ့်တစ်လုံးတိတိ ရှိတယ်။ တာနောရဲ့ မွေးနှစ်ကို သုံးနဲ့ ကြည့်တော့ သုညကြွင်းတယ်။ မှဲ့ဆယ့်တစ်လုံးပါတာက ပါတာပဲ။ နက္ခတ် ဘီလူးနက္ခတ် ဖြစ်နေတယ်။ အရွယ်ရောက်လာတဲ့ တာနောရဲ့ ထူးဆန်းတဲ့ ကျင့်တစ်ခုကတော့ ပန်းတွေကို စားတာပဲ။ ပထမတော့ မိဘတွေက ကလေး ဘာဝ တွေ့ကရာ မြင်ကရာ ကောက်စားတယ်လို့ ထင်ကြတာကိုး မဟုတ်ဘူး။

သေသေချာချာကို နှစ်နှစ်ခြိုက်ခြိုက် စားတာမျိုး ဖြစ်နေတာကို နောက်တော့ မိဘတွေက သတိထားမိသွားတယ်။ တာနောတို့အိမ်မှာရှိတဲ့ စကြာပွင့်တွေကို တာနော စားတယ်။ ဆိတ်ဖလူးပွင့်တွေကို စားတယ်။ ဒေါင်းစရစ်ပန်းပွင့်တွေကို စားတယ်။ မိဘတွေက အမျိုးမျိုး ဟန့်တားကြတယ်။

တစ်ခါတစ်ခါ ပြင်းပြင်းထန်ထန် ရိုက်နှက်တယ်။ အဆိပ်အတောက် အင်မတန်ပြင်းတဲ့ ပန်းမျိုးကို စားမိရင် ဘယ်လိုလုပ်မလဲ။ ပန်းဆိုတာ စားကောင်းတဲ့အရာ မဟုတ်ဘူး။ တချို့ပန်းတွေက ပြဿနာမဟုတ်ပေမယ့် တချို့ပန်းတွေက လျှာပေါ်တင် ဝါးမိတာနဲ့ ပြင်းထန်တဲ့ အဆိပ်ရည်တွေဟာ လူကို ချက်ချင်း လဲကျသေသွားစေနိုင်တယ်။ ဘာညာပေါ့လေ၊ ဆုံးမတယ်။ မရဘူး။ တာနောဟာ ပန်းပွင့် တော်တော်များများကို အားပါးတရ စားတယ်။ သရေစာ စားသလိုကို စားတာ။ ကြာတော့လည်း မိဘတွေက မပြောသာတော့ဘူး။ ပြောနိုင်တော့ဘူး။ သူ့ထိုက်နဲ့ သူ့ကံပဲ။

ဒါပေမယ့် တာနောကလည်း ပန်းပွင့်စားမိလို့ အော့အန်တယ် မရှိဘူး။ တယ် မရှိဘူး။ ဖုတွေ၊ ပိန့်တွေ ထွက်တယ်လို့ မရှိဘူး။ ယားတယ်၊ ယံယ်လို့ မရှိဘူး။ သည်လိုနဲ့ တာနော ကျောင်းနေရမယ့်အရွယ် ရောက်လာယ်။ ရှင်ပြုရမယ့်အရွယ် ရောက်လာတယ်။ တာနော ကိုရင်ဝတ်ပြီး လူက်မယ့်နေ့မှာပဲ သူ့အမေ ဆုံးတယ်။ အဲသည့်နေ့က တာနောရဲ့အဖေ ဗ န်းကြီးကျောင်းကို အစောကြီး ရောက်လာတယ်။

ရှင်လူထွက်ဖို့ ကိစ္စဝိစ္စတွေ ဆောင်ရွက်ရင်းက အချိန်တော်တော် လ
သွားတယ်။ ဥပဇ္ဈာယ်ဆရာတော်ကို ကန်တော့ပြီး သားအဖနှစ်ယောက် 
ထွက်လာတာနဲ့ သူ့အမေ ရေတွင်းက ရေခပ်ပြီး ပြန်လာတာနဲ့ အိမ်မှာလ
ဆုံကြတယ်။ သူ့အမေက သား ကိုရင်လူထွက်ကိုတောင် စကားမပြောနိုင်
မောတယ်ဆိုပြီး တစ်အောင့်တစ်ဖြုတ် နားနေရင်းမှာပဲ မူးတယ်လို့ တစ်ခွန်
ပြောပြီး ကွပ်ပျစ်ပေါ်ကို လဲကျသွားတယ်။

သူ့အဖေက ချက်ချင်းပဲ ပွေ့ထူလိုက်ပေမယ့် ဇက်ဟာ ခေါက်ကျနေ
ဒါကို တာနော အစအဆုံး မြင်နေရတယ်။ သူက သူ့အမေရဲ့ လက်ချော
ကလေးတွေကို ဆုပ်ကိုင်ရင်း 'အစ်မ' လို့ တစ်ခွန်းခေါ်ကြည့်တယ်။ မထူး
တော့ဘူး။ သူက အစ်မ အစ်မလို့ ထပ်ခေါ်တယ်။ မထူးတော့ဘူး။ ဘယ်တေ
မှလည်း ထူးနိုင်မှာ မဟုတ်တော့ဘူး။

သည်လိုနဲ့ တာနောဟာ လူသေတယ်ဆိုတာကို မျက်ဝါးထင်ထင် တေ
ဖူးသွားတယ်။ သူ့အစ်မနှစ်ယောက် သေတုန်းက သူက သိပ်ငယ်သေးတေ
မမှတ်မိဘူး။ အခုတော့ သူ့ကို အရိပ်တစ်ရိပ်လို အမြဲမခွဲခဲ့တဲ့ အမေ သေသွ
ပြီဆိုတော့ သူ သိပ်အံ့သြသွားတယ်။ သိပ်ဝမ်းနည်းသွားတယ်။

အဲသည့်နောက် တာနောဟာ အင်မတန် စကားနည်းသွားတယ်။ တက
တော့ တာနောရဲ့ ပတ်ဝန်းကျင်ဟာ အလွန်ကျဉ်းမြောင်းတယ်။ တာနော
ထိတွေ့ သံယောဇဉ်တွယ်ရသူဆိုတာ အဖေနဲ့အမေ ရှိတယ်။ တာနောကို
သမ္ဗျ မေတ္တာတွေ ပုံအောပေးခဲ့သူဆိုလို့ အမေပဲ ရှိတယ်။ သည်အမေ သေ
ဆိုခါမှတော့ တာနော သူ့အဖေကိုတောင် လိုအပ်မှ စကားပြောတော့တ

သည်လိုနဲ့ သူ လေးတန်းကို ရောက်လာတယ်။ လေးတန်းဟာ ကျ
ကုန်းကြီးမှာ အကြီးဆုံးအတန်းပဲ။ အဲသည့် လေးတန်းကို နှစ်ဝက်လော
တက်ပြီးချိန်မှာ တာနော သူ့ဘဝအတွက် ပထမဆုံး အမှတ်မထင် ဖြစ်
အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့တယ်။

(၃)

လေးတန်းဆိုပေမယ့် တာနောအသက်ဟာ သိပ်ငယ်တော့တာ မဟုတ်
ကျောင်းနေ နောက်ကျတာရော၊ ရှင်ပြုပြီးတာရော၊ အသက်ကလည်း ကြီး
တာရောကြောင့် ထင်ပါရဲ့။ တာနောရဲ့ ကိုယ်ခန္ဓာ အချိုးအစားဟာ သိသိသာ
ကြီး ပြောင်းလဲသွားတယ်။ လည်ပင်းကြီးတွေ တုတ်ခိုင်လာပြီး ဇက်ဟာ တို



ားသလို ဖြစ်လာတယ်။ နဖူးကြီး ပြောင်တင်းလာပြီး မျက်လုံးစောင်းစောင်း
ွဟာ ခပ်ဝိုင်းဝိုင်းရှိရာက ရှည်သွယ်သွယ် ဖြစ်လာတယ်။

ပါးပေါ်က ဝက်ခြံကြီးဟာလည်း တစ်လုံးနဲ့တစ်လုံး ဆက်နေပြီး ဖုတွေ
တွေနဲ့ မည်းညစ်လာတယ်။ အထူးခြားဆုံးကတော့ သူ့ရဲ့ အသံတွေပဲ။
ကောင်ဝင်လာလို့ ခပ်သြသြဖြစ်လာတယ်ပဲ ပြောပါတော့။ အသံဟာ လုံးဝ
ပြောင်းသွားတယ်။ လေပူလို့ခေါ်တဲ့ အသံမျိုး။ လိမ်ကောက်ကောက်ဆံပင်
တ်စုကလေးဟာ ဦးစွန်းဖုတ်ကလေးလို တင်နေရာက ဆံပင်တွေ တော်တော်
းများ ကျွတ်ထွက်ကုန်တယ်။

တကယ်လည်း သူဟာ အသားစား ဘီလူးသဘက် တစ်ကောင်နဲ့ တူလာ
ယ်လို့ ပြောရမယ်။ ဒါပေမယ့် သူဟာ ပန်းပွင့်တွေကို စားတုန်းပဲ။ လွယ်အိတ်
ှာ ကျောင်းစာအုပ်သာ မပါရင်ရှိရမယ်။ ပန်းပွင့် လေးငါးပွင့်တော့ အမြဲ
တယ်။

အဲသည့်နေ့ကလည်း ပန်းပွင့်တစ်ပွင့်ကို စားရင်းက အတန်းထဲ ဝင်လာ
ယ်။ ထုံးစံအတိုင်း အခန်းထောင့် နောက်ဆုံးခုံမှာ ဝင်ထိုင်ရင်းက ဝါးလက်စ
ပွင့်ကို ဆက်ဝါးနေတယ်။ သူနဲ့ တစ်ခုံတည်းထိုင်တဲ့ ကျောင်းသားတွေက
နော ပန်းပွင့်တွေ ဝါးဝါးနေတာကို မြင်နေကျ တွေ့နေကျပေမယ့် သူ့ကို
ဆန်းသလို ကြည့်နေကြတယ်။ တာနောကတော့ ပြတင်းဝက မြင်ရတဲ့
းဝေးက တောတန်းကလေးတွေဆီ၊ ပျဉ်ချပ်တွေ ကွာကျနေပြီဖြစ်တဲ့ နတ်
းစင်ဟောင်းဆီ၊ ထနောင်းပင်တွေ စီတန်းနေတဲ့ လမ်းသွယ်ကလေးတစ်ခု
ဒါမှမဟုတ် မိုးကောင်းကင်ကြီးပေါ်က မိုးတိမ်တွေဆီ၊ တစ်ခုမဟုတ် တစ်ခု
ရိုင်း ရှိနေတတ်တယ်။ တကယ်တော့ တာနော ကျောင်းဆိုတာကို သိပ်
ာမတွေ့လှဘူး။

စာသင်ခန်းထဲကို ပန်းပွင့်ကလေးတွေ ဝါးရင်း တစ်နေကုန် လာလာ
င်နေရတာဟာ တကယ်တော့ ဘာမှ ရေရေရာရာမရှိတဲ့ အချိန်ဖြုန်းမှု သက်
က်ပဲလို့ ထင်တယ်။ စာသင်ခန်းထဲမှာ သင်ရတဲ့ တောင်ကုန်း တောင်တန်း
ွအကြောင်း၊ သက်ဦးဆံပိုင် ဘုရင်တွေရဲ့အကြောင်း၊ လေးပိုင်း တစ်ပိုင်း
းခါပေါင်းရင် တစ် ဖြစ်တဲ့ အကြောင်းတွေကို သူ စိတ်ဝင်စားလို့ မရဘူး။
အဖေဆိုရင် စာမတတ်ဘူး။ သူ့အမေဆိုရင် သေသာသွားတယ်၊ စာနဲ့
်သက်လို့တတ်သလား မတတ်သလား သူ သေသေချာချာ မသိလိုက်ဘူး။

အဲဒါနဲ့ပဲ သူလိုကိုယ်လို နေလို့ထိုင်လို့ ရနေတာပဲလို့ တစ်ခါတစ်ခါ

သူ တွေးတယ်။ သူ့သေးက ဆူညံအော်ဟစ်နေကြတဲ့ ကလေးတွေကို ကြည့်ရင်း လည်း သူ စိတ်ပျက်တယ်။ စာသင်ခန်းထဲမှာ ဘာများ ပျော်စရာရှိလို့ သူတို့ ပျော်နေကြတာလဲ။

အဲသည့်အချိန်မှာပဲ ဆရာဝင်လာတယ်။ ကျောင်းသားတွေအားလုံး ငြိမ် သက်သွားကြတယ်။ တကယ်တော့ သည်ဆရာဟာ သူတို့ကို သင်နေကျ ဆရာ မဟုတ်ဘူး။ အဲသည့်နေ့က သင်နေကျဆရာ မလာလို့ အတန်းကို ခဏဝင်ထိန်း တဲ့ သဘောနဲ့ ဝင်လာတဲ့ဆရာ။

သည်တော့ ဆရာက စာမသင်ဘူး။ ပုံတိုပတ်စကလေးတွေ ပြောတယ်။ ဟိုအကြောင်း သည်အကြောင်းတွေ ပြောတယ်။ သည်လိုနဲ့ ဟိုငေးသည်ငေး ရှိနေတတ်တဲ့ တာနော့တောင် ဆရာ့စကားတွေထဲကို စိတ်ပါသွားတယ်။ ဆရာ က ပြောရင်း ပြောရင်း သောတ္တိသေနမင်းကြီး၊ သမ္ဗုလဒေဝီနဲ့ တာနော့ယက္ခ ဘီလူးအကြောင်းကို ရောက်သွားတယ်။

"တာနော့ယက္ခဆိုတဲ့ ဘီလူးက အင်မတန် ကြမ်းကြုတ်တယ်။ ဘီလူး ဆိုတဲ့အတိုင်း အင်မတန် နိုလိုမင်းထက် ရှိတယ်။ ဘီလူးဆိုတာ ရုပ်ကလည်း ကြမ်းကြမ်း၊ သဘောမနောကလည်း ဆိုးဆိုး၊ မျက်လုံးပြူးပြူး၊ နှုတ်ခမ်းထူထူ နဲ့ တို့အတန်းထဲက တာနော့လိုပုံစံမျိုး ဖြစ်မှာပေါ့"

ဆရာက အမှတ်မထင် ပြောလိုက်တာပါ။ ဒါပေမယ့် အတန်းထဲမှာ အင်မတန် ရယ်ရတဲ့ဟာသ ဖြစ်သွားတယ်။ တစ်တန်းလုံး ရယ်မောနေကြတဲ့ အချိန်မှာ တာနော့ မရယ်ဘူး။ နဖူးပေါ်မှာ စို့တက်လာတဲ့ ချွေးစတွေ လွယ်အိတ် ကြိုးနဲ့ သုတ်တယ်။ လွယ်အိတ်ထဲက ပန်းကလေးတစ်ပွင့်ကို ထုတ်တယ်။ သည် တစ်ခါတော့ သူ မဝါးဖြစ်တော့ဘူး။ ပန်းပွင့်လေးကို ဆုတ်ခြေပစ်လိုက်တယ်။ အဲသည့်တစ်ချိန်လုံး ကျောင်းသား ကျောင်းသူတွေဟာ တာနော့ကို မထိတထိ စကြတယ်။ တာ့နော့ယက္ခလို့ မကြားတကြား ခေါ်ကြတယ်။ ဖြစ်နိုင်ရင် တာနော့ စာသင်ခန်းထဲက ထွက်ပြေးချင်နေတယ်။ သူ့စိတ်တွေကို နတ်ကွန်းစင်ကလေး ဆီ၊ ဒါမှမဟုတ် ကောင်းကင်ပြာကြီးဆီကို ပို့လွှတ်ရင်း ထိန်းချုပ်ကြည့်သေး တယ်။

မရဘူး။ သူ့ရင်တွေ တအားခုန်လာတယ်။ နှုတ်ခမ်းထူကြီးတွေ တလှုပ် လှုပ် ဖြစ်လာတယ်။ သူ့လက်ထဲက ပန်းပွင့်ကလေးကို ဒေါသနဲ့ ဆုတ်ခြေနေ လိုက်တာ ကြေမွနေရုံမကဘူး အရည်ဟောင် ပျော်သွားတယ်။ သူ ကျောင်း လွယ်အိတ်ကို ဆွဲယူလိုက်တယ်။ အတန်းထဲက သူ ဖြည်းဖြည်းချင်း ထွက်လာ



ယ်။ ဆရာနဲ့တကွ ကျောင်းသားတွေဟာ သူ့ကို ရုတ်တရက် မတားဖြစ် နောက်တော့မှ ဆရာကိုယ်တိုင် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားဟန် ူပါရဲ့။ အခန်းဝကို ရောက်နေတဲ့ သူ့ကို လှမ်းခေါ်တယ်။

"တာနော့... တာနော့"

ဒါပေမယ့် သိပ်နောက်ကျသွားပြီ။ တာနော့ ဆရာ့ကို မျက်ရည်ဝဲနေတဲ့ ်လုံး စောင်းစောင်းကြီးတွေနဲ့ ကြည့်တယ်။ သူ့နှုတ်ခမ်း တလှုပ်လှုပ်နဲ့ ခုခုကို သူ လှမ်းပြောလိုက်တယ်။ ဒါပေမယ့် အသံမထွက်ဘူး။ ဘာမှန်းလည်း ်လိုက်ဘူး။

အဲသည့်နေ့ကစပြီး တာနော့ ကျောင်းမတက်တော့ဘူး။ သူ့အဖေကလည်း ွတ်တော့ဘူး။ ဒါကို သိသွားတဲ့ ကျောင်းဆရာဟာ စိတ်ထိခိုက်သွားတယ်။ နော့ကို သွားခေါ်ရင်း ကျောင်းပြန်တက်ခိုင်းမယ်လို့ စိတ်ကူးတယ်။

ဒါပေမယ့် တာနော့ဆီကို ကျောင်းဆရာ မသွားနိုင်တော့ဘူး။ ဘာဖြစ် ဲဆိုတော့ နောက်သုံးလေးရက်လောက်အကြာမှာ ကျောင်းဆရာဟာ ကျောင်း းထဲမှာ ထမင်းစားရင်း ထိုးအန်တယ်။ ခဏနေတော့ 'သေသွားပြီ' ဆိုတဲ့ ာင်းဟာ ကျောင်းကလေးထဲမှာ ချောက်ချားဖွယ် ပေါ်ထွက်လာတယ်။

(၄)

ံဖြစ်ရပ်နဲ့ နှစ်ပေါင်းခြောက်ဆယ်တောင်ကွာတဲ့ အခုအချိန်မှာတော့ သူဟာ ကျချောင်းသေးက ကျုတ်ကုန်းကြီးမှာ မဟုတ်တော့ဘူး။ မြို့ပြ ဆင်ခြေဖုံး ်ခုက အိမ်ကြီးကြီးတစ်လုံးပေါ်ကို ရောက်နေရပြီ။ နှစ်ပေါင်းခြောက်ဆယ် ွင်းမှာ ဘဝပေါင်းစုံကို သူ ကျော်ဖြတ်ခဲ့ပြီးပြီ။ နေရာဒေသ တော်တော် များကို သူ ရောက်ခဲ့ပြီးပြီ။ တောထဲတောင်ထဲ နေပူမိုးရွာမရှောင် သွားရတဲ့ ုပ်မျိုးလည်း သူ လုပ်ခဲ့ပြီးပြီ။ တတ်ထားတဲ့ လေးတန်းမရှိတရှိ စာနဲ့လည်း ယ့်ပြဿနာကြီးတွေကို သူ ကိုင်တွယ်ဖြေရှင်းခဲ့ဖူးပြီ။

မတရားမှု တော်တော်များများမှာလည်း နှစ်သက်ပျော်မောစွာ သူ ကိုယ်ထိ ်ရောက် ပါဝင်ခဲ့ဖူးပြီ။ သူ့ဘဝကပဲ သူ့စိတ်ကိုရော ရုပ်ကိုပါ ကြမ်းကြုတ် ပြီ။ လူတွေဟာ သူ့ရဲ့ ကာယကံမြောက်၊ ဝစီကံမြောက်၊ မနောကံမြောက် ကိစ္စတွေမှာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရဖူးပြီ။ ဘာပဲဖြစ်ဖြစ် လူဆိုတဲ့ သတ္တဝါ လောကသုံးပါးမှာ အကြီးမြတ်ဆုံး ဖြစ်တယ်လို့ ထင်တတ်ကြတယ် မဟုတ် ။ ကိုယ်ပြုခဲ့တဲ့ အမှုကိစ္စတွေဟာ ကိုယ့်အတွက်တော့ဖြင့် တရားတယ်လို့

သာသာထိုးထိုး တွေးတတ်ကြတာပဲ မဟုတ်လား။ သည်လိုနဲ့ မျက်လုံး မော
စောင်း၊ နှုတ်ခမ်းထူထူ၊ မုဲ့စလွယ် ဆယ့်တစ်လုံး ပိုင်တယ်ဆိုတဲ့ သူ့ဘဝ
သူ့ကို ပြဌာန်းပေးသလောက် အတွေးအခေါ်နဲ့ လူ့လောကထဲကို ဖြတ်သ
လာခဲ့တယ်။

သူ့ဘဝကို တကယ် ခွာတ်ခွဲကြည့်ရင် လေးခုပဲ ရှိတယ်လို့ ဆိုရမ
စားခြင်း၊ အိပ်ခြင်း၊ မေထုန်မှီဝဲခြင်းနဲ့ အတ္တကြီးမားခြင်းတို့ပဲ။ အင်မ
ကျဉ်းမြောင်းတဲ့ လူနေမှု ဘဝထဲမှာ မလူးသာမလွန့်သာနေရင်းက ကိုယ်
ကသာ ဖွံ့ဖြိုးလာတယ်။ အတွေးအခေါ်က သေးနုပ်သိပ်ဖျင်းနေတုန်းပဲလို့
ပြောနိုင်မယ် ထင်ပါရဲ့။

ဒါပေမယ့် သူ့ဘဝကို သူ ကျေနပ်နေတာပါပဲ။ သူလိုကိုယ်လိုပဲ ငယ်
တွေကို ဖြတ်သန်းခဲ့ရတယ်။ ကျောင်းနေတယ်။ ကိုရင်ဝတ်တယ်။ အရွယ်
လာတယ်။ မိန်းမတစ်ယောက်ကို သူ ရသလို ယူလိုက်တယ်။ အခုဆိုရင် အ
ကထက် အသက်နည်းနည်း ကြီးလာတယ်။ သူလိုကိုယ်လိုပါပဲ။ တစ်
ထမင်းနှစ်နပ် စားတယ်။ နောက်နည်းနည်း ကြီးလာရင် အိုသွားမယ်။ ပြ
သေမယ်။ ဒါပဲ မဟုတ်လား။ ဘယ်သူတွေက သည့်ထက်ပိုလို့လဲ။ တ
တစ်ခါ သူ အဲသလို တွေးတယ်။

ဒါနဲ့တောင် လူတွေဟာ သူ့ကို နားမလည်နိုင်ကြတာကို သူ စဉ်
လို့ မရဘူး။ ဘယ်သူမဆို ကိုယ့်အတ္တကို ကြီးမားသထက် ကြီးမားအေ
တည်ဆောက်ရင်းက လဲပြိုသွားရတာချင်း အတူတူ ဘာဖြစ်လို့ သူတော
လိုလို၊ အရိယာပုဂ္ဂိုလ်လိုလို ကဲင်ပွန်းတပ်ခံချင်နေကြသလဲလို့သာ သူ ကြ
ကျယ်ကျယ် မပြောတတ်ရင် ရှိရမယ်။ သူ့အတွေးအခေါ်ဟာလည်း အ
အခေါ်ပဲ။ သူ့ဖြတ်သန်းမှုဟာ သည်အခြေခံပေါ်မှာပဲ။

ဘယ်လောက်ကြာသွားတယ် မသိဘူး။ ကိုယ်တစ်ပိုင်းစိုနေတဲ့ က
ခန္ဓာနဲ့ ဆက်တီပေါ်မှာ အကြာကြီးထိုင်နေရင်း သူ ရုတ်တရက် ထရပ်
တယ်။ ကြမ်းခင်းပေါ်မှာတော့ မိုးရေတွေဟာ စိုရွှဲနေလေရဲ့။ အပြင်မှာ
မိုးက ခပ်ဖွဲဖွဲရွာနေတုန်းပဲ။ သူ တရုတ်ကပ်က မောင်းတံကလေးထဲ ဖိချ
တယ်။ တော်တော်လေး မှောင်သွားပြီဖြစ်တဲ့ ပြင်ပမြင်ကွင်းတွေကို သူ မ
ရတော့မှ အိမ်ထဲမှာလည်း တော်တော်မှောင်သွားပြီဆိုတာ သတိထားမိ
တယ်။ မီးခလုတ်ကို ဖွင့်လိုက်တယ်။

ချက်ချင်းလိုလို လင်းရမယ့် မီးပွင့်ဟာ မလင်းပြန်ဘူး။ မီးပျက်



တယ်။ သူဟာ တက်တစ်ချက်ကို ပြင်းပြင်းခေါက်ရင်း ဆက်တီပေါ်က
သားမီးခြစ်ကို လှမ်းယူလိုက်တယ်။ မီးခြစ်ဆံအားလုံးဟာ သည်မိုးရေနဲ့
နပြီ။ တစ်ဆံ နှစ်ဆံ ကြိုးစားပြီး ခြစ်ကြည့်ပေမယ့် မရတော့ဘူး။ သူ့မှာ
ခြားမီးခြစ်လည်း မရှိဘူး။ ခပ်လှမ်းလှမ်းက အိမ်စုတွေဆီမှာ မီးသွားညှိဖို့
စားသေးတယ်။ ဒါပေမယ့် သူ မယူဖြစ်ပါဘူး။ အပေါ်ထပ်ကိုပဲ စိတ်ပျက်
တ်ပျက် တက်လာခဲ့တယ်။

ပုဆိုးရေစိုကို လဲလိုက်တယ်။ စိုထန်းထန်းဖြစ်နေတဲ့ အင်္ကျီကို ချွတ်
ယ်။ အင်္ကျီမပါတဲ့ ကိုယ်ခန္ဓာနဲ့ မီးလာလိုလာငြား ခလုတ်တစ်ခုကို ဖွင့်
ည့်သေးတယ်။ မလာဘူး။ အမြဲတမ်း ပိတ်ထားလေ့ရှိတဲ့ အပေါ်ထပ်က
င်းတွေထဲက တစ်ချပ်ချပ်ကို သူ ဖွင့်ဖို့ ကြိုးစားသေးတယ်။ လင်းရောင်
း နည်းနည်းပါးပါး ရလိုရငြားပေါ့လေ။ တံခါးတစ်ချပ်က တော်တော်လေး
ကိုက်မှ ပွင့်သွားတယ်။

မိုးက ရွာတုန်းပဲ။ အလင်းရောင်ပါးပါးကလေး တစ်ဂက်တစ်ပြက်ဟာ
ရပ်နေတဲ့ နေရာတစ်ဝိုက်မှာ ကျနေတယ်။ အပေါ်ထပ်က လှမ်းမြင်ရတဲ့
ကွင်းတွေကတော့ မြင်နေကျ ဘုတာရုံကလေးတစ်ရုံပဲ။ ပြီးတော့ အင်မတန်
မားတဲ့ (လူသူ သိပ်မသုံးတော့တဲ့) သံလမ်းကူးတံတားကြီး တစ်ခုကိုလည်း
နေရတယ်။

သည်တံတားကြီးဆီကို စိတ်ရောက်သွားပြန်ရော။ ညအကျ် တစ်ခါတလေ
သွားထိုင်နေကျ တံတားကြီး။ မူလကတော့ ရထားလမ်းကူးရင် သံလမ်းပေါ်
မဖြတ်ဘဲ သည်တံတားပေါ်က ဖြတ်ဖို့ ဆောက်ထားတာ ဖြစ်ပုံရတယ်။
ပေမယ့် သည်တံတားကြီးပေါ်က ဘယ်သူမှ မဖြတ်ကြဘူး။ သုံးပေလောက်
ယ်တဲ့ ရထားလမ်း နှစ်လမ်းကိုကျော်ဖို့ လူတွေဟာ တံတားဆီ သွားရဦး
။ တော်တော်မြင့်တဲ့ လှေကားထစ်တွေကို ကျားကုတ်ကျားခဲ တက်ရဦး
။ တံတားကို ဖြတ်ကျော်ရမယ်။ ပြန်ဆင်းရမယ်။ ကြည့်စမ်း ဘာအဓိပ္ပာယ်
လဲ။ အင်မတန် ကြီးမားပေမယ့် သိပ်အသုံးမကျတော့တဲ့ တံတားကြီးပေါ်
သူ ထိုင်ခဲ့ဖူးတဲ့ ကျေးဇူးတော့ ရှိတယ်။ သည်တံတားမှောင်ရိပ်မှာ လူ
တ်တတ်တဲ့ မိန်းမတချို့ကို သူ မြင်ဖူးတယ်။

သည်တံတားကျောက်လှေကားထစ်တွေပေါ်မှာ ပျောက်သွားတယ်ဆိုတဲ့
ားတစ်စီးတလေကို မလာမချင်း စောင့်စားနေသူတွေလည်း ထိုင်တတ်ကြ
ယ်။ ဘူတာရုံကလေးနဲ့ တစ်ဆက်တည်း မြင်နေရတဲ့ ကောက်ရိုးပုံမှာတော့

ကောက်ရိုးဆွဲနေတဲ့ နွားမွေးသူတစ်ယောက်ကို သူ မြင်နေရတယ်။ ကောက်
တွေ ဆွဲလိုက်၊ နွားကျွေးလိုက်၊ နို့ညှစ်လိုက်၊ မြို့ထဲကို အချိန်မတော် အချိ
တော် သွားရောင်းလိုက်၊ ပြန်လာလိုက်၊ နွားကျွေးဖို့ ကောက်ရိုးလာဆွဲလိုက်
သူကိုယ်တိုင် နွားတစ်ကောင်ဖြစ်နေတဲ့ အဲသည်လူဟာလည်း သည်တံတားကြ
နဲ့ ဘာထူးလို့လဲ။

သူဟာ သူ့အတွေးကို သူ့ဟာသူ စဉ်းစားရင်း ပြုံးတယ်။

ဒါပါပဲ။ လူတွေဟာ သည်လောက်ပါပဲ။

သူ ခုတင်ပေါ်ကို လှဲချလိုက်တယ်။ သူ့လက်တွေကို ရင်ဘတ်ပေ
တင်ထားရင်းက သူ အာရုံတစ်ခုကို ဖမ်းမိသွားပြန်ရော။ ဟုတ်တယ်။ သူ ထ
ထိုင်လိုက်တယ်။ သေချာသွားအောင် လေကို တစ်ဝရှူရှိုက်နေလိုက်တယ်
ပန်းရနံ့။ ဘယ်ကလဲ။ အိမ်အောက်ထပ်မှာ စီကာရီကာ စိုက်ထားတဲ့ အပျိုမနို
အပွင့်တွေဆီကလား။ မဖြစ်နိုင်ဘူး။ သည်အပွင့်တွေရဲ့ အနံ့ဟာ သည်လောက်
မစူးရှဘူး။ မမွှေးဘူး။ သူ့အိမ်မှာ ပန်းရနံ့တွေ ဘယ်ကရနိုင်သလဲ။

ဘုရားစင်ကတော့ မဖြစ်နိုင်ဘူး။ သူ့ဘုရားစင်ဟာ သူ့မိန်းမ မရှိကတည်
က သူ ဘာမှလုပ်ထားတာ မရှိဘူး။ သူ့မိန်းမ နောက်ဆုံးတင်ခဲ့တဲ့ ဘုရားပန်
တွေတောင် ခြောက်သယောင်းရုံမက အမှုန့်ဖြစ်နေလောက်ပြီ။ ဒါဖြင့် ဘယ်
ကလဲ။ ပြတင်းဆီကို လျှောက်သွားရင်း ငုံ့ကြည့်လိုက်တယ်။ တွေ့ပြီ။ ပြတင်
အောက်တည့်တည့် ကျောက်နှင်းဆီပင်ကိုင်းရှည်ကြီးပေါ်မှာ ပွင့်နေတဲ့ နှင်းဆီ
ပွင့်တွေ။ သူ ဝမ်းသာသွားတယ်။ အာတွေ လျှာတွေ ယားလာတယ်။

အင်မတန် ချိုအီတဲ့ရနံ့နဲ့ ဖန်ချိုချို နှင်းဆီပွင့်တွေကို သူ ဝါးချင်လာ
တယ်။ သူဟာ ကလေးတစ်ယောက်လို လှေကားထစ်တွေက ပြေးဆင်းရင်း
နှင်းဆီပွင့်တွေကို ခူးတယ်။ တော်တော်လေး မောသွားပေမယ့် လှေကားထစ်
တွေက ပြန်တက်လာရင်း တစ်ပွင့်ပြီးတစ်ပွင့် ဝါးတယ်။

ခုတင်ပေါ် ပြန်လှဲမယ် စိတ်ကူးပြီးမှ မီးဖွင့်ကြည့်လိုက်တယ်။ သည်
တစ်ခါတော့ ကံအားလျော်စွာ လင်းသွားတယ်။ မီးလုံးရှေ့က မှန်မှာပေါ်လာ
တဲ့ အင်္ကျီမပါတဲ့ သူ့ခန္ဓာကို သူ မြင်နေရတယ်။ ဘယ်ဘက်ရင်ဘတ်ပေါ်မှာ
စာလုံး သုံးလုံးစီ နှစ်တန်းရှိနေတာကို မှန်ထဲမှာ မြင်နေရတယ်။ စာလုံးတန်း
တွေက ပြောင်းပြန်ပေါ်နေပေမယ့် သည်စာလုံးသုံးလုံး နှစ်တန်းကို သူ အတည်
ဖတ်တာပါ။

တစ်ခုက မမြသွယ်တဲ့။ တစ်ခုက မထွေးတင်တဲ့။



သည်နာမည်တွေဟာ မှန်ထဲမှာသာ ပြောင်းပြန်ပေါ်
မှာ ဘယ်တော့မှ ပြောင်းပြန်ရှိမနေတဲ့ နာမည်တွေပဲ။ သူ
တစ်ပွင့်ကိုဝါးရင်း ခုတင်ပေါ်ကို လှဲလိုက်တယ်။ မိုးရေ ဖြောက်ဖြော
ရင် အိမ်မြှောင်တစ်ကောင်ရဲ့ ချောက်ချောက်ချားချား စုတ်ထိုးလိုက်သံက
သူ့အသက်ရှူသံပြင်းပြင်းကလွဲရင် တခြား ဘာသံမှ မရှိဘူး။ အဲသည်တုန်းက
သူ့အသက်က နှစ်ဆယ့်တစ်နှစ်လောက်ပဲ ရှိဦးမှာပေါ့။

(၅)

အဲသည်တုန်းက သူ့အသက်ဟာ နှစ်ဆယ့်တစ်နှစ် ရှိနေပြီ။ ကျောင်းက ထွက်
ပြီးကတည်းက မုန်းကျချောင်းဆေးမှာ သွားငေးလိုက်၊ အိပ်မက်တွေမက်လိုက်၊
တမလွန်ဘဝကို ရောက်သွားပြီဖြစ်တဲ့ သူ့အမေရဲ့ မြေပုံရှိရာ သင်္ချိုင်းမှာ တစ်
ယောက်တည်း စကားတွေ သွားပြောလိုက်၊ တစ်ခါတစ်ခါ ငှားတဲ့လူရှိရင် သိုး
ကျောင်းလိုက်၊ ရွာက ဘုရားပွဲတွေရှိရင် တစ်နေကုန် တစ်နေခန်း လျှောက်လည်
လိုက်၊ စာတ်စက်ဖွင့်တဲ့ အသံကြားရင် ဘယ်လောက်ဝေးဝေး ရောက်အောင်
သွားပြီး တရှုံးရှုံးမြည်အောင် လည်ပတ်နေတဲ့ မြေဓာတ်ပြားထူထူကြီးတွေထဲ
က သီချင်းသံကို နားထောင်လိုက်နဲ့ပဲ သူ့အသက်ဟာ နှစ်ဆယ်ကျော်လာခဲ့
တယ်။

တကယ်တော့ သူ့အဖေကလည်း သူ့ကို ချစ်တယ်ဆိုပေမယ့် သူ လုပ်
နေရတဲ့ ယာခင်းကလေးထဲမှာ သူ့သားကို ရှိနေစေချင်တယ်။ တစ်နှစ် တစ်နှစ်
ရတဲ့ မဖြစ်စလောက် ငွေကြေးကလေးနဲ့ သားအဖနှစ်ယောက် ခြစ်ခြစ်ခြုတ်
ခြုတ်နေလို့ ရသေးတယ် ဆိုပေမယ့် သူ လုပ်နိုင်ကိုင်နိုင်သေးလို့သာကိုး။ သူ
မရှိတော့ရင် ထားခဲ့ရမယ့် သူ့သားဟာ အခုအထိ ဘာတစ်ခုမှ မည်မည်ရရ
မလုပ်နိုင်သေးတာ၊ မလုပ်တတ်သေးတာကို စဉ်းစားမိရင် သူ စိတ်ပူတယ်။

"တာနော၊ မင်း တစ်နေ့ တစ်နေ့ ဒီလိုနဲ့ပဲ အချိန်ကုန်တော့မှာလား။
အဖေ အသက်ကြီးလှပြီ။ မင်း ယာထဲကို ဝင်သင့်ပြီ။ မင်းတစ်ယောက်တည်း
ကျန်ရစ်တဲ့အခါ မင်း ထမင်းစားဖို့ မင်း ရှာကြံရတော့မယ်။ မင်း ဘာလုပ်မလဲ"

တစ်ခါတစ်ခါ သူ့အဖေက ယာခင်းထဲက ပြန်လို့ ကွပ်ပျစ်ပေါ်မှာ
ထိုင်မိရင် ပြောတတ်တဲ့ စကားတွေပဲ။ ထမင်းစားဖို့တဲ့၊ သူတစ်ယောက်တည်း
ကျန်ရစ်ခဲ့ရင်တဲ့။ သူတစ်ခါမှ ထည့်မစဉ်းစားခဲ့တဲ့ ကိစ္စတွေပဲ။

အဲသလိုသာဆိုရင် သူ့မျက်လုံးတောင်းတောင်းကြီးတွေနဲ့ သူ့အဖေကို

သူ ကြည့်နေတတ်တယ်။ တစ်ခါမှ မပြုံးဖူးတဲ့သူဟာ အဲသလိုအခါမျိုးမှာ နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးနေတတ်တယ်။ တစ်ခါတော့ သူက ဘာစိတ်ကူး ပေါက်တယ် မသိဘူး။ တိုးတိုးလေး ပြန်ပြောတယ်။

"ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်တော့ ဘာဖြစ်သလဲ။ အဖေ လည်း ဒီလိုပဲ ကျန်ရစ်ခဲ့ရတာပဲ မဟုတ်လား။ ထမင်း ထမင်း ဘာဖြစ်သလဲ။ လူတစ်ယောက် ထမင်းစားဖို့ဆိုတာ ယာခင်းထဲမှာ ရှိနေမှုလား"

ကိုဘလှကတော့ သက်ပြင်းတစ်ချက်ကိုသာ ချနိုင်တော့တယ်။ သူဟာ သည်လိုပဲ နေလာခဲ့တာပါပဲ။ တစ်ခါတစ်ခါတော့ သူ့ကို သိုးကျောင်းဖို့ လာ ငှားရင် စိတ်ပါလက်ပါ လက်ခံတတ်တယ်။

အိမ်နဲ့ဝေးဝေးမှာ ထမင်းကြမ်းတစ်ထုပ်နဲ့ နေကုန်နေခန်း သွားနေရတာ ကို သူ သဘောကျလို့ လက်ခံလိုက်တာလည်း ပါတယ်။ နောက်တစ်ခုက မထွေးတင်ကြောင့်လည်း ပါတယ်။ ရွာနဲ့ တော်တော်ဝေးတဲ့ အနောက်ကွင်း ထဲမှာ သူတစ်ယောက်တည်း ရှိနေတဲ့အခါမျိုးမှာ သူတစ်ယောက်တည်း စကား ပြောချင် ပြောနေတတ်တယ်။

တစ်ခါတစ်ခါ သိုးပေါက်ကလေးတစ်ကောင်ကို ပိုက်ပွေ့ထားရင်းက သိုးကလေးကို မထွေးတင် မထွေးတင်လို့ တိုးတိုးကလေး ခေါ်နေတတ်တယ်။

သူ သိုးကျောင်းဖို့ လက်ခံလိုက်ပြန်ပြီဆိုကတည်းက သူ့အဖေကတော့ ဝမ်းသာနေတာပေါ့။ ဘာပဲဖြစ်ဖြစ် အလုပ်တစ်ခု လုပ်နေတယ်ဆိုရင် သူ ကျေနပ် တာပဲ။ သူ့သားဟာ အလုပ်လုပ်နေဖို့ပဲ လိုတာမဟုတ်လား။

"သား တစ်လကို စပါးတစ်တောင်းနဲ့ သိုးကျောင်းတယ်ဆိုပေမယ့် ဒါဟာ အလုပ်ပဲ။ ယာထဲ မဆင်းချင်ရင်လည်း တစ်ခုခုကို ဒီလိုပဲ လုပ်နေရမှာ ပေါ့"

တစ်ခါတော့ သူ့အဖေဟာ တာနောဆီက တစ်ခါမှ မကြားဖူးတဲ့ စကား တစ်ခွန်းကို ကြားလိုက်ရတော့ တော်တော် အံ့ဩသွားဖူးတယ်။ ရယ်လည်း ရယ်ချင်သွားတယ်။ သည်ကောင် သည်စိတ်တွေ ဘယ်က ရောက်လာပါသလဲ လို့လဲ တွေးနေမိသေးတယ်။ သူက ထုံးစံအတိုင်း စပါးတစ်တောင်းနဲ့ သိုးကျောင်း တာဟာလည်း အလုပ်ပဲလို့ ဒုတိယအကြိမ်ပြောတဲ့နေ့ဟာ တာနော ဒေါသတကြီး ပြန်ပြောတယ်။

"စပါးတစ်တောင်း လိုချင်လို့ သိုးကျောင်းတာ မဟုတ်ဘူးဗျ။ အရင်က သူများဆီမှာ သိုးကျောင်းတာကတော့ ဟုတ်တယ်၊ စပါးလိုချင်လို့။ အခုက



ပါးလိုချင်လို့ မဟုတ်ဘူး။ မထွေးတင်ကြောင့်။ မထွေးတင်က သူတို့ သိုးတွေ ကို ကိုတာနောပဲ ကျောင်းစေချင်တယ်ဆိုလို့"

တကယ်လည်း မထွေးတင်ကို တာနော စွဲလမ်းနေတာ အမှန်ပဲ။ ထွေးတင်တို့ ခြံဝိုင်းကြီးထဲကို သိုးတွေ မနက်တိုင်း သွားထုတ်နေရတာကို ပျော်တယ်။ ဖျတ်ခနဲ မြင်ရတဲ့ မထွေးတင်ရဲ့ မျက်နှာဝင်းဝင်းကလေးကို င်လိုက်ရတဲ့နေ့ကတော့ တာနော သီချင်းဆိုတဲ့နေ့ပဲ။ နှစ်ပေါင်းများစွာ အဖေ အမေနဲ့သာ နေခဲ့တဲ့ တာနောရဲ့ ရင်ထဲကို နောက်ထပ် ဝင်လာတဲ့ သံယောဇဉ် သစ်ဟာ မထွေးတင်ပဲ။ မထွေးတင်တို့က ချမ်းသာမှန်း သူ သိသားပဲ။ စပါး တွေ၊ ဆိတ်တွေ၊ သိုးတွေ၊ ယာခင်းကိုင်းခင်းတွေနဲ့ ချမ်းသာချင်တိုင်း ချမ်းသာ တဲ့ မိဘတွေရဲ့ တစ်ဦးတည်းသော သမီးမှန်းလည်း သူ သိသားပဲ။ ကျတ်ကုန်း ကြီးက လူပျိုတွေသာမက အရွယ်ကျန်သေးတဲ့ အိမ်ထောင်ရှင် ယောကျ်ားတွေ ပါ ဖြစ်နိုင်ရင် ပိုးထချင်ကြတာလည်း သူ သိသားပဲ။

နောက်ဆုံး သူ့ရဲ့ အင်မတန် အကျည်းတန်လှတဲ့ ရုပ်ရည်မျိုးကို ထွေးတင် ဘယ်လိုမှ မနှစ်သက်နိုင်မှန်းလည်း သူ သိသားပဲ။ ဒါပေမယ့် မတတ် ဘူး။ ချစ်တာဟာ ချစ်တာပဲ။ ဘယ်သူကမှ သင်ထားတာ မဟုတ်ပါဘဲနဲ့ နှလုံးသားထဲကို ရုတ်တရက် ရောက်လာတဲ့ မထွေးတင်ကို သူ ချစ်တတ် ားတာဟာ တစ်ခါတစ်ခါ အလွန်အံ့ဩစရာကောင်းပါလားလို့ သူ တွေးတယ်။

"ဟော... ကိုတာနောကြီး သိုးတွေ လာထုတ်တာလား။ မနေ့က သိုး စ်ကောင် ခြေနာလာတယ်နော်။ သေသေချာချာ ကြည့်ပါဦး။ ဘယ်ရည်းစား များ စကားသွားပြောနေသလဲမှ မသိတာ"

လို့များ မထွေးတင်ကပြောရင် သူ့ရင်တွေ တလုပ်လုပ် ခုန်လာတယ်။ ယ်ရည်းစားနဲ့များတဲ့။ ဒါဟာ အပျိုတစ်ယောက်က လူပျိုတစ်ယောက်ကို ပြာရမယ့် စကားလား။ ဒါတင် မထွေးတင် ရင်ထဲက ထိန်းမနိုင် သိမ်းမရ လာတဲ့ စကားတွေပဲ နေမှာပါ။ တစ်ခါတော့ မထွေးတင်က သိုးတွေ သိမ်း တဲ့သူ့ကို ခြံဝက ဆီးကြိုတယ်။ သူ့သိုးတွေကို သူ ရေတွက်နေတာလဲ မှာပေါ့လေ။

"ဘယ်အထိများ သွားကျောင်းနေတာလဲ ကိုတာနောရယ်။ မှောင်လု ပကော။ နေဦး... နေဦး၊ မုန့်ဆန်းလှော်ထားတာ ရှိသေးတယ်။ စားသွားဦး"

"မုန့်ဆန်းတော့ မစားချင်ပါဘူး"

"ဒါဖြင့် ဘာစားချင်တာလဲ ဘာလိုချင်တာလဲ ပြောနော်"

"ပြောမယ်၊ အခုတော့ မပြောသေးဘူး"

"ကောင်းပါပြီတော့ရှင်။ ကြိုက်တဲ့အချိန် ပြောပါ"

အဲသည့်နေ့ကစပြီး သူ့စိတ်တွေ ဂနာမငြိမ်တော့ဘူး။ မထွေးတင်က သူ့ကိုပြောတဲ့ စကားတိုင်းဟာ သူ့တစ်ကိုယ်လုံးကို တုန်ခါသွားစေတယ်လို့ သူ ထင်တယ်။ သည်လိုနဲ့ မနက်ဘက် သိုးတွေထုတ်လိုက်၊ ညနေဘက် သိုးတွေ ပြန်သိမ်းလိုက်နဲ့ လပေါင်းများစွာ ကြာသွားခဲ့တယ်။ ဒါပေမယ့် သူ တစ်နေ့နေ့ဆိုတာကို စောင့်တုန်းပဲ။ တကယ်တော့ အဲသည့်တစ်နေ့နေ့ဟာ ရောက် လာဖို့ တော်တော်ခဲယဉ်းတယ်ဆိုရမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ မပြောရဲဘူး တစ်နေ့တော့ အခြေအနေက ပေးလာတယ်။ အဲသည့်ညနေက မထွေးတင်ရဲ မိဘတွေ မရှိဘူး။ တစ်အိမ်လုံး မထွေးတင် တစ်ယောက်တည်း ရှိတယ်။ သူ သိုးကျောင်းက ပြန်လာတော့ ထုံးစံအတိုင်း မထွေးတင်က သိုးတွေကို ရေတယ် သူက သိုးတွေကို ခြံထဲမောင်းသွင်းတယ်။ ပြီးတော့မှ မထွေးတင်ကို အကြာကြီး စိုက်ကြည့်နေလိုက်တယ်။

"ကိုတာနောကြီး ထမင်းစားသွားပါလား"

"မစားတော့ပါဘူး။ လိုချင်တာတစ်ခုတော့ တောင်းချင်တယ်"

"တောင်းပါရှင်၊ ကျွန်မ ပြောထားသားပဲ"

တာနောက သူ့အင်္ကျီကို ချွတ်လိုက်တယ်။ ပထမတော့ မထွေးတင် ဘာကို ဆိုလိုမှန်း မသိဘူး။ နောက်တော့မှ တာနောရင်ဘတ်ပေါ်က ဆေးမင် နဲ့ ထိုးထားတဲ့ စာတန်းနှစ်တန်းကို မြင်သွားတယ်။

"မမြသွယ်"

"မထွေးတင်"

မထွေးတင်ရဲ့ မျက်နှာဟာ ညှိုးကျသွားတယ်။ မျက်နှာလည်း တော် တော် ပျက်သွားတယ်။ ဒေါသဖြစ်သွားတာလည်း ပါမှာပေါ့။ ညနေ နေဝင် တရော အချိန်မှာ သူ့ရှေ့က မျက်လုံးစောင်းစောင်း၊ နဖူးကျဉ်းကျဉ်း၊ နှုတ်ခမ်း ထူထူ သိုးကျောင်းသမား တစ်ယောက်ရဲ့ ရည်းစားစကား ပြောတာကို ခံလိုက် ရတဲ့ မိန်းကလေးတစ်ယောက်ဟာ တုန်လှုပ်သွားပုံလည်း ရတယ်။ တာနော ကတော့ သူ့အလုပ် သူ ဆက်လုပ်တယ်။ ဘယ်တော့မှ စကားတစ်လုံးကို ပြော ဖို့၊ စကားဖွင့်ဖို့ မကြိုးစားတဲ့ တာနောဟာ စီကာရီကာ ပြောနေလိုက်တာ ကျယ်ကျယ်လောင်လောင်ကြီး။

"မနှစ်က ဘုရားပွဲမှာကတည်းက ထိုးထားတဲ့ ဆေးမင်ပဲ။ မမြသွယ်



တာက ကျုပ်အမေ၊ မထွေးတင်ဆိုတာက မင်းပဲ။ ကျုပ် သံယောဇဉ်အထားရ လူနှစ်ယောက်ရဲ့ နာမည်ကို ကျုပ်ရဲ့ ဘယ်ဘက်ရင်အုံပေါ်မှာ ကျုပ် ထိုး တာ ကြာလှပြီ။ ကျုပ် သေရာပါမှာပါ။ ကျုပ်နဲ့အတူ တစ်သက်လုံး ရှိ ပါ"

ပထမတော့ မထွေးတင် ဒေါသတကြီး အော်ဟစ်ပစ်လိုက်ဖို့၊ ဒါမှမဟုတ် ကို ဆင့်ကာဆင့်ကာ ရိုက်ချလိုက်ဖို့ စဉ်းစားပုံရတယ်။ ဒါပေမယ့် တာနော သိုးကျောင်းသမားတစ်ယောက်ကို သူတို့ လိုအပ်နေသေးတယ် မဟုတ်လား။

"အင်္ကျီကို အမြဲဝတ်ထားပါ ကိုတာနော။ အဖေတို့မြင်ရင် မီးလောင် မယ်။ ကျွန်မ အိမ်ထောင်ပြုဖို့ စိတ်မကူးသေးဘူး။ ပြန်ပါတော့ရှင်"

ဘာပဲဖြစ်ဖြစ် သူ ကျေနပ်သွားတယ်။ သူ့ရဲ့ မျှော်လင့်မှုတွေဟာ ကျောက် ကျောက်သားလို ပိုမို ခိုင်မာသွားတယ်။ သည်လိုနဲ့ မထွေးတင်ကို ခိုးကြည့် သိုးကလေး တစ်ကောင်ကို ကွင်းထဲမှာ မထွေးတင် မထွေးတင်လို့ တတွတ် ခေါ်ရင်းက သူ နှစ်သိမ့်နေမိတယ်။ ဒါပေမယ့် သူ့မျှော်လင့်ချက်တွေဟာ င်းဦးပေါက်အထိပဲ ခံတယ်လို့ ပြောရမယ်။ ဆောင်းဦးပေါက်မှာ မထွေးတင် ရွာက ကုန်သည်တစ်ယောက်နဲ့ လက်ထပ်ဖို့ ကြောင်းလမ်းတယ်။ အဲသည့် က သူ သိုးတွေကို သွားထုတ်တော့ မထွေးတင်အိမ်မှာ ဧည့်သည်တွေ က်နေတာကို သူ သတိထားမိတယ်။ ညနေ သိုးသိမ်းချိန်ရောက်တော့ သူ ားခဲ့ပြီ။ သူဟာ ဟန်မဆောင်နိုင်လောက်အောင် တုန်လှုပ်သွားတယ်။

"မထွေးတင် ငါ့ကို ညာတာပဲ"

သူ အိမ်ပြန်ရောက်တော့ မှောင်နေပြီ။ သူ ထမင်းလည်း မစားဘူး။ င်ဘတ်က စာတွေကို သူ့လက်ကြီးတွေနဲ့ တံယုတယ ပွတ်သပ်ရင်းက ပြင်းပြင်းထန်ထန် ခံစားနေရတယ်။ သည်ခံစားမှုနဲ့ တစ်ဆက်တည်း းတင်ကို သူ နာကြည်းသွားတယ်။

အင်မတန်ထက်တဲ့ ဓားတစ်ချောင်းနဲ့ သူ့ရင်ဘတ်က 'မထွေးတင်' ့ စာတန်း လှီးထုတ်ပစ်ဖို့တောင် သူ စဉ်းစားသေးတယ်။ ဒါပေမယ့် မလုပ် ဘူး။ သူ နာကြည်းတာဟာ နာကြည်းတာပဲ။ သူ့အချစ်ဟာ သူ့အချစ်ပဲ။ ပေမယ့် နောက်တစ်နေ့ကစပြီး သူ သိုးကျောင်း မသွားတော့ဘူး။ သည်လိုပဲ ကြို ကွင်းကြားကို နေကုန်နေခန်းလျှောက်သွားရင်းက အချိန်တွေကို သူ ပစ်တယ်။ ငိုတဲ့အခါ ကြူကြူပါအောင် သူ ငိုတယ်။ ဒေါသဖြစ်စရာရှိရင် ာက်စရာကောင်းအောင် ပေါက်ကွဲတယ်။ သည်လိုနဲ့ တစ်ပတ်လောက် ရွာ ့ ကင်းကွာသွားတယ်။ ရွာမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သူ မသိဘူး။

တစ်နေ့ ဇရပ်ဟောင်းတစ်ခုပေါ်က ခါးပန်းမှာ မီးသွေးခဲနဲ့ 'မထွေး
လို့ ရေးနေတုန်းမှာပဲ ဘုန်းကြီးကျောင်းသား တစ်ယောက်ဟာ သူ့ကို အ
အဆန်းလို ကြည့်နေရင်းက အလွန်အံ့ဩ ထိတ်လန့်စရာကောင်းတဲ့ စ
တစ်ခွန်း ပြောတယ်။

"မထွေးတင် သေပြီ ဦးလေးရဲ့။ ညက သေတာတဲ့၊ အောင့်လို့

(၆)

မထွေးတင် သေပြီဆိုတော့မှ သူဟာ မထွေးတင်အပေါ် နာကြည်းမိတ
စိတ်မကောင်း ဖြစ်သွားတယ်။ သူ့သက်တမ်းဟာ တကယ်တော့ နှစ်ဆ
နှစ်ဆယ်ပဲ ရှိသေးတယ်။ သူနဲ့ ပတ်သက်တဲ့လူတွေ သည်နှစ်ပေါင်း နှစ်ဆ
အတွင်းမှာ သေကုန်ကြတာဟာ မတော်တဆ တိုက်ဆိုင်မှုလား၊ သူ့ကြေ
လားဆိုတာ သူ သံသယ ဖြစ်လာတယ်။ ပထမ သူ့အစ်မ နှစ်ယောက်။ 
ယောက်နဲ့ တစ်ယောက် သုံးလခြားပြီး သေတယ်။

နောက် သူ ကိုရင် လူထွက်တဲ့နေ့မှာပဲ သူ့အမေ သေတယ်။ နော
ကျောင်းဆရာတစ်ယောက် သေတယ်။ အခုတစ်ခါ မထွေးတင် သေပြ
သူ ချစ်လွန်းရင်လည်း သေ၊ မုန်းလွန်းရင်လည်း သေတာမျိုးလား။ အစ်မ
အမေတွေ သေတုန်းက သူ့မှာ ဘာနာကြည်းစိတ်မှ မရှိဘူး။ ဘယ်လို မုန်း
မှုမှ မရှိဘူး။ အစ်မတွေ သေတုန်းက သူ ဘာခံစားမှုမှတောင် မရှိသေး
အရွယ်။ အမေ သေတော့လည်း ဘုန်းကြီးကျောင်းမှာ ခုနစ်ရက် သွားနေ
ပြန်လာရတဲ့ရက်။ စကားတွေ ပြောမယ်၊ သာမဏေဘဝက အကြောင်း
အမေ့ကို မဝတမ်းပြောမယ်လို့ အားခဲထားတုန်းမှာ ရုတ်တရက် သေသွ
တယ်။ သူ နားမလည်နိုင်ဘူး။ သည်မိသားစုထဲကို သူ ရောက်ရှိလာတာ
တကယ့် ဘီလူးသဘက် တစ်ကောင်လို ရောက်ရှိလာတာများလား။ ငါ
တကယ် ဘီလူးတစ်ကောင်လို ဖြစ်နေပြီလား။

တစ်ခါတစ်ခါ အဲသည့်အတွေးတွေဟာ ရက်ပေါင်းများစွာ သူ့ကို ခြော
လှန့်နေတယ်။ ကျောင်းဆရာကိုတော့ သူ နာကြည်းတယ်။ မထွေးတင်ကိုလည
သူ နာကြည်းတယ်။ ဘာပဲဖြစ်ဖြစ် သူနဲ့ ပတ်သက်သမျှ သူ့ရဲ့ ကြီးမား
မုန်းတီးနာကြည်းမှုအောက်မှာ လူနှစ်ယောက် ရုတ်တရက် သေဆုံးသွားကြ
ဟာ အိပ်မက် မဟုတ်ဘူး။ အမှန်တကယ်ဖြစ်ခဲ့တာပဲ ဖြစ်တယ်။

သူ နာကြည်းမိရင်ကော လူတွေဟာ တစ်နည်းမဟုတ် တစ်နည်း 
ကြရသလား။ တစ်ခါတစ်ခါ သူ တော်တော် စိတ်ညစ်တယ်။ တစ်ခါတစ်



တော့လည်း လူတွေကို မုန်းတီးစိတ်နဲ့ အညိုးတကြီး နာကြည်းမိရင် အဲဒီလူ
သရောဆိုရင် တစ်မျိုးတော့လည်း ကောင်းတာပဲလို့ သူ တွေးတယ်။ သည်
နောက်တော့ သူဟာ လူတွေကို မဆက်ဆံချင်တာရော၊ သူ သံယောဇဉ်ကြီးမား
သူ နှစ်ဦးစလုံး မရှိတော့တာရောကြောင့် ရွာမှာ မနေတော့ဘူးလို့ ဆုံးဖြတ်
လိုက်တယ်။ ဖအေကို ခွင့်ပန်တယ်။ သည်လိုနဲ့ ကိုးကျင်းကိုးကျင်း လျှောက်
သွားနေခဲ့တယ်။ ဘုန်းကြီးကျောင်းတကာက ဇရပ်တွေမှာ အရူးတစ်ယောက်လို
 ရက်ပေါင်းများစွာ နေချင်နေတတ်တယ်။

တစ်ခါတလေတော့လည်း တခြားရွာစဉ် ကိုးပေါက်က ဘုရားပွဲတွေဆီ
ကို လှည့်လည်ရင်း ဇာတ်ခုံတကာ၊ ပွဲခင်းတကာမှာ သူ ရှိနေတတ်တယ်။
တစ်ခါတစ်ခါတော့လည်း မျက်လှည့်ဆရာတွေနဲ့ တောက်တိုမည်ရ လုပ်ပေး
ရင်း ပါသွားတတ်တယ်။

သူကိုယ်တိုင် ကျွတ်ကုန်းကြီးကို မေ့နေတတ်ပြီ။ ရွာမှာ အဖေရှိသေး
တယ် ဆိုတာကိုတောင် မေ့နေတတ်ပြီ။ သူ အသက်ရှင် ရပ်တည်ရေးအတွက်
ဟာ လူအနည်းအကျဉ်းနဲ့ မလွှဲသာမကင်းသာ ဆက်ဆံနေပေမယ့် လူတွေကို
 ရှောင်နိုင်သမျှ ရှောင်တယ်။

ကျွတ်ကုန်းကြီးက သူ ထွက်လာတာ နှစ်တော်တော်ရတော့မှ ကျွတ်ကုန်း
ကြီးကို အင်မတန် ဆင်းရဲနွမ်းပါးစွာ သူ ပြန်ရောက်လာတယ်။ ဒါပေမယ့် ကျွတ်
ကုန်းကြီး မရှိတော့ဘူး။ မုန်းကျချောင်းနဲ့ တော်တော်ဝေးတဲ့နေရာကို ရွာပြောင်း
သွားရပြီ။ ကျွတ်ကုန်းကြီးရွာသစ်က အဖေ့ဆီသွားမယ်လို့ ပြင်ဆင်နေတုန်းမှာ
 သူ့အဖေ လွန်ခဲ့တဲ့ နှစ်နှစ်ခွဲကျော်ကျော်က သေသွားခဲ့ပြီဆိုတာ လှေဆိပ်
 သူ သိသွားတယ်။ ရွာကို သွားတော့မယ့် သူ့ခြေထောက်တွေကို ပြန်ရုပ်
ရင်း မြို့ဆိပ်ကို လှေကြုံနဲ့လိုက်သွားဖို့ သူ ဆုံးဖြတ်လိုက်တယ်။

သူ့မှာ ရွာမရှိတော့ဘူး။ အဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမ မရှိတော့
ဘူး။ ယုတ်စွအဆုံး သူ့ရင်ထဲကို ဖျတ်ခနဲ ဝင်လာတဲ့ မိန်းကလေးတောင် မရှိ
တော့ဘူးဆိုမှတော့ သူ ဘာကို တွယ်တာစရာ ရှိတော့မှာလဲ။

လှေဆိပ်က ထွက်ခွာစပြုနေပြီဖြစ်တဲ့ လှေအိုကြီး တစ်စီးပေါ်ကို သူ
ခုန်တက်လိုက်တယ်။ လှေသမားက အကျီတောင် မပါတော့တဲ့ သူ့ဆီက
လှခ မတောင်းတော့ပါဘူး။ လှေပေါ်ကလူတွေကလည်း ရင်ဘတ်မှာ 'မပြသွယ်
ထွေးတင်' ဆိုတဲ့ စာတန်းနှစ်တန်းနဲ့ မျက်လုံးစောင်းစောင်းနဲ့ လူကို အကဲခတ်
ကြတယ်။

သူကတော့ ဘာကိုမှ ဂရုမစိုက်ဘဲ လိုက်လာခဲ့တယ်။ မြို့ဆိပ်မှာ လှေ ဆိုက်တော့ သူ ခုန်ချလိုက်တယ်။ အဲသည့်က စလိုက်တဲ့ သူ့ပထမဆုံး ခြေလှမ်း ကနေ သူဟာ ခြေလှမ်းပေါင်း ကုဋေများစွာနဲ့ ဘဝတော်တော်များများအပေါ် နင်းဖြတ်လာခဲ့တာပါပဲ။

(၇)

ညသန်းခေါင်ကျော်ကျော်လောက်မှ သူ ခုတင်ပေါ်က ထလိုက်တယ်။ အေးစက် နေလောက်ပြီဖြစ်တဲ့ ထမင်းတစ်လုပ် တစ်ဆုပ်လောက် သူ စားဖို့ စိတ်ကူး ကြည့်တယ်။ မစားဖြစ်ဘူး။ အပြင်မှာ မိုးမရွာတော့ပြန်ဘူး။ ပြတင်းက မိုးသက် လေကတော့ တဝူးဝူး တိုးဝင်နေသည်။

သူ ပြတင်းကိုလာရင်း အပြင်ဘက်ကို ကြည့်တယ်။ ပတ်ဝန်းကျင် တစ်ခုလုံးဟာ လုံးဝ ငြိမ်သက်နေတယ်။ ရထားဘူတာရုံကလေးဘေးက အလုပ် သမား တန်းလျားကလေး၊ သံတံတားကြီး၊ သည်ဘက်မှာ ကောက်ရိုးပုံတွေ။

နောက် တစ်ဆက်တည်းမှာ အုတ်ခုံးပေါက်ကြီးတစ်ခုနဲ့ ရေဆိုးမြောင်း ကလေးတစ်ခု။ မြင်ရတဲ့ ကောင်းကင်ကတော့ ညစ်ပုပ်ပုပ် အကြေးခွံတွေနဲ့ ကျက်သရေ ကင်းမဲ့နေတယ်။ ပြတင်းတံခါးချပ်ဘေးက သစ်သားတန်းပေါ်မှာ တင်ထားတဲ့ အရက်ပုလင်းကို သူ လှမ်းယူလိုက်တယ်။

အရက်တော်တော်များများကို ပုလင်းလိုက် မော့လိုက်ပြီး တံတွေး တစ် ချက် ပျစ်ခနဲ ထွေးတယ်။ သူ မအိပ်ချင်သေးဘူး။ အခုတလော သူ အိပ်လိုက် တိုင်း အိပ်မက်တွေ ပြန်မက်နေတာကို သူ မကြိုက်ဘူး။ အထူးသဖြင့် သူရဲ့ အညိုးတကြီးရှိမှု၊ နာကြည်းမှုတွေနဲ့အတူ သေဆုံးသွားရတဲ့ လူတော်တော် များများကို သူ့အိပ်မက်တွေထဲမှာ လာလာတွေ့နေရတာကိုး။ သူ မကြိုက်ဘူး။

အဲသည့်လူတွေက တစ်နေ့ကို တစ်ဦးစီ အိပ်မက်အဖြစ် ရောက်လာရင်း သူ့ကို ခြောက်လှန့်နေတာကို သူ မကြိုက်ဘူး။

သူ ပြတင်းတစ်ချပ်ကို ဆွဲပိတ်လိုက်တယ်။ မအိပ်ရင်တောင်မှ ခုတင် ပေါ်မှာပဲ တစ်ညလုံး ထိုင်နေတော့မယ်လို့ စိတ်ကူးရင်း ဆွဲပိတ်လိုက်တာပါ။ အဲသည်မှာတင် ဗြိခနဲအသံနဲ့အတူ တံခါးရွက်ဟာ တုန်ခါသွားတယ်။ တံခါး ဂျက်တွေကို သူ ထိုးလို့မရလောက်အောင် တံခါးရွက်ကြားမှာ တစ်ခုခု ညပ်နေ တာကို သူ သတိထားမိသွားတယ်။

ပြတင်းတံခါးချပ်ကို ပြန်ဖွင့်လိုက်တယ်။ တံခါးရွက်နဲ့ ကျည်းပေါင်



ကြားမှာ အိမ်မြှောင်တစ်ကောင် ခံနေတယ်။ အသက်တောင် မရှိတော့ဘူး။ ပြားချပ်နေတဲ့ အိမ်မြှောင်ဟာ အမြီးကိုတော့ လှုပ်ယမ်းနေနိုင်သေးတယ်။ သူဟာ တုန်လှုပ်ချောက်ချားစွာပဲ ခုတင်ဆီကို လျှောက်လာခဲ့တယ်။ ပြတင်းတံခါးကို တော့ မပိတ်ဖြစ်တော့ဘူး။

လေတွေကတော့ တိုးဝင်နေတုန်း နေလိမ့်မယ်။ သူ အောက်ထပ်ကို ဆက်ဆင်းလာခဲ့တယ်။ သူ ရပ်နေကျ သံဆန်ခါ ပြတင်းနားမှာပဲ အလိုလို ရပ်မိလျက်သား ဖြစ်သွားတယ်။ တရုတ်ကပ်တံခါးချပ်တွေက မောင်းတံကို မ,တင်လိုက်တော့ မြင်ကွင်း အကန့်အကန့်ကလေးတွေ ပေါ်လာပြန်ရော။ အပေါ် ထပ်မှာတုန်းက မြင်ခဲ့ရတဲ့ မိုးတိမ် အကြေးခွံတွေပါပဲ။ သူ့နားထဲမှာတော့ အိမ်မြှောင်တစ်ကောင်ရဲ့ မချိမဆံ့အော်သံတွေကိုပဲ ကြားနေရတယ်။ အိမ်မြှောင် တစ်ကောင်ရဲ့ အရိုးတွေ၊ အသားတွေ တံခါးရွက်နဲ့ ပြင်းထန်တဲ့ ပိတ်ဆို့မှု အားတွေကြားမှာ စိစိညက်ညက် ကြေသွားတဲ့အသံဟာ လူတစ်ယောက်ရဲ့ သေခါနီးအသံနဲ့ အတူတူပဲလား။

သူ ဆောင့်ပိတ်လိုက်တဲ့ တံခါးရွက်အားဟာ အိမ်မြှောင်တစ်ကောင်ကို မချိမဆံ့ သေစေနိုင်တယ်ဆိုရင် သူ့ရဲ့ နာကြည်း မုန်းတီးမှုဟာလည်း လူ တစ်ယောက်စီကို သေဖို့အားတွေ ဖြစ်နေသလား။

ပထမဆုံး သူ နာကြည်းခဲ့တဲ့ ကျောင်းဆရာ။ နောက် မထွေးတင်။ နောက် ပြင်းထန်တဲ့ မိုင်းတစ်လုံးကြောင့် အသားစတွေ ကောက်ယူရတဲ့ လူ တစ်ယောက်ကကော။ မြင့်မားတဲ့ တိုက်ကြီးတစ်တိုက်ပေါ်က လိမ့်ကျသွားခဲ့ တဲ့ ပန်းရန်ဆရာတစ်ယောက်ကကော။ လက်မနဲ့ လက်ညှိုးကြား လက်ခွကို မြွေအပေါက်ခံလိုက်ရတဲ့ မျက်လှည့်ဆရာတစ်ယောက်ကကော။ ကျောက်စိမ်း တုံးတွေကို လောဘတကြီး သယ်မရင်း နက်ရှိုင်းတဲ့ ချောက်ထဲကို ခြေချော် ကျသွားတဲ့ ကချင်အမျိုးသားတစ်ယောက်ကကော။ ဦးနှောက်က သွေးကြော မျှင်တွေ ပြတ်တောက်သွားတယ်ဆိုတဲ့ သူ့အထက်အရာရှိကကော။

သူ နာကြည်းခဲ့တဲ့ လူတွေအားလုံးဟာလည်း သေခါနီးမှာ အဲသလို မချိမဆံ့ သေဆုံးသွားခဲ့ကြတာလား။ တစ်ခု ထူးဆန်းတာက သူ မုန်းတီးခဲ့တဲ့ လူတွေ သေတိုင်း သူ အနားမှာ မရှိတာပဲ။ သူနဲ့ ဘယ်လိုမှ မပတ်သက်တာ ပဲ။ သူ နာကြည်းမိပြီဆိုရင် သေတော့မယ်ဆိုတာ သိပေမယ့် ဘယ်တော့ သေမလဲ။ ဘယ်လိုသေမယ်။ ဘယ်နေရာမှာ သေမယ်ဆိုတာ သူကိုယ်တိုင်တောင် မခန့်မှန်းတတ်တာပဲ။ အိမ်မြှောင်တစ်ကောင်လို သေသွားခဲ့ကြတဲ့ အဲသည့်

လူတွေကြားမှာ သူ တကယ် မှတ်မှတ်ရရကြီး ရှိနေတဲ့သူကတော့ 'မခင်ငြိမ်း ပဲ။

မခင်ငြိမ်းဆိုတာ သူနဲ့ ညားခဲ့တဲ့ မိန်းမတွေထဲက သူ အမုန်းတီးရဆုံး မိန်းမတစ်ယောက်။ သူ့ရဲ့ နောက်ဆုံးမယား ဆိုပါတော့။

သူကိုယ်တိုင် မတရားရယူခဲ့တဲ့ မိန်းမတစ်ယောက်ပေမယ့် သူ့ကို မတရား လုပ်တယ်လို့ သူ ခံစားရတဲ့အခါမှာ သူ ခွင့်မလွှတ်နိုင်ခဲ့ဘူး။ မိန်းမဆိုတာ မေထုန်မှီဝဲဖို့နဲ့ ကျွန်တစ်ယောက်လို ခိုင်းစေဖို့သက်သက်ပဲလို့ အတ္တကြီးစွာ ပြ ကျင့်ကြံခဲ့တဲ့ ကာလတွေထဲမှာလည်း မခင်ငြိမ်းနဲ့ ပတ်သက်လို့ သူ စိတ်တိုင်း မကျလှဘူး။

အင်မတန် ခြောက်သွေ့လှတဲ့ ကာလတွေအတွင်းမှာ အိမ်ထောင်မှုဘ နဲ့ သာယာချိုမြိန်မှုဆိုတာ လုံးဝ မရှိသလောက် ခန်းခြောက်နေခဲ့ရာက နောက်ဆုံး ပြုတ်တောက်သွားရတဲ့အထိ ပြဿနာတွေ ကြီးထွားလာခဲ့တာကို သူ အမှတ် နေတုန်းပဲ။

အဲသည့်နေ့က မခင်ငြိမ်း ခါတိုင်းလိုပဲ စောစောထတယ်။ ဘုရားပန်း တွေ လဲတယ်။ ဘုရားရှိခိုးတယ်။ ဧည့်ခန်းကို ထွက်လာချိန်မှာ ပြဿနာဟာ သူမရှေ့ကို ရောက်နှင့်နေပြီ။ သူ့ထက် အသက်နှစ်ဆလောက်ကြီးတဲ့ ဘီလူး တစ်ကောင်ရဲ့ မယားအဖြစ် သည်အိမ်ကြီးမှာ အဲသည့်နေ့က သူမ နောက်ဆုံး နေခဲ့ရတယ်ပဲ ပြောပါတော့။

"ဒီစာကို မင်းရဲ့ ပိုက်ဆံအိတ်ထဲကရတယ်။ စာကို ငါကိုယ်တိုင် အထပ် ထပ် အခါခါ ဖတ်ပြီးပြီ။ မင်း ဘာပြောချင်သလဲ"

စောင်းရွဲ့နေတဲ့ မျက်လုံးတွေက တခြားကို ရောက်နေပေမယ့် သူမရဲ့ မျက်လုံးတွေကို ကြည့်နေတယ်ဆိုတာ မခင်ငြိမ်း သိနေတယ်။ သူ့နှုတ်ခမ်းတွေ ဟာ အင်မတန် တင်းမာတဲ့ မိကျောင်းတစ်ကောင်ရဲ့ အရေခွံလို ညိုညစ်ညစ် အရောင်နဲ့ တလှုပ်လှုပ် ဖြစ်နေတယ်။ မခင်ငြိမ်း တစ်ချက်ပြုံးလိုက်တယ်။

"ဘာမှပြောစရာမရှိဘူး။ ရှင်သာ ခွင့်ပြုရင် ကျွန်မ ဆင်းသွားရုံပေါ့"

"အယုတ်တမာမ"

အလွန်ပြင်းထန်တဲ့အားနဲ့ ရိုက်လိုက်တဲ့ လက်ဝါးရာကြီးဟာ မခင်ငြိမ်း ရဲ့ ပါးပေါ်မှာ အချောင်းလိုက် ထင်သွားတယ်။ ပါးစပ်က စိမ့်ထွက်လာတဲ့ သွေးတွေကို မခင်ငြိမ်း ကြမ်းပြင်ပေါ်ပဲ ထွေးချလိုက်တယ်။ ပြီးတော့ အိမ်ကြီး ပေါ်က ဆင်းလာခဲ့တယ်။ အဲသည့်နေ့ကစပြီး မခင်ငြိမ်း ပြန်မလာတော့ဘူး။



စ်ပတ်လောက်ပဲကြာမယ် ထင်ပါရဲ့။ ကြမ်းပြင်ပေါ်က မခင်ငြိမ်း ထွေးခဲ့တဲ့ ွေးတွေတောင် ခြောက်မသွားသေးဘူး။ မခင်ငြိမ်း သူ့အမေအိမ်မှာ ဆုံးသွား ဆိုတဲ့ သတင်းစာရွက်တိုကလေးနဲ့ သူ့ဆီ ရောက်လာတယ်။ သူ ဟက်ဟက် က်ပက်ကြီး ရယ်လိုက်တယ်။ စာရွက်ကလေးကို လုံးခြေပစ်လိုက်တယ်။ သူ့ က်ထဲက အပျိုမနိုင်ပွင့်တစ်ပွင့်ကို သူ ဝါးလိုက်တယ်။

တလွန့်လွန့်နဲ့ လှုပ်နေတဲ့ အိမ်မြှောင်တစ်ကောင်ရဲ့ အမြီးလို မချိမဆံ့ က်ရင်း သေသွားတယ်ဆိုတဲ့ မခင်ငြိမ်းရဲ့ ရုပ်အလောင်းကို သူ သွားကြည့် အောင် ကြည့်လိုက်သေးတယ်။ သူ့နှုတ်ခမ်းတွေဟာ တလှုပ်လှုပ်နဲ့ ဖြစ်လာ ယ်။ ပြီးတော့မှ တိုးတိုးကလေး ရေရွတ်လိုက်တယ်။

"မင်း သွားလိုရာ သွားနိုင်ပြီ မခင်ငြိမ်း။ လူဆိုတာ သေတာနဲ့ ရှင်တာ ပ်မကွာလှပါဘူး။ ဒီလောက်ပါပဲ"

## (၈)

ဟာ ညနစ်နာရီကျော်ကျော်လောက်မှာ နိုးလာပြန်တယ်။ သူ့လက်ချောင်း ွေနဲ့ သံဆန်ခါကွက်တွေကို ကုတ်တွယ်ထားရင်း ညသန်းခေါင်းကျော်မှာ တဲ့မိုးကို သူ မမြင်ဖူးသလို ကြည့်နေလိုက်တယ်။

လမ်းဓာတ်မီးတိုင်တွေရဲ့ အလင်းရောင်ဟာ မိုးရေစက် တော်တော် ည်းသံကြားမှာ လင်းတယ်ဆိုရုံလေး လင်းနေတာကို ခရမ်းချဉ်သီးတွေလို မြင်နေရတယ်။

တဝေါဝေါရွာနေတဲ့ မိုးသံတွေကြားမှာ လေတိုက်သံ တဟဲဟဲကို သူ ားနေရတယ်လို့ ထင်တယ်။ အတော်ပြင်းထန်တဲ့ မိုးဟာ အဝေးကနေ တဖြည်း ည်း ပြေးလာနေသလို အသံမျိုး။

သူ့နှုတ်ခမ်းတွေကို သံဆန်ခါကွက်တွေပေါ်မှာ ကပ်ထားလိုက်တယ်။ ခဏနေတော့ မိုးနဲ့လေဟာ သူ့ခေါင်မိုးကို ပြေးဖြတ်သွားရင်း မိုးကြီး ကြီးကိုပါ သူ့အိမ်ခေါင်ပေါ်မှာ တဝုန်းဝုန်းထားရစ်ခဲ့တယ်။ သူ့နှုတ်ခမ်း ဟာ တလှုပ်လှုပ် ဖြစ်လာတယ်။

လျှာတွေ အာတွေ ယားလာတယ်။ သူ တံခါးမကြီးကို တွန်းဖွင့်လိုက် ယ်။ မိုးရေထဲကို သူ ထွက်လိုက်တဲ့အခါ သူ့တစ်ကိုယ်လုံး စိမ့်အေးသွား ယ်။ မိုးရေထဲမှာပဲ သူ ပြတင်းစပ်က အပျိုမနိုင်ပွင့်တွေကို သူ ခူးယူလိုက် ယ်။ လက်နဲ့ တစ်ဆုပ်ကြီး ရတော့မှ ပြန်ဝင်လာတယ်။ ပန်းပွင့်တွေကို သူ

ပုဆိုးခါးပုံစထဲ ထည့်လိုက်တယ်။ တံခါးမကြီးကို ပြန်ပိတ်လိုက်တယ်။ တစ်ကိ
လုံး စိုရွှဲနေတဲ့ ကိုယ်ခန္ဓာနဲ့ အိမ်ပေါ်ထပ်ကို တစ်လှမ်းချင်း တက်လာခဲ့တ
မှန်ရှေ့မှာ သူ ရပ်လိုက်တော့ မှန်ထဲမှာ ဘီလူးတစ်ကောင်။ အင်မတန် ကြေ
စရာကောင်းတဲ့ ဘီလူးတစ်ကောင်။ ပန်းပွင့်ဖြူဖြူကလေးတွေကို စားနေ
ဘီလူးတစ်ကောင်။

မှန်ထဲက ဘီလူးကို သူ အရမ်းမုန်းတီးသွားတယ်။ သူ့လိုပဲ မျက်
စောင်းစောင်း နှုတ်ခမ်းထူထူနဲ့ ဆံပင်လိမ်ကောက်ကောက်နဲ့ ဘီလူးဟာ သူ
စိုက်ကြည့်နေတာကို သူ အရွံ့မုန်းဆုံးပဲ။ သူ့လက်တွေက သစ်သားတန်းပေါ်
အရက်ပုလင်းဆီ ရောက်သွားတယ်။ မနားတမ်း မော့သောက်လိုက်ချိန်မှာလ
ဘီလူးဟာ သူ့ကို ကြည့်နေတုန်းပဲ။ မှန်ကို အရက်ပုလင်းနဲ့ ရိုက်ခွဲလိုက်
မိုးခြိမ်းသံဟာ ရောထွေးသွားတယ်။ သူ့ဘဝမှာ ပထမဆုံး ဟစ်အော်ရယ်လို
တဲ့အသံဟာ မိုးခြိမ်းသံထက် ကျယ်လောင်သွားတယ်။ သည်အခါ သူ့အသံ
ကိုလည်း ရွံ့မုန်းနေမိပြန်ရော။ သူ မှန်ရှေ့ကနေ ပြတင်းပေါက်ဆီကို သွား
ရင်း မပိတ်ဘဲ ထားရစ်ခဲ့တဲ့ တံခါးဆီကို လက်လှမ်းလိုက်တယ်။

ကြည့်စမ်း တံခါးနဲ့ ညပ်သေနေတဲ့ အိမ်မြှောင်တစ်ကောင်။ သူ့နာ
မှာ မချိမဆံ့ အော်ဟစ်လိုက်တဲ့ အိမ်မြှောင် ရာပေါင်းများစွာရဲ့ အသံ
ဆက်ကာ ဆက်ကာ ကြားနေရတဲ့ အသံတွေ။

အိမ်မြှောင်သေလေးကို ပြတင်းကနေ ခွာချလိုက်ဖို့ သူ တစ်ခုခုကို
တယ်။ သစ်သားတန်းပေါ်မှာ သွားပွတ်တံဟောင်းလေးတစ်ချောင်း သွား
တယ်။ သွားပွတ်တံဖင်နဲ့ ထိုးခွာချလိုက်ဖို့ လက်ရွယ်လိုက်တုန်းမှာပဲ သူ့လ
တွေ ရပ်တန့်သွားတယ်။

လွန်ခဲ့တဲ့ မိနစ်တော်တော်များများက သူ့ကြောင့်သေခဲ့တဲ့ အိမ်မြ
ရဲ့ အမြီးဟာ တုန်လှုပ်နေတုန်းပါလား။

"ဒါ မဖြစ်နိုင်ဘူး၊ ဒါ လုံးဝ မဖြစ်နိုင်ဘူး"

သူ့နှုတ်ခမ်းတွေကြားက ထွက်လာတဲ့အသံတွေကို မိုးသံလေသံ
မှာ သူ ကြားနေရတယ်။ သူ့အသံနဲ့ သူ့ရုပ်ကို မုန်းတီးမှုဟာ ပိုမို ပြင်း
နေတယ်။ သွားပွတ်တံကိုင်ရင်း လှေကားဆီကို နောက်ဆုတ်လာတယ်။ မိ
ရောင်အောက်မှာ အိမ်မြှောင်အမြီးလေးဟာ တွန့်လှုပ်နေတုန်းပဲ။ သူ ကေ
ကောင်း မြင်နေရတယ်။ လှေကားထိပ်ကို ရောက်တဲ့အထိ သူ မျက်လုံးစေ
စောင်းတွေနဲ့ မခွာတမ်း ကြည့်နေရင်းက သူ လှေကားထစ်တွေပေါ်ကို နေ



ထိုးကျသွားတယ်။ သူ့ခါးပုံစထဲက အပျိုမနိုင်ပွင့်ဖြူတွေပါ၊ သူနဲ့အတူ
ထွေးကျသွားတယ်။ သူ့မျက်လုံးစောင်းကြီးတွေရဲ့ မျက်စိသူငယ်အိမ်တွေ
ငြိမ်သက်နေတယ်။ လှုပ်ရှားမှုတွေကို ရှုမှတ်နေတာမျိုးတော့ မဟုတ်တော့
။ နှုတ်ခမ်းထူထူကြီးတွေဟာ ပွင့်ဟနေတယ်။ သည်တစ်ခါတော့ မန္တန်
ပုဒ်ပုဒ်ကို ရွတ်ဖတ်နေသလို တလှုပ်လှုပ် မဟုတ်တော့ပြန်ဘူး။

❐

# ရတနာဂီရိ နှင်းခါးညများ

## (၁)

သော်ကာရနံ့တို့ သင်းပျံ့နေသည့် နံနက်ခင်း။ ကောင်းကင်မှာ မြူခြေတိမ်
တို့ ရှင်းသေးသော်လည်း ဆောင်းငွေ့တို့ လူလူထချင်ပြီ။ နှင်းက လိုက်လို
ချမ်းခိုက်သည့် ဆောင်းမပီသော်လည်း မြောက်လေနုနုကလည်း သွေးချင်နေသေ
သည်။

အိမ်ရှေ့ကွက်လပ်မှာ ဆိတ်ဖလူးနှင့် စကြာပွင့်ဖြူကလေးတွေ ပြန့်ပြ
နေလေသည်။ မန်ကျည်းပင်ရိပ်မှာ ဗေဒါတစ်ယောက်တည်း။ နံနက်စော
ကပင် ပတ်လုံးကလေးတွေ နန်းဆွဲနေခဲ့သေးသည်။ ရေကလေး လှည့်လိုက်
နန်းကြိုးတွေကို ရိုက်ဆွဲလိုက် လုပ်နေခဲ့သေးသည်။ နောက်တော့လည်း သား
ထူ ပတ်လုံးကလေးတွေကို ပန်းပြားခွေမှာ ချိတ်လိုက်ကာ ပတ်စာကပ်ဖြစ်သွ
ပြန်သည်။

ဆိုင်းနားသည့် ရက်တွေမှာ သည်လိုပင် လက်ကျင့်တီး တီးနေဖြစ်သည်
အခုလည်း မနက်ကတည်းက ထိုင်ပြီး စိတ်လိုလက်ရ သီချင်းကလေးတွေ မ
နေမိပြန်လေသည်။ သီချင်းတွေ ဘယ်နှပုဒ် တီးဖြစ်နေသည်ပင် မမှတ်မိတော
တစ်ခါတစ်ခါတော့လည်း စိတ်လိုလက်ရ ဆိုတီးကလေး။

"စိုးမိုးသိမ်းကျုံး... သောင်းလုံးမြေယံ... နိုင်ငံထီးစင်း မင်းမင်းညွှတ်
မဟာနာဂရ... သာစွဝေယံ... နက်သန်ပရ မေ ရွှေမြေအောင်ခြာနန်းမြင့်မြင့်
ဘုန်းပွင့်ပွင့် နေအာလိန်ရွှယ်လူးလူး မှူးလုံးကေရာ... ပဒုသိဂ်ါ... အစုံတိမ်ပြာ
ရဂုံဗွေမှာ ဝင်းဝင်းညီးညီး... စကြာတော်ဆိုက်ချိန်လုနီး"



အို... နက်သန်ပရမေ၊ ရွှေမြေအောင်ခြာ နန်းမြင့်မြင့် ဘုန်းပွင့်ပွင့်တဲ့
ား။ မဟုတ်တော့ပြီ။ နန်းမြင့်မှာ ဘုန်းမပွင့်နိုင်တော့ပြီ။ ထီးကျိုးစည်ပေါက်
ဝ။ မြန်မာ့ အချုပ်အခြာအာဏာတို့ ဆိတ်သုဉ်းရာ သမယ။ စကြာတော်ဆိုက်
န် လုနီးအံ့နီးနီး၊ မြန်မာ့ထီးနန်းဦးစွန်းကို ပြန်လည်ထူမတ်မည့် ပုဂ္ဂိုလ်ကို
မျှော်မှန်းဆနေရသည့် ကာလ။

မယ်တော်သူရဿတီ စီးနေသလား ထင်ရသည့် လက်များက သားရေ
ူ ပတ်လုံးတွေပေါ်မှာ ပြေးလွှားနေဆဲ။ ပီပီကလေး တစ်လုံးချင်းထွက်လာ
ည့် ပတ်လုံးသံကလေးတွေနောက်က နောက်ကျသည်ဆိုရုံကလေး မှေးကပ်
င်း စိတ်လိုလက်ရ ဆိုနေမိသည်။

ဗေဒါက စိုးမိုးသိမ်းကျုံးအပိုဒ်ကို ပြန်ကျော့ချိန်မှာတော့ သမုဒ်ရေပြင်
 မိုးတွေရွာသလို ခါးခါးတောက်တောက် ချောက်ချောက်ချားချား မွှေတီး
ီးပစ်လိုက်သည်။ လက်တွေက ပြေးလွှားနေသော်လည်း စိတ်က တခြားကို
ရောက်နေပြန်သည်။

မင်းနှစ်ပါး။ မြန်မာ့ဦးစွန်း အရှင်နှစ်ပါး။ သူ လေးနှစ်သား နယ်ချဲ့
လားဖြူတို့လက်မှာ ညိုးညိုးငယ်ငယ် ပါတော်မူရသည့် ကုန်းဘောင်ဆက်
င်းနှစ်ပါး။ အမျိုး၊ ဘာသာ၊ သာသနာနှင့် ဝေးရာမှာ စံနေတော်မူရသည့်
ဒုက္ခကို ခံစားသွားရပြန်သည်။ သူ့စိတ်တွေက မိုးတိမ်တွေလို အေးအိစီး
ျနေသည်။ စကြာတော် ဆိုက်ချိန်လုနီးမှာပဲ သီချင်းကို ချလိုက်ဖို့ လက်တွေ
ို လျှော့ချပစ်လိုက်သည်။

"ဆက်တီးစမ်း ဗေဒါ၊ တီးပါ လူကလေးရဲ့"

အဖေ ဘယ်အချိန်က ရောက်နေသည် မသိ။ မန်ကျည်းပင်စည်ကို
ာက်ကန်ထားသော ကွပ်ပျစ်စွန်းမှာထိုင်ရင်း စိုးမိုးသိမ်းကျုံးကို တီးခိုင်းနေ
ည်။

ဆင်စွယ် စံပယ်ဖူးကလေးကို နားမှာပန်ရင်း မည်းကြုတ်ကြုတ်၊ မျက်နှာ
င်းဝိုင်းပေါ်က မျက်ဝန်းတွေမှာ အရောင်တွေ တဖျပ်ဖျပ် တောက်လက်နေလေ
ည်။

"ဆက်တီးစမ်းဟေ့၊ ဘာတဲ့ စကြာတော်ဆိုက်ချိန်လုနီးတဲ့လား။ ပြီးတော့
ဂ်ဌာန်ကညီး နွေးသီငယ်အံ့ချီး ခိုင်ဖြိုးငယ် ပြောကျယ်ဆိုတဲ့ အပိုဒ်ကလေး"

ဖြေလျှော့လိုက်သော လက်တွေထဲကို အားတွေ စုကျစ်ထည့်သွင်းလိုက်
ြန်သည်။ အဖေ ခိုင်းနေသည် မဟုတ်လား။ ဘုရင့်ရွှေနန်းတော်ထဲမှ တစ်မှတ်
ဖြူ စိန်ဆိုင်းတော်ကို တီးရသည့် ရှာစားဖေကြီးပလေ။

စိုးမိုးသိမ်းကျုံးကို နားထောင်ရင်း ငယ်ရိပ်ငယ်သွေးတို့ တလှပ်လှပ် တိုးထိလာသည်ဟု ထင်ရသည်။ အောက်ပိုဒ်ကို ဆက်ဝင်လိုက်သည်။

"ပျော်ဖွယ်သော နန္ဒာဇောင်းကာလေ… ငယ်နှင့်လေ… တိမ်ကြောညွန့်… ကွန့်ကွန့်ငယ် အာတိန်… ယဉ်ရေသီလာ ပက်ကာသမ်းသည့် မန်းပြေက သိန်ငယ်မှာ…"

မန်ကျည်းပင်ရိပ်မှ လှမ်းမျှော်ကြည့်လျှင် မိုးသစ်ရွက်တို့ ကျန်နေသေးသည်။ အဝေးဘုန်းတော်ကြီးကျောင်းများဆီမှ စည်ထိုးသံနှင့် ကြေးမောင်းရိုက်သံတို့ မြောက်လေပြည်ထဲမှာ ဝေ့ဝဲလွင့်ပါလာသည်။

အဖေကမူ မန်ကျည်းပင်စည်ကို မှီရင်း မျက်လုံးတွေကို စင်းမှေးထားသည်။ သူ့စိတ်တွေ ရွှေနန်းတော် စမုခ်ဆောင်ထဲမှာ ရှိနေလိမ့်မည်။ မှန်ဖြူတွေ တလက်လက်ထနေသည့် လယ်ယာစိန်ဆိုင်းခွေအလယ်မှာ မြိန့်မြိန့်ကြီး ထိုင်ရင်း ဘုန်းတော်ဘွဲ့တစ်ပုဒ်ပုဒ်ကို ချီးပရင်း အသုံးတော်ခံနေရပုံကို မြင်ယောင်နေအံ့ ထင်သည်။

သဖြန်ကို မဆင်းတော့ဘဲ အဖေ တစ္ဆလမ်းလမ်းရှိခဲ့ဖူးသည့် ကုန်းဘောင်ပရမေကို ဆက်ဝင်လိုက်သည်။

"ကုန်းဘောင်ပရမေ… ဇေယျာဘိ သီရိသီရိ ခုနစ်ကြိမ်၊ ဗြဟ္မာဆုနှင်း အောင်ခင်းစံရိပ်ငြိမ် ရွှေတိမ်ညွန့်ဝယ်လေ… ရောင်ခြည်လျှံလန်း… နတ်နန်းဝေယံနှယ်"

ပတ်လုံးတွေကို ချော့လိုက် ခြောက်လိုက်၊ လူးလိုက် လိမ့်လိုက်၊ တစ်လုံးချင်း မှေးလိုက်၊ အတွဲကလေးတွေနှင့် သီလိုက်။ ပတ်လုံးကလေးတွေကလည်း ရယ်လိုက် မောလိုက်၊ ငိုလိုက် မှိုင်လိုက်။ သဖြန်၊ နောက် လောကနတ်၊ နောက် ပဒ္ဒရူပဘွဲ့။

"အဆင်းငါးဖြာ… ကမ္ဘာငယ်လေ… ရှည်မြင့်တောင်း… အကြောင်းလဲလွန်စွာ… သီဟငယ်လေပြိုင်သနင်း… ငါးကြင်းတူမကွာ… ဖနာဂစယ် လှသိင်္ဂမဟိသာ… ငှက်မွန်ဆင်းဝါ… ဟံသာရွှေမူ… တဏ္ဍိသန စယ်လျှာမောင်း" —

ရတုကို မကျူးတော့ဘဲ သဖြန်ပိုဒ်မှာ စိမ်ပြီးချလိုက်တယ်။ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးတွေ ရွှဲနစ်နေပြီ။ ပုဆိုးခါးပုံစနှင့် ချွေးတွေကို သုတ်ပစ်လိုက်ကာ ခဏနားနေလိုက်သည်။

နောက်ပတ်စာတွေကို ဂရုတစိုက် ခွာလိုက်သည်။ ပတ်လုံးကလေးတွေ



သန့်စင်ပြီးမှ မင်းပေါက်က ငုံ့ထွက်လိုက်သည်။ အဖေ့ဘေးတွင် ပျစ်စွန်းမှာ ထိုင်ရင်းက ကွမ်းတစ်ယာ စားသည်။ နောက် အဖေ့မျက်နှာကို ကြည့်လိုက်သည်။ မျက်ရည်တွေ။ မှေးကျဉ်းသော အဖေ့ မျက်ဝန်းမှာ မျက်ရည်တွေ ရှိနေသည်လေ။

"ဖေဒါ"

"ခင်ဗျာ"

"မင်းကို ငါ ပြောစရာရှိတယ်၊ အပေါ်လိုက်ခဲ့"

အဖေ့ကို တအံ့တသြ မော့ကြည့်လိုက်သည်။ အဖေ သည်လို တစ်ခါမှ မပြောစဖူး။ အိုကြီးအိုမ သည်အရွယ်အထိ သူနှင့် ကိုကြီးစိမ့်တို့ ညီအစ်ကို ဆိုင်းပွဲလက်ခံရာနောက် ကောက်ကောက်ပါအောင်လိုက်ရင်း သားနှစ်ယောက်ကို ကြည့်ကာ အားရကျေနပ်နေတဲ့သူ။

လူကြားသူကြားပေမင့် ဆိုင်းထဲ ဝိုင်းထဲမှာပေမင့် စိတ်မထင်လျှင် ရိုက်ပုတ် ဆုံးမတတ်သူ။

"မောင်စိမ့်လက်သံက သာတယ်၊ ညက်တယ်၊ နူးညံ့တယ်။ ဖေဒါ လက်သံက ပီတယ်၊ မြည်တယ်၊ ပြတ်သားတယ်"

ဟု လူထုလျှင် ချီးမွမ်းတတ်သူ။

အခုတော့ မျက်ရည်စတွေနှင့် အဖေက ပြောပြောဆိုဆို အိမ်ပေါ်တက်သွားသည့်တိုင် မန်ကျည်းပင်ရိပ်မှာ ဖေဒါ ငေးငိုင်ကျန်ရစ်နေဆဲ။ အဖေ့ မျက်ရည်တွေကို နားမလည်နိုင်သေး။ နောက်ဖေး စဉ့်အိုးတွေမှာ မျက်နှာသစ်ပစ်လိုက်သည်။ တဘက်ကြမ်းနှင့် မျက်နှာကို ပွတ်တိုက်ပစ်လိုက်သည်။ ပြီးတော့ အိမ်ပေါ် တက်လိုက်လာခဲ့သည်။

## (၂)

ဘုရားစင်ရှေ့မှာ အဖေ ထိုင်နေသည်။ မျက်လုံးတွေက ဝေသီနေသည်။ သူ့မျက်လုံးတွေက အိမ်ခေါင်မှာ ချိတ်ဆွဲထားသည့် မှန်ဖြူ ကနုတ်တွေနှင့် ရွှေပိန်းချ ဆိုင်းခွေကို ငေးရီဟန်တူသည်။

အဖေက သူ့ဆိုင်းခွေကို အရိပ်တကြည့်ကြည့် နေတတ်တာ သူအသိ။ အတွင်းတော်မှာ နှစ်ပေါင်းများစွာ အမှုတော်ထမ်းခဲ့ရင်း လက်ယာဆိုင်း အမှုထမ်း ဆီဆုံဆယ်ရွာစား 'နေမျိုးကျော်စွာခေါင်' ဘွဲ့ကို အသနားတော်မြတ်ခံရသူ။ ဆိုင်းတော်သုံးရပ်မှာ ဘုရင့်အနှစ်သက်ဆုံး ဘုရင့် အမြတ်နိုးဆုံးလက်ရာ

စိန်ဆိုင်းတော်ကိုမှ တီးခွင့်ရသူဆိုတော့လည်း ရွှေနန်းတော်ကြီးထဲက လု ဝေဆာခဲ့ဖူးသော ငယ်ဘဝတွေကို သတိရနေတာ ဖြစ်ချင်လည်း ဖြစ်နိုင်သည်

"အရေးတော် ပေါ်ပြီဆိုပါတော့ ဖေဒါ"

နားမလည်နိုင်သေး။ ဖေဒါ အဖေ့မျက်နှာကို သည်တစ်ခါပဲ ထူးထူ ဆန်းဆန်း တွေ့ဖူးသည်။ ပြုံးယောင်ယောင်သမ်းနေသည့် နှုတ်ခမ်းထောင့်တွေ တွေကို ပြန်မရုပ်သေး။ မျက်ရည်၊ နောက် အပြုံး။ မိမိအသက် နှစ်ဆယ့်ရှစ်နှ မှာ သည်တစ်ခါ အထူးခြားဆုံး။

"အခု သက္ကရာဇ် ဘယ်လောက်လဲဟေ့"

"တစ်ထောင့်နှစ်ရာခုနစ်ဆယ့်နှစ်ခုပါ အဖေ"

"အင်း… နှစ်အစိတ်တောင် ရှိမင့်ကိုး"

ပြန်လည် တိတ်ဆိတ်သွားပြန်သည်။ အဖေက မည်းခြောက်ခြောက် ပိန်လှီနေသည့် သူ့လက်ချောင်းတွေကို ပြန့်ကာ ကြည့်နေပြန်သည်။ အက်ကွဲ ဖူးရောင်ခဲ့ဖူးသော ကျွဲပခုံးထ လက်ချောင်း မာခြောက်ခြောက်တွေက နတ်ဝ သည့်လို လှုပ်ခုန်နေလေသည်။

"မင်းတရားကြီး လက်ထက်တော်က အဖေတို့ အတွင်းတော်မှာ တီး တယ်။ အဖေတီးရတဲ့ဆိုင်းက ဟောဟိုခေါင်မှာ ဆွဲထားတဲ့ စိန်ဆိုင်း"

အဖေက ခေါင်မှာ အခွေလိုက်ချိတ်ထားသော ဖုန်အလူးလူး ကပ်နေ သည့် ဆိုင်းခွေကို ပြနေပြန်သည်။ သည်စကားတွေ ကြုံတိုင်း ပြောခဲ့ဖူးသည် ချည်း။

"မင်းတရားကြီး လက်ထက်က အဖေတို့ အတွင်းတော်မှာ တီးခဲ့ရတယ်။ အတွင်းတော်မှာ စိန်ဆိုင်း၊ မြဆိုင်း၊ ပတ္တမြားဆိုင်း ဆိုင်းသုံးဆိုင်း ရှိတယ်။ စိန်ဆိုင်းက ဘုရင်၊ မြဆိုင်းက မိဖုရား၊ ပတ္တမြားဆိုင်းက သားတော်များ ရှေ့မှောက်မှာ တီးရတယ်"

"အေး… အဖေက စိန်ဆိုင်းတော် တီးခဲ့ရတယ်။ မှန်ဖြူ ရွှေပိန်းချ ဆိုင်းတော်ကြီးပေါ့။ ဘုရင်မင်းမြတ်က သဘောကျရင် ရွှေဆိုင်း ဘယ်နှချက် ထိုး၊ အလံ ဘယ်နှလက် စိုက်၊ ဖန်အိုး ဘယ်နှစ်လုံးချိတ် စသည်ဖြင့် ချီးမြှင့် တော်မူတာကိုး"

"သီပေါမင်းဘုရားလက်ထက်က တစ်နေ့ အဖေက ခေါင်းမှာ ပေရွက် ထိုးပြီး အတီးတော်ဆက်တယ်"

"ဘုရင်က ပေရွက်ကိုတွေ့တော့ ယူကြည့်စေတယ်။ အဖေ ဘာရေး



းတယ် ထင်သလဲဟေ။ သီချင်းကြီး သီချင်းခံများ စိစစ်တော်မူသင့်ပါပြီ းလို့ ရေးထားတာပေါ့။ အေး… အဲသည့်တုန်းက ရွှေနန်းတော်ထဲမှာ သီချင်း ရွေးကြ နုတ်ကြ သီကြ သုတ်သင် တည်းဖြတ်ကြနဲ့ပေါ့ကွယ်"

အဖေ့အသံက ကျယ်လောင်နေသည်။ ဆွဲချိတ်ထားသော ဆိုင်းဟောင်း ပေါက်ဝအတွင်း လက်ရုံးအောက်နေရာကလေးမှာ ရေးထိုးထားသည့် 'ဆိ ယ် ရွာစား တစ်မှတ်ဘွဲ့ဖြူလက်ယာ စိန်ဆိုင်း' ဆိုသည့် ကမ္ပည်းစာကို ါ တွေ့ဖူးသည်။

"အရှင်နှစ်ပါး ပါတော်မူပြီးတော့ ခြောက်သယောင်းနေတဲ့ ရွှေနန်းတော် ထဲ အဖေ ရောက်သွားတော့ ဆိုင်ရာ အရာရှိမင်းများက ကိုယ့်ပစ္စည်း ကိုယ် းယူကြတယ်။ အဖေက အဖေ့ စိန်ဆိုင်းကြီးကို ခန်းဆောင်ထဲက လှည်းနဲ့ းတိုက်လာခဲ့တယ်။ အဲသည့်ကတည်းက…"

အဖေ့အသံက တိမ်ဝင်သွားပြန်သည်။ စိန်မေ လာချပေးသော အဖန်ရည် ထဲက အဖန်ရည်တစ်ခွက်ကို ငုံ့နေပြန်သည်။ ဖေဒါကမူ အဖေ ဘာပြော ဆိုတာကိုပဲ နားထောင်နေလိုက်သည်။

"အေး… အခုတော့ အရေးတော်ပေါ်ပြန်ပြီ၊ နေမျိုးကျော်စွာခေါင် ဖေရဲ့ သားတွေအတွက် နေရာတော် ပေါ်ပြန်ပြီပေါ့လေ"

အဖန်ရည်ခွက်ကို ချလိုက်သည်။ အဖေ့မျက်လုံးတွေက အရောင်လက်လာ သည်။

"ကုလားပြည်မှာ စံနေတော်မူတဲ့ အရှင်နှစ်ပါးက ငွေတော် ခုနစ်သိန်း စံနန်းတော်တိုက်သစ်တက်ပွဲ မင်္ဂလာ ကျင်းပလိုတော်မူသတဲ့။ အပါးတော် အတွင်းဝန် ဦးစံရွှေလည်း ရောက်နေသတဲ့။ အိမ်တော်ဝန်က ဆရာတော် းများနဲ့တကွ ဆိုင်းပါငှားဖို့လာတာလို့ ပြောတယ်။ ပြီးတော့ တော်ကြီး းက ဆရာဖေသား ကျီးကန်းတစ်ကောင် ကြီးရောပေါ့လို့ မိန့်တော်မူ တဲ့"

အစ်ကိုကြီး ကိုစိမ့် (ဆရာစိမ့်) က အသားမည်းမည်း ကျီးကန်းတစ် င် ဆိုတာ ကိုကြီးစိမ့်ကို ပြောခြင်းဖြစ်သည်။ အတွင်းတော်မှာ အဖေ ခဲ့က ကိုကြီးစိမ့်က လိုက်လိုက်သွားခဲ့ဖူးသည်။

"မင်းအစ်ကို မောင်စိမ့်က ကျန်းမာရေး မကောင်းဘူးလို့ ပြောတယ်။ းမူးတဲ့ဒဏ်လည်း မခံနိုင်ဘူးတဲ့။ တိုင်းတစ်ပါးကိုလည်း ရေခြားမြေခြား းချင်ဘူးတဲ့။ ဒီတော့ အဖေ့ကိုယ်စား၊ မင့်အစ်ကို မောင်စိမ့်ကိုယ်စား မင်း

သွားရမယ်။ အရှင်နှစ်ပါးကို အဖေ့ကိုယ်စား၊ အတွင်းတော်တီး နေမျိုးကျော်
ခေါင်ဘွဲ့ရ ဆိုင်းဆရာ ဆရာဖေကြီးရဲ့ ကိုယ်စား နေလနှစ်ဆူကို မင်း ဖျော်
ခဲ့ရမယ်"

ဆောင်းလေပြည်ထဲမှာ ကြာရနံ့တို့ ကြိုင်လှောက်နေသည်။ တိမ်တ
တို့ ကောင်းကင်ပင်လယ်မှာ ရွက်ဖွင့်မျောနေသည်။ ဖေဒါက တိမ်တွေ
ငေးမောနေမိပြန်သည်။ အိပ်မက်တွေများလား။

စိန်မေက နံရံကိုမှီရင်း သားအဖတွေကို ငေးကြည့်နေသည်။ ရတ
ဂီရိကို သွားဖျော်ဖြေရမတဲ့။ တိုက်သစ်စံ အိမ်တော်တက်ပွဲမှာ အသုံးတော်
တဲ့။ ဖေဒါ ငေးမောနေဆဲ။

(၃)

ရတနာဂီရိစံအိမ်တော်။ ကြီးမားသော အုတ်ကုန်းပေါက်ကြီးများက ခံ့ထည်
သည်။ သက်တံခုံး တံခါးချပ်တွေအပေါ်က ပန်းဖူးသဏ္ဍာန် မှန်ကူကွက်
တပ်ထားသည်။ စံအိမ်တော်ထဲမှာ အလင်းရောင် လင်းချင်းနေသည်။ စံ
တော်ရှေ့မှာ လှပသော အုတ်လမ်းကလေး။ ရတနာဂီရိဆိပ်ကမ်းဘက်မှ
ငွေ့တွေပါသော လေက လတ်ဆတ်နေသည်။

ခန်းမကြီးထဲမှာ ဟင်္သာပြဒါးရောင် ဆိုင်းခွေတစ်ခွေ။ နောက် ပ
နယားက လှပကြော့ရှင်းနေသည်။ အနီရောင် ကော်ဇောကြီးပေါ်မှာ ငြိမ်သ
နေသော လူတစ်စု။ မျက်လုံး မျက်တောင်တွေပါ မလှုပ်မခတ်ဘဲ ငြိမ်သ
လေသည်။ တစ်ဆစ်ကွေ့ လှေကားပေါ်မှ အဖူးမြော်ခံ ဆင်းလာမည့်
နှစ်ပါးကို ငံ့လင့်နေရသည့် အချိန်ကလေးကပင် ကြာလွန်းသည်ဟု ထင်သ

ထိုစဉ်မှာပင် တစ်ထစ်ချင်း ဆင်းလာသည့် ခြေလှမ်းများ။ ဖေ
မျက်လုံးတွေကို မရဲတရဲ မော်ကြည့်လိုက်သည်။ နောက် ဖိနပ်တော်။ တော
သည့် လွန်းချိတ်ပုဆိုး။ ခါးရှည်ခါသာ ပိတ်ဖြူအင်္ကျီ။ ထို့မှ မျက်နှာတေ

အို သီပေါအရှင်။ ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးဘုရင်။ မာန်ေ
ရတနာ ဒါယကာ ဘဝရှင်မင်းတရား။ သီပေါမြို့စား။ ရတနာပုံ ဒု
နန်းစံတော်ကြီး ဘုရား။ သီရိပဝရာဓိကျ တိလောကဓိပတိပဏ္ဍိတ မဟာ
ရာဇဓိရာဇာ။ မျက်နှာတော်က ညှိုးချုံးချုံးရှိသော်လည်း ဝင်းပနေသည်။ ၎
နက်မှောင်သည့် နှုတ်ခမ်းမွေးက မျက်နှာကို ပိုမို ရင့်အိုစေသည်။ လေး
ကြည်လင်သော မျက်လုံးများက အရည်လဲ့နေသည်ဟု ထင်သည်။ သူ့နေ



မြတောင်မြို့စား သီရိသုမင်္ဂလ ရတနာဒေဝီ စုဖုရားလတ် သခင်မဘုရား။
စင်းဖြောင့်သော မျက်ခုံးတော် နက်မှောင်မှောင်က နက်ရှိုင်းခြင်း၊ တည်ကြည်
နှင့် ဆန်းကြယ်ခြင်းတို့ကို ပြနေသည်လား။ တင်းတင်းစေ့ထားသော နှုတ်ခမ်း
'မာန' တို့ ပေစွန်းနေသေးသည်။

ဖေဒါက ငေးမောနေရာမှ သတိရကာ ခေါင်းကို ငုံ့ဝပ်လိုက်သည်။
စ်အုပ်ချိထားရင်းက အသံကို နားစွင့်နေလိုက်သည်။ အသံမဲ့။ အတန်ကြာ
ပ်ထိ ချောက်ချားဖွယ် တိတ်ဆိတ်နေပြန်လေသည်။

"ကျန်းခန့်သာကြရဲ့လား"

ပီဘိ ကြည်လင်ပြတ်သားသည့် အသံတော်။ လည်ချောင်းမှ မဟုတ်ဘဲ
းအိမ်ထဲကလာသော လိုဏ်သံဖြင့် ပဲ့တင်ဟည်းထနေသည့် အသံမျိုး။

"မှန်လှပါ အရှင့်ဘုန်းတော်"

ဖေဒါက တင်လက်စ စကားကို ယောင်ယမ်း ရပ်ပစ်လိုက်သည်။ အရှင့်
တော်ကြောင့်ဆိုသည့် စကားကို သူ မဆက်ဝံ့တော့။ မနေ့ကလည်း ကြုံခဲ့
ဆိုင်းတော်က 'ပထဝီ မြေညွတ်အောင် ကြီးလိုက်တဲ့ဘုန်း' ကို တီးသည်။
ါကိုယ်တော်က အတွင်းဆောင်သို့ ပြန်ဝင်သွားရာ မထွက်လာတော့။

ကနေ့လည်း နှုတ်က ကျွံမိခဲ့ပြန်ပြီ။ မျက်နှာတော်ကို အလန့်တကြား
ကြည့်လိုက်သည်။ မိဖုရားကြီးကမူ မှန်ပြတင်းဝမှ အပြင်သို့ ငေးနေသည်။
ါဘုရင်ကမူ ပြုံးနေသည်ဆိုရုံကလေး ပြုံးနေသော်လည်း ဆွေးမြည့်သော
းမျိုး ဖြစ်လေသည်။

"မင်းက အတွင်းတော်တီး ဆရာဖေကြီးရဲ့သားဆို၊ ဟုတ်သလား"

"မှန်ပါ၊ နေမျိုးကျော်စွာခေါင် ဘွဲ့တော်ရ ဆီဆုံဆယ်ရွာစား ဆရာဖေ
သားပါ ဘုရား"

"မင်းအစ်ကို မောင်စိမ့်ကောဟဲ့"

"အကြောင်းမလျော့် အခါမသင့်လို့ မပါလာကြောင်းပါ ဘုရား"

"မင်းနာမည်ကကော ဘယ်သူတုန်း"

"မှန်ပါ၊ အသက် ဆယ့်လေးနှစ်သားက ကိုဘိုးထွန်း၊ မထွေးလေးတို့
တူ ရန်ကုန်သို့ ဆင်းလာစဉ်က ဖေဒါသီချင်း အတီးကောင်းပါသဖြင့်
မည် မောင်လေးမှ ဖေဒါအမည် တွင်နေကြောင်းပါ ဘုရား"

"ဖေဒါသီချင်းက ဘယ်လိုဟာတုန်းကွယ့်"

"မှန်လှပါ၊ ဖေဒါ ဖေဒါ နင့်ဘူးကို ဘယ်သူချဲ့ ပြောဟဲ့ ဖေဒါ

မိဖေဒါ၊ အသေအချာ ဖေဒါမက နေရာချလို့ မပြောနိုင်၊ မြတ်ဆရာ အော်က
ဝေါက်၊ ခေါင်းဖျောက်ပါလို့ ဖေဒါမှိုင်ဆိုသည့် သီချင်းပါဘုရား"

သီပေါကိုယ်တော်က ကြည်လင်သော အသံတော်ဖြင့် ရယ်တော်မူသည်
စုဖုရားလတ်သည်ပင် တင်းမာသော ရာဇဣန္ဒြေကြားက ခပ်ဟဟ ပြုံးလေသည်
မှန်ပြတင်းမှ နှင်းငွေ့မစင့်တစင် လေအေးက တသွေးသွေး။ ပြီးတော့ သင်းပျံ့
သည့် ပြင်သစ်ရေမွှေးနံ့။

"ကျွန်တော်မျိုးဖခင် ဆရာဖေကြီးက ဖေဒါ့သီချင်းကို တော၊ တျာ
ဒူး၊ ဒုံး၊ ဘယ်ကျော ပတ်လုံးကြီး ငါးလုံးနဲ့သာ အပီတီးရမယ်လို့ ကျကျန
သင်ခဲ့ဖူးသည့် သီချင်းလည်း ဖြစ်ပါကြောင်း ဘုရား"

"အင်း... ဆရာတော်ဘုရားများကိုတော့ ဖူးမြော်ပြီးပါပြီ။ မင်းတို့သာဘ
ဂီတအဖွဲ့မှာကော ဘယ်သူတွေ ပါသေးတုန်း"

"ကျွန်တော်မျိုး ဖေဒါ ဦးဆောင်လို့ နောက်ပါ တပည့်လက်သာ
နှစ်ဆယ်ကျော် ပါရှိကြောင်းပါဘုရား၊ အငြိမ့်တော် မယင်းတော်၊ မစောရင်
မစိန်ကြည်၊ မစိန်မေ၊ လူရွှင်တော် ဦးကျွမ်း၊ ဦးဗလ၊ အဆိုတော် ဦးလူကြီး
ဦးပေါ်ဦးတို့သာမက စောင်းဝိဇ္ဇာ ဒေဝဣန္ဒာ မောင်မောင်ကြီးပါ အသုံးတော်
ခံရန်ပါ ပါကြောင်းပါဘုရား"

"ကိုင်း... သက်သာသလို နေကြဗျာ"

တစ်ဖွဲ့လုံး ဖေဒါနဲ့အတူ မင်းနှစ်ပါးကို ကန်တော့သည်။ ဦးအမော့မှ
မင်းနှစ်ပါး အဝေးကို ရောက်နေပြီ။ လိမ့်ဆင်းလာသော မျက်ရည်ကြောင်းကို
ဖေဒါ လက်ဖမိုးနှင့် သုတ်လိုက်သည်။ ပဥ္စရူပနယားပျံက လျှမ်းတော့မည့်ဟန်

(၄)

ညဥ့်လယ်ယံ ကျူးတော့မည်။ ညာအဖျားလုံးကလေးတွေကိုချည်း သာယာန
ပျော်ဖွယ်ကောင်းအောင် ခပ်ဖော့ဖော့ တီးလျှစ္စာ တီးနေလိုက်သည်။

ခန်းမဆောင်ထဲမှ ပတ်လုံးသံကလေးတွေက ဆောင်းညရင့်ရင့်ထဲသို့
စီးမျောလွင့်ပါသွားလေသည်။

သလွန်နဲ့တူသော ကျွန်းခုံရှည်တစ်လုံးပေါ်မှာ မင်းနှစ်ပါး ငြိမ်သက်စွာ
စံပယ်တော်မူနေဆဲ။ လှုပ်ရှားမှုဆို၍ ဖေဒါလက်တွေနှင့် မှန်မှန်လွဲနေသော
စေစရဟတ်တို့သာလျှင် ဖြစ်သည်။

ည၏ ဖြူဆောင်းသော ကောင်းကင်မှာ လကွေးကွေး ရှိနေသည်။



ခပ်ဝေးဝေးမှ အုန်းပင်လက်ရှည်များကမူ ဂီတကို ခံစားရင်း ညရိပ်ထဲမှာ ငိုက်မျဉ်း
နေလေသည်။

မှန်အိမ် မီးစာမျှင်မှ အလင်းရောင်က ကြီးမားခံ့ထည်သော အုတ်နံရံပေါ်
သို့ လည်းကောင်း၊ ဆိုင်းပန်းပြားများပေါ်သို့ လည်းကောင်း လှပစွာ စွန်းပေ
ကျက် ရှိသည်။

ဖေဒါက အဆိုမပါ အတီးသက်သက်ဖြင့် အိပ်ဖန်တော်ဆက်နေဆဲမှ
ဖေဒါက မင်းနှစ်ပါးကို လှမ်းကြည့်လိုက်သည်။

မျက်နှာတော်တွေ လန်းဆတ်နေဆဲ။ စက်တော်ဆောင် ဝင်ချင်ပုံ မရ
ကြသေး။ ဖေဒါက မန္တလေးမြို့ကို ဖွဲ့သောသီချင်း လေးငါးပုဒ်ကို စီကာစဉ်ကာ
တီးလိုက်သည်။

သိင်္ဂါရွှေဘုံ၊ စိန္တေကိုးကွယ်၊ ပြယားငယ်ထည့်ဝင်းသဝဏ်၊ မြကန်း
ထိုက်ရုံ၊ စံရာရွှေနန်း၊ နောက်ဥယျာဉ်တော်သာ ရစ်ဖွဲ့ ပတ်ပျိုးကြီး၊ ထိုမှ
ဘုန်းတော်ဘွဲ့တွေကို ကူးသည်။

ထိုအကူးမှာပင် တုန်ယင်ခြောက်ကပ်သော အသံတော်က တိုးလျသော
ဂီတသံကို ဖောက်ထွင်း ထွက်ပေါ်လာလေသည်။

"ဘုန်းဆင့်ဆင့်တိုးတဲ့လားဟဲ့၊ အဆိုပါ ဆက်စမ်းကွယ်"

ဖေဒါက ဦးလူကြီးကို မျက်ရိပ်ပြလိုက်သည်။ ဒေဝဣန္ဒာမောင်မောင်ကြီး
လည်း စောင်းကြိုးတွေကို အသာအယာ တို့ခတ်နေသည်။ ဖေဒါက ပတ်ပျိုး
ကို ဆိုင်းနှင့် ဝင်လိုက်သည်။

သီချင်းအဝင်မှာတော့ ကြည်နူးသော စောင်း။

"ဘုန်းဆင့်ဆင့်တိုး ခြယ်စီ၊ ဆယ်ပါရမီ၊ ရင့်မာပွင့်လျှာ ရွှေသမ္ဘာတော်
ဖြိုး၊ ကုန်းဘောင်ဆွေနေမျိုးမို့၊ မြေမိုးထိ လိုက်ဆူတုံ၊ ခြွေရွှေညီညာ သီဟာ
သနဘုံထီး နှစ်ပွင့်စုံ၊ ဆယ်ကြာပဒုံ စုံလှာဖူးရ၊ ဖွားစက်ဦးစုံ အခါခါဖူး"

ဦးလူကြီး၏ အောင်မြင်ခဲ့ညားသည့်အသံ။ စောင်းသံနှင့် လိုက်ဖက်လှ
သည့် မြန်မာသံစစ်စစ်။ ဂရု၊ လဟု၊ ဒီဃ၊ ရသ အာကိုက်လျှာကိုက် မေးရိုက်
နေဖဲ မြလိုက်သည့်အသံ။ တစ်ကျော့အဝင်မှာ ဖေဒါက ဆိုင်းနှင့် နင်းဝင်လိုက်
သည်။ ဆိုင်းတစ်ကျော့ စောင်းတစ်ကျော့။

"ကွန့်မြူးဝေဆာ... ရွှေဗျာသိုက်ဝန်းမှာ မြစ်မင်းဆိစတာ တောင်သမန်
တောင်ပြုး... ပိတ်ဖုံးကာဆို့ နန်းမြို့ပြည်သာခေါင်..."

သဖြန်အဆင်းမှာ စောင်းကို အလှညီပေးလိုက်ပြန်သည်။ စောင်းသံက

အလိုက်သင့် မျောဝင်လာသည်။ ညဦးလယ်မှာ စောင်းသံက လွမ်းပျံ့ဖွယ် ကောင်းနေလေသည်။

"ထနက်ကာယ်တောင် ရွှေချက်နှောင် အောင်မြေချာသို့၊ ရိပ်ရာခံ စံယူခွင့် ရွှေနိုင်ငံအေး၊ ကုန်းဘောင်အာဟိန်၊ မြတ်မျိုးရွှေဇနိန်နှင့် အသမ္ဘိန် နွှယ်. လာကွန့်တယ် ဘုန်းနေညွန့်သွေး"

သဖြန်အချက ဝေ့ဝဲဆွတ်ပျံ့ဖွယ်ကောင်းသည်။ ဘုန်းဆင့်ဆင့်တိုးကိုမှ သီပေါဘုရင် ကြိုက်ရခြင်းကို ဗေဒါ နားမလည်နိုင်။ ရွှေသမ္ဘာတော်ဝေဖြိုး၊ ကုန်းဘောင်ဆွေ နေမျိုး၊ မြေမိုးထိလိုက် ဆူတုန်ခဲ့ဖူးသည့် လှပသော ဘဝတွေကို လှမ်းမျှော်မှန်းရည်နေသည်လား မသိနိုင်။

သို့မဟုတ် တောင်သမန်တောင်ပြိုး ပိတ်ဖုံးကာဆို့ နန်းမြို့ပြည်သာ ခေါင်ကိုပဲ လွမ်းလေသည်လား မသိတတ်နိုင်။ ဒေဝက္ကန္နာကို အလှည့်ပေးထားသဖြင့် စောင်းသံက နံရံတွေကို ရိုက်ခတ်တုန်ခါနေသည်။ မိဖုရားကမူ သလွန်တော်မှ ဆင်းကာ ပြတင်းဝသို့ လှမ်းချီသည်။ ပြီးတော့ ကြယ်ပြည့်သည့် ကောင်းကင်ကျယ်ကို ငေးမောနေတတ်သည်။

ဥယျာဉ်တော် ၁၈ ခန်း၊ မင်းခန်းတော် ဝဲယာစုံ၊ ရွှေထီးလေးချက်၊ ရွှေသိုင်းလေးချက် လက်ကိုင်ရွှေထီး၊ ရွှေသလွန်တော်၊ ကျောက်စီရွှေပြာသာဒ်တော်၊ ရွှေဝေါတော်၊ ရွှေရထားတော် သဥ္ဇာလီမှာ နေ့တစ်ခွဲသား ညတစ်ခွဲသား ကြိုဖြန့်ရသည့် ပန်းမွှေ့ရာ။ မြတ်လေး၊ ဇီဇဝါ၊ စွန်၊ စကားဝါ၊ သန့်စင်တို့ကို သတိရနေသည်ကား။

သို့မဟုတ် ကုလားဖြူတို့ ဆောင်ကြဉ်းလာခဲ့သည့် ငရဲနေ့များကို စိတ်ရောက်တော်မူနေသည်လား။ ဗီရိုလှည်း၊ ဂေါဝိန်ရေဆိပ်၊ ရွှေပြာသာဒ်တော်ဦးစွန်း၊ မျက်ရည်ပြည့် မျက်ဝန်းများ။ နယ်ချဲ့ကုလားဖြူတို့၏ စစ်ချီတေးသံ၊ မြစ်လယ်က ကုလားဖြူသင်္ဘော။

ဗေဒါက မိဖုရားကြီးကို ကြည့်ရင်း ခံစားနေရသည်။ အသိထဲသို့ စောင်းသံ ပြန်ဝင်လာသည့်အခါ ဒေဝက္ကန္နာက စောင်းတေးထပ်တစ်ပုဒ်ကို ဆက်နေသည်။ ကိုယ့်သခင်၊ ကိုယ့်အရှင် ရှိစဉ်က အနုပညာရှင်တို့ ကောင်းစားခဲ့ရသော်လည်း အရှင်တို့နှင့် ဝေးလွင့်နေချိန်တွင်ကား သောင်ပြင်လွှတ်သည့် ခွေးပမာ ဖြစ်ရလေသည်။

ဆောက်တည်ရာမရ ဖြစ်ရပါပြီဘုရားဟု အဓိပ္ပာယ်ရသော တေးထပ်ကို ကြားရသူတိုင်း မချိတင်ကဲ ခံစားနေရသည်။ သူကိုယ်တိုင်ပင် စိတ်ထိခိုက်



လွန်းလှသဖြင့် စောင်းသံထဲမှာ စိတ်ကို ညွတ်ထားလိုက်သည်။ စောင်းသံနှင့် အဆိုမှအပ ညသည် ချောက်ချားဖွယ် တိတ်ဆိတ်နေသည်။ ကုလားဖြူ အစောင့်စစ်သားတို့၏ ခပ်မှန်မှန် လမ်းလျှောက်သံတို့ကိုပင် မကြားရတော့။

သီပေါဘုရင်က သလွန်ပေါ်မှဆင်းကာ စက်ရာဆောင်သို့ဝင်ရန် ပြင်လေသည်။ စုဖုရားလတ်က ပြတင်းမှ လှည့်ကာ နောက်တော်ပါးမှ ယို့ယို့ကလေး ငုံ့လျှောက်သွားချိန်၌ ဗေဒါက ပုဆစ်တုပ်ထိုင်ရင်း ဦးချလိုက်သည်။

တစ်ဆစ်ချိုးလှေကားပေါ်သို့ လှမ်းကြွသည့် ခြေသံများကြားမှ သိသိသာသာ တိုးထွက်လာသော အသံတစ်သံက ညကို ကိုင်လှုပ်လိုက်သည်။

ရှိုက်သံ။ သီပေါမဟေသီ၏ ရှိုက်သံ။ မြတောင်မြို့စား သီရိမင်္ဂလာရတနာဒေဝီဘွဲ့ခံ သီရိပဝရာမဟာရာဇိန္ဒာဘိ သုမင်္ဂရတနဒေဝီ စုဖုရားလတ် သခင်မ၏ ကြေကွဲဖွယ်ရှိုက်သံ။

(၅)

ဆည်းရီ။ ရတနာဂီရိ ညနေခင်းသည် လွမ်းဖွယ်ကောင်းလေသည်။ ညင်းသုန်သုန် လေပြည်ညင်းကာ ညမွှေးပန်းရနံ့တို့ကို သယ်ဆောင်လာရသဖြင့် လေးလံနေဟန် ရှိသည်။ လေညင်းသည်သာ မဟုတ်။ ဗေဒါစိတ်တွေလည်း လေးလံမှိုင်းညို့နေလေသည်။ တိုက်သစ်တက် အလှူတော်ကြီး ရေစက်သွန်းချခဲ့သည်ပင် နှစ်လသီသီ စွန်းခဲ့ပြီ။ ရတနာဂီရိမှ ပြန်ရတော့မည်။

တိုက်သစ်တက် အလှူတော်နေ့က မြန်မာ့ဂီတ လက်စွမ်းကို တိုင်းတစ်ပါးတို့ ရှေ့မှောက်မှာ ဗေဒါ ပြခွင့်ရခဲ့သေးသည်။ ထိုနေ့က ဘုံဘိုင် ဘုရင်ခံ ဆာဂျော့ကလပ်ဆိုသူ လာသည်။ ရတနာဂီရိအရေးပိုင် မစ္စတာ ဘရန့်ဒါဆိုသူလည်း လာသည်။ ဂီတ သင်္ကေတ မပါဘဲ နားစောင့်နှင့် တီးပြသည်ကို တိုင်းတစ်ပါးသားတို့ အံ့သြကြသည်။

တစ်ဖက် ဘင်တီးဝိုင်းက တီးပြသော အင်္ဂလိပ်တေးတစ်ပုဒ်ကို မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် ကောက်ကာငင်ကာ ထပ်တူထပ်မျှ တီးပြသည့်အတွက် မြန်မာ့ဂီတနားကို သူတို့ အထင်မသေးဝံ့တော့။ ဒါကိုပင် ဗေဒါ ကျေနပ်သည်။

သူ့ထက် ကျေနပ်အားရသူတွေ ရှိသေးသည်။ သီပေါကိုယ်တော်နှင့် မိဖုရား။

"ဗေဒါရယ်၊ မင်းဟာ အမျိုးဂုဏ်ကို ဂီတနဲ့ ဆောင်းလိုက်တာပဲကွယ့်။ ငါကိုယ်တော် အားရတော်မူတယ်"

ထိုနေ့က သီပေါဘုရင့်အသံတွေက တုန်လှိုက်နေသည်။ ပြုံးရယ်သော
မျက်နှာပေါ်မှာ ဓာတ်မာန်တို့ ရှိနေသည်။

မန္တလေးမြို့၏ ဆည်းဆာ နေခြည်သည် ပယင်းသွေး လူနေသည်။
အနောက်ဘက် ကောင်းကင်မှာ ရွှေရည်တွေ လင်းလက်နေသည်။

ကတ္တီပါ ကောဇောနီပေါ်တွင် အငြိမ့်တော်များ ရောက်နှင့်ပြီ။ မောင်
မောင်ကြီးကမူ စောင်းကြိုးတွေကို ညင်ညင်ကလေး တို့ခတ်နေသည်။

ထွက်လာသော စောင်းသံကမူ ကြောက်ဖွယ့်ခမန်း ရဲတင်းလွန်းနေ
သည်။ ဦးလူကြီးက မဃစောင်း ဘွဲ့လင်္ကာကို ဌာန်ဖြင့် ရွတ်နေသည့်အခါ
စောင်းက လိုက်ထောက်ပေးသည် ဆိုသော်လည်း ဟန်တီး တီးနေခြင်းဖြစ်ရ
တစ်ဘာသာ သာယာဖွယ် ကောင်းနေလေသည်။

"ဗေလုဝဟု နာမယှဉ်မည် ခေါ်သည်နှင့် သုံးဂါဝုတ်"

"မယုတ်လည်းကောင်း၊ ထိုနတ်စောင်း၏ ရှည်ပေါင်းစဆုံး စောင်း
လက်ရုံးကို သုံးပုံ ပုံလျက် အလက်ဆမ္ဘ၊ မဇ္ဈ အလယ်၊ အောက်ဝယ် ဘာဂ
ဂန္ဓရဟု၊ အာလင်္ဂိကာ၊ ကျမ်လာအရ၊ သုံးဂါမတည့်၊ ဥဿတဒေဝ၊ ဘာဆမ္ဘ
ဂန္ဓာ မဇ္ဈိမ ပဉ္စမနိသာဒဖြင့်၊ သတ္တာဟူလျင်း၊ စဉ်မသွင်းသား၊ နွာမင်း မြင်း
မင်း တွန်တီးခြင်းနှင့် ဒေါင်းမင်းကေသာ၊ ဆိတ် ကြိုးကြာက သာယာချိုမော
ဥဩဆင်မင်း တွန်ခြင်း ဟီးသံ အသံခုနစ်ပါး မှတ်ပိုင်းခြားပြီး နွားလားသုံး
ပေါက် မြင်းသံခြောက်နှင့် စဉ့်နောက်သံညောင်း ဥဒေါင်းငါးဆစ်"

မင်းနှစ်ပါးတို့ မရှိသေး။ ဗေဒါပင်လျှင် ဆိုင်းဝိုင်းထဲ မဝင်သေး။
ဒေဝက္ကန္နာနှင့် ဦးလူကြီးတို့၏ စောင်းတော်လင်္ကာကိုသာ အာရုံခံစားနေလိုက်
သည်။

"ဥသုံမချို့၊ ငွေညို့ခုနစ်ချောင်း သံစုံညောင်းလျက်၊ သံမောင်းသံညင်း၊
မတင်းမလျော့ လက်ကုန်ဆော့၍၊ ရှင်တော့်ထံမှောက်၊ အတီးတော် ရောက်ပါပြီ
ဘုရား"

လင်္ကာအချမှာ စောင်းဘွဲ့သီချင်းတစ်ပုဒ်ကို ဆက်ဝင်နေပြန်သည်။ ဗေဒါ
က လက်ဖက်အစ်ကို ယူလိုက်ကာ လက်ဖက်တစ်ရိုးကို မြုံ့လိုက်သည်။ အင်း
ပြန်ရတော့မည်ပဲ။ သူကိုယ်တိုင်လည်း နေပြည်တော်ကို လွမ်းလှပြီ။ မြန်မာ
လေကို ရှုချင်ပြီ။

တိုင်းတစ်ပါးက မွန်းကျပ်သောလေကို မရှုချင်တော့။ မန္တလေးကို လွမ်း
သည့်လေ။ သူ့စိတ်တွေ လွင့်မျောနေပြန်သည်။ အဖေပြောခဲ့ဖူးသော မြင်ကွင်း



တစ်ခုကို စိတ်ရောက်သွားသည်။ ထိုစဉ်က လူငယ်လေးသည် လေးနှစ်သား။
သို့သော် ပါတော်မူမြင်ကွင်းကို အဖေ မကြာမကြာ ပြောပြတတ်သည်။

၁၂၄၇၊ တန်ဆောင်းမုန်းလ။ လေညင်းသုန်သုန် နှင်းမှုန်ရွရွ လှပသည့်
ကာလ၊ ချမ်းမြအေးရင်၊ ဗြိစ္ဆာခင်သို့၊ ရက်ငင်ပြောင်းခွာ၊ ခဝဲညှာလည်း၊ ခိုင်လွှာ
တ်မှုန်၊ ရန့်ထုံတတ်သည့်ကာလ။ ရာသီက သာတောင့်သာမောရှိသော်လည်း
နိုင်ငံရေးက မကြည်လင်တော့။ နန်းဦးမှာ ကုလားဖြူတွေ ရောက်နှင့်ပြီ။ ရွှေမြို့
အနောက် ဂေါဝိန် ဆိပ်ကမ်းမှ 'သည်ဒီပါကျွန်း ပေါ်ထွန်း မော်ကွန်းစဉ်ရှည်
... ပြည်ထောင်လုံးညွတ်လာ ရှက်ကျိုးစက်ဖုံးကာ ရွှေဘုန်းတော်ဓာ ပတ်ကာ
... အုပ်စိုး နေမျိုးဘုန်းရောင် ကုန်းဘောင်နွယ်ညွှန့်ရှီး"

"ရပ်စမ်းပါဦးကွယ်ရို့"

အဆိုရော အတီးပါ တိခနဲ ရပ်သွားသည်။ ဗေဒါက မင်းပေါက်မှ ငုံ့
ထွက်ကာ ရှေ့တော်မှာ ဒူးထောက် ခစားလိုက်သည်။ အခန်းတွင်းမှာ တိတ်ဆိတ်
သွားသည်။ ဇရာကို နင်းစ ဘုရင့်အသံက ဆွတ်ပျံ့ဖွယ် ကောင်းနေသည်။

"ရတနာပုံ မင်းမဲ့ နေပြည်တော်ကြီးကို မင်းတို့ ပြန်ရခါနီးပြီပေါ့။
... ဘုန်းတော်ဓာ ပတ်ကာခြုံ အုပ်စိုးနေမျိုး ဘုန်းရောင် ကုန်းဘောင်နွယ်ညွှန့်ရှီး
...လား၊ ဟင်းဟင်း အခုတော့ ကုန်းဘောင်နွယ်ညွှန့်ညှိုးပြီပေါ့လေ"

သီပေါဘုရင်က တစ်ယောက်တည်း ရေရွတ်နေသလို ပြောနေခြင်း
...သည်။ စူးစိုက်ခြင်းမဲ့ မျက်လုံးတွေက ဝေသီနေသည်။ စုဖုရားလတ်ကမူ
ဆေးလိပ်ကို တဖွားဖွား ဖွာနေသည်။

ဆေးလိပ်မီးခိုးတို့ အူအူထနေလေသည်။ စိတ်ခံစားမှုတွေကို ဆေးလိပ်
...ရင်း ဖြေဖျောက်နေသည်နှင့်ပင် တူသည်။ ဗေဒါကတော့ ကော်ဇောအကွက်
...တွေကို ငေးရင်း အသက်ကို အောင့်ထားလိုက်သည်။

"အင်းလေ ဘာပဲဖြစ်ဖြစ် ပြည်သူအသစ် ဖြစ်သူအဟောင်း သံသရာ ဝဋ်
...ကြောင်းမှာ ကံကြမ္မာရဲ့ ပြုပြင်မှုကို ဘယ်သူက ဆန့်ကျင်နိုင်ပါ့မလဲ။ မောင်မင်း
...တို့ကော ရတနာဂီရိမှာ နေရစဉ်အတွင်း စိတ်၏ ကျဉ်းကျုံ့ခြင်း၊ ကိုယ်၏
ကျဉ်းကျုံ့ခြင်းများ ရှိကြသလား"

"မရှိပါဘုရား"

"ချစ်ခင် နှစ်သက်သူ အပေါင်းနဲ့ ဆွေမျိုးညာတကာတို့ကို ခွဲခွာလာ
...စဉ် နှစ်ပေါင်းများစွာအတွင်း ပထမဦးဆုံးအကြိမ် ဆရာတော်ဘုရားများ ဖူးမြော်
...စဉ်က ဝမ်းသာဝမ်းနည်း မချိတင်ကဲ စိတ်နှလုံး ကွဲအက်တော်မူခဲ့ရတယ်"

စံနန်းတော် အမှုထမ်းများဖြစ်သည့် ပွဲတော်ချက် ဂိုရာ ကုလား
ညအိပ်ဖန်စောင့် ကုလားများ၊ နေ့စောင့်နှင့် ဘင်ဆိုင်း အမှုတော်ထမ်း ကု
များ၊ မော်တော်ကားတော် ကြည့်သူ၊ ရထားတော်နှင့် မြင်းတော်ကြည့်သူ ကု
များ၊ ရေတော်သွင်း ကုလား၊ ဘုရားကျောင်းကြည့် ကုလား၊ စက်ချုပ်၊ 
သမား၊ မိလ္လာတော်၊ တံမြက်လှည်း ကုလားများ။ နောက် မြန်မာကျွန်
ရှစ်ဆယ်ကျော်တို့လည်း စံနန်းတော်မှာ ပျပ်ဝပ်လျက်။ အိမ်တော်ဝန် ဦး
ကမူ အရှင့်မျက်နှာတော်ကို ဖူးမဝသလို ငေးမောနေသည်။

"အင်း... ဘာ့မဲ့ဆရာတော်ကြီး မိန့်တော်မူသလို လောကရဲ့ ဖြစ်
ပျက်ခြင်းသဘော ဝိပ္ပလ္လာသ ယွင်းသွေဖောက်ပြန်ခြင်းသဘောကို အောင်
ဆင်ခြင်နိုင်ဖို့ပဲ လိုတယ်"

ကျဉ်းကျုံ့ခြင်းနဲ့ ပွင့်လင်းကျယ်ပြောမှုရဲ့ ခြားနားခြင်း၊ အနှောင်
နဲ့ လွတ်လပ်ခြင်းရဲ့ ကွာဟမှု။

ညသည် ထိတ်လန့်စဖွယ် ပြေးလွှားနေသည်။ ရတနာဂီရိ၏ 
ပါသော လေက တိုက်ခတ်နေဆဲ။ နှင်းဆွတ်မိုး ကောင်းကင်မှာ ကြယ်ပွင့်
တို့ လင်းတောက်နေဆဲ။ နောက် ညမှာသာ သင်းပျံ့သည့် ပန်းရနံ့။

အနှောင်အဖွဲ့မှ လွတ်လပ်ခြင်း၊ ဖေဒါ ရင်ထဲမှာ လှိုင်းထနေသ
ရတနာဂီရိ ဆောင်းညထဲကို အသံတွေ စီးဆင်းနေသည်။

"၁၂၄၀ ပြည့်နှစ်က အနိဋ္ဌာရုံဟာ ကနေ့အထိ ငါ့ကို ခြောက်လှ
တယ်။ နောင်တော်၊ ညီတော်၊ နှမတော်တွေရဲ့ မဟာဆီ မဟာသွေး မြေ
နှောင်းရိပ်ဟာ ငါ့ကို အရိပ်လို ခြောက်လှန့်နေတယ်။ တကယ်တော့ ငါ 
မသိရတာ အမှန်ပါပဲ"

သက်တော် ငါးဆယ်ကျော် အဝေးရောက်ဘုရင်၏ အသံက တင်းမ
သော်လည်း နွေးကွေးလေးလံနေသည်။

"တစ်ညနေမှာပေါ့။ နဂါးဆင်၊ ပင်းယ၊ ကျောက်ပန်းတောင်း၊ 
တပင်၊ တောင်ငူမြို့စား အပျိုတော်များနဲ့ တို့မင်းနှစ်ပါး ရယ်မောစရာ ကေ
နေတုန်း မယ်တော် ရုတ်တရက် ရောက်လာပြီး...

"မောင်ရင် သည်နန်းစည်းစိမ်ကိုလည်း မလိုချင်ပါနဲ့၊ ဘုရင်မင်း
လည်း မလုပ်ချင်ပါနဲ့၊ မောင်ရင့် ညီတော် နောင်တော် နှမတော်များ ရှိ
ရဲ့လား စစ်ကြည့်ပါဦး"

လို့ ပြောတယ်။ ငါလည်း တိတ်လန့် တုန်လှုပ်သွားတယ်။ ချက်
ညီလာခံခေါ်ခိုင်း၊ မင်းကြီးတွေကို မေးတယ်။ အင်း... နှောင်းခဲ့ပြီလေ။



"ဘုန်းတော်ကြောင့် အမှန်တင်ရမည်ဆိုလျှင် ဘုရင့်သားတော်ဟာ ရွှေ
ည်းစိမ်ကို အမှန်ပင် ကြံစမြဲဖြစ်၍ ကျွန်တော်မျိုးများ စောင့်မှုကြီးသည်
သာကြောင့် အချုပ်မှ လွတ်ထွက်ပုန်ကန်လျှင် ဆင်းရဲသား သတ္တဝါအများ
ကြပျက်စီးမည်စိုး၍ သုတ်သင် ရှင်းလင်းရပါသည် ဘုရားတဲ့"

"ငါ့နှလုံးသားများ တစ်စစီ ကြွေကျကုန်တယ်။ စိတ်နှလုံး ညှိုးနွမ်းခဲ့
ယ်။ ကျပင်းမင်းသား၊ ကောလင်းမင်းသား၊ ပျဉ်းမနားမင်းသား၊ မြင်စိုင်းနဲ့
ကြားမင်းသားတို့ကို အချိန်မီ ကယ်ထုတ် သက်န်းစည်းပေးနိုင်ခဲ့တယ်။

"တို့မင်းနှစ်ပါးဟာ မိမိတို့ မကျူးလွန်သော်လည်း သည်ဝဋ်ကြွေးကို
ကျကြောင်း နေ့စဉ် တောင်စမုခ်ကံထွက်လို့ သံဃာတော်များကို ဆွမ်း
လောင်းတယ်။ ချောက်ချားဖွယ် ညတွေကို ပွဲလမ်းသဘင်ခံစေပြီး ပြေပျောက်
တယ်။ ငါကလည်း အသက်နှစ်ဆယ်ကျော်ကာလ၊ မင်းကြီးများကသာ
ကိစ္စများ တာဝန်ယူရတဲ့အခါဆိုတော့..."

ပြာသို တပို့တွဲ မိုးဆောင်းလေကား စူးရှနေသည်။ နှင်းပြန့်ကျယ်ထဲ
ငွေလရောင်မှဲ့၊ တီးသူမဲ့ ရွှေဆိုင်းနှင့် နယားပျံတို့ ငြိမ်သက်နေသည်။

"သည်ဖြစ်ရပ်ပြီးတဲ့နောက် ခုနစ်နှစ်အကြာမှာ ရတနာဂီရိကို အကျဉ်းစံ
 ငါ ရောက်ခဲ့ရပြီ။ ညီတော်နောင်တော်တို့ရဲ့ ကြိုးတိုက်၊ ကြေးတိုက်ထဲ
မျိုး ငါ ခံစားနေရပြီ။ ငါကိုယ်တိုင်က ကံသုံးပါးနဲ့ မရည်ရွယ်တဲ့ကိစ္စ
ကင် ကျဉ်းကျုံ့ညှိုးငယ်ရခြင်း၊ ဆင်းရဲပင်ပန်းရခြင်း၊ လော့င်ပိတ်မွန်းကျပ်
 ဒုက္ခဟာ တစ်ဖန် တစ်လှည့် ရောက်ရှိခြင်း မြန်လှချည်လားကွယ်ရို့"

မှိန်ဖျော့သော အလင်းရောင်အောက်မှာ ဘုရင့်မျက်နှာတော် မှုန်ရီနေ
 ဖေဒါက ဘုရင်နှင့် မိဖုရားကို ငေးမောနေသည်။ သီပေါကိုယ်တော်
လွန်စောင်းမှာ တင်ပါးလွှဲထိုင်လိုက်သည်။ ညမွှေးပန်းရနံ့က စူးစူးရိုင်း
င်လာပြန်သည်။ ဒေဝက္ကန္တာ မောင်မောင်ကြီးက စောင်းကို ကောက်ကိုင်
သည်။ ဖေဒါကလည်း ဆိုင်းဝိုင်းဆီသို့ ငုံ့လျှောက်သွားလိုက်သည်။ သူ့
မှာ သီချင်းတွေ စဉ်းစားထားပြီးသား ဖြစ်သည်။ ရတနာဂီရိ နှင်းခါးည
ပိုမို မည်းမှောင် သိပ်ကျစ်လာသည်။

(၆)

ားခဲ့ထည်သော သဘော်၏ မီးရောင်များက ဆိပ်ကမ်းရေပြင်မှာ လှုပစွာ
နေလေသည်။ ဆိုင်းတွေ၊ နယားတွေ ထားရစ်ခဲ့ရသဖြင့် လေးလံသည့်
 ပါမလာတော့။

နရီးတော်အတီး၊ အိပ်ဖန်တော်အတီး၊ စက်တော်အတီးတို့ကို အိမ်တော်
စောင့် ကုလားများကို သင်ကြားပေးခဲ့ပြီ ဖြစ်သော်လည်း မြန်မာ့ဂီတ သဘော
ကို သူတို့ နားလည်နိုင်သည် မဟုတ်။ ဇေဒါတစ်ယောက်တည်း သဘော်ဦ
ပိုင်းကို လျှောက်လာခဲ့သည်။

ထိုနေရာမှာ လှေကားရှိသည်။ လှေကားမှတစ်ဆင့် အပေါ်ဆုံးထ
ကို တက်လာခဲ့သည်။ သဘော်တာဝန်ရှိသူအချို့မှအပ အပေါ်ဆုံးထပ်မှာ လူ
နည်းပါးနေသေးသည်။ အံဝေးမြင်ကွင်းကို လှမ်းမျှော်မြင်သာသည့် နေရာကလေ
မှာ ဇေဒါရပ်နေလိုက်သည်။

မီးရောင်မကျသည့် ရေပြင်တစ်ခုလုံးက ညိုညစ်မည်းမှောင်နေလေသည်
ဆိပ်ကမ်းဘက်ဆီက အသံတွေ ဆူညံနေသည်။ ဇေဒါကတော့ ရတနာဂီ
အိမ်တော်ဘက်ကို လှမ်းမျှော်ကြည့်နေသည်။

ဘယ်နေရာရယ်လို့ သူ အတိအကျ မှန်းဆလို့မရနိုင်။ အရှေ့မြောက
ဘက်ယွန်းယွန်းဘက်ကို သူ မှန်းကြည့်သည်။ မျက်စိတွေကို စုံမှိတ်ထားသေ
လည်း မျက်ရည်တွေ တိုးထွက်လာပြန်သည်။ ပူနွေးစွာ လိမ့်ဆင်းလာသည်
မျက်ရည်တွေကို မသိမ်းမိ။

ရတနာဂီရိ စံအိမ်တော်။ ည၏ လေညင်းတချို့ရှိမည်။ ကြယ်ရော
တချို့ ရှိမည်။ ငြိမ်သက်နေသော အုန်းလက်တွေ ရှိမည်။ တီးသူမယ့် နယ
ပျံ ဆိုင်းတော် ရှိမည်။ တီးသူမယ့် နယားပျံ ရွှေဆိုင်းတော် ရှိနေလိမ့်မည်လေ

ရတနာဂီရိမှာ ရှုရှိုက်ခံစားဖူးသော ပန်းရနံ့တွေ သင်းပျံ့ရောက်ရှိလ
ပြန်သည်။ နောက် ဇေဒါ့ရင်တွေ ခုန်လာပြန်သည်။ နောက် သီချင်းတချို့

'ချည်မွှန်လေမခြား တောင်းထုံဂန္ဓာကြိုင်သင်း လှောင်းလေ ဆော
ညဝယ် နွေပြောင်းခါဝယ် ချိန်ခါလွန်သာစွမှာ ဟေမန္တဆောင်းရက်ကြွယ် လွ
ဆင့်ဆင့် ညွှန်းရှုယ်တွေလေ"

သဘော်ဦးကို လှိုင်းရိုက်သံ တိုးတိုးသဲ့သဲ့က ညအမှောင်ထဲမှာ စည်းက
နေသည့် သီချင်းတစ်ပုဒ်လို အချီအချမညီချင်။ ဇေဒါက ရတနာဂီရိဘက်
မှန်းဆကာ လက်အုပ်ချီလိုက်သည်။

"ချိန်ခါလွန်သာစွမှာ ဟေမန္တဆောင်းရက်ကြွယ် လွှမ်းဆင့်ဆင့် ညွှ
ရှုယ်တွေလေ"

နှင်းခါးညကား လွှမ်းပျံ့ဖွယ် ကောင်းလွန်းနေသည်လေ။

* * *



လုထုဒေါ်အမာ၏ 'ပြည်သူချစ်သော အနုပညာသည်များ' စာအုပ်ပါ စိန်ဇေဒါ
အကြောင်းကို နှစ်ခြိုက်စွာ ဖတ်မိရာမှ ဤဝတ္ထု၏ စိတ်ကူးစီးဆင်းမှုကို ရရှိ
ပါသည်။

ဤဝတ္ထုကို ရေးဖွဲ့ရာ၌ အကြောင်းအရာ အချက်အလက် မှန်ကန်မှု
ထက် 'ဤသို့ ဖြစ်တန်ကောင်းရာ၏' ဟူသော မိမိ၏ စိတ်ခံစားမှုကိုသာ
အားပေး ရေးဖွဲ့ခြင်းဖြစ်ရာ တစ်စုံတစ်ရာ မှားယွင်းနေသည်ဆိုလျှင် နားလည်
ခွင့်လွှတ်ရန် ဖြစ်ပါသည်။

အထူးသဖြင့် ဓာတ်ဆောင်စရိုက်ကို ဖွဲ့ရာ၌ ပုဂ္ဂိုလ်ရေး တစ်စုံတစ်ရာ
ထိခိုက်နေသည်ဆိုလျှင် သီပေါမင်းတရားကြီး၏ အနွယ်တော်များကို လည်း
ကောင်း၊ နေမျိုးဇလကျော်သူ ရှာစားကြီး စိန်ဇေဒါ မိသားစုများကို လည်း
ကောင်း လေးမြတ်စွာ တောင်းပန်အပ်ပါသည်။

❒

## သမန်းကုန်းဆော့ဖ်ဝဲ

### (၁)

သမန်းကုန်းက အိမ်ခြေတစ်ရာကျော် နှစ်ရာလောက်မှာ နေကြတဲ့လူတွေဟာ စက်ဆရာ ကိုကျောင်းမောင်အိမ်ဝ မချုပ်ဖူးသူ မရှိဘူးလို့တောင် ပြောရမှာပါ။ အထူးသဖြင့် ယောက်ျားသားတွေပေါ့လေ။ မိန်းမတွေကတော့ ရောက်စရာလည်း အကြောင်းမရှိပါဘူး။ စက်ဆရာ ကိုကျောင်းမောင်က မိန်းမအင်္ကျီလည်း ချုပ်တာမှ မဟုတ်တာ။ ယောက်ျားသားက မအားမလပ်လို့ မယားလုပ်သူက ပိတ်စကလေး ယူလာရင်လည်း ပြန်လွှတ်လေ့ရှိတယ်။

သည်တော့ လာအပ်တဲ့ မိန်းမက ကျွန်မယောက်ျားရဲ့ အင်္ကျီဟောင်း ပါပါတယ် ဦးလေးကျောင်းရဲ့။ ဦးလေးကျောင်းပဲ ချုပ်ခဲ့တာပဲဟာ။ အတိုင်းထားခဲ့ရင် ချုပ်ဖြစ်တာပဲ မဟုတ်လားလို့ စောဒကတက်ကရော။ သည်တော့ စက်ဆရာ ကိုကျောင်းမောင်က အင်္ကျီတစ်ထည် ရှားရှားပါးပါး လာအပ်တဲ့ မိန်းမကို ဖောက်သည်လို့ မမြင်ဘူး။ သူ့လာပြီး ကြေးတမ်းတိုက်တယ် အောက်မေ့တာပါ။ ဒါမျိုးဆိုရင် ပြောပြီ။

"ကိုယ်တိုင်းဆိုသာ ကိုယ်ခန္ဓာကို တိုင်းရသာ၊ အင်္ကျီဟောင်း ချတိုင်းပြီး ချုပ်ပေးလိုက်တော့ မသကာလွဲပြီဆိုပါတော့ ငါ့ကို လာထိခိုက်ကရော။ ကျောင်းမောင် စက်ဆိုင်က လုပ်လိုက်ရင် တလွဲကြီးပဲ ဖြစ်ကရော။ စက်ချုပ်စားလာသာ ကြာလှပြီဟ၊ အတွေ့အကြုံတွေ များလှပြီ။ ဒုတိယ ကမ္ဘာစစ်ကြီးသည်ကနေ့ပြီး မနက်ဖြန် နောက်တစ်နေ့ စက်ဆိုင်ဖွင့်လာသာတဲ့၊ စက်ဆရာဟ။ ပန်းရန်ဆရာလို အင်္ဂတေနဲ့ ဖို့လိုက်မဟုတ်ဲ၊ နုတ်လိုက်မဟုတ် လုပ်လို့ဖြစ်သာ မဟုတ်



ဘူး။ ပန်းပဲဆရာလို တစ်ချက်နှစ်ချက် ပိုထုလိုက်မဟုတ်၊ လျှော့ထုလိုက်မဟုတ်ဆိုလို့လည်း ဖြစ်သာမှုတ်ဘူးရယ်။ ပေကြိုးနဲ့ ကျင်တွယ်နဲ့ တိတိကျကျ လုပ်ရတဲ့အလုပ်။ ကိုင်း... ပြန်ရော့၊ နင့်ယောက်ျား ပြန်လာတော့ လွှတ်လိုက်၊ ငါ တိုင်းစမ်းပါရစီ"

သည်လိုဆိုတော့ လင့်အင်္ကျီဟောင်းကလေး ပြန်ယူသွားရတဲ့ မိန်းမတွေ များလှပေါ့။ ဟုတ်တော့လည်း ဟုတ်တယ်။ ယောက်ျားသားကိုယ်တိုင်လာပြီး အပ်တယ်ဆိုရင် စက်ဆရာ ကိုကျောင်းမောင်က ကိုယ်တိုင်ထပြီး ကျကျနန တိုင်းတယ်။ အင်္ကျီလာအပ်သူက ခါးတောင်းမြှောင်အောင်ကျိုက်ပြီး အပေါ်အင်္ကျီ ချွတ်ထားရသေးတာကလား။ စက်ဆရာ ကိုကျောင်းမောင်က လည်ပင်းကို ပေကြိုးပြားရစ်လိုက်ပြီး ဘယ်လောက်ဖြင့် ဘယ်လောက်ရယ်လို့ အော်လိုက်ရင် မယားလုပ်သူ မလှရွှေက လိုက်မှတ်ရတယ်။ ပြီးတော့ ရင်ဘတ်ကို ပေကြိုးနဲ့ ပစ်ပြီ ရစ်လိုက်ပြန်ရော။ ဘယ်လောက်ဖြင့် ဘယ်လောက် အော်ပြန်ရော။ မယားက မှတ်ပြန်ရော။ သည်လိုနဲ့ လက်အိုး၊ လက်အကျယ်၊ လက်အလျား၊ ခါးအကျယ်၊ ရင်အကျယ်၊ ကုပ်အကျယ်တွေပါ မှတ်လိုက်တာ။ ဆောင်းတွင်းများဆိုရင် အင်္ကျီအပ်သူခမျာ အအေးတောင်ပတ်လောက်တယ် ပြောပါတော့။

"ဦးလေးကျောင်း မြန်မြန်လေး တိုင်းစမ်းပါဗျ၊ အိမ်ရှေ့မှာ မြင်းလှည်းရပ်စောင့်နေလို့ပါ။ ရောက်တောသွားမလို့ မြင်းလှည်းစီးလာတာ။ ခဏရပ်ပါဦးဆိုပြီး အင်္ကျီဝင်အပ်တာ။ ကိုင်း... ပြီးပြီမဟုတ်လား"

"ခရီးကြိုသမားနဲ့တွေ့နေမင့်ကိုး။ ကိုင်... ရောက်တောက ပြန်တော့မှဝင်ခဲ့ကွာ၊ ထပ်တိုင်းတာပေါ့။ လှရွှေရေ စောစောက မှတ်ထားတာတွေ ကြက်ခြေခတ်လိုက်တော့"

"ဟာ... ဦးလေးကျောင်းကလဲဗျာ၊ မှတ်ပြီးမှတော့ မဖျက်ပါနဲ့။ ဘယ့်နှာများ သွေးတောင့်အောင် ရပ်ပြီးခါမှ"

"သွေးတောင့်အောင် ရပ်ပြီးခါမှဆိုပေတဲ့ မင်းစိတ်က မြင်းလှည်းပေါ်ရောက်နေမှတော့ မင်းခန္ဓာကိုယ်အတိုင်းဟာ ဘယ်မှန်နိုင်ပါ့မလဲ။ နှစ်နဲ့ချီပြီး တမေ့တမော ဝတ်ရမယ့်အင်္ကျီကွ။ ပုံမကောင်းတော့ တစ်လျှောက်လုံး မင်းငါ့ကို ဆဲနေတော့မယ်။ မင်းကို အင်္ကျီတိုင်းတုန်းမှာ စိတ်ကို လျှော့ထားပြီး ချုပ်မယ့် ပိတ်စပေါ် အာရုံကလေး ထားရသယ်။ မင်းအာရုံနဲ့ ငါ့အာရုံ ထပ်ခန့်ကျမှ ကောင်းသယ်"

ယောက်ျားနှစ်ယောက်ကသာ ပြောနေတာပါ။ စက်ဆရာ့မိန်းမ မလှရွှေ

 က ကြွက်ခြေခတ်ပြီးလို့ တိုင်မှီပြီး ဆေးလိပ်တောင် သောက်နေပြီ။ မှတ်လို့
သာ မှတ်တာပါ။ မလှရွှေကလည်း စာရယ်လို့ ဟုတ်တိပတ်တိ တတ်လှတ
မဟုတ်ဘူး။ မလှရွှေငယ်ငယ် ရွာကျောင်းမှာ နှစ်တန်း စာမေးပွဲဖြေတော့
ကောက်ကာငင်ကာ ဖျားလိုက်တာ စာမေးပွဲ မဖြေလိုက်ရဘူး။ အဲသည့်ကတည်
က လင်သာရရော မလှရွှေ စာမေးပွဲဆိုတာကို တစ်ခါမှ မတွေ့ရတော့ဘူး
တတ်ထားတဲ့ နှစ်တန်းပညာကလည်း ပစ်ထားတာကြာတဲ့ ဓားမတိုလိုပဲ သံချေ
တွေ ကိုက်လှပြီ။ ဒါပေမယ့် စက်ဆရာ ကိုကျောင်းမောင်နဲ့ရတော့ မေ့နေတဲ့ ဗျည်
သုံးဆယ့်သုံးလုံး၊ သရ ရှစ်လုံးကို ခြင်းတောင်းဆောင်းထဲ ရောက်နေတဲ့ အပ်ချည်
လုံးလို ပြန်ရှာပြီး လင့်ကြောက်တာနဲ့ရေးရင်း ရေးရင်းက တည့်ရတော့တာ
အက္ခရာ ဝဏ္ဏ၊ သရပုဒ်ဗျည်း၊ ပစ္စည်းရှပ်ဓာတ်ဆိုတာလည်း ကပ်လျက် ချ
လျက် မရှိတော့ပါဘူး။ စက်ဆရာ ကိုကျောင်းမောင်က လည်ပင်း ဆယ့်လေ
လက်မလို့ အော်ရင် မလှရွှေက 'လပင် ၁၀၄' လို့ ရေးချင်ရေးတာပါ။ ထ
ပါတော့။ မလှရွှေ ရေးသမျှ ကိုကျောင်းမောင်ကလည်း ဖတ်တတ်လိုက်တာမှ
ကိုကျောင်းမောင်ကလည်း တတိယတန်းအကူးမှာ ကျောင်းကထွက်ခဲ့ရသူ
တော့ မလှရွှေနဲ့ လယ်ဘယ်ချင်း မကွာဘူး။ လရှေ ၂၄၀ ရေးထားပေမယ
လက်ရှည် ၂၄ လက်မဆိုတာ သိတယ်။

တကယ်တမ်းပြောရရင် မလှရွှေကလည်း ကိုကျောင်းမောင်ကို ကြောက်
လို့သာရယ်၊ ရေးချင်တာ မဟုတ်ဘူး။ သူ့ကြောင့် မှားတာတွေကလည်း များ
လှပြီကိုး။ ယောက်ျားနှစ်ယောက် အင်္ကျီတစ်ဆည်စီ လာအပ်ကြတယ်ဆို
တော့။ ကိုကျောင်းမောင်က နှစ်ယောက်စလုံးကို ခါးတောင်းမြှောင်အောင် ကျိုက်
နိုင်းပြီး အပေါ်အင်္ကျီကို ချွတ်ခိုင်းကရော။ သည်အထိက ပြဿနာမရှိဘူး
ပြဿနာက တစ်ယောက်စီ တိုင်းရမယ့်ကိစ္စကို တစ်လှည့်စီတိုင်းပြီး အော်တော
မလှရွှေက သူ ထည့်ချင်တဲ့ဘက် ထည့်တော့တာပါ။

"ချေမ်း လက်အရှည် နှစ်ဆယ့်ခြောက်၊ ငအေး လက်အရှည် နှစ်ဆယ
ခြောက်ခွဲ"

"ရပြီ"

"ချေမ်း ကုပ်ပိုးအကျယ် လက်မ နှစ်ဆယ်၊ ငအေး ကုပ်ပိုးကျယ
နှစ်ဆယ့်တစ်လက်မ နှစ်စိတ်"

"ရပြီ"

မလှရွှေရဲ့ ရပြီဆိုတာကလည်း တကယ်က ရတာမဟုတ်ဘူး။ လင်က



နှစ်ခါမမေးရဲတော့ ပါးစပ်က ရပြီပြောပြီး လက်က ရေးချင်တဲ့ဘက် ရေးလိုက်
တာကို ရပြီပြောလိုက်တာ။ ဒါကို ရွာက ပုံနိုင်းတယ်။ ဆိုပါတော့၊ ပြဿနာ
တစ်ခုခုရှိလို့ ငြင်းကြရင် မင်းဟာကကွာ မလှရွှေ ရပြီဆိုသလို ဖြစ်နေပြီ။ မင်း
တက်လား ငါ့ဘက်လား မသေချာသေးပါဘူး ဆိုတာမျိုးပေါ့လေ။ ဒါပေမယ့်
က်ဆရာ ကိုကျောင်းမောင်က အထည်စ ပိတ်စပျက်လို့ လျော်လိုက်ရတယ်လို့
တော့ ရှိခဲ့တယ်။ တက်တက်စင်အောင် လွဲလို့လည်း စက်ဆရာ ကိုကျောင်းမောင်
က တောင်းပန်ရတယ် မကြားဖူးကြဘူး။

"ချိုင်းကျပ်မှာပေါ့ကွ၊ မင်းအပ်တုန်းက ပလူမွေး ပလူတောင်၊ အခု
င်းခန္ဓာကိုယ်လည်း မင်း ပြန်ကြည့်ပါဦး။ ညောင်ဦးဖီး လုံးလက်ဖယ်တောင်
င်းလောက်ရှိလောက်မယ် မထင်ဘူး"

"အဲတော့ သည်အင်္ကျီကို ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

"မင်းညီတွေဘာတွေ မရှိဘူးလား"

"ရှိတယ်"

"ပေးလိုက်ပါကွာ၊ အစ်ကိုဆိုတာ အနစ်နာခံရသယ်"

သည်လို ပြီးရတာတွေလည်း ရှိတယ်။ တစ်ခါက သမန်းကုန်း သူကြီး
ဦးစက်ဖေ ကိုယ်တိုင် စက်ဆရာ ကိုကျောင်းမောင် အိမ်ရှေ့ ရောက်လာတယ်။
သူကြီးကလည်း ကိုကျောင်းမောင်ရှေ့မှာတော့ ဆယ်အိမ်မှူး ငွေးလောက်
တောင် ပါဝါမရှိတော့ပါဘူး။ ထိုးကွင်းဒူးကျပေါ်အောင် ခါးတောင်းကျိုက်ရ
တာပါပဲ။ အင်္ကျီလေးငါးထပ်ကို ချွတ်ပြီး ထန်းပက်လက် ကုလားထိုင်ပေါ်
တင်ရတယ်။

"သူကြီးလည်း ပိန်လိုက်သာဗျာ၊ သည်နှစ် လယ်ခွန်တွေ အပြည့်မရ
ဘူး ထင်သယ်"

"ဘာဆိုင်လို့လဲကွ မင်းဟာက"

စက်ဆရာ ကိုကျောင်းမောင်က သူကြီးတော့ သေချာအောင် နှစ်ခါပြန်
တိုင်းတယ်။ သူကြီးအထိ မှားလို့မကောင်းဘူးကိုး။ သူ့မယားကိုတောင် လှရွှေ
သေချာပစီနော်တဲ့။ မလှရွှေကတော့ သူကြီးရယ်၊ ရွာသားရယ် ဘယ်ဟုတ်ပါ့
လဲ။ သူ မှတ်တတ်သလို မှတ်တာပါပဲ။ သကြီး ခရှေ လမ ၄၀၀ တဲ့။

အဲသလို စက်ဆရာ ကိုကျောင်းမောင်နဲ့ အဲသလို မလှရွှေတို့ရဲ့ စက်ဆိုင်
မှာ သမန်းကုန်းက ယောက်ျားသားတွေကတော့ အင်္ကျီမှ ချုပ်ချင်လို့ကတော့
လာမဖြစ် လာနေရတာပါပဲ။ အနား လေးငါးခြောက်ရွာက ယောက်ျားသား

တွေကလည်း အင်္ကျီများ ချုပ်ချင်လို့ကတော့ သမန်းကုန်း ပြေးကြရတာချ
ပဲ။ တခြားလည်း မရှိဘူးကိုး။ တခြားမှာမရှိလို့ သမန်းကုန်းအထိ လာချ
တယ် ထားပါဦးတော့။ ချုပ်သူတွေခုနှ တခြားပုံလည်း ချုပ်ချင်လို့ မရာ
လည်ကတုံးပဲ။ အဲသည့်ခေတ်က ဟာဝိုင်ယီကျွန်းသားတွေဝတ်တဲ့ ရှပ်အ
ပွပွ ချောင်ချောင်တွေ ခေတ်စားတော့ တောသူ တောင်သား သားသမီးတွေ
ဟာဝေယံရှပ် လက်တိုကလေး ဝတ်ချင်ကြတယ်။ စက်ဆရာ ကိုကျောင်းမေ
က ဒါမျိုးများလာမေးရင် ငေါက်လွှတ်တာချည်းပဲ။

"ဟာဝေယံ၊ ဘာ ဟာဝေယံလဲ။ မင်းတို့လိုကောင်တွေကြောင့် သိ
ဘုရင် ကြက်ကလေး ငှက်ကလေးလို သူများလက်ထဲပါသာ။ ကိုယ့်ရိုး
လည်ကတုံးရှိလျက်ကနဲ့ မင်းမို့လို ဟာဝေယံ ချုပ်ချင်သယ်။ သွားသွာ ဟာဝေ
ချုပ်တဲ့ဆိုင် မဟုတ်ဘူး"

သည်လိုနဲ့ သမန်းကုန်းမှာ စက်ဆရာ ကိုကျောင်းမောင်ရဲ့ လည်က
ကတော့ ကံကြောင့်ဖြစ်ရတဲ့ တန်ခိုးလို ရှိန်းပြီးနေတာကပဲ အကြာကြီး။ ဒုတိ
ကမ္ဘာစစ်ကြီးအပြီး ရထားလိုက်တဲ့ အပ်ချုပ်စက်ဟောင်းကို တရျောင်းရျော
နင်းခဲ့ရတဲ့ နှစ်တွေကပဲ မနည်းတော့ဘူး ပြောပါတော့။ မယား မလှရွှေ သ
ကလေး ပေတိုးပါပေါင်းပြီး ဈေးဝက ကိုအီဇရာဟင့် တန်းလျားခန်းမှာ တစ်
ငှားဖွင့်တော့လည်း စက်ဆရာ ကိုကျောင်းမောင်ကို အားပေး မပျက်ကြ
ဘောက်တီဘောက်ထိုး ပြောတတ်မှန်းလည်း သိကြပါရဲ့။ လည်ကတုံးတစ်
တည်းနဲ့ စက်ဆရာလုပ်နေတယ်ဆိုတာလည်း သဘောပေါက်ကြပါရဲ့။ ချုပ်
လိုက်တဲ့ လည်ကတုံးကလည်း အပေါ်ဆုံးက ကြယ်သီးတပ်လိုက်ရင် ချုပ်
ရပ်ရပ်မရှိဘဲ အင်္ကျီအောက်နားပါ ဆွဲရုန်းသွားတာလည်း ခွင့်လွှတ်ကြတာပါ
ကိုယ့်ရွာနဲ့ ကိုယ့်စက်ဆရာ မပြေသော်ရှိ ပြေသော်ရှိ၊ မကျေသော်ရှိ ကျေသေ
ရှိ ရွာကတော့ ချုပ်ကြရတာပဲ မဟုတ်လား။ သည်လိုနဲ့ ချုပ်တဲ့လူတွေလ
အသက်တွေရကြလှပြီ။ စက်ဆရာ လင်မယားလည်း အသက်တွေ ရင့်ကြ
ပြီ။ ပေတိုးတောင် စက်ဟောင်းကလေး တရျောင်းရျောင်း နင်းတက်နေ
ဟာ။ ဦးကျောင်းမောင်က သူ့သား ပေတိုးကို စကားတစ်ခွန်းပဲ မှာတ
သားဖြစ်သူ ပေတိုးကိုပေးခဲ့တဲ့ တစ်ဘဝစာ စီးပွားရေးအမြင်လို့လည်း
နိုင်ပါရဲ့။

"လူမှာ အရေးကြီးသာ များများမရှိဘူး ငါ့သား၊ မသေမချင်းသာ
ထားတော့။ သုံးမျိုးပဲ ရှိတယ်။ စားရေး၊ ဝတ်ရေး၊ နေရေးပဲ။ စားရမယ့်



မစားဘဲနေလို့ ဖြစ်သေးသယ်။ နေရမယ့်နေရာ မဟုတ်ပေမယ့် ဇရပ်ရိပ်၊
ျာင်းရိပ် နေလို့ရသေးတယ်။ ဝတ်သာကျတော့ ဝတ်ရမယ့်နေရာ မဝတ်လို့
မရသာ မင်းလည်း သိသားပဲ။ ဒါကြောင့် အဝတ်အစားဆိုသာ တိမ်ကော
တယ်မရှိလှဘူး။ လူတွေရှိရင် အင်္ကျီရှိရမယ်။ အင်္ကျီရှိနေသရွေ့ လည်ကတုံး
ယ်။ လည်ကတုံး ရှိနေသရွေ့ စက်ချုပ်ပညာလည်း ရှိမှကို ဖြစ်ရသယ်။
သော် အဖေ့လက်ကျ မိပစီ။ လည်ကတုံးတစ်မျိုးတည်းနဲ့ တစ်နယ်လုံးကို
ရေစစ္စတြီ လုပ်နိုင်ခဲ့ပြီ။ သည်တော့ ငါ့သား စက်သာချုပ်စားကွ။ စိတ်ကူး
မလွဲလေနဲ့"

လည်ကတုံးအင်္ကျီ ကြယ်သီးပေါက် အံချော်ကို ခပ်ရွဲ့ရွဲ့ဝတ်ထားတဲ့
ိုးက ဖအေ့စကားကို ကြားရဖန်များတော့ နားစွဲနေပါပြီ။ အလွတ်လည်း
ပါပြီ။ အသက်ကလေးရလာပြီဖြစ်တဲ့ မလှရွှေကတော့ သားအလှည့်မှာ
း စက်တိုင်း စာရင်းမှတ်ရဦးမှာလားဆိုတဲ့ မျက်နှာနဲ့ပေါ့လေ။ ဘဝက
ကြာင်းမကောင်းခဲ့လို့ သည်ဘဝ လည်ကတုံးစက်ဆရာနဲ့ ညားရပေမယ့်၊
လင့်ဝတ္တရားတော့ ကျေရှာပေရဲ့လို့လည်း အောက်မေ့ရဲ့ပေါ့လေ။ ဈေးထဲ
ပေါက် လက်ဖက်ရည်ဆိုင်၊ ဘုံဆိုင်ရှေ့ တွေ့ရသမျှ ယောကျ်ားသားတွေ
လုံး သူ့ယောကျ်ားလက်ရာ လည်ကတုံးတွေနဲ့ချည်းကိုး။

(၂)

ောင်ဝင်း အင်အက်ဆိုဆီယိတ် အပ်ချုပ်လုပ်ငန်း ကုမ္ပဏီဆိုတာ မန္တလေး
တော့ နာမည်ကြီးထဲကပါ။ ကုမ္ပဏီနာမည်မှာ အက်ဆိုဆီယိတ်ဆိုပေမယ့်
ောင်ဝင်း တစ်ယောက်တည်း ပိုင်တာပါ။ တပည့်လက်သားကချည်း လေးဆယ်
က်ရှိတဲ့အပြင် အပ်ချုပ်စက်သံ တဂျုန်းဂျုန်းနဲ့ ချုပ်လိုက်ကြ၊ သီလိုက်ကြ၊
ိုက်လိုက်ကြဆိုတာမျိုးလည်း မဟုတ်ဘူး။ အပ်ချုပ်စက်ကုမ္ပဏီဆိုလို့ အိမ်
ာ်စ အထည်စလည်း ယူလာစရာ မလိုဘူးဆိုတဲ့ ဆိုင်မျိုး။ ဆိုင်မှာ တကယ်
က ကွန်ပျူတာကြီး လေးငါးလုံးပဲ ရှိတာပါ။ အင်္ကျီချုပ်ချင်သူက ဆိုင်ကို
ည်းလာရုံ။ ဘယ်အစ ဘယ်ပိတ်နဲ့ ဘယ်လိုပုံစံ၊ ဘယ်လို ဒီဇိုင်းချုပ်မယ်
တောင် ခေါင်းထဲ စဉ်းစားလာစရာ မလိုဘူး။

အင်္ကျီချုပ်ရမယ့်သူတွေက ဒီဇိုင်းဌာနကို အရင်ဝင်ကြရတယ်။ ဒီဇိုင်း
ါင်း တစ်သိန်း ချက်ချင်းထုတ်ပြနိုင်တဲ့ ကွန်ပျူတာရှေ့မှာ ထိုင်ပြီး တစ်
တစ်မျိုး ကြည့်သွားရုံပဲ။ ကြိုက်ပြီဆိုတာနဲ့ ဒီဇိုင်းနံပါတ်ကို ဆိုင်ဝန်ထမ်း

မိန်းကလေးက မှတ်ပေးတယ်။ ပြီးရင် ပိတ်စဌာနကို ခေါ်သွားပြန်ရော။ အဲသ မှာလည်း ကွန်ပျူတာနဲ့ပါပဲ။ ပိတ်စပေါင်း တစ်သိန်းကို အချက်အလက်နဲ့တ ကြည့်သွားရုံပဲ။

"အဝတ်အစားဆိုပေမယ့် ကိုယ့်ရဲ့ မျက်လုံးအရောင်၊ ဆံပင်အရော အသားအရေ အရောင်ကိုပါ သတိပြုဖို့ လိုပါမယ်ရှင်။ hue လို့ခေါ်တဲ့ အသ ချင်း ဆင်တာကို ရွေးစေချင်ပါတယ်။ ဆိုပါတော့ မျက်လုံးပြာသူက အပြာရေ အသွေးများတာတွေ ဝတ်မှ မျက်လုံးပြာက ပိုလှတာမျိုးပါ။ သိပ်တောက် အရောင်၊ သိပ်ဖျော့တဲ့ အရောင်တွေကျတော့ ချုပ်ဝတ်လိုက်ရင် လူကော ကြီးသွားတတ်ပါတယ်။ မှိုင်းမှိုင်းဆိုတော့လည်း သေးသွားတတ်ပါတယ်။ on color outfit ခေါ်တဲ့ တစ်ရောင်တည်း ပိန်းကျတော့ ဝတ်လိုက်ရင် အရပ်ရှ တယ် ထင်ရပါတယ်။ နှစ်ရောင်စပ်ဖြစ်တဲ့ ဆိုပါတော့ အပေါ်အင်္ကျီက အဖြ ဝတ်မယ့် အောက်ကဘောင်းဘီက အပြာဆိုပါတော့။ ဒါမျိုးကျတော့ အရပ် သွားတတ်တာလည်း ရှိတယ်။ လူကြီးမင်းရဲ့ အသားအရေက ကောင်းတေ ပိတ်စ အရောင်ဖျော့ဖျော့ ရွေးစေချင်ပါတယ်ရှင့်။ အသားညိုတဲ့ ပုဂ္ဂိုလ်မျ ကသာ အရင့်ဝတ်သင့်တာပါ"

ဝန်ထမ်းမိန်းကလေးက ရှင်းပြနေတုန်းမှာပဲ ကွန်ပျူတာမော်နီတာ စာတန်းတွေ ပေါ်လာတာလည်း ရှိတယ်။ ဆိုပါတော့ အသားမဖြူမဝါနဲ့ တစ်ယောက် ရှိနေတယ်ဆိုရင် 'Light Complexion' ဆိုတာ ခဏာက်လျှေ ပေါ်နေတော့တာ။ ပြီးတော့မှ စာတန်းရှည်ကြီး ပေါ်လာပြန်ရော။

'If you have a light complexion, you probably look best softer colours'

အသားအရေက ညိုတဲ့ဘက် မည်းတဲ့ဘက်များလို့ကတော့ 'dark co plexion' ဆိုတာ ကွန်ပျူတာဖန်သားပြင်မှာ ပေါ်လို့မဆုံးတော့ဘူး။

'If you have a dark complexion, wear stronger colours' ကရော။ ကိုယ့်အသားအရေကို ကိုယ်တိုင်လျှော့တွက်တတ်ကြပေမယ့် ကွန် တာကတော့ ဘယ်မှာ မျက်နှာလိုက်လေလိမ့်မလဲ။ ရှင်ဘုရင်ဖြစ်ဦးတော့ ဥ လိမ့်မယ် မဟုတ်ဘူးပေါ့လေ။ အင်္ကျီသာ လာအပ်တယ်၊ တချို့က လိုက်ဖ မယ့်အရောင် မရွေးတတ်ဘူးဆိုတာတွေလည်း ရှိတော့ ကွန်ပျူတာကပဲ ရွေ ပေးတယ်။ ပထမ အစနာမည်တွေ အမျိုးနှစ်ရာလောက် ပေါ်လာမယ်။ နော တစ်လက်မပတ်လည် ချည်ကွက်စာရင်း ပေါ်လာမယ်။ နောက် ချည်ဘယ်လော



ဘာဘယ်လောက်၊ နိုလွန်ဘယ်လောက်၊ ပိုလီယက်စတာ ဘယ်လောက်၊ နတ်လျှော် ဘယ်လောက်ပါဝင်တယ်ဆိုတာ ရာခိုင်နှုန်းနဲ့ ပြလိမ့်မယ်။ ပြီးမှ တ်စရဲ့ အထူအပါးနဲ့ အနုအကြမ်းကို ဒသမစိတ်ပြီး ပြတော့တာပဲ။ ပြီးပြန် ဘာ့ combining fashions and fabrics ဆိုတာ ပေါ်လာပြီး ပိတ်စနဲ့ ဖက်ရှင် ပါင်းစပ်မှုသဘောတွေ မပြီးနိုင် မစီးနိုင် ပြနေတော့တာပါ။

'colour schemes ခေါ်တဲ့ အရောင်စနစ်တွေလည်း ကျွန်မတို့ ပြပါဦး ယ်။ အရေးကြီးတာက ဝတ်မယ့်ပုဂ္ဂိုလ်ရဲ့ ဝတ်ဆင်မှု ဆုံးဖြတ်ချက်ခေါ်တဲ့ lothing decisions တွေပါ။ အဝတ်အစားဆုံးဖြတ်ချက် မရှိရင်လည်း ကျွန်မ တို့ ကုမ္ပဏီက ကူညီနိုင်ပါတယ်။ line and texture ရယ်၊ roles of fash- ons ရယ်၊ design and clothing choices ရယ် ကြည့်ပြီး ရွေးလို့ရပါတယ်"

ချုပ်မယ့်လူက ကြိုက်ပါပြီဆိုရင် ကိုယ်တိုင်းဌာနကို ကူးရပြန်တယ်။ ပေကြိုးနဲ့ တိုင်းထွာနေတာ မဟုတ်ပါဘူး။ ကွန်ပျူတာရှေ့ ရပ်လိုက်တာနဲ့ ဆေးခန်းတွေမှာ နှလုံးခုန်နှုန်း ECG ရိုက်သလို စက်ကပဲ တကျိုကျိုအသံနဲ့ ထွက် ချက်ပေးနေပါပြီ။ ခဏနေတော့ စာရွက်ကလေးတစ်ရွက် လျှောခနဲ ထွက်လာ တယ်။ လူ့ခန္ဓာကိုယ် တစ်ကိုယ်လုံး တိုင်းထွာထားတဲ့ အချက်ပေါင်းကိုက ရာကျော်လောက် ရှိလိမ့်မယ်။ ဝန်ထမ်းကောင်မလေးက သည်စာရွက်ကလေး ကို ကောက်ယူရာက အင်္ကျီတစ်ထည်ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေ ရှင်းပါလေရော။

"ပထမ အရေးကြီးတာက ချုပ်ရိုးချုပ်သားပါ။ ဖြောင့်ပြီး တိုရပါတယ်။ ဘာထွက်ချုပ်ရိုးနဲ့ အဆုံးချုပ်ရိုး အကွာအဝေးချင်း တူရပါတယ်။ ချုပ်ရိုးကြောင်း တွေက နူးညံ့ရပြီး ချည်နဲ့ ပိတ်စ ဟပ်မိရပါတယ်။ အစင်းကွက်တွေပါရင် ကော်လာနဲ့ အိတ်ကပ်မှာ လိုက်ဖက်ညီအောင် စပ်ရပါတယ်။ ကော်လာတွေ က ပြန့်ပြန့်ရှန့်ရှန့်ရှိပြီး အပြန့်မကျယ်ရပါဘူး။ ကော်လာဖျားတွေက ချွန်ရပြီး ကြယ်သီးတပ်လိုက်ရင် မရွဲ့ရဘူး။ ကြယ်သီးပေါက်ကလည်း အနားတွေ တိကျ ရတယ်။ ကြယ်သီးနဲ့ အလိုက်သင့်ရှိမှ ကောင်းပါတယ်ရှင့်။ ဇစ်တွေပါရင်လည်း ညီစနဲ့ ပိတ်သားကို မထိခိုက်စေရဘူး။ လက်မောင်းရင်း၊ တံတောင်နဲ့ လက်ဖျား တွေ တိကျရမယ်။ အိတ်ကပ်က ပိတ်စနဲ့ ကပ်နေရမယ်။ လူက အင်္ကျီထဲဝင် ဘာမျိုး မဖြစ်ရဘဲ အင်္ကျီက လူကို လာဝတ်တာမျိုးဖြစ်မှ အင်္ကျီကောင်းခေါ် ပါတယ်ရှင့်"

သည်အခန်းက ထွက်လာလို့လည်း မလွတ်သေးဘူး။ တစ်နေရာကို ရောက်ရပြန်တယ်။ အခန်းထိပ်မှာ အင်္ဂလိပ်လိုရေးထားတဲ့ အခန်းပါ။ Sew-

ing Lab တဲ့။ Lab ဆိုလို့ ဓာတ်ခွဲခန်းတော့ မဟုတ်ဘူးပေါ့။ အပ်ချုပ်လုပ်ငန်းနဲ့ ပတ်သက်တဲ့ ခေတ်ဟောင်း၊ ခေတ်လယ်၊ ခေတ်သစ် ပစ္စည်းပစ္စယတွေကို ပြခန်းကြီးတစ်ခန်းလို ပြထားတာလည်း ရှိတယ်။ အပ်ချုပ်စက် စတင်ပေါ်ကတည်းက အသုံးပြုခဲ့တဲ့ ချုပ်စက်အမျိုးမျိုးဆိုတာလည်း သူ့ခေတ်နဲ့ သူ့ခုနှစ်စာတန်းတွေ ထိုးထိုးပြီး ပြထားလိုက်တာ ဘယ်နည်းလိမ့်မလဲ။ ဓစ်အမျိုးမျိုး၊ ကြယ်သီးအမျိုးမျိုးဆိုတာများ တစ်ခုချင်းသာ ကြည့်မယ်ဆိုရင် တစ်လကိုးသီတင်း ကြည့်ရမယ် ထင်ပါရဲ့။ တစ်ကောင်း၊ သရေခေတ္တရာ၊ ဟံလင်းကအစ ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ် အချုပ်အလုပ်ကိရိယာတွေလည်းပါရဲ့။

"အမရပူရခေတ် ရက်ကန်း၊ ရတနာပုံခေတ်ရက်ကန်း၊ ကိုလိုနီခေတ်ဦးရက်ကန်း စသည်ဖြင့် ခွဲထားပါတယ်။ သည်အပ်တွေဆိုရင် သီပေါမင်းရဲ့ မကိုဋ်ဒုရင်တော်ချုပ်တဲ့ အပ်တွေပေါ့။ ကသည်းသုံ့ပန်း၊ ယိုးဒယား သုံ့ပန်းတွေ အသုံးပြုခဲ့တဲ့ ဆယ့်ခြောက်ရာစုက အပ်တွေတောင် ရှိပါတယ်ရှင့်"

သည်က ပြီးတော့မှ ကွန်ပျူတာ နည်းပညာသုံး ချုပ်ထည် ထုတ်လုပ်ခန်းကို ရောက်ရတယ်။ ကွန်ပျူတာနဲ့ရိုက်ထားတဲ့ စာတွေကို တစ်ဖက် Printer ကနေ Printout ထုတ်ယူသလိုပဲ ဝန်ထမ်းမိန်းကလေးက တစ်လျှောက်လုံး သိမ်းလာတဲ့ စာရွက်ကလေးတွေကို ကွန်ပျူတာတစ်လုံးနဲ့ scan ဖတ်တယ်။ ပြီးမှ ခလုတ်တစ်ခုကို နှိပ်လိုက်တဲ့အခါ အင်္ကျီအပ်သူ လိုချင်တဲ့ ပုံစံ၊ ပိတ်စ၊ အရောင်၊ ဒီဇိုင်းတွေအတိုင်း ချုပ်ပြီးသား အင်္ကျီတစ်ထည် တစ်ဖက်စက်ထဲက ထွက်လာပါလေရော။ ဒါကိုမှ မိန်းကလေးက ခေါက်စက်ထဲထည့်ပြီး ခေါက်၊ ပက်ကင်ပါလုပ်ပြီး ခင်မောင်ဝင်း အင်အက်ဆိုဆီယိတ် တံဆိပ်ထိုး၊ အိတ်ကြီးထဲ လျှောခနဲ ထည့်ပေးတယ်။ ကောင်တာမှာ ငွေသွားရှင်းပြီးတော့ အခန်းတစ်ခန်းဆီကို ခေါ်သွားပြန်ရော။ အခန်းဝမှာ ခင်မောင်ဝင်း CEO လို့ ရေးထားတဲ့ အခန်းပါ။ အထဲမှာ အသားခပ်မည်းမည်း၊ ဗိုက်ရွှဲရွှဲ ဝတုတ်တုတ် လူတစ်ယောက် ထိုင်နေလေရဲ့။

"ကြွပါခင်ဗျ၊ ကျွန်တော် ခင်မောင်ဝင်းပါ။ စီအီးအိုပါ။ နေ့ခင်း ဆယ့်နှစ်နာရီက တစ်နာရီတစ်ကြိမ်၊ ညနေလေးနာရီက ငါးနာရီတစ်ကြိမ် ကျွန်တော် လာထိုင်ပါတယ်။ သည်အချိန်တွေနဲ့ တိုက်ဆိုင်တဲ့ ဝယ်ယူသူတွေကို ကျွန်တော်တွေ့လေ့ရှိပါတယ်။ အင်္ကျီတစ်ထည် ပုံမှန်အတိုင်းအပ်ရင် စက်ဆိုင်မှာ တစ်လကိုးသီတင်း ကြာတတ်ပါတယ်။ ကျွန်တော့်ဆီမှာတော့ အကုန်လုံး computerized ချည်းပါပဲ။ အာဏာကုန် မိနစ်လေးဆယ်ပဲ ကြာပါတယ်။



ကျွန်တော် တွေ့ရတဲ့သဘောက လူကြီးမင်းတို့ရဲ့ အင်္ကျီအဝါအဝင် အဝတ်အစားချုပ်လုပ်မှုနဲ့ ပတ်သက်လို့ သိသင့်သိထိုက်တာတွေ ပြောလိုက်ချင်လို့ပါ။ ကမ္ဘာကြီး ပြောင်းသွားပြီကောခင်ဗျ။ နည်းပညာဟောင်းတွေဟာ လိုအပ်စွာ ကျန်ရစ်ခဲ့ကြပါပြီ။ အဝတ်အစားဆိုတာ အကာအကွယ်ရဖို့ ဝတ်တယ်။ မွမ်းမံဆင်သဖို့ ဝတ်တယ်။ တစ်ကိုယ်ရေအာန်ဖိုးအတွက် ဝတ်တယ်။ အဆင့်ဂုဏ်ရည်အတွက် ဝတ်တယ်။ သတ်သတ်မှတ်မှတ် ရှိရေးအတွက် ဝတ်တယ်ပေါ့လေ။ ထားတော့၊ ဘယ်လို ရည်ရွယ်ချက်နဲ့ပဲ ဝတ်ဝတ်ပေါ့ခင်ဗျာ၊ အဝတ်အစားဆိုတာ ကိုယ့်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို သူတစ်ပါးကို ပြသရတဲ့သဘော ရှိပါတယ်။ ဒါက တစ်ချက်"

စီအီးအိုခင်မောင်ဝင်းရဲ့ စားပွဲကြီးနောက်နားမှာ ကွန်ပျူတာတစ်လုံး ရှိတယ်။ ကွန်ပျူတာပေါ်မှာတော့ technology hotline ဆိုတဲ့ စာပေါ်လာလိုက်၊ apparel maker ဆိုတာပေါ်လာလိုက်၊ Khin Maung Win & Associates ဆိုတာ ပေါ်လာလိုက်။ Status symbols ဆိုတာ ပေါ်လာလိုက်။

"လူကြီးမင်း ဘယ်လိုဖြစ်ချင်သလဲ၊ ဖြစ်တယ်။ ပိန်သွားတယ် ထင်စေချင်သလား၊ ဝလာလိုက်တာလို့ ထင်စေချင်သလား၊ အရပ်ရှည်လာသလိုပဲနော်လို့ ထင်စေချင်သလား၊ နည်းနည်းလေး ပုသွားတယ် မှတ်တယ်လို့ မြင်စေချင်သလား ဖြစ်တယ်။ အရောင်၊ လိုင်း၊ အသားကို ရွေးတတ်ရင် ဖြစ်တာပါပဲ။ ဒါကို ကျွန်တော်တို့ဘာသာရပ်က Status Symbol ခေါ်တယ်။ Planning your wardrobe ဆိုတဲ့ စကားရှိတယ်။ အဝတ်အစား စီမံချက်ချပါ ဆိုပါတော့။ ဒါရှိရမယ်၊ clothing options ရှိရမယ်။ judging fabrics ကို သိရမယ်။ comfortable clothes ကို သိရမယ်။ shopping plan မှာဆိုရင်လည်း အများကြီးပဲ။ colour wheel မှာလည်း အများကြီးပဲ။ mix and match ကို ပြောပါဆိုရင်လည်း နေကုန်သွားလိမ့်မယ်။ အဝတ်အစားမှာ clothing care ရှိတယ်ခင်ဗျ၊ ဘာမှတ်လို့တုန်း။

အင်္ကျီတစ်ထည် လာချုပ်သူက ပြန်ချင်လှပြီ။ စီအီးအိုက မပြီးသေးဘူး။ မီးပူတိုက် နည်းပညာ၊ အခြောက်လျှော်၊ အစိုလျှော် နည်းပညာ၊ အဝတ်အစား သိမ်းဆည်းနည်း နည်းပညာ၊ အစွန်းချွတ်နဲ့ ယင်ချေးဥဖျောက် နည်းပညာတွေလည်းပါရဲ့။

"ကျွန်တော်လည်း တောသားပါ။ အပ်ချုပ်နည်းပညာကို ကမ္ဘာ့အဆင့်နဲ့ ဘယ်လိုသွားမလဲဆိုတာ ကျွန်တော့်အိပ်မက် ဖြစ်ခဲ့တယ်။ အင်္ကျီတစ်ထည်

တည်းနဲ့ ကြီးခဲ့ရတဲ့ကောင်ခင်ဗျ။ ပေကြိုးတစ်ချောင်း စက်ကျောင်းကျောင်းကို ကျွန်တော် ပြောင်းပြန်လှန်ချင်လို့ ထလုပ်တာ။ အခု အမေရိက ဒီဇိုင်း၊ ဥရောပ ဒီဇိုင်း၊ အာဖရိက ဒီဇိုင်း၊ အာရှနဲ့ လက်တင်အမေရိက ဒီဇိုင်း စသည်ဖြင့် ဒီဇိုင်းတွေ သိန်းချီပြီးရှိနေတော့ ရွေးနိုင်ကြပြီ။ ချုပ်ပြီးသားအင်္ကျီ ကွန်ပျူတာစက်ထဲက အသင့်ထွက်လာတာ ခင်ဗျား ဘယ်မှာ ကြားဖူးသလဲ။ အခု ရှိနေပြီ၊ မန္တလေးမှာ ရှိနေပြီ။ ယဉ်ကျေးမှုတိုင်းမှာ အဝတ်အစားကို ဘယ်လိုချုပ်မလဲ ဆိုတာ လိုအပ်ချက်ဆိုပေမယ့် အခုက မလိုတော့ဘူး။ ရယ်ဒီမိတ် နိုး အောက်သွားပြီ။ အင်္ကျီတစ်ထည်က ခင်ဗျားကိုယ်တိုင်ရဲ့ရှေ့မှာ ဘွားခနဲ ပေါ်လာရမယ်ဗျ၊ ဒါဟာ နည်းပညာပဲ”

နောက်ထပ် မိနစ်နှစ်ဆယ်လောက်ကြာပြီးမှ စီအီးအိုရုံးခန်းက ထွက်ရတော့တာကလား။ ဒါကတော့ လူတစ်ယောက် ခင်မောင်ဝင်း အင် အက်ဆိုဆီယိတ်မှာ အင်္ကျီတစ်ထည်လောက်ချုပ်မယ်ဆိုရင် တွေ့ရမယ့်အတွေ့အကြုံပဲ။ အံ့သြချင်လည်း အံ့သြပေါ့။ စိတ်ပျက်ရင်လည်း ပျက်ပေါ့။ ဒါပေမယ့် အချက်အလက်တွေ စုပြီး စက်ထဲက ချုပ်ပြီးသား ထွက်လာတယ် ဆိုတာကတော့ အချုပ်အလုပ်လောကနယ်ပယ်မှာ ထူးဆန်းတာအမှန်ပဲ။ သည်တော့ လူတွေက သည်မှာပဲ အပ်ကြတော့တယ်။ အဲ... ချုပ်ကြတော့တယ်။ ရှေးခေတ် နန်းတွင်းမှာ ဝတ်ကြတဲ့ ပိုးရည်တောင် စာခြယ်လို အဝတ်အစားမျိုးကနေ သည်ကနေ့ခေတ် ဖက်ရှင်ချန်နယ်လ်တွေမှာ ဝတ်နေကြတာတွေအဆုံး ကိုယ်ကြိုက်တာကို ရွေးချယ်လိုက်တာနဲ့ ဆိုင်ကထွက်တော့ ‘ပိုက်’ ပြန်လာရုံပဲ ဆိုတာမျိုးဟာ ဘယ်မှာ ရှိနိုင်ပါ့မလဲ။ ဒါပေမယ့် ခင်မောင်ဝင်း အင် အက်ဆိုဆီယိတ် အပ်ချုပ်လုပ်ငန်းမှာ ရှိတယ်။ ပြောကြပါစို့၊ ကမ္ဘာမှာ မနေ့ကအထိ ဘာတွေ ခေတ်စားနေသလဲ၊ ဘာတွေ ဝတ်နေကြသလဲ၊ ဘယ်လို ဖက်ရှင်ဒီဇိုင်းတွေ အာရုံကျနေကြသလဲ၊ ဒါတွေအားလုံး ရနိုင်တယ်။ ဝတ်ဆင်ခြင်း အနုပညာဟာ သည်ဘက်အနှစ် နှစ်ဆယ်အတွင်း ပြောင်းပြန်ပြောင်းလဲသွားတယ်ဆိုတာ တကယ်ပါပဲကလားဆိုတဲ့စိတ်နဲ့ ဆိုင်ထဲက ထွက်လာရသူတွေချည်းပဲ။ စီအီးအိုဆိုတဲ့ ကုမ္ပဏီပိုင်ရှင်ကို စိတ်ညစ်ရတာက လွဲရင်ပေါ့လေ။

(၃)

တစ်ရက်မှာတော့ ခင်မောင်ဝင်း အင် အက်ဆိုဆီယိတ် အပ်ချုပ်လုပ်ငန်းကုမ္ပဏီကို ဧည့်သည်တစ်ယောက် ရောက်လာခဲ့တယ်။ သည်အထိလည်း မထူးဆန်းပါ



။ တစ်ကမ္ဘာလုံးမှာ လောလောလတ်လတ် ခေတ်စားနေတဲ့ ဒီဇိုင်းပေါင်း သိန်းလောက်ထဲက ကိုယ့်စိတ်ကြိုက် ဒီဇိုင်းတစ်ခုကို လက်ညှိုးထိုးပြလိုက်နဲ့ ချုပ်ပြီးသား အင်္ကျီတစ်ထည် လျှောခနဲထွက်လာနိုင်တဲ့ အီလက်ထရွန်းနစ် နည်းပညာသုံး အပ်ချုပ်လုပ်ငန်း ကုမ္ပဏီကို တစ်နေ့တစ်နေ့ လာလိုက်ကြတဲ့ ဧည့်သည်တွေ ဘယ်နည်းမှာတုန်း။ ဒါပေမယ့် သည်ဧည့်သည်ကတော့ တခြားသူတွေနဲ့ မတူဘူး။ ပဝါဟောင်းကလေး ချောင်ပတ်ကလေး ပေါင်းလိုက်လို့။ လက်က ဓာမနိငှက်တံဆိပ် သစ်သားရိုး ထီးကြီးတစ်ချောင်းလည်း ကိုင်လိုက် ပုဆိုး ရင်ခေါင်းစည်းကြီးနဲ့၊ ဝတ်ထားတဲ့ လည်ကတုံးအင်္ကျီကလည်း တွေ စွဲနေလိုက်တာ အပ်ချစရာ မရှိဘူး။ လည်ကတုံးအင်္ကျီဟောင်းကို ယ်သီးစေ့တပ်ထားတဲ့အပြင် ကွမ်းတံတွေးစတွေ စီးကျနေလို့ စွန်းထားလိုက် ကလည်း ပေပွလို့။ အသက်ကတော့ ကြီးလှပါပြီ။ ကုမ္ပဏီရုံးခန်းထဲ ဝင်ကတည်းက လူတစ်ယောက်ကို မတွေ့ရလို့ကတော့ မပြန်ဗျာဆိုတဲ့ပုံနဲ့ ရှာသေးတာပါ။ ဧည့်ကြိုမိန်းကလေးက အကျိုးအကြောင်းမေးတော့ ခင်မောင်ဝင်း တွေ့ချင်တာပါတဲ့။

“ဘော့စ် မရောက်သေးပါဘူးရှင့်၊ ဘကြီးကို ကျွန်မ ဘာကူညီရမလဲ ပြောပါ။ ကျွန်မတို့ စီစဉ်ပေးပါ့မယ်”

“ခင်မောင်ဝင်းပဲ တွေ့ချင်တယ်။ သူနဲ့ မတွေ့လို့မဖြစ်ဘူး။ အခု ဘယ်တုန်း”

“မရောက်သေးဘူး ဘကြီးရဲ့၊ ညနေ ကုမ္ပဏီပိတ်ခါနီးမှ ရောက်တာပါတယ်”

ဧည့်သည်က မပြန်ပါဘူးချည်း လုပ်နေတော့ စီအီးအို ခင်မောင်ဝင်း တွင်းရေးမှူးမကလေးဆီ ပို့ကြရတယ်။ ဆက်ခရီထရီမကလေးကလည်း မျိုး မေးရှာပါရဲ့။ မရပါဘူး။ ခင်မောင်ဝင်းနဲ့ပဲ တွေ့ချင်တယ်ချည်း ဖြစ်တော့ ကုလားထိုင်တစ်လုံး ထိုးပေးပြီး ထိုင်ခိုင်းရတာပေါ့။ ညနေစောင်းတော့ ကျော် ဗော်လ်ဗိုကားကြီးနဲ့ ရောက်လာတဲ့ ဘော့စ်ကို အကျိုးအကြောင်း ပြီး ဧည့်သည်ကို ရုံးခန်းထဲ သွင်းလိုက်ကြရော ပြောပါတော့။

“ကျွန်တော် ခင်မောင်ဝင်းပါ ဘကြီး၊ ဆိုပါဦး ကျွန်တော် ဘာများ ရမလဲ ခင်ဗျ”

“အင်္ကျီကလေးတစ်ထည် အပ်ချင်လို့ပါ မောင်ရာ၊ ကျုပ် အဖေကြီးက ရသာပါ၊ တစ်ဆိတ်”

"ရပါတယ် ဘကြီးရဲ့၊ ဒါလောက်များတော့ ကျွန်တော့်ကလေး
တွေ့ရင်လည်း ဖြစ်ပါတယ်"

"ကျုပ်က လည်ကတုံးချုပ်ချင်သာ"

"လည်ကတုံးလည်း ရပါတယ်။ သမိန်ဘရမ်းနဲ့ ဂါမဏိ စီးချင်
တုန်းက ဝတ်ကြတဲ့ ချပ်ဝတ်ဝ႑န်ဆာတောင် သည်မှာ ရပါတယ်"

သည်စကားကြားတော့ ဒေည့်သည်ဘကြီးက နှစ်နှစ်ခြိုက်ခြိုက်ကြီး
တယ်။ ရွှေ့ သည်တစ်ခါတော့ နိပ်ပဟာဆိုတဲ့ မျက်နှာနဲ့ ခင်မောင်ဝင်းကို
စိုက်ကြီး ကြည့်တယ်။ လည်ကတုံးတစ်ထည် ချုပ်ချင်တာနဲ့ စကြဝဠာ
ရောက်ခဲ့ပေသော်ငြား တွေ့မယ့်တွေ့တော့လည်း အခန့်သင့်လှချေသကော
တဲ့ ဝမ်းသာမှုလည်းပါရဲ့။ သမိန်ဘရမ်းနဲ့ ဂါမဏိတို့ဝတ်တဲ့ ချပ်ဝတ်
ချုပ်ကောင်း ချုပ်နိုင်မှာပေါ့။ ဒါပေမယ့် သူ ချုပ်ချင်တာမျိုးတော့ ရမှရ
မလားဆိုတဲ့ မယုံသင်္ကာစိတ်ကလည်း မျက်နှာပေါ်မှာ ရှိနေတာပါပဲ။

"စက်ချုပ်သယ်ဆိုမှတော့ လည်ကတုံး ချုပ်တတ်မယ်ဆိုသာတော
သပေါ့ မောင်ရာ၊ သို့သော်လည်း အခု ကျုပ် ဝတ်ထားတဲ့ လည်ကတ
ကျုပ်က လိုချင်သာ၊ ဘယ်သူမှ မချုပ်နိုင်ကြလေတော့ ကျုပ်လည်း စိ
ညစ်လိုက်ရသာ မပြောပါနဲ့တော့။ တစ်ရက်တော့ ရွာက ကျောင်းဆ
မန္တလေးမယ် ခင်မောင်ဝင်း အဆိုးစာရင်းဆိုသာ ရှိသယ်။ ဘကြီး ဘုရားဖူ
သွားကြည့်ပါလား ပြောသာနဲ့ ဝှံဝှံစားစားလာခဲ့သာပဲ"

"ခင်မောင်ဝင်း အင် အက်ဆိုဆီယိတ်ပါ ဘကြီးရဲ့၊ အဆိုး
မဟုတ်ပါဘူး။ မြန်မာလိုတော့ ရောင်းရင်းများပေါ့ ခင်ဗျာ။ ကိုင်း... ပြ
ဘကြီးရဲ့ လည်ကတုံးက ဘာများ ထူးထူးဆန်းဆန်းပါလို့လဲ"

သည်စကားကြာတော့ ဧည့်သည်က ငေါက်ခနဲ ထရပ်တယ်။ က
ထိုင်နောက်ကို နှစ်လမ်းဆုတ်ပြီး ဝတ်ထားတဲ့ ပုဆိုးရင်ခေါင်းစည်းကို ခါး
ချဝတ်ပြီး ခါးတောင်းကို မြှောင်နေအောင် ကျိုက်တယ်။ ထိုးကွင်းတွေ
ဂုံညင်းရိုးအောက်အထိ ထိုးထားတော့ ဘောင်းဘီတို ခံဝတ်ထားသလို ဖြစ်
ပေါ့လေ။ ပြီးမှ ကြယ်သီးစေ့ တပ်ထားတဲ့ လည်ကတုံးအင်္ကျီကို ကြယ်သ
ကုန်အောင်ဖြုတ်ပြီး ချွတ်လိုက်ပြန်ရော။ ခင်မောင်ဝင်း အင် အက်ဆိုဆ
အပ်ချုပ်လုပ်ငန်းကုမ္ပဏီရဲ့ စီအီးအို ရုံးခန်းမှာ အဘိုးကြီးတစ်ယောက် ထိ
ဒူးကျကြီးနဲ့ ခါးတောင်းမြှောင်လောက်အောင် ကျိုက်ပြီး အပေါ်ပိုင်း ဗလာ
နေတာကို လူတွေက ထူးဆန်းသလို ဝိုင်းကြည့်နေကြတယ်။ မှန်ခန်း



ဧည့်သည်ဘကြီးက ချွတ်ထားတဲ့ အင်္ကျီဟောင်းကို ခင်မောင်ဝင်းရဲ့
ဏီစားပွဲပေါ် ဖြန့်တင်လိုက်တယ်။ ကြယ်သီးတွေ ပြန်တပ်တယ်။ အပေါ်
က လည်ခွေအထိ ကြယ်သီးတပ်နေတာပါ။ ခင်မောင်ဝင်းကတော့ စကား
ခွန်းမှ မဟနိုင်သေးဘူး။

"သည်မယ်ကြည့်၊ ကြယ်သီးစုံအောင် တပ်လိုက်ပြီ။ လည်ကတုံး လည်ခွေ
ယ်သီးတပ်တော့ သူ့အောက်က ကြယ်သီးပေါက်နဲ့ လွဲကရော။ အောက်
ယ်သီးတပ်တော့ လည်ခွေက ထိပ်ချင်းမတည့်တော့ဘူး။ လည်ခွေကြယ်သီး
တ်တပ်တော့ ချပ်ချပ်ရပ်ရပ် မဖြစ်ပြန်တော့ဘူး။ တွေ့လား သည်မယ်"

"ဟုတ်ကဲ့ တွေ့ပါတယ် ခင်ဗျ"

"ကျုပ်က မကွေးနယ် သမန်းကုန်းဆိုတဲ့ ရွာကပါ။ နာမည်က ကိုဘတူ
။ ကျုပ်တို့ တစ်သက်လုံး ဒါမျိုးဝတ်ခဲ့တော့ ခေတ်အင်္ကျီတွေ ဘယ့်နှယ်မှ
ကြိုက်သာ။ ကျုပ်တို့ရွာက စက်ဆရာ ကိုကျောင်းမောင်ဆိုတာ အင်နန်
ပ်ကောင်းသာ။ အခု မရှိရှာတော့ပါဘူး။ မယားကလည်း ရွာသုသာန်မှာ
တာပါပဲ။ သားဖြစ်သူ ပေတိုးဆိုသာကတော့ ဆွေမျိုးတွေက ခေါ်သွားကြ
ကြားတာပါပဲ။ သည်ကတည်းက သမန်းကုန်း လည်ကတုံး စုတ်စုတ်
တော့တာပါပဲ"

ခင်မောင်ဝင်းက ရှစ်သိန်းလောက်တန်တဲ့ စီအီးအိုစားပွဲပေါ်က ဖားဥစွဲ
ကတုံးကို မသက်မသာကြည့်တယ်။ လည်ပင်းခွေက ကုပ်နေရာမှာ ကြေး
တာ မည်းမည်းချိတ်လို့။ ချွေးနံ့ကလည်း အငွေ့တွေတောင် အူနေသလား
တယ်။ သူ့ရှေ့မှာတော့ ခါးတောင်းကျိုက်ကြီးနဲ့ အင်္ကျီချွတ်ထားတဲ့
ကြီးတစ်ယောက် ရပ်လို့။ ခင်မောင်ဝင်း ပြောမယ့်စကားကို စောင့်နေ

"ကောင်းပြီလေ၊ ဘကြီးအင်္ကျီကိုတော့ ထားခဲ့ရလိမ့်မယ်။ သည်က အင်္ကျီ
ည် ဝတ်သာသွားတော့။ သည်မှာက လည်ကတုံးဒီဇိုင်းတွေ ရှိပေမယ့်
ို အံချော်တာမျိုးတော့ မရှိဘူးပေါ့ခင်ဗျာ။ ကိုင်းပါလေ ဖြစ်ရပါစေ့
နက်ဖြန်တော့ မယူနဲ့ဦး၊ သန်ဘက်ခါလောက်မှ လာခဲ့ပါ။ ချုပ်ခလည်း
ူး။ ဘကြီးရွာက လူတွေလည်း ပြောပြပါ။ ကျွန်တော် တစ်သက်လုံး
ယူပါရစေ"

သမန်းကုန်းက ဘကြီးဘတူ ပြန်သွားတော့ ခင်မောင်ဝင်းက ဆက်ခစ်
လေးကို ဖားဥစွဲအင်္ကျီကို သိမ်းခိုင်းလိုက်တယ်။ မနက်ဖြန် top level

"ရပါတယ် ဘကြီးရဲ့၊ ဒါလောက်များတော့ ကျွန်တော့်ကလေး
တွေ့ရင်လည်း ဖြစ်ပါတယ်"

"ကျုပ်က လည်ကတုံးချုပ်ချင်သာ"

"လည်ကတုံးလည်း ရပါတယ်။ သမိန်ဘရမ်းနဲ့ ဂါမဏီ စီးချင်
တုန်းက ဝတ်ကြတဲ့ ချုပ်ဝတ်ပန်ဆာတောင် သည့်မှာ ရပါတယ်"

သည်စကားကြားတော့ ဧည့်သည်ဘကြီးက နှစ်နှစ်ခြိုက်ခြိုက်ကြီး
တယ်။ ရွှေ့ သည်တစ်ခါတော့ နိပ်ပဟာဆိုတဲ့ မျက်နှာနဲ့ ခင်မောင်ဝင်းကို
စိုက်ကြီး ကြည့်တယ်။ လည်ကတုံးတစ်ထည် ချုပ်ချင်တာနဲ့ စကြဝဠာအ
ရောက်ခဲ့ပေသော်ငြား တွေ့မယ့်တွေ့တော့လည်း အခန့်သင့်လှချေသကော
တဲ့ ဝမ်းသာမှုလည်းပါရဲ့။ သမိန်ဘရမ်းနဲ့ ဂါမဏီတို့ဝတ်တဲ့ ချုပ်ဝတ်
ချုပ်ကောင်း ချုပ်နိုင်မှာပေါ့။ ဒါပေမယ့် သူ ချုပ်ချင်တာမျိုးတော့ ရမှရနိ
မလားဆိုတဲ့ မယုံသင်္ကာစိတ်ကလည်း မျက်နှာပေါ်မှာ ရှိနေတာပါပဲ။

"စက်ချုပ်သယ်ဆိုမှတော့ လည်ကတုံး ချုပ်တတ်မယ်ဆိုသာတော့
သပေါ့ မောင်ရာ၊ သို့သော်လည်း အခု ကျုပ် ဝတ်ထားတဲ့ လည်ကတုံ
ကျုပ်က လိုချင်သာ၊ ဘယ်သူမှ မချုပ်နိုင်ကြလေတော့ ကျုပ်လည်း စိတ်
ညစ်လိုက်ရသာ မပြောပါနဲ့တော့။ တစ်ရက်တော့ ရွာက ကျောင်းဆရာ
မှာလေးမယ် ခင်မောင်ဝင်း အဆိုးစာရင်းဆိုသာ ရှိသယ်။ ဘကြီး ဘုရားဖူး
သွားကြည့်ပါလား ပြောသာနဲ့ ဝုံဝုံစားစားလာခဲ့သာပဲ"

"ခင်မောင်ဝင်း အင် အက်ဆိုဆီယိတ်ပါ ဘကြီးရဲ့၊ အဆိုးစာ
မဟုတ်ပါဘူး။ မြန်မာလိုတော့ ရောင်းရင်းများပေါ့ ခင်ဗျာ။ ကိုင်း... ပြပါ
ဘကြီးရဲ့ လည်ကတုံးက ဘာများ ထူးထူးဆန်းဆန်းပါလို့လဲ"

သည်စကားကြာတော့ ဧည့်သည်က ငေါက်ခနဲ ထရပ်တယ်။ ကုဏ
ထိုင်နောက်ကို နှစ်လမ်းဆုတ်ပြီး ဝတ်ထားတဲ့ ပုဆိုးရင်ခေါင်းစည်းကို ခါးအ
ချဝတ်ပြီး ခါးတောင်းကို မြှောင်နေအောင် ကျိုက်တယ်။ ထိုးကွင်းတွေက
ဂုံညင်းရိုးအောက်အထိ ထိုးထားတော့ ဘောင်းဘီတို ခံဝတ်ထားသလို ဖြစ်နေ
ပေါ့လေ။ ပြီးမှ ကြယ်သီးစေ့ တပ်ထားတဲ့ လည်ကတုံးအင်္ကျီကို ကြယ်သီး
ကုန်အောင်ဖြုတ်ပြီး ချွတ်လိုက်ပြန်ရော။ ခင်မောင်ဝင်း အင် အက်ဆိုဆီယိ
အပ်ချုပ်လုပ်ငန်းကုမ္ပဏီရဲ့ စီအီးအို ရုံးခန်းမှာ အဘိုးကြီးတစ်ယောက် ထိုးကွ
ဒူးကျကြီးနဲ့ ခါးတောင်းမြှောင်လောက်အောင် ကျိုက်ပြီး အပေါ်ပိုင်း ဗလာက
နေတာကို လူတွေက ထူးဆန်းသလို ဝိုင်းကြည့်နေကြတယ်။ မှန်ခန်းကိုး



ဧည့်သည်ဘကြီးက ချွတ်ထားတဲ့ အင်္ကျီဟောင်းကို ခင်မောင်ဝင်းရဲ့
ဘီစားပွဲပေါ် ဖြန့်တင်လိုက်တယ်။ ကြယ်သီးတွေ ပြန်တပ်တယ်။ အပေါ်
က လည်ခွေအထိ ကြယ်သီးတပ်နေတာပါ။ ခင်မောင်ဝင်းကတော့ စကား
ခွန်းမှ မဟနိုင်သေးဘူး။

"သည်မယ်ကြည့်၊ ကြယ်သီးစုံအောင် တပ်လိုက်ပြီ။ လည်ကတုံး လည်ခွေ
ယ်သီးတပ်တော့ သူ့အောက်က ကြယ်သီးပေါက်နဲ့ လွဲကရော။ အောက်
ယ်သီးတပ်တော့ လည်ခွေက ထိပ်ချင်းမတည့်တော့ဘူး။ လည်ခွေကြယ်သီး
ွတ်တပ်တော့ ချပ်ချပ်ရပ်ရပ် မဖြစ်ပြန်တော့ဘူး။ တွေ့လား သည်မယ်"

"ဟုတ်ကဲ့ တွေ့ပါတယ် ခင်ဗျ"

"ကျုပ်က မကွေးနယ် သမန်းကုန်းဆိုတဲ့ ရွာကပါ။ နာမည်က ကိုဘတူ
ပ။ ကျုပ်တို့ တစ်သက်လုံး ဒါမျိုးဝတ်ခဲ့တော့ ခေတ်အင်္ကျီတွေ ဘယ့်နှယ်မှ
မကြိုက်သာ။ ကျုပ်တို့ရွာက စက်ဆရာ ကိုကျောင်းမောင်ဆိုတာ အင်နန်
ချုပ်ကောင်းသာ။ အခု မရှိရှာတော့ပါဘူး။ မယားကလည်း ရွာသူသာန်မှာ
ပ်တာပါပဲ။ သားဖြစ်သူ ပေတိုးဆိုသာကတော့ ဆွေမျိုးတွေက ခေါ်သွားကြ
် ကြားတာပါပဲ။ သည်ကတည်းက သမန်းကုန်း လည်ကတုံး စုတ်စုတ်
တော့တာပါပဲ"

ခင်မောင်ဝင်းက ရှစ်သိန်းလောက်တန်တဲ့ စီအီးအိုစားပွဲပေါ်က ဖားဥစွဲ
ကတုံးကို မသက်မသာကြည့်တယ်။ လည်ပင်းခွေက ကုပ်နေရာမှာ ကြေး
ဆိုတာ မည်းမည်းချိတ်လို့။ ချွေးနံ့ကလည်း အငွေ့တွေတောင် အူနေသလား
ရတယ်။ သူ့ရှေ့မှာတော့ ခါးတောင်းကျိုက်ကြီးနဲ့ အင်္ကျီချွတ်ထားတဲ့
ကြီးတစ်ယောက် ရပ်လို့။ ခင်မောင်ဝင်း ပြောမယ့်စကားကို စောင့်နေ
။

"ကောင်းပြီလေ၊ ဘကြီးအင်္ကျီကိုတော့ ထားခဲ့ရလိမ့်မယ်။ သည်က အင်္ကျီ
အည် ဝတ်သာသွားတော့။ သည်မှာက လည်ကတုံးဒီဇိုင်းတွေ ရှိပေမယ့်
လို အံချော်တာမျိုးတော့ မရှိဘူးပေါ့ခင်ဗျာ။ ကိုင်းပါလေ ဖြစ်ရပါစေ့
မနက်ဖြန်တော့ မယူနဲ့ဦး၊ သန်ဘက်ခါလောက်မှ လာခဲ့ပါ။ ချုပ်ခလည်း
ပါဘူး။ ဘကြီးရွာက လူတွေလည်း ပြောပြပါ။ ကျွန်တော် တစ်သက်လုံး
လ်ယူပါရစေ"

သမန်းကုန်းက ဘကြီးဘတူ ပြန်သွားတော့ ခင်မောင်ဝင်းက ဆက်ခစ်
ကလေးကို ဖားဥစွဲအင်္ကျီကို သိမ်းခိုင်းလိုက်တယ်။ မနက်ဖြန် top level

**manager** ခေါ်တဲ့ အထက်ဆင့် မန်နေဂျာတွေနဲ့ တွေ့ချင်တယ် စီစဉ်ပါ
လည်း မှာတယ်။ ဆက်ခစ်ထရီမကလေးကတော့ အင်္ကျီကိုခေါက်ရင်းက ပ
လာလို့ သနစ်ခနီးဘက် ပြေးလေရဲ့။

(၄)

အထက်ဆင့်မန်နေဂျာ အယောက်နှစ်ဆယ် အစည်းအဝေးမှာ လူစုံရောက်ပါ
ဆိုမှ ခင်မောင်ဝင်း သူ့အခန်းထဲက ထလာခဲ့တယ်။ လက်ထဲမှာလည်း အင်
ဟောင်းတစ်ထည် ပါလာတာကို မန်နေဂျာတွေက လိုက်ကြည့်နေကြသေးတ
ပါ။ စီအီးအိုက ဘုတ်ပြားမှာ အင်္ကျီဟောင်းကို ဖြန့်ပြီး ပင်အပ်နဲ့ လိုက်ထ
တယ်။ အင်္ကျီဟောင်းက လယ်ကွင်းထဲက စာခြောက်ရုပ်လို ကားကားကြ
ခင်မောင်ဝင်းက ချောင်းဟန့်တယ်။ မန်နေဂျာတွေအားလုံး ငြိမ်။

"... ဆော့ဖ်ဝဲ ပရိုဂရမ်မာတွေက သည်အင်္ကျီကို ပရောဂျက်တစ်
ချက်ချင်း စီစဉ်ပါ။ ဆော့ဖ်ဝဲကိုလည်း အင်တာနေရှင်နယ် ရယ်ဂျစ်စထရေးရှ
လုပ်ဖို့ လိုမယ်။ ပရိုဂရမ်ပြီးလို့ ပရိုဒတ်ရှင်းရပြီဆိုရင် ဒီပတ်မင့်တစ်ခု ဖွင့်ပ
နောက်တစ်ခုက သမန်းကုန်းဆိုတဲ့ရွာက လူတွေများလာရင် သူတို့လိုချင်တ
ကို ချက်ချင်းလုပ်ပေးပါ။ မိုက်ဆံမယူပါနဲ့။ ဘာပြောစရာရှိကြသလဲ"

"ဆော့ဖ်ဝဲနာမည်"

"အေး... ဟုတ်တယ်။ သေသေချာချာတော့ မရွေးရသေးဘူး။ အကြ
မှတ်ထားကွာ။ ပေတိုးဆော့ဖ်ဝဲ၊ ဒါမှမဟုတ် သမန်းကုန်းဆော့ဖ်ဝဲ။ ငါ့ဖေ
နာမည်နဲ့ ငါ့ရွာနာမည်၊ တစ်ခုခုတော့ ဖြစ်ရမှာပေါ့"

စီအီးအို ပြန်ထွက်သွားပြီးမှ မန်နေဂျာတွေက သူတို့လက်တော့ပ်ဖ
ကို သိမ်းလိုက်ကြတယ်။ ဘုတ်ပြားဆီက အင်္ကျီကတော့ ကားကားကြီး။ ကြေ
ချေးနဲ့တွေဆိုတာ ထောင်းထောင်းထလို့။ ကြယ်သီးတွေ တပ်ထားပေမ
ကော်လံ လည်ခွေထိပ်ချင်းက မတည့်တော့ အင်္ကျီက ဖိုသီဖတ်သီပေါ့လေ

[**Beauty** မဂ္ဂဇင်း၊ ၂၀၀၆၊ နို

# ကြည်းတောသူ

(၁)

အရှေ့ကြည်းတောက ကွင်းထဲမှာ မမိုးကောင်းအလောင်း တွေ့တယ်ဆိုတာ ကြားတော့ ကျောင်းစု တစ်ရွာလုံးက မယုံနိုင်ကြဘူး။ ကြည်းတောဆိုတာက မြစ်နားမနီး၊ ရေနားမနီးတဲ့ ရွာတွေကို မြစ်နားနီး၊ ရေနားနီးတဲ့ ရွာတွေက ခေါ်တာပါ။ သဘောကတော့ ကုန်းခေါင်ခေါင် ရွာတွေပေါ့။ ကျောင်းစုကတော့ ကြည်းတောသက်သက်ရွာတော့ မဟုတ်ပါဘူး။ ဒါဖြင့်ရင် အောက်တောလား ဆိုတော့လည်း မဟုတ်ပြန်ဘူး။ အောက်တောဆိုတာက မြစ်နားနီး၊ ရေနားနီး ရွာတွေကို ကြည်းတောက လူတွေကခေါ်တာ။ ကျောင်းစုက အောက်တောမကျ ကြည်းတောမကျရွာ။ အိမ်ခြေကလည်း မများလှပါဘူး။ အညာရွာတွေရဲ့ထုံးစံ လေးငါးဆယ်ပေါ့။ မြေပဲလေး၊ ပဲလေးစိုက်တဲ့ရွာဆိုတော့ မြေပဲပေါ်ချိန်၊ ပဲပေါ် ချိန်ဆိုရင် သောင်သာကြတယ်။ ရှိတဲ့ထဲက စား၊ ရှိတဲ့အထဲက လှူ၊ ရှိတဲ့အထဲ က နောက်တစ်ရာသီစာ ချန်ဆိုတဲ့ ရွာမျိုး။

မမိုးကောင်းက ကျောင်းစုရွာသူ။ အသားဖြူဖြူ၊ ရုပ်ရည်အသင့်အတင့် နဲ့ဆိုတော့ သည်နားက ရွာတွေက မမိုးကောင်းကို စိတ်ဝင်စားကြတယ်။ စီးပွား ရေးကတော့ သူလိုကိုယ်လိုပါပဲ။ သားအမိနှစ်ယောက်ကို တစ်ဘဝလုပ်နေကြ သူတွေ။ ရှိတဲ့ မြေကလေးတစ်စိတ်ကို အငှားချထားရုံကလွဲရင် သားအမိ နှစ် ယောက်က ဘာလုပ်တတ်မှာတုန်း။ ဒါပေမယ့် မြေအငှားချတာက ရတာလေး အပြင် မမိုးကောင်းကလည်း အလကား မနေလေတော့ ပဲရိတ်ချိန် ပဲရိတ်ခရ၊ မြေပဲပေါ်ချိန် မြေပဲဖော်ခရနဲ့ သူတကာလို ဝင်ငွေမျိုးတော့ ရှိတာပါပဲ။ မမိုးကောင်း အမေက ကြီးလှပြီ။ ရှိရောပေါ့ ခုနစ်ဆယ်ကျော်တော့။ ခေါင်းတုန် လည်တုန်

မဟုတ်ပေမယ့် အိပ်ရာထဲက မထရဘူးဆိုသူကိုး။ ဒါပေမယ့် လူကလည်း မကျန်းမာ၊ သမီးကိုလည်း စိတ်မချတော့ အိပ်ရာထဲ လှဲမနေနိုင်ဘူး။ ကျိုးစောင့်၊ ကြက်နှင်ရသလောက်တော့ ကူဖော်လောင်ဖော်ရတယ်။ နာမည်က ဒေါ်ငွေခဲတဲ့။ ဒေါ်ငွေခဲ မွေးတဲ့နေ့က အိမ်ရှေ့ကျင်းတူးတာ ရှေးခေတ်သုံး ငွေခဲတွေ တော်တော် ရလိုက်တာကစပြီး မွေးလာတဲ့ သမီးကလေးကို မငွေခဲ မှည့်လိုက်တယ်လို့ ဆိုတယ်။ အဲသည့် ဒေါ်ငွေခဲက ကျောင်းစုဟိုဘက် ကပ်လျက်ရွာက လှည်းသမား ကိုစံဖေနဲ့ ညားတော့ မမိုးကောင်း အပါအဝင် သားသမီးသုံးယောက် မွေးတယ်။ မိုးတွေ တအားရွာတဲ့ညက မွေးလို့ သမီးဦးကို မမိုးကောင်းလို့ မှည့်တယ်။ အလတ်က ယောကျ်ားလေး၊ ဘုရားဒကာ ဦးဖိုးစိန် မြင်းခြံလာကတဲ့နှစ်က မွေးလို့ မောင်စိန်လို့ မှည့်တယ်။ အငယ်က မိန်းကလေး။ ကြည်းတောမှာ မိုးကြီး သုံးနှစ်ဆက်တိုက် ခေါင်တုန်းကမွေးလို့ မမိုးခေါင် ဖြစ်ကရော။ မောင်စိန် အသက်ကလေးရလာတော့ အဲသည့်ခေတ်က ရဲဘော်ဖြူလား၊ ရဲဘော်ဝါလား ဘာမှန်း မသိတဲ့အထဲပါသွားတာ သေသလား၊ ရှင်သလား မသိတာကြာပြီ။ မှန်းသန်းပြီး ဆွမ်းကလေး ခြစ်ခြုတ်သွတ်ပြီးတဲ့နေ့ကပဲ မောင်စိန် မိသားစုစာရင်းက ပျောက်သွားတယ်။ မမိုးခေါင်ကလည်း တစ်ရွာသားနဲ့အကြောင်းပါတော့ သျှောင်နောက်ဆံထုံးပါပေါ့။ မမိုးခေါင်ကလည်း ရွာမပြန်ပါဘူး။ မိဘနှစ်ပါး ဆင်းတောင့်ဆင်းရဲ ရွာမှာကျန်တာကိုလည်း ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မမှတ်တော့ ဒေါ်ငွေခဲက သူ့လည်း သေစာရင်းသွင်းတယ်။

"သြော်... မိုးခေါင်တို့များ နာမည်သာ မိုးခေါင်တာ မဟုတ်ဘူး။ မေတ္တာပါခေါင်တာအေရဲ့။ တစ်ခါတလေတော့ တစ်ရွာတစ်ကျေးမှာ အရိုက်အနှက်ခံများ ဖြစ်နေသလား အောက်မေ့မိရဲ့။ ဒါပေမယ့်အေ သုမေဓာရှိမှ ကုံလှိုမေဓာရှိ မဟုတ်လား။ ငါသေလို့ ရောက်လာရင်တောင် မြေသင်းခဲ မကောက်စေနဲ့"

ဒေါ်ငွေခဲက ကြုံတဲ့လူ သည်စကားပြောတတ်တယ်။ ယောကျ်ားသား ကိုစံဖေ သေတော့ ဘာမှ မည်မည်ရရ မကျန်ခဲ့ဘူး။ မြေကလေး တစ်စိတ်ပျော့ပျော့နဲ့ အိမ်ကလေးတစ်လုံး ချန်ခဲ့တာပါ။ ဒါပေမယ့် သားအမိနှစ်ယောက်နေလို့ဖြစ်ပါတယ်။ ပြောခဲ့သလိုပေါ့။ ထန်းသမားစားဖို့ ထန်းနို့က ထွက်ပေးရတယ်ဆိုသလိုပဲ။ သားအမိနှစ်ယောက်အတွက်တော့ တစ်ဝမ်းတစ်ခါး ကျင်းယက်ရှာရတာမျိုး မရှိခဲ့ဘူး။ မမိုးကောင်းကတော့ အေးတယ်။ သဘောကောင်းတယ်။ မှန်တာပြောတယ်။ ရိုးရိုးသားသားနေတယ်။ ဆင်းရဲပေမယ့် ရွာမှာ ကိစ္စဝိစ္စရှိ



နေရင် နေ့ရာပေးကြတယ်။ တစ်ခါတစ်ခါတော့ ငယ်ရွယ်သူပီပီ အိမ်ထောင်ရက်သားဘဝမျိုးနဲ့ နေချင်စိတ်ကလေး ရန်းတက်လာတတ်ပေမယ့် မအေအိုကြီးနဲ့ ဆင်းတောင့်ဆင်းရဲ ဘဝထဲကို နောက်ထပ်လူတစ်ယောက် ဝင်လာမှာကိုလည်း စိုးရဲ့။ ကျောင်းစုက ကာလသားတွေကလည်း မမိုးကောင်းကို ပိုးကြတာပါပဲ။ ဘယ့်နှယ် မပိုးကြဘဲရှိပါ့မလဲ။ ရုပ်ကလေးသနရုပ္ပနဲ့ စိတ်ကောင်းနှလုံးကောင်း ရှိသူကလေးပေပဲ။ ကြည့်သူက ကြည့်တယ်။ အကဲခတ်သူက အကဲခတ်တယ်။ ကမ်းလှမ်းသူက ကမ်းလှမ်းတယ်။ စကားသွင်းသူက တစ်ဆင့်စကားသွင်းတယ်။ ဒါပေမယ့် ဒေါ်ငွေခဲက လက်မခံဘူး။ ဘယ်လိုမှကို လက်မခံဘူး။ ကိုစံဖေရှိတုန်းကမှ သူ့မေတ္တာကို ဝေမျှထားရသေးတယ်။ ကိုစံဖေသေတော့ မေတ္တာတွေအားလုံးဟာ မမိုးကောင်းအပေါ် ရေအိုးများမှောက်ချသလို ကျတော့တာ မဟုတ်လား။ သားသမီးသုံးယောက်မွေးတာ နှစ်ယောက်က သေစာရင်းထဲ ထည့်ခဲ့ပြီဆိုတော့ လက်ကျန် ရှင်စာရင်းကလေးကို သူများလက် မထည့်ရက်တာလည်း ပါတယ်။ နှမြောတာလည်းပါရဲ့။

"ငါ့သမီးသဘောကတော့ အမေ့ မသိဘူးပေါ့အေ။ ညည်းစိတ်ထဲ အိမ်ထောင်သားမွေးများ စိတ်ကူးသလား။ အမေ့သဘောတော့ သည်အရွယ်ရောက်မှ မပြုစေချင်တော့ဘူး။ ညည်းအဖေ ကိုစံဖေက အောက်တောသားတွေလို လေ့လိုက်မကျေးပေမယ့် တောထဲတောင်ထဲ နေပူအလှော်ခံပြီး လုပ်ကျွေးခဲ့တာကော။ သည်လိုယောကျ်ားသားမျိုးရ တော်ပါရဲ့အေ။ ထိုင်နေအကောင်းသား၊ ထသွားကျိုးမှန်းသိ ဆိုသလို"

တစ်ည ဒေါ်ငွေခဲ အဲသလိုပြောတော့ မမိုးကောင်း သိသားပဲ။ ဒါဟာ သူ့ဘဝအတွက် အမေ့သဘောထားဆိုတာ။ အမေ့ကို မမိုးကောင်း သနားတာလည်း ပါတယ်။ မခွဲနိုင်တာလည်း ပါတယ်။ မိုးခေါင်လို တစ်ရွာတစ်ကျေး လိုက်ခဲ့ရမယ်ဆိုသူနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ။ သည်တစ်ခါဆိုရင် အမေ သေလိမ့်မယ်။ နဂိုကမှ အမေက ယွဲ့ယွဲ့ရယ်ကိုး။ မမိုးကောင်းကိုယ်တိုင်က မအေ သေရင် ဘယ့်နှယ်နေမယ် မသိပေမယ့် မအေ မသေမချင်း စိတ်ဆင်းရဲအောင် မလုပ်တော့ဘူးလို့ ပိုင်းဖြတ်လိုက်တယ်။

"အမေရယ် ဝင်ထွက်နေကျသူတွေ ဆိုတာကလည်း အကဲခတ်ကြတာပါ။ ကျွန်မ စိတ်ထဲဖြင့် ဘယ့်နှယ်မှတောင် မနေပါဘူး။ အိမ်ထောင်ပြုရမှာလည်း ကြောက်မိတယ်။ အမေ့ကိုလည်း သနားတယ်။ အမေ နောက် သည်စကား မပြောပါနဲ့တော့နော်"

မမိုးကောင်း အဲ့သလိုပြောတော့ ဒေါ်ငွေခဲ ငိုတယ်။ မျက်တွင်းချိုင့်ချိုင့်၊ မျက်ခမ်းစပ်စပ် မျက်လုံးလေးတွေထဲက မျက်ရည်တွေ ကျနေတာကို မီးခွက်အလင်းရောင်နဲ့ မြင်နေရတယ်။ အင်မတန် ပိန်လှီနေတဲ့ လက်နဲ့ သမီးကို ဖက်ထားတယ်။ ဆီမရှိဘဲ ခြောက်ဖွာနေတဲ့ သမီးခေါင်းကို ပွတ်ပေးတယ်။ ကြမ်းတော် အက်ကွဲနေတဲ့ သမီးလက်တွေကို ဆုပ်ခြေပေးတယ်။ ဒါဟာ 'တကယ်ပြောတာလားအေ' ဆိုတဲ့ မေးခွန်းမှန်း မမိုးကောင်း သိပါတယ်။ မမိုးကောင်းကလည်း ပါးစပ်နဲ့ မဖြေပါဘူး။ မအေကို ထိုင်ကန်တော့တာမျိုးနဲ့ ကတိပေးလိုက်တာပါပဲ။ ဒါပေမယ့် သည်ကတိက သိပ်ကြာကြာမခံဘူး။ ကြည်းတောကုန်းခေါင်ခေါင်နဲ့နီးတဲ့ ကျောင်းစုရွာရဲ့ ဆောင်းတစ်ညမှာ ဒေါ်ငွေခဲ ဆုံးတယ်။ အင်မတန်ချစ်တယ်ဆိုတဲ့ သမီးအပျိုကြီးကို ကျောင်းစုမှာ တစ်ယောက်တည်းထားခဲ့ရင်း ကမ္ဘာလောကနဲ့ ကွယ်တဲ့အရပ်၊ လွန်တဲ့အရပ်ကို ထွက်ခွာသွားတယ် ပြောကြပါစို့။ ဖအေ၊ မအေ၊ မောင်စိန်နဲ့ မိုးခေါင်တို့ မရှိတော့တဲ့နောက် မမိုးကောင်း တစ်ယောက်တည်း နေခဲ့ရတယ်။ တကယ် သေသူတွေနဲ့ သေစာရင်း အသွင်းခံရသူတွေဟာ မမိုးကောင်းအတွက်တော့ အတူတူပါပဲ။ ဘယ်သူမှ အနားမှာမရှိတဲ့ဘဝနဲ့ ချောက်ချောက်ချားချား နေခဲ့ရတယ်။ ဖြူစပြုနေတဲ့ ဆံပင်တွေ၊ ခြောက်သွေ့နေတဲ့ နှုတ်ခမ်းတွေ၊ တဖြည်းဖြည်း ရော်ကျလာတဲ့ သစ်သီးတစ်လုံးလို ကိုယ်ခန္ဓာနဲ့ မမိုးကောင်းဟာ အမျှင်ကလေးတစ်ချောင်းတည်းသာ တွဲထားတဲ့ လက်ပံပွင့်လေးလေးကြီး တစ်ပွင့်လို နေခဲ့ရတယ်။ မအေဆုံးပြီးကတည်းက အိမ်ကုပ်ကလေးထဲမှာ ရက်ပေါင်းများစွာ မလှုပ်မခြောက်နေခဲ့တယ်။ ရေတွင်းကုန်းမရှိတဲ့ ရွာဆိုတော့ ရွာနဲ့ တော်တော်ဝေးဝေး ရေကန်ကို ရေခပ်သွားနေကျ။ မမိုးကောင်း ရေမခပ်တာပဲ ကြာလှပြီ။ ခါတိုင်း ထွက်နေကျ ယာထဲ အငှားမလိုက်တာလည်း ကြာလှပြီ။ မိုးမှချုပ်ပြီဆိုရင် အိမ်ကလေးထဲ မီးတိုင်ခွက်ထွန်းပြီး တစ်ယောက်တည်း ထိုင်နေတတ်တယ်။ အိမ်နီးချင်းတွေကတော့ လာအားပေးကြတာပေါ့။ တစ်ခွန်းတစ်မ မေးကြ မြန်းကြတာပေါ့။ တစ်ရှုက်တစ်ထပ် ကူကြ သယ်ကြတာပေါ့။ ဒါပေမယ့် မမိုးကောင်းက ဘာတစ်ခွန်းမှ မပြောဘူး။ လူတွေကို မျက်လုံးပြူးကြီးတွေနဲ့ ကြည့်တာပဲရှိတယ်။ ကောင်းတယ်လည်း မပြောဘူး။ ဆိုးတယ်လည်း မပြောဘူး။

"မိုးကောင်းရယ် နင် အဲသလိုကြီးနေတော့ မခက်ဘူးလားအေ။ ညည်းမျှော်ချားနေရင် ငါတို့နဲ့ လာနေပါလား။ ညည်းတစ်ယောက်စာတော့ ရွာက အပန်းမကြီးပါဘူး"



မိန်းမတစ်ယောက်က အဲသလိုပြောလာရင် မမိုးကောင်းကတော့ ငိုတာ။ ရှိုက်ကြီးငင်ကြီးကို ငိုတယ်။ တကယ်တော့ လာသာအားပေးရတာ ဘယ်သူအားတာ မဟုတ်ဘူး။ ယာထဲ ကိုင်းထဲက မိုးကြီးချုပ်မှ ကပျာကသီ ပြန်ချည်း မဟုတ်လား။ တောထဲက ပြန်ရောက်မှ ရေအိုးယောင်းကလေးထဲ ရေကလေး တစ်ခွက် တစ်ဖလား ချိုးတယ်ဆိုရုံကလေး ချိုးပြီး ဖတ်သီသီ ချက်ပြုတ်ရသူတွေချည်း မဟုတ်လား။ ကြာတော့လည်း မလာနိုင်ကြဘူး။ ဒါပေမယ့် ညနေ နေဝင်ရီတရော နွားရိုင်းသိမ်းချိန်တိုင်း မမိုးကောင်းကို အမြဲလာသူတစ်ယောက် ရှိတယ်။ မိန်းမတစ်ယောက်ပါ။ နာမည်ကရင်တဲ့။ ကျောင်းစုမှာ သည်မိန်းမက နတ်ကတော်။ နတ်ကတော်ဆိုပေမယ့် ကိစ္စသက်သက်လုပ်နေတဲ့ ရိုးရိုးသားသား နတ်ကတော် မဟုတ်ဘူး။ လိုအပ် အစွဲလည်း ကုတယ်။ ဓာတ်ရိုက်ဓာတ်ဆင် လုပ်ပေးတယ်။ ခါစာ ပစ်တယ်။ သေသူတွေရဲ့ ဝိညာဉ်တွေနဲ့ စကားပြောနိုင်သူလို့ ဆိုတယ်။ ဓာတ်သမီးယောင်းလို့လည်း ပြောကြရဲ့"

"မိုးကောင်းရေ အမေလာပြီ"

ဒေါ်စိန်ရင်လာရင် အဲသလို အမြဲအသံပေးတတ်တယ်။ ဘယ်သူ့ကိုမှ ားမပြောတဲ့ မမိုးကောင်းက ဒေါ်စိန်ရင့်အသံကြားရင်တော့ ချက်ချင်းကြြိုတတ်တယ်။ မျက်နှာကလည်း ပြုံးနေတာပဲ။ ခွဲဖြန့်ချထားတဲ့ ဆံပင်ရှည်ကို ရှေ့ကို သိုင်းချရင်းက ထလာတတ်တယ်။ ပြီးတော့မှ တိုးတိုးလေး တတ်တယ်။

"မျှော်လိုက်ရတာ အမေရယ်။ သိုက်နန်းက ဘာမှာလိုက်သေးတုန်း"

(၂)

ညရက် နောက်ပိုင်းမှာတော့ မမိုးကောင်း စကားတွေ တော်တော်ပြောလာယ်။ သနပ်ခါးတွေ မှန်မှန်လိမ်းလာတယ်။ သီချင်းရသမျှ ခပ်ညည်းညည်းလေးတောင် ဆိုနေတတ်သေးတယ်။ အဲသည့်ခေတ်က ဓာတ်ပြားတွေမှာများပါးပါး ကြားရခဲ့တဲ့ သီချင်းမျိုးတွေ မဟုတ်ဘူး။ သူ့အမေ ဒေါ်ငွေခဲကြာမကြာဆိုတတ်တဲ့ သီချင်း။ နတ်သီချင်း ဆိုပါတော့။ တစ်နည်းအားဖြင့် ပဲမောင်တင့်တယ်ရဲ့ ဘဝသရုပ်ကို ဖော်တဲ့ သီချင်း။ ဒါကို မမိုးကောင်း တတ်တယ်။ သူ့ဆံပင်ရှည်ကြီးကို ဝါးဘီးတစ်ချောင်းနဲ့ ရှင်းရင်းကဆိုတာ။ သံကလည်း ကောင်းတော့ မမိုးကောင်းရဲ့ သီချင်းသံဟာ အင်မတန် နားထောင်ကောင်းတယ်။

"နားထောင်နမ၊ မရှင်ပျနိုင်ဘု၊ အရှင်ကဖြစ်အင်... ကုန်စင်သ ပြန်လှန်ကာ ပြောမယ်ပါ့။ သောတဆင်တဲ့မှ... သောတဆင်..."

"ဟိုးအရင်အစ၊ ပထမက၊ မြေထူးပျော်ဘွယ်၊ အညာနယ်၊ ရွာ တောရယ်က၊ အဘပင့်တော်၊ မွေးမယ်နော်တဲ့၊ မလျော်သည့်အရေး၊ ရာဇ အေးကြောင့်၊ ပြေးမလွတ်သာ၊ မီးသောခါတွင်၊ အရှင်လတ်လတ် ဖိုကျ ကာ သတ်ပါလို့၊ မတ်တယ်ကယ်တဲ့ တို့အဖေ၊ သေရလေတဲ့မှ သေ တယ်... လေး..."

"ထို့နောက် အဟုတ်၊ ကျူပြင်ကိုခုတ်၊ အဟုတ်သေချာ၊ လိုက်သေ တွင်၊ ဇရာဒုဗ္ဗလ၊ တောင်မြင့်အလယ် မောင်တင့်တယ်၊ ကွယ်ကာမရလို့ ငယ်ကို၊ ရှုတ်တရက် တရကြမ်း၊ ပခုံးနဲ့ထမ်းပါလို့၊ စခန်းသင့်ရာ၊ ပြေး လေတဲ့... ပြေးရရှာလေး"

**မမိုးကောင်း**က သည်သီချင်းဆိုရင် ဒေါ်စိန်ရင်က သိပ်သဘောကျ သူက နတ်ကတော်ဆိုပေမယ့် သည်သီချင်း သူမရဘူး။ တချို့ ညနေခင်း ဒေါ်စိန်ရင် ကိုယ်တိုင်က မမိုးကောင်းဆီက သီချင်းတက်ယူတယ်။ ရွာက ထူးဆန်းနေတာပေါ့။ မမိုးကောင်း ဘယ်လိုဖြစ်သွားရတာလဲ။ မမိုးကောင် တကယ်ပဲ သိုက်နန်းက လာတာလား။ တစ်ယောက်တည်း အထီးကျန်နေ ဒေါ်စိန်ရင်နဲ့ပေါင်းပြီး ဘာဖြစ်သွားရတာလဲ။ ရွာကတော့ မမိုးကောင်းဆီ အ ကျဲသွားကြတယ်။ တစ်ခါတစ်ခါ ညကြီးမှောင်မည်းထဲမှာ ဒေါ်စိန်ရင်တစ် မမိုးကောင်းတစ်ပိုဒ် သီချင်းဆိုတာ ရွာက ကောင်းကောင်းကြားနေရတတ်

"ကြော်... ကန္တာရရဲထဲ၊ အမေအို ခြေကိုခွဲလို့၊ သည်းကမရှင်၊ ထေ ထော့နဲ့ တမဲ့မဲ့နှင့်၊ တောတွင်းကို ဝင်တော့ကမှ၊ နေလွင်လွင်ကြီး၊ အစာရေ သလေ ညည်းတာကြောင့်၊ အနည်းနည်းရှုပ်ထွေး ပါးစပ်ကို လက်ဟန်နဲ့ တာကြောင့်၊ ဝါးချင်တဲ့ ထမင်းရည်ရယ်၊ ရွာမနီးတာကြောင့်၊ တောကြီးမှ တို့အမေ သေရတယ်လေးရယ်မှ... သေရတယ်"

ဒေါ်စိန်ရင်က သည်အပိုဒ်ကိုဆိုတော့ မမိုးကောင်းက နောက်တစ် ဆက်ဆိုတယ်။

"မိုးခိုးကို ရော်ကာရမ်းပါလို့၊ ကန်တော့ပန်းဆင်ကာ၊ လာကြရာဝ သုံးယောက်ကယ်မောင်နမ၊ တောင်မြင့်အလယ် မောင်တင့်တယ် ကွယ် မရတာကြောင့်၊ နမဒွေးဖြူ အစ်ကိုရဲ့အစ်ကိုရဲ့ ငိုမဲ့မဲ့ပူဆာ၊ တူသံတထိန်ထိ ပန်းပဲဝန်အိမ်မှာ၊ စားမြိန်စာ မရှောင်သွင်းရအောင်လို့၊ သုံးယောက်ကယ်မောင်န တောင်းကြရှာတဲ့မှ တောင်းကြရှာ..."



"မဒွေးဖြူရေ... အစ်မကြီး မဒွေးဖြူလား၊ ရောက်လာပြီနော်၊ ညီမတော် ံလုငယ် အောက်မေ့လှချည့် မမရယ်"

"ရောက်လာပါပြီ။ မမြတ်လှရယ် မမကြီးအနားမှာ ရှိပါသကော"

"မကောင်းနိုင်၊ ထနောင်းတိုင်ဌာနဆီက၊ အဘသည် ရာဇဒဏ်ကြောင့်၊ ာသေရှာကြွသည်ကြောင့် ဒေသဌာနီ ယာယီရွှေ့ပြောင်း၊ မွေးမိခင်၊ တော မြေဝနာခွင်သို့၊ မကြာခင် အသက်ဆုံးရတော့၊ ချစ်လျက်နှင့် မခင်သာ၊ ခက် တင်ကာဖုံးပါလို့ (အံမယ်လေး) သုံးယောက် မောင်နှမတို့ရဲ့ ဘယ် ဘြမှာအကြောင်း... ဟောင်းဟောင်း"

မမိုးကောင်းအိမ်က ငိုချင်းတွေချနေတော့ ရွာက စိတ်မကောင်းဖြစ်ကြ ပ်။ နဂိုကမှ အားငယ်ရတဲ့အထဲ ဒေါ်စိန်ရင် လာလုပ်လို့ မမိုးကောင်း တ်ဆယ်မရ ဖြစ်ရတယ်လို့ တွက်ကြတယ်။ ဘယ်သူလာလာ စကားဟာဟ ာတဲ့ မမိုးကောင်း၊ ဒေါ်စိန်ရင်နဲ့ကျမှ သီချင်းတွေဆိုတာကိုလည်း နားမလည် ူး။ ဒါပေမယ့် ဘယ်သူကမှတော့ မကောင်းမပြောရဲဘူး။ ဒါက ယုံကြည် ကွယ်မှုနဲ့ဆိုင်တာလည်း ပါတယ်။ ရွာကို ဒုက္ခပေးတဲ့ကိစ္စ မဟုတ်တာ း ပါတယ်။ စကားမပြောတာထက်စာရင် သီချင်းဆိုတာက မင်္ဂလာရှိတယ် အောက်မေ့ကြတာလည်း ပါတယ်။ သည်တော့လည်း မဆက်ဆံကြရင်သာ ယ်။ အပြစ်မတင်ကြပါဘူး။

"နတ်ကတော် မစိန်ရင်ပြောတာတော့ သိုက်က ခေါ်နေပြီ ပြောတာပဲ။ ရင်က သိုက်ချုပ်ဘိုးဘိုးနဲ့ အပ်ထားလို့ မသွားရသေးတာတဲ့။ မိုးကောင်း း သနားစရာပါဟယ်။ ဖအေ သေ၊ မအေဆုံး ယူကျုံးမရဖြစ်ရှာထင်ပါရဲ့။ သတိထားမိသလား။ လည်ပင်း ချည်မန်းကွင်းကြီးနဲ့။ မစိန်ရင် ကျေးဇူး ရသေးတော့"

ရွာထဲမှာတော့ သည်စကားမျိုးတွေ ပျံ့နှံ့နေတော့တာပါပဲ။ သည့်နောက် ာ့ မစိန်ရင်က ညနေတိုင်း လာလည်ရုံတင်မကတော့ဘူး။ ညတိုင်း သီချင်း ကြတာတင် မဟုတ်တော့ဘူး။ သူ့အိမ်က နတ်ရုပ်တွေတောင် သယ်လာခဲ့ ယ်။ တစ်တောင်သာသာ နတ်ရုပ်တွေပါ။ မင်းဝတ်မင်းစားနဲ့လည်း ပါရဲ့။ ်တတ်အရုပ်တွေကော၊ ငုတ်ကုတ်အရုပ်တွေကော၊ တင်းပုတ်ထမ်းအရုပ်တွေ ာ စုံလို့ စုံလို့။ မမိုးကောင်းကလည်း တခြား ဘာမှမလုပ်တော့ဘူး။ သနပ်ခါး းမန်လီမ်း၊ ဆံပင်ကြီး ဖားလျားချပြီး ဝါးဘီးနဲ့ရှင်းရင်း နတ်ရုပ်တွေရှေ့ င်တော့တာပါပဲ။ နတ်ရုပ်တွေက မဏိစည်သူမင်းတဲ့။ မိဖုရားတဲ့။ သားတော်

ကြီး ဦးမင်းလတ်တဲ့။ သာဂရမင်းတဲ့။ ဟိုရွာသည်ရွာက နောက်ပိုင်း နတ်
တယ်လို့ ယုံကြည်ကြတဲ့ မရဲတို့၊ မမဲတို့ အရုပ်တွေပါတယ်။ မမိုးကောင်း
နတ်ရုပ်တွေရောက်လာတော့ ကျောင်းစုတင် မကတော့ဘူး။ အနားရွာတွေ
စိတ်ဝင်စားလာကြကတယ်။ အပျိုကြီး မမိုးကောင်းနဲ့ နတ်ကတော် ဒေါ်စိ
ဘာတွေလုပ်နေကြတာလဲ သိချင်လာကြတယ်။ မကြာပါဘူး။ လူတွေ အိမ်
ရောက်လာကြတော့တာပါပဲ။ ရှိစုမဲ့စုငွေကလေး ကြေးကလေး ဆက်သူတေ
ဆက်တယ်။ ဘိလပ်ရည်၊ စီးကရက်၊ လက်ဖက်၊ ချိုချဉ်ဆက်သူက ဆက်တ
ကွဲပျောက် နွားပျောက်ကအစ အခြောက်အလှန့်၊ မအီမသာအဆုံး လူ
သည်ကို ရောက်လာတတ်ကြတယ်။

"အိမ်တွင်းဆက်ပေးပါ အမေ မိုးကောင်းရယ်"

"လေးကျွန်းမောင်ကို ဆက်သပါတယ်"

"မကြာဥကို ဒါလေးဆက်ပေးပါ"

နွားကျောင်းသားကဖြစ်တဲ့ နတ်တွေကလည်း မမိုးကောင်းအ
အဆင်ပြေနေတော့တာပါပဲ။ အသက်မှ လေးဆယ်ကျော်စ အပျိုကြီး မမိုးကေ
က တဖြည်းဖြည်းနဲ့ အမေ မိုးကောင်း ဖြစ်လာတယ်။ တစ်ယောက်က
တစ်ရာ အမေ မိုးကောင်းဖြစ်လာတော့ မမိုးကောင်းကလည်း ကျေနပ်နေ
ပါပဲ။ အိမ်တွင်း မင်းမဟာဂီရိ ဘဝသရုပ်ဖော်သီချင်း တက်ယူခဲ့တဲ့ ဒေါ်စိ
မမိုးကောင်းကို နတ်ချော့၊ နတ်တင်တွေ တစ်ကျော့သင်ပေးထားတော့ မမိုးကေ
ကလည်း နတ်ကတော်တစ်ပိုင်း ဖြစ်နေပါပြီ။ နဂိုအသံလေးက ကောင်းေ
လူတွေက ပိုက်ဆံ လေးငါးမတ်နဲ့ ရောက်ရောက်လာတတ်တယ်။

"ခုနစ်ရက်သားသမီး မိသားစုများပါဘုရား။ ကန္နားရှင် ဘိုးဘိုး
နောင်တော်ကြီး ဘုရင်ဦးမင်းလတ်၊ အစ်မတော် မိဖုရားကြီးမှအစ အလေး
ပြုပါတယ်။ ဦးများခိုက်ပါတယ်။ ဦးများတိုက်ပါတယ်။ တစ်ခါတစ်ခေါ
လာရောက်ကြသော ဆွမ်းဒကာ၊ ဆွမ်းအမအပေါင်း သူတော်ကောင်းတို့၊ အ
ဒါယကာ၊ အလှူဒါယိကာမအပေါင်း သူတော်ကောင်းတို့၊ ရဟန်းဒကာ၊ ရဟ
အစ်မအပေါင်း သူတော်ကောင်းတို့၊ ရေချမ်းဒကာ၊ ရေချမ်းအမအပေါင်း သူတ
ကောင်းတို့၊ ကာယသုခ၊ စိတ္တသုခနဲ့ ပြည့်ဝကြပါစေ။ သားအစုံ၊ မြေးအ
မိဘစုံညီစွာနဲ့ ပေးမကုန် လှူမခန်း ဒါနပါရမီ ပါရမီအစုစု မညည်းမည
စိတ်သွားရာ ကိုယ်ပါလို့ လိုရာများ ပြည့်ကြပါစေ။ ကောင်းသောအတိ
ကောင်းသောနိမိတ်၊ ကောင်းသော စည်းစိမ်၊ အကြံအောင်လို့ ဆယ်ပြန်ဆော



လို့ ဆယ်ကြိမ်တော်များ မြောက်ကြပါစေ။ မြေးများ သားများက အစဉ်သဖြင့်
သည်နေ့ သည်ရက်ကမှစ၍ ပြုံး၍လည်း ကန်တော့ခံပါ။ ရယ်၍လည်း ကန်တော့
ခံတော်မူပါ။ ရွှေမျက်လုံးနဲ့ ပြုံး၍ ရှုစားတော်မူပါ။ မြမျက်လုံးနဲ့ ပြုံး၍ ရှုစား
တော်မူပါ။ ခြေတစ်လှမ်း ကုဋေတစ်သန်းတန်တဲ့ မြေးတော်၊ သားတော်များပါ
ဘုရား။ ဘိုးတော်တို့ကို အရှိအသေပေး၍ အလေးများပြုပါတယ်။ သွားလမ်း
သာလို့ ပြန်လမ်းကိုလည်း ချောချောသာသာ ရှိကြပါစေ။ အလှူတော်ကြီး
ထပ်ခါထပ်ခါ ပေးနိုင်ပါစေ"

ပိုက်ဆံငါးမတ်နဲ့ပေမယ့် မမိုးကောင်းက ရသမျှ ဆုတွေတောင်း၊ နတ်
တွေကို အပ်လေတော့ လူတွေက အင်မတန် ကျေနပ်ကြတယ်။ မမိုးကောင်း
ရဲ့ အိမ်ကလေးထဲမှာ ဟိုရွာက၊ သည်ရွာက လူဆိုတာ မပြတ်ဘူး။ ထားပါ
တော့။ နတ်ရုပ်လေးငါးရုပ်နဲ့ မမိုးကောင်းဟာ သည်နားတစ်ဝိုက်မှာ လူသိများ
လာခဲ့တယ်။ ကြည်းတောရွာတင်မကတော့ဘူး။ အောက်တောတစ်ကြောမှာ
လည်း မမိုးကောင်းကို စကားထဲ ထည့်ပြောလာရတယ်။ သည်လိုနဲ့ နှစ်ကလေး
တော်တော်ကြာကြာဖြစ်လာတော့ မမိုးကောင်း သောင်သောင်သာသာလေး ဖြစ်
လာတယ်။ မမိုးကောင်း စီးကရက် (ပိုလိုပေါ့လေ) တဖွားဖွား ဖြစ်လာတာ
ရော၊ ဆံထုံးကြီး ငယ်ထိပ်တက် ထုံးတာရော၊ ထဘီကို ရင်ခေါင်းလောက်
တက်ဝတ်တာရော၊ မန္တလေးက မှာစီးတဲ့ ကတ္တီပါ သည်းကွင်းဖိနပ်ကြီး စီး
ဖြစ်လာတာရောဟာ မမိုးကောင်းရဲ့ဟန် ဖြစ်လာခဲ့တယ်။ သနပ်ခါးကြမ်း ပိန်း
နေအောင် လိမ်းပြီး ပိုလိုခဲထားတဲ့ မမိုးကောင်းက ငါးစီးရှင် နတ်ချင်းများ
သံပြားသံစူးကလေးနဲ့ ခြစ်အော်လိုက်ရင် လူတွေဟာ ကြယ်သီးတွေ တဖြန်းဖြန်း
ထသွားကြရတာပေါ့လေ။

"ခေါင်းပေါင်းဖြူ ကြွေတိုက်နှင့်၊ လေလိုက်သင့်ပေါင်း။ မြင်းညိုကြီး
ကျောပေါ်၊ ဩျောင်ပုံတော် မြိတ်ခွင်းနှင့်၊ မင်းရွှေသျှောင်စောင်း..."

တစ်ခါတစ်ခါတော့ 'ဗိန်းပေါင်းဗိန်းပေါင်း ငါးခြောက်ထောင်း' ဆိုတဲ့
မင်းသား မောင်ရှင်နတ်ချင်းဆိုလား ဆိုရဲ့။ 'ရွှေနဂါးခြံစရာ ဖဲကတ္တီပါ' စတဲ့
ရွှေနပေနတ်ချင်းဆိုလားဆိုရဲ့။ 'မြီးကောင်ပေါက်ကယ် နောက်ဆံစည်း' စတဲ့
'ထီးဖြူဆောင်းမယ်တော်' နတ်ချင်းဆိုလားဆိုရဲ့။ တစ်ခါတစ်ခါတော့ 'ကြက်
ကလေးငယ် ဆူပါလွန်း ဝက်တည့်ဝက်သားပြွမ်း' လုပ်ချင်လုပ်နေတာလည်း
ရှိရဲ့။ မင်းကျော်စွာနတ်ချင်းပေါ့။ တစ်ခါတစ်ခါတော့ 'မင်းခေါင်သခင် ရွှေ
လေးကြော့ရှင်' စတဲ့ ပရိမ္မမင်းခေါင်နတ်ချင်း၊ တစ်ခါတစ်ခါတော့ 'ဝါပင် ခါသီး

ကောက်ချည့်သေး' စတဲ့ အနောက်မိဖုရားနတ်ချင်း၊ တစ်ခါတစ်ခါတော့ ရွှေဖျင်းကြီး ရွှေဖျင်းလေး ကိုယ်တော်တွေ သတိရလို့တဲ့။ 'သမြေပြင် ရွှေပြန်း သမြေပြင်' ဆိုတာမျိုး ဆိုချင်ဆိုနေတာပါ။ အရက်ကလေး နည်းနည်းထွေလာရင်တော့ 'မမလေး မျက်ထားသုန်၊ ရင်ဆွေ့ဆွေ့ခုန်၊ မဘုတ်ဆုံ တင်ဆုံကြီး လှည်းလုပ်လို့စီး' ဆိုပြီး ထကတော့တာပါပဲ။

တစ်ရက်မတော့ နတ်ကတော်လက်ဟောင်း ဒေါ်စိန်ရင်က နတ်ကတော်လက်သစ် မမိုးကောင်းရဲ့ အိမ်ကလေးထဲကို လူတစ်ယောက် ခေါ်လာခဲ့တယ်။ မမိုးကောင်းနဲ့ မတိမ်းမယိမ်းတော့ မဟုတ်ဘူး။ ဆယ်နှစ်လောက်ကို ကြီးလိမ့်မယ်။ နာမည်က ကိုဖောင်တဲ့။ မမိုးကောင်းရဲ့ အိမ်ကလေးထဲ ရှီးရာကိစ္စ၊ နတ်ကိစ္စနဲ့ ဝင်ထွက်နေတဲ့ ယောကျ်ားသားတွေတော့ ရှိသားပေါ့။ သို့သော်လည်း ကိုဖောင် ရောက်လာတာက မမိုးကောင်းအတွက် နတ်များ၊ သိကြားများက လွှတ်လိုက်သလို ရောက်လာသူပေါ့လေ။ နဖူးကျယ်ကျယ်၊ မျက်လုံးမျက်ဖန်ကောင်းကောင်း ဖျင်အင်္ကျီ လည်ကတုံးနဲ့ ကိုဖောင်ကို တွေ့တဲ့နေ့ကစပြီး မမိုးကောင်း သူ့ကိုယ်သူတောင် မယုံနိုင်ခဲ့ဘူး။ တကယ်လည်း မမိုးကောင်း သူ့အမေ ဒေါ်ငွေခဲကို ကတိပေးခဲ့သလို စောင့်စောင့်ထိန်းထိန်း နေခဲ့တာပါပဲ။ ဒါဟာ နေခဲ့တာသာဖြစ်ပြီး နေပြခဲ့တာ မဟုတ်ဘူး။ မအေမှ စိတ်ချမ်းသာပါစေတော့ ဆိုတာမျိုးနဲ့ လုပ်ပြနေခဲ့တာ မဟုတ်ဘူး။ တစ်ခါတစ်ခါ လင်ယူသားမွေး စိတ်ကလေး ပေါ်လာတတ်တာလည်း မှန်ရဲ့။ ဒါပေမယ့် ရင်မခုန်ခဲ့ဘူး။ ကန္ဒသကာ ဖြစ်ခါမှဖြစ်ကရော သဘောထားခဲ့သူ မဟုတ်လား။ ဒါပေမယ့် ကိုဖောင်ကို တွေ့တော့ သွားလေသူ အမေ့ကို ဘာမှန်းမသိ ညာမှန်းမသိ သတိရနေမိသေးတယ်။ ကိုဖောင်ကတော့ ဘာမှမပြောပါဘူး။ ဒေါ်စိန်ရင်နဲ့ သူလို ကိုယ်လို ရောက်ဖူးရုံ လိုက်လာတာပါ။

"လာဟဲ့ မောင်ဖောင်၊ ဒါ ငါ ပြောပြောနေတဲ့ မမိုးကောင်းလေ။ ကျောင်းစုမှာ မင်း စားအိမ်တစ်အိမ် တိုးတယ်မှတ်။ ရောက်တဲ့အခါ ဝင်ပေါ့၊ တည်းပေါ့"

ဒေါ်စိန်ရင်က သည်လောက်ပြောခဲ့တာပါ။ နောင်မှသိရတာက ကိုဖောင်က မြင်းခြံဘက်က ဆိုင်းဆရာတဲ့။ ဆိုင်းကြီးဝိုင်းသမားတော့ မဟုတ်ဘူး။ ကန္နားဆိုင်းကလေး၊ ဗျောဆိုင်းကလေး တီးတာများသတဲ့။ 'ရွှေခြံဖောင်' ဆိုရင် မြင်းခြံက တော်တော်များများ သိသတဲ့။ သည်လိုနဲ့ နတ်သီချင်းတွေဆိုတတ်တဲ့ မမိုးကောင်းနဲ့ နတ်ဆိုင်းတီးတဲ့ ရွှေခြံဖောင်တို့ရဲ့ ထိတွေ့မှုဟာ များသည်



ထက် များလာခဲ့တယ်။ စိပ်သည်ထက် စိပ်လာခဲ့တယ်။ ရွှေခြံဖောင်က မိန်းမနှစ်ယောက် ရဖူးတာလည်း မမိုးကောင်း သိသားပဲ။ တစ်ယောက်က တောသူ။ ကြည်းတောရွာတွေရဲ့ မြောက်ဘက် တော်တော်ကျတဲ့ ရွာကပါ။ သည်မိန်းမနဲ့ကွဲတော့ ဆိုင်းထဲလိုက်ကတဲ့ မင်းသမီးတစ်လက်နဲ့ အကြောင်းပါပြန်ရော။ နှစ်နှစ်လား ပေါင်းရတယ်။ သည်မင်းသမီးကလည်း ဒိုးတီးနဲ့ ပါသွားတယ်။ ရွှေခြံဖောင်အကြောင်း ကြားရတော့ မမိုးကောင်း စိတ်မကောင်းဘူး။

တစ်ညနေ ကိုဖောင် သုတ်သီးသုတ်ပျာနဲ့ ကျောင်းစုကို ရောက်လာခဲ့တယ်။ ဂုံနီအိတ်ကြီးတစ်လုံးထမ်းလို့။ လက်ထဲမှာလည်း ကြိမ်ခွေကြီး တစ်ခွေနဲ့။ ညဦး ထမင်းစားပြီး ဂုံနီအိတ်ကြီး ဖွင့်လိုက်တော့ ပတ်လုံးတွေ။ တော်တော့ကို ဟောင်းမြင်းနေတဲ့ ပတ်လုံးတွေပါ။ ကြိမ်ခွေကလေးဆင်ပြီး ပတ်လုံးမပြည့်မစုံတွေတပ်၊ ညောင်ပြာနုနု ပတ်စာကလေး မသပ်မရပ်ထိုးပြီး တီးလိုက်စမ်းဆိုတာများ။

"ကိုင်း... မိုးကောင်း ဆိုစမ်းဟာ" တဲ့။

အဲသည့်ညက မြင်းခြံဖောင် မမိုးကောင်းနဲ့ အတူတူအိပ်တာပါပဲ။ ပတ်လုံးတွေတောင် ပတ်စာ မခွာဖြစ်ဘူး။ ညဦးက ကိုဖောင် တီးပြတဲ့ သီချင်းတောင် မမိုးကောင်း တစ်ညလုံး ကြားနေမိသေးတာကော။

"ခေါင်းလောင်းငယ်မှသံသာ၊ တစ်ပိသာတဲ့၊ ဆည်းလည်းငယ်မှ သံသေးငါးဆယ်ပေးတဲ့၊ တင်ကြေးငယ်မှ မကြီး၊ သုံးဆစ်နီးနှင့်၊ တင့်ရည်းငယ်မှ လှနီး၊ သုံးခေါက်ချိုးနှင့်၊ သုံးချိုးလေးလွှာ၊ မောင်တို့နွားမှာ၊ နွားကြားသံတောင်၊ နွား ကြောင် လိမ္မာ၊ တစ်ပွင့်ကြာကို၊ နှုတ်သာကောင်းနှင့်၊ မောင်းကနှစ်လုံး၊ မျောခွက်ကယ်ကျူး၊ မြေဒူးဈေးမှာ၊ ဈေးမီအောင်ရှာ... အပျိုမယ်သာ ကျွမ်းပါတဲ့... လွမ်းတုံ့တင်လေး..."

မမိုးကောင်းကလည်း အပျိုမယ်သာ ကျွမ်းခဲ့သူကိုး။ အပြစ်တင်ချင်လို့တော့လည်း မရဘူးပေါ့လေ။ ကိုဖောင်နဲ့ မမိုးကောင်းက မချစ်သာ သည်မောင့်မှာ ရဟန်း၊ ကမ္ဗဝါနှင့် ရွှေဇာတမ်း၊ ဘဝမျိုးမှ မဟုတ်တာပဲ။ ပုထုဇဉ်ပဲဟာ။ ပြောပါတော့။ သည်လိုနဲ့ ညားရော။

(၃)

ကျောင်းစုက မမိုးကောင်း ဆိုင်းဆရာ ကိုဖောင်နဲ့ ညားကြတာကို ရွာက မအံ့ဩ...

ဘူး။ တစ်နေ့ သည်လိုပဲဖြစ်ရမှာပေါ့လို့ တွက်ထားကြတာကိုး။ မညာ...

ကိုဖောင် ရွာကို အလည်လာရင် ဒေါ်စိန်ရင်နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း
တစ်အိမ်အိမ်မှာ အိပ်နေကျပါ။ ဒါပေမယ့် မမိုးကောင်းအိမ်မှာချည်း အချိန်ကုန်
တတ်တယ်။ ခြင်းလုံးတံဆိပ် စွပ်ကျယ်လက်ပြတ် ခပ်နွမ်းနွမ်းနဲ့ တဘက်ပဟောင်း
ပခုံးပေါ်တင်ထားတာကိုက ပီဘိဆိုင်းဆရာကြီးနဲ့ တူနေတော့ မမိုးကောင်းက
ဒါကို သိပ်သဘောကျတယ်။ ကိုဖောင်က သူ ရထားသမျှ နတ်သီချင်းကလေး
တွေတောင် ပါးစပ်က ချပေးနေတတ်တော့ မမိုးကောင်းက အသားဟင်းကလေး
ချက်လို့၊ လက်ဖက်ကလေးသုပ်လို့၊ နတ်ဆက်တဲ့ အရက်ထဲက တစ်လုံးသောက်
ကြလို့၊ နည်းနည်းထွေလာတော့မှ ကိုဖောင်က စကားစတယ်။

"မိုးကောင်း ကိုးမြို့ရှင်နတ်ချော့ ရရဲ့လား"

"မရပါဘူး ကိုဖောင်ရယ်။ ကျွန်မ ရထားတာတွေတောင် အမေစိန်ရင်
သင်ပေးလို့ပါ"

"ဒါက တို့ဆိုင်းဆရာများ နတ်ဆိုင်းတီးတော့မယ်ဆိုရင် ပထမ သိကြား
မင်း နတ်ချင်းကို ကောက်တီးတယ်။ စင်တိုင်တာပေါ့။ မင်္ဂလာရယ်မှ မဏ္ဍိုင
လေးရောင် ဆိုင်ငယ်မှ လေးလီ သာမောငယ်စီ၊ နတ်ပြည်ထိလှ၊ ပျော်ဘွယ်ငယ်
ကောင်း နတ်ပေါင်းစု၏ ဆိုတာလေ။ ကြားဖူးရဲ့ မဟုတ်လား။ ဒါဆိုပြီးတော့
ကန္နားဆိုင်းတော်က ဘုန်းဘုန်းတန်း၊ ဘုန်းတန်းတေဇာ၊ ဖြာဖြာရောင်လင်းပါ
လို့၊ မင်းမင်းများထိပ်ခေါင်ဇွေ၊ တီးပေးတယ်။ အပျိုတော်များက နတ်သိကြား
တိုင်ပြီးရင် ရွာတော်ရှင် မြို့တော်ရှင်ဖြစ်တဲ့ ကိုးမြို့ရှင်နတ်ချင်းကို ဆက်တီး
ရတယ်"

ဒါမျိုးဆိုရင်တော့ မမိုးကောင်းရဲ့ မျက်လုံးတွေက တဖျပ်ဖျပ်တောက်
နေတော့တာပါ။ ကိုဖောင်ကလည်း လိုအပ်ရင် ပါးစပ်က ဒိုးသံထွက်အောင်
တီးပြသေးတာကလား။ ချက်ချင်း ဆိုမပြသေးဘူး။ မမိုးကောင်း စိတ်ဝင်စား
သလား အကဲခတ်သေးတာ။ သူ့ဇာတိ 'ရွာသာဖက်ယင်း' ဘက်က မင်းသမီး
ရအောင် ယူခဲ့သူပဲ။ မမိုးကောင်းလောက်ကတော့ ကိုဖောင်က အကင်းပေါ့
လက်ဖက်ကလေး စားတယ်။ အရက်ကလေး စွပ်ကယ်စွပ်ကယ်သောက်တယ်
ပြောင်းဖူးလိပ် မီးရဲရဲကို ဒန်ခွက်ခံပြီး မီးခိုးတွေအူနေအောင် ဖွာတယ်။ လေချွ
ကို 'ဂေ့' ခနဲ ထိုးပြီး မီးခိုးတွေကြားက မမိုးကောင်းကို ချောင်းနေသေးတ
ကော။ မမိုးကောင်းကလည်း စိတ်ဝင်စားပါတယ်။ သူ ရထားတဲ့ သီချင်းတွေ
က ဘာပဲပြောပြော စနစ်တကျ ရထားတာ မဟုတ်ဘူး။ အမေ ဒေါ်ငွေခဲဆို
ကျ 'အိမ်တွင်း မင်းမဟာဂီရိ' သီချင်းလောက် ရတာမဟုတ်လား။ နတ်ကတော



ဒေါ်စိန်ရင်သင်ပေးတဲ့ နတ်သီချင်း ချောက်တီးချောက်ချက်လောက် ရထားတာ
မဟုတ်လား။ ဒါတောင် ကိုဖောင် ရှင်းပြမှ သဘောပေါက်ရတာရှိသေးတယ်။
ဝဖြစ်စဉ်ကို ဖွဲ့တာက နတ်သံခေါ်သတဲ့။ နတ်အယိုင်ကတော့ တီးတာကို
တ်ယိုင်ခေါ်သတဲ့။ ဆိုင်းနောက်ထက ရွတ်တာကျတော့ တဘောင်ခေါ်သတဲ့။

"ဩော်... ကိုဖောင်ရယ်။ ကျွန်မ ပြောခဲ့ပါရောလား။ ဘာမှမရပါဘူး
။ ကဲပါ... ဆိုပါတော့၊ တကတည်း"

"ကိုင်း... ပထမ ဆိုပြဦးမယ်။ နောက်ရက်တော့ သီချင်းသား တက်
တာပေါ့။ အဟမ်း..."

"တစ်ကြိမ်ငယ်မှ နှစ်ကြိမ်လေ၊ သုံးကြိမ်ငယ်မှ ဦးတင်၊ ရွာတော်ရှင်
ယ်လျှင် ကန်တော့ပါ၏ ဘုရား"

မမိုးကောင်း ကြက်သီးတွေ နွေးခနဲ ဖြစ်သွားသေးတယ်။ ရေနံတိုင်
ခွက် အလင်းရောင်တွေက ရွှေချထားတဲ့ နတ်ရုပ်အကောင်းတွေပေါ် ကျနေ
ကို တစ်ချက် လှမ်းကြည့်လိုက်တယ်။ နတ်ရုပ်တွေက ရိဒ္ဓဝေ မျက်နှာတွေ
ဘယ်ကိုမှန်းမသိဘဲ ငေးနေကြတယ်။ ဒေါနခက်တွေဆီက အီတောက်တောက်
နံ့တစ်မျိုးက အိမ်ကလေးထဲမှာ ထွက်ပေါက်တွေများပိတ်လို့။ မမိုးကောင်း
မှားမှာ ကိုဖောင်ရှိနေတာကိုတောင် မေ့သွားခဲ့တယ်။ ကိုဖောင်နဲ့ သူ သည်
မ်ကလေးထဲမှာ အတူတူရှိနေတာ အမေများ မြင်နေလေသလား။

ကျောင်းစုညဟာ ကြည်းတောရွာတွေရဲ့ ညပီပီ တိတ်ဆိတ်နေလိုက်
။ မြစ်နဲ့ဝေးတဲ့ အရပ်ဆိုပေမယ့် မြစ်နံ့တွေ တထောင်းထောင်းရနေသလား
အဝဖွင့်ထားတဲ့ ဂုံနီအိတ်ထဲက ပတ်လုံးကလေးတစ်လုံး ခေါင်းထောင်နေ
ကို မြင်နေရတယ်။

"ဗုံလင်နေမှ မယွင်း၊ ပွဲစုံကျင်း၍၊ ထမင်းမုန့်နှော၊ အုန်းငှက်ပျောနှင့်၊
သောကြည်လင်၊ ကျွန်ုပ်ကယ်တင်၊ စည်ပင်ထွန်းကား၊ မပါလားဟု၊ သနား
ပ်ခံ၊ နန်းစံတဲ့သခင်၊ မြို့ရွာကို အပိုင်စိုးပါတဲ့ မြတ်မျိုးရှင်၊ မြို့ရွာကို ပိုင်
စိုးပါတဲ့ မြတ်မျိုးညီလာခွင်၊ နန်းတောင်ကြီးရှင်၊ ဦးသုံးကြိမ်တင်၊ မယ်လျှင်
တော့၊ နတ်နန်းရယ် ကွန်းစင်က ရွာတော်ရှင် ကျွန်တော်မျိုးတို့ကို အိုဗျာ...
... မ... ပါ"

ကိုဖောင်ရဲ့ အသံဝါကြီးက အိမ်ထဲမှာ လှိုင်းထနေတော့တယ်။ ကိုဖောင်
ရက်တစ်ခွက် ကောက်ယူလိုက်တော့ မမိုးကောင်းကလည်း တစ်ခွက်ယူလိုက်
တာပါပဲ။ ကိုဖောင်က ခွက်ကလေးကိုချ၊ နှုတ်ခမ်းပါးနားကို လက်ဖမိုးနဲ့
တ်လိုက်ပြီး လက်အုပ်ကလေးချီတယ်။

"ဒါပြီးတော့မှ တဘောင်တွေ ဆက်ဆိုတာပဲ။ ဇမ္ဗူဒီပါ ဟိုအရင်
အယောင်းရယ်နဲ့၊ မတူတစ်ခါ သဘင်ပထမ ကောင်းစေဖို့၊ ကူညီညာစောင်
စောင်မပါ၊ မြို့တော်ကို အရှင်စောင့်တယ်၊ ရွာတော်ကို သခင်စောင့်တယ်၊
လေးလေး ဝိုင်းလေး စောင်မပါ... တို့ပါတို့ပေါ့"

တချို့ညတွေမှာတော့ ကိုဖောင်က ကြိမ်ခွေမှာ သူ့ပတ်လုံးကလေး
တပ်တယ်။ ကိုဖောင်က သည်ပတ်လုံးကလေးတွေကိုတော့ တော်တော် ခင်
ပုံရတယ်။ ပြီးတော့ သည်ပတ်လုံးကလေးတွေဟာ သူ့ရဲ့ တစ်မျိုးတည်း
ပိုင်ဆိုင်မှုလို့လည်း ပြောနိုင်ပါလိမ့်မယ်။ သူ့အဝတ်အစားလေး နှစ်စုံလေ
လွယ်အိတ်ဟောင်းကလေးထဲထည့်ပြီး ဂုံအိတ်တစ်ထမ်း၊ ကြိမ်တစ်ခွေနဲ့ လျှေ
သွားနေသူ မဟုတ်လား။ တခြား ဘာမှလည်း ဟုတ်တိပတ်တိ မပါပါ
ကျောင်းစုဘက် မရောက်ခင်ကတော့ အနားကရွာတွေ လှည့်သွားနေတာ
ဆိုတယ်။ ညောင်တို၊ ပိန္နဲတိုင်၊ ချောင်းကူး၊ လေးတိုင်စင်၊ ရေချမ်းအိုး၊ ချေ
ကျူ၊ နတ်ရေတွင်းစတဲ့ ရွာတွေကို လှည့်သွားနေတတ်သတဲ့။ တချို့ရွာတွေ
ဆိုင်းသင်ပေးပါဆိုရင် တစ်မိုးတစ်ဝါ အိပ်သင်တော့တာပဲ။

"နတ်ဆိုင်းက မတီးရတော့လို့လား"

တစ်ခါက မမိုးကောင်းမေးတော့ ကိုဖောင်က ကန္တားဆိုင်းပျက်သွား
ကြာပြီလို့ပဲ ဖြေတယ်။ မမိုးကောင်းစိတ်ထဲ မရှင်းတာတစ်ချက်က သူ ငယ်
ရွာကို တစ်ခေါက်တစ်ကျင်း ရောက်လာဖူးတဲ့ လှလှပပ ဆိုင်းမျိုးမဟုတ်
ကြိမ်ခွေကြီး တစ်ခွေတည်း ပါလာတာကို နားမလည်နိုင်ဘူး။

"ဟုတ်တယ်။ ဆိုင်းဆိုတာ ဒါမျိုးမဟုတ်ဘူး။ ကျုပ်က နတ်က
ဆိုင်းတီးတာပေမယ့် ပန်းပြားခွေကြီးနဲ့ တီးခဲ့တာပါပဲ။ ဆိုင်းဆိုတာက ပန်း
ကြီးတွေကို ပတ်လုံးက ကြိုးကလေးတွေနဲ့ ဆိုင်းပြီး တီးရလို့ ဆိုင်းခေါ်
ပတ်လုံးကလေး ဝိုင်းထားတော့ ပတ်ဝိုင်းလို့လည်း ခေါ်ကြသပေါ့။ ဆယ်တော
ထွာ ပတ်ဝိုင်းကြီးထဲဝင်၊ မင်းပေါက်က ငုံ့ဝင်၊ ငုံ့ထွက်ရတာ အရသာပေါ့လေ
အဲသည့် ပန်းပြားတွေနဲ့ ပတ်လုံးနဲ့ မထိအောင် ကြားက ကြိမ်ခံထားရတယ်
ဒါကို ပတ်ခံလို့ ခေါ်တယ်။ ပတ်ခေါင်းအုံးလို့လည်း ခေါ်တယ်။ အခု ကျ
တီးနေတာ ကြိမ်ခွေကြီးနဲ့ပဲ တီးနေတာ။ သယ်ရ ပြုရ လွယ်တာရော၊ ပန်းပြ
မရှိတာရောပေါ့လေ"

ပန်းပြားတွေ ဘယ်ရောက်သွားလို့လဲလို့ မမိုးကောင်း မမေးဖြစ်ပါဘူး
မမိုးကောင်းအတွက် ပန်းပြားတွေက အရေးမကြီးပါဘူး။ ကိုဖောင်ကပဲ အရေးကြ



ပါ။ ပန်းပြားထိပ်က ဖန်ပဒိုင်းတွေ၊ မင်းပေါက်တွေက အရေးမကြီးပါဘူး။
ဖောင်က အရေးကြီးတာပါ။ ကိုဖောင် ရှင်းပြလို့ သိရတဲ့ ဘယ်တော၊ ဘယ်
၊ ဒုံးကြီး၊ ဆစ်ကြီး၊ သံမှန်လုံး၊ ငါးပေါက်လုံးတွေက အရေးမကြီးပါဘူး။
ဖောင်က အရေးကြီးတာပါ။ ကြိမ်ခွေကြီးထဲ ခရိုးခယိုင်တပ်ထားတဲ့ ပတ်လုံး
တွေကို ကိုဖောင့် လက်ချောင်းမာမာကြီးတွေနဲ့ ရိုက်လို့ ထွက်လာတဲ့အသံ
ည်း သိပ်အရေးမကြီးပါဘူး။ ကိုဖောင် သင်ပေးတဲ့ နတ်သီချင်းတွေက
ရေးကြီးတာပါ။

"တစ်ထုပ်နှစ်ထုပ်၊ ကျောက်ခေါင်း ပုဇွန်ထုပ်ကယ်နှင့်လေး။ တစ်ထုပ်
 ပြန်ရလျှင် ညှပ်ကလေးနဲ့ကင်။ စိမ်ပင် စိမ်ပင် တစ်ကျိုက်တစ်ကျိုက်၊
ပင်ဘင်း၊ ကျိုက်ကယ်နှင့်လေး၊ အလိုလိုက်ကယ့် မောင်မင်းကျော်... ပျော်
ချည့်လေး..."

ကိုဖောင်လို့ခေါ်တဲ့ ရွှေခြံဖောင်နဲ့ မမိုးကောင်းတို့ကလည်း ကျောက်ခေါင်း
ထုပ်သာ မပါတယ် စိမ်ပင်ရော၊ ဘင်းပင်ပါ ကျိုက်လိုက်ကြစမ်း ဆိုတာများ။

(၄)

ဖောင်နဲ့ မမိုးကောင်း အိမ်ထောင်ကျပြီးလို့ လေးနှစ်လောက်ကြာတော့မှ
ကောင်းမှာ သားလေးတစ်ယောက် ထွန်းလာတယ်။ သူကိုယ်တိုင်က နတ်
တ် ပန်းမကိုင်ဘဲ ဖြစ်ခဲ့ရသူပေမယ့် သားသမီးရဖို့ကိစ္စမှာတော့ ဘယ်နတ်
လည်း မစောင်မနိုင်ခဲ့ဘူး ထင်ပါရဲ့။ အသက်လေးဆယ် တော်တော်ကျော်
တဲ့ကလေးဆိုတော့ ရတောင့်ရခဲကိုး။ ကိုဖောင်ကလည်း ဟိုရက္ခစိုး၊ သည်
း မမိုးကောင်း ခိုင်းသမျှ တောင်းလိုက်ရတဲ့ဆု။ ရမယ့်ရတော့လည်း
ဆယ်ကျော်မှ အဆင်ပြေတယ်။ နတ်ကြောင့်လား၊ ရက္ခစိုးကြောင့်လား၊
ဖောင့်ကြောင့်ပဲလား မသိပေမယ့် ကလေးကတော့ တကယ်ရခဲ့တာပါ။
ကောင်း ဖအေနာမည် ကိုစံဖေနဲ့ မအေ မငွေခဲနာမည်ပါအောင် စံငွေတို့
တို့ မမှည့်ပါဘူး။ ရသာဖက်ရင်းသား ကိုဖောင်ဘက်က 'ဖက်' ကို ယူ၊
ျောင်းစုသူ မမိုးကောင်းဆီက 'ကောင်း' ကို ယူပြီး မောင်ဖက်ကောင်းလို့
တယ်။ မောင်ဖက်ကောင်းကလေး မွေးပြီးတော့ မမိုးကောင်း စဉ်းစားတယ်။
ည်းတောပိုင်း ရွာတွေဖြစ်တဲ့ ကျောင်းစုမှာ မနေချင်တာမျိုးမဟုတ်ပေမယ့်
နားကမ်းနားက အောက်တောရွာတွေမှာ နေချင်တဲ့စိတ်တွေ ဖြစ်လာတာ
ည်း ပါတယ်။ နတ်ကတော်လိုလို၊ ဘာလိုလို ကရတာလေး နတ်တစ်ဝက်၊

လူတစ်ဝက် စားရတာ အဆင်မပြေတာတော့ မဟုတ်ပါဘူး။ ရသင့်သလော
ရပါတယ်။ ကိုဖောင်ကလည်း လာကတည်းက ပန်းပြားတောင် ပါတာ မဟု
တဲ့လူ။ ဆိုင်းဝိုင်းက ဗုံဟောင်းကလေးတချို့နဲ့ ရောက်လာတာဆိုတော့ ဘာ
တတ်မှာတုန်း။ မယားကျွေးတာလေးစားပြီး တစ်နေ့တစ်နေ့ ဗုံတောင်ခေါက်
နဲ့ ပြီးရတော့တာကိုး။

"ကိုဖောင်ရယ် သားလေးက ကြီးလာဦးမှာ။ လျှုရတန်းရဦးမှာကလ
ရှိသေးတယ်။ ကျွန်မတော့ မြေကလေးတစ်စိတ်ရောင်းပြီး မြစ်နားကမ်းနား
အောက်တောဘက် ပြောင်းချင်တော့တာပဲ။ ကျွန်မလည်း သူတကာလို ရက်က
လေး ဘာလေး ခတ်မယ်။ ကိုဖောင်က ပဲလေးနှမ်းလေး ကောက်ပေါ့။ ကံ
သမျှ စားကြတာပေါ့"

ကိုဖောင်က ဘယ့်နှယ်မှ မနေပေမယ့် မမိုးကောင်းက ပူတယ်။ သ
ကလေးရဲ့ ရှေ့ရေးကို မိန်းမသားပီပီ တွေးတယ်။ ကိုဖောင်ကလည်း လော
လောက်လားလား အားကိုးရတဲ့ လင်သားမဟုတ်ပေမယ့် သူ့ တကယ် မေတ္တ
တဲ့ ယောကျ်ားသားပဲ။ ကိုဖောင်ကိုတော့ နေ့ရှိသရွေ့ တိုင်ပင်တာပါပဲ။ သည်
နဲ့ပဲ ရွာက အိမ်ကလေးနဲ့ ယာကလေး ရောင်းခဲ့ကြတယ်။ ကျီးပင်အင်း
ပြောင်းခဲ့ကြတယ်။ ရှိတဲ့ပိုက်ဆံကလေးနဲ့ အိမ်ကလေး တစ်လုံးဆောက်
ရက်ကန်းစင်ဟောင်းကလေး တစ်စင်ဝယ်တယ်။ နတ်ရုပ်တွေကတော့ ကျော
နားက နတ်ကွန်းဟောင်းမှာ စွန့်ခဲ့တော့ ကျီးပင်အင်းကို ပါမလာတော့ဘူ
မမိုးကောင်းက အရင်လို ငေါင်းစင်းစင်း မိန်းမမျိုး မဟုတ်တော့ဘဲ သားဇေ
အလုပ်တွေ ကျုံးလုပ်တော့တာပါ။ သည်မှာတော့ နတ်သီချင်းတောင် ယော
လို့ မဆိုဖြစ်တော့ပါဘူး။ မိရိုးဖလာ မိဆိုင်ဖဆိုင် ကိုးကွယ်တာကလွဲရင် သူ့ဘ
ဟောင်းဟာ ကျီးပင်အင်းမှာ အရိပ်တောင်ပါမလာဘူး ဆိုပါတော့။ ဘယ်လော
တောင် မပါသလဲဆိုရင် လည်ပင်းဆွဲထားတဲ့ သိုက်ချုပ် ချည်မန်းကွင်းတော
မပါတော့ဘူး။ နတ်ကတော် ဒေါ်စိန်ရင်ကလည်း ကိုဖောင်နဲ့ အိမ်ထောင်ကျတ
နှစ်ကပဲ သူ့သမီးများရှိရာ အဝေးကို ပြောင်းသွားလေတော့ တကယ့်ကို ဘ
ဟောင်းဟာ ကျီးပင်အင်းမှာ အမိပ္ပာယ်မရှိတော့ပါဘူး။ ကျီးပင်အင်း ရောက်
လာတော့ မမိုးကောင်းဟာ ရက်ကန်းခတ်၊ ကိုဖောင်က ဆိုင်းသမားလူထွက်
ဆိုပေမယ့် အနားရွာက လေးရက်တစ်ဈေးမှာ ခုံဖိနပ်ကလေးရောင်း၊ ကြိုးကလေး
ရောင်း၊ ပဲလေးဘာလေး လာရောင်းသူရှိရင် တစ်စလယ်၊ တစ်လမယ်က အစ
ကောက်ပြီး များလာတော့ မြင်းခြံသွားသွင်း လုပ်ရတော့တာပေါ့။



မမိုးကောင်းက ရစ်ကလေးဧင်လိုက်၊ ချားကလေးပုတ်လိုက်၊ ရက်ကန်းကလေးခတ်လိုက်၊ ပုဆိုးကြမ်းကြမ်း တဘက်ကြမ်းကြမ်းလေးတွေခတ်၊ ရွာမှာရောင်းသင့်တာရောင်း၊ လေးရက်တစ်ဈေး ကိုဖောင်နဲ့ ထည့်ပေးသင့်တာ ထည့်ပေးဆိုတော့ အကွက်ကို လည်လို့။ ကလေးကလည်း တဖြည်းဖြည်း ကြီးလာတော့ လင်မယားနှစ်ယောက် ပိုလို့တောင် အလုပ်တွေ လုပ်လာခဲ့ကြတယ်။ လင်မယားနှစ်ယောက်စလုံး သားလေးမွေးကတည်းက အရက်မသောက်ကြတော့တာ။ အလဟဿဖြစ်မယ်ထင်တာ ဘာမှတောင် မလုပ်ကြတော့ဘူး။ အဲသလောက်။ ကိုဖောင်ကလည်း ခါတိုင်း ပတ်လုံးကလေးတွေထမ်းပြီး ရွာရိုးပေါက် ကြုံရာအိပ်၊ ကြုံရာစား မဟုတ်တော့ပါဘူး။ ကြိုးခွေမျိုးစုံ၊ တောစီးခုံဖိနပ်မျိုးစုံ၊ ပုဆိုးကြမ်း၊ ထဘီကြမ်း ဆိုင်းထမ်းပိုးထမ်းပြီး နှစ်တိုင်လောက်က ဈေးကို ခြေကျင်လျှောက်တယ်။ လှည်းခ မပေးချင်လို့။ တစ်ခါတလေ ဈေးရက်ထဲ စိမ်ရေ တစ်ခွက်တစ်ကျင်း သောက်ချင်တာတောင် မသောက်ဖြစ်တော့ပါဘူး။ တဖြည်းဖြည်းနဲ့ ကျီးပင်အင်းရွာသားတွေက သူတို့လင်မယားကို ချစ်ခင်လာကြတယ်။ ရွာဟောင်း ကြည်းတောစုကလူတွေလည်း ဝင်မြဲထွက်မြဲပါပဲ။ နတ်ကိစ္စကလေးများပါလာရင် မမိုးကောင်းက 'အဲဒါတွေ မလုပ်တော့ပါဘူး' လို့ ခပ်ဖယ်ဖယ်ကလေး ငြင်းတတ်နေပါပြီ။

သည်လိုနဲ့ မမိုးကောင်း အသက်ငါးဆယ်ကျော်၊ ကိုဖောင်က အသက်ခြောက်ဆယ်ကျော်၊ သားလေး မောင်ဗကိုကောင်းက တျောင်းနေတဲ့အရွယ် ရောက်လာခဲ့တယ်။ စီးပွားကလေးကလည်း တက်လာရုံမကဘူး စုဆောင်းမိတာလေးတွေ များလာတော့ ရွှေတိုရွှေစကလေးတွေ ဘာတွေတောင် ဖြစ်လာခဲ့တယ်။ ဒါပေမယ့် ကံကြမ္မာဟာ အင်မတန် ကြောက်စရာကောင်းတာကလား။ မမိုးကောင်းရဲ့ ဘဝကော၊ ကိုဖောင်ရဲ့ ဘဝကော အစကတည်းက ကြမ်းတမ်းခဲ့ကြသူတွေဆိုပေမယ့် သည်တစ်ခါ သည်အိမ်ကလေးထဲကို ဝင်လာတဲ့ အကုသိုလ်တရားကတော့ ကြမ်းတမ်းလွန်းလှချည်ရဲ့လို့တောင် ဆိုရတော့မှာပါ။ အဲသည့်မနက်က မမိုးကောင်း သီချင်းကလေး ညည်းရင်း ရက်ကန်းခတ်နေခဲ့တယ်။ ကိုဖောင်က ဈေးနေ့ဆိုတော့ ဈေးထဲရောက်နေတယ်။ သားလေးကလည်း ဖအေနဲ့ ဈေးပါသွားတော့ မမိုးကောင်း ချက်ပြုတ်ပြီးကတည်းက ရက်ကန်းခတ်နေခဲ့တာပါ။ သည်မှာတင် နှစ်တောင်သာသာလောက်ရနေတဲ့ ပုဆိုးစင်ပေါ် တောက်တဲ့ကြီးတစ်ကောင် ပြုတ်ကျလာခဲ့တယ်။ တော်တော့်ကိုကြီးတဲ့ တောက်တဲ့ကြီးပါ။ မမိုးကောင်းဟာ အခုတွေ ပြောင်းပြန်လန်သွားသလား မှတ်ရအောင် ထိတ်လန့်

သွားတယ်။ ပြီးတော့ ရက်ကန်းစင်ပေါ်က ဝုန်းခနဲ ပြုလဲကျသွားတော့တာပါပဲ။ ထူးဆန်းတာက မမိုးကောင်း ရက်ထားတဲ့ ဖျင်စပေါ်က တောက်တဲ့ဟာ တော်တော်နဲ့ ဆင်းမသွားတာပဲ။ သည်နောက်တော့ မမိုးကောင်း ကမ္ဘာလောကနဲ့ ဝေးသွားတော့တာပါပဲလို့ ပြောရတော့မှာပါ။ သေသွားတာ မဟုတ်ဘူး။ ရူးသွားတာ။ တကယ့်ကို သွက်သွက်လည်အောင် ရူးသွပ်သွားခဲ့တယ်။ ရပ်ရွာက လူတွေရော ကိုဖောင်တို့ သားအဖပါ ရောက်လာတော့ မမိုးကောင်း ဘာမှကို သတိမရတော့ဘူး။ လင်ကိုလည်းမသိ၊ သားကိုလည်းမသိ၊ ဘာဆိုဘာမှ မသိတော့ဘဲ လမ်းပေါ်က နှစ်ပေါင်းများစွာ စိတ်ဝေဒနာ ခံစားနေရတဲ့ မိန်းမတစ်ယောက်လို ဖြစ်သွားခဲ့ရတယ်။

"မိုးကောင်းရယ် သတိလည်း ထားမှပေါ့ဟယ်။ ဒါ နင့်ယောကျာ်းလေ၊ ကိုဖောင်လေ"

"ဘာ… ကိုဖောင်လဲ။ ဘယ်က ကိုဖောင်လဲ၊ အလကားကောင်။ ပြီးခဲ့တဲ့ ဆယ်နှစ်က မြောင်ဘုရားပွဲမှာ စိန်ပျံလှေနဲ့ နတ်ကျားလှေပြိုင်တော့ လှေရှုံးတာနဲ့ လူရိုက်ပြီး ပြေးလာတဲ့ကောင်၊ မသိမှတ်လို့"

(၅)

အနားရှိတဲ့လူတွေကတော့ သည်စကားကြားတော့ "ဩော်… အေ ခများမယ် လင်မယားချင်းသိတဲ့ကိစ္စ စိတ်ကစဉ့်ကလျားဖြစ်တုန်း ပြောရှာထင်ပါရဲ့" လို့ တွေးကြတယ်။ ကိုဖောင့်ကိုတောင် အားနာနေကြသေးတာပါ။ ဒါပေမယ့် သည်စကားကို တကယ် အံ့သြရတာ ကိုဖောင်ပဲ။ မမိုးကောင်းကို သူ့ဘဝအတ္ထုပ္ပတ္တိနဲ့ ပတ်သက်လို့ ပြောပြဖူးတဲ့အထဲ အဲဒါတွေ မပါပါဘူး။ တောနယ်တကာလှည့်ပြီး နတ်ဆိုင်းကလေး ဗျောင်းဗျောင်းဗျင်းဗျင်း တီးတာလောက် ပြောခဲ့ဖူးတာ မဟုတ်လား။ သူ့ဘဝမှာ မိန်းမနှစ်ယောက် ရခဲ့ဖူးတာလောက် ခပ်ထွေထွေ ပြောခဲ့ဖူးတာပဲ မဟုတ်လား။ အခုတော့ ဘယ်နှယ့် မမိုးကောင်း လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်က မှန်ကြားနဲ့ စိန်ပျံလှေပြိုင်ပွဲတွေ သိနေရတာလဲ။ သည်နားပတ်ဝန်းကျင်က ရွာသူမို့ သိတယ်ထား၊ သည်ပွဲမှာ သူ ခွက်ခွက်လန်အောင် ရှုံးခဲ့တာကိုကော ဘယ်နှယ့်လုပ် သိရတာလဲ။ သည်လှေပွဲတွေက အကြောင်းအရာတွေဟာ သူတောင် ခပ်ဝါးဝါး ခပ်မှုန်မှုန်ဖြစ်နေခဲ့တာကို မမိုးကောင်းက 'ဒေါင်း'ခနဲ ပြောချလိုက်တာ။ အပ်ကျမပ်ကျ သိနေတဲ့ပုံပါလား။ ကိုဖောင်ကတော့ နားကို မလည်နိုင်တော့တာပါပဲ။



မမိုးကောင်းကလည်း မောင်ဖြူ၊ မောင်နီ ဘယ်သူဘယ်ဝါသာ မမှတ်မိတော့တာ။ ကိုးကျင်းကိုးကြောင်း လျှောက်သွားနေတဲ့ စိတ်ရောဂါသည်မျိုးလည်း မဟုတ်ပြန်ဘူး။ မမှတ်မိတာကတော့ တကယ့်ကို ဘယ်သူမှ မမှတ်မိဘူး။ အင်မတန် ချစ်တယ်ဆိုတဲ့ မောင်ဖက်ကောင်းကလေးကိုတောင် မမှတ်မိတော့ဘူး။ မြင်ရ ကြားရတဲ့ လူတွေက အင်မတန် စိတ်မကောင်းဖြစ်ကြရုံကလွဲရင် ဘာမှလည်း မတတ်နိုင်ဘူး။

"ရက်ကန်းစင်ပေါ် တောက်တဲ့ကျတာနဲ့ ရူးရတယ်လို့အေ။ ဒါ ရိုးရိုးမှ မဟုတ်တာ။ နတ်ရုပ်တွေ စွန့်ထားခဲ့တာတဲ့တော့။ လည်ပင်းက သိုက်ချုပ်ကြိုး ဆွဲဖြုတ်ပစ်ခဲ့သတဲ့တော့်။ နတ်ချီနတ်ချော့ သီချင်းများဆိုရတာ အော်ဂလီဆန်လို့တဲ့တော့်။ သည်လိုလူမထိ ဘယ်သူ့ထိမတုန်း။ ညည်းတို့ စဉ်းစားကြည့်လေ"

ကျီးပင်အင်းသတင်းတွေကတော့ ဒါမျိုးချည်းပါပဲ။ တချို့ကတော့ နတ်ဘက် မလှည့်ပါဘူး။ လူဘက်က လှည့်တွေးတယ်။

"ဟဲ့… မိုးကောင်းတို့က မျိုးရှိတယ်။ မငွေခဲ ကြည့်ပါလား။ တစ်ချီတစ်ချီ ဖောက်လိုက်ရင် လူမှန်းမသိသူမှန်းမသိ။ ကိုစံဖေကကော မရူးမကောင်းနဲ့"

ဘယ်သူတွေက ဘာပြောနေနေ မမိုးကောင်းက ဘာမှန်းကိုမသိတာ အမှန်။ ဒါပေမယ့် နောက်ရက်တွေမှာ မမိုးကောင်းဆီက ထူးထူးဆန်းဆန်းတွေ ကြားရတာပါပဲ။ တခြား ဘာကိုမှ သတိမရတဲ့ မမိုးကောင်းက သတိရချင်တာကျ ရနေပြန်ရော။ ဒါကလည်း သူ့ကို လာကြည့်ကြ၊ လာမေးကြတဲ့ လူတွေထဲက သူ့ကို စိတ်လိုလက်ရ မေးတဲ့လူကိုပဲ ပြောတာပါ။ လူရှိသမျှ ပြောတာတော့ မဟုတ်ပါဘူး။ သူ့ကို နှုတ်ဆက်တဲ့လူမှ ပြောတာ။ တစ်ခါက ကျီးပင်အင်း လက်ခွဲသူကြီး ကိုဘသိန်းက မမိုးကောင်းကို နှုတ်ဆက်တယ်။

"ငါ့နှမရယ် သတိထားဦးမှပေါ့။ စိတ်ကို ထိန်းမှပေါ့"

"အောင်မာ့ မနှစ်က အမတော်ကြေးတွေ ခုထိ မအပ်သေးတဲ့ ကောင်ကများ။ နင်လေ မဟုတ်ဘူးလား။ စီရင်စုသူကြီးကို ဟိုအကြောင်းပြ၊ သည်အကြောင်းပြ လုပ်ထားတာလေ"

လူတွေကတော့ မျက်နှာပူကြတာပေါ့။ ကိုဘသိန်းလည်း သုတ်ဆို ထပြန်ရော။ တစ်ညတော့ ရွာလယ်က နည်းနည်းပါးပါး သောင်သာတဲ့ ဒေါ်လှခင် သတင်းလာမေးတယ်။ ဒေါ်လှခင် မိတ်ဆက်တာကို ပြုံးပြုံးကလေး နားထောင်ရင်းက ခေါင်းကို ဝါးဘီးကလေးနဲ့ ခပ်အေးအေးဖြီးနေတယ်။ ဒေါ်လှခင် စကားဆုံးတော့မှ…

“ညည်း ငါ မသိဘူး။ ညည်းဘယ်သူလဲ။ အောင်မာ ရွှေတွေ ဝတ်
ထားတာ ညွှတ်လို့။ အပေါင်ဆုံးက နှစ်ကုံး။ အတုက နှစ်ကုံး။ မညာနဲ့ ငါ
သိသားပဲ”

ဒေါ်လှခင်မျောလည်း စိတ်ဆိုးရခက်၊ ထပြန်ရခက်ကိုး။ သည့်ထက်ဆိုး
တာက မမြကြီးဆိုတဲ့မိန်းမ။ ဘာမသိညာမသိနဲ့ ဝင်လာပြီး သာဂရက ဆေး
ဆရာနဲ့ ကုဖို့ ကိုဖောင်ကိုပြောရော။ ကိုဖောင်ကလည်း ကောင်းချီးကောင်းရက်
ပြန်ပြောရတာပေါ့။

“သာဂရက ဆေးဆရာကတော့ နာမည်ကြီးမဲ၊ ပြကြည့်ပါလား”

“ဘာကိစ္စ ပြရမှာလဲ။ မိန်းမက လာလာချေသေး။ ညည်းလင်ငယ်လေ။
ညည်းတို့ သာဂရဘုရားပွဲတုန်းက သရက်တောထဲ တွေ့ကြတာလေ”

မမြကြီးကတော့ တကယ့်ကို ထိတ်လန့်သွားတာပါပဲ။ သူ့ယောက်ျား
က အနားမှာ ထိုင်နေတာကိုး။ ယောက်ျားကတော့ မျက်နှာတွေပျက်လို့။ မမြကြီး
က ဟုတ်နေတော့ ထပ်မကွန့်ဝံ့ဘူး။

မမိုးကောင်းက သူ့ကို စိတ်လိုလက်ရ နှုတ်ဆက်နေတဲ့လူ မှန်သမျှ
အဲသလိုချည်း လုပ်နေတော့ လူတွေက တချို့လည်း မလာချင်ကြတော့ဘူး။
တချို့ကလည်း သက်သက်စချင်လို့ကို လာကြ၊ မေးကြတာလည်း ရှိတယ်။
အထူးသဖြင့် ရွာကာလသားတွေက မမိုးကောင်းကို စချင်ကြတယ်။ ကျီးပင်
အင်းသား မောင်ပေါက်က တစ်ခါတော့ မမိုးကောင်းကို စတယ်။

“ဒေါ်မိုးကောင်း၊ ခင်ဗျား အဲသလိုလုပ်နေ ကိုဖောင်က နောက်မိန်းမ
ယူလာတော့မှာတဲ့”

မမိုးကောင်းက ကိုဖောင်ဆိုတာ သူ့လင်မှန်းလည်း မမှတ်မိဘူး။ နောက်
မိန်းမ ယူမယ်ဆိုတာလည်း နာရမှန်းမသိဘူး။ ဒါပေမယ့် မောင်ပေါက်ကို စိန်းစိန်း
ကြီး ကြည့်တယ်။ မောင်ပေါက်ကိုလည်း ဆာထူယ်တော့ မသိပါဘူး။

“အောင်မာ လူပုံက မချိုမချဉ်နဲ့။ ကိုစံထယ့်အလှူတုန်းက သူများ
ကတ္တီပါဖိနပ်ခိုးပြီး ကျောင်းအောက် လှေကားခုံကြား ဝှက်တဲ့ကောင်ကများ”

တစ်ယောက်က ဝင်နောက်တော့ မမိုးကောင်း လှမ်းကြည့်တယ်။ ရွာက
ကာလသားတစ်ယောက်ပါပဲ။

“နင်ကကော ဘာထူးလို့လဲ။ ဖင်မှာ ဖွတ်စအိုနာစွဲနေတဲ့ ကောင်ကများ
ပြောရသေး”

ကျီးပင်အိုင်က လူတွေကတော့ နာရခက်၊ ရယ်ရခက်၊ ဒေါသဖြစ်ရခက်၊



ည်ပင်း ထညှစ်ရခက်ကိုး။ စိတ်မနှံ့တာလည်း အားလုံးအသိ။ ဘယ်သူဘယ်ဝါ
ယ်လို့ မမှတ်မိတာလည်း အားလုံးအသိ။ ဒါပေမယ့် သိသမျှတွေဟာ သူများ
ကောင်းကြောင်းချည်း ဖြစ်နေတာကလည်း ထူးဆန်းနေလေတော့ နားလည်
လည်နိုင်ကြဘူး။ ကိုဖောင်ကတော့ သူ့မိန်းမ သည်လိုဖြစ်နေတာကို ဈေးရက်
ဝေး ရွာဈေး သွားရောင်းတာတွေ မလုပ်တော့ဘူး။ အိုးမကွာ၊ အိမ်မကွာ
မ်မှာပဲ ဆိုင်ကလေး ဖွင့်ရတော့တာပေါ့။ ရက်ကန်းကတော့ မခတ်နိုင်တော့
ယ့်အတူတူ ရောင်းမယ်လုပ်တော့ သည်ရက်ကန်းစင်ကို ဝယ်မယ့်လူ မရှိဘူး။
းကောင်းကတော့ သီချင်းလေးတအေးအေး၊ ခေါင်းလေး တဖြီးဖြီးပါပဲ။ စား
င်တဲ့အခါ စားတယ်။ မစားချင်တဲ့အခါ မစားဘူး။ တစ်ရက်တော့ ကျောင်းစု
န်းက မမိုးကောင်းနဲ့ အဖွဲ့ကျခဲ့ဖူးတဲ့ နတ်ကတော် ဒေါ်စိန်ရင် ပေါက်ချလာ
ယ်။ ခါတိုင်းလိုပဲ အားရဝမ်းသာ နှုတ်ဆက်ပြီး ဝင်လာတာပါ။

“မိုးကောင်း အမယ်လေး စိတ်မကောင်းလိုက်တာ သမီးရယ်”

“အောင်မာ ဘယ်သူလဲမှတ်တယ်။ မြို့တော် အောင်ကြည်စိန်ပြဇာတ်
င်းခြံလာကတော့ ဇာတ်ထဲက လက်စွပ်ခိုးလာတဲ့ မိန်းမပါလား။ ဘာငြင်း
လဲ။ မြင်းခြံဈေးထဲက မလှဝမ်းဆီမှာ ခုနစ်ဆယ်နဲ့ ရောင်းခဲ့တာလေ။
ခိုးမ”

“ဟဲ့… မိုးကောင်း၊ ဘာတွေ ပြောနေတာတုန်း။ အမေလေ၊ မစိန်ရင်လေ”

“လာချေသေး၊ နောက်တစ်ခု ပြောလိုက်ရမလား။ သူများထဘီ နှစ်ထပ်
တ်ခိုးတာလေ။ ဟော… ထဘီက ဘာရောင်လဲ ပြောရဦးမလား။ စူရတီအဝါ
၊ ဒူးငွေနားနဲ့ဟာလေ။ သူခိုးမ”

တစ်ခါနှုတ်ဆက် တစ်ခါ သူခိုးမဖြစ်နေတော့ မစိန်ရင်လည်း မဟ
ဘူး။ မဟာတော့လည်း မပြောပြန်တော့ဘူး။ တကယ်တော့ သည်လိုပြော
တာတွေက မျက်ရမ်းမှန်းဆ မဟုတ်ဘူး။ စိတ်မကောင်းလို့ ပြောချင်ရာပြော
မဟုတ်ဘူးဆိုတာ ကာယကံရှင်တွေပဲ သိတာပါ။ ပြီးတော့ ဟိုးအရင်က
ထားလို့ ပြောတာမျိုးလည်း မဟုတ်ဘူး။ မျက်ကွယ်နားကွယ်မှာ ဖြစ်နေတာ
ပြောနေတာ။ ရှေးက ဖြစ်ခဲ့ပျက်ခဲ့တာတွေကို ပြောနေတာ။ ရွာက တလေး
စား ရှိကြတဲ့ ဘကြီးအုန်းတောင် မချန်ဘူး။ တစ်ခါက ဘကြီးအုန်းက ဝင်
က်ဆက်တယ်။

“ညဘက် အခင်းစောင့်တယ်၊ အခင်းစောင့်တယ်နဲ့ သူများမြေပဲတွေ
တာ နင် မဟုတ်လား” တဲ့လေ။

ထားပါတော့။ ဒါတွေက ပြောရင် မဆုံးတော့ဘူး။ တစ်ရွာလုံးလ
ကတော့ ထိတာချည်းပါပဲ။ တခြားရွာက လာသူတွေလည်း ထိတာချည်
ဘုမသိဘမသိ ဝင်နှုတ်ဆက်လို့ကတော့ ငယ်ကျိုးငယ်နာပေါ်ပြီသာမှတ်
သည်တော့ ရွာက အလာကျဲသွားတယ်။ မသနားတဲ့အပြင် တချို့က မုန်း
လာကြတယ်။ တချို့က လူကောင်းသာဆိုရင် ကုတ်ဖဲ့တောင် ပစ်လိုက်ချင်
တယ်လို့ ကြိမ်းတယ်။ ကိုဖောင်ကတော့ မယားကိုး။ သူတကာကို အားလ
နာလှပြီ။ စိတ်ရောဂါသာဆိုတယ် သီချင်းဆိုတော့လည်း ဖြောင့်လို့။ တ
တော့ ဘာမှမသိတာလည်း အမှန်။ သိတာကျတော့လည်း သူတစ်ပါး နာ
သာစရာတွေချည်းကိုး။ တစ်ရက်တော့ ကိုဖောင် လူကြီးသူမတွေနဲ့ တိုင်
ပြီး အရင်နေခဲ့တဲ့ ရွာဟောင်း ကြည်းတောရွာတွေထဲက ကျောင်းစုနဲ့ နှစ်
လောက်ဝေးတဲ့ 'ဝမ်းကျ' ကို လူနာသွားပြတယ်။ မရပါဘူး။ ဆေးဆရာ
တွေ့တော့ "အောင်မာ ဆေးဆရာဆိုလို့ အရင်က ရေထမ်းစားနေတဲ့ 
ပါလား" တဲ့လေ။

တိုတိုပြောကြပါစို့။ နှစ်နှစ်လောက်ကြာခဲ့တာတောင် မမိုးကောင်းဝေ
မပျောက်ဘူး။ ပိုလို့တောင် ဆိုးလာခဲ့တယ်။ ကိုဖောင်ကလည်း ဈေးတစ်ဖ
လူနာ ဝေယျာဝစ္စက တစ်ဖက်ဆိုတော့ စိတ်ညစ်ညစ်နဲ့ ဖြတ်ထားတဲ့ အ
ပြန်သောက်ဖြစ်ပြီ။ သားလေး မောင်ဖက်ကောင်းလည်း ရွာဦးကျောင်းပဲ 
ထားရတော့တာပါပဲ။ တစ်ရက် ကိုဖောင် ဈေးရက်မှာ အဝေးရွာကို သွားတ
မမိုးကောင်း အိမ်က ပျောက်သွားတယ်။ ပြန်လာတော့ ရှာကြတာပါပဲ။ မ
ဘူး။ ညနေစောင်းတော့မှ သတင်းက ကွင်းထဲမှာ မမိုးကောင်းအလောင်း
သတဲ့။ သူတို့ရွာက ပြောင်းသွားတဲ့ မမိုးကောင်း သည်ကို လာသေတယ်
တာ ကြည်းတောသားတွေက ယုံတောင် မယုံကြဘူး။

(၆)

ရွာတွေရဲ့ ထုံးစံက သည်ကိစ္စမျိုးကို အင်မတန် ထိတ်လန့်တတ်ကြတယ်။ ဒါမျ
ဟာ အဖန်ငါးရာ ငါးကမ္ဘာ ခံရတာမျိုးလို့ ယုံကြည်တော့ ဒါမျိုးကိစ္စ ရွာ
ကူးစက်မှာ စိုးကြတယ်။ ရွာနာမှာ စိုးကြတယ်။ ထုံးစံက သေရွာမှာ မြှုပ်
တာပေမယ့် လူကြီးတွေက လက်မခံဘူး။ ကိုယ့်ရွာကိုယ့်နယ်မှာမဟုတ်ဘဲ အ
ရွာ လာဖြစ်တာဆိုတော့ ကျောင်းစုကလည်း သူတို့ရွာဝန်းကျင် အမြှုပ်မခံ
ပြန်ဘူး။ ကျီးပင်အင်းကလည်း အသယ်အပြုမခံတော့ တော်တော်ခွကျနေတေ
တာပေါ့။



သည်တော့ တစ်မျိုးစီစဉ်ရတယ်။ လယ်ထဲမှာ ပျိုးပင်ကောက်ပင်သယ်
စွပ်ဖားဟောင်းတစ်ခု ရှာကြတယ်။ သရက်ပင်အောက် စွပ်ဖားခံထားပြီး
ဖားကို ဘယ်ရွာနဲ့မှ မနီးတဲ့ လျှိုထိပ်ကို ဆွဲလာခဲ့ကြတယ်။ အလောင်းကို
ဖားပေါ် တင်လာတာဆိုတော့ မြေကျတယ်ပြောလို့ မရဘူးလေ။ မြှုပ်မယ့်
ရာရောက်တော့မှ စွပ်ဖားပေါ်က တွန်းချ၊ မြေကျတဲ့နေရာဆိုပြီး မြှုပ်လိုက်
တယ်။ ကိစ္စကတော့ သည်လောက်နဲ့ ပြီးသွားတာပါပဲ။ ဒါပေမယ့် စဉ်းစား
ည့်တော့ နေတာက တစ်နေရာ၊ သေတာက တစ်နေရာ၊ မြှုပ်တာက တစ်
ရာ။ ဒါပေမယ့် ကြားထဲက သရက်ပင်ကြီးက နာမည်ပျက် ကျန်ခဲ့တော့တယ်။
စ်သက်လုံး သူ့ဟာသူ သီးချင်တဲ့အခါ သီးလိုက်၊ မသီးချင်တဲ့အခါ မသီး
က်နဲ့ နေချင်သလို နေလာခဲ့တဲ့ သရက်ပင်က အခုတော့ မမိုးကောင်း သရက်
် ဖြစ်ကရော။ ခက်တာက သရက်ပင်ကြီးရှိနေတဲ့နေရာက အောက်တောရွာ
ွရော၊ ကြည်းတောရွာတွေရော ဆုံနေတဲ့နေရာမှာ ကျနေတော့ မမြင်ချင်
 မရဘူး။ မဖြတ်ချင်လို့ မရဘူး။ ဘယ်သူကမှလည်း သရက်ပင်ဘက် ရဲရဲ
ည့်မကြည့်ဝံ့ကြဘူး။ သရက်ပင်က တစ်ခုခုများ လှမ်းပြောလိုက်လေမလား
ပေါ့။ လူတွေများ အဲသလောက်။

**(ဇာတ်ကျောရိုးပေးတဲ့ အမေ ဒေါ်မြတင်ကို ကျေးဇူးတင်ပါတယ်)**

❐

# ဂီလာန ဂီတ

## (၁)

ကိုပါတောက ပုံပြင်များတော့ အင်မတန် ကြိုက်တယ်။ အသက်ဖြင့် ငါးဆ
ကျော်ပြီ။ ပုံပြင်ကြိုက်တုန်းလားလို့များ တစ်ယောက်ယောက်က မေးရင် "ကြို
လှချည့်ကော ခင်ဗျ" လို့ ပြန်ပြောတာသာ ကြည့်တော့။ တကယ်လည်း ကြို
တယ်။ စကားပြော ကောင်းလှတယ်ဆိုသူတွေဟာ ဥပမာတွေ ဥပမေယျတွေ
စကားကိုး စကားကားတွေ၊ ပုံတိုပတ်စတွေ၊ ဆိုရိုး ထုံးရိုးတွေသုံးပြီး ပြောတ
ကြသလိုပဲ၊ ကိုပါတောက စကားပြောရင် ပုံပြင်တွေ အမြဲပါတတ်တယ်။ သူ
ခေါင်းထဲမှာလည်း ပုံပြင်တွေဟာ ကွန်ပျူတာများ ဒေတာတွေ သိုလှောင်ထာ
သလိုကို ရှိနေတာ မဟုတ်လား။ စကားအကြောင်းအရာနဲ့ စပ်လို့ ဘယ်ပုံပြ
တွေဟာဖြင့် သင့်လျော်တယ်ဆိုတာ ခေါင်းထဲ ချက်ချင်းပေါ်ပုံလည်း ရတယ်

"မင်းဟာက ဖအေ့လက်ထက်က အပ်ထားတဲ့ ပုခက်၊ သားလက်ထက်
ထိ စရွေးမစွပ်ရသေးဘူးဆိုတဲ့ မာလာဝီပုံပြင်လို ဖြစ်နေပြီ။ ဆပ်စရာရှိတာလည်
ဆပ်ပေါ့ကွ။ အသုံးလိုတော့လည်း ပြန်ယူပေါ့"

ပိုက်ဆံချေးပြီး တော်တော်နဲ့ ပြန်မဆပ်ရင် ကိုပါတောက အဲသလိ
ပြောတတ်တယ်။ တစ်နေ့တစ်နေ့ အိမ်ရှေ့က ပိတောက်ပင်အောက်မှာ ပက်လက်
ကုလားထိုင်ကြီး တစ်လုံးနဲ့ စာတွေပဲ ဖတ်နေတာနဲ့ ပြီးရတာပါပဲ။ ဖတ်တဲ့စ
ကလည်း ကြည့်ဦး၊ ကမ္ဘာ့အရေးအခင်းတွေလည်း မဟုတ်ဘူး။ သမိုင်းလားဆ
တော့လည်း မဟုတ်ဘူး။ စာပေ၊ ဝတ္ထု၊ ရတုကဗျာသာသည့် သီချင်း၊ အဲစော
ငြင်းလားဆိုတော့ မဟုတ်ဘူး။ သတင်းစာများ၊ မဂ္ဂဇင်းများတော့ ယောင်လို
တောင် ကောက်မကိုင်ဘူး။ ကိုပါတောရဲ့ အကြောင်းပြချက်ကတော့ ရှင်းတယ်



ပုံပြင်မပါရင် မဖတ်ဘူး။ ကမ္ဘာလောကမှာ ပုံပြင်တွေထက် အရေးကြီးတဲ့ အရေးအခင်း အဖြစ်အပျက်ဆိုတာ သမိုင်းမှာ မရှိခဲ့ဘူးလို့လည်း ယုံကြည်တာပါ ပါတယ်။ သမိုင်းဆိုတော့ကော ဘာဖြစ်ရဦးမှာလဲ။ ပထဝီဆိုတော့ကော ဘာဖြစ်နေလို့လဲ။ သိပ္ပံနဲ့ နည်းပညာ မရှိတော့ကော လူတွေ ဘာဖြစ်သွားနိုင်လို့တုန်း။ ရသစာပေဆိုတာကလည်း ဘာထူးသလဲ။ တိုက်မောင်းနဲ့ ပွဲထဲက မောင်းလို ဒူဟူဟူချင်း အတူတူပဲ။ ရသစာပေက လူ့ဘဝကို ဆင်ခြင်တယ်။ လောဘ ဆင်ခြင်တယ်ထားပါဦး။ ဆင်ခြင်တော့ ဘာဖြစ်သလဲ။ တိုက်လေ့နဲ့ ရက်ကန်း လွန်းလို သူ့ကိစ္စနဲ့သူပဲ။ အရေးကြီးတာက ပုံပြင်တွေ ဖတ်ရမယ်။ ပုံပြင်တွေ ရှိမှ လူ့ဘဝဟာ အဓိပ္ပာယ်ရှိတယ်။ သည်စိတ်အခံနဲ့ပဲ လူမှန်းသိတယ်ဆိုလာကတည်းက ကိုပါတော ပုံပြင်တွေချည်း နားထောင်တယ်။ ပုံပြင်တွေချည်း ဖတ်တယ်။ သူက ပြောရမယ်ဆိုရင်လည်း ပုံပြင်ပါအောင် ပြောတယ်။ တစ်ခါများ ပွဲစားနှစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်မှာ ဆုံကြတယ်။ ပွဲစားနှစ်ယောက် ပြောနေတာကို ကိုပါတောက နားစွန်နားဖျားကြားတာနဲ့ ပွဲစားတွေဘက် ထကူးခဲ့ရာ။

"မင်းတို့ဟာက မင်းတို့ညံ့လို့ဖြစ်ရတာပဲကွ။ ဒါမျိုးက ထူးဆန်းတာမှ မဟုတ်ဘဲ။ ရှေးက ငှက်ကျားနဲ့ ခုံးကောင်မလည်း ဒါမျိုးဖြစ်တာပဲ။ တစ်ခါတုန်းက ခုံးကောင်မ တစ်ကောင်က သူ့အခွံနှစ်ချပ်ကို လှပ်ပြီး နေရာင်ခံသတဲ့။ အန္တရာယ်ပေးမယ့် အရိပ်အရောင်ကလည်း မရှိတော့ ခုံးခွံမာမာနှစ်ချပ်ကို ဟပြီး လွတ်လွတ်လပ်လပ် နေတာပေါ့ကွာ။ သည်အချိန်မှာ ငှက်ကျားတစ်ကောင်က ဖျတ်ခနဲ ရောက်လာပြီး ခုံးကောင်မအသားကို သူ့နှုတ်သီးနဲ့ လှမ်းဟပ်ကရော"

ကိုပါတော စကားတောင် မဆုံးသေးဘူး တစ်ယောက်က ဘုဟောက်တယ်။

"ကိုပါတော ခင်ဗျား ပုံပြင်နားထောင်ဖို့လည်း အချိန်မရှိဘူး။ လူတွေမှာ ညစ်နေရတဲ့အထဲ ခင်ဗျားကတစ်မျောင့်။ အခုဟာက ကျုပ်တို့မဟုတ်လို့ ခံလိုက်ရတဲ့ကိစ္စ၊ ကျုပ်တို့ပေါ့ဆလို့ ကြားလူ စားသွားတဲ့ကိစ္စကို ပြောနေတာ။ ခင်ဗျား ဘာမှလည်း မသိဘဲနဲ့"

သည်တော့ ကိုပါတောက ပြုံးတယ်။ ဒါမျိုးတွေ ကြုံဖူးလှပေါ့။ သည်လို စကားမဆုံးခင် အငေါက်ခံရတာတွေ များလှပေါ့။ အိတ်ထဲက ဆေးပေါ့လိပ် ထုတ်ပြီး မီးညှိတယ်။ ပွဲစားနှစ်ယောက်ကို စိုက်ကြည့်တယ်။ ပွဲစားတွေလုပ်နေပြီး ပုံပြင်နဲ့ ကြီးရတဲ့ကောင်တွေ မဟုတ်ပါလားဆိုတဲ့ မျက်နှာနဲ့ ဆေးလိပ်ကို နှစ်ဖွာလောက် ဖွာတယ်။

"အေး... အဲဒါပေါ့ကွ၊ ဝမ်းဆွဲသည်များ လက်သည်များ မကျွမ်းကျင်ရင် ဓမ္မတာအကြောင်းရှာတာလိုပဲ။ သိတဲ့လူက ပြောပြန်တော့လည်း ပြဿနာရှာချင်တာ ခက်တာပေါ့ကွ။ မင်းတို့အတွက် ပြောနေတာ။ အခု မင်းပဲ ပြောနေပြီ။ ကိုယ်မလိမ္မာလို့ ကြားလူစားသွားတယ်တဲ့။ အဲဒါကိုပဲ ငါ ပြောနေတာ။ နေပါဦး ပုံပြင်တောင် ဘယ်ရောက်သွားပါလိမ့်။ အဲ... ငှက်ကျားက ခုံးခွံဖွင့်ထားတဲ့ ခုံးကောင်မကို နှိုက်ကရော။ အဲလေ နှုတ်သီးနဲ့ ထိုးဆိတ်ကရော။ သည်တော့ ခုံးကောင်မက အခွံမာနှစ်ချပ် ဖျတ်ခနဲ ပိတ်လိုက်တော့ ငှက်ကျားရဲ့ နှုတ်သီးက ညပ်နေရော။ ညပ်လည်းညပ်ရော ငှက်ကျားက..."

ကိုပါတော စကားတောင် မဆုံးသေးဘူး ပွဲစားနှစ်ယောက်က စားပွဲအောက် ချွတ်ထားတဲ့ဖိနပ် ကောက်စွပ်ကြတယ်။ ဟထားတဲ့ ရင်ဘတ်ကြယ်သီးတွေ ပြန်တပ်ကြတယ်။ လက်ကိုင်ပဝါတွေထုတ်ပြီး မျက်နှာတွေ ပွတ်ကြတယ်။ တစ်ယောက်က အေးနေတဲ့ ရေနွေးတစ်ခွက် ဂွပ်ခနဲသောက်ပြီး ထဖို့ပြင်တော့ တစ်ယောက်က အိတ်ထဲက ပိုက်ဆံထုတ်တယ်။ ငါးရာတန် ခပ်နွမ်းနွမ်းတစ်ချပ် ပါလာတာမြင်တော့ တစ်ယောက်က လက်ဖက်ရည်ဆိုင်က ကောင်လေးကို ရွှတ်ရွှတ်နဲ့ လှမ်းခေါ်ရော။ ကောင်လေးက ပြေးလာပြီး ငါးရာတန်ကို ဆွဲမယ်လုပ်တော့ ကိုပါတောက ကောင်လေးခါးပုံစကို ဆီးဆွဲလိုက်တယ်။ လက်ခါပြတယ်။ သူတို့ပိုက်ဆံ မယူနဲ့။ ပြီးရင် အားလုံးပေါင်းရှင်းမယ်ဆိုတဲ့ မျက်နှာရိပ် ပြလိုက်တယ်။ ကောင်လေးက သဘောပေါက်သွားပုံနဲ့ ပြန်သွားတာပါပဲ။ ပွဲစားနှစ်ယောက်က ထဖို့ခက်သွားပြီ။ သူတို့ စားသောက်ထားသမျှ ကိုပါတောက ရှင်းမယ်လုပ်နေပြီ မဟုတ်လား။ ပိုက်ဆံရှင်းတာကို လက်ခံပြီး စကားတော့ ဆုံးအောင် နားမထောင်လို့တော့ မကောင်းနိုင်ဘူးဆိုတာ ပွဲစားတွေပဲ မသိဘဲ ရှိပါ့မလား။ ပွဲစားနှစ်ယောက် ရင်ဘတ်ကြယ်သီးတွေ ပြန်ဖြုတ်တယ်။ တစ်ယောက်က ရေနွေးကြမ်းငှဲ့ရင်း "လုပ်စမ်းပါဦး ကိုပါတောရဲ့" လို့ ခပ်ခြောက်ခြောက် လေသံနဲ့ စကားကောက်ခိုင်းတယ်။ တစ်ယောက်ကတော့ ဖိနပ်ကလေး ချွတ်တဲ့ပြီး ခြေထောက်တစ်ချောင်းကို ထိုင်နေတဲ့ ကုလားထိုင်ပေါ် ထောင်လိုက်တယ်။ ခြေတစ်ချောင်းချ တစ်ချောင်းထောင်။ ဝဋ်ရှိသရွေ့ဆိုတဲ့ပုံပေါ့လေ။

"ငှက်ကျားက ညပ်လည်းညပ်ရော..."

"နေပါဦး ကိုပါတောရဲ့၊ ငှက်ကျားက ဘာညပ်တာတုန်း။ စောစောက မရှင်းလိုက်လို့"

"မင်းနှမ ညပ်တာကွ၊ ကိုင်း စကားတော့ သေသေချာချာ နားမထောင်ဘဲနဲ့"



သည်တစ်ခါတော့ ကိုပါတော ပွဲစားနှစ်ယောက်ကို ရဲရဲဟောက်လို့ရပြီ။ လက်ဖက်ရည်ဖိုး သူ ရှင်းပါမယ်ဆိုခါမှ ထပြန်ချင်လည်း ပြန်ကြလေ။ စားသောက်ထားတာကလည်း မနည်းဘူး။ ထုတ်လိုက်တဲ့ပိုက်ဆံက ငါးရာတန်၊ သည့်ထက်လည်း ပိုပါပုံမရတဲ့ကောင်တွေ။ ဘယ်လိုမှ ထမပြန်တော့ဘူးဆိုတာ ကိုပါတော သိတာလည်း ပါတယ်။ ပုံပြင်ကို အစကပြန်ပြောရတာပါပဲ။

"အဲသလိုညင်တော့ ငှက်ကျားက ခုံးကောင်မကို မြှောက်တော့တာပေါ့။ ငါက နင့်ကို စားချင်လို့ မဟုတ်ပါဘူးဟာ။ နင်က လှလွန်းလို့ ငါ့စိတ်ထဲ ကျီစယ်ချင်စိတ်က များသွားတာပါ။ ပေါက်လိုက်မဟဲ့ ဆိတ်လိုက်မဟဲ့ဆိုတဲ့ စိတ်များ မရှိရိုးအမှန်ပါကွယ်။ မိန်းမချောကလေးရယ် ညပ်ထားတာများ လျှော့တော်မူပါဦး။ အသက်တောင် ရှုလို့မရတော့ဘူး။ နင့်အလှဘွဲ့တွေ ရွတ်စမ်းပါရစေဦး။ သည်တော့ ခုံးကောင်မက..."

ကိုပါတောက ပွဲစားနှစ်ယောက်ကို အကဲခတ်တယ်။ သည်ကောင်တွေ နားထောင်ရဲ့လားပေါ့။ ပွဲစားနှစ်ယောက်စလုံးက သူ့ကို ငေးနေကြလေရဲ့။ လောကမှာယ် ပိုက်ဆံများဟာ တယ်လဲ တာသွားပါလားလို့လည်း တွေးမိတယ်။ သူ့ဘဝမှာ လက်ဖက်ရည်တိုက်ပြီး ပြောခဲ့ရတဲ့ ပုံပြင်တွေဆိုတာ နည်းမှ မနည်းဘဲနဲ့။ ဒါက ကိုပါတောက ထင်တာပါ။ ပွဲစားနှစ်ယောက်က ကိုပါတောကို အာရုံမရှိကြဘူး။ လက်ဖက်ရည်ဖိုး မရှင်းရလို့သာ ထိုင်နေတာ၊ စိတ်က တခြားရောက်နေကြတယ်။ ပျားကသာ ပျံနေတာ ပျားတံမရွေ့သလိုပေါ့လေ။ သင်းပြောတဲ့ ပုံပြင် ကြာလှ နာရီဝက်ပေါ့လို့လည်း စိတ်ရှိကြပုံပေါ်ရဲ့။

"ခုံးကောင်မက ငှက်ကျားပြောတာကို တကယ်ထင်တာကိုး။ မင်းတို့လိုကောင်တွေပေါ့။ ဒါကြောင့်ထင်တယ် ခုတလော ကျွန်မကို လှတယ်လို့ ပြောကြသူတွေ များတယ်လို့တော့ အောက်မေ့သား။ ညက အိပ်မက်မက်တယ်ရှင့်၊ ကျောက်စိမ်းသလွန်ပေါ်မှာ ကျွန်မက အိပ်လို့၊ နှုတ်သီးရှည်ရှည် ငှက်မင်းသားလေး တစ်ပါးကလည်း ဖက်ထားလို့တဲ့။ ကြည့်စမ်း အိပ်မက်ထဲက မင်းသားလေးက လတ်စသတ်တော့ ရှင်ဖြစ်နေတာပါလား။ ကျွန်မကို ခေါ်မသွားပါနဲ့ဦးနော်။ ဒီရေတွေတက်လာမှ အဖေတို့၊ အမေတို့ ပြန်လာမှာ။ ကျွန်မ နှုတ်ဆက်စမ်းပါရစေဦး"

ပြောလို့သာပြောတာ ခုံးကောင်မက ငှက်ကျားကို ညပ်ထားတာတော့ မလွှတ်ဘူးကွ။

"ကိုပါတောရဲ့ မသိလို့ မေးစမ်းပါရစီ၊ ခုံးကောင်မ ညပ်တာ နာသလား"

"မင်းအိမ်ကျတော့ ကြွက်ထောင်ချောက် မောင်းဆင်ပြီး ခြေမထိုးကြည့်ပါလားကွ။ အဲသလောက်တော့ ရှိမှာပေါ့။ ဒါကြောင့် မင်းတို့ကို သံပရာ တစ်ခြမ်း ပျားတစ်ခြမ်း ပြောကြတာ။ ဘယ်ရောက်ပါလိမ့်။ ငှက်ကျားကို ညှပ်ထားတဲ့ကြားက ခုံးကောင်မလည်း ချွဲ၊ ငှက်ကျားကလည်း မြှောက်ပေါ့ကွာ။ ပတ်ဝန်းကျင်ကို သတိမထားတော့ ငါးထွက်ရှာတဲ့ တံငါက နှစ်ကောင်စလုံး ကောက်သွားကရော"

"ဟန်ကျတာပေါ့ဗျာ၊ ဆက်ပါဦး ဘယ့်နှယ်ဖြစ်ကြတုန်း"

ပွဲစားတစ်ယောက်က မျက်လုံးစင်းကြီးနဲ့ နားထောင်ရာက လောကဝတ်အရ ထမေးတယ်။ နားသာထောင်နေရတာ ကိုပါတော ဘာတွေပြောလို့ ဘာကိုဆိုလိုမှန်းလည်း သိကြတာ မဟုတ်ဘူး။ ပွဲစားတစ်ယောက်ကတော့ လောကမှာ ပိုက်ဆံမရှိတာလောက် အောက်ကျတာ မရှိပါလားလို့ တွေးနေလေရဲ့။ နားမထောင်ချင်တာကို နားထောင်ပြီး အင်းလိုက်ရတာ တော်တော်ကြီးတဲ့ဒုက္ခမဟုတ်လား။

"မင်းကြီးတော် ခုံးကောင်မပုံပြင်က ပြီးပြီဟာ ဘာဆက်ဖြစ်စရာရှိသေးလို့တုန်း။ သခွပ်ပွင့်တစ်ပြည်ပြုတ် တစ်ဆုပ်တောင်မှ မရဘူးဆိုတာ မင်းတို့လိုကောင်တွေကို ပြောတာ။ အခုလည်း အဲသဟာပေါ့။ တစ်ကောင်က နမော်နမဲ့၊ တစ်ကောင်က ပေါ့တီးပေါ့ဆ ကြားလူက စားကရော။ ဒါကြောင့် ပုံပြင်များများနာကြကွ။ မင်းတို့ဖြစ်နေတာနဲ့ မတူဘူးလား။ ကြားလူစားတော့ ကောင်းသေးရဲ့လား"

ပွဲစားနှစ်ယောက်က ကိုပါတော ပြောနေတာကို သူတို့ပြောနေတယ် မထင်ဘူး။ မင်းတို့ပြောနေတာနဲ့ မတူဘူးလား။ ကြားလူစားတော့ ကောင်းသေးရဲ့လားဆိုတာလည်း သဘောမပေါက်ဘူး။ ပုံပြင်ပြီးပြီဆိုတာကိုပဲ ဝမ်းသာနေကြလေရဲ့။ ကိုယ့်ဖိနပ်ကိုယ်စွပ်ပြီး ခပ်သုတ်သုတ်ထပြန်ကြတယ်။ သည်တော့မှ ကိုပါတော လက်ဖက်ရည်ဖိုးရှင်းတယ်။ ကိုပါတောက အဲသလိုလူ။

အိမ်မှာလည်း သည်လိုပါပဲ။ ဘာအလုပ်မှ ဟုတ်တိပတ်တိမလုပ်ဘဲ ပုံပြင်တွေလောက် စိတ်ရောက်နေတဲ့ ကိုပါတောကို မယားမစောရင်က ကျန်တာ အကုန်ခွင့်လွှတ်နိုင်တယ်။ ဒါပေမယ့် ဘာပြောပြော ပုံပြင်တွေနဲ့ချည်း ပြောနေတာကိုတော့ သည်းမခံနိုင်ဘူး။ ကိုပါတောနဲ့ အသက်နှစ်ဆယ်ကျော်ကျော်သားကြပြီဆိုကတည်းက မစောရင်လည်း ပုံပြင်ကျင်းထဲ ကျရတော့တာ မဟုတ်လား။ ညားကတည်းက ဈေးထဲ ကုန်ခြောက်ဆိုင်ကလေးဖွင့်ပြီး ထမင်းအိုးထမ်း၊



င်းအိုးထမ်း လုပ်ခဲ့လို့ တော်သေးတာပါလားလို့လည်း မအောက်မေ့ရှာပါဘူး။
ပေမယ့် ပုံပြင်တွေကိုတော့ နားကလောလှပြီ။ အိမ်မှာ ငုတ်တုတ်ထိုင်နေရင်
က်သေးတယ်။ တစ်ခါတလေ ဈေးထဲလိုက်လာပြီး ပုံပြင်တွေ ပြောနေတော့
ဈေးသည်တွေကလည်း ကိုပါတောများလာရင် မရောင်းရခါမှနေရော ထပြေး
တာများတော့ မစောရင်က မျက်နှာပူရတယ်။ တစ်ရက်တော့ မစောရင်က
ပါတောကို မပြောမဖြစ်လို့ ပြောရတော့တာပေါ့။

"ကိုပါတောရယ် တော်များ ဈေးလိုက်လာရင် ကျုပ်ဖြင့် ခေါင်းကို
ရုံးရုံးတော့တာပဲ။ ဈေးသည်ဆိုတာ အချိန်ကလေး ကိုက်တံထိုး ရောင်းနေကြ
တာကို တော်က ယပ်လှဲတရား လာဟောနေတော့ မခက်ပါလား။ လူတွေ
ပလူပရွက်တွင်းက ထွက်၊ လုပ်စားနေရတဲ့ဟာ"

"နင်တို့က ပစ္စုပ္ပန်အကျိုးမဲ့တာကိုပဲ ကြည့်ပြီး သံသရာမှာ အကျိုးရှိ
တာကို ထည့်မတွက်ကြတာ ခက်တာပေါ့။ ယိုးဒယားပုံပြင်တစ်ပုဒ်ထဲမှာ အိမ်
ရဟန်းကြွလာတော့ ဆွမ်းကပ်စရာမရှိတဲ့ သူဆင်းရဲ လင်မယားက အိမ်
ရှိတဲ့ ကြက်မလေး ရိုက်သတ်ပြီး ဆွမ်းချက် ဆွမ်းကပ်ကြဖို့ တိုင်ပင်ကြ
ယ်။ ဒါကို ကြက်မလေးက ကြားတော့ ကြက်ကလေး ခြောက်ကောင်ကို
တယ်။ အမေတော့ မနက်ဖြန်မနက် သေရတော့မယ်။ ငါ့သား ငါ့သမီးများ
မ်လိမ်မာမာနေရစ်ကြပါလို့ မှာတာ။ မနက်ကျတော့ ကြက်မလေးကို ဖမ်း
မီးမြှိုက်တော့ ကြက်ကလေး ခြောက်ကောင်ကလည်း မအေနဲ့အတူ မီးထဲ
ချကြတာပေါ့။ ကြက်တွေအားလုံး သေတာမြင်ရတော့ သူဆင်းရဲမက ငို
ယ်။ ငိုတော့ ရဟန်းက မေးတယ်။ ဒကာမကြီး ဘာဖြစ်လို့ ငိုတာလဲဆိုတော့
က်မလေးကတော့ ထားပါတော့ ဘုရား။ အခု ကြက်ကလေး ခြောက်ကောင်
သေကုန်တာကျတော့ နှမြောလှလို့ပါ ဘုရားလို့ လျှောက်သတဲ့။ သည်တော့
န်းက သေသွားတဲ့ ကြက်သားအမိကို ကြယ်ကလေးတွေ ဖန်ဆင်းပြီး
ာင်းကင်မှာ နေရာပေးလိုက်တော့ ခုနစ်စဉ်ကြယ်ဆိုပြီး ကနေ့ထိရှိရောတဲ့။
လည်း ငါက ဈေးထဲကို ဆွမ်းစားရုံသက်သက်လာတာ မဟုတ်ဘူး။ နင်တို့
ခုနစ်စဉ်ကြယ်ဖြစ်စေချင်လို့ လာတယ်မှတ်ပါ"

မစောရင် ထပ်မကွန့်ရဲဘူး။ ကွန့်လိုက်ရင် နောက်ထပ် ပုံပြင်တစ်ပုဒ်
းရမှာ စိုးတာလည်း တစ်ကြောင်း၊ ပြောလို့လည်း မရမှန်းသိတာက တစ်
င်း ရှိသေးတာ မဟုတ်လား။ သည်တော့ အကြောင်းသင့်မှ ထနောင်းပွင့်
ာမှာပဲလို့ သဘောထားရတော့တာပါပဲ။ မစောရင်တောင် ပုံပြင်တွေနဲ့
ာက်' လှပေါ့။

## (၂)

ကိုပါတော ကိုယ်တိုင်က ပုံပြင်တစ်ပုဒ်နဲ့တူတယ်လို့ ပြောရမယ်။ မေးစေ့က
နဖူးအောက်စပ် မျက်ခုံးရိုးအထိက တစ်ပေလောက်ရှည်ပြီး၊ မျက်ခုံးရိုးက
ငယ်ထိပ်အထိက ရှစ်လက်မရှိတော့ ငယ်ထိပ်ကနေ မေးဖျားအထိ လက်
နှစ်ဆယ် တင်းတင်းကြီး ရှိသလိုဖြစ်နေတယ်။ အဝေးကများကြည့်ရင် မျက်နှာ
က ရှေးခေတ် မှော်ဆရာကြီးတွေနေတဲ့ ရဲတိုက်နဲ့ကို တူနေတာပါ။ မျက်
နှစ်လုံးကလည်း တစ်ဖက်က အထက်လန်ပြီး တစ်ဖက်က အောက်ကို ပြ
နေတော့ ပုံပြင်တွေထဲက စဉ်းလဲတဲ့ မြေခွေးတစ်ကောင်ရဲ့ မျက်လုံးမျိုး။ နှာခေါ
ကြီးက ကတ္တဝါနွတ်သီးလို ခပ်ကောက်ကောက်ရယ်။ ပါးစပ်ကတော့ 
မင်းသားပုံပြင်ထဲက ဖားပါးစပ်လို နှုတ်ခမ်းမပါဘဲ ငေါထွက်နေသလို ဖြစ်
လေရဲ့။ ဝတ်ပြန်တော့လည်း ပုဆိုးဖြူပြတ်လည်စင်းနဲ့ အင်္ကျီလည်ကတုံး
မချွတ်တမ်းကိုး။ ဘာနဲ့တူသလဲဆိုတော့ မိုဟန်ဂျီဒါရဲ့ ယဉ်ကျေးမှုကလာ
ပုံပြင်တွေမှာပါလေ့ရှိတဲ့ မြွေသူတော်နဲ့တောင် တူတယ်ဆိုရမှာ။ လူကောင်
ကြီးသလောက် ခြေထောက်ကလေးတွေကျတော့ လူနဲ့မလိုက်အောင် သေး
လို့ ဆင်ဒရဲလားစီးတဲ့ ဖန်ဖိနပ်နဲ့တောင် အံကိုက်လောက်တယ်။ လမ်းသွား
ညွတ်ပဲ့ ညွတ်ပဲ့ သွားတတ်တဲ့ ကိုပါတောကို တချို့က မောင်ပေါက်ကျိုင်း
ခေါ်ကြတယ်။

ကိုပါတော ငယ်ငယ်က ဘွားအေနဲ့ နေရတာများတယ်။ သည်ဘွား
က ပုံပြင်တွေ တော်တော်ပြောတတ်တော့ တစ်ဦးတည်းသောမြေး မောင်ပါတေ
ကို တစ်ညတစ်ပုံ မရိုးနိုင်အောင် ပြောတော့တာပါပဲ။ မောင်ပါတောကလည်
ပုံပြင်များ နားထောင်ရလို့ကတော့ ဘာမှမကျွေးရင်လည်း ဖြစ်တယ်။ ဘာ
မဝတ်ရလည်း ဖြစ်တယ်။ သူတကာ ကလေးလို ဘာလိုချင်တယ် ညာလို
တယ်ရယ်လို့လည်း မရှိတော့ ပုံပြင်ကြိုက်ရှာသကောရယ်လို့ တွန်းပြောကြ
တွန်းပြောလေ ကြိုက်လေ။ ကိုပါတော ငယ်ငယ် ကျောင်းနေပြီဆိုတော့ ဘွား
ကြီးတောင် သိပ်မလိုတော့ပါဘူး။ အိမ်မှာ အဘိုးအဘွားတွေ စုဆောင်း
ပုံပြင်စာအုပ်တွေ စမ်းတဝါးဝါး ဖတ်ရပြီ။ ဆရာတိုင်း စုဆောင်းတဲ့ ပုံ
နှစ်ထောင် စာအုပ်ဆိုရင် မောင်ပါတော အကြိုက်ဆုံးပဲ။ ကျည့်ကန်ရှင်ကြီး
ရှင်သီလဝံသတို့၊ အတုလဆရာတော်တို့ရေးတဲ့ 'စကားပုံ ပေါင်းချုပ်' 
မောင်တုတ်ရေးတဲ့ 'မေတ္တာစာအမျိုးမျိုးနဲ့ ဝိစိတြစကားပုံပေါင်းချုပ်' တို့၊ ဦးသာ
စုဆောင်းတဲ့ 'ဝိစိတြလင်္ကာရစကားပုံ' စာအုပ်တို့၊ သင်္ဂဇာဆရာတော်၊ ဇန်း



ရာတော်၊ စလင်းဆရာတော်၊ ခင်မကန်ဆရာတော်၊ မောင်းထောင်ဆရာတော်၊
ဆိမ့် ဆရာတော်တို့ရဲ့ 'စကားပုံပေါင်းချုပ်' တို့၊ ဦးထွန်းမြင့်ရဲ့ 'စကားပုံ
ထောင်' စာအုပ်တို့၊ မှော်ဘီဆရာသိန်းကြီးရေးတဲ့ 'ဥပမာ သမုဟာဝီရိက္ကမ
မ်း' တို့၊ အထောက်တော် ဦးမြတ်လှရေးတဲ့ 'သင်္ဂဇာဆရာတော် စကားပုံ'
ပြင်တွေဆိုရင် မောင်ပါတော လေးငါးခေါက်ကျေနေပြီ။ စကားပုံတွေဆိုပေမယ့်
ကားပုံ ဖြစ်လာပုံတွေလည်း ပါတယ်။ သည်စကားပုံရဲ့ ဇျုပ္ပတ်ပုံဝတ္ထုတွေ
ည်း ပါတယ်။ ဆရာတော်ကြီးတွေရေးတဲ့ နိပါတ်တော်လာ ပုံဝတ္ထုတွေလည်း
တယ်။ ကိုပါတော နည်းနည်းကြီးလာတော့ ကျောင်းက ဆရာက ဂါလီဗား
စဉ်တို့၊ ဘဂ္ဂဒက်မြို့က သူခိုးကြီးတို့၊ သဘော်သား ဆင်းဘတ်တို့၊ ဒေးဗစ်
ပါဖီးလ်တို့ကို သင်ပေးတယ်။ ကိုပါတော ဘွားအေကြီးက ညကိုးနာရီ
ရင် ခေါင်းရင်းမှာ ပုတီးကလေးတစ်ကုံးနဲ့ ဘုရားရှိခိုးတယ်။ နာရီဝက်လောက်
ရားရှိခိုးပြီးတာနဲ့ ပုံပြောတော့တာပဲ။ ပုံပြင်တွေကို တစ်နေ့တစ်ပုံ ပြောရုံတင်
ဘူး။ မနေ့ကပုံနဲ့ သည်ကနေ့ပြောမယ့်ပုံပြင် ဆက်ပြောနိုင်တာကို ကိုပါတော
သြတယ်။

"ငါ့မြေးရဲ့၊ အလုပ်လုပ်စရာရှိရင် မြန်မြန်အထမြောက်အောင် လုပ်ရ
ယ်။ ဒါနဲ့ပတ်သက်လို့ ရှေးတုန်းက ကျီးရယ်၊ သမင်ရယ်၊ လိပ်ရယ်၊ ကြွက်
သူငယ်ချင်း လေးယောက်ရှိကြသတဲ့။ ရှေးအခါက တိရစ္ဆာန်တွေဟာ မာဂဓ
သာနဲ့ စကားပြောကြတာဆိုတော့ တစ်ယောက်ပြောတာကို တစ်ယောက်က
လည်ကြတာကိုးကွယ့်။ မြစ်ကမ်းပါးမှာ လက်ပံပင်ကြီးတစ်ပင်ရှိတော့ ညဘက်
ငှက်တွေ အများကြီး လာအိပ်ကြတယ်။ မိုးချုပ်ချုပ်မှာ ကျီးကန်းက မုဆိုး
ယောက် ညွတ်ကိုကိုင်ပြီး သူတို့ဘက်လာတာကို တွေ့ပါလေရော။ ဒါနဲ့
ယ်သူ့ကိုများ ဒုက္ခပေးမလဲ မသိဘူးဆိုပြီး မုဆိုးနောက် လိုက်တာပေါ့။ မုဆိုး
ဆန်ကွဲတွေကြဲပြီး ညွတ်ကို ထောင်တာလည်းတွေ့ရော..."

အဲသည့်ညက ကျီးအကြောင်းပြောတာနဲ့ ပုံပြင်ပြီးသွားတော့ နောက်
ညမှာ သည်ကျီးပုံပြင်နဲ့ ဆက်စပ်တဲ့ စိတြဂီဝါ ခိုမင်းအကြောင်း ပြောတယ်။
က်ညကျတော့ စိတြဂီဝါခိုမင်းနဲ့ ဆက်နေတဲ့ ဟိရညက ကြွက်မင်းအကြောင်း
တယ်။ နောက်တစ်ညကျတော့ ဟိရညက ကြွက်မင်းနဲ့ ဆက်ပြီး သမင်၊
နဲ့ ခွေးအကြောင်း ပြောပြန်ရော။ နောက်ညကျတော့ လင်းတနဲ့ ကြောင်
ကြောင်း၊ နောက်တစ်ညရောက်တော့ မန္တရလိပ်အကြောင်း စသည်ဖြင့် ပုံပြင်
ါင်း တော်တော်များများ ပြောနိုင်တာကို အံ့သြတယ်။ သည်ပုံပြင်တွေဟာ

အဘွား စိတ်ကူးထဲက ပုံပြင်တွေလား။ တကယ်ရှိတဲ့ ပုံပြင်တွေလား။ စိတ်
ထဲက ပုံပြင်တွေဆိုရင် ဘာဖြစ်လို့ သည်လို ပြောနိုင်တာလဲ။ ပုံပြင်တွေ
ပြီဆိုရင် အဘွားအသံက ခါတိုင်းအသံမျိုး မဟုတ်တော့တာကိုလည်း ကိုပါတေ
သတိထားမိတယ်။ တခြားကမ္ဘာလောကတစ်ခုဆီက စီးဆင်းလာတဲ့ အသံ
လို့ ထင်တယ်။ အသံက အီပြီး လေးလံနေတာမျိုး။ လွမ်းစရာကောင်းလို
တာလည်း မပြောနဲ့တော့။ ပုံပြင်ထဲမှာပါတတ်တဲ့ စုန်းမကြီးတွေ၊ ကုန်းမ
ကြီးတွေအကြောင်းများပါရင် ကိုပါတောက စုန်းမအို၊ ကုန်းမအို ဆိုတာ အဘွ
လို နေကြမှာပဲလို့ တွေးမိတာများတယ်။ နတ်မိစ္ဆာတွေ၊ တောစောင့်နတ်၊ တော
စောင့်နတ်ဆိုတာတွေ၊ ဘီလူးသဘက် တစ္ဆေသရဲတွေ၊ မြေဖုတ်ပြိတ္တာတွေ
အစ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဇော်ဂျီ၊ တပသီအဆုံး လူ့လောကထဲ
တကယ် မရှိတာတွေကို အဘွားက တကယ်ရှိနေကြသလို ပြောနေတာဆိုတေ
သည်အကြောင်းတွေများပါရင် ကိုပါတော မျက်လုံးတွေ ပိတ်ထားတတ်တ
ကိုလည်း သတိရတယ်။

တစ်ခါတလေ သိပ်စွဲလမ်းမိတဲ့ ပုံပြင်တွေများဆိုရင် ညဘက် အိပ်မ
တွေထဲအထိ ပါလာတတ်တာကိုလည်း မှတ်မိရဲ့။ လွမ်းစရာဆိုတော့ လွမ်းစ
မို့လို့၊ ကြောက်စရာဆိုတော့လည်း ကြောက်စရာမို့လို့။ သတ္တဝါဆိုတော့လ
သတ္တဝါမို့လို့။ လူဆိုတော့လည်း လူမို့လို့ ကိုပါတော စိတ်ထဲ မြုပ်နေတ
တယ်။ ညဘက် အိပ်ပြီဆိုတော့မှ သည်အဖြစ်အပျက်တွေဟာ လူးလွန့်လာ
ရာက ကိုပါတော ခန္ဓာကိုယ်ထဲကို ခုန်ခုန်ဝင်ကြတော့တာပဲ။ သည်အချိန်
ကိုပါတောရဲ့ ခန္ဓာကိုယ်ဟာလည်း ပျော့ခွေကျသွားလိုက်တာ ပုဆိုးစုတ်
ထားတဲ့အတိုင်းပဲ။ ကိုပါတောရဲ့ စိတ်ဝိညာဉ်ဟာလည်း ခန္ဓာကိုယ်ထဲက ရု
ထွက်လာပြီး လောကတစ်ခုဆီ ရောက်သွားသလို လွင့်မျောနေတာကိုလ
သိနေတယ်။ အိပ်မက်တွေထဲမှာ ကိုပါတောက ကျားဖြစ်လိုက်၊ ခြသေ့်ဖြ
လိုက်၊ မြွေဖြစ်လိုက်၊ မိကျောင်းဖြစ်လိုက်။ တစ်ခါများ ကိုပါတော ကျားဖြ
သွားလိုက်တာ ကံကောင်းလို့ အသက်ပြန်ပါလာပါရောလား။

အိပ်မက်ထဲမှာ ကိုပါတောက ကျားကြီး ဖြစ်နေတယ်။ ကျားမှ ကိုးတော
ကျား ခေါ်ကြတဲ့ ကျားကျောလျားရှည်ကြီး။ တောထဲမှာ တစ်ကောင်တည
လျှောက်သွားနေရာက လူနံ့တွေ တထောင်းထောင်းရတာနဲ့ တောနက်နက်
ပြန်တိုးလာခဲ့တယ်။ ခုတလော သည်တောကြီးထဲမှာ လူနံ့တွေ ရတယ်။
တွေလည်း တစ်ခါတစ်ခါ ရိုးရိုးရိပ်ရိပ် တွေ့တယ်။ တောကောင်တွေတော



အရင်ကလို လှုပ်လှုပ်ရှားရှား မရှိကြတာလည်း သတိထားမိတယ်။ ဒါပေမယ့် ကျားတစ်ကောင်အနေနဲ့ ဝပ်ကျင်းထဲမှာချည်းနေလို့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ကျားတစ်ကောင်ဟာ ကျားတစ်ကောင်လို နေရမှာပေါ့။ ကျားတစ်ကောင်ဟာ ကျားတစ်ကောင်လို စားရ၊ သွားရ၊ ချောင်းရ၊ မြောင်းရမှာပေါ့။ သည်စိတ်နဲ့ ပြန်ထွက်လာခဲ့တယ်။ တောင်ကုန်းပေါ်ကို တက်တယ်။ ပြန်ဆင်းတယ်။ တောချုံထူထူ ခင်ရိုးတန်းကလေးဘက်ကနေ လွင်ပြန့်ကို မျှော်ကြည့်တယ်။ တောတွင်း လွင်ပြန့်ကလေးမှာ ခါတိုင်းဆိုရင် သမင်တစ်ကောင်စ နှစ်ကောင်စ၊ ဒါမှမဟုတ် ဂျီတစ်ကောင်စ၊ နှစ်ကောင်စ တွေ့တတ်တယ်။ ခုတော့ ယုန်တစ်ကောင်၊ ဖြူတစ်ကောင် မရှိဘူး။ တောကျား တစ်ကောင်ရဲ့ အတွေ့အကြုံနဲ့ ဒါမှမဟုတ် အာရုံနဲ့ ခံစားရသလောက် သည်လွင်ပြန့်ကလေးဟာ ခါတိုင်းလို ဘေးခပ်သိမ်း ရန်ခပ်သိမ်းက ကင်းပနေပုံမျိုး မဟုတ်ဘူး။ ဘာမှတော့လည်း မြင်နေလို့ ရှိနေလို့ မဟုတ်ပါဘူး။ ဒါပေမယ့် သည်တစ်ခါလို မှုန်မှိုင်းနေပုံမျိုးကို မကြုံကြိုက်ဘူး။ တစ်တောလုံးဟာ ဂါထာမန္တန်နဲ့ မန်းမှုတ်ထားသလို သက်ရောက်မှုတစ်ခုခုကို စောင့်နေပုံမျိုး ဖြစ်နေတယ်။ မကြာဖမ်းစားတာခံနေရတဲ့ ကလေးတစ်ယောက်လို မှေးစင်းစင်း ဖြစ်နေတယ်။ မှော်တိုက် အင်းတိုက်ခံထားရတဲ့ လူနာလို ပကတိ အသိပျောက်သလို ဖြစ်နေတယ်။ နောက်ကို လှည့်ပြန်ဖို့ စဉ်းစားနေတုန်းမှာပဲ နင်းထားတဲ့မြေ တုန်နေတာကို ဖဝါးကတစ်ဆင့် အာရုံကြောတွေ ရောက်လာခဲ့တယ်။ သည်လို တုန်ခိုက်မှုဟာ ဆင်လို၊ ကြံ့လို၊ ပြောင်လို လေးလံတဲ့ သတ္တဝါကြီးတွေ လျှောက်သွားလို့ ဖြစ်ရတာမျိုး မဟုတ်ဘူး။ လူသတ္တဝါကြောင့် ဖြစ်တာ။ လူတွေဟာ ခန္ဓာကိုယ်အားဖြင့် လေးလံလှတာ မဟုတ်ပေမယ့် လောဘ၊ ဒေါသ၊ မောဟတွေက အင်မတန် လေးတယ်ဆိုတာတော့ သတ္တဝါတိုင်းက သိသလို သိတာ။ အခုလည်း တောတစ်ဝိုက်မှာ လူတွေ ရှိနိုင်တယ်။ တောင်ခြေနဲ့ လွင်ပြန့်ကလေးရဲ့ မှုန်မှိုင်းမှုဟာ လူတွေရဲ့ အလိုလောဘ အခိုးအငွေ့တွေကြောင့် ဖြစ်နိုင်တယ်။ တောကျားတစ်ကောင်ရဲ့ ပြေးနှုန်းဟာ တစ်လျား ခုန်လိုက်တိုင်း ခရီးပေါက်ရတာမျိုးပေမယ့် သည်တစ်ခါတော့ နှေးလွန်းတယ်လို့ ထင်တယ်။ ကြွက်သားတွေကို ညှစ်ရုန်းလိုက်တိုင်း အရေပြားထဲက ပေါက်ထွက်တော့မလား မှတ်ရတယ်။ သစ်ရွက်တွေ ကြွေနေတဲ့ တောရိပ်နက်နက်ထဲကို ရောက်တဲ့အထိ ပြေးလာခဲ့တာပါပဲ။ ရန်သူမတွေ့ဘဲ ပြေးရတာ ကျားတစ်ကောင်အတွက် သိက္ခာမဲ့ရသလိုတော့ ဖြစ်ရတာပေါ့လေ။ ဒါပေမယ့် မတတ်နိုင်ဘူး။ နှာခေါင်းထဲမှာ လူနံ့တွေ မပျောက်သေးဘူး။ လွှားခနဲ တစ်ချက်

အခုန်မှာ ခြေလေးဖက်စလုံး သစ်ရွက်ကြွေတွေပေါ် ကျသွားပေမယ့် နောက်တစ်လျှားခုန်ဖို့ ကန်အားမရှိလိုက်တာကို သတိထားမိသွားတယ်။ တစ်ကိုယ်လုံးဟာ စိမ့်ခနဲ အေးသွားတာနဲ့အတူ ကျင်းကြီးတစ်ကျင်းထဲကို ဝရုန်းသုန်းကားကျသွားတာပါပဲ။ ခန္ဓာကိုယ်ပေါ်က မြေစာမှုန့်တွေ၊ သစ်ကိုင်းသစ်ခက်တွေ၊ သစ်ရွက်ခြောက်တွေကို ခါထုတ်ပစ်လိုက်ပြီး ဒေါသနဲ့ ဟိန်းလိုက်တယ်။ တောစိုးသစ်ပင်ကြီးတွေကို ရိုက်ပြီး ပြန်လာတဲ့ ကျားဟိန်းသံဟာ ကျင်းထဲကို ရောက်မလာဘဲ အဝေးဆီကိုသာ ဆက်ကာ ဆက်ကာ ရောက်သွားလေရဲ့။

အရာအားလုံး ငြိမ်သက်သွားချိန်မှာတော့ လူ့ထောင်ချောက် ကျင်းကြီးထဲက အကြိမ်ပေါင်းများစွာ ခုန်နေတဲ့ ကျားကြီးတစ်ကောင်ရဲ့ ဝမ်းရုပ်သံပဲရှိတော့တယ်။ အကြိမ်ပေါင်းများစွာ ခုန်ပေမယ့် ကျင်းနှုတ်ခမ်းကို ဘယ်လိုမှမရောက်နိုင်တော့ပါဘူး။ သည်အချိန်မှာ ကျင်းနှုတ်ခမ်းဆီက လူသံတွေ ကြားလိုက်ရပြီး ရှိသမျှ ကြွက်သား အားလုံးကို ညှစ်ပြီး ကျယ်လောင်တဲ့ ဟိန်းသံကြီးနဲ့ ထခုန်လိုက်တယ်။

ကိုပါတော သည်အိပ်မက်မျိုးကို ခဏခဏမက်တတ်တယ်။ ထူးဆန်းတာက သည်နေရာရောက်ရင် အိပ်မက် ရှေ့မဆက်ပြန်ဘူး။ ရှေ့သာမဆက်တာ သည်အိပ်မက် မက်ပြီးတာနဲ့ မျက်နှာမှာ ချွေးစေးတွေ ပြန်နေတဲ့အပြင် နှလုံးကလည်း ခုန်နေလိုက်တာ ငါးပုံဆန်စက်က တုန့်ဆန်ခါသာကြည့်တော့။ အိပ်မက်တွေထဲမှာ အကြောင်းအရာကို လိုက်လို့ ကိုပါတောက မြွေခွေးဖြစ်ချင်လည်းဖြစ်တယ်။ မျောက်ဖြစ်ချင်လည်း ဖြစ်တယ်။ မုန့်လည်ရောင်းရာက အပြန်လမ်းမှာ ပက်ပင်တိုးမိတဲ့ စုန်းမကြီးကို ကြောက်လို့ သစ်ပါးပျဉ်းတွေကြားထဲ ဝင်ပုန်းနေရတဲ့ ကလေးဟာ အိပ်မက်ထဲမှာ သူ ဖြစ်ချင်ဖြစ်နေတာလည်း ရှိတယ်။ ထားပါတော့။ သည်လိုသာပြောနေရရင် ဆုံးမှာတောင် မဟုတ်ဘူး။ နေ့စဉ်ရက်ဆက် ပုံပြင်နားထောင်ပြီးတိုင်း မက်နေတာတော့လည်း ဘယ်ဟုတ်ပါ့မလဲ။ တစ်လတန်သည် နှစ်လတန်သည်တော့ ကြာတတ်တယ်။ မက်ပြီဆိုရင်လည်း မက်တဲ့ညတွင်မကဘူး နောက်တစ်နေ့ တစ်နေ့လုံးလည်း ကတုန်ကယင်နဲ့။ ညက မက်တဲ့အိပ်မက်က သူ့ကို တစ္ဆေသရဲမျှား စီးသလို စီးနေတာဆိုတော့ မျက်လုံးဇောက်ထိုးကြီးနဲ့ ကြည့်တော့တာပဲ။ သည်လိုနဲ့ ကိုပါတော ရှစ်တန်းကျောင်းသားဘဝရောက်တော့ ဘွားအေကြီး ဆုံးပါလေရော။ ဘွားအေကြီး ဆုံးပါးတာကို လူအလိုတော့ မနှမြောပါဘူး။ ပုံပြင်တွေကို နှမြောတာ။ တချို့ညတွေမှာ ဘွားအေကြီး သူ့ခုတင်ဆေး လာလာထိုင်ပြီး ပုံပြောတာကို သူ ကြားရ



တယ်။ ကွမ်းနံ့နဲ့ သနပ်ခါးနံ့တောင် ရလိုက်သေး။ ပုံပြင်ကို ကြိုက်တဲ့နေရာမှာ ဘွားအေကြီး သေပြီးမှ အနားလာထိုင်ပြောတယ်ဆိုတာကိုတောင် မကြောက်နိုင်ဘူး။ သနပ်ခါး အဖွေးသားနဲ့ ဆံပင်ငုတ်စ ဖားလျားကြီးချထားတဲ့ ဝါးခြမ်းပြားလောက် မိန်းမအိုကြီးကို ကိုပါတော တကယ် မြင်နေရတာပါ။ မျက်တောင်မခတ်ဘဲ တောက်လျှောက်ကြီး ရှိနေလို့သာ သေလွန်ပြီးသား အမယ်အိုကြီးလို့ပြောနိုင်တာကလွဲရင် လူ့ဘဝတုန်းက ဘွားအေနဲ့အတူတူပဲ။ အသံကတော့ ပြောင်းသွားတယ်။ ရေိယာတိုင်ကို ဆက်ထားတဲ့ ဝိုင်ယာကြိုးမျှင်ကလေး ခဲဂဟေပြုတ်တဲ့အခါ ရေဒီယိုမှာ ဂျိဂျိ ဂျိဂျိနဲ့ မြည်ပါရောလား။ အဲသည့်အသံမျိုး။ သို့ပေသိ မြေးနဲ့ ဘွားအကြားမှာ ပုံပြင်ဆက်ဆံရေးက နှစ်ပေါင်းများစွာ ရှိခဲ့တာဆိုတော့ သည်အသံကို ကိုပါတောတော့ နားလည်တာပါပဲ။

ကိုပါတော ကိုးတန်းရောက်တော့ စိတ်ကလေး ကယောက်ကယက်ဖြစ်လာတယ်။ လူလုံးကလည်း ထွက်လာလိုက်တာ ရဲတိုက်ကြီးနဲ့ မတူသေးသည့်တိုင် ရဲတိုက်ကြီးရဲ့ စက္ကူပုံစံငယ်နဲ့တော့ တူလာလေရဲ့။ အသံကလည်း ဩလာတယ်။ ထွက်လာတဲ့ လည်ဇလုတ်ကြီးကလည်း မြွေသေးသေးက လယ်ကြွက်ကြီးကြီး မျိုထားသလိုပဲ။ စကားတွေ ပြောတော့လည်း ဗလုံးဗထွေး ဖြစ်လာတယ်။ စကားပြောတဲ့အခါ ‘တစ်ခါတုန်းက’ တို့ ‘ဟိုးရှေးရှေးတုန်းက’ တို့ ထည့်ပြောလာတာလည်း ရှိတယ်။ ကိုးတန်းရောက်တော့ လူလားကလေးကလည်း မြောက်လာပြီ မဟုတ်လား။ လက်ပတ်နာရီကလေး တစ်လုံးဝယ်ပေးဖို့ မိဘတွေကို ပူဆာတယ်။ နာရီတစ်လုံးတော့ မိဘကလည်း တတ်နိုင်ရှာပါရဲ့။ ဒါပေမယ့် ကလေးစကား ခေါင်းထဲမရောက်ကြဘူး။ တစ်ရက် မိသားစုသုံးယောက် ဝိုင်းထမင်းစားကြတော့ ကိုပါတောက စကားစတယ်။

“တစ်ခါတုန်းက ကုန်စုံရောင်းတဲ့ လင်မယားနှစ်ယောက်ရှိတယ်။ ကိုစံမြနဲ့ မအေးလှတဲ့။ သူတို့မှာ သားလေးတစ်ယောက် ထွန်းကားတာ မောင်ပါတောတဲ့။ မောင်ပါတောကလေးကို မိဘတွေက မချစ်ကြဘူးတဲ့။ မောင်ပါတောကျောင်းနေလို့ ကိုးတန်းရောက်တော့ မိဘတွေကို လက်ပတ်နာရီတစ်လုံး ဝယ်ပေးဖို့ ပူဆာတာပေါ့။ ဝယ်မပေးတော့ မောင်ပါတောက သူ့ဟာသူ နာရီတစ်လုံးရှာပတ်တယ်။ ဘာနာရီလဲဆိုတော့ မတ်စေ့နာရီတဲ့။ မတ်စေ့ကို မီးနဲ့ဖုတ်ပြီး နာရီပတ်တဲ့နေရာမှာ ကပ်လိုက်တာနဲ့ အသားမှာ မီးလောင်ရာ ဝိုင်းဝိုင်းကြီးပေါ်လာရော။ အဲဒါ မတ်စေ့နာရီ ဖြစ်ကရော”

ကိုစံမြနဲ့ မလှအေးဆိုတာ ကိုပါတော အဖေနဲ့အမေ။ မိဘတွေက သား

ပြောတဲ့ စကားကြားတော့ တောက်တီးတောက်တဲ့ဆိုတဲ့ပုံနဲ့ ရယ်ကြတယ်။
ဒါပေမယ့် ခဏရယ်နိုင်တာပါ။ ကိုပါတောက သူ့လက်ရှည်အင်္ကျီကို နည်းနည်း
လေး မ,ပြလိုက်တော့ လက်ပေါ်မှာ အသားမီးလောင်ရာ မီးလောင်ကွင်းကြီး
ဆိုတာ ဖူးဖူးထလို့။ မတ်စေ့ပုံကြီး။ သည်မှာတင် မအေခမျာ ထမင်းစားရင်းက
ငြိုလဲကျသွားတော့တာပါပဲ။ ဖအေကတော့ လက်ကလေး ထဆေးပြီး နာရီဆိုင်
ပြေးတာပဲ။ ငါးကြင်းစက်နာရီလို့ ခေါ်ကြတဲ့ သံပတ်တိုက်နာရီကလေး ပြေးဝယ်
တာပါ။ မတ်စေ့ကို ဘယ်အချိန် မီးဖုတ်ပြီး ဘယ်အချိန် ကပ်လိုက်တာမှန်း
မသိကြတာက ထား၊ သည်လိုသာဆိုရင် မခက်ဘူးလား။

သည်ကတည်းက မောင်ပါတောကို လွှတ်မထားကြတော့ဘူး။ ဘွားအေ
ကလည်း မရှိတော့ ခါတိုင်းလို စိတ်ချလက်ချထားဖို့ကလည်း မဖြစ်တော့ဘူး
ပေါ့လေ။ မောင်ပါတောကတော့ ပုံမှန်ပါပဲ။ ကိုးတန်း၊ ဆယ်တန်းကျောင်းသား
ဆိုပေမယ့် ပုံပြင်စာအုပ်တွေကို သဲကြီးမဲကြီးဖတ်တာကလွဲရင် စံလွဲနေတာမျိုး
သိပ်တော့ မတွေ့ရဘူး။ ကျောင်းစာကတော့ ဘယ်ဘာသာမှ အမှတ်နှစ်ဆယ်
မကျော်ဘူး။ ကျောင်းကတော့ ပထမတော့ မိဘကိုခေါ်တာ၊ သတိပေးတာလုပ်
ပေမယ့် နောက်ပိုင်း မလုပ်တော့ပါဘူး။ ဘယ်လိုမှ သင်လို့မရတဲ့ ကျောင်းသား
တစ်ယောက်လို့သာ သဘောထားကြတယ်ထင်ပါရဲ့။ သည်လိုနဲ့ ဆယ်တန်း
တော့ ဆရာသမား မိဘဂုဏ်ကျေးဇူးနဲ့ ရောက်တော့လာခဲ့တယ်။

(၃)

ဆယ်တန်းရောက်တော့ ကိုပါတော ရောဂါသည်းလာတယ်။ ခါတိုင်း ပုံလာ
လာပြောတဲ့ ဘွားအေဆိုတာလည်း တကယ်လိုလို အိပ်မက်လိုလိုနဲ့ သူ့ခုတင်
ဆီး မရောက်တာကြာပြီ။ မိဘနှစ်ပါးကလည်း သည်အရွယ်ရောက်ခါမှ ပုံပြင်
တွေ ဘယ့်နှယ်လုပ် ပြောပါ့မလဲ။ ပြောပြီဆိုပါတော့ ပုံဘယ်နှပုံများ ပြောနိုင်
မှာလဲ။ သားဖြစ်သူ မောင်ပါတော ပုံပြင်ကြိုက်မှန်းသိလို့ တစ်ခါတော့ မအေ
က အခန်းကူးလာပြီး သားအေးနားထိုင်တယ်။ ပုံကလေးတစ်ပုံ မပြောတတ်
ပြောတတ်နဲ့ ပြောရှာတယ်။

"တစ်ခါတုန်းက အထိန်းတော်ကြီးတစ်ယောက် ရှိတယ်တဲ့ သားရဲ့။
အထိန်းတော်ဆိုတာ အထိန်းတော်ပေါ့ကွယ်။ သန်သန်မာမာ ရဲရဲတင်းတင်း
လူကြီးတစ်ယောက် ဆိုပါတော့။ သူက တိုတိုတုတ်တုတ် ပုပုကွကွကြီးဆိုတော့
သူ့ကို ဒေါက်တိုလို့ ခေါ်ကြတယ်"



"ရန်လိုတို့ သူ့ထက်ကဲတို့ ရွှေပြည်စိုးတို့ ညီပုလေးတို့တော့ မပါဘူး
ဟုတ်လား"

မပါဘူး မဟုတ်လားဆိုပေမယ့် မအေက ပြောမယ့်ပုံထဲမှာ သည်နာမည်
တွေ ပါနေတော့ ဆက်ပြောလို့ မဖြစ်ဘူး။ မဖြစ်တော့ နောက်တစ်ပုံစတယ်။

"တစ်ခါတုန်းက သားသမီးမရှိ ဘာမရှိနဲ့ ဆင်းရဲနွမ်းပါးတဲ့ အမေကြီး
ယောက် ရှိတယ်။ အမေကြီးက သားရှင်ပြုချင်တဲ့စိတ် ပြင်းလွန်းလို့ ဝါးကျည်
တက်ကလေးမှာ သကင်္န်းစီးပြီး ရှင်ပြုရှာတာပေါ့ သားရယ်။ ဒါနဲ့..."

"သည်အမေကြီးသေတော့ နတ်သမီးဖြစ်ရော။ နတ်ပန်းပွင့် တက်ခူးရင်း
နတ်သစ်ပင်ပေါ်က ချော်ကျတော့ သေပြန်ရော၊ သေတော့ လူပြန်ဖြစ်ရော။
ါဆိုရင်တော့ မပြောနဲ့တော့..."

မအေကလည်း တတ်သမျှ မှတ်သမျှ ကြားဖူးနားဝကလေးပြောဖို့ ကြံပါ
ယ်။ မောင်ပါတောက ရေ့ပိတ်ပြီး ကြိုသိနေတော့ ခက်ကရော။ မောင်ပါတော
မအေ့မျက်နှာ မော့ကြည့်နေတယ်။ သူ့ဘဝမှာ သည်မအေက ပုံပြင်ရယ်လို့
ခါမှ ပြောဖူးတာ မဟုတ်ဘူး။ ခုပြောတော့လည်း ပုံပြင်တွေက ရိုးလှပေ့ဆိုတာ
ချည်း ဖြစ်နေတော့ စိတ်တော့လည်း မကြည်သာဘူးပေါ့လေ။ ဒါပေမယ့်
င်အသစ်အဆန်းကလေး ဘာလေး ပါလိုပါငြား စောင့်နားထောင်ရင်း ကြည့်
တာပါ။ သည်တစ်ခါတော့ မအေလုပ်သူက သူ့သား မောင်ပါတော မကြားဖူး
ာက်တာကို ပြောမယ်ပေါ့လေ။

"တစ်ခါတုန်းက ဖားတစ်ကောင် ယုန်နာမည်ကြီးနေတာကို မနာလိုတာ
ယုန်ကို မုန်းနေသတဲ့။ ကျောက်တုံးအောက်က ပုန်းရင်း ဖားက ယုန်အလာ
စောင့်တာပေါ့။ ယုန်ကလည်း လာတာပါပဲ။ ယုန်က သူ့အတွေးနဲ့သူ လျှောက်
တာဆိုတော့ ဖားကို သတိမထားမိဘူး။ ယုန်က အနားလည်းရောက်ရော
က အုံးအွမ်ဆိုပြီး ထအော်တော့ ယုန် လန့်သွားတာပေါ့"

"ယုန်က လန့်တော့ ရွှေဖရုံသီးကို တိုက်မိရော။ တိုက်မိတော့ ဖရုံသီး
လိမ့်ပြီး နှမ်းပင်ကို တိုက်မိပြန်ရော၊ နှမ်းစေ့တွေက လွင့်စဉ်ကုန်တော့
ကြက်မျက်လုံးထဲဝင်ရော၊ တောကြက်က လန့်ခုန်တော့ ဝါးကိုင်းပေါ်ကျ
၊ ဝါးကိုင်းက ကျိုးတော့ မြွေပေါ်ကျရော၊ မြွေက လန့်ပြေးတော့ သခွားသီး
နေတဲ့ တောဝက်ကို တိုးမိရော၊ သခွားသီးက ရေထဲကျတော့ နဂါးပြည်က
းခေါင်း ခေါက်မိရော"

မရပါဘူး။ အဲသည့်ညက မအေက ပုံပြင်ငါးပုဒ် ဆက်တိုက်ပြောတာကို

မောင်ပါတောက သိလို့ချည်းနေတော့ ထပြန်ခဲ့ရရော။ ဖအေနဲ့တွေ့လို့ သည်
သည်လိုတော့ ဖြစ်ခဲ့ပြီဆိုတော့ ဖအေက အခန်းကူးလာပြန်တယ်။ ဘယ့်နှ
မဟုတ်တာ။ ပြောသမျှပုံပြင် သည်ကောင် အကုန်သိနေတယ်ဆိုတာ ဟုတ်နို
ပါ့မလား။ လောကမှာ ပုံပြင်ပေါင်း သောင်းခြောက်ထောင်ရှိတဲ့ဟာ။ ပြောလို
သမျှ သိနှင့်တယ်ဆိုတာ စပါးကြီး လင်းမြွေပတ် ဟုတ်နိုင်ရိုးလားဆိုတဲ့စိတ်
ဝင်လာတာပါ။ သားဖြစ်သူ မောင်ပါတောကလည်း သူ့တစ်သက် ပုံပြင်ရ
လို့ မပြောဖူးတဲ့ ဖအေက ပုံပြောဖို့လာတာဆိုတော့ ဝမ်းတွေများသာလို့။ ကိုစံ
က ချောင်းတစ်ချက် ဟန့်လိုက်ပြီး သူ့ပုံပြင်ကို စပြောတယ်။ ကိုပါတောကလည်
ပုံပြင်အထူးအဆန်းတော့ ကြားရပြီပေါ့လေ။

“တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်မှာ အင်မတန်ချောတဲ့ မင်းသ
တစ်ပါး ရှိသတဲ့။ စကားကလည်း တတ်လိုက်တာ ဘယ်သူမှနိုင်အောင် မပြေ
နိုင်ကြဘူး။ ပြောသမျှ မင်းသမီးကချည်း နိုင်နေတော့ သတင်းကြီးနေတာ
ငါ့သားရဲ့၊ ဒါကို ဖခင်ဖြစ်တဲ့ ဘုရင်ကြီးက...”

“သိပါပြီ အဖေရာ သည်သတင်းကြားတော့ တိုင်းပြည်တစ်ပြည်
ညီနောင်ခုနစ်ဖော် လာပြိုင်ကြရော မဟုတ်လား။ သည်လိုလာပြိုင်တော့ ဉ
အငယ်ဆုံးက လမ်းမှာ လွယ်အိတ်တစ်လုံးတွေ့တော့ ကောက်တယ်၊ ကြက်
တစ်ကောင်တွေ့တော့ ကောက်တယ်၊ ကြိုးတစ်ချောင်း၊ ဖွန်းတစ်ချောင်း၊ ကြ
ကြီးတစ်ချောင်းတွေ့တော့ ကောက်လာတယ်။ အဲဒါတွေပါရင် အဖေ မပြော
တော့၊ ရိုးတောင်နေပါပြီဗျာ”

ဒါပါပဲ။ ကိုစံမြလည်း ဘာမှ ဆက်မပြောနိုင်တော့ဘူး။ သူကလည
သည်ပုံပြင်တစ်ပုဒ် မထိုင်ခင် ခြေဆင်းပြောတတ်တာဆိုတော့ ဒါနဲ့တင် ရ
ကရော။ ထပြန်လာရတယ် ပြောပါတော့။ သည်မှာတင် လင်မယားနှစ်ယော
တိုင်ပင်ရတယ်။ ဘယ့်နှယ်လုပ်ကြမတုန်းပေါ့လေ။ ဆည်တော့ ဆိုင်တာ မဆ
တာထား၊ သူတို့ရွာမှာရှိတဲ့ တိရစ္ဆာန်ဆေးကုဆရာဖုန်နဲ့ တိုင်ပင်တယ်။ သူ
ကိုးကွယ်တဲ့ ဂိုဏ်းစရာနဲ့ တိုင်ပင်တယ်။ ခက်တာက တိုင်လို့သာ တိုင်ပင်တ
ရောဂါက ဘာမှန်းမသိဘူး။ ကျောင်းစာလည်း စိတ်မဝင်စားတော့တာထ
အိပ်ရာပေါ် ထခွေခွေနဲ့ဆိုတော့ ဘာလုပ်ရမှန်းလည်း မသိဘူး။ ဂိုဏ်းဆ
ကတော့ ပြောတာပါပဲ။

“ဒါ ဥပါဒါန်ခေါ်တယ်။ မခွာနိုင်၊ မစွန့်နိုင်၊ မဖြတ်နိုင်၊ မပယ်နိ
စွဲလမ်းတဲ့သဘောပဲ။ လောဘများဟာ အားနည်းတော့ တဏှာ ဖြစ်ရတယ်



အားကြီးတော့လည်း ဥပါဒါန်ဖြစ်ရတာကိုး။ ဥပါဒါန်ကို ဥပါယ်တံမျဉ် ပညာ
ဉ်နဲ့ ဖျောက်ရတယ်။ ကလေးက မစုံမက်သာ မတပ်ရာကို တပ်မက်နေတယ်။
နိဋ္ဌရမ္မဏခေါ်တဲ့ အလိုမရှိအပ်တဲ့အရာကို အာရမ္မဏအာရုံ ကျနေတာပေါ့လေ။
ဘောက တုန်လှုပ်နေတဲ့စိတ်ကို (ဝါ) တစ်နည်းအားဖြင့် ဒေါသမူ ဗျာပါဒ
က်ကို မနိုင်သမျှ ကုဖို့ခက်တယ်”

ဂိုဏ်းဆရာကို အားကိုးပါမှ ဘာတွေပြောနေမှန်း မသိတော့ ကိုစံမြ
ာ မအေးလှပါ ဆူးစူးရာ ဝမ်းကျပေါ့လေ။ တိရစ္ဆာန်ဆေးကု ဆရာခမျာ
ည်း ပေါင်ပုပ် လက်ပုပ်ဆိုတာလို ခွာနာလျှာနာဆိုတာကိုလောက်တော့ ကု
် ကုနိုင်မှာပေါ့။ ကိုပါတော ဖြစ်နေတာကျတော့ သူလည်း ဟုတ်တိပတ်တိ
ပြောနိုင်ဘူး ဖြစ်နေတယ်။ လူဆရာရော တိရစ္ဆာန်ဆရာကပါ ခက်ပါပြီဆို
တော့ အခြေအနေက ဆင်တစ်စ၊ မြင်းတစ်စ ဘယ်အစ ကောက်ရမှန်းမသိ
လို ဖြစ်ရတာပေါ့လေ။ တစ်နေ့တော့ တိရစ္ဆာန်ဆရာဝန်ရဲ့ အဆက်အသွယ်
လူတစ်ယောက် ရောက်လာတယ်။ ရွာမှာနေပြီး မြို့ကျောင်းမှာ ကျောင်း
ရာလုပ်နေတဲ့ ကိုပန်းစိန်ဆိုတဲ့လူပါ။ ဆရာက ရောက်လာတာ မကြာသေး
တော့ ရွာက ကောင်းကောင်းမခင်ကြသေးဘူး။ ကိုပန်းစိန် ရောက်လာတော့
ကျိုးအကြောင်း ပြောပြတယ်။ ညဘက် ပုံတစ်ပုံလာပြောပါ။ တစ်လနှစ်ရာ
န်တော့ပါ့မယ်ပေါ့။ ဟိုတုန်းက နှစ်ရာဆိုတာ ကျောင်းဆရာလခလောက်ရှိ
တော့ ကိုပန်းစိန်ကလည်း လက်ခံတယ်။ ကိုပန်းစိန်က အင်္ဂလိပ်လိုရေးထား
ပုံပြင်စာအုပ်တွေ ယူလာပြီး ကိုပါတောကို ဘာသာပြန်ပြော ပြောရတယ်။
အုပ်တွေက Fairy tales from many lands တို့၊ Folk tales from Asia
children everywhere တို့၊ Folk tales of Japan and China တို့၊
dian fairy tales တို့၊ A study of the secular stories in the 12th century
llections of tales တို့၊ Folk tales of Sikkim တို့၊ Village folk tales of
eylon တို့၊ Russian folk tales တို့၊ Folk tales of Tamin Nadu တို့၊
ll me a story တို့၊ Folk tales from Korea တို့ စုံလို့စုံလို့။ စာအုပ်ကိုက
်နှစ်ဆယ်လောက် ရှာဖွေလာတာဆိုတော့ တစ်အုပ် အပိုဒ် နှစ်ရာပဲထားပါ
တော့၊ ပုံပြင်ပေါင်း လေးထောင်စာလောက်ရှိမှာပေါ့။ တစ်နေ့ တစ်ပုံ ပြော
ယ်ပဲထား၊ သုံးနှစ်လောက် ပြောရမယ့်ပုံ ပေါက်နေပြီ။ တကကယ်လည်း
နှစ်ဆက်တိုက် လာပြောခဲ့တာပါပဲ။ ကျောင်းဆရာက ဒူလာအခံလေးရှိတော့
ခါတလေ ဒူလာထရင်တောင် မနားရှာဘူး။ ရောက်အောင် လာတာပဲ။

ကိုပါတောကလည်း သည်တော့မှ စိတ်ကလေး ကေဂ္ဂတာကြီးကျပြီး ကျော
ဆရာကို မျှော်နေတော့တာပါ။ ဆယ်တန်းစာမေးပွဲကတော့ မဖြေတော့ပါဘူ
ကိုပါတောမှ ဆယ်တန်းအောင်ရင် တက္ကသိုလ်မှာ ဖျာခင်းသင်ရမယ့်ကိန်း ဆိုက်
ရှိတော့တာ မဟုတ်လား။ ထူးဆန်းတာက ကိုပါတော ကျန်းမာရေးကော
လာတယ်။ ဘဝင်စိတ်ဆိုတာမျိုးက ဟဒယဝတ္ထုခေါ်တဲ့ နှလုံးသွေးက ဖြစ်ရ
ဆိုတော့ ဘဝင်စိတ်ရဲ့ တည်ရာမှီရာ နှလုံးဟာလည်း သပ္ပာယကလေးမျ
ထင်ပါရဲ့၊ စိတ္တဥပ္ပါဒခေါ်တဲ့ စိတ်ရဲ့ဖြစ်ခြင်းဟာ ကရုန်းကရင်း မရှိတေ
သလောက် ဖြစ်သွားတယ်ဆိုပါစို့ရဲ့။ ထောပတ်၊ ပျားရည်၊ တင်လဲ၊ နှမ်း
စတဲ့ အချိုးလေးပါးစု စတုမဓူများ မှီဝဲရသလို သွေးသားတွေ ကောင်းလာလို
တာ ရဲတိုက်ကြီးလို မားမားကြီး။

(၄)

ကိုပါတော အသက်နှစ်ဆယ်ကျော် အစိတ်ထဲရောက်တော့ မိဘတွေက တစ်
တည်းနေသူတွေထဲက မမွှာသောကရှောင်ပြီး ရွေးထားတဲ့ မိန်းကလေးတစ်ယော
နဲ့ လူကြီးချင်း စကားပြောပြီး အိမ်ထောင်ချတယ်၊ မစောရင်ပေါ့။ မစော
ခမျာလည်း တစ်သက်လုံး လုပ်ကျွေးရမယ့်ဇာတာ ပါလာတဲ့အပြင် လင့်ပုံ
ကျင်းထဲ အဲသည့်ကတည်းက ကျရရှာတယ်။ တောသူရွာသူ ဖျိုးဖျိုးဖျပ်
ဆိုတော့ ယောက္ခမ ကုန်စုံဆိုင်မှာ အနီးလည်းမွေး၊ အဝေးလည်း ကြိုင်ပါ
ကိုပါတော အသက်လေးဆယ်ကျော်တော့ မိဘနှစ်ပါးစလုံး မျက်စိမှိတ်ကြ
သည်တော့ ကိုပါတောမယား မစောရင်က ဆိုင်ကို အိမ်မှာလည်း အဖွင့်မပျ
ထားပြီး မနက်ခင်း ဈေးထဲပြောင်းပြီး ခင်းတယ်။ ကိုပါတောကတော့ ငယ်
ကလို ပုံပြင် မကြားရမနေနိုင်လောက်အောင် ရောဂါမကြီးတော့ပါဘူး။ ဒါပေမ
ပုံပြင်တွေနဲ့ စကားပြောတယ်။ ပုံပြင်တွေသာလျှင် သစ္စာကြီးတဲ့ ထုံးဟော
တွေ ဖြစ်တယ်ဆိုတာကို လက်ကိုင်ပြုတယ်။ လူတွေဟာ အချင်းချင်း အာဃာ
ကြီးကြတယ်။ အချင်းချင်း အမျက်စောင် မာန်ကြီးကြတယ်။ လူအချင်းချ
သတ်နေကြတယ်။ လူအချင်းချင်း ခုတ်ထစ်နေကြတယ်။ ကိုယ့်စိတ်နဲ့မတူ
ရန်သူလို သဘောထားကြတယ်။ ဒါဟာ စိတ်ချင်း ပြိုင်ဆိုင်နေတာပဲ။ လူ
ကြားထဲမှာ ဖြစ်ခဲ့ပျက်ခဲ့တာတွေကို သမိုင်းရယ်လို့ နာမည်ပေးထားပြီး ဂု
နေကြတာကကော၊ တကယ်တော့ ပုံပြင်တွေပါပဲ။ တိရစ္ဆာန်လောကမှာ၊ အ
မဟုတ် ပရလောကမှာ၊ ဒါမှမဟုတ် နိမ္မိတလောကမှာ ဖြစ်ပျက်နေတာတေ



ဘာကွာလို့တုန်း။ ပုံပြင်တွေဟာ အရှိတရား မဟုတ်ဘူးလို့ ဘယ်သူ ငြင်းနိုင်လို့တုန်း။ ကမ္ဘာလောကကို ဖန်ဆင်းရှင်က ဖန်ဆင်းတယ်ပဲ ထားပါဦး။ စဉ်းစားကြည့်ရင် လူကို ဖန်ဆင်းတာ မဟုတ်ဘဲ ပုံပြင်တွေကို ဖန်ဆင်းခဲ့တာလို့ ပြောရင်ကော ဘယ်သူကများ ခြေခြေမြစ်မြစ် ချေပနိုင်ကြလို့လဲ။ သည်လိုနဲ့ ကိုပါတော အသက်ငါးဆယ် ဖြစ်လာတယ်။ အသက်ကြီးလာလေ ပုံပြင်တွေဟာ ပိုပြီး အဓိပ္ပာယ်ရှိလာလေပဲ။ လူ့သဘာဝတွေနဲ့ ပိုနီးစပ်လာလေ၊ လူ့ဘဝရဲ့ နိမိတ်ပုံ ဖြစ်လာလေပဲလို့လည်း အသက်နဲ့အမျှ ယုံကြည်လာခဲ့တယ်။ ယုံကြည်တဲ့အတိုင်းလည်း နေတယ်။ ပြောတယ်။ ကျင့်ကြံတယ်။ ကိုပါတောအလုပ်က တခြားမရှိဘူး။ မနက်ကို လက်ဖက်ရည်ဆိုင်သွားတယ်။ ကိုဘမောင်ဆိုင်ကို သွားတာများတာပါပဲ။ ကိုဘမောင်ဆိုင်က သူနဲ့ သက်တူရွယ်တူတွေ သောက်တာများတာလည်း တစ်ကြောင်း၊ ကိုဘမောင်ဆိုင်က မနက် လက်ဖက်ရည်က ကောင်းတာလည်း တစ်ကြောင်း ပါပါတယ်။ နေ့လယ်တော့ ကိုဘမောင်ဆိုင်ကို မသွားဘူး။ ကိုဘမောင်ဆိုင်က နေ့ခင်းတော့ လူပါးတယ်။ စကားမှပြောချင်ရင် ဝါးပိုးထိုး ပက်လက်ကုလားထိုင်ပေါ် ထိုင်ငိုက်နေတဲ့ ကိုဘမောင်ကို နှိုးဖို့ပဲ။ ကိုဘမောင်ကလည်း မပူပါဘူး။ မနက်ပိုင်း တစ်အုပ်ကျလိုက်တဲ့လူက တော်တော်လေးစည်တော့ နေ့လယ်ဘက် လူမလာဦးတော့ သားအဖနှစ်ယောက် အိုး... စားပါလေ့။ ညနေဘက် ဖျိုးဖျိုးဖျောက်ဖျောက်ကျတာလည်း ရှိတယ်။ ဈေးဝ တရုတ်တန်းလျားမှာ ဖွင့်တဲ့ ကိုပိန်ညှော့် လက်ဖက်ရည်ဆိုင်ကတော့ ကိုဘမောင်ဆိုင်နဲ့ ပြောင်းပြန်။ နေ့ခင်းနေ့လယ်မှ လူအထိုင်များတယ်။ မြင်းလှည်းဂိတ်ကလည်း ရှိတာကိုး။ မနက်ပိုင်းတော့ ကိုပိန်ညှော့်ဆိုင်က ခြောက်တောက်တောက်ပါပဲ။ မနက်ပိုင်း မြင်းလှည်းဆရာတွေ ခရီးသည်တွေနဲ့ ထွက်ကြရတာဆိုတော့ ဆိုင်မထိုင်အားကြတာလည်း ပါတယ်။ ကိုပါတောကတော့ မနက်ကို ရေနွေး၊ ည ရေအေးနဲ့ ကိုကြီးကျော် ငယ်ကမွေးတဲ့ ကြက်ဖောင်းလေဆိုတဲ့ နတ်ချင်းလိုပဲ။ မနက် ကိုဘမောင်၊ နေ့ခင်း ကိုပိန်ညှော့်နဲ့ သောက်လာတဲ့ လက်ဖက်ရည်၊ နှစ်တွေပဲ ရလှပေါ့။

"ကိုပါတောရေ လူခင်ချင်းမို့ ပြောရစေတော့။ ဂျပန်ခေတ်ကတည်းက ဖွင့်တဲ့ လက်ဖက်ရည်ဆိုင် ခုထိလည်း ဖွင့်ရတုန်းဆိုတော့ ကြာတော့ ငြီးသဗျာ။ ဂျပန့်ခေတ်ကတည်းက မနက်လေးနာရီ ထရတာ တွက်သာကြည့်တော့၊ သမီးနှောင်ရေးကြောင့်သာကိုး"

"ဟ... ကိုဘမောင်ရဲ့၊ လူ့ဘဝဆိုတာ ဒုက္ခတောကြီးဗျ။ ကြည့်ပါလား

ဟိုပုံပြင်ထဲက ဆင်းရဲသားမောင်နှမ သစ်ပင်ခုတ်တာဟာကော ဆင်းရဲသား မောင်နှမက ပိုက်ဆံကလေး တစ်ပြားတစ်ချပ်လုပ်ခနဲ့ သစ်ပင်တွေ ပင်ပင်ပန်းပန်း ခုတ်ပြီး နားရုံရှိသေး တောကြောင်နဲ့ မြွေပါ တက်ကစားလို့ သစ်ပင်တွေ ပြန်ထောင်ကုန်ရော။ သည်တော့ အစ်ကိုလုပ်သူက နှမလေးရေ ဆင်းရဲဇာတာရှည်ဦးမယ် ထင်ပါရဲ့။ ကြည့်ပါဦး ခုတ်ထားတဲ့ သစ်ပင်တွေက ပြန်ထောင်တယ်ဆိုတော့ ဒုက္ခများကြီးလိုက်တာပေါ့လေ။ သည်တော့ တောကြောင်နဲ့ မြွေပါက မင်းနှယ် ဒါက ဒုက္ခမခေါ်သေးဘူး၊ သူ့ထက်ကြီးတဲ့ဒုက္ခ လာလိမ့်ဦးမယ်။ ကမ္ဘာကြီးဟာ ရေဘေးနဲ့ ပျက်ရတော့မယ်။ သတ္တဝါတွေအားလုံး သေနိုင်တဲ့ ရေဘေးကြီး၊ သည်ရေဘေးက လွတ်ချင်ရင် ခုကတည်းက လော်လော်ဆီခွေးလုပ်ပြီး တက်နေကြတော့ဆိုတော့ မောင်နှမနှစ်ယောက် လော်လော်ဆီခွေးလုပ်ပြီး တက်နေကြသတဲ့။ လော်လော်ဆီခွေးဆိုတာ အခေါင်းထွင်းထားတဲ့ နွားစာကျင်းလို သစ်တုံးကြီးကို လီဆူးဘာသာနဲ့ ခေါ်တာဗျ"

"ဩော်... ကိုပါတောက လီဆူးဘာသာလည်း တတ်သကိုး"

"ဘာ ကလိမ့်မလဲဗျာ၊ ကမ္ဘာ့ဘာသာပေါင်းစုံကို တတ်ကျွမ်းထားမင့်ဟာ၊ မာဂဓဘာသာတောင် ကျုပ်က တတ်ထားတာ၊ လူ့စကားတော့ ပြောမနေနဲ့တော့"

ကိုဘမောင်ပြောတဲ့ သမီးဆိုတာက အပျိုကြီး။ ရုပ်ကလည်း တင့်တယ်ရှာပါရဲ့။ ဖအေကြီးနဲ့အတူ မနက်မိုးလင်းက မိုးချုပ် တကုပ်ကုပ်နဲ့ ကူရှာပါရဲ့။ လက်ဖက်ရည်ဆိုင်ပစ္စည်း မြို့ဈေးပြေးဝယ်တော့လည်း သည်ကလေးမပဲ။ သို့သော်လည်း မအေမရှိရှာတော့ ဖအေတန်းလန်းနဲ့ အိမ်ထောင်မပြုချင်လို့နဲ့ တူပါရဲ့။ အရွယ်ကလေးတောင် ရလှပါပြီ။ နာမည်က မအေးခင်တဲ့။ သည်အရွယ်သာ ရောက်ကရော ရည်းစားသနာရယ်လို့လည်း မရှိဘူး။ နေအရုဏ်မြင်ပေမယ့် ဆွမ်းပွဲ မပြင်ဝံ့ရှာဘူးပေါ့လေ။ အဲသလိုနဲ့ ဘဝမှာ လက်ဖက်ရည်ဆိုင် နှစ်ဆိုင်နဲ့ နေကုန်နေရတဲ့ ကိုပါတောဟာ သည်လက်ဖက်ရည်ဆိုင် နှစ်ဆိုင်ကြောင့်ပဲ ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခု ကြုံခဲ့ရတယ် ပြောပါတော့။

(၅)

တစ်နေ့လယ် ကိုပါတော ကိုပိန်ညှော်ဆိုင်မှာ တစ်ယောက်တည်း ငေါင်းငေါင်းကြီး ထိုင်နေတယ်။ သူ့ရှေ့က လက်ဖက်ရည်ခွက်ထဲ ယင်ကောင်နှစ်ကောင် ကျနေတာကို မီကျောင်းများ ရေစပ်က ဗျိုင်းအောက်ကို ချောင်းသလို စိုက်



ကြည့်နေတာပါ။ ဆိုင်ထဲမှာ လူမရှိသေးဘူး။ မြင်းလှည်းဆရာတွေလည်း ရောက်မလာသေးဘူး။ တမာပင်က တမာရွက်တွေ တဖျောဖျောကြွေတဲ့ ရာသီဆိုတော့ အိုက်လောင်လောင်ကြီး။ ရာသီဥတုကြောင့် ထင်ပါရဲ့။ ခုတလော ကိုပါတော နေရတာ မကောင်းဘူး။ စိတ်ပြေလက်ပျောက် စောစောထွက်လာပြီး ထိုင်နေတာပေမယ့် စိတ်က လန်းမလာဘူး။

"ကိုပါတော ခင်ဗျားနဲ့ စကားပြောချင်နေတာနဲ့ အတော်ပဲ။ ကျွန်တော့်ဗျာ စိတ်ထဲ တနုံ့နုံ့နဲ့ ဘယ်သူ့ပြောရမှန်းလည်း မသိဘူး။ နောက်တော့ ကိုပါတော ပြောရင်တော့ နှုတ်လုံမယ်ဆိုတာ စဉ်းစားမိတယ်။ ဒါမျိုးက ပြောလည်း ပြောရမယ့်ကိစ္စ၊ မပြောလို့လည်း မဖြစ်ကိုးဗျ"

သူ့အနား ဖြုန်းခနဲရောက်လာတဲ့ ကိုပိန်ညှော်က ဆိုင်းမဆင့်ဗုံမဆင့် သည်စကားပြောလိုက်တော့ ကိုပါတော လန့်တောင်သွားတယ်။ ဘာများပါလိမ့်။ ကိုပိန်ညှော်က သူ့ဆိုင် လက်ဖက်ရည်သောက်ခဲ့တဲ့ တစ်လျှောက်လုံး သည်လို တစ်ခါမျှ ပြောဖူးတာလည်း မဟုတ်ဘူး။ စိတ်ထဲ တနုံ့နုံ့လည်း ဖြစ်နေသတဲ့။ နှုတ်လုံမယ်ဆိုတာလည်း သိသတဲ့။ ဒါမျိုးက ပြောလည်း ပြောရမယ့်ကိစ္စ။ မပြောလို့လည်း မဖြစ်ဘူးတဲ့။ တော်တော်တော့ ထူးဆန်းသားပါကလား။ ကိုပါတောက လေးနက်တဲ့စကား ကြားရတော့မယ်ဆိုတာသိတော့ သူကလည်း လေးနက်တဲ့ မျက်နှာခံကြီးနဲ့ လက်ဖက်ရည်ကို ကောက်မော့တယ်။ ယင်ကောင်နှစ်ကောင်ပါ ပါသွားတာပါပဲ။

"ပြောပါကွ မောင်ပိန်ညှော်ရဲ့။ သည်ရွာထဲမလဲ မင်းသိတဲ့အတိုင်း အကုန်လုံးက ထောင်းမနာ ကြိတ်မနာတွေချည်းပဲ။ ဆုံမတပ်ဘဲ နဘက် (နှမ်းဖတ်) ကြိတ်ချင်ကြတာတွေကိုတော့ တိုင်ပင်စရာရှိလို့ကတော့ ပြောသာပြော။ မင်းဟာက ဘာနဲ့တူတုန်းဆိုတော့ ရှေးတုန်းက ဝေဠုဝတီမင်းသမီး"

"နေဦးဗျ၊ တော်ကြာ လက်ဖက်ရည်သောက်မယ့်သူတွေ လာတော့မယ်။ ခင်ဗျားပုံပြင်က နောက်မှပြော၊ သည်လိုဗျ"

ကိုပိန်ညှော်က နာမည်နဲ့လိုက်အောင် ပိန်လိုက်တာ လမ်းသွားရင်တောင် ချလောက် ချလောက် မြည်နေတတ်တယ်။ မျက်နှာကလည်း ရှုံ့တွတွ၊ သည်ကြားထဲ ဆစ်ကြီးငေါ်ကြီးနဲ့။ သည်ကြားထဲ မွေးရာပါ ပန်းနာရင်ကျပ်ကလည်း ရှိတော့ စကားမှ မပြောရသေးဘူး အဆုတ်ထဲ လေအရင်သွင်းနေရတယ်ဆိုတဲ့လူ။ ကိုပိန်ညှော်က သည်ရွာသားတော့ မဟုတ်ဘူး။ အရင်က မိန်းမရဖူးသလိုလို ကြားဖူးပေမယ့် သေသေချာချာတော့ ဘယ်သူမှ မပြောနိုင်ဘူး။ ရွာထဲက အိမ်

တစ်အိမ်မှာ အဖီကလေးတစ်ခြမ်းငှားပြီး လက်ဖက်ရည်ဆိုင်ဖွင့်ရာက စီးပွားလေး ဖြစ်လာတော့ ကိုယ်ပိုင်ကလေး ဖြစ်ရော။ ကိုပိန်ညှော် ရွာကို လက်ဖက်ရည် ဆိုင်လာဖွင့်တော့ ရွာခံလက်ဖက်ရည်ဆိုင်ရှင် ကိုဘမောင်က မကြည်သာဘူး။ ရွာကလေး တစ်ထွာ တစ်မိုက်မှာ လက်ဖက်ရည်ဆိုင် နောက်တစ်ဆိုင် မလိုပါဘဲနဲ့ သင်း ရွာကိုလာပြီး ကပ်ဖွဲ့တိုက်တာပဲလို့ ထင်တာလည်း ပါတယ်။ ကိုပါတောက လူ့သဘာဝတွေကို သိပါတယ်။ ဒါမျိုးက ပုံပြင်တွေမှာ ပါခဲ့သလိုပေါ့။ ဒါပေမယ့် ကိုပါတောက အနေသာကြီးပဲ။ လက်ဖက်ရည်ဆိုင်နှစ်ဆိုင် ဖြစ်လာလေ အပြိုင် အဆိုင်သဘောပါလေ၊ လက်ဖက်ရည် ကောင်းလေကိုး။ တစ်ခါတစ်ခါ ကိုဘမောင် က ကိုပိန်ညှော် အတင်းပြောတတ်သလို၊ ကိုပိန်ညှော်ကလည်း ကိုဘမောင်အတင်း သူ့ပြောနေတာပဲ။ ကိုပါတောကတော့ သူ့နားထဲမှာတင် ထားလိုက်တာပါပဲ။ အရေးမှမကြီးဘဲကိုး။ ခုလည်း လာပြန်ပြီ။ သည်တစ်ခါ ဘာများပါလိမ့်။

"သည်လိုဗျ ကိုပါတောရဲ့။ ကျွန်တော့်မှာ လျှို့ဝှက်ထားရတာလေး တစ်ချက်က တော်တော့်ကို ဒုက္ခပေးနေတယ်။ တစ်ရွာသားကလည်းဖြစ်တော့ သည်က ရွာခံတွေကို ပြောဖြစ်တာလည်း မဟုတ်ဘူး။ သည်တော့ နှုတ်တော့ လုံမယ့်လူလည်း ဖြစ်ရမယ်။ ကျွန်တော့်ကိုလည်း အကြံဉာဏ်ပေးနိုင်ရမယ်။ ကျွန်တော်ကလည်း ယုံယုံကြည်ကြည် ပြောနိုင်ရမယ်ဆိုတဲ့လူရှာတော့ ကိုပါတော ကိုပဲ တွေ့တာကိုးဗျ"

"လိုရင်းသာပြောပါလေ၊ မောင်ရင့်ဟာက ဘာနဲ့အလားသဏ္ဌာန်တူသလဲ ဆိုတော့..."

"ပြောမယ်၊ ပြောပါမယ်။ ပြောချင်လို့ကို စကားစတဲ့ဟာဗျာ။ သည်လိုဗျ စကားတော့ တည်ပါစေနော။ နို့မို့ ကျုပ် သည်ရွာက ပြေးရမှာ ကိုပါတောရဲ့။ ခင်ဗျားတစ်ယောက်တည်း ပြောတဲ့စကားနော်"

"ကိုင်းပါလေ မောင်ရင့်ဟာက ကျုပ်ကို မယုံမှတော့လည်း မပြောပါနဲ့ တော့။ ချုပ်တည်းသူတို့ရဲ့ မှိန်ရာသည် ကတိတဲ့။ ချုပ်တည်းတဲ့နေရာမှာ လိပ် ခေါင်း ဖြစ်နေတာတောင် မိန်းမက ခုထိ မသိဘူး။ ကိုင်း... ရှင်းရော"

သည်တော့မှ ကိုပိန်ညှော်က စကားတချို့ ခပ်တိုးတိုး ပြောတယ်။ ကိုပါတောက မရှင်းတာကို ထပ်မေးတယ်။ ကိုပိန်ညှော်က အင်မတန် မြူးထူး တဲ့ လေသံနဲ့ ပြောနေတာပါ။ ကိုပိန်ညှော်က မြူးထူးသလောက် ကိုပါတောက မျက်နှာကြီး တည်ထားတယ်။ သည်စကားဟာ အရေးကြီးတယ်။ ဟုတ်ရင် ကောင်းရဲ့၊ မဟုတ်ရင် မိုးကြိုးပစ်နိုင်တယ်။ သည်တော့ သက်သေသက္ခာယ



မယ်လို့ တောင်းဆိုတော့ ကိုပိန်ညှော်က စာရွက်တစ်ရွက်နဲ့ ဓာတ်ပုံတစ်ပုံ တယ်။ စကားအသွားအလာရော သက်သေရော ခိုင်လုံနေတယ်။

"ကိုပါတောရာ ကျွန်တော်က တော်တော့်ကို စွန့်ပြောရတာပါ။ ဝမ်းလည်း ရဲ့၊ လူသိလို့ကလည်း မဖြစ်၊ အဲ... မဖြစ်သေးဘူးပေါ့ဗျာ။ မိန်းကလေး ဖအေရှိနေသရွေ့တော့ သည်းခံပါဆိုတော့ သည်ကိစ္စကြီးက ဘယ်လောက် အောင် အောင့်ထားရမယ်မှန်း မသိဘူး။ ရင်ထဲ ကျပ်လွန်းလာတာနဲ့ ထုတ် ရတာပါဗျ အဟွပ်... အဟွပ်"

အချစ်ဟာ လူတွေကို ကဗျာဆရာ ဖြစ်စေနိုင်ပေမယ့် ပန်းနာရင်ကျပ် မပျောက်ဘူးနဲ့ တူပါရဲ့။ ကိုပိန်ညှော်က ပြောရင်း ချောင်းတွေဆိုးလာ ကိုပါတောက နောက်ကျောဖိပေးလိုက်ရသေးတယ်။ လောကမှာ မဖြစ်နိုင် မရှိဘူး။ မဖြစ်သေးတာပဲ ရှိတယ်ဆိုတာလိုပဲ။ သည်သတင်းဟာ မှန်ရင် အံ့သြစရာပေပဲလို့ နှိပ်ပေးရင်းက ကိုပါတော တွေးတယ်။ ဘုရင့်သား နဲ့ ဘောဂဝတီ နဂါးပြည်က နဂါးမင်းရဲ့ သမီးတော်တောင် ညားကြသေး ကိုပိန်ညှော် ကိုဘမောင်သမီး မီနီးမချော မအေးခင်နဲ့ မေတ္တာရှိကြပြီဆို ဘာဟုတ်လိမ့်မလဲ။ လူနဲ့ လယ်ပုဇွန်လည်း ချစ်ခဲ့ကြဖူးတယ်။ ရွှေသမင် ကြီးကန်းလည်း ညားခဲ့ကြဖူးတယ်။ လိပ်ပြာမယ်နဲ့ ကိန္နရာလည်း ကြိုက်ခဲ့ ပဲ။ အခုဟာကတော့ ဖုတ်ပြိတ္တာနဲ့ သူယောင်မယ်လို ဖြစ်နေတာဆိုတော့ ါတောလို ပုံပြင်ဝိဇ္ဇာတောင် နည်းနည်းတော့ အံ့သြရတာလည်း အမှန်ပဲ။ င်းတာကလေးလည်း မေးရတယ်။

"နေပါဦး၊ မင်းတို့က ဘယ်မှာတွေ့လို့ ဘယ်မှာ မေတ္တာရှိကြတာတုန်း"

"လက်ဖက်ရည်ပစ္စည်း သွားဝယ်ရင်း မြို့မှာတွေ့ကြရာက ကြာတော့ တ္တာရှိလာကြတာ ကိုပါတောရဲ့။ ဘဝက ရေစက်ထင်ပါရဲ့ခင်ဗျာ။ ပြောရာ ယ်။ အဖေနဲ့ ရွာကသာသိရင် ကျွန်မတော့ ရင်ကျိုးရမှာပါ။ မနီးစပ်ခင်အထိ တော့ သစ္စာကို မြဲမြဲကြီးစောင့်ပါတဲ့။ နှုတ်ကျွံရင်တော့ ဝေးကြပြီမှတ်ပါတဲ့"

မကြာခင်မှာပဲ မြင်းလှည်းဆရာတွေ ဝင်လာတော့ စကားလည်း ပြတ် းတာပါပဲ။ ဖျော်ခုံကိုသွားပြီး ကလောက်ကလောက်နဲ့ ဖျော်နေရပေမယ့် က်နှာက ပြုံးပြုံးကြီး။ ဒါမျိုးဆိုတာ ပြောရတာ အင်မတန် အရသာရှိတဲ့ကိစ္စ ဟုတ်လား။ အချစ်ဓာတ်ပူးနေခိုက်ဆိုတော့ မန္တန်ဓာတ်လုံးအစွမ်းနဲ့ ကောင်းကင် နိုင်တဲ့ ဝိဇ္ဇာမိုရ်များလို ဘဝင်စိတ်ဟာ ကောင်းကင်က မကျနိုင်တာကိုလည်း ပါရဲ့။ သည်စကားတွေ ရင်ဖွင့်ပြီးကတည်းက ကိုပါတောလည်း ကိုပိန်ညှော် က်ဖက်ရည်ဆိုင်မှာ 'ဖရီးမင်းဘာရှစ်' ရသွားတာပါပဲ။

ခက်တာက ကိုပိန်ညှော်ကလည်း သူ့လျှို့ဝှက်ချက်ကိုပြောပြီး သူကလည
သည်ကိစ္စမှာ သီလရှိတဲ့ သီလဝန်ပုဂ္ဂိုလ်နေရာရပြီ။ ဘယ်သူ့မှ မပြောပါ
ဆိုတဲ့ သစ္စာလည်း ပေးခဲ့မိပြီ။ သစ္စာဆိုတာသည်ကား ဘဝကမ္ဘာ အသ
ကြာသော်လည်း တစ်ရံတစ်ဆစ်မျှ မဖောက်မပြန် မှန်ကန်စွာ တည်ရမ
ကိစ္စဆိုတာလည်း ကိုပါတော သိပါရဲ့။ ကိုဘမောင်ဆိုတာကလည်း မိတ်ဆွေ
ကိုး။ မိတ်ဆွေကောင်းဆိုတာ စိတ်ဆိုးသော်မှဆိုးစေတော့၊ ပြောစရာရှိတာ ပြေ
ပါမှ ကောင်းတော့မပေါ့။ ပြောကလည်း ပြောချင်တယ်။ မနက် လက်ဖက်ရ
သောက်လို့ ကိုဘမောင်ရော သမီးဖြစ်သူ မအေးခင်ရော တွေ့နေရတာဆိုတေ
စိတ်ကို တော်တော် ဖိချုပ်ထားရတာကလည်း မနက်တိုင်းကိုး။ မနိုင်းကော
နိုင်းကောင်း အရိယာပုဂ္ဂိုလ်များ ခိဋ္ဌာန်သောအားဖြင့် စိတ်၊ စေတသိက်၊ စိ
ဇရုပ်ကို ချုပ်ငြိမ်းအောင် အားထုတ်တော်မူကြသလိုပဲ။ သူ့မှာ မနိုင်မနင်း ချ
တည်းနေရသလို ဖြစ်လာတယ်။ သည်စိတ်ဟာ ကိုပါတောမှာ တစ်နေ့ထ
တစ်နေ့ ဖိစီးလာတော့ စိတ်ကလေးမှ ပွင့်ပါစေတော့ရယ်လို့ မယားဖြစ်
မစောရင်ကို ဖွင့်ပြောဖို့တောင် ကြံမိတဲ့အထိပဲ။ ဒါပေမယ့် ကိုပါတော မျိုသိ
တယ်။ မယားရယ်မှ မဟုတ်ပါဘူး။ ဘယ်သူ့မှ မပြောဘဲ သူ့စိတ်ထဲမှ
ကျိတ်ပြီး ‘အောင်း’ ထားတာပါပဲ။ ဖွင့်ပြောမိပါပြီတဲ့၊ ရွာက သိကြပါပြီတဲ့
ကိုဘမောင်ကိုယ်တိုင် သိပါပြီတဲ့။ သည်ကိစ္စဟာ ဘယ်လောက်များ အရေးကြီ
လို့တုန်း။ လူယောကျာ်းနဲ့ လူမိန်းမ အချင်းချင်း ဝင့်သုံးပါးမှာ စပ်ယှဉ်တတ်
တရားပဲဟာ၊ ဖွဲ့ချည်တတ်တဲ့ တရားပဲဟာ၊ တွယ်တာတတ်တဲ့ တရားပဲဟာ
မဆန်းဘူး။ ဘာမှမဆန်းဘူး။ ကိုဘမောင်ကိုယ်တိုင်တောင် တစ်ပါးသော မိန်း
နဲ့ ယှဉ်စပ် ဖွဲ့ချည်တွယ်တာခဲ့လို့ သမီး မအေးခင်ကိုတောင် ထွန်းကားခဲ့ပေ
ဟာ။ သူ့သမီးကျတော့မှ ကံအလိုကျ မဟုတ်ဘဲ၊ ဘမောင် အလိုကျ ဖြစ်ချ
လို့ ရပ့်မလား။ ဒါက ကိုပါတော တစ်ခါတစ်ခါ တွေးမိတဲ့စိတ်။

“မဟုတ်သေးဘူး ပါတော၊ မဟုတ်သေးဘူး။ သည်ကိစ္စဟာ အလွန်တ
မှန်းတီးစက်ဆုပ်နေကြတဲ့ လူနှစ်ယောက်ရဲ့ ပြဿနာဖြစ်နေတယ်။ ဝိရော
မဟုတ်တော့ဘဲ ပဋိပက္ခဖြစ်နိုင်မယ့် မီးတောက်လည်း ဖြစ်တယ်။ ဘာမှမဟု
တဲ့ ပြဿနာကလေးကြောင့် ကျီးကန်းနဲ့ ဇီးကွက်ဟာ ကမ္ဘာ့ရန် ရှိခဲ့ကြဖူးပြီ
ချစ်ခြင်းဆိုတဲ့ ‘ပေမ’ ကြောင့် စိုးရိမ်ခြင်း ဖြစ်ကြရတယ်။ ဘေးရန်ဖြစ်ကြ
တယ်။ သည်ကိစ္စမှာ ကိုယ့်ပယောဂ မပါအပ်ဘူး”

ဒါကလည်း ကိုပါတောက စဉ်းစားတာပါပဲ။ သည်ကိစ္စမှာ ကိုပိန်ညှေ





လည်း ဘယ့်နှယ့်မှ မနေဘူး။ ချောင်းဆိုးတောင် မပျက်ဘူး။ မအေးခင်
လည်း လက်ဖက်ရည်ဆိုင်အလုပ် အိမ်ဝေယျာဝစ္စအလုပ်နဲ့ ခေါင်းမဖော်နိုင်
။ သို့သော်လည်း ကိုပါတောမှာတော့ ကြားထဲက အာပေါနဲ့ ပထဝီနှစ်ပါး
သလို လေးလံထိုင်းမှိုင်းနေရပြီ။ တစ်နေ့ထက်တစ်နေ့ ကတုန်ကယင် ဖြစ်
တယ်။ ရင်တွေ တလှပ်လှပ်နဲ့ ဆို့မောကြီး မောလာတယ်။ ချွေးစေးတွေ
လာရာက အာခေါင်တွေ ခြောက်လာတယ်။ ဆံပင်တွေ ထောင်ထလာလိုက်
ဘယ်လိုဖြီးဖြီး မပိတော့ဘူး။ လည်ချောင်းထဲမှာ ဘာရယ်လို့သာ မသိတယ်၊
းစခုကြီး ခံနေတာ ဂုံညင်းဒိုးလောက်ရှိတယ်။ လျှာတွေထူလာပြီး သွားတွေ
င် နဲ့လာတယ်။ ပါးစပ်တစ်ဝိုက်မှာ အပူနာတွေ ပေါက်လာလိုက်တာလည်း
မကောင်းဘူး။ ပြောချင်လျက်နဲ့ မပြောရတဲ့အခါ ဖြစ်ရတဲ့ မောက်မာခြင်း
အရာဟာ ကိုပါတော မျက်နှာပေါ်က မဆင်းတော့ဘူး။ ဟိတ်နှစ်ပါးပါတဲ့
နဲ့ လူဖြစ်ရသလို ဘယ်လိုက်လို့ လိုက်ရမှန်းမသိဘဲ ရောဂါ သည်းသည်
က် သည်းလာတယ် ပြောပါတော့။ ပြီးတော့ သည်မှာတင် ရပ်နေတာ မဟုတ်
ဘူး။ နေ့လယ်ဘက် ကိုပါတော ရောက်လာလို့ လူရှင်းရင် ရှင်းသလို
ပိန်ညှော်က နှလုံးသား တိုးတက်မှု အစီရင်ခံစာအသစ်တွေ တင်လာတော့
င်းအချက်အလက်တွေ များလာတယ်။ လျှို့ဝှက်ချက်တွေလည်း များလာ
ယ်။ သည်တော့ စောင့်ထိန်းရမယ့် တာဝန်ကလည်း လိုက်ကြီးလာတာပါပဲ။
လ နှစ်လက ငါးလ ခြောက်လလောက် ဖြစ်လာတော့ ကိုပါတော စောစော
ပြောခဲ့တဲ့ နိမိတ်လက္ခဏာတွေ ပိုလို့သာ တိုးလာပါရော။ ကိုပိန်ညှော်က
လျှို့ဝှက်ချက်ကို ရင်ဖွင့်တာမျိုးနဲ့ ဘွိုင်လာအိုး လေပေါက်လျှော့သလို လျှော့
တာကတော့ ဟုတ်ပါပြီ။ ကိုပါတောကျတော့မှ လေပေါင်မလျှော့ရဆိုတော့
ဟာ မတရားတာပဲလို့ ကိုပါတော မြင်လာတယ်။ မိုးလင်းက မိုးချုပ် လုပ်
ုးနေတဲ့ မယားကိုတောင် မပြောရလောက်အောင် ဖြစ်နေတော့ ကြာတော့
ယ်း မခံနိုင်ဘူးပေါ့လေ။ ဒါပေမယ့် မပြောရသေးဘူး။ ဘယ်သူ့မှ မပြောရသေး
။ သည်တော့ ကိုပါတော စဉ်းစားရပြီ။ သည်တော့ ပေးထားတဲ့ ကတိ
ာလည်း မပျက်ပြယ်အောင် ရင်ထဲက အကျိတ်အခဲလည်း ကျေအောင် ဘာ
်ရမလဲ စဉ်းစားရပြီ။ စဉ်းစားတယ်ဆိုပေမယ့် များများကြီး စဉ်းစားဖို့ မလို
ူး။

တစ်ရက် မစောရင် ဈေးထွက်တာနဲ့ ခြံထောင့်မှာ ကျင်းကြီးတစ်ကျင်း
တယ်။

တစ်ခါတုန်းက ယူဂိုဆလပ်ဗ်ပြည်မှာ ဇာဘုရင်ကြီးတစ်ပါး ရှိတ
ဇာထရိုဂျန်လို့ ခေါ်ကြတယ်။ သည်ဇာဘုရင်ရဲ့ နားရွက်တွေက ထူးထူးဆန်း
ဆိတ်နားရွက်တွေ ဖြစ်နေသတဲ့။ နေ့တိုင်း ဆံပင်ညှပ်သမားနဲ့ ဆံပင်ညှပ်
ဇာဘုရင်က ဆံပင်ညှပ်ပြီးတာနဲ့ ဆံပင်ညှပ်သမားကို မေးခွန်းမေးလေ့ရှိတ
မင်း ဘာကို သတိထားမိသလဲပေါ့လေ။ ဆံပင်ညှပ်သမားကလည်း သူ
တာ သူပြောတာပေါ့။ ကျွန်တော်မျိုးကြီးတော့ ဆိတ်နားရွက်တွေ တွေ့
ဘုရားပေါ့။

သည်စကားကြားတော့ ဇာထရိုဂျန်က သည်ဆံပင်ညှပ်သမားကို ကွပ်
စေ အမိန့်ပေးတယ်။ တိုတိုပြောရရင် ဆံပင်ညှပ်ဆရာ တော်တော်များများ
သည်လိုဖြေတိုင်း အကွပ်မျက်ခံနေကြရတော့ ဆံပင်ညှပ်ဆရာ တိုင်းပြည်
မရှိသလောက် ဖြစ်သွားတယ်။ ဆံပင်ညှပ်ဖို့ ရွှေနန်းတော်က ခေါ်တယ်
တာနဲ့ ဆံပင်ညှပ်ဆရာတွေ မသွားဝံ့ကြတော့ဘူး။ ဘုရင်ကြီး ထရိုဂျန်က
ညှပ်ပြီးတာနဲ့ မေးခွန်းမေးတယ်။ မှန်အောင်မဖြေတော့ သတ်တယ်ဆိုတာလေ
သိကြတော့ သူတို့လည်း မသွားဝံ့ကြဘူးပေါ့လေ။ တစ်ရက်တော့ ဆံပင်
ဆရာတစ်ယောက်က သူ့အလှည့်မှာ နေမကောင်းချင်ယောင်ဆောင်ပြီး လက်
တပည့်ကို လွှတ်လိုက်တယ်။ သင်းထိုက်နဲ့ သင်းကံပေါ့လေ။ ဇာဘုရင်
ကလည်း သိတယ်။ မောင်မင်းရဲ့ဆရာက ဘာကိစ္စမလာရတာလဲ။ ငါကိုယ်တော်
ခေါ်တာတောင် မလာရအောင် ဘာသဘောလဲလို့လည်း မေးတယ်။ သည်
လက်သင်တပည့်က သူ့ဆရာလွှတ်အောင် ဖြေရတာပေါ့။ ဆရာ နေမကော
လို့ ကျွန်တော်မျိုး ရှေ့တော်မှောက် ရောက်ရပါတယ်။ ကျွန်တော်မျိုးဟာ
ကောင်းကောင်းညှပ်တတ်သူပါ။ အရှင်မင်းကြီးသာ ဆံပင်ညှပ်ခံပေါ် တက်
မူပါလို့ လျှောက်တင်တယ်။ ဇာဘုရင်က ကျေနပ်သွားတာနဲ့ အညှပ်ခံ
ဆံပင်လည်းညှပ်ရော ဆံပင်ညှပ်ဆရာလေးက ဘုရင်ကြီးနားရွက်ဟာ
နားရွက်တွေ ဖြစ်နေတာ တွေ့ပြီ။ ဆံပင်လည်း ညှပ်ပြီးရော ဇာဘုရင် ထ
က ထုံးစံအတိုင်း မေးနေကျမေးခွန်းကိုပဲ မေးတယ်။

"မောင်မင်း ဆံပင်ညှပ်တဲ့အခါ ဘာကို သတိထားမိသလဲ"

"ဘာမှလည်း မတွေ့ပါလားအရှင်၊ သူတကာလိုပါပဲ"

ဇာထရိုဂျန်က သိပ်သဘောကျသွားတယ်။ ရွှေဒင်္ဂါး ၁၂ အောင်စ
တယ်။ ဇာထရိုဂျန်ရဲ့ လက်သုံးတော် ဆံပင်ညှပ်ဆရာအဖြစ်လည်း တစ်ခါ
ခန့်တော်မူတယ်။ အိမ်ရောက်တော့ ဆရာလုပ်သူက လက်သင်တပည့်



ကို ဆီးမေးတယ်။ အဆင်ပြေရဲ့လား၊ ဘုရင်ကြီးက ဘာမေးခွန်းမေးတာလဲ။ မင်းကကော ဘာတွေဖြေခဲ့တာလဲ စသည်ဖြင့် မေးတာပါ။ လက်သင် ဆံပင်ညှပ်ဆရာလေးက ဆိတ်နားရွက်တွေ တွေ့တာကို မပြောဘဲ ကျန်တာ အကုန်ပြောပြတယ်။ နေ့စဉ် ရွှေစင် ၁၂ အောင်စ ရမယ့်အကြောင်း၊ သူညှပ်တာကို ကြိုက်တဲ့အကြောင်းကအစ သူ့ကို ရွှေနန်းတော်ကြီးရဲ့ ဘုရင့်ဆတ္တာတော် ခန့်လိုက်တာတွေအဆုံး အကုန်ပြောပြတယ်။ အဲသည့်ကတည်းက နေ့စဉ် နန်းတော်ကို ဆံပင်သွားညှပ်တယ်။ နေ့စဉ် ရွှေစင် ၁၂ အောင်စ ရတယ်။ ဇာဘုရင်ကြီးရဲ့ ဆိတ်နားရွက် လျှို့ဝှက်ချက်ကိုတော့ ဘယ်သူ့မှ မပြောဘူး။ နှုတ်လုံလိုက်တာ ရေငုံထားတဲ့အတိုင်းပဲ။ ဒါပေမယ့် လချီကြာလာတော့ မနေနိုင်တော့ဘူး။ စိတ်ဖိစီးမှု ကြီးလာတယ်။ ဖုံးထားရတာကြာတော့ လူတကာကို ဖွင့်ပြောချင်လာတယ်။ ပြောမိရင်လည်း ကွပ်မျက်ခံရတော့မယ်။ ကြာတော့ 'အောင့်အည်း'ပါ များလွန်းလို့ တစ်နေ့တခြား ပိန်ပိန်လာပါလေရော။ ဒါကို ဆရာဖြစ်သူက ရိပ်မိတော့ မေးတာပေါ့။ မေးတော့ ဆရာဆိုတော့ အလုံးစုံ ဖွင့်ပြောလိုက်တယ်။ သူ ခံစားရတာကိုလည်း ပြောပြတယ်။

"ဆရာကတော့ ဘယ်သူမှ မပြောပါဘူးကွာ၊ စိတ်ချပါ။ ဆံပင်ကိုလည်း မင်းပဲ ညှပ်ပါ။ ရွှေကိုလည်း မင်းပဲယူပါ။ ဒါမှ မင်းစိတ်ထဲမှာ ဖိစီးနေသေးတယ်ဆိုရင် မြို့စွန် ကွင်းပြင်ထဲမှာ ကျင်းတစ်ကျင်းတူးပါ။ ခေါင်းကို ကျင်းထဲထိုးနှစ်ပြီး မင်းရင်ထဲက ပြောချင်တာကို သုံးခါအော်ပြောပါ။ ပြီးရင် ကျင်းဝကို ပြန်ပိတ်ခဲ့။ ဒါဆိုရင် မင်း ရင်ချောင်နိုင်ပြီပေါ့"

ဆံပင်ညှပ်ဆရာလေးက ဆရာအကြံပေးတဲ့အတိုင်း မြို့စွန် ကွင်းကြီးထဲမှာ ကျင်းတူးတယ်။ ခေါင်းနှစ်ပြီး သုံးခါ သုံးခါ အော်တယ်။ "ဇာဘုရင်ထရိုဂျန်မှာ ဆိတ်နားရွက်တွေနဲ့ဗျို့" လို့ အော်တာပါ။ သုံးခါအော်တာ။ ပြီးတော့ ကျင်းကို ပြန်ပိတ်ခဲ့ရော။ သည်မှာတင် သူလည်း နေသာထိုင်သာ ရှိသွားတော့တာပါပဲ။ မကြာခင်မှာပဲ မြေကျင်းကလေးထဲက သစ်ပင်လေးတစ်ပင် ပေါက်လာတယ်။ သစ်ရွက်ကလေး သုံးရွက်ထွက်လာတယ်။ တစ်ရက်တော့ သည်သစ်ပင်ကို သိုးကျောင်းသားတစ်ယောက်က တွေ့ရော။ တွေ့တာနဲ့ ကိုင်းတစ်ကိုင်းဖြတ်ပြီး ပလွေကလေးတစ်ချောင်း လုပ်တယ်။ ပလွေကလေးကိုလည်း မှုတ်လိုက်ရော ဂီတသံတွေ မထွက်ဘဲ လူအော်သံတစ်သံပဲ ထွက်လာတယ်။ "ဇာဘုရင်ထရိုဂျန်မှာ ဆိတ်နားရွက်တွေနဲ့ဗျို့" တဲ့။ သိုးကျောင်းသားလေးက တစ်ဆင့် သည်သတင်းဟာ တိုင်းပြည်ထဲမှာ ပြန့်သွားတော့တာပါပဲ။ နန်းတော်

ကလည်း သည့်သတင်းရတော့ ဆံပင်ညှပ်ဆရာလေးကို ချက်ချင်းခေါ်ခိုင်းလိုက်တယ်။ ဇာထရီဂျန်က ဒေါသတကြီး အော်တော့တာပါပဲ။ သူ့ကို အရူးခွဲရ ကောင်းလားဆိုပြီး ချက်ချင်းပဲ ဓားရှည်ကို ဆွဲထုတ်တယ်။ ဆံပင်ညှပ်ဆရာလေးက ကြောက်ကြောက်နဲ့ သူလုပ်ခဲ့သမျှ အားလုံး အမှန်အတိုင်း လျှောက်တင်ရတော့တာပေါ့။ သတ်ရင်လည်းသေ ထားရင်လည်းနေကိုး။ ဒီလျှောက်တင်သံကြားတော့မှ ဇာထရီဂျန်က စီးနေကျ ရထားကိုခေါ်ပြီး ဆံပင်ညှပ်ဆရာလေးနဲ့အတူ သစ်ပင်ကို သွားကြည့်တယ်။ သစ်ကိုင်းက တစ်ကိုင်းကျန်တော့တာပါ။ ဒါနဲ့ ပလွေလုပ်ခိုင်းပြီး မှုတ်စေတယ်။

"ဇာဘုရင် ထရီဂျန်မှာ ဆိတ်နားရွက်တွေနဲ့ဗျို့" တဲ့။

ဇာဘုရင် ထရီဂျန်က လောကမှာ ဘယ်ဟာမှ လျှို့ဝှက်ထားလို့ မရပါလားဆိုတာ သဘောပေါက်သွားတာပါပဲ။ ဆံပင်ညှပ်ဆရာလေးကိုလည်း လွတ်ငြိမ်းခွင့်ပေးပြီး နောက်တစ်နေ့ကစလို့ ဘယ်ဆံပင်ညှပ်ဆရာမဆို လာညှပ်နိုင်တဲ့အကြောင်း တိုင်းပြည်ထဲမှာ မောင်းခတ်စေတယ်။

(၇)

ကိုပါတော သည်ပုံပြင်ကို သတိရလိုက်ရာက ချက်ချင်း ကျင်းတစ်ကျင်း ထတူးတာပါ။ အခုဟာက ဇာဘုရင်ထရီဂျန်ကို ဆံပင်ညှပ်ပေးရတဲ့ ဆံပင်ညှပ်ဆရာထက် ဆိုးတာပေါ့။ ဆံပင်ညှပ်ဆရာကမှ ဆိတ်နားရွက်ကိစ္စတစ်ခုတည်း သိတာမဟုတ်လား။ ကိုပိန်ညှော်နဲ့ မအေးခင်အကြောင်း ကိုပါတော သိတာနည်းမှ မနည်းတော့တာ။ တစ်နေ့ကို နေ့လယ်ဘက် လက်ဖက်ရည်ကလေးတစ်ခွက် အလကားသောက်ရပါမယ့်အကြောင်း လျှို့ဝှက်ချက်ဆိုတာတွေကို ဘယ်သူ့မှ မပြောရဘဲ အချိန်ကာလတစ်ခုအထိ အောင့်အည်းထားရမယ်ဆိုတာ သဘာဝမှ မကျဘဲနဲ့။ ကိုပါတောခမျာလည်း ပုံပြင်ထဲက ဆံပင်ညှပ်ဆရာနဲ့ ဘာထူးလို့တုန်း။ မျိုသိပ်ထားရတာ၊ ဖုံးဖိထားရတာ၊ အောင့်အည်းထားရတာ၊ နှုတ်ခမ်းကို တင်းတင်းစေ့ထားရတာ၊ သိပါလျက်နဲ့ မသိချင်ဟန်ဆောင်ထားရတာတွေဟာ ကြာတော့ ကိုပါတောကို မောင်းထဲထည့်ထောင်းသလို စိစိညက်ညက် ကြေလာခဲ့တယ်။ ဆယ်တန်းကျောင်းသားဘဝက သရီးသရီ ဖြစ်ပုံမျိုး ပြန်ဖြစ်လာတယ်။ ကွယ်လွန်သွားတာ ကြာပြီဖြစ်တဲ့ ကိုပါတော ဘွားအကြီးတောင် ခုတင်ဘေးလာထိုင်ပြီး ပုံပြင်တွေ ပြောလာပြန်ရဲ့။ အိပ်မက်ဟောင်းတွေ ပြန်မက်လာတယ်။ လူတွေကို မျက်လုံးဖောက်ထိုးနဲ့ ကြည့်လာပြန်တယ်။



ကိုပါတောက မနက် ကိုဘမောင် လက်ဖက်ရည်ဆိုင်မသွားခင် တမ်ခါ၊ နေ့လယ် ကိုပိန်ညှော် လက်ဖက်ရည်ဆိုင်မသွားခင်တစ်ခါ တူးထားတဲ့ ကျင်းမျက်နှာဝ မျက်နှာအပ်ပြီး တစ်နေ့နှစ်ခါ အော်မြဲအော်နေတာပါပဲ။ "ကိုပိန်ညှော်နဲ့ အေးခင် ကြိုက်နေကြသတဲ့ဗျိုး" လို့ အော်တာပါ။ ကိုပါတောမိန်းမ မစောရင်ကတောင် ဥပုသ်ရက် ဈေးပိတ်တဲ့နေ့တွေမှာ အိမ်မှာရှိတာကိုး။ ကိုပါတော ကျင်းဝမှာ သွားသွားအော်တာ တွေ့သားပဲ။ ဘာမှန်းသာ မသိတာကိုး။ သည်လိုနဲ့ ရက်လေးရလာတော့ ကျင်းထဲက သစ်ပင်ကလေးတစ်ပင် ပေါက်လာတယ်။ အရွက်လေးက သုံးရွက်။ သစ်ပင်ကလေးက ဖယောင်းတိုင်များလို သွယ်သွယ်မွတ်မွတ် ရှိလိုက်တာ။ ကိုပါတောကတော့ မအံ့သြပါဘူး။ သည်လိုပဲဖြစ်လာရမယ်ဆိုတော့ အပ်ကျမပ်ကျ သိထားပုံမျိုး။ အပင်ကလေးကိုတော့ အရိပ်တကြည့်ကြည့် ကြည့်ရှာတယ်။ ကိုပါတော စိတ်ထဲ ကျေနပ်နေပုံလည်း ရတယ်။ ကြည့်စမ်း ပုံပြင်တွေဟာ တကယ့် လက်တွေ့ဘဝကို ထင်ဟပ်တယ်ဆိုတာ သေချာနေပါပကော။ ကျင်းတစ်ကျင်းတူးပြီး အော်လိုက်ရပြီ ဆိုကတည်းက ရင်တွေ ချောင်ကျသွားတယ်။ လည်စလုတ်ထဲက စလုံးစခုလည်း ကျေသွားတယ်။ ပါးစပ်က အနာတွေလည်း အံဖေးတက်လာတယ်။ ဆံပင်တွေတောင် ပြန်ပိလာတယ်။ ပြောပါတော့။ တစ်လ မပြည့်တပြည့်မှာပဲ သစ်ပင်ကလေးမှာ ကိုင်းသုံးကိုင်း သန်သန်ကြီးတွေ ဖြစ်လာလေရဲ့။ ပလွေရိုးလောက်ရှိတဲ့ ကိုင်းသုံးကိုင်း ဖြောင့်စင်းစင်းနဲ့၊ လှတောင် လှသေးတော့။

ကိုပါတော ဘုရားဈေးကိုသွားပြီး ပလွေတစ်ချောင်း ဝယ်လိုက်တယ်။ ပလွေတစ်ချောင်းရဲ့ ဖွဲ့စည်းပုံကို လေ့လာတယ်။ လက်ပေါက်အကွာအဝေးတွေကို တိုင်းတယ်။ ပလွေပေါက်တွေဟာ သံချောင်းကို မီးဖုတ်ပြီး ထိုးဖောက်တာဆိုတော့ အပေါက်ညီတယ်ဆိုတာလည်း တွေ့ရဲ့။ သစ်ပင်က အကိုင်းတွေကို ဖြတ်ပြီး ပလွေလုပ်တတ်သူ သွားအပ်လို့လည်း မဖြစ်ဘူးကိုး။ မတော် ထမှုတ်လိုက်ရင် ခက်တော့မယ်။ သည်တော့ ပလွေကို ကိုယ်တိုင်လုပ်ဖို့ လေ့လာရတာ ဆိုပါတော့။ တစ်ရက်တော့ မနက်စောစောထပြီး ကျင်းဝမှာ ပေါက်နေတဲ့ သစ်ပင်ဆီကို ထလာခဲ့တယ်။ ပလွေတစ်ချောင်းရဲ့ အတိုင်းအတာအတိုင်း တိုင်းဖြတ်လိုက်တယ်။ ဟုတ်သားပါလား။ အကိုင်းတွေမှာက အခေါင်းပါပြီးသား။ အဲသည် တစ်မနက်လုံး ကိုပါတော ပလွေလုပ်တာနဲ့ လက်ဖက်ရည်ဆိုင်တောင် မသွားနိုင်ဘူး။ ပလွေသုံးလက်ပြီးမှပဲ တစ်ချောင်းစီ မှုတ်ကြည့်တယ်။

"ပိန်ညှော်နဲ့ အေးခင် ကြိုက်ကြလို့တဲ့ဗျို့"

ပထမတော့ ကိုပါတောတောင် လန့်သွားသေးတာပါ။ ပလွေကလေး သုံးလက်ကို အကြာကြီး စိုက်ကြည့်တယ်။ ဟုတ်နေပြီကော။ သူ့တစ်သက်လုံး စွဲကိုင်လာတဲ့ အယူအဆဟာ မှန်နေပြီကော။ လူတွေက သူ့ကို အရူးလိုလိုလောက် သဘောထားကြတယ်။ သူများမပြောပါနဲ့၊ အိမ်က မယားကတောင် ပုံပြင်ရူး ရူးနေတဲ့ ခပ်ယဉ်ယဉ်အရူးလောက် အောက်မေ့တာ သူ သိသားပဲ။ ကိုပါတောကိုယ်တိုင်ကတော့ သူ့ကိုယ်သူ လူသူတော်ကောင်း သတ်မှတ်ထားတာပါပဲ။ သူ့မှာ ကိလေသာကာမအားဖြင့် ကြံစည်တဲ့ ကာမဝိတက်မရှိဘူး။ ရန်ငြိုးဖွဲ့ခြင်းအကြောင်းအားဖြင့် ကြံစည်တဲ့ ဗျာပါဒဝိတက် မရှိဘူး။ သူတစ်ပါးစိတ်မှ ဆင်းရဲစေတော့ ညှဉ်းဆဲထားလိုက်ဦးမယ်ဆိုတဲ့ အကြောင်းအားဖြင့် ကြံစည်တဲ့ ဝိဟိံသဝိတက် မရှိဘူး။ တော်ပြီပေါ့။ လူတစ်ယောက်အနေနဲ့ သည့်ထက် ဘာရှိရဦးမှာလဲ။ အခုလည်း သူတစ်ပါးရဲ့ လျှို့ဝှက်ချက်ကို သူတစ်ယောက်တည်း သိတယ်။ ခက်တာက ဘယ်သူ့ကိုမှလည်း မပြောရဘူးဆိုတဲ့ ကန့်သတ်ချက်ကလည်း ရှိနေတယ်။ ဒါပေမယ့် သူဟာ လူတစ်ယောက်အနေနဲ့ သိတာတွေကို ပြောချင်တယ်။ ကမ္ဘာလောကမှာ သတ္တဝါရယ်လို့ ဖြစ်လာရင် မိမိပြုတဲ့ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ဖြစ်ရတာချည်းပဲ။ ကံက လွတ်တဲ့လူ မရှိဘူး။ ကံကလွတ်တဲ့ သတ္တဝါ မရှိဘူး။ ပြောမယ်ဆိုရင် ပုံပြင်တွေတောင် ကံက မလွတ်နိုင်ဘူး။

ကိုပါတောက ပလွေတစ်ချောင်းကို သူ့အိမ်က စာရွက်ဟောင်းထည့်တဲ့ ပလိုင်းထဲ ထည့်တယ်။ တစ်ချောင်းကို စက္ကူဘူးရှည်တစ်ဘူးထဲထည့်ပြီး သေသေသပ်သပ် ပိတ်လိုက်ပြီး အပေါ်က လိပ်စာရေးတယ်။ ကိုဘမောင်၊ ဘမောင်လက်ဖက်ရည်ဆိုင်၊ ယုန်လေးကုန်း ရွာပေါ့လေ။ ဒါကို မြို့စာတိုက်သွားပြီး ထည့်ရမယ်။ ကျန်တဲ့ တစ်ချောင်းကို မစောရင်နဲ့ ဈေးထဲ ထည့်ပေးလိုက်ဖို့ စိတ်ကူးတယ်။ ပုံပြင်တွေကို သအုန်သအောက် ပြောချင်တဲ့လူတွေ သည်တစ်ခါတော့ ဘာပြောကြမလဲ နားထောင်ချင်တာကိုး။ ဇာဘုရင် ထရီဂျန်လို ကိုယ်တိုင်ကြားမှ ယုံကြမယ့်ဟာတွေ မဟုတ်လား။

(၈)

သုံးရက်လောက်ကြာမှ မနက်စောစော ကိုဘမောင် လက်ဖက်ရည်ဆိုင် ထသွားတယ်။ မြို့စာတိုက်ကနေ ပလွေတစ်လက် ပို့ပြီးကတည်းက သည်တစ်ခေါက်ပထမဆုံးထွက်လာတာပါ။ သည်ရက်လောက်ဆိုရင် ပလွေလည်း ရောက်လောက်



လက်ဖက်ရည်တစ်ခွက် မှာတယ်။ ကိုဘမောင်ကို အကဲခတ်တယ်။ လူရှင်းတဲ့မှ ကိုဘမောင် အနားရောက်လာတယ်။

“ကိုပါတောရေ အေးခင် မရှိတော့ဘူးဗျာ။ မိုက်လိုက်ပုံများ ပိန်ညှော်လိုက်ပြေးတယ် ပြောကြတာပါပဲ။ ကျုပ်လည်း ရှာမနေတော့ပါဘူးဗျာ။ တ္တဝါတစ်ခု ကံတစ်ခုပေါ့။ သည်ကြားထဲ စာတိုက်က ပစ္စည်းထုပ်ကလေးက်လာလို့ ဖွင့်ကြည့်တော့ ပလွေတစ်ချောင်းဗျ။ လိပ်စာမှားပို့တာလားလား မသိပါဘူးဗျာ။ အရေးထဲ အရာပေါ်”

“ဘယ်လို ဘယ့်နှယ်ပလွေတုန်း ကိုဘမောင်ရဲ့ ပြစမ်းပါဦး”

“မရှိတော့ဘူးဗျ၊ စိတ်ညစ်တုန်း ရောက်လာတာနဲ့ မီးဖိုထဲ ပစ်ထည့်လိုက်

ကိုပါတောက လက်ဖက်ရည်ဖိုး ကပျာကသီပေးပြီး ဈေးဘက်ကို ထွက်ခဲ့တယ်။ သူ့မိန်းမ မစောရင်ဆီ လာတာပါ။ မစောရင်နဲ့ ထည့်ပေးလိုက် ပလွေကို ပြန်သိမ်းရတော့မှာကိုး။ တော်ပါသေးရဲ့၊ မစောရင်က ပလွေကိုတောင်းထဲ စိုက်ထားလို့။ သေချာအောင် ဘယ်သူတွေ မှုတ်ကြည့်သေးလဲ မေးတော့ မစောရင်က ကြံကြီးစည်ရာ ဈေးထဲ ဘယ်သူက ပလွေမှုတ်မှာတုန်း ကိုပါတောရဲ့တဲ့။ အိမ်ရောက်တော့ ကိုပါတော ခဏနားတယ်။ သူ့က ပလွေနဲ့ ဈေးက ပြန်ယူလာတဲ့ ပလွေနှစ်လက်စလုံးကို ဓားနဲ့ ရှစ်စိတ်ခွဲပစ်လိုက်တယ်။ တူးထားတဲ့ ကျင်းဟောင်းကိုလည်း မြေဖို့လိုက်တာပါပဲ။ မောနဲ့ မတ်တတ်ကြီးရပ်နေတာများ ပုံပြင်ထဲက ဂဠုန်သာ ကြည့်တော့။

[ရွှေအမြုတေမဂ္ဂဇင်း၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ]

# သူငယ်နာ

## (၁)

အမေကောင်းက သူ့ရှေ့မှာ ကျုံ့ကျုံ့ကလေးထိုင်နေသည့် သားသည် မအေ
ကို မှုန်သီသီ မျက်လုံးကလေးများဖြင့် ပြူးနေအောင် ကြည့်သည်။ အရွယ်
ကောင်းတုန်းကတော့ သားသည် မအေတွေ ဝါးလှေကားက တက်လာကြ
ဆိုကတည်းက ရောဂါကို ဆီးပြောနိုင်သည်။ မိခင်၏ မျက်တွင်းမျက်ဆန်
ကလေး၏ မျက်တွင်းမျက်ဆန်ကို ဝေ့ခနဲ မြင်ရသည်နှင့် အတပ်ပြောနိုင်ပြ
အမေကောင်း မျက်လုံးတွေက မာကျောသလောက် အဆီပ်ပြင်းလှသော ဆူးဖြ
ဆူးနှစ်ချောင်းလို ရောဂါသည်၏ အရေပြားကို ထွင်းဖောက်ကာ ရောဂါလက္ခဏာ
ကို ရှာနေကျ။ အခုတော့ အရွယ်လည်းကျပြီ။ မျက်စိကလည်း မွဲပြီ။ နာ
ကလည်း မကောင်းချင်တော့။ အမေကောင်းအရွယ်က ဆေးကုရမည့်အရွယ်
မဟုတ်တော့။ [illegible] စီးဖြန်းရင်း ပုတီးကလေး တချောက်ချောက်စိပ်ရင်
အိမ်ခေါင်းရင်းမှာ [illegible] ကန်နှင့် ရှိရမည့်အရွယ်။ သို့သော် အမေကောင်
မနေနိုင်ပါ။ တစ်ခါတစ်ရံ [illegible]တတ်သော သားသည်မအေတွေကို ရောဂါ
နှင့် ဆေးတည့်အောင် ပေးနေရဆဲဖြစ်သည်။ ကိုယ့်ရပ်ကိုယ့်ရွာက လုပ်စားကိုင်စာ
လူဆင်းရဲတွေချည်းဆိုတော့ ရောဂါပျောက်သော်မှ ဆေးဖိုးဝါးခရယ်လို့ ရတတ်
သည်မဟုတ်။ ပဲကလေး နှမ်းကလေး တစ်လက်ဆွမ်း တစ်လက်ဆုပ်နှင့် ပြီး
ရတာ များသည်။

အခုလည်း သူ့ရှေ့မှာ သားသည် မအေတစ်ယောက် ရောက်နေပြီ
မိန်းကလေးက အပျိုမွေးခေါ်ကြသည့် သားဦးမွေး ဖြစ်သည်။ သားဦးမွေးဆို



သာ်လည်း အပျိုရည် အပျိုသွေးဆိုလို့ ရိပ်ရိပ်ရေးရေးမှ မကျန်အောင် ခန်းခြောက်
သည်။ မိခင်၏ ဥသျှစ်သီးပုပ်ရောင် မျက်နှာကလေးပေါ်မှာ မျက်လုံးတွေသာ
ကျန်တော့သည်။ နှုတ်ခမ်းတွေက ခြောက်သွေ့ကာ အတွင်းကို ကုပ်ဝင်နေသည်။
ားထင်နားရင်းတွေက ခွက်ဝင်နေကြသည်။ မျက်လုံးတွေကတော့ လဲ့ခြင်း
က်ခြင်း ကင်းကာ ကျောက်ဖန်ဒိုးနှစ်လုံးနှယ် ကျင်းချိုင့်ထဲ ကျနေကြ၏။ ပါးရိုး
ငါငေါတွေက ကျောက်ဖန်ဒိုးတွေ လျှော့မကျအောင် ကာထားသည့် တာရိုး
င့်ပင် တူသည်။ ပိုက်ထားသည့်လက်တွေက တံတောင်က ဆင်းလာကတည်း
ပလွေရိုးနှယ် တစ်ဖြောင့်တည်းကျအောင် ပိန်လွန်းလှသည်။ အရေပြား
ပ်ထားသည့် လူ့လက်တစ်ချောင်းနှင့်မတူဘဲ သစ်ကြီးဝါးကြီးတွေမှာ တွယ်
ပ်ပေါက်နေတတ်သည့် အပွေးရင့်ရင့် ဒိုးနွယ်တစ်ချောင်းနှင့် ပိုတူသည်။ မိခင်
မှာ ခန္ဓာကိုယ်တစ်ခုလုံး ခပ်တောင့်တောင့် မတ်နေတာဆိုလို့ ပါးလျသော
ည်ပင်းရိုးသာ ရှိ၏။ သည်လည်ပင်းက ဦးခေါင်းနှင့် ခန္ဓာကိုယ် ပခုံးစပ်ကို
ဖြူပိုက်ပြွန်တစ်ချောင်းလို တွယ်ဆက်ထားသည်။ မ,တင်ထားသော အင်္ကျီ
ာင်းကလေးအောက်မှာ ဟင်းလင်းပွင့်နေသည့် ဝတ်ပန်းစုံမှာတော့ နို့ရည်
တွ သက်ဝင်နေတာကတော့ မြက်ဖျားနှင်းတွေ တပေါက်ပေါက်ကျနေတာနှင့်
ူသည်။

အမေကောင်းက သက်ဆင်းနေသည့် နို့ရည်တွေကို လက်ခုပ်နှင့်ခံကာ
ပျပ်ပျပ်လျက်ကြည့်သည်။ သည်တစ်ခေါက်တော့ သေချာပြီဆိုသည့်ပုံဖြင့်
တ်ခမ်းတွေ တွန့်လှုပ်သွားလေ၏။

“ငုံ့စမ်းပါဦးအေ့၊ ညည်းဆံပင်တစ်ချောင်းလောက် နုတ်စမ်းပါရစေ”

သားသည်မအေက ခေါင်းထိုးပေးတော့ ငယ်ထိပ်က ဆံခြောက်ခြောက်
တစ်ချောင်းကို ဖတ်ခနဲ နုတ်လိုက်သည်။ အမေကောင်းက လက်ထဲပါလာသည့်
ဆံပင်ချည်ကို ဆွဲဆန့်ကြည့်သည်။ အလင်းရောင်ဘက်လှည့်ကာ ဆံစကို မျက်လုံး
တွနား ကပ်ကြည့်သည်။ ဆံစကို ခပ်တင်းတင်းဆွဲကာ ဖြတ်ကြည့်သည်။
ပြီးတော့မှ ရင်ခွင်တွင်းက ကလေးကို တစ်ချက်ကြည့်သည်။ ကလေးက မိန်း
မောနေသည်။ မျက်လုံး ပဲစေ့ကလေးတွေကို ဖွင့်ထားသော်လည်း မျက်ဆန်အိမ်
လှုပ်အရှားမရှိ။ ရောက်လာခါစက တရှင်ရှင်ငိုနေခဲ့သော်လည်း အခုတော့
ငြိမ်သက်နေလေသည်။ ဟနေသည့် ပါးစပ်ထဲက အမြုပ်ကလေးတွေ ထွက်နေ
တာကို အမေကောင်း ကောက်ယူကာ နမ်းကြည့်သည်။

“ညည်းနို့ရည်က ချဉ်လိုက်တာ စုတ်စုတ်ကန်းလို့ပါလားအေ့။ မအေ့

နို့ကြောင့်ဖြစ်ရတဲ့ သူငယ်နာတွေထဲမှာ အဆိုးဆုံး သူငယ်နာပဲ။ နို့ကြောင့်ဖြ
ရတဲ့ သူငယ်နာကချည်း ခြောက်မျိုးရှိသယ်။ ဝမ်းစွဲသူငယ်နာတဲ့၊ နို့မြွှသူ
နာတဲ့၊ အသဲမုက္ခိသူငယ်နာတဲ့။ အူလျှော့က်သူငယ်နာတဲ့၊ နို့ငန်းသူငယ်နာ
တစ်ခုက ကြက်ညှာကျဗဟုံး သူငယ်နာခေါ်သယ်။ ညည်းကလေး ရေငတ်မ
ကိုယ်ကလေး ဖောချင်ရာက တောင့်လာမယ်။ လျှာကို တစပ်စပ်ဝါးမ
မျက်လုံးကလေးစိုက်ရာက မျက်ဖြူလန်မယ်။ ညည်းကလေးက နို့ငန်းသူငယ်
ဝင်နေသာအေ့။ မပေါ့နဲ့။ ငန်းပုပ် သူငယ်နာတဲ့၊ ငန်းတက် သူငယ်နာ
ငန်းလိမ် သူငယ်နာတဲ့၊ ငန်းကြက်တက် သူငယ်နာတဲ့။ နေပါဦး ညည်း
ဘယ်ကလာသတုန်း"

ကလေးမအေက မျက်ရည်တွေ ကျနေရာက မော့ကြည့်သည်။ က
က အီခနဲ တစ်ချက်ငိုလိုက်ရာက ခြေကလေး လက်ကလေးတွေ ကုပ်ကျ
ကာ မျက်ဖြူကြီး လန်လာခဲ့သည်။ အမေကောင်းက အိပ်ခန်းထဲဝင်ကာ
ဖာတောင်းကလေး ယူလာပြီး ဖွင့်သည်။ ဖာတောင်းကလေးထဲမှာ ဆေးမြစ်
စုံလှသည်။ ဆေးမှုန့်တစ်မျိုးကို လက်ဖဝါးထဲထည့်ကာ ခပ်ပြင်းပြင်း ပွတ်သ
ကလေးငယ်ထိပ်က သပ်သပ်ချသည်။ ကလေးက မျက်ဖြူလန်လျက်က ပြ
သွားပြန်သည်။

"အမေကောင်းရယ် ယုန်တိုးက လာရသာပါ။ လှည်းခမတတ်နိုင်
ကလေးပိုက်ပြီး ပြေးလာရပါသယ်။ ကျွန်မသားလေးကို ကယ်ပါဦး အမေရယ်

"ကလေးအဖေကကော"

သားသည်မအေက ရှိုက်ကြီးငင်ကြီး ငိုလိုက်သည်။ ဘာမှတော့ မ
အမေကောင်းက ကလေးကို သူ့လက်ရောက်ဆွဲယူကာ ပွေ့လိုက်သည်။ က
က အတက်မကျဘဲ ကျောကော့သွားရာက နှုတ်ခမ်းများပင် ပြာလာခဲ့သ
စွေနေသည့် ပါးစပ်ထဲက အမြှုပ်တွေ စီးကျနေသည်။ အမေကောင်းက ပါး
က တတွတ်တွတ်ရွတ်ရင်း တင်ပျဉ်ချိတ်ထိုင်သည်။ ကလေးကို အလိုက်
ချကာ ဆေးနံ့တွေ ထောင်းထောင်းထအောင် သပ်ချသည်။ ကလေးတစ်ကို
လုံး အေးစက်သွားလေသည်။

"မိန်းကလေး ငါပြောသာ လုပ်စမ်း။ အိမ်ထဲဝင်၊ ငါ့ထဘီတစ်ထည်
လိုက်၊ လေးခေါက်ခင်းပြီး ကျောက်ပျဉ်ကို ထဘီပေါ်ချစမ်း မြန်မြန်"

သားသည် မအေက အမေကောင်းအခန်းထဲဝင်ကာ ထဘီတစ်ထည်
ကျောက်ပျဉ်ပွဲကို မ,ယူလာခဲ့သည်။ ထဘီကို လေးခေါက်ခေါက်သည်။ ကျောက်



ကို ထဘီခေါက်ပေါ်တင်သည်။ ခပ်မည်းမည်း အတုံးကလေးကို ထဘီထောင့်တွေမှာ ချည်လိုက်သည်။ ဆေးထည့်သည့် ဖာတောင်းကို မှောက်ချကာ အမေကောင်းပြသည့် အတုံးကလေးတွေကို ကျောက်ပျဉ်ပေါ် တင်ရသည်။ အမေကောင်းက ကလေးကို သားသည်မအေဘက်ကမ်းကာ အိမ်ထဲကိုဝင်ပြန်သည်။ ခွက်တစ်ခွက်ထဲမှာ ဆန်အနည်းငယ်ထည့်ကာ ဆန်ဆေးရည်ရအောင် ဆေးသည်။ လက်ထဲ ပါလာသည့် ကြက်သွန်နီကို ဂျမ်းခနဲကိုက်လိုက်ပြီး တစ်ခြမ်းကို ကျောက်ပျဉ်ပေါ် တင်လိုက်ပြန်သည်။ ဆေးပုလင်းကလေးတစ်လုံးထဲကို ထရံကာ ချိုးယူသည့် ဝါးချောင်းကလေးဖြင့် ကော်ကာ ခပ်စေးစေး အဖတ်တွေကို ထုတ်ယူသည်။ ကျောက်ပျဉ်စောင်းမှာ ခြစ်ချသည်။

"သည်မယ် ဆန်ပုန်းရည်၊ အားလုံးကို ကြိတ်စမ်း။ မြပစီ။ ကလေးကုသိုလ်၊ ငါ့ကုသိုလ်ပေါ့အေ"

သားသည်မအေက ကလေးကို အမေကောင်းလက်အပ်ကာ ကျောက်ပျဉ်ပေါ်မှာ ရှိသမျှ ညက်နေအောင် ကျောက်ကြမ်းတုံးဖြင့် ကြိတ်သည်။ ဆန်ဆေးရည်နှင့် ဆေးအမယ်တွေအားလုံးကို ကြိတ်လိုက်သည့်အခါ ခပ်ပျစ်ပျစ် ဆေးအနှစ်တွေ ရလာသည်။ အမေကောင်းက ကျောက်ပျဉ်ပေါ်က ဆေးအနှစ်တွေကို ကော်ယူကာ ဆန်ဆေးရည်ဖြင့် ကလေးတစ်ကိုယ်လုံးကို နှံ့နေအောင်လိမ်းတော့သည်။ ကလေးတစ်ကိုယ်လုံး ငှက်ပျောတုံးအေး အေးအောင် လိမ်းရခြင်းဖြစ်သည်။ တော်တော်လေး လိမ်းပြီးတော့မှ ကလေးအနီး ပုဆိုးဟောင်းဖြင့် ကလေးကို လုံအောင်ပတ်သည်။ သားသည်မအေက ဆေးကြိတ်ကျောက်ကို ကိုင်လျက်က အမေကောင်း လုပ်နေသမျှ မျက်တောင်မခတ်တမ်း ကြည့်နေသည်။ အမေကောင်းသည်ပင် စိတ်မချနိုင်သေးသည့်နှယ် ကလေးကိုသာ ကြည့်နေခဲ့၏။ ထမင်းတစ်အိုးချက်လောက် အကြာမှာတော့ ကလေးက လူပ်လာခဲ့သည်။ အသက်ကလေးမျှင်းမျှင်း ရှူရာက မျက်ဆန်အိမ်ကလေး ရွေ့လာခဲ့သည်။ ပုဆိုးဟောင်းအနီးထဲက ရှန်းကြွလာခဲ့သည်။ မျက်နှာကလေးပင် ရဲရဲတွတ်လို့။

"ညည်းနို့က တိုက်ဖို့ မကောင်းသေးဘူး။ မကောင်းပေသိ ညည်းနို့ပဲ ရှိသာဆိုတော့ တိုက်လိုက်ဦး။ ရွာပြန်ရောက်ရင် သူများနို့ကို တစ်လလောက်လည်တိုက်။ ညည်းနို့ မတိုက်နဲ့တော့။ တစ်လကျော်ရင်တော့ တိုက်ပေါ့အေ့။ နို့လည်သွားတော့လည်း ကန့်ချုပ်နီရွက် တစ်ဆုပ်လောက် ကျိုပြီး ရေတ်ကောင်းခပ်သောက်။ ကနေ့ညတော့ ညည်း ယုန်တိုးကို ပြန်လို့ မဖြစ်သေးဘူး။ ဆေးသုံးခါလောက်လူးမှ စိတ်ချရမှာ။ သည်မှာပဲ အိပ်ပေါ့အေ။ ထမင်းတော့ မရှိဘူး။ အခုန ဆန်ပုံးရည်လုပ်တဲ့ ဆန်နို့ဆီဘူးတစ်ဘူးက အကုန်ပဲ"

သားသည်မအေက အမေကောင်းကို ကြည့်သည်။ ဆန်ပုံးရည်လုပ်လိုက်တဲ့ ဆန်ကလေးက အကုန်ပဲတဲ့လား။ သည်ကနေ့ညတော့ အမေကောင်းရော သူမပါ ထမင်းစားစရာ အကြောင်းမမြင်။ သူမကတော့ မစားဘဲ နေနိုင်သည် ထားဦး၊ အမေကောင်း မစားရတာကိုတော့ စိတ်မကောင်း ဖြစ်ရသည်။ လိပ်တင်ထားသည့် ရင်ခံနှင့် အင်္ကျီကို ဆွဲချကာ ရင်ခံအိတ်ထဲက ပိုက်ဆံနှစ်ကျပ်ကို နှိုက်ယူလိုက်ပြီး အမေကောင်းရှေ့ချကာ ကန်တော့သည်။ အမေကောင်းက နွမ်းကြေနေသည့် ကျပ်တန်ကလေးနှစ်ရွက်ကို ကြည့်သည်။ ထိတာတော့ မထိ။ ဆန် တစ်စလယ်လောက်တော့ ဝယ်ချက်နိုင်သား။

"ညည်းပိုက်ဆံနှစ်ကျပ် ညည်း ပြန်ယူသွား။ ညည်းကလေးအတွက် လုပ်ရမယ့် အလုပ်တွေ ရှိသေးတယ်။ ကျောက်ပျဉ်ခင်းထားတဲ့ ထဘီလေးထောင့်မှာ ချိသာက ဇင်ရွှေးဖြူ၊ ဇင်ရွှေးနီ၊ ဇင်ရွှေးနက်၊ ဇင်ရွှေးကျား သည်လေးမျိုး ဝယ် ကျောက်ပျဉ်ပေါ်တင်ကြိတ်၊ သာတွေက ကြက်သွန်နီ၊ နနွင်းခေါက်၊ နနွင်းနွယ်၊ ဆေးဒန်း၊ ကန့်၊ ဆိတ်ဖူး၊ လင်းနေနဲ့ ဂုံညင်းဆံတွေ။ ဝယ်သင့်သာဝယ်၊ ရှာသင့်သာရှာ။ ဆန် ပန်း ကွမ်း လက်ဖက်ကို ကျောက်ပျဉ်ထောင့်လေးထောင့်မှာ ပွဲတင်ရဦးမှာအေ့။ အခုက ဆေးပိုင် ဝါးပိုင်တွေကို မေတ္တာပို့ပြီး ကုလိုက်သာ၊ ညည်းရွာရောက်ရင် မတင်လို့ကို မဖြစ်သာ"

"ဆေးပုလင်းထဲက ကောက်သာကကော"

အမေကောင်းက သွားမရှိတော့သည့် နှုတ်ခမ်းတွေကို ခွက်ဝင်သွားအောင်ပင် ပြုံးလေသည်။ အမေကောင်း မျက်နှာပေါ်က စားတော်ပဲလောက်ရှိသည့် မှဲ့သီးကြီးသည်ပင် လှုပ်သွားခဲ့သည်။ ကျိုးကျိုးကျဲကျဲသာ ကျန်တော့သည့် ဆံပင် ပြောင်းဖူးမွှေးကလေးကို ဝါးဘီးကျိုးကလေးဖြင့် ရှင်းရင်း လက်ညှိုးကလေးနှင့် ရစ်ခွေကာ ထုံးသည်။ ပုလင်းထဲက ဆေးကကောတဲ့။ သည်ပုလင်းထဲက ဆေးအမယ်တွေက ရှားတာတော့ မရှားပါ။ ပေါသလားဆိုတော့လည်း ပေါသည် မဆိုသာ။

ထိုညက သားသည်မအေလည်း အမေကောင်းအိမ်မှာပဲ အိပ်လိုက်ရတော့သည်။ အရေးရယ် အကြောင်းရယ်ဆိုတော့ သမားနှင့် နီးနီးနေရတာ စိတ်ချရသည်။ အမေကောင်းအိမ်ကလေးက ကောင်းကောင်းရောင်းရောင်းတော့ မဟုတ်ရှာပါ။ ကျယ်ကျယ်လွင့်လွင့်လည်း မဟုတ်။ ဝါးလှေကားကလေးက တက်လျှင် ဝါးရေကပြင်လို ဖိနပ်ချွတ်ကို ရောက်သည်။ သည်ကမှ အိမ်မကလေးထဲ ဝင်ရသည်။ အိမ်မနှင့် တစ်ဆက်တည်း ဝါးကပြင်မှာတော့ အကာအရံရယ်



လို့ မရှိ။ မီးကပ်မီးချိတ် ဝါးတစ်လုံးနှင့် ရေအိုးဟောင်းနှစ်လုံး ချထားသည်။ အိမ်မကလေးကတော့ ဝါးထရံဟောင်းကလေးတွေ ကာထားကာ ကဲလားပြတင်းကလေး နှစ်ပေါက်သုံးပေါက်ရှိ၏။ အိမ်မရော ကပြင်ပါ ဝါးခြမ်းခင်းထားတော့ နင်းသမျှ တဂျွမ်းဂျွမ်းမြည်နေတတ်သည်။ အိမ်ရှေ့မြေပြင်မှာတော့ ကျင်းစောက်ကလေး တူးထားသည့် မီးဖိုကျင်းရှိသည်။ အခြားပရိဘောဂ မရှိ။ ဖျာတစ်ချပ်၊ ရေအိုးတစ်လုံး၊ ကျောက်ပျဉ်တစ်ချပ်နှင့် ဆေးထောင်းသည့် သံဆုံကလေးသာ ရှိသည်။ ပြောသာပြောရတာ အမေကောင်း ရွာမှာ အနေနည်းသည်။ ဝါးတောင်ဝှေးတစ်ချောင်းနှင့် ရွာစဉ်ကိုးပေါက် သွားလာနေတတ်သူ ဖြစ်သည်။

အမေကောင်း အခုနေသည့် ရှားပင်လှကက ဆေးလာကုသည့် သားသည်အမေ နေထိုင်ရာ ယုန်တိုးရွာနှင့် ခရီးနှစ်တိုင်လောက် ဝေးသည်။ သားသည်အမေက ကလေးလာပြ၊ ဆေးကုပြီးလျှင် ချက်ချင်းပြန်ဖို့ စီစဉ်ထားသော်လည်း အမေကောင်းက ဆေးသုံးခါ လိမ်းရမည်ဆိုတော့ ချက်ချင်းထပြန်လို့ မဖြစ်နိုင်တော့။ အနီးအနားရွာတွေမှာ ဖြစ်နေသည့် သတင်းစကားတွေအရတော့ အမေကောင်းက စုန်းမကြီးဟု ဆိုသည်။ လပြည့်လကွယ်နေ့တွေဆိုလျှင် ကောင်းကင်မှာ တိမ်ညွှန့်စားလေ့ ရှိသည်ဟု ပြောကြသည်။ ကလေးသူငယ်နာဆိုလျှင် အမေကောင်းလက်တွေက သေမင်း၏ အစွယ်တွေကြား ရောက်နေသည့် ကလေးကိုသော်မှ လုယူနိုင်သူ ဖြစ်သည်။ အနီးအနားရွာတွေက ကလေးသူငယ်အားလုံး အမေကောင်း၏ သူငယ်နာဆေးနှင့် လွတ်ခဲ့သူမရှိ။ အမေကောင်းကုခဲ့လို့ ရောဂါစင်ကြသူတွေ များလှပြီ။ သို့သော် သည်ဘက် လေးငါးဆယ်နှစ်မှာတော့ အမေကောင်းကို စုန်းယိုးတွေ ရှိလာခဲ့သည်။ အမေကောင်း ဆေးမလိုက်တာတွေ ကြားလာရသည်။ အဖိတ်အစဉ်တွေ ရှိလာခဲ့သည်။ သတ္တဝါတစ်ခုကံတစ်ခု ဆိုသော်လည်း အမေကောင်းကို သူငယ်နာပြဖို့ ရွံ့လာခဲ့ကြသည်။ တခြားရွာက ပြောင်းလာသည့် ဂိုဏ်းဆရာ ဆရာမွန်း၏ဇနီး ဆရာမကြီးဒေါ်စောနှင့် ကုကြတာ များလာသည်။ ဆရာမွန်းက မာတ်ဗိန္ဓောဆရာဖြစ်၍ ဆရာမွန်း၏ ဇနီး ဒေါ်စောက သူငယ်နာကုသည် ဆိုကတည်းက အမေကောင်း ဆေးမကုရတာတွေ ရှိလာခဲ့သည်။ အမေကောင်းကတော့ ကောင်းသည်၊ ဆိုးသည် မပြောရှာပါ။ စားရမဲ့ သောက်ရမဲ့တော့လည်း မဟုတ်။ အနောက်ရိပ်သာကျောင်းခေါ် မဂ္ဂင်ကျောင်းဆရာတော်က အမေကောင်းကို သူ့ကျောင်းဘေးမှာ အိမ်ကလေးဆောက်ခွင့်ပြုသည်။ ဆွမ်းကျန် ကွမ်းကျန်ကလေးတွေ စွန့်သည်။ အမေကောင်းက ဥပုသ်ယူရင်း သီလယူ ကျောင်းရိပ်မှာခိုသည်။

သားသည်အမေခမျာ "ညည်း ကနေ့ည သည်မှာ အိပ်လိုက်တော့" ဆိုကတည်းက ထိတ်လန့်သွားခဲ့သည်။ အမေကောင်းအိမ်မှာ အိမ်ဝှံ့စရာမရှိ။ စုန်းဟုတ်သော်ရှိ မဟုတ်သော်ရှိ အမေကောင်းအိမ်မှာ အမေကောင်းနှင့်အတူ တစ်မိုးအောက်မှာ အတူမနေဝံ့ပါ။ ဆရာမကြီး ဒေါ်စောဆီကိုလည်း ငွေကလေး နှစ်ကျပ်နှင့် မသွားဝံ့တော့ အမေကောင်းဆီ ဝင်လာခဲ့ခြင်း ဖြစ်သည်။ သားသည် အမေက မီးတိုင်ခွက်အလင်းရောင်ဖြင့် ဝါးကြမ်းပေါ် ခေါင်းခုစုတ်ကလေးခုကာ အိပ်နေရှာသည့် အမေကောင်းကို လှမ်းကြည့်လိုက်သည်။ တော်ပါသေးရဲ့။ သည်ကနေ့က လပြည့်လကွယ် မဟုတ်လို့။ အမေကောင်းက ထဘီအနက်ခံမှာ အနီပွင့်ကြီးတွေပါသည့် ထဘီခပ်နွမ်းနွမ်းကို ဝတ်ထားသည်။ မဟာနဖူးကျယ် ကျယ်ကြီးနှင့် မျက်နှာပေါ်က မှဲ့သီးကြီးက အမေကောင်း၏ အမှတ်အသား ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သည်ကနေ့ညတော့ အမေကောင်း၏ကျေးဇူး ကြီးလှသည်။ ကလေးသည်ပင် အမေကောင်းပေးသည့် အသက်သာ ရှိတော့သည်။ အမေကောင်းပြောသလို ကလေးကုသိုလ်လည်း ပါမည်။ အမေကောင်း ကုသိုလ်လည်း ပါမည်။

မီးတိုင်ခွက်အလင်းရောင်က ညဉ့်နက်တော့ အလင်းအား ကျလာခဲ့၏။ ရွာလမ်းတွေဆီက ခွေးဟောင်သံတွေ ဆူပွက်နေသည်။ သူငယ်နာစွဲ ကလေး ကတော့ ပါးစပ်ကလေးဟကာ အိပ်ပျော်နေရှာသည်။ သန်းခေါင်ကြက်တွန် တော့ အမေကောင်း လူးလဲထကာ ကလေးကို ဆေးလူးပေးရှာသည်။ ကလေး ဝမ်းကြောတင်းတာကို လျော့အောင် ဆိတ်ဖူး၊ လင်းနေ၊ စမုန်နက်၊ ကြက်သွန် ဖြူ၊ ငဖုံးဆေး ရောကြိတ်ထားသည့် ဆေးနှစ်ကလေးဖြင့် ဆွဲပေးသည်။ အိမ် ရောက်လျှင် သနပ်ခါးမြစ်၊ ကံ့ကော်ဝတ်ဆံ၊ စမုန်နက်ဆီကလေးရောကာ လူး ပေးဖို့မှာသည်။ သူငယ်နာဝမ်းကျစေချင်တော့ ကြွေစေ့တစ်စေ့ မီးဖုတ်၊ အမှုန့် ထောင်း၊ ဆင်ချင်း၊ ဇင်ရွှေးဖြူကို အခွံသင်၊ မဟာကာကြီးနှင့် ပဲဆီတ်နီကို ကျောက်ပျဉ်ဦးမှာ တင်ကြိတ်ပြီး ဝမ်းကို သပ်ချပေးဖို့ မှာသည်။

မိုးလင်းခါနီးတော့ တစ်ခါ ထလူးသည်။ သားသည်အမေက ကလေးဖော နှင့်ဆိုတော့ အိပ်မပျော်သည်ထားဦး။ အမေကောင်းလည်း ကောင်းကောင်းမအိပ် ရ။ သားသည်အမေက မိုးလင်းခါနီးမှာ တစ်ရေးကလေး မှေးသည်။ မဂ္ဂင်ကျောင်း က တုံးမောင်းသံဆုံးတော့ သားသည်အမေလည်း အိပ်ပျော်သွားရှာသည်။ မနက် မိုးစင်စင်လင်းလိုက်သည်ပင် မသိလိုက်။

"မိန်းကလေး ထတော့၊ ညည်း ယုန်တိုးပြန်ရမှာ မဟုတ်လား။ ရွာပြန်



ပါပြီအေ၊ ညည်းသားကလေး နေသာပါပြီ။ မပေါ့နဲ့နော်၊ မကောင်းသော
တိတ်၊ မကောင်းသော နိမိတ်တွေ ပပျောက်အောင် ဖက်ကတော့တွေ ညည်း
သက်နဲ့ သက်စေ့ထိုး၊ ရရာပန်းကို နှာမ်စေ့ထည့်၊ ရေချမ်းပါရောကပ်ပြီး
ရားရှင်မှာ ဆုတောင်း၊ ဆေးပိုင်ဝါးပိုင်တွေကို ကွမ်းလက်ဖက် ရိုရိုသေသေ
ယ်၊ ကိုင်း... ပွားရော့"

## (၂)

မကောင်းက ရှားပင်ရွာသူ မဟုတ်ပါ။ ရှားပင်လှက အမေကောင်း အသက်
လေး ရတော့မှ လာရောက်အခြေချသည့်ရွာ ဖြစ်သည်။ အမေကောင်း နေရင်း
က ကြို့ပင်ရွာ ဖြစ်သည်။ မကောင်းကို ကြို့ပင်မှာပဲ မွေးသည်။ မကောင်း
သည့် အမည်ကပင် အဓိပ္ပာယ်ရှိသည်။ မကောင်းမိဘများခမျာ မကောင်း
င်မွေးသည့် ကလေးသုံးယောက်စလုံး အဖတ်မတင်ဘဲ ပျက်စီးကြသည့်အခါ
ကာင်း ကိုယ်ဝန်ရှိကတည်းက မွေးလာမည့်ကလေးကို ရွာဦးကျောင်းဆရာတော်
 စတီရောင်း ရောင်းထားကြသည်။ ဆရာတော်က ယောကျ်ားကလေးမွေး
 မောင်ကောင်း၊ မိန်းကလေးမွေးရင် မကောင်းပေါ့ဟု မိန့်ကာ ကလေးအဖတ်
င်အောင် အမည်ကြိုပေးတော်မူသည်။ မကောင်းကလေးကို မွေးမည့်နေ့က
ံပရိတ်တော်ရွတ် ဝတ်အသင်းကို ဖိတ်ကာ ပရိတ်တော် မွှန်းစေသည်။ စက်
ရ် ညဆယ်နာရီမှာ မကောင်းကို မွေးပြီးဆိုသည်နှင့် မီးနေခန်းတွင်း ရှိသမျှ
မသားတွေက "အောင်ပြီဟေ့ ကောင်းပြီဟေ့ သည်တစ်ခါ အကောင်းကလေး
းပဟေ့" လို့ အော်ကြရသည်။ မိန်းကလေးဆိုတော့ 'မကောင်း' တွင်လေ
ည်။

သည်နှယ်တစ်ဝိုက်မှာ မကောင်းဖအေ ဦးကျိုင်းကို သူငယ်နာ ဆရာကျိုင်း
ခေါ်ကြသည်။ ဆရာကျိုင်းက သူငယ်နာကုမှာ နာမည်ရသူဖြစ်သည်။ ကြို့ပင်
သားဖြစ်ပြီး သျှောင်တစ်စောင်း မြင်းကောင်းတစ်စီးဖြင့် ရွာစဉ်လှည့် ဆေးကု
ည်။ မကောင်း၏မိခင်ကတော့ ကြို့ပင်နှင့် မဝေးလှသော တောကျောင်းရွာသူ
သည်။ တစ်ဦးတည်းသော သမီး မကောင်းကို မိဘနှစ်ပါးကလည်း ချစ်
ည်။ ရွာကလည်း ချစ်သည်။ ဆရာကျိုင်း၏ သူငယ်နာကုထုံးနှင့် မလွတ်ကြ
တွေဆိုတော့ ကတညုတ ကတဝေဒီ ရှိကြသည်။ သူငယ်နာဆေးတည်းဟူသော
ပုံးသည့် ကျေးဇူးကို ဆ၍ အဆွေခင်ပွန်းကောင်းနှယ် ရှိခဲ့ကြသည်။ မကောင်း
နစ်သမီးအရွယ်မှာ မကောင်းမိခင် ဆုံးရှာသည်။ စုတေ့သွေ့လုန်၊ နေ့နက်ဖြစ်

ဟု၊ ကေန်မကျ၊ အနိစ္စအား၊ သိရခဲလျော်ဆိုသည့်အတိုင်း ပညတ်သင်္ခါရ အနိစ္
ဓမ္မသည် ဆရာကျိုင်း၏ အိမ်ကလေးကို မထင်မှတ်ဘဲ ရောက်လာသည့်အခါ
လောကကိုပင် အကျိုးသူငယ်နာ၊ အကြောင်းသူငယ်နာ ထင်ခဲ့သော ဆရာကျိုင်း
သည်ပင် တုန်လှုပ်သွားခဲ့သည်။ သည့်နောက်မှာတော့ ဆရာကျိုင်းကိုယ်တိုင်
သူ့မြင်းကြီးကိုရောင်းကာ လှည်းယာဉ်ကလေးတစ်စီး ဆင်သည်။ တစ်ပါးရွာက
ဆေးကုသွားရပြီဆိုတော့ သမီးကလေး ကျေးမြီးလက်မျှော်ကို လှည်းယာဉ်ပေါ်
တင်ခေါ်သွားရုံသာ။ မကောင်းကလည်း မိန်းကလေးဆိုပေသိ ဖအေ ဆေးဆရာ
နှင့် ရွာစဉ်လိုက်ရတာကို ပျော်ပါသည်။ လူနာအိမ်မှာ အဖေ ဆေးကုတော့
မကောင်းက ပုတ်ကြား ကျိုကြား ကစားရင်း စောင့်ရသည်။ အပြန်မှာတော့
ရွာက ကန်တော့လိုက်ကြသော သစ်စေ့သီးနှံကလေး၊ ငွေစကြေးစကလေးကို
ပိုက်ကာ ပြန်ကြရသည်ချည်း။

မကောင်း ဆယ့်နှစ်နှစ်သမီးမှာ အဖေ ဆေးဆရာက စကားတစ်ခွန်း
ပြောခဲ့သည်။

"သမီး ရှင်ကောင်း အဖေလည်း အသက်ရလှပြီ။ အဖေ့ပညာတွေကို
အမွေပေးစရာ ငါ့သမီးပဲ ရှိတယ်။ သူငယ်နာရောဂါဆိုသာ ကလေးသူငယ်
နေသရွေ့ ရှိမယ့်ရောဂါဆိုတော့ သည်ပညာကို ငါ့သမီးသင်ထားရင် ထမင်းစား
ရော့။ သည်တစ်ခါ အဖေဆေးကုရင် ငါ့သမီး အဖေ့အနားမှာနေ၊ ပညာယူ

မကောင်းကလည်း အဖေ့စကား နားထောင်သည်။ မိဘနှစ်ပါးမှာ အခြား
မရှိတော့ပြီ။ မဆိုစကောင်း ဆိုစကောင်း အဖေမရှိတော့ရင်ကော။ မကောင်း
မှာ လယ်ယာကိုင်းခင်းရှိသည် မဟုတ်။ သူတကာလို ခေါင်းရွက်ဗျပ်ထိုး ရောင်း
ချနိုင်တာ မဟုတ်။ မိမွေဖမွေရယ်လို့လည်း များများကြီး ကျန်စရာမရှိ။ သည်တော့
အဖေ့ပညာကို ရအောင်ယူနိုင်ဖို့သာ ရှိတော့သည်။ သည်ကတည်းက မကောင်း
အဖေ့အနားမှာ အမြဲတမ်း ကျိုးနွံနာခံရှိတတ်သည်။ စိတ်မျက်စိ စိတ်နားဖြင့်
မြင်ယောင် ကြားယောင်ရှိအောင် ခံယူသည်။ ပကတိမျက်စိ ပကတိနား
ဆည်းပူးသည်။ အဖေက ခုတ်လေးပါးကို စွဲ၍ဖြစ်သော သူငယ်နာလေး
ကို သင်ပေးသည်။ မိဿ၊ ပြိဿ၊ မေထုန်ရာသီ၊ တန်ခူးလ၊ ကဆုန်လ၊ နယုန်
များတွင် ဖြစ်တတ်သော သူငယ်နာရောဂါတွေကစ သင်ပေးသည်။ သည်သုံး
မှာ ကလေးသူငယ်တို့ မီးအုံသကဲ့သို့ ပူမည်၊ ရင်တကော့ကော့ရှိမည်၊ ဝမ်းတ
ပျော့တုံ မာတုံရှိမည်။ ခြေဖျားလက်ဖျား ကုပ်မည်။ ရေကို တဆာဆာတော
မည်။ သည်လက္ခဏာတွေ တွေ့ရပြီဆိုလျှင် တေဇောခုတ်ပျက်သော သူငယ်
ရောဂါ စွဲပြီ။



"ကရကဋ်ရာသီ၊ သိဟ်ရာသီ၊ ကန်ရာသီခေါ်တဲ့ ဝါဆို၊ ဝါခေါင်၊
တ်သလင်းလများမှာကျတော့ ကလေးသူငယ်များ အော့အန်မယ်၊ ဝမ်းသွား
၊ ရင်ဝနဲ့ လည်ချောင်းမှာ ချွဲသလိပ်ဖွဲ့မယ်။ အသက်ကလေး မဝရေစာ
ယ်။ ကိုယ်ရေကိုယ်သားများဟာ ရဲယိုသီးများလို ဝါယောင်ဖြူယောင်ရှိတတ်
ယ်။ ဒါဆိုရင် ဝါယောပျက်ပြီမှတ်ရမယ်"

သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော် သုံးလအတွင်း ကလေး
ယ်တို့ အာခေါင်အာခံတွင်းမှာ ဖူးဖူးပေါက်တတ်သည်။ ခေါင်းက ချွေးစေး
ထွက်သည်။ ဝမ်းနံသည်။ အပုပ်အစပ်စားချင်သည့် အာသီသရှိသည်။
ဆိုလျှင်တော့ အာပေါခုတ်ပျက်သည် ခေါ်၏။ ပြာသို၊ တပို့တွဲ၊ တပေါင်း
လမှာတော့ သူငယ်တို့ ခြေဖျားလက်ဖျားကလေးတွေ အေးလိုက်ပူလိုက်ရှိ
ယ်။ မြေဆီ မြေခဲ ဝါးချင်မည်။ အသည်းအူတို့ နာမည်။ ကျောကုန်းပူမည်။
က်စိမျက်တောင်တို့ လေးလံကာ တမှိုင်မှိုင်တွေတွေ ရှိမည်။ မြွေကဲ့သို့ တတွန့်
မ်လိမ်ပြုမည်။ သည်လက္ခဏာတွေကား ပထဝီပျက်ခြင်းကို ဆိုသည်။

"မာတြာနတ်များ ဖမ်းစားသာလည်း ကြုံရတတ်သယ်။ မာတြာနတ်
းစားသာကျတော့ အကြောင်းသူငယ်နာ အကျိုးသူငယ်နာတွေနဲ့ ကွာသယ်၊
သမီး သေသေချာချာမှတ်စမ်း။ မာတြာမယ် အစွဲကြောင့်ဖြစ်ရတဲ့ သူငယ်နာ
ချည်း ဆယ့်သုံးပါးရှိသယ်။ သူငယ်နာကြက်ညှာက ဆယ်ပါး၊ သူငယ်နာ
ဟုံးကချည်း ဆယ်ပါး၊ သူငယ်နာနို့စွဲ သုံးပါး၊ သူငယ်နာငန်းက ငါးပါး၊
ပ်သူငယ်နာ သုံးပါး၊ မာတြာစွဲ သူငယ်နာက သုံးပါး၊ သူငယ်နာ ဥပါဒါန်
ခြောက်ပါး၊ သူငယ်နာ မြင်းသရိုက်စွဲက သုံးပါး၊ ပါဒရက်သူငယ်နာက
ပါး။ မုက္ခိစွဲသူငယ်နာက သုံးပါးနဲ့ မြွေစွဲသူငယ်နာရယ်လို့ ပြသယ်။ အဖေ
ပါးချင်းမှာ ဖြစ်တတ်တဲ့ ရောဂါလက္ခဏာတွေ ပြော့ပြမယ်"

ဆရာကျိုင်းက မာတြာနတ် ဆယ့်နှစ်ပါးအကြောင်း ပြောပြသည်လည်း
ကြိမ်ကြိမ်ရှိပြီ။ လှေပေါ်မှာလည်း ပြောသည်။ လှည်းပေါ်မှာလည်း ပြောသည်။
လှည်းမကြုံလို့ ခြေကျင်ကုန်းကြောင်း နေပူစပ်ခါး လျှောက်ရင်းကလည်း
သည်။ သူငယ်တစ်ရက်၊ တစ်လ၊ တစ်နှစ်သားမှာ ဖမ်းစားတတ်သည့်
က ဒေဝမတြာနတ် ဖြစ်သည်။ နှစ်ရက်၊ နှစ်လ၊ နှစ်နှစ်သားကို ဒေဝမာတြာ
းစားသည်။ သုံးရက်၊ သုံးလ၊ သုံးနှစ်သားကို ဘီလူးဒေဝနတ် ဖမ်းစားသည်။
ရက်၊ လေးလ၊ လေးနှစ်သားကို ဒေဝနာဂနတ် ဖမ်းစားသည်။ ငါးရက်၊
၊ ငါးနှစ်သားကို နာလိတနတ် ဖမ်းစားသည်။ ခြောက်ရက်၊ ခြောက်လ၊

ခြောက်နှစ်သားကို ဒေဝနာဂနတ် ဖမ်းစားသည်။ ဤသို့အားဖြင့် ခုနစ်ဂဏ
မှာ သူရက်ကန္တနတ်၊ ရှစ်ဂဏန်းမှာ ခေမာဂီရိနတ်၊ ကိုးဂဏန်းမှာ အာကာ
ဒေဝနတ်၊ တစ်ဆယ်ဂဏန်းမှာ ရုက္ခဒေဝနတ်၊ တစ်ဆယ့်တစ်ဂဏန်းမှာ
သော နတ်၊ တစ်ဆယ့်နှစ်ဂဏန်းမှာ စန္ဒီနတ်တို့ ဖမ်းစားတတ်သည်။

"ဆိုပါစို့ တစ်ဆယ့်တစ်ဂဏန်းဖြစ်တဲ့ ဆယ့်တစ်ရက်သား၊ ဆယ့်တစ်
သား၊ ဆယ့်တစ်နှစ်သားကို သရသောနတ် ဖမ်းစားသယ်။ သည်နတ်က သူ
ကို ပွေ့ထားပြီး အိမ်ခေါင်ပေါ်တက်ထိုင်တဲ့ နတ်ရုပ်ဆိုတော့ ခေါပတောင်း
အိမ်ခေါင်ပေါ်တင်ရသယ်။ သရသောနတ် ဖမ်းစားရင် သူငယ်က တကျည်
ခဏခဏ ငိုလိမ့်မယ်။ နှလုံးကို စမ်းကြည့်ရင် တဒိတ်ဒိတ်ခုန်မယ်။ ဒါဆို
ခေါပတောင်းထဲ ပေါက်ရွက်ခြောက်ရွက်ခင်း၊ ထမင်းက ဆယ်ဆုပ်၊ မု
ဆက်ယှက်၊ ငါးကြော်ဆယ့်တစ်၊ တံခွန်ငါးတိုင်၊ ဆီမီးငါးတိုင်၊ ပန်းပေါက်ပေ
ထည့်ပြီး နံ့သာရည်ဖျန်းပြီးရင် အိမ်ခေါင်ပေါ်တင်ထား၊ မပျောက် မရှိ

တစ်ခါတစ်ခါတော့ ဆယ်ကျော်စွန်းစ သမီးကလေးကို သူငယ်နာရေ
လက္ခဏာချက်တွေ ကုရမည့် ကုထုံးတွေကို မနိုင်ရင်ကန် သင်ပေးရာများ
နေပြီလားလို့ ဆရာကျိုင်း တွေးသည်။ သမီးကလေးကတော့ အရွယ်ငယ်
သည့်တိုင် အံ့သြစရာကောင်းလောက်အောင် ခံယူနိုင်စွမ်းရှိရှာသည်။ သူငယ်
ကု သမားတစ်ဦးအနေဖြင့် သဘောသွားတွေချည်း ပြောနေလို့လည်း မဖြစ်
တော့ ကုရင်း မရင်းက စဉ်းစားပုံ၊ ကုသပုံ၊ ဆုံးဖြတ်ရပုံတွေပါ ကျွဲကူးမေ
သင်ပေးရသည်။ တစ်ခါတလေတော့ သစ်ပင်ရိပ်ကောင်းကောင်းမှာ နားကြ
သမီးကလေးကို ပြန်မေးရသည်။

"သူငယ်နာကုပ်ကျိုး၊ သူငယ်နာမျက်မှိတ်၊ သူငယ်နာမျက်ရည်ထွ
တွေ့ရင် ငါ့သမီး ဘယ်လိုဆေးပေးမလဲ"

"လက်ဖက်ကို ဆီနိုင်နိုင်နဲ့ စားခိုင်းမယ်။ ဒါနဲ့မှ မကျေရင် အမဲ
ကို မီးဖုတ်ပြီး ဆီနိုင်နိုင် ဆမ်းစားခိုင်းရမယ်။ ဒါမှမပျောက်ရင် မန်းကျည်း
ကို ဆန်လှော်နဲ့ ချက်စားခိုင်းရမယ်။ ဒါနဲ့မှမရရင် ခရမ်းစပ်သီးကို ငါ
ချက်စားခိုင်းရမယ်။ ဒါနဲ့မှ မပျောက်ရင် ကြက်ဟင်းခါးရည် ရှူခိုင်းရမ
ဒါနဲ့မှမရရင် တစ်ကိုယ်လုံးကို ဆီသုတ်ပြီး ကုပ်ဆက်ကို သံတူနဲ့ စတိန
မယ်။ ဒါနဲ့မှ မပျောက်ရင် နံ့သင့်သစ်သားကို အရပ်နဲ့တိုင်းဖြတ်ပြီး အရင်
က သွေးပြီး မျက်စဉ်းခတ်ပေးရမယ်။ ဒါမှမပျောက်ရင် ဆီးသီးကို ဟင်း
စားခိုင်းရမယ်။ ဒါနဲ့မကျေရင် ခြေကို ဆီသုတ်ပြီး မန်ကျည်းရွက် ကြ



ထိုးပေးရမယ်။ ဒါနဲ့မှမပျောက်ရင် မုန့်ဆီကြော်ကျွေးရမယ်။ ဒါနဲ့မှမပျောက်ရင်
စကားပွင့်ကို နမ်းခိုင်းရမယ်။ ဒါနဲ့မှမပျောက်ရင် မှျင်ဝါးအစိမ်းကို မီးဖုတ်ပြီး
ရှူခိုင်းရမယ်။ ဒါနဲ့မှမပျောက်ရင် ခြေကို ကျွန်းသားမီးသွေးသုတ်ပြီး မီးကင်
ရမယ်။ ဒါမှမပျောက်ရင် ငယ်ထိပ်ကို ဆံပင် ခုနစ်ပင်နုတ်ပြီး ရေမျှော၊ ရေမှန်
ကြည့်ခိုင်းရမယ်။ ဒါနဲ့မှ မပျောက်ရင် ရေတသီးညှော်ခံခိုင်းရမယ်။ ဒါနဲ့မှ
မပျောက်ရင်..."

"တော်ပါပြီကွယ်။ တစ်ချက်မလွဲပါဘူး။ နို့ဖြစ်ရင် သူငယ်က အပူကြီး
လွန်းလို့ ခြေလက်များတောင် ဖြူလာပါပြီတဲ့။ ငါ့သမီး ဘယ်နှယ့်လုပ်မယ်
စိတ်ကူးတုန်း"

"သမီး မှတ်မိပါတယ် အဖေရဲ့။ ဆူးလေဆူးအစခံပြီး ဆူးခုနစ်ပါးကို
မီးမြှိုက်ပြီး အခိုးခံခိုင်းရမယ်။ မကျေရင် ထန်းပင်မြစ်စားခိုင်းမယ်။ မရရင်
ရေကန်စွန်း၊ ကွမ်းရွက်ကို မှိုင်းခံရမယ်။ ဒါနဲ့မှမရရင် တစ်ကိုယ်လုံးကို ရွှံ့ပုပ်
သုပ်ရမယ်။ ဒါနဲ့မှမရရင် ထုံးနနွင်းကို ရက်လည်အောင် တိုက်ရမယ်။ ဒါနဲ့မှ
မရရင် ရေခရကျွေးမယ်။ ဒါနဲ့မှမရရင် ငှက်ပျောသူငယ်စာခေါင်းကို ဟင်းချက်
ကျွေးရမယ်။ ဒါနဲ့မှမပျောက်ရင် သပြေခေါက်ကို မှိုင်းခံရမယ်။ ဒါနဲ့မှ မပျောက်
ရင် ကြောင်ပန်းရွက်ကို ကျိုပြီး ရေချိုးခိုင်းရမယ်။ ဒါနဲ့မှ မပျောက်ရင်..."

"ပြည့်စုံပါပြီ"

ထိုနေ့က ဆရာကျိုင်းမေးသမျှ မကောင်း ဖြေနိုင်သည်။ သူငယ် ကျော
ခေါင်းပူ ထလျှင်၊ သူငယ် ဝမ်းလားလျှင်၊ သူငယ် ဝမ်းဖောလျှင်၊ သူငယ်
ရေငတ် ဝမ်းကျလျှင်၊ သူငယ် အပြင်းတက်၍ မျက်နှာမည်းလျှင်၊ သူငယ် ရင်ပြည့်
ရင်ကယ်ဖြစ်လျှင်၊ သူငယ် မျက်ချေးချူလျှင်၊ သူငယ် ခြေလက်ကုပ်လျှင်၊ သူငယ်
ဝမ်းကိုက်လျှင်၊ သူငယ် ခြေလက်သေလျှင်၊ သူငယ် နို့မစို့၊ ထမင်းအာသာမရှိ
လျှင်၊ သူငယ် ဆီးချုပ်လျှင်၊ သူငယ် သွားကြိတ်လျှင်၊ သူငယ် ရင်လုံးလျှင်၊
သူငယ် မျက်သလို ချက်သလိုဖြစ်လျှင် မကောင်းက တစ်ခွန်းတစ်စ မကျန်
အောင် တတောက်တောက် ရွတ်ပြသည်။ အဖေ သူငယ်နာဆရာကျိုင်းက သမီး
ကျောကို ပွတ်သည်။

"သူငယ်နာ ကြက်ညှာများကျတော့ကောကွဲ့"

"ငါးစင်ရိုင်း၊ ငါးခုံးမကို ကင်ပွန်းချဉ်ရွက်နဲ့ ချက်ကျွေးရမှာပေါ့ အဖေ
ရဲ့၊ ဒါနဲ့မှမပျောက်ရင် ကောက်ညှင်းနဲ့ အုန်းသီးကို ဆယ့်နှစ်ရက်ကျွေးရမယ်။
ဒါမှမပျောက်ရင် ပုစွန်ကို လှော်ကျွေးရုံပေါ့ အဖေရယ်"

မကောင်း အသက် ဆယ့်လေးနှစ်မှာ သူငယ်နာကုထုံး တော်တော်များများ ကျေပြီ။ သို့သော် သူငယ်နာကား တူယောင်ရောထွေး ရှိတတ်သည်။ မာယာတွေ ရှိသည်။ တစ်ခါတစ်ရံ သူငယ်နာဆရာကျိုင်းသည်ပင် ရောဂါရှင် သူငယ်ကိုကြည့်၍ အကဲဖမ်းရခက်နေတတ်သည်။ နို့စို့ဆိုလျှင် မိခင်ကိုပါ ထောက်ရ စမ်းရသည်။ အစွဲကြောင့် ဖြစ်ရသော သူငယ်နာခြောက်ပါး၊ မိခင်နို့ရင်ကြောင့် ဖြစ်ရသော သူငယ်နာ ခြောက်ပါး၊ နှစ်စုပေါင်း တစ်ဆယ့်နှစ်ပါးတို့ ရင့်လျှင် ငန်းသို့ ရောက်ရသည်ဖြစ်ရာ သည်အခါမျိုးတွင် မကောင်း မစူးမစမ်း မပြုဝံ့။ အဖေကုသခိုက် ရင်တဖိုဖိုနှင့် ရှိရသည်။ တစ်ခါတလေတော့လည်း အဖေ စဉ်းစားတာနဲ့ မတူဘဲ လွဲချော်နေသည်များလည်း ရှိသည်။

(၃)

တစ်ခါတော့ ဆရာကျိုင်းနှင့် မကောင်း သားအဖကို လိပ်ပုပ်ရွာက ပင့်သည်။ လိပ်ပုပ်က လှည်းလာကြိုသဖြင့် သားအဖနှစ်ယောက် ကောက်ကာငင်ကာ လိုက်ကြရသည်။ သည်တုန်းက မကောင်းအသက် နှစ်ဆယ် မပြည့်တတ် ပြည့်တတ်ရှိပြီ။ လာပင့်သော လှည်းဆရာက သူငယ်နာစွဲနေသည့်ကလေးမှာ ဝမ်းအိုင်ထဲမှာ လူးနေရသည့်နှယ် ဆေးမနိုင် ကြောမနိုင်ဖြစ်နေကြောင်း၊ ဝမ်းလားသည်ပင် လေးရက်ရှိပြီဖြစ်၍ ကြုံရာဆေးဆရာများကို ပင့်ကာ ကုသသော်လည်း သူငယ်မှာ ပျောက်ရသည်မရှိဘဲ ရေငတ်ဝမ်းကျဖြစ်နေကြောင်း ပြောပြရင်း လှည်းကို အပြင်းမောင်းသည်။ ဆရာကျိုင်းက လှည်းပေါ်မှာပဲ ကွမ်းအစ်ကို ထုတ်ကာ ကွမ်းတစ်ယာဝါးသည်။ မကောင်းက လှည်းနောက်မြီး ခြေတွဲလောင်း ချထိုင်ရာက ခြေနှစ်ဖက် ပြန်တင်ကာ ပုဆစ်တုပ်ထိုင်ရင်း အဖေ ဆေးဆရာကို ကြည့်သည်။ သမီး၏အကြည့်ကို ဆရာကျိုင်း နားလည်လိုက်သည်။ လှည်းသမား၏ စကားတွေအရ ဝမ်းလားသည်ပင် လေးရက်ရှိပြီ။ ရေကလည်း တစွပ်စွပ်ငတ်၊ သည်လို သူငယ်နာမျိုးကို သားအဖနှစ်ယောက်စလုံး တွေ့ဖူးလှပြီ။

"သမီးရဲ့သူငယ်ကို မတွေ့ရသေးဘဲနဲ့ သူငယ်မှာ ကျရောက်နေတဲ့ ရောဂါကို မဝေဖန်ရသေးဘဲနဲ့ မဆုံးဖြတ်ချင်နဲ့ကွယ်။ တစ်ခါတလေ သူငယ်နာများဟာ နှစ်ပါးသုံးပါး ပေါင်းပြီး ဖြစ်သာရှိတယ်။ ငါ့သမီးစိတ်ထဲ လှည်းဆရာပြောသာနဲ့ သဟာများလောက်တော့ လွယ်သယ်မှတ်နေပြီမို့လား။ လူနာကို မမြင်ရသေးဘဲနဲ့ ကုထုံးကို ကြိုမတွက်လေနဲ့"

အဖေက မကောင်းစိတ်ကို သိပုံရသည်။ အဖေပြောလိုက်တော့လည်း



ရှက်မိသား။ သည်နားရွာတွေမှာ မကောင်းသည်ပင် သူငယ်နာကောင်းလှသည် နာမည်ရနေပြီ။ လူနာအိမ်ရှေ့ လှည်းချွတ်တော့ သားအဖနှစ်ယောက် လှည်းက ဆင်းကာ သူငယ်ကို ချက်ချင်း ကြည့်ကြသည်။ သူငယ်မှာ ပါးစပ်ဖွင့်ကာ အမောဖောက်နေသော်လည်း ထိုအမောကိုပင် စိတ်ရှိလက်ရှိ ဖောက်နိုင်ပုံမပေါ်။ ကျင်ကြီးနံ့တွေက ထောင်းထောင်းထလျက်ရှိ၏။ သူငယ်၏ ခန္ဓာကိုယ်ဆီက ငါးတစ်ကောင်၏အနံ့တွေ အူလှိုက်နေသည်။

ဆရာကျိုင်းက သူငယ်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး သူ့ကွမ်းအစ်က ကွမ်းကို စိတ်အေးလက်အေးဖွင့်ကာ တစ်ယာ ယာစားသည်။ လူနာရှင်တွေက ဆရာကျိုင်းကို သည်ရက်မှာ ရောဂါပိုသည်းလာကြောင်း ပြောပြကြသည်။ ဆရာကျိုင်းက အေးတိအေးစက်။ မကောင်းက ပန်းဟိုက်နေသည့် သူငယ်ကို ကြည့်သည်။ မကြာမတင်က စွန့်ထားသည့် တပိုတပါးကို ကြည့်သည်။ ဆရာကျိုင်းက သမီးကို ဝမ်းစစ်ခိုင်းသည်။ မကောင်းက မစင်ကို လက်ညှိုးနှင့် ကော်ယူကာ သေသေချာချာကြည့်သည်။ နမ်းကြည့်သည်။

"ဝမ်းကိုကြည့်စမ်း၊ အူစွဲသူငယ်နာများမယ် ဝမ်းများဟာ ပိတ်များ ပြည်များလို ဖြူဖြူရိရိ ရှိတတ်သယ်။ အသည်းစွဲသူငယ်နာကျတော့ ဝမ်းရဲ့အရောင်ဟာ စိမ်းရွှေရွှေ ဝါရော်ရော်ရှိတတ်သယ်။ ပုပ်စပ်စပ်နဲ့ ကစော်ဖတ်များဆိုရင် နှလုံးစွဲသူငယ်နာ။ ကြက်ဥနှစ်များလို ညှိုညစ်ညစ်ရှိရင်တော့ သည်းခြေစွဲသာကိုး။ သရိုးသရီနဲ့ တညည်းညည်းသွားရတဲ့ ဝမ်းများကျတော့ သရက်ရွက်စွဲသူငယ်နာ ခေါ်သာပဲ။ တချို့ဝမ်းများကျတော့ မျဉ်းခွေမှိုင်တွေ ရှိတတ်သယ်။ အဖျဉ်းစွဲ သူငယ်နာမှာ သည်လိုသွားတတ်သယ်၊ သလိပ်ဖတ်များလို ရိရိချွဲချွဲဆိုရင်တော့ ရင်စွဲသူငယ်နာဝမ်းခေါ်သယ်။ အခု အဖေ ကြည့်ရသာတော့ ဝမ်းက အခါးနံ့ထွက်နေတဲ့အပြင် ကစော်ဖတ်များလို ဖြစ်နေတော့ နှလုံးစွဲ သေချာပြီ။ သွေးပါပြီဆိုရင်တော့ နှလုံးစွဲကြက်ညှာဘက် ကူးတော့မှာပေါ့။ သည်သူငယ်မှာ မျက်နှာများကလည်း ကွက်သယ်၊ ရေကလည်း ငတ်သယ်ဆိုတော့ သွေးတက် ကျဗဟုံး ဆန်သယ်၊ ရေတဆာဆာတောင်းသယ်၊ အော့သယ် အန်သယ်ဆိုရင်တော့ သည်းခြေစွဲကျဗဟုံးလို့ ယူမယ်ဆိုရင်လည်း ဖြစ်ပါရဲ့။ အရှယ်နဲ့ မမျှအောင် ရောဂါကြီးသကောကွယ်။ ကိုင်း... မိဘနှစ်ပါး ရှေ့ကိုကြွ၊ ကျုပ်ပြောမယ်"

သူငယ်က ဝမ်းကျတာရှည်သည်။ ကြို့ဆိုးရှိသည်။ အော့နာအန်နာရှိသည်။ သင်းဝင်ပေါက်ဖြူ၊ တပဆေး၊ မိုးနံ့နှင့် ဇောင်ချမ်း၊ ဆေးပုလဲ၊ ဆီးမြစ်

ခြောက်ပါးကို အမှုံစီစု၊ ဒန့်ဒကူးကဲ၍ ညက်နေအောင် ကြိတ်သည်။ ဆေးကို ရေကျက်အေးဖြင့် တိုက်သည်။ သုံးရက်ကူးသော်မှ ဝမ်းကျသေးလျှင် ပိတ်ကိုက်နှာ ဝမ်းမြင်းကျနာအတွက် ပန္နံ၊ ပမ္မ၊ ပရုပ်၊ လက်ထုပ်ခေါက်၊ ဆေးပုလဲ၊ အင်တိုင်း၊ ဆေးနီ၊ ကြစုနှင့် ဣသရမူလီရှစ်ပါးကို အမှုံစု၍ ကြိတ်ခိုင်းကာ ပုစွန်ကျစ်စာမြေ၊ တီကျစ်စာမြေကို မီးရဲရဲဖြင့်ဖုတ်၊ ရေမှာ ရှဲခနဲချ၊ ရသည့်ရေနှင့် ဖျော်၍ သူငယ်ကို တိုက်ဖို့ မှာခဲ့သည်။

"ကိုင်း... သူငယ်မှာဖြစ်နေတဲ့ ကသိကအောက်တွေ ပထမ ဆေးနဲ့ပဲ ပြေပါပြီ။ မယုံမကြည် မရှိနဲ့။ ဝမ်းရပ်ရင် သူငယ်ကို သန့်ရှင်းအောင်ထား၊ ရင်ခုန် မေးမထူးရှိခဲ့ရင် ဆန်လှော်ရေကလေးတိုက်ပေး။ ကိုင်း... ငါ့သမီးက ဆေးတွေသိမ်းကွယ့် ပြန်ကြစို့"

"မျက်နှာတွေမည်းသာကကော ဆရာကြီး"

"သူငယ်နာပြင်းလို့ ဖြစ်ရသာပါ။ ငါးပြုတ်ရည် သခွားရည်ကို ထန်းလျက်နှစ်ပြီး စားခိုင်း၊ မကျသေးရင် ကြက်သွန်နီ၊ ဆား၊ မန်ကျည်းမှည့် သုံးပါးကြိတ်ပြီး စားပစေ၊ မကျသေးရင် ကင်ပွန်းရည် ဆားခတ်တိုက်လိုက်"

သူငယ်ခမျာ မကောင်းတို့ လှည်းပြန်မထွက်ခင်မှာပင် သက်သာသွားခဲ့ပါပြီ။ လှည်းပေါ်ရောက်တော့ မကောင်းက သူငယ်မှာစွဲနေသည့် သူငယ်နာအကြောင်း စကားစကောက်တော့ ဆရာကျိုင်းက သမီးကို လက်ကုတ်သည်။ လှည်းဆရာ မကြားစေလို၍ ဖြစ်သည်။ အိမ်ရောက်တော့ စကားပြန်ရောက်နိုင်သည့် သူစိမ်းရှေ့မှာ ရောဂါအကြောင်း အကောင်း အဆိုး မပြောရကြောင်း ဆုံးမသည်။ အဖေ့ဆီက သင်ယူစရာတွေ များလှပါကလား။ အဖေကိုယ်တိုင်က စိတ်မဖြောင့်သေးတာ ဒါကြောင့်ပဲဖြစ်မည်။

တစ်ခါတော့ လူနာလာပင့်ကြသူနှစ်ဦး ဆိုင်နေခဲ့သည်။ လှည်းနှစ်စီး အိမ်ရှေ့လာရပ်ကြတာချင်းလည်း တူသည်။ တစ်ရွာက တောင်ရွာ။ တစ်ရွာက မြောက်ရွာ။ လူနာက တောတစ်ရွာ တောင်တစ်ရွာဆိုတော့ တစ်ရွာပြီးမှ တစ်ရွာ ကူးဖို့ ခက်သည်။ မည်သို့ပင်ဖြစ်စေ လူနာနှစ်ယောက်အတွက် ဆရာနှစ်ဦး ရှိနေသည်ဖြစ်ရာ တစ်ရွာကို တစ်ဦးလိုက်သွားခြင်းအားဖြင့် အချိန်တိုတိုနှင့် အကျိုးပြီးနိုင်သည်။ သည်တော့ ဆရာကျိုင်းက တောင်ရွာကိုကြွမည်။ သမီး မကောင်းကို မြောက်ရွာလိုက်ပါဖို့ စီမံသည်။ ဆရာကျိုင်းက တောင်ရွာကို လိုက်မည်ဆိုတော့ တောင်ရွာကပင့်သည့် လူနာရှင်က ကျေနပ်သော်လည်း မြောက်ရွာက ဆရာကျိုင်း မလိုက်ပါနိုင်တာကို သဘောတွေ့ကြပုံမပေါ်။ မကောင်း ကိုယ်တိုင်



က သူငယ်နာရောဂါကို ဒူးတင်ပေါင်တင် ကုသနိုင်ပြီဆိုတာကို လက်ခံကြသည် ...သော်ငြား တကယ်တမ်း ဆရာကျိုင်းမပါဘဲ ပင့်ဖို့ကျတော့ အင်တင်တင် နေကြသည်။ မတော်ရိတော်ရိ အလွဲအမှားရှိလျှင် လူနာနှင့် သမား မအပ်မရာ ...လျှင် လူ့အသက်တစ်ချောင်းနှင့် ရင်းရမည့်ကိစ္စမှာ လူနာရှင်ဘက်က သေချာ ...င်သည်။ သည်ခံစားမှုကို ဆရာကျိုင်းကလည်း ရိပ်မိသည်။

"မကောင်းကို ယုံယုံကြည်ကြည်သာ ပင့်သွားကြ၊ ကျုပ်သမီးက ကျုပ် ...ယ်ပွားပဲ။ သည်ကနေ့ကစပြီး ရပ်ကြားရွာကြား ကျုပ်ပြောလိုက်စမ်းပါရစီ၊ ...ုပ်သမီး မကောင်းက ကျုပ်နဲ့မခြား သူငယ်နာ ကုနိုင်ပြီ။ ကျုပ်သမီးကြောင့် ...တိမ်းကပါး ဖြစ်သယ်ဆိုရင် ကျုပ်အသက် အစားလျော်လိုက်မယ်။ ကျုပ် ...လောင်းနဲ့ လူနာအလောင်း ရောသာမြှုပ်လိုက်ကြ"

အဖေ့စကား ကြားလိုက်တော့ မကောင်းပင် ကြက်သီးတွေ ဖျင်းခနဲ ...သွားခဲ့သည်။ အဖေကိုယ်တိုင်က သူနဲ့မခြားသော သူ့ကိုယ်ပွား ဆိုနေပါ ...ကော။ ကျုပ်သမီးကြောင့် လူနာ ကတိမ်းကပါးဖြစ်ရင် ကျုပ်အသက် အစား ...လျော်လိုက်မယ် ဆိုနေပါပကော။ အဖေနှင့် ဆေးလိုက်ကုခဲ့သည်မှာ ရှစ်နှစ် ...ပြီ။ သူငယ်နာစွဲသူ ကလေးများစွာကို မကောင်းလက်နဲ့ ထိခဲ့ဖူးပြီ။ သူငယ်နာ ...စုံကို ကြုံခဲ့ဖူးပြီ။ မနေ့တစ်နေ့ကအထိ သူငယ်နာရောဂါနှင့် ပတ်သက်၍ ...ဖေကိုယ်တိုင် သင်ပြနေဆဲဖြစ်၏။ ပညာနှင့် ပတ်သက်၍ လက်လွှတ်ရပြီ။ ...တ်ချရပြီ။ သိလှတတ်လှပြီဟူ၍ တစ်ခွန်းတစ်စ ဆိုခဲ့ဖူးသည်မရှိ။ မကောင်း ...ယ်တိုင်ကလည်း ပညာတွေ ရင့်လှပြီ။ အတွေ့အကြုံတွေ ရလှပြီ မပြောသာ။ ...ငယ်နာပေါင်းများစွာသည် ရုပ်ပြောင်းရုပ်လွဲများစွာဖြင့် မကောင်းကို ပညာ ...နေကြဆဲ ဖြစ်၏။ မျက်လုံးတွေ စီသူက စီသည်။ ကြောင်သူက ကြောင် ...ည်။ စိုက်သူက စိုက်သည်။ လှန်သူက လှန်သည်။ တမျဉ်းမျဉ်း တခွေ့ခွေ့ ...သူက ရှိသည်။ သွေးလေ သလိပ်ကြောင့် အပူကိုမှီ၍ ရင်တစ်ခုလုံး ဗုံကို ...တ်သကဲ့သို့ ခုန်သူကိုလည်း တွေ့ဖူးသည်။ ကိုယ်သားကိုယ်ရေပြောင်းသူ၊ ...သူ၊ ဖြူသူ၊ မည်းသူ၊ ကွက်သူ၊ အသွေးအဆီယုတ်သူ၊ ကြုံ့ဆို့သူ၊ မွေးဆိုး ...တင်ညစ်ရှိသူ၊ ခေါင်းပူသူ၊ မျက်ဝတ်ထွက်သူ၊ တရှင်ရှင်ငိုသူ၊ တကျည်ကျည် ...သူ၊ တဟိုက်ဟိုက်ပန်းသူ၊ တစပ်စပ်ဝါးသူ၊ ကျောကော့သူ၊ ဝမ်းသွန်သူ၊ သွား ...သူ၊ ခေါင်းလှုပ်သူ၊ တစီစီမြည်သူ၊ တချောက်ချောက်မြည်သူ၊ ငိုတုံရယ်တုံ ...၊ လန့်ဖျပ်သူ၊ အပုပ်တက်သူ၊ အပုပ်ဆန်သူ၊ အပုပ်စုန်သူ၊ တလူးလဲလဲ ...၊ တကြုတ်ကြုတ်ရှိသူ၊ ဒေဝမာတြာစွဲသူ၊ ယက္ခမာတြာစွဲသူ၊ ပုတ္တမာတြာ

စွဲသူ၊ စုန်းဖုတ်ဖမ်းစားသူ စသည်ဖြင့် မကောင်း ကိုယ်တိုင်ကြုံလှပြီ။ အနာ
ကို သိပါပြီတဲ့။ ဆေးကိုကော သိရဲ့လား။ ဆေးကကော တည့်ရဲ့လား။ ဆေး
ကကော လိုက်ရဲ့လား။ မကောင်း ပေးတတ်ပါသည်။ သူငယ်နာခြောက်ဆယ့်
ခြောက်ပါး၌ မကောင်း မညွှန်းတတ်သည့် ဆေးသည် မရှိ။ တစ်ခါတစ်ရံ
သူငယ်နာနှင့် မဆိုင်သော အပင်းကိုပင် ချနိုင်သေးသည်။ 'ဖြူရွှား ကန
ပိတောက်မှို မှုစ်ညို ဖျောက်ဆိပ်သွင်း။ လေးဦးကြိတ်ကာ၊ အပင်းရှိရာ၊ သုံးခါ
စမ်း လတ်လျှင်း။ ခုန်ပူလှုပ်က၊ အပင်းကျ၊ တိုက်ကြ ဆေးများမင်း' ဆိုတာ
တွေပင် ကျက်မှတ်ထားသည်။ ပိတုန်းကင်းများ ကိုက်သဖြင့် တွန့်တွန့်လူ
နေသည့် သူငယ်ကို ကျောက်ချဉ် တစ်သွေးစာဖြင့် ချမ်းသာစေခဲ့သည်လည်း
အကြိမ်ကြိမ်။

"ငါ့သမီး လိုက်သွား၊ ရောဂါသည်သူငယ်ကို ကြည့်၊ လက္ခဏာကို
ကြည့်၊ ပယောဂကို ကြည့်"

အဖေကတော့ သည်လောက်ပဲ မှာလိုက်သည်။ လူနာရှင်က ဆရာကျိုင်
ကိုယ်တိုင် မကြွနိုင်၍သာ မကောင်းကို ပင့်ခဲ့ရသည်။ စိတ်ထဲ စနိုးစနော
တော့ ရှိပုံရလေသည်။ မကောင်းကတော့ ဆေးတောင်းကို မ,ကာ လှည်းပေါ်
ခွေ့ခနဲ တက်နှင့်ပြီ။

မြောက်ရွာရောက်တော့ မကောင်း လှည်းပေါ်က ဆင်းသည်။ သူနာ
မိန်းကလေးက ဆယ်နှစ်သမီးကလေး။ အေးခုတင်ကြီးတစ်ချပ်ပေါ်မှာ တင်းတိ
ကြီး ကာထားသည်။ မိန်းကလေးကို စမ်းကြည့်တော့ တစ်ကိုယ်လုံး အေးစက်
နေသော်လည်း နဖူးတစ်နေရာတည်း ပူခြစ်နေသည်။ အလင်းရောင်ကို မကြည့်
နိုင်သဖြင့် မျက်လုံးတွေကို ပိတ်ထားရသည့်ကြားက မျက်ခွံကြီးတွေ သီးထ
သေးသည်။ မကောင်းက ခေါင်းရင်းမှာထိုင်ရင်း သူငယ်ကို အကဲခတ်သည်
ပထမဆုံး ကြည့်ရသည့် သူငယ်နာ။ သည်တစ်ခါ အဖေ ဆေးဆရာမပဲ
တစ်ယောက်တည်း ကြွရသည့် ခရီး။ မှားလို့မဖြစ်ပါ။ မကောင်းက ဘုရားစ
ရှေ့မှာ ပုဆစ်တုပ်လျက် ဘုရားရှင်ကို ကန်တော့သည်။ သူငယ်နာ ဖမ်းစားသေ
နတ်တို့ကို မေတ္တာပို့သည်။ ပြီးတော့မှ သူနာ၏ ကျောကို ကြည့်သည်။ ရင်
ကြည့်သည်။ အသံကို နားထောင်သည်။ စိတ်ထဲမှာလည်း သူငယ်နာရောဂါ
ဗလောင်ဆူနေသည့်အတွက် စိတ်ကို ဖြေလျှော့ချနေရသည်။ ငါ မှားလို့မဖြ
ဘူးဆိုသည့် စိတ်ကြောင့် မကောင်း ကိုယ်တိုင်ပင် ကတုန်ကယင် ရှိနေသည်

သူငယ်နာ ကျဗဟုံးဆယ်ပါးဖြစ်သော နှလုံးစွဲကျဗဟုံး၊ အရိုးစွဲကျဗဟုံ



ဆစ်ဒူးစွဲကျဗဟုံး၊ သည်းခြေစွဲကျဗဟုံး၊ လေဆွဲကျဗဟုံး၊ သွေးတက်ကျဗဟုံး၊
လေအပုပ်တက်ကျဗဟုံး၊ သွေးအပုပ်တက်ကျဗဟုံး၊ အရေစွဲကျဗဟုံးတွေကို
ရောဂါလက္ခဏာနှင့်တကွ ရွတ်ကြည့်နေရသည်။ သူငယ်နာငန်းငါးပါးကကော။
သူငယ်နာ လေငန်း၊ သူငယ်နာ သွေးငန်း၊ သူငယ်နာ သလိပ်ငန်း၊ သူငယ်နာ
ငန်းပုပ်၊ သူငယ်နာ အပြင်းဖမ်းငန်းတို့၏ သဘာဝကို ဖျိုးဖျိုးဖျပ်ဖျပ် တွေးရ
သည်။ အပုပ်သူငယ်နာတွေထဲက ကိုယ်တနွေးနွေး ဝမ်းပြည့်၍ အော့တတ်
တတ်သော လေအပုပ် သူငယ်နာ၊ ရင်တွေ ချစ်ချစ်တောက်အောင်ပူကာ
ကျပ် ချောင်းဆိုးသည့်အပြင် အရေအသား ခြောက်ခန်းသော သလိပ်ပုပ်
သူငယ်နာ။ ခြေပစ်လက်ပစ် ဖျားမည်။ ခြေနှစ်ချောင်း အေးလိုက်ပူလိုက်၊ ကိုက်
လိုက် ခဲလိုက်ဖြစ်မည်။ ပြီးလျှင် မျက်နှာနှင့် နှုတ်ခမ်းများ ရှုံ့ရှုံ့တတ်သော
သွေးပုပ်သူငယ်နာကလည်း ရှိသေးသည်။ သူငယ်နာဥပါဒါန်ခြောက်ပါးက ဘာ
တွေပါလိမ့်။ ခြေသည်းထိပ်၊ လက်သည်းထိပ်၊ လကိုက်၊ လက်ကုပ်၊ မျက်စိ
ကိုက်၊ မျက်တောင်နှိုက်၊ နားနှိုက်၊ နှာခေါင်းနှိုက်သည့် သဘာဝတော့ သည်သူငယ်
မှာ မတွေ့ရတော့ ဖယ်လိုက်။ ပါဒရက်သူငယ်နာဖြစ်သော ကိုယ်တစ်ပိုင်းပူ
ကိုယ်တစ်ပိုင်းအေးပြီးလျှင် ခြေလက်အမွေး အသားအရေ ညစ်မွဲတတ်သော
ဝါယပါဒရက်လည်း ရှိသည်။ ခြေဖဝါး လက်ဖဝါးပူ၍ အရေအသား ခြောက်
ခန်း ကျုံ့လှီသော ဥဏှပါဒရက်လည်း ရှိသည်။ ခြေဖျားလက်ဖျားများ တဆစ်ဆစ်
အေးလျက် ဝမ်းစူတတ်သော သီတပါဒရက်လည်း ရှိသည်။ မကောင်း မေး
ကြည့်သလောက် သူငယ်က ငိုသည်ဆိုပြန်ရော "မုက္ခီစွဲ သူငယ်နာသုံးပါးများ
ကား ကြည့်ရသေးသည်။ တစ်ကိုယ်လုံး သိမ့်ခနဲ၊ သိမ့်ခနဲ လှုပ်ပြီး ငိုပြီဆိုလျှင်
သယမုက္ခီစွဲပြီမှတ်။ ကိုယ်ကလေး နွေးလိုက် ပူလိုက်နှင့် ခေါင်းလည်အောင်
ငိုတာဆိုလျှင်တော့ ငါ့သမီး နာဂမုက္ခီစွဲတယ်ခေါ်တယ်။ မျက်စိစုံမှိတ်ပြီး ခါး
ကော့အောင်၊ ရင်ကော့အောင် ငိုတာဆိုလျှင်တော့ ယက္ခမုက္ခီစွဲသယ်လို့ မှတ်
တော့။ ဒါကြောင့် ငိုသာကိုလည်း ခွဲခြားအောင်ကြည့်"

အဖေ ပြောဖူးသည့်စကားတွေကို မကောင်း ကြားယောင်သည်။ မကောင်း
ကြည့်သလောက် တံတောင်ဆစ်ရိုး၊ လက်ဖျံရိုးတွေ အစွန်းထူသည်။ ကျောရိုး
ကော့သည်။ လက်ပြင်ကိုင်းသည်။ ရင်ညွန့်ရိုး၊ ညှပ်ရိုးတွေ ကော့လွန်းသည်။
အမြင်သာဆုံးကတော့ အလင်းရောင်ကို ထိတ်ကျည်းလန့်ကျည်း ကြောက်ခြင်း
ဖြစ်သည်။ မကောင်း သည်ထက် အချိန်ယူလို့ မကောင်းနိုင်။

"သူငယ်က မျက်လုံးမှိတ်သယ်၊ ရေငတ်သယ်၊ တစ်ခါတလေ ဓာတ်

ကျိုး ခါတ်ပျက် ဝမ်းသွားချင်သယ်၊ ကစိမ်းကဝါးရှိသယ်ဆိုတော့ သူငယ်န
ကြီး မဟုတ်ပါဘူး။ ကိုင်း ကျောက်ပျဉ်ယူပြီး နံ့သာနီ တစ်ကန်လောက်သွေ
နဖူး နားရင်းတွေ ပိတ်နေအောင် လိမ်းရမယ်။ တစ်ယောက်က မန်ကျည်းရွက
ကြမ်းကြမ်း လက်တွင်းလေးဆုပ်စာလောက်ချူးပြီး ဆားထည့်ပြီး ကြိတ်၊ ကြက်ဆ
နီ ရွက်ထဲထည့်၊ ကြိတ်ပြီးသား မန်ကျည်းဆနယ် ထည့်ထုပ်ပြီး မီးနွေးနွေး
ကင်၊ အရည်ကျအောင် ညှစ်ပြီးရင် မျက်လုံးစပ်နဲ့ နဖူးတွေ လိမ်းရမယ်။ ထုပ
ထားတဲ့ ကြက်ဆူနီရွက်နဲ့ ရောင်ရာကို ကပ်ရမယ်”

မာတြာနတ်အတွက် လုပ်ရကိုင်ရမှာကိုလည်း တစ်ဆက်တည်း မှာသည
ဆယ်နှစ်သမီးဆိုတော့ ရက္ခဒေဝါရက္ခစိုး ဖမ်းစားခြင်း ဖြစ်သည်။ မျက်စိနာခြင်
မျက်စိတွေခြင်း၊ မျက်ခွံပိတ်အောင် ရောင်ခြင်းသည် ရက္ခစိုး ဖမ်းစား၍ ဖြ
ရသည်။ လက်ဆွံ့ဆွံ့ ခြေဆွံ့ဆွံ့ရှိခြင်း၊ သွားတကြိတ်ကြိတ်ရှိခြင်းအတွက
ခေါပတောင်းတွင် မုန့်နှစ်ကို နတ်ရုပ်ပြု၍ ထည့်ရမည်။ ပန်းခုနစ်ပွင့်၊ သစ်သ
ခုနစ်လုံး၊ ထမင်းဆယ့်တစ်ဆုပ်၊ မုန့်ကြော်ဆယ့်တစ်ခု၊ တံခွန် ခုနစ်တိုင
ဆီမီး ခုနစ်တိုင်၊ ပန်းဖြူပေါက်ပေါက်နှင့်တကွ နံ့သာရည် ဖျန်း၍ သူငယ
အိပ်ရာမှာ ထားရမည်။ မနက်ကျီးမနိုးမီ ခေါပတောင်းကို သချိုင်းသို့ ပို့ရမည

နှစ်ရက်လောက်ကြာတော့ သူငယ်မိန်းကလေး ရွာက ပဲကြီးတစ်တောင
ရက်ကန်းထဘီတစ်ထည်၊ ငွေသုံးကျပ်နှင့် မကောင်းကို လာကန်တော့ကြသည
သည်ကတည်းက မကောင်း၏ ဂုဏ်သတင်းသည် လေတိုက်တိုင်း လွင့်သေ
ဖွဲ့မှုန့်နှယ် နေရာအနှံ့ကို ပျံ့နှံ့သွားခဲ့သည်။

## (၄)

မကောင်း အသက်အစိတ်မှာ တစ်လျှောက်လုံး ငြိမ်သက်နေခဲ့သည့် နလုံးသ
တွေ လှုပ်ခုန်လာခဲ့သည်။ အရွယ်ကလည်း အလှဆုံးအချိန်။ ဝင်းစက်သေ
မျက်နှာပေါ်က မှဲ့သီးမည်းမည်းကြောင့် မကောင်း၏အလှက မဟာဆန်လှသည
သူငယ်နာ ကုရာမှာလည်း အနားရွာက စိတ်ချလက်ချရှိကြပြီ။ တစ်ခါတေ
စီရင်စုရွာကြီး တစ်ရွာဖြစ်သော အောင်းပင်ကို သူငယ်နာကုသွားရင်း ကျော
ဆရာ ကိုခင်သောင်းနှင့် ဆုံခဲ့သည်။ ဘဝက ရှိခဲ့ဖူးသော အကြောင်းရေစ
သည် မကောင်း၏နှလုံးကို ထိစဉ်သွားသည့်အခါ အချစ်ဟူသော မဂ်လာသ
သည် ငေါက်ခနဲ လန်းထလာခဲ့တော့သည်။

“ကိုခင်သောင်းရယ် အဖေလည်း အသက်ကြီးပြီ။ ကျုပ်လည်း သ



နယ် သည့်ရွာတွေမှာ စင်စင်ကြယ်ကြယ် ရှာဖွေစားသောက်နေရသူပါ။ သူငယ်နာ ဆိုသာ အကြောင်းအကျိုးကြောင့် ဖြစ်ရသလိုပဲ ဘဝတစ်ခုမှာလည်း အကြောင်း အကျိုး ရှိရပါသယ်။ ကျုပ်တော့ ကိုခင်သောင်းနောက်လိုက်ဖို့ အကြိမ်ကြိမ် စဉ်းစားပါရဲ့၊ မဖြစ်နိုင်ပါဘူး ကိုခင်သောင်းရယ်။ ကျုပ်တို့ ကံပါတော့လည်း ပေါင်းရမှာပေါ့လေ”

ကိုခင်သောင်းက မကောင်းကို အဝေးကို ခေါ်သွားချင်သည်။ ရည်းစား သနာ မထားခဲ့ဖူးရှာသော သမီးဖြစ်သူ၏ အရိပ်အကဲကို ဆရာကျိုင်းကလည်း ရိပ်မိသည်။ အချစ်ဆိုသော ကြို့ကြီး ထိုးခဲ့ပြီ။ ပါဒရက်ကြောင့် လေတက်၍ တုန်ရသည့်နှယ် သမီးဖြစ်သူ၏ သူငယ်နာကား နှလုံးစွဲဆိုတာလည်း သိနေသည်။ ဆရာကျိုင်းက မတားရှာပါ။ တားလည်း မတားသာပါ။ ကျောင်းဆရာ သူငယ် ကလည်း လိမ္မာရေးခြားရှိသည်။ တစ်ရွာသားဆိုပေသိ ပညာတတ်သည်။ မိကောင်း ဖရည်သွေးလှသူဖြစ်ကြောင်း သူငယ်နာပေါင်းများစွာကို လက်တွေ့ ကုလာသူ တစ်ဦးအနေဖြင့် အကဲဖမ်းလို့ ရပါ၏။ တစ်ရက်တော့ မကောင်းက ဖခင်ကို ဖွင့်ဟရှာသည်။ ချစ်သူနှင့် မိမိကြား ခြားနေရသောတစ်ရွာတစ်ကျေး လိုက်ပါ ရေးကိစ္စကိုပါ ပြောပြလိုက်သည်။ အဖေကတော့ သျှောင်နောက် ဆံထုံးပါရ သော လောကသဘာဝကိုသာ ဆိုရှာသည်။ မိခင်မရှိတော့သည့်နောက် သူပဲ မိခင်၊ သူပဲ ဖခင်ဖြစ်ခဲ့သည်။ သားယောကျ်ားကလေး မဟုတ်သော်ငြား သမီး ကလေးကို သူငယ်နာရောဂါနှင့် စပ်သမျှ သင်ကြားပြသပေးခဲ့သည်။ သူ မျက်စိ ကွယ်သော်မှ တစ်ဝမ်းတစ်ခါး မပူရပြီ။ မေတ္တာအားဖြင့် ကုသသော စိတ်စေတနာ ကြောင့် ထမင်းတစ်စလောင်း တစ်ယောက်မ မခဲယဉ်းနိုင်တော့ပြီ။ သမီးက ရုပ်ရည်ရှိသည်။ ဉာဏ်ပညာကြီးသည်။ မေတ္တာစိတ်ပွားသည်။ ဗီဇဂါမမည်သော မျိုးစေ့၏ အပေါင်းသဘော ဆောင်သူဖြစ်သည်။ မူလဗီဇမည်သော အမြစ်မျိုးစေ့၊ ခန္ဓဗီဇမည်သော ပင်စည်မျိုးစေ့၊ ဖလုဗီဇမည်သော အဆစ်မျိုးစေ့၊ အဂ္ဂဗီဇမည် သော အညွန့်မျိုးစေ့၊ ဗီဇဗီဇမည်သော အစေ့မျိုးစေ့ စသော ဗီဇဂါမ်ကြောင့် သစ်ပင် မြက်အပေါင်းတို့ အမြစ် ပင်စည် အကိုင်းအခက် အရွက် အသီးအပွင့်တို့၏ ပွား များခြင်းသို့ ရောက်ရသည်။ ဤသို့ပင် လောက၏ ဓမ္မတာကို ဆရာကျိုင်း နားလည်သည်။

“မိန်းကလေးဆိုတာ ရေပန်း ကုန်းပန်းများလိုပဲ လန်းဆန်းတုန်းမှာ တင့်တယ်သယ်။ မဥ္ဇူသကပန်းများဆိုရင်တော့ တစ်မျိုးပေါ့ကွယ်။ တံမြက်လှည်း တဲ့ လေက အမှိုက်သရိုက်ကို စင်စေသယ်။ မြေညိုလေက သဲပြင်ကို ချောမွတ်

အောင် ပြုပြင်သယ်။ ရန့်ဖျန်းတဲ့လေက ရန့်ကို ဆောင်ယူသယ်။ အပွင့်ခြွေလေက အပွင့်ကို ခြွေချပေးတယ်။ ပန်းမွေ့ရာခင်းတဲ့လေက ပန်းမွေ့ရာ ခင်းပေးသယ်။ မိန်းကလေးဆိုသာက မဥ္ဇူသကနတ်ပန်း မဟုတ်ပေဘူး သမီးရဲ့၊ တင့်တယ်အောင် ကိုယ်ကပဲ ပြုပြင်ရသယ်။ အဖေ မပြောသာပေဘူး”

သို့သော် မကောင်းနှင့် ကိုခင်သောင်းတို့မှာ လူနက္ခတ်နှင့် ဘီလူးနက္ခတ်နှယ် အသွားချင်း မတိုက်နိုင်ဘဲ ရှိခဲ့သည်။ ပဲကြီးနှင့် တင်လဲ၊ နို့ချဉ်ခဲနှင့် ပေအူ သဖွယ် မသင့်သော အစာဖြစ်ရသည်။ မကောင်းက သည်မြေသည်ရေက ခွဲ၍ မသွားလိုဟု ဆိုသောအခါ နှစ်ဦးနှစ်ဝ တည်ဆောက်ခဲ့သော အကြောင်းကံသည်လည်း ပျက်ခြင်း ကုန်ခြင်းသို့ ဆိုက်ခဲ့ရသည်။ ဤသို့အားဖြင့် ဘဝ၌ တစ်ခါသာ ရှားရှားပါးပါး ပေါ်ခဲ့သော အချစ်ဓာတ်သည် သူငယ်နာငန်းပုပ်ဝင်ကာ ကြေပျက်ခဲ့ရသည်။

သည်ကတည်းက မကောင်း ဖအေ ဆေးဆရာအိုနှင့်အတူ နေထိုင်စောင့်ရှောက်ရင်း အနီးအနားရွာတစ်လျှောက် သူငယ်နာရောဂါ လိုက်လံကုသရင်း ခါတိုင်း လှည်းတစ်စီး သားအဖနှစ်ယောက် သွားခဲ့ရသော အဝေးရွာခရီးတွေကို တစ်ယောက်တည်း သွားနေရသည်။ သူတစ်ပါးကို မမှီဘဲ အသံထွက်စေနိုင်သည့် အက္ခရာကို သရခေါ်သည်ဆိုလျှင် မကောင်းသည်လည်း ‘သရ’ ဖြစ်ရပြီ။ ဗျည်းကား သရနှင့်စပ်၍ ဖြစ်ရသော်လည်း သရကား ဗျည်းနှင့် မစပ်ဘဲလည်း ဖြစ်သည်ဆိုသည့် မာနကိုတော့ ကိုခင်သောင်းကို သတိရတိုင်း မကောင်းထားခဲ့သည်။ အဖေထက် အရေးကြီးသည်မရှိ။ မိမိရပ်ရွာက ကလေးသူငယ်တွေထက် အရေးကြီးခြင်းသည် မရှိ။ သည်မေတ္တာထုနှင့်စာလျှင် ကိုခင်သောင်း အပေါ်ထားခဲ့သည့် မေတ္တာသည် မှုန်မွှားလွန်းလှသည်။

မကောင်း အသက်လေးနှစ်မှာ မိခင်ဆုံးခဲ့သည်။ မကောင်း အသက်လေးဆယ်မှာ ဖခင်ဆုံးရှာသည်။ သည်အခါ မကောင်းသည်ပင် ရွာမှာ ကြီးတော်ကောင်း၊ အမေကောင်း ဖြစ်နေပြီ။ အမေကောင်း၏ မေတ္တာကပဲ အမေကောင်းကို စောင့်ရှောက်ခဲ့သည်။ အဖေနှင့် အမေထားခဲ့သည့် အိမ်ကလေးမှာ နေထိုင်ရင်း မလောက်ငြိုးခြိ နေထိုင်ခဲ့သည်သာ။ သမားသက်ရင့်လာလေ အမေကောင်း၏ ဂုဏ်သတင်းသည်လည်း တရှိန်ရှိန်ကြီးလာခဲ့၏။ အနီးအနားရွာတွေကို အရေးရှိတိုင်း လိုက်ပါ ကုသပေးသည်။ ညကြီးသန်းခေါင်ဆိုသော်လည်း အမေကောင်း မငြင်းပါ။ ပင့်သူက ပင့်သည်ဆိုလျှင် တဘက်တစ်ထည် ခေါင်းပေါင်းကာ ငေါက်ခနဲ ထလိုက်မြဲ။ ပညာသက်ရင့်လာသည့်အခါ သူငယ်ကို ကြည့်



သည်နှင့်ပင် အဘယ်မည်သော မာတြာနတ် ဖမ်းစားသည်ကို အတတ်ပြောနိုင်ပြီ။ အပ ပယောဂ မပါသော သူငယ်နာဆိုပေသိ မာတြာနတ်ကိုပါ ပူဇော်ရန် အမေကောင်း တိုက်တွန်းတတ်သည်။ သူငယ်ကို ညာလက်ပေါ်မှာ ပက်လက်ထား၊ ဘယ်လက်က သူငယ်၏ ဝမ်းဗိုက်ကို ဖိဟန်ပြုသော ဒေဝမာတြာနတ်၊ သူငယ်ကို ညာလက်ပေါ်မှာ မှောက်လျက်ထား၊ ဘယ်လက်က သူငယ်ကျောကို ဖိဟန်ပြုသော မာတြာနတ်၊ ဘယ်လက်က သူငယ်ခါးကိုင်၍ ညာလက်က သူငယ်၏ ငယ်ထိပ်ကို ဖိသော မာတြာနတ်၊ ဘယ်လက်က သူငယ်ကို ကိုင်၍ ညာလက်က သူငယ် ပါးစပ်တွင်းကို နှိုက်သော မာတြာနတ် စသည်ဖြင့် အသက်တစ်ဆယ့်နှစ်နှစ်သားအထိ ဖမ်းစားသော မာတြာနတ်အထိ အမေကောင်း မြင်ရသည်ဆိုသည့်သတင်းတွေ ရှိလာခဲ့သည်။

တစ်ခါမှာတော့ အမေကောင်းတို့ရွာကို ဓာတ်ဆရာ ဆရာမွန်းနှင့် ဆရာကတော် ဆရာမကြီး ဒေါ်စောဆိုသူ လင်မယား ပြောင်းရွှေ့လာခဲ့ကြသည်။ ဆရာမွန်းက ဓာတ်ဆေးဆရာသက်သက် ဖြစ်သော်လည်း ဒေါ်စောက သူငယ်နာကုသူဖြစ်သည်။ သည်အတွက် အမေကောင်း မပူပါ။ သည်ရွာတစ်ဝိုက် ကလေးသူငယ်တို့အတွက် စောင့်ရှောက်နိုင်သူတစ်ဦး တိုးလေပြီဟု သဘောထားသည်။ ဆယ့်နှစ်နှစ် သမီးကပင် သူငယ်နာရောဂါနှင့် အထိအတွေ့ ရှိခဲ့သူဆိုတော့ အမေကောင်းကို အပင့်အချီမလျော့။ အားကိုးမပျက်။ မေတ္တာမယွင်း။ သည့်နောက်မှာတော့ အမေကောင်းတို့ရွာမှာ ယုံမှားခြင်းသည် ကောင်းကင်က ကျလာသည့်နှယ် တရှိန်ရှိန် လောင်ညီးလာခဲ့၏။

“ဒေါ်ကောင်းက စုန်းပညာ တစ်ဖက်ကမ်းခတ်ပေါ့။ ကျုပ် သည်ရွာလာသာဟာ အထက်ပုဂ္ဂိုလ်များက စေလွှတ်လိုက်လို့ လာရသာ။ ကျုပ်က ဒေဝီကိုးပါး ဆေးတော်ကြီးနဲ့ စစ်လိုက်တော့ စုန်းကြီးရင့်လှပြီ။ မာတြာနတ်တွေကို ပူဇော်နေသာဟာ ဖမ်းစားသူကို ချီးမြှောက်နေသာ မဟုတ်လား။ သတိရှိကြလေ”

သည်စကားက အနီးအနားရွာတွေမှာ တိမ်တံခွန်ထွက်သည့်နှယ် တောက်တောက်စားစား ရှိလာခဲ့သည်။ အိမ်ခေါင်၌ မြင်းဝံငှက်၊ ဝံလိုငှက်၊ လင်းဝက်ငှက်တို့ နားသည့်နှယ် မင်္ဂလာမရှိသော အမှုအရာတို့သည် အမေကောင်း၏ ဂုဏ်နှင့် သိက္ခာကို လည်းကောင်း၊ မေတ္တာကို လည်းကောင်း ထိပါးချင်တိုင်း ထိပါးလာခဲ့သည်။ အမေကောင်းကတော့ မေတ္တာကမ္မဋ္ဌာန်းကိုသာ ပွားများသည်။ ဗရမ်းတပ၊ သံဝရဖြင့်၊ သီလကျင့်ပြင်း၊ စိတ်သန့်ရှင်းစွာ နေထိုင်သည်။ ပင့်ဆောင်

ကုသကြသမျှနှင့် ရောင့်ရဲသည်။ တစ်ညမှာ အမေကောင်း အဝေးရွာကို ဆေးကုရောက်ခိုက် ရွာက အိမ်ကလေး မီးလောင်သွားခဲ့သည်။ သည်ကတည်းက အမေကောင်း ရှားပင်လှကို ဆေးတောင်းခေါင်းရွက်ကာ ရောက်လာခဲ့သည်။ မဂ္ဂင်ကျောင်းဆရာတော်က ကျောင်းဘေး သာသနာ့မြေနှင့်လွတ်ရာမှာ ဝါးအိမ်ကလေး ဆောက်စေကာ ရွာက ကလေးသူငယ်တွေကို စောင့်ရှောက်စေခဲ့သည်။ သို့သော် အမေကောင်းသည် စုန်းမဆိုသည့် သတင်းစကားသည် ရှားပင်လှမှာလည်း မြစ်လျှောက်ပင်ကဲ့သို့ ရှိသည်ဖြစ်ရာ ဘုရားရိပ် ကျောင်းရိပ်မှာ စိတ်၏ငြိမ်းချမ်းမှုကို ရှာကြံနေထိုင်ခဲ့ရသည်။

"အရှင်ဘုရားများ စောင့်ရှောက်တော်မူကြလို့ ဘုရားတပည့်တော်မ မေတ္တာကမ္မဋ္ဌာန်း စိတ်လက်ချမ်းသာ စီးဖြန်းနိုင်ပါသဘုရား။ တပည့်တော်မရဲ့ ရွာကိုသာ ယက္ခမာတြာ သူငယ်နာစွဲလေခြင်းရယ်လို့ စိတ်မချမ်းမသာ ဖြစ်မိကြောင်းပါဘုရား"

ဥပုသ်တစ်ရက်တော့ ဥပုသ်ယူရင်း အမေကောင်း ဆရာတော်ကို လျှောက်ခြင်း ဖြစ်သည်။ ရှားပင်လှရွာထဲမှာ နှစ်နှစ်သုံးနှစ်နေပြီးသည့်အခါ ရွာအနောက်ဘက် ယာတောထဲမှာ အမေကောင်း ကမ္မဋ္ဌာန်းတဲကလေးထိုးကာ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ အမေကောင်းကို ကြည်ညိုသူတို့ လာရောက်ပေးကမ်းကြသော အစာအာဟာရဖြင့် ရပ်တည်နိုင်သည်။ သူငယ်နာရောဂါရှိသူ တစ်ယောက်တလေ ရောက်လာတော့လည်း မေတ္တာဖြင့် ကုသပေးသည်။ အဝေးရွာတွေကိုတော့ အမေကောင်း မလိုက်နိုင်တော့။ ကျေးစာငှက်စာကျွေးရင်း ယာတောတဲကလေးမှာပဲ နေသည်။

ဤသို့အားဖြင့် ဆောင်းတစ်မနက်မှာ အမေကောင်း ဆုံးရှာသည်။ အမေကောင်း အလောင်းကို ဆရာတော်၏ တပည့်ဒါယကာအချို့က ရွာသင်္ချိုင်းမှာ ချဆောင်ပေးခဲ့ကြသည်။ အမေကောင်း၏ ယာတောကလေးကို ဖျက်ကြသည့်အခါ စိတ်ပုတီးကလေး တစ်ကုံးနှင့် ဆေးတောင်းကလေး တစ်တောင်းကိုသာ တွေ့ကြရသည်။

(၅)

အမေကောင်း နောက်ဆုံးနေထိုင်ခဲ့ရာ ယာတောကလေးမှာ ရွာသင်္ချိုင်းနှင့် လှမ်းသည်။ အမေကောင်းအလောင်း မြေချသည့်နေ့က ကျီးကန်းများ၊ စာငှက်များ၊ ဆက်ရက်များ၊ ချိုးများအားလုံး ယာတောတစ်ဝိုက် ဆောက်တည်ရာမရ ဖြစ်



ကြသည်။ ငှက်ပေါင်းများစွာ ပြုံကျလာခဲ့သည်။ အမေကောင်းအလောင်းကို ယယ်ယူရာ လမ်းတစ်လျှောက် ငှက်ပေါင်းများစွာ ကောင်းကင်က လိုက်ပါ ဆောင်ခဲ့ကြသည်။ ဗျိုင်းတွေက သင်္ချိုင်းညောင်ပင်မှာ ဖွေးဖွေးလှုပ်အောင် ကြိုရောက်နေခဲ့ကြသည်။ ထူးဆန်းသည်ဟု ဆိုနိုင်သည့်အချက်မှာ အဆိပ်ပြင်း သော မြွေဆိုးများပင် ညောင်ပင် ပင်စည်မှာ ငြိမ်သက်စွာ တွယ်ကပ်နေကြ င်း ဖြစ်သည်။ သည်အခြင်းအရာကို ယုံကြည်ကြသူရှိသကဲ့သို့ မယုံကြည် တွေလည်း ရှိ၏။ မည်သို့ပင်ဖြစ်စေ သည်ရွာစုကလေး၌ သူငယ်နာရောဂါ ည် တညွှန့်လန်းလန်း ပြန်လည် ရှင်သန်လာခဲ့ပြန်လေသည်။

[မဟေသီမဂ္ဂဇင်း၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ]

## ဂဏ္ဍာသယ

### (၁)

အနောက်ကိုင်း ဘကြီးကိုစံဖေ လူကြီးရောဂါနဲ့ သေတဲ့နေ့ပဲ သူကြီးကတော်
မဖြူဆူး ရာထူးက ကျတယ်။ ရွာအနောက်ဘက် သင်္ချိုင်းမှာ တစ်ခါက သူကြီး
ဖြစ်ခဲ့ဖူးကြောင်း အမှတ်အသား အုတ်ပြာသာဒ်ကြီး ထိုးပြီးတဲ့နောက်မှာတော့
သူကြီးကတော်ရော သူ့သား အုန်းမောင်ရော ဘာမှမဟုတ်တော့ပါဘူး။ ယာခင်း
ကိုင်းခင်းကလေးတချို့နဲ့ ကျားခေါင်းလက်ကောက်ကလေး ငါးကွင်း ကျန်တာ
ရယ်၊ ရွာဘုံစနစ်နဲ့ ဝယ်ထားတဲ့ အောက်လင်းဓာတ်မီးကြီး နှစ်လုံးရယ်၊ ကြေ
မောင်းကြီး တစ်လုံးရယ်ကလွဲရင် မည်မည်ရရ ကျန်တာရယ်လို့တော့ မရှိဘူး
သူကြီးသေ၊ သူကြီးဖြစ်ခေတ်ကလည်း မဟုတ်တော့ အုန်းမောင်ကလည်း ဘယ်
သူကြီး ဖြစ်လာပါ့မလဲ။ လတ်လျားလတ်လျားပေါ့။ သူကြီးမသေခင် မြို့ပို
ရွာလာတုန်းက ကျန်ရစ်ခဲ့တဲ့ ဂျာဗာကူဆန် ခေါင်းလိမ်းဆီကလေးလိမ်း၊ ဖအေ
သူကြီးထားခဲ့တဲ့ အဲဗွားရှပ် ဖောင်တိန်တစ်ချောင်း အင်္ကျီချိတ်ပြီး ကိုးကျင်းကို
ကြောင်း လျှောက်သွားနေတယ် ပြောကြပါစို့။ လေးပင်သုံးခန်း အိမ်မည်းမည်
ကြီးအောက် အေးခုတင်ကြီးချပြီး ပြောင်းဖူးဖက်ဆေးလိပ် တဖွားဖွား သောက်
ရတာကလွဲလို့ သူကြီးကတော်ကလည်း ဘာမှလုပ်တတ်တာမှ မဟုတ်ဘဲကိုး
အေးခုတင်ကြီးဘေး ချထားတဲ့ စာအုပ်လေးငါးအုပ် ပျင်းရင် လှန်ဖတ်လိုက်
အုန်းမောင် ပြန်အလာကို မျှော်လိုက်နဲ့ပဲ ပြီးရတော့တာပါ။ စာအုပ်တွေကလည်
အလွတ်ရနေပါပြီ။ တုတ်ထိုး ပိဋကတ်တဲ့။ တက်ဘုန်းကြီးဝတ္ထုတဲ့။ မစ္စတ
ကောသလ္လနှင့် တင်တင်ထွေး ပိဋကတ်တဲ့။ ဈေးချိုသူ ဝတ္ထုတဲ့။ သည်စာအု
တွေကို သူကြီး ကိုစံဖေကလည်း ကြိုက်ခဲ့တော့ သွားလေသူကို သတိရတို

တ်မိနေတာလည်း ခဏခဏပေါ့။ သူကြီးက စာအုပ်တွေပေါ်မှာ တစ်သက်မှာ
တစ်ခါကြုံ ဗြဟ္မာ့ဘုံရောက်မယ့် ကျမ်းများလို့ သူ့အဲဗွားရှပ် ဖောင်တိန်ကြီးနဲ့
ကို ရေးထားတာသာ ကြည့်တော့။ အခုတော့ သူကြီးလည်း သေပြီ။ သူကြီး
တော်ကလည်း မုဆိုးမဖြစ်နေပြီ။ အဲဗွားရှပ်ဖောင်တိန်ကြီးကလည်း အုန်းမောင်
င်ဘတ်ပေါ်ရောက်နေပြီ။ သည်အဲဗားရှပ်ကလောင်စကြော အနောက်ကိုင်းသူကြီး
ဲ ဘယ်က ဘယ်လိုရောက်လာရသလဲဆိုတာ ဘယ်သူမှ မပြောနိုင်ပေမယ့်
ဟာ ပညာတတ်တွေရဲ့ အမှတ်အသား မဟုတ်လား။ အုန်းမောင်က ဒါတော့
က်ရေစက်ရေ ရှိတယ်။ အသစ်တုန်းက မင်မယိုမဖိတ်သော ကလောင်စကြာဆို
ဲ့ နာမည်နဲ့ ရှိခဲ့ပေမယ့် ခုတော့ အုန်းမောင်အင်္ကျီထောင့်မှာ မင့်ကွက်ကြီး
စ်ကွက် အမြဲရှိနေတတ်တယ်။ ဂျာဗာကူဆန် ခေါင်းလိမ်းဆီနဲ့ ရင်ဘတ်
င်ကွက်ကြီး စွန်းနေတတ်တဲ့ အုန်းမောင်ကို အနားရွာက ချစ်လည်းချစ်တယ်။
နားလည်း သနားကြပါတယ်။ ကျပ်ကလည်း သိပ်မပြည့်တော့ ရွာတွေက
ုန်းစား' တယ်လို့ ပြောနေကြတယ်။ ဦးနှောက် မကောင်းလှဘူးပေါ့။

အုန်းမောင်အဖေ သူကြီး ကိုစံဖေတို့ကလည်း နှစ်လုံးပြူးလည်း မရ၊
ွားလည်းမရ၊ ASM တို့၊ KTM တို့ဆိုတဲ့ ဘွဲ့တွေလည်း ဘိုအိမ်က ထမင်း
က်က တောင်းပေးခဲ့တာ မဟုတ်ပေမယ့် ကိုယ့်ရွာနဲ့ကိုယ်တော့ နိုင်နိုင်နင်းနင်း
ဲ့သူကိုး။ ညှာသင့်တဲ့လူ ညှာ၊ ဖာသင့်တဲ့လူ ဖာ၊ မိုက်သင့်တဲ့လူ မိုက်၊ ရိုက်
င့်တဲ့လူ ရိုက်ပြီး သူကြီးလုပ်လာတာဆိုတော့ ပြဿနာရယ်လို့ သိပ်ကြီးကြီး
ျယ်ကျယ် မရှိခဲ့ဘူး။ အိမ်က လယ်ကလေး၊ ကိုင်းကလေးကလည်း အုန်းမောင်
ိုယ်တိုင် လုပ်စရာမလိုပါဘူး။ လုပ်လည်း မလုပ်နိုင်ပါဘူး။ လုပ်ချင်ကိုင်ချင်
ဲ့လူ သီးစားချပေးထားပြီး လှည်းငှား၊ နွားငှား၊ ထွန်ငှား၊ ထယ်ငှားနဲ့ စား
ကြတယ်။ သားအမိနှစ်ယောက်တည်းဆိုတော့ ဘာအရေးလဲ။ အချိန်တန်ရင်
စေ့ခြောက်ခြောက် ဟင်းတစ်ခွက်နဲ့ ကုန်းငရုတ်ထောင်းကလေးတော့ စားရ
ာပဲ မဟုတ်လား။ တစ်ရက်တော့ သည်လိုနေလာကြရင်း အုန်းမောင်က
အေကို ပူဆာတယ်။ ဘာမှတော့ မဟုတ်ပါဘူး။ ဖအေကြီးထားခဲ့တဲ့ ပစ္စည်း
ိုလီမုတ်စတွေထဲက ဂေါက်လှည့်ပုံးကြီးကျန်တာ သူ လိုချင်တယ်ပေါ့လေ။
အေကလည်း သား ပူဆာမှ သတိရတော့တာပါ။ သည်ဂေါက်လှည့်ပုံးကြီး
ိမ်မှာ ရှိနေတာကြာပြီ။ အိမ်ပိုင်တော့ မဟုတ်ဘူး။ သည်ဂေါက်လှည့်ပုံးကြီး
င်ဆိုင်ခွင့်နဲ့ ပတ်သက်ပြီး တစ်ခါက လူနှစ်ယောက် တရားတပေါင်ဖြစ်ခဲ့ဖူး
ယ်။ ပြီးတော့ ရွာခံတွေလည်း မဟုတ်ကြဘူး။ တခြားရွာက လူနှစ်ယောက်။
ိုင်တယ်၊ ငါပိုင်တယ် ငြင်းခဲ့ကြရာက ထိုးကြ ခုတ်ကြလုပ်ရင်း အမှုဖြစ်

လာတော့ သူကြီးက ခဏယူသိမ်းထားလိုက်တဲ့ ပစ္စည်း။ သည်လူနှစ်ယော
ကလည်း ရန်ဖြစ်ရတာနဲ့ ဟိုခေတ်က ပုလိပ် ပိုက်ဆံပေးရတာပဲ အဖတ်တ
တာပါပဲ။ ဂေါက်လှည့်ပုံးကြီးကိုတော့ သူကြီးက ပြန်မပေးတော့ဘူး။ သည်လို
နှစ်တွေကြာလာတော့ မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်ပါလို့ ဖြစ်ကရော။ ဂေါက်လှ
ပုံးကြီး သူကြီးအိမ်ရောက်လာတဲ့နေ့က သူကြီး ကိုစံဖေ အောက်လင်းဓာတ်မီ
နှစ်လုံးထွန်းပြီး ရွှေကျီးညိုဓာတ်ထုတ် အသံတရှဲရှဲနဲ့ တစ်ညလုံး ဖွင့်သေးတ
ပါ။ ဒါပဲ။ နောက်တစ်ရက်ကစပြီး အဝတ်စုတ်သန့်သန့်နဲ့ ပတ်ပြီး အိမ်ခေါ်
မှာ အမြဲတမ်း ချိတ်ထားတာပဲ ကြာလှပေါ့။

အခု အုန်းမောင်က သည်ဂေါက်လှည့်ပုံးကြီးကို သူလိုချင်ပါတယ်လု
ပြီးဆိုတော့မှ အခြင်တန်းချိတ်ထားရာက ဖြုတ်ကြည့်ကြတယ်။ ဂေါက်လှည့်ပ
က တော်တော်တော့ ဟောင်းနေပါပြီ။ ဘေးက သစ်သားအိမ်မှာ 'ဣစ္ဆာသယ
လို့ ရေးထားတဲ့ သင်္ဘောဆေးစာတောင် တော်တော်ဖတ်ယူရတာသာ ကြ
တော့။ သံချေးတက်နေတဲ့ ဘူးပြည့် အပ်ဘူးတစ်ဘူးပါတယ်။ မြေဓာတ်ပြ
၄၊ ၅ ချပ်လည်း ပါသေးတယ်။ အဖုံးကိုဖွင့်လိုက်တော့ ဓာတ်ပြားတင်တဲ့ ကတ္တီ
ခင်း အဝိုင်းပြားကတော့ တော်တော်ကို လတ်သေးတာကလား။ အုန်းမော
ကတော့ ဘာပြောကောင်းမလဲ။ ဦးနှောက် မကောင်းလှဘူးဆိုပေမယ့် သည
ဂေါက်လှည့်ပုံးကြီးက ပိုက်ဆံရနိုင်တယ်ဆိုတာလောက်တော့ သိတယ်။ သည
အနီးအနား လေးငါးရွာမှာ ဂေါက်လှည့်ပုံး တစ်ပုံးမှမရှိတာ အုန်းမောင် သ
တယ်။ 'ဣစ္ဆာသယ' ဆိုတဲ့အတိုင်းပဲ–သည်ဂေါက်လှည့်ပုံးကြီးကို အကြောင်းပြ
ပြီး အနား လေးငါးရွာမှာ လူတွင်ကျယ်လုပ်နိုင်တယ်ဆိုတာလည်း သိတယ
ဂေါက်လှည့်ပုံး ရမယ်ရှာပြီး သူပိုးနေတဲ့ မိန်းကလေးသုံးလေးယောက်ကို ချိ
တိတ်တိတ် လုပ်နိုင်တာလည်း သိတယ်။ ပြီးတော့ ဒီကိစ္စဟာ သူဝါသနာအ
ဆုံးအလုပ်။ သူ အစွဲလန်းဆုံးအလုပ်။ ဖအေရှိတုန်းက ကိုင်ခွင့်၊ ဖွင့်ခွင့် မရခဲ့
မှန်ပေမယ့် ခုတော့ သူ့ခြေ သူ့လက် ဖြစ်နေပြီကိုး။ တံခွန်တိုင်၊ ပျဉ်းမကုန်
ကြာကန်၊ ညောင်တို၊ ရှားပင်လှ၊ ချောင်းဆင်း လေးငါးရွာမှာ ဂေါက်လှည့်ပ
အုန်းမောင် ဖြစ်ကရောပေါ့။ ဂျာဗာကူဆန် ခေါင်းလိမ်းဆီနံ့ တထောင်းထောင
အဲဗွားရှပ် ဖောင်တိန်ကပေတဲ့ မင်ကွက်အကျီဝတ်ပြီး ဂေါက်လှည့်ပုံးနဲ့ မျ
ရွာစဉ်လှည့်လိုက်ရရင်တော့လား။ ဘာပြောကောင်းမလဲပေါ့လေ။

'ဣစ္ဆာသယ' လို့ ရေးထားတဲ့ ဂေါက်လှည့်ပုံးက ဖွင့်ဖွင့်ချင်းတေ
ဘယ်တန်းမြည်မှာတုန်း။ ပစ်ထားတာပဲ ကြာလှပြီဆိုတော့ ဘယ်ဟာက ဘာဖြ
နေတယ် ဘယ်သိလိမ့်မလဲ။ သည်ဂေါက်လှည့်ပုံးက အော်လံလို့ခေါ်ကြ၊ ဖွ



လို့လည်း ခေါ်ကြတဲ့ ခွက်ကြီးလည်း ပါတာမဟုတ်ဘူး။ သာမန်ရိုးရိုးသေတ္တာကလေးတစ်လုံးပဲ။ သေတ္တာကလေးတစ်လုံးလို ဆွဲပိတ်လိုက်ရင် နှစ်ပေ၊ တစ်ပေ အမြင့် တစ်မိုက်လောက် ပုံးသက်သက်ပဲ။ ညာဘက်မှာ ဂေါက်တံကလေးသွင်းပြီး လှည့်ဖို့ အပေါက်ကလေးတစ်ပေါက် ပါတယ် သေတ္တာကိုဖွင့်လိုက်တော့ အထဲမှာ ဓာတ်ပြားတင်တဲ့ ကတ္တီပါအုပ်အဝိုင်းကလေးပါတယ်။ မြေဓာတ်ပြားတစ်ချပ်စာ မရှိတရှိလောက် ကျတယ်။ ပြီးတော့မှ အတွင်းဘက်ကို ခွေခေါက်ပြီး ထည့်ထားတဲ့ အပ်ချိတ်တဲ့ အကောက်ကြီးတစ်ကောက် ပါသေးတာကလား။ သည်ကောက်ကွေးကလေးထိပ်က ဝက်အူကလေးကိုလျှော့၊ အပ်ဘူးထဲက အပ်တစ်ချောင်းတပ်၊ ဝက်အူကို ပြန်ကျပ်ပြီးရင် လည်နေတဲ့ ဓာတ်ပြားနှုတ်ခမ်းပေါ်အလိုက်သင့် တင်ရုံပဲ။ ဓာတ်ပြားကောင်းကောင်းလည်ဖို့က အခုနပြောတဲ့ လက်လှည့်ဂေါက်နဲ့ သေတ္တာဘေးစွပ်ပြီး လေးပတ်၊ ငါးပတ်၊ ဆယ်ပတ် စသဖြင့် သံပတ်တင်းအောင် လှည့်ပေးရုံပဲ။ ဓာတ်ပြားကောင်းမယ်၊ သံပတ်ကောင်းမယ်၊ အပ်ကလည်း ကောင်းမယ်ဆိုရင် မမြည်စရာ ဘာမှမရှိဘူးပေါ့လေ။ ဒါ ရှင်းရှင်းလေးပဲ။ ဒါပေမယ့် အုန်းမောင် ဖွင့်ကြည့်တော့ မမြည်ဘူး။ သံပတ်ကလည်း တင်းပါရဲ့။ ဘယ့်နှယ်ဖြစ်တယ် မသိဘူး။ မြည်ကို မမြည်တာ။

"မင်းအဖေတော့ အသံမြည်လျက်နဲ့ သိမ်းထားတာ ငါ မှတ်မိတာပဲ။ ဘယ့်နှယ်ကြောင့် မမြည်သလဲတော့ မပြောတတ်ဘူး"

အုန်းမောင်အမေကလည်း ဣစ္ဆာသယ ဂေါက်လှည့်ပုံးနဲ့ ပတ်သက်လို့ ရာဇဝင်ဟောင်းကို သည်လောက် ပြောနိုင်တာကလား။ အုန်းမောင်ကတော့ လွယ်လွယ်နဲ့ အလျှော့မပေးဘူး။ မြင်းခြံဘက်ထွက်တဲ့ လမ်းပေါ်မှာ စက်ဘီးဆိုင်ဖွင့်ထားတဲ့ ကိုကံမောင်ကို သွားရှာတယ်။ ကိုကံမောင် ဆိုင်ရောက်အောင် နေ့တစ်ဝက် မရှိတရှိ သွားရတာ မပင်ပန်းပေမယ့် ကိုကံမောင်က မြင်းခြံပစ္စည်းသွားဝယ်တယ်ဆိုတာကြားတော့ အုန်းမောင် စိတ်ညစ်သွားတယ်။ ညနေဘက်အထိ ပေစောင့်နေတော့မှ ကိုကံမောင်ကို တွေ့ပြီး အကျိုးအကြောင်းပြောပေါ့လေ။ ကိုကံမောင်ကလည်း ဂေါက်လှည့်ပုံး ဖွဲ့စည်းပုံကိုတော့ ဘယ်သိပါ့မလဲ။ စက်ဘီးလောက် ချောက်တီးချောက်ချက် ပြင်တတ်တာ မဟုတ်လား။ ဒါပေသိ နောက်တစ်နေ့မနက် ချိန်းတာပါပဲ။ ရွာကစောင့်နေ၊ လာခဲ့မယ်ပေါ့လေ။ တကယ်လည်း လာတယ်။ ချက်ချင်းလိုလိုပဲ ဖြုတ်လို့ရတာတွေ ဖြုတ်တယ်။ ဆေးစရာရှိတာတွေ ဆေးတယ်။ ကော်ပတ်စားစရာရှိတာ စားတယ်။ ဆီသုတ်စရာရှိတာ ဆီသုတ်တယ်။ မနက်ခင်း တစ်ခင်းလောက်ကုန်တော့ ခွင်ကျပြန်တပ်ပြီးပြီ။ အုန်းမောင်ကလည်း စမ်းချင်လှပြီ။ ရွာထဲက သတင်းကြားနဲ့ ဝိုင်းနေတဲ့ လူ

တွေကလည်း ကြားချင်လှပြီ။ ဒါပေမယ့် ကိုကံမောင်က သေတ္တာကလေး ပြန်ပိတ်ပြီး ရေကပြင်မှာ လက်သွားဆေးတယ်။ ထမင်းစားကြရအောင်ကွာတဲ့။ ထမင်းစားပြီးတော့ မြင်းခြံကျစ်ချောင်းမော် ဆေးလိပ်ကို ထောင်းခနဲ ထောင်းခနဲ ဖွာတာကိုက တော်တော်ကြာတယ်။ ဖွာရင်းက မြေခွက်ပြားတွေကို ကြည့်တယ်။ ခွက်ပြားပေါ်က စာတွေကို ဖတ်တယ်။ ခွက်ပြားတွေကို ပုဆိုးစုတ်နဲ့ ပွတ်တယ်။ ပြီးတော့ ဣန္ဒာသယ သေတ္တာကိုဖွင့်၊ ဂေါက်တံထည့် လေးငါးချက် လှည့်လိုက်တော့ ခွက်ပြားခုံက လည်ပြီ။ သည်တော့မှ အလည်စောင့်ပြီး တစ်မနက်ခင်းလုံး ဆီစိမ်သွေးထားတဲ့ အပ်နဲ့ ဂေါက်ကို ခွက်ပြားနှုတ်ခမ်း ထောက်လိုက်တယ်။ ပထမတော့ ရှဲရှဲ ရှဲရှဲဆိုတာပဲ ကြားရတာပေါ့။ ပြီးတော့မှ အစပျိုး ပတ်လုံးသံကလေး ထွက်လာပြီး သီချင်းသံ ပေါ်လာတာပဲ။

'ရှစ်စုံထီးစိုက်ထူ၊ ရွှေပြည်ငြိမ်းချမ်း သာယာသဘင်မှာ၊ ရှင်စွာအေးချမ်း ငြိမ်းချမ်းသာ၊ နိမိတ်ရှိစွာ ဣန္ဒီတာ၊ နောင်မစိုးရိမ်အောင်၊ မောင်ဖိုးစိန်အောင် ဩဘာ'

ဣန္ဒာသယ ဂေါက်လှည့်ပုံးကို ဝိုင်းနေကြတဲ့ လူနှစ်ဆယ်လောက်ဟာ 'ဟာ' ခနဲ ဖြစ်ကုန်ကြတယ်။ ဝမ်းသာတဲ့ အသံကြီးတွေနဲ့ အော်ကြတယ်။ ဂရိတ်ဦးဖိုးစိန်ကြီးကိုယ်တိုင် ရွာရောက်လာသလို လက်ခုပ်လက်ဝါး တီးကြတယ်။ အပျော်ဆုံးကတော့ ဘယ်သူရှိရဦးမလဲ။ အုန်းမောင်ပေါ့။ ရှေ့သွားကြီးနှစ်ချောင်း ထုတ်ပြီး 'ဟီး' လို့ တစ်ချက်ရယ်ပြီးခါမှ ငါ မျက်နှာရှူးလို့ မကောင်းဘူးဆိုတာမျိုးနဲ့ သွားတွေ ပြန်စေ့တယ်။ သည်တော့ မျက်နှာက စူပွပွဖြစ်နေတာပေါ့လေ။ စက်ဘီးပြင်ဆရာ ကိုကံမောင် ပြန်တော့ စက်ပြင်ခဆိုပြီး မြေပဲသုံးပြည် ထည့်ပေးလိုက်သေးတယ်။ ဂေါက်တံလှည့်တာ၊ သံပတ်ပေးတာ၊ ခွက်ပြားတင်တာ၊ အပ်ကောက်ချိတ်တာကစပြီး လက်တွေ့နှစ်ခါလောက် လုပ်ကြည့်တော့ ဟန်ကျသွားပြီပြောပါတော့။ အဲသည့်နေ့ကစပြီး အုန်းမောင်ကို လူတွေက 'ဂေါက်လှည့်ပုံး အုန်းမောင်' လို့ ခေါ်ကြတယ်။ တချို့က 'ဣန္ဒာသယ အုန်းမောင်' တဲ့။ တချို့ကတော့လည်း ဇာစ်မြစ်ကို သိတာကိုး။ 'အလကားပါကွာ သူများဟာ မတရားယူထားပြီး လူလည်လုပ်နေတဲ့ကောင်ပါ' တဲ့။

(၂)

အုန်းမောင်က ခပ်ညှက်ညှက်ရယ်။ ပုဆိုးရင်ခေါင်းစည်းနဲ့ အင်္ကျီလက်တို အမြဲ ဝတ်တတ်တယ်။ ပါးစပ်ကပြောတော့ လက်မလောက်သွားကြီးတွေက ဘယ်တော့



မှ မစေ့ဘူး ပြောပါတယ်။ အသားမည်းမည်း၊ ဆံပင်တိုတို ကုပ်ချောင်းချောင်း ပေမယ့် ညှင်းသိုးသိုးတော့လည်း မဟုတ်ပြန်ဘူး။ လောကဓာတ်စာ ကောင်းကောင်း မတတ်ပေမယ့် လူရည်လည်တယ်။ သူကြီးသားကလည်း ဖြစ်ပြန်၊ အနုပညာကလေး ဘာကလေးကလည်း ဝါသနာပါပြန်ဆိုတော့ လူချစ်လူခင်လည်း များတယ်။ မယ်ဒလင် မတောက်တခေါက် တီးတတ်တော့ သံပတ္တလား ကျည်ကျည်ကြောင်ကြောင် တီးတတ်တာကလေးကလည်းရှိတော့ လူသိကလည်း များတယ်ပေါ့လေ။ အရက်ကလေး ဘာလေးတော့လည်း လစ်ရင် တွယ်တတ်တယ်။ အမြဲတမ်းတော့ မဟုတ်ဘူး။ ပွဲလေးလမ်းလေးရှိမှ နည်းနည်းပါးပါး သောက်တာပါ။ သောက်ပြီးတော့ ရမ်းတာလည်း မဟုတ်တော့ သောက်ထားတာနဲ့ မထားတာ သိပ်မသိသာလှဘူး။ နည်းနည်းသိသာတာက သောက်ထားရင် မျက်နှာနည်းနည်း ပိုရှူးတယ်ခေါ်မလား၊ ဖြဲချည်ချည်ဖြစ်နေတတ်တယ်။

တစ်ခုတော့ ရှိတယ်။ လူကသာ ကျပ်မပြည့်တာ မိန်းကလေးများတော့ ချော့မှ ကြိုက်တယ်ဆိုတာမျိုး။ တစ်ရွာတစ်ယောက်တော့ သူ့ဘက်က ချိန်ထားတာပေါ့လေ။ မိန်းကလေးတွေကလည်း အပါးရယ်၊ သူ့မေတ္တာရှိတာထက် သူ့ဂေါက်လှည့်ပုံးကြီးကို မေတ္တာရှိတာဆိုတော့ ရွာမှ ရောက်လာရင် မပေါ်လာ အတော်ကြာပါပကောလား ကိုရင်ရဲ့ လုပ်တတ်ကြတယ်။ ဒါမျိုးဆိုရင် ဟီးခနဲ တစ်ချက်ရယ်လိုက်ပြီး အိတ်ထောင်ထဲ ထောင်ထည့်လာတဲ့ မြင်းခြံကျစ်ချောင်းမော် ဆေးလိပ်တစ်လိပ် နှိုက်တာပဲ။ ဆရာခင်လို့ ရေးထားတဲ့ ဒန်မီးခတ်ကြီး အိတ်ထဲက ထုတ်၊ ဖင်ဘက်ကဖွင့်ပြီး ပါးစပ်နဲ့ မှုတ်လိုက်သေးတာ။ အတွင်းထဲ စိမ့်ဝင်နေတဲ့ ခာတ်ဆီတွေ မီးစာဖျားရောက်အောင် မှုတ်တာပါ။ ပြီးမှ လက်မြဲမြဲနဲ့ ဖြောင်းခနဲ ခြစ်ပြီး စိမ်ပြေနပြေ မီးညှိ၊ မီးခိုးတွေ အူသွားအောင် မှုတ်ထုတ်။

'ဓာတ်ထုပ်အသစ်ပါသယ် မမြခင်ရဲ့။ ညကျတော့မှ ဦးကြီးဘကြီးများ ဖွင့်ပြရဦးမယ်' လို့ ပြောတတ်တယ်။ ဒါဆိုရင် သူရောက်နေတဲ့ရွာ သိပြီ။ အနည်းဆုံး သည်ရွာမှာ နှစ်ရက်တန်သည် သုံးရက်တန်သည် နေဦးမယ်ပေါ့လေ။ ဘယ်လောက်နေနေ ဝမ်းသာကြတာပါပဲ။ ပွဲတို့၊ ဓာတ်တို့ဆိုတာက ရွာကို လေးငါးနှစ်နေလို့ တစ်ခေါက်ရောက်နိုင်တာ မဟုတ်ဘူး။ ဘုရားပွဲထည့်လောက်တဲ့ စေတီပုထိုး ကြီးကြီးမားမားလည်း တကယ်တမ်းကျတော့ ရှိတာမှ မဟုတ်တာကလား။ ရှိဦးတော့ ဘယ်ဓာတ်များ ဘယ်သူတွေက ငှားနေမှာမှတ်လို့။ သည်တော့ တစ်ခါတစ်ခါ သာရေးနာရေးရှိမှ ရောက်လာတတ်တဲ့

ခတ်စက်ကို အကောင်းလုပ်ကြရတာကိုး။ ခတ်စက်ကလည်း လေးငါးတိုင် ခရီးက တောကျောင်းမှာ တစ်လုံးလားရှိတာဆိုတော့ အုန်းမောင်ရဲ့ ဏ္ဍာသယ ဂေါက်လှည့်ပုံးက သည်ရွာတွေမှာတော့ နယ်လှည့်ဖျော်ဖြေရေးပဲ။ ခတ်ပြား ထည့်ထားတဲ့ ဖျင်ကြမ်းလွယ်အိတ် ပခုံးချိတ်၊ သေတ္တာ ပခုံးကထမ်းပြီး တစ်ရွာ၊ တစ်ရွာကူးရတာဆိုတော့ ဘယ်သက်သာလိမ့်မလဲ။ လှည်းကြုံကလေး ဘာလေး ရှိလို့ကတော့ ဘာအကြောင်းလဲ။ လာခဲ့ လိုက်ခဲ့ချည်းပါ။ သူ့ရွာကိုယ့်ရွာ သည်လို ကူးနေကြတာရယ်။ လှည်းကြုံများမရှိလို့ကတော့ လျှောက်ပေတော့ပဲ။ လျှောက် လည်း လျှောက်တာပါပဲ။ ပင်ပန်းတယ် မထင်ပါဘူး။ ခက်ခဲတယ်လို့များ ဘယ်တုန်းကမှ မတွက်တာ။ ပါးစပ်က သီချင်းတောင် ဆိုသွားလိုက်သေး။ ငှိချင်းပေါင်းစုံရတယ်။ မြိုင်ထပေါင်းစုံရတယ်။ ခတ်ထုပ်ခတ်ကွက်ပေါင်းစုံ ရတယ်။ သံနေသံထားနဲ့ ကျကျနနကြီး ရွတ်နိုင်တာထား။ စာတစ်လုံးမှ မကျ တာကလည်း အုန်းမောင်ရဲ့ ပါရမီပဲ။ ဒါပေမယ့် ခက်တာက အုန်းမောင်မှာ ဘယ်ခတ်ထုပ် ခတ်လမ်းမှ ပြည့်ပြည့်စုံစုံရှိတာ မဟုတ်ဘူး။ ဘယ်ခတ်ထုပ် ခတ်ပြားမှလည်း အစနဲ့အဆုံးရှိတာ မဟုတ်ဘူး။ ဖအေလက်ထက်က ကျန်ရစ် ခဲ့တဲ့ ခတ်ပြား လေးငါးချပ် အမာခံထားပြီး ကျန်တဲ့ ခတ်ပြား နည်းနည်းပါးပါး ဆိုတာ ရချင်တဲ့ဆီက ရချင်သလို ရတာတွေချည်းကိုး။ **တစ်ခါတလေ** မြင်းခြံ ရောက်လို့ ချိုချိုချောင်ချောင်ရလာတာမျိုး၊ **ခတ်စက်ဟောင်းဖြုတ်တာနဲ့ကြုံ** လို့ သူ တတ်နိုင်သလောက် ဝယ်ခဲ့တာမျိုးကလွဲရင် **ခတ်ပြားအသစ်လို့လည်း** မရှိဘူး။ အစအဆုံး လေးပြားတွဲ ငါးပြားတွဲရယ်လို့လည်း မရှိဘူး**။ ဟိုတစ်ချပ်** သည်တစ်ချပ် ဆိုကြပါစို့။

'လှမ်းနိုင်ဘုတော်ကြီးရေ၊ ခြေတော်... ခြေတော် ခြေတော်နာပေါ့ **အကုန်၊** ငှဲ့မနော် မြေကမ္ဘူကုန်း မယ်ဗလ အသည်းတော်ကြွေလုဆုံး၊ ရေကြည်စမ်း လောက်မြေဝယ်၊ အပန်းပျောက်စေဖွယ် သောက်ပါရစေဦး၊ လက်တော်ရတနာ နှစ်ဖက်လေးရယ်နဲ့ ရွက်ပေါ်ကြာမှာ တက်လေပါလို့ ကြည်သက်တဲ့အိုင် ကျက် မြေဝယ်၊ ခြေဖက်လို့ ထိုင်ပါရစေကွယ်'

တစ်ရွာတစ်ရွာ ဖုံတထောင်းထောင်းနဲ့ ဂေါက်ပုံးကြီးထမ်းပြီး တလှုပ် လှုပ် သွားနေတတ်တဲ့ အုန်းမောင် သီချင်းတစ်ပုဒ်ဆိုပြီဆိုရင် သေချာတယ်၊ သူ့မှာ သည်ခတ်ပြား ပါလာပြီပေါ့လေ။ ရွာထဲ သည်သီချင်းနဲ့ဝင်လာလို့ တစ်ယောက်ယောက်က အုန်းမောင်ရ အောင်ဗလဆိုတဲ့ 'လှမ်းနိုင်ဘု' လေး ဘာလေး လုပ်ပါဦးဟလို့ စတတ်ကြတယ်။ ဒါဆို အုန်းမောင်က ဒါကို စတယ်



ထင်ဘူး။ 'ရော်ဗျာ အခုဆိုလာသာ သည်သီချင်းဟာကော' လို့ ပြန်အော် တတ်တယ်။ သူ့ခတ်ပြားတွေထဲမှာ ဖိုးစိန်ကြီးနဲ့ အောင်ဗလ နှစ်ပါးသွား တ်ပြားတစ်ချပ် ပါတယ်။ နှစ်ပါးသွား သီချင်းတစ်ပုဒ်ပါ။ သီချင်းစာသား ဲမှာ 'ပူပါတယ် တစ်ပါး လင်သယ်၊ စိန့်စိန့်လင် မဟာရင်ခွင်ထဲ၊ လျောင်း က နွဲ့လို့ တွဲကာယူ၊ very little small girl မောင့်စိတ်ထဲဝယ် စွဲဖွယ်အလိုလို င်စရာ ခင်အောင်ဗလက လင်မောင်အလှနဲ့ နှစ်ကိုယ်ကျိုစယ် လေဒီစပယ် ကျိုစယ်' ဆိုတဲ့ စာသားပါတော့ တောသူတောင်သားတွေ မဟုတ်လား။ ဲတီးလစ်တဲစမောဂ်' ဆိုတာကို ဘာမှန်းမသိကြဘူး။ သည်တော့ မေးကြ ာပေါ့။ ဘာအဓိပ္ပာယ်လဲ မေးကြတော့ အုန်းမောင်က ပြုံးတယ်။ သွားကြီး ်ချောင်း ရှေ့ထုတ်ပြီးမှ ရှက်ရှက်နဲ့ဖြေတယ်။

"'ဘဲတီးလစ်ဂဲစမောဂ်' ဆိုတာ သေးသေးသွယ်သွယ် မိန်းမငယ်လို့ ြာသာဗျ။ ခင်ဗျားတို့ ဘယ်သိလိမ့်မတုန်း၊ လေဒီစပယ်ဆိုသာ ခင်စပယ်ပေါ့ ။ လေဒီဆိုတာ မိန်းမကိုပြောသာ" လို့ ကျကျနနကြီးတော့ ရှင်းပြတာပေါ့ ။ သည်တော့ မေးတဲ့လူက 'ဟုတ်ထင်ပေါင်မောင်ရာ' လို့များဆိုရင်တော့ က်နှာကြီး ရဲတက်လာပြီး မယုံရင် မြင်းခြံဈေးဝက ကျောင်းဆရာ ကိုသာရင့် ားမေးဗျာလို့ ပြန်အော်တော့တာပဲ။ သူကိုယ်တိုင်က ကျောင်းဆရာ ကိုသာရင့် မေးထားဖူးတာကိုး။ ထားပါတော့၊ အုန်းမောင် အဲသည်လို ဂေါက်လှည့်ပုံး ်ပုံးနဲ့ ခတ်ပြားဆယ်ချပ်လောက် အိတ်ထဲထည့်၊ ရွာစဉ်ကိုးပေါက်သွားနေ ကို မအေက ကြာတော့ ဘယ်ကြည်သာတော့မလဲ။ ကြုံတဲ့လူနဲ့ လှမ်းမှာ ယ်။ စကားနဲ့ မှာတယ်။ စာနဲ့ မှာတယ်။ 'အုန်းမောင်က မအေ့စာ မအေ့ ားကြောင့်တော့ ပြန်တယ်မရှိပါဘူး။ သူကိုယ်တိုင် ပြန်ချင်စိတ်ကရှိလို့ မဟုတ် ပျင်းလို့ ပြန်လာတာရှိတာပါ။ သူ့ဂေါက်လှည့်ပုံးကလည်း ဘက်ထရီ ့ ဟွန်းကြီးတပ်၊ အသံချဲ့စက်နဲ့ တွဲထားတာမျိုးမှ မဟုတ်တာကိုး။ ခတ်ပြား အပ်နဲ့ထိလို့ ထွက်လာတဲ့အသံဆိုတော့ နှစ်ကိုယ်ကြား၊ သုံးကိုယ်ကြား ဆို မျိုးဆိုတော့ ဂေါက်လှည့်ပုံးဘေး လူချင်းထပ် ပူးကပ်နားထောင်ပါမှ ကြား ဆယ်ယောက်ပေါ့။ သည်တော့ အိမ်ဝိုင်းစုတစ်စု တစ်ညဖွင့်ပြတယ် ထား တစ်ရွာဆိုရင် နေပါလေ့ အရက်နှစ်ဆယ်၊ တစ်လ။ ရွာက လေးငါးခြောက် ဆိုတော့ တစ်ခါထွက်ရင် အနည်းဆုံး နှစ်လသုံးလတော့ ကြာတာချည်းပဲ။ ကတော့ သားကို တွေ့ချင်ရှာမှာပေါ့။ သားယောကျ်ားလေးမို့ အားကိုးရပေါ့ ား မှတ်တယ်။ မလာတာကြာရင် သင်းထိုက်နဲ့သင်းရှိပလေ့စေလို့လည်း

တစ်ခါတစ်ခါ အောက်မေ့တတ်တယ်။ တစ်ခါတလေတော့လည်း ငရုတ်ဆုံထဲ
အုန်းမောင်အင်္ကျီဟောင်းလေးထည့်ပြီး ကျည်ပွေ့နဲ့ အသက်ခုနစ်ချက်အောင့်ပြီး
နောက်ပြန်ထောင်းတော့တာပဲ။ ရွာမှာတော့ လူပျောက်ပြန်မလာရင် သည်လိုပဲ
ဓာတ်ရိုက်နေကြတာပါပဲ။ သည်လိုလုပ်ရင် လာကြတယ်လို့ ယုံကြည်ကြပေမယ့်
အုန်းမောင်ကတော့ ငရုတ်ဆုံထဲက အင်္ကျီစုတ်တာ အဖတ်တင်တယ်ဆိုတဲ့ကောင်
ကိုး၊ ဘာသိမှာတုန်း။ တစ်ခေါက် အိမ်ကိုရောက်လာတော့ မအေက ငိုတယ်။
သည်လိုဆိုတော့လည်း သွားကြီးနှစ်ချောင်း အောက်နှုတ်ခမ်းပေါ်တင်ပြီး အုန်းမောင်
မအေကို ငေးကြည့်နေတာပါပဲ။ တတ်သမျှ မှတ်သမျှနဲ့ မအေကို ချော့တယ်။

"ခင်ဗျားမလဲ ခက်ပါသော်ကော၊ ကျုပ် ကလေးမှ မှုတ်သာ၊ သည်နား
ဟိုနားရွာတွေမယ် ကျုပ် ရှိနေသားပဲ။ ခင်ဗျား ယာထဲကိုင်းထဲလည်း ကျုပ်
လိုက်နိုင်သာ မှုတ်ဘူးရယ်၊ ကျုပ် နေချင်သလိုနေပါရစီ" သည်တော့ သူကြီး
ကတော်ကျ မဖြူဆူးက ပိုပြီး စိတ်ထိခိုက်တာပေါ့။ သူ့လင်သူကြီး ကိုစံဖေ
ဆိုရင် ခေတာမဟုတ်ဘူး။ မန္တလေးသာကဝန်ကျောင်းမှာ နေခဲ့ဖူးတာ သုံးအသိ။
လောကဓာတ်စာသာမတတ်ရင် ရှိရမယ်။ ဘုန်းကြီးကျောင်းစာများ ဖျောင်းဖျောင်း
ပြေးနေတာ မဟုတ်လား။ စာတတ်ပေတတ်ဆိုတော့ မင်္ဂလာစကားပြောတော့
လည်း ချက်ချာသကိုး။ ကိုစံဖေနဲ့ ရခါစကများ သူကြီးလက်သစ်ကတော်ဘဝနဲ့
ပွဲများသွားကြည့်လို့ လက်ဖက်ခွက်ကိုင်နဲ့ သင်းဖြူးလိပ်ထမ်းရသူနဲ့ တခမ်းတနား
နေခဲ့ရတဲ့ ဘဝကစခဲ့တာ။ စောစောစီးစီး သည်လိုလောကထဲ တစ်ယောက်တည်း
ကို ထားခဲ့မယ် ဘယ်ထင်မှာတုန်း။ သည်သားလေး အားကိုးရမလား မှတ်တယ်။
ဂေါက်လှည့်ပုံးထမ်းပြီး ရွာရိုးကိုးပေါက်သွားနေတော့ အားငယ်မယ်ဆိုလည်း
ငယ်စရာပေါ့လေ။ အုန်းမောင်ကလည်း ကိုယ့်ရွာ ကိုယ်ပျော်တာ မဟုတ်ဘူး။
တခြားရွာတွေမှာ ပျော်တာထား။ ချောင်းဆင်းမှာတော့ အပျော်ဆုံးပေါ့။ ချောင်း
ဆင်းမှာက မသေးတာရှိတာက တစ်ကြောင်း၊ သူ့ဂေါက်လှည့်ပုံးကြီးနဲ့ ဓာတ်
ပြားတွေကို မက်မက်စက်စက် ရှိကြတာက တစ်ကြောင်းဆိုတော့ ပြောကြေး
ဆိုရင် ချောင်းဆင်းမှာ အနေများတယ်။ မအေက တားတာလည်း မရပါဘူး။
အနောက်ကိုင်းမှာနေရင် တစ်ရက် နှစ်ရက်ပဲ။ အိမ်က ပြန်ထွက်လာတော့ မအေ
က ငိုလို့။ အုန်းမောင်က ဂေါက်လှည့်ပုံးကြီးနဲ့၊ ဓာတ်ပြားလွယ်အိတ်ကြီး လွယ်
တဲ့ပြီး နောက်မလှည့်တမ်း ထွက်လာခဲ့တာပါပဲ။ ရွာတံခါးကထွက်တော့ နွ
အုပ်ကြီး မောင်းလာတဲ့ ကိုဘဆင်က "အုန်းမောင် မိုးကြီးချုပ်မှ ဘယ်တုန်းယ
လို့ မေးတယ်။ အုန်းမောင်က ဒါမျိုးဆို သိပ်ဖြေချင်တာကလား။



"ချောင်းဆင်းကိုပါဗျာ၊ ဖျော်ဖြေရေးသွားမလို့၊ မျှော်ကြရော့မယ်" နွား
အုပ်ကြီးတွေကြောင့် ထနေတဲ့ ဖုန်လုံးကြီးတွေကြားမှာ အုန်းမောင် ကြည်ကြည်
လင်လင် မြင်နေရတာ 'မသေးတာ' ပဲ။ ဣစ္ဆာသယဂေါက်လှည့်ပုံးထဲက လည်
နေတဲ့ ဓာတ်ပြားကို ကျုံ့ကျုံ့ကလေးထိုင်ရင်း ငေးနေတတ်တဲ့ မသေးတာကို
ပါပဲ။

"ဂုဏ်မတူတာ၊ တောင်းပန္နာသလျက်ကနဲ့၊ ပုံယူကာ ဒေါင်းပမာ ပြ
လိုက်ချင်ပါရဲ့၊ အံမယ်လေး ကောင်းပါလေ့ မင်းနှုတ်သံ၊ ဝဋ်မကင်းတာကြောင့်
ထွက်ကွင်းလာပါစေတော့၊ ကညာပျို မျက်နှာချိုသွေးသော်လည်း၊ ကျုပ်တကယ်
တုတ်ဖယ်လို့ပေးရတယ် ငေးကဆလံ"

ဖုန်လုံးကြီး အူထနေတဲ့ကြားက ခါးနွဲ့ကြီးနဲ့ စိုက်စိုက်စိုက်စိုက် လျှောက်
ရင်း သီချင်းဟစ်လိုက်သေးတာကလား။ မင်းဒင်ရွှေမှန် ဓာတ်ထုပ်ထဲက သီချင်း
တစ်ပုဒ်ပေါ့လေ။ ခရီးခြောက်တိုင်လောက်ဝေးတဲ့ ချောင်းဆင်းကို ရောက်ချင်
လှပြီ။ မသေးတာတို့ အပျိုတစ်သိုက်က မျှော်လောက်ပြီကိုး။

(၃)

သေးတာက နာမည်နဲ့လိုက်အောင် သေးသေးပါးပါးကလေး။ အသားကလေး
ဖြူမစို့နဲ့။ ဆံထောက်ပါးပါး အုပ်လုံးသိမ်းစဆိုတော့ ချောင်းဆင်းမှာ မသေးတာ
က အလှစာရင်းဝင်ပေါ့လေ။ စကားပြောလည်းချို၊ အသံကလေးက ကောင်း
တော့ ရွာမောင်းဆိုင်းဝိုင်းမှာ တောအဆိုတော်ဆိုကြပါစို့။ မသေးတာက အုန်းမောင်
ပြောင်းပြန်။ ဖအေပဲရှိတော့တာ။ မအေကလည်း တောင်သူလက်ငုတ်ထဲက
ပါပဲ။ ဖအေနဲ့ သမီးပဲ တစ်တောင်း နှမ်းတစ်ခွဲနဲ့ ဘဝလုပ်နေကြရတာပေမယ့်
အကြီးကလည်း သုခုမပိုးကလေးရှိနေတော့ သမီးဝါသနာ မတားပါဘူး။
အုန်းမောင်ကို သဘောကျတာလည်း ပါတယ်။ မျိုးရိုးကောင်းတယ်။ လူပုံ ရိုးပုံ
ပါးနဲ့ ပေါ့ပေါ့သွမ်းသွမ်းထဲကလည်း မဟုတ်တော့ သမီး ပိုးနေမှန်းသိပေမယ့်
ဘာမှတော့ မပြောပါဘူး။ အိမ်ရှေ့ နှမ်းစင်အောက်က ကွပ်ပျစ်ကြီးမှာ နေရာ
ချထားတာသာကြည့်တော့။ သည်နှမ်းစင်အောက်က ကွပ်ပျစ်ဟာ ချောင်းဆင်း
တစ်ရွာလုံးရဲ့ ဘုံရိပ်သာပဲ။ ညနေစောင်းပြီဆိုရင် ရွာက လူကြီးလူငယ်တွေ
ဆက်တော်များများ သည်မှာလာစုကြပြီ။ တကယ်တမ်းကျတော့ အုန်းမောင်
လာတဲ့ ဓာတ်ပြားဆယ်ချပ်လောက်ကို နားထောင်ရတာ အလွတ်တောင်
ရနေကြပါပြီ။ ဘယ်ဓာတ်ပြားထည့်လိုက်ရင် ဘာသံက စထွက်တော့မယ်ဆို

တာတောင် သိနေကြပြီ။ တချို့လူငယ်တွေက ရယ်သလို မောသလိုနဲ့ "တော
သေးတာပေါ့ဗျာ၊ ကိုအုန်းမောင် သည်တစ်ခေါက် ခာတ်ပြားအသစ်တွေပါလ
လို့" လို့ အငေါ်တူးရင် အုန်းမောင် နည်းနည်းမှ သည်းမခံဘူး။ ဒါဟာ သူ့က
စော်ကားတာ၊ လှောင်တာဆိုတာလောက်တော့ သိတာပေါ့။ လူပဲဥစ္စာ။ ဒါမျိုး
ဆိုရင် ချက်ချင်းပြန်ပက်တာပဲ။

"အေးအေး ဟုတ်သယ်ဟ၊ ခာတ်ပြားအသစ် နားထောင်ချင်ရင် မင်း
ဒေါ်လေး စလောင်းဖုံး သွားခွာချေပါလား။ ဂေါက်လှည့်ပုံးထဲ ထည့်ဖွင့်ရအောင်"

ဒါဆိုရင် လူငယ်တွေက ဝါးခနဲ ရယ်ကြတာပေါ့။ အုန်းမောင်ပြောတာ
သဘောပေါက်ကြတာကိုး။ ဒါပါပဲ။ အုန်းမောင် သူတကာကို နစ်နာအောင်
ပြောတာ ဒါအပြင်းထန်ဆုံးပဲ။ ပြီးတော့လည်း ပြီးတာပါပဲ။ လူကြီးတွေကတော့
ပွဲတောင်းကြတာ များတယ်။ ဘယ်ခာတ်ပြား စဖွင့်ကွတို့၊ ဖိုးစိန်ကြီး လုပ်ပါဦး
ဟတို့၊ မင်းဒင်ရွှေမှန်လေးနဲ့ စကွာတို့ပေါ့လေ။ အုန်းမောင်က ဘယ်သူဘာပြော
ပြော ရေကင်းခာတ်ပြားက စဖွင့်တာ။ ရေကင်းက ခာတ်ပြားနှစ်ဖက်စလုံးမှာ
ပါတာပါ။ ဒါကို ကျကျနနကြီး စိမ်ဖွင့်ပြီးမှ တခြား ခာတ်ပြားဖွင့်တတ်တယ်။

"မင်္ဂလာများ ယူကြပါဦးမှပေါ့ဗျာ" လို့ ပြောရင်းက နှောက်ခာတ်ပြား
ကို ပုဆိုးစုတ်နဲ့ပွတ်၊ စက်ထဲ အသာကလေး ထည့်တတ်တယ်။ အပ်ဘူးကတော့
မြင်းခြံမှာ ဝယ်လို့ရနေတော့ ဘူးအသစ်ပါပဲ။ ဒါပေမယ့် အပ်ကလေးတစ်ချောင်း
ဘူးထဲကနှိုက်ပြီး ပါးစုစုမှာ တို့ကြည့်သေးတာ။ စူးရဲ့လားပေါ့လေ။ ပြီးမှ ချိတ်
ကောက်မှာတပ်၊ လည်နေတဲ့ ခာတ်ပြားနှုတ်ခမ်း အပ်ထောက်လိုက်တာပါ။ ရှဲ
ရှဲ ရှဲ ရှဲ ဆိုတဲ့ အသံကအစ အလွတ်မခံကြဘူး။ နားထောင်တဲ့လူမှ မဟုတ်
ဘူး၊ အုန်းမောင်ကလည်း အလွတ်မခံဘူး။ ခာတ်ပြားဆိုတာ ရှဲ ရှဲ ရှဲ ရှဲ နဲ့
စမှ လုံးစေ့ပတ်စေ့ရှိတာလို့ အားလုံးက လက်ခံထားတာလည်းပါတယ်။

"ပြည်ကုန်းဘောင်ဌာနသာစွ ဝန်းခရေညို၊ လွှမ်းစရာ့ရွှေဘို၊ တော် တော်
တော် ဆောင်ပတမင်ဆို၊ ကြော့ ကြော့ ကြော့ သျှောင်ပွလင်အစ်ကို၊ ခင်ပျို
မေတစ်ပါး ရွှေစားကိုင် အစ်ကို၊ ငါးမည် ကျို့ရတဲ့ မြို့ကြီးရန်ပြို မြို့ကြီး
ရန်ပြို၊ မြို့ကြီးရန်ပြို မြို့ကြီးရန်ပြို"

တစ်ခါတစ်ခါ အပ်ကခုန်လို့ သည်နေရာက ရှေ့မတက်ရင် ကောက်
တဲ့ပြီး အသာမရွှေ့ပေးသေးတာ။ ရှေ့သွားနှစ်ချောင်း အောက်နှုတ်ခမ်းပေါ်
ထောက်ထားရင်းက ပြုံးနေတော့တာပေါ့လေ။ နားထောင်သူတွေကလည်
အဲသလို အပ်ကြောင်းထပ်တာကို အင်မတန် သဘောကျကြတယ်။



"နေပါဦးကွ အုန်းမောင်ရ၊ လူ့အသံ သည်ခာတ်ပြားထဲ ဘယ့်နှယ် ထည့်ထားတာတုန်း"

"ခာတ်နဲ့ ထည့်တာပေါ့ဗျာ"

"ဟေ ဟန်ကျချက်တော့၊ နေပါဦး ဒါကြီး အပ်နဲ့ထောက်သာနဲ့ မြည် ရောလား"

"ခာတ်အပ်ကိုဗျ၊ အဝတ်ချုပ်တဲ့အပ် ဘယ်ဟုတ်လိမ့်မတုန်း"

"ဒါထက် အသံက ဘယ်ကထွက်နေတာလဲ"

"ခာတ်စက်ထဲက ထွက်နေတာ ခင်ဗျားမကြားဘူးလား"

ပေါင်ပေါ် ဖွားခနဲကျလာတဲ့ ပြောင်းဖူးဖက်က မီးပွားတွေ ပုတ်ချရင်းက အုန်းမောင် ဖြေနေတာကို နားထောင်နေတဲ့ ဗိန္ဓောဆရာ ဆရာကွန့်က...

"ရော်နှယ် ခာတ်လေးပါးအစုက ဘယ်လာလွတ်လိမ့်မတုန်း" လို့ ရော ယောင် ထောက်ခံတယ်။ မသေးတာတို့ အပျိုတစ်သိုက်ကလည်း ခာတ်စက် ဘေးဝိုင်းနေရင်းက မေးချင်တာ မေး မေးသေးတာပေါ့လေ။

"ကိုအုန်းမောင်ကို မသိလို့ မေးပါရစေဦး။ ဖွင့်ပါများတော့ အသံတွေ ပျောက်မကုန်ဘူးလား"

မသေးတာက မေးရင်တော့ အုန်းမောင်က ကျကျနန ဖြေတတ်တယ်။ ပြုံးပြုံးကြီး။

"ဒီလို ငါ့နှမရဲ့။ ခာတ်သဘောနဲ့ သွင်းထားတာဆိုတော့ ခာတ်က ခန်းတယ်မရှိဘူး။ တိုးပွားသာပဲ ရှိတယ်။ ခာတ်ပြားဆိုတာက ခာတ်မှုန့်တွေ ကြိတ်ထားသာကိုး"

ချောင်းဆင်းမှာ 'ခာတ်' တစ်လုံးနဲ့ လူလည်လုပ်နေပေမယ့်လို့ အားလုံး က ယုံကြည်တာပါပဲ။ ဘယ်သူကမှလည်း စောဒက မတက်ဝံ့ဘူး။ အုန်းမောင် ယူလာလို့သာ မြင်ဖူးကြားဖူးကြသူတွေကိုး။ အသံချဲ့စက်နဲ့ တွဲတဲ့ ခာတ်စက် ကြီးတွေရှိနေတဲ့ ခေတ်ပေမယ့် ချောင်းဆင်းမှာ ဂေါက်လှည့်ပုံးက အကောင်းဆုံး ဖြစ်နေချိန်ကိုး။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ချောင်းဆင်းက အုန်းမောင်ကို ကျေးဇူး တင်ကြတာပါပဲ။ တစ်အိမ်တစ်လှည့် ထမင်းဖိတ်ကျွေးကြတယ်။ လက်ဖက်ရည် ကြမ်း ခေါ်တိုက်ကြတယ်။ အိတ်ထောင်ထဲ ဆေးလိပ်ထည့်ပေးကြတယ်။ သောင် သာတဲ့အိမ်က ချက်နို့ဆီကလေး ပန်းကန်ပက်လက်ထဲထည့်ပြီး ဘီစကွတ်မုန့် ကြမ်းနဲ့ ဧည့်ခံကြတယ်။ တစ်ရွာလုံးက အကောင်းဆုံး ဧည့်ခံတဲ့အချက်က မသေးတာနဲ့ သဘောတူတယ်ဆိုတဲ့ အချက်ပဲ။ လယ်နဲ့ ချောင်းနဲ့ ဂေါက်လှည့်

ပုံးနဲ့ သူကြီးသား အုန်းမောင်ကို ရွာက မသေးတာနဲ့ သဘောမတူစရာ မရှိဘူးလို့ တွက်ကြတာလည်း ပါတယ်။ နောက်တော့ တခြားရွာတွေတောင် အသွားမခံချင်ကြတော့ဘူး။ သည်ဂေါက်လှည့်ပုံးထဲက ဖိုးစိန်ကြီး ထွက်လာတတ်တယ်။ ရွှေကျီးညို ထွက်လာတတ်တယ်။ မင်္ဂလာဦးအောင်မောင်း ထွက်လာတတ်တယ်။ မကြည်အောင်၊ မအေးမိ ထွက်လာတတ်တယ်။ ဥသြဘသောင် ထွက်လာတတ်တယ်ဆိုတော့ ဘာလိုသေးလို့တုန်း။ သည်ဣစ္ဆာသယ ဂေါက်လှည့်ပုံးဟာ ချောင်းဆင်းမှာတော့ သဘင့်တက္ကသိုလ်ပဲ။

တစ်ခါတစ်ခါ အုန်းမောင်က သံပတ္တလားတီးပြီး မသေးတာက သီချင်းဆိုတာ ရှိသေးတယ်။ တချို့ လသာတဲ့ ညတွေဆိုရင် ရွာမောင်းဆိုင်းဝိုင်းက ခြောက်လုံးပတ်ကလေးကတောင် ပါလိုက်သေးတာကိုး။ အစီအစဉ်များရှိတဲ့ညဆိုရင် ဒိုးဆရာ ကိုမြသောင်းက ညောင်ပြာကို ထမင်းချောချောနဲ့ ကျကျနနကြီးတေပြီး ပတ်စာလုပ်ထားတာ နေ့ခင်းကတည်းကပေါ့လေ။ တောတဲ တောင်ထဲက ‘ဗူး’ ထိုးသံ၊ ဝါးယောင်းခြောက်ကြွေသံ၊ ကျွဲသံနွားသံ၊ ငှက်စုန်းထိုးသံ၊ ပုစဉ်းရင်ကွဲ အော်သံတွေနဲ့ ပြီးရတဲ့ညတွေမှာ အုန်းမောင်ရဲ့ သံပတ္တလားသံဟာ ‘အတိုင်းမသိ’ ပေကိုး။ ‘ဇမ္ဗူဒီတောင်ကျွန်း၊ တင့်ရွှန်းတည့် ကျက်သရေဖြာ’ ဆိုသဟာကိုး။

## (၄)

ဣစ္ဆာသယအုန်းမောင် မသေးတာနဲ့ အကြောင်းပါတော့ ချောင်းဆင်းက မျှော်လင့်ထားသလို ချောင်းဆင်းမှာပဲ အခြေချလိမ့်မယ် ထင်ခဲ့တာတွေ လွဲတာပါပဲ။ မသေးတာကို သူကြီးကတော်ဟောင်း မဖြူဆူးက ချောင်းဆင်းလိုက်ပြီး တောင်းရမ်းပေးတယ်။ ရွာမောင်းဆိုင်းနဲ့ ဧည့်ခံပြီး မီးခိုးတိတ် ထမင်းကျွေးယူတာဆိုတော့ ရွာ႕ာလည်း ကျေနပ်ကြတယ်။ ပိုပြီးကျေနပ်တာက ကျောင်းဖြူက ဓာတ်စက်ငှားပြီး ယူတာကိုပေါ့လေ။ ရွာလုံးကျွတ်ကြားနိုင်တဲ့ လော်စပီကာဆိုတာကြီးနဲ့ဆိုတော့ ဘာပြောကောင်းမလဲ။ ဂေါက်လှည့်ပုံး အကောင်းဆုံး လုပ်နေရတဲ့ ရွာကိုး။ ငှက်ပျောသီးနဲ့ အချိုကုန်နေရတဲ့ ရွာကိုး။ ဓာတ်ပြားတွေကလည်း စုံလို့။ အသံကြီးကလည်း ဟိန်းလို့။ ဖွင့်တဲ့သူကလည်း ဟန်နဲ့ပန်နဲ့။ ဝင်းဝင်းတောက်နေတဲ့ ဂေါက်လှည့်ပုံးနဲ့၊ ဘက်ထရီအိုးနဲ့၊ ဟွန်းတွေယူနစ်တွေနဲ့၊ အသံချဲ့စက်နဲ့၊ ရောမ ဓာတ်ပြား သေတ္တာကြီးနဲ့ဆိုတော့ သတို့သား အုန်းမောင်တောင် ငှားပြီး ၊မှ နောင်တတွေများရလို့။ သည်လော်စပီကာကြီးကို တွေ့ရ ကြားရ



ကတည်းက အုန်းမောင်ရဲ့ ဣစ္ဆာသယက ဘာမှမဟုတ်တော့ဘူး။ အုန်းမောင်ကလည်း ဘာမှမဟုတ်တော့ဘူး။ မသေးတာ ပွဲပါသွားတာသာ အဖတ်တင်တာပါပဲကွာလို့တောင် တွေးမိကြသေးတာကလား။ ဒါပေမယ့် ဘာပြောလို့ရမှာတုန်း။ ဖူးစာဆိုတာက ခက်သားမဟုတ်လား။ တချို့ကလည်း မြင်းခြံတက်ငှားရတဲ့ သည်လော်စပီကာဆိုတာကြီးကို ကြိုက်တာမှန်သော်လည်း ဒါက အမြဲရှိနိုင်တာမှ မဟုတ်တာ။ ဣစ္ဆာသယကမှ သေချာတာကိုး။ သည်တော့ ဣစ္ဆာသယကိုပဲ လွမ်းကြတာပေါ့လေ။ အုန်းမောင်က မသေးတာကို လှည်းပေါ်တင်၊ သူ့ဂေါက်လှည့်ပုံးကလေးနဲ့ ဓာတ်ပြားလွယ်အိတ်ကလေး ထုပ်ထုပ်ပိုက်ပိုက်ကိုင်ရင်း အနောက်ကိုင်းပြန်တဲ့နေ့ကများ တချို့ ငိုတောင် ငိုကြသေးတာ။ ချောင်းဆင်းသားတွေခမျာမှာတော့ ဣစ္ဆာသယ ဂေါက်လှည့်ပုံးဟာ အိပ်မက်လိုပါပဲ။ နေလာတော့ နှင်းပျောက်ရသလိုပါပဲ။ ရွာအနောက်ဘက် ထွက်သွားတဲ့ လှည်းပေါ်မှာ ရွာက မသေးတာ ပါသွားသလိုပဲ ဖိုးစိန်ကြီးပါ ပါသွားတာကိုး။ မင်္ဂလာဦးအောင်မောင်းကြီးပါ ပါသွားတာကိုး။ ရွှေကျီးညိုနဲ့ ပဲခူးမြပါ ပါသွားကြတာကိုး။ မသေးတာကလည်း အုန်းမောင်ကို ချောင်းဆင်းမှာ နေစေချင်တာပါပဲ။ ဒါပေမယ့် အုန်းမောင်က “ညည်းကမှ ဖအေကျန်တာပါအေ၊ ကျုပ်က မအေမုဆိုးမ၊ ဘယ်နှယ့်လုပ် တစ်သက်လုံး ပစ်ထားနိုင်ပါ့မလဲ” လို့ ပြောလို့ အနောက်ကိုင်းလိုက်လာရတာပေါ့လေ။ မှန်လည်း မှန်နေတာကိုး။ ယောက္ခမအိမ်ရောက်တော့လည်း မသေးတာ နေတတ်ပါတယ်။ ဘယ်ရွာရောက်ရောက် လုပ်ကိုင်စားရတဲ့ ဘဝက အတူတူကိုး။ ပဲစဉ်းငုံရိုး စည်းရိုးလုပ်ကြရတာလည်း အတူတူပါပဲ။ တရုတ်မန်ကျည်းကိုင်း ဆူးခက်ကာရတာလည်း အတူတူပါပဲ။ ပဲရိတ်၊ မြေပဲနုတ်၊ ခရမ်းချဉ်ဆွတ်၊ ကြက်သွန်စိုက်ရတာကတော့ကော။ သည်တော့ သစ်စေ့နဲ့ ရာသီညီတတ်တဲ့ အတွေ့အကြုံနဲ့ ကြုံရာကျပန်း လုပ်ရာတယ်။ ပြောခဲ့ပါပကော ယောက္ခမကလည်း သူကြီးကတော်ကျဆိုပေမယ့် နှစ်ထပ်အိမ်မည်းကြီးတစ်လုံး၊ မောင်းကြီးတစ်လုံးနဲ့ အောက်လင်းဓာတ်မီးဟောင်း နှစ်လုံးပိုင်တာလို့။ သည်တော့ ရှိတဲ့ ယာလေး၊ ကိုင်းလေးကလည်း ပေါင်တန်တာပေါင်၊ ရောင်းတန်တာရောင်းဆိုတော့ အခွဲချွတ်ပြီးသား မြေပဲလို့ အဆန်ကျန်တာ မဟုတ်ဘူး။ ယောက္ခမ ဒေါ်ဖြူဆူးက အိမ်ရှေ့ နှမ်းစင်အောက်က ကွပ်ပျစ်မှာ ထိုင်ရင်း လာသမျှရောဂါ လက်ခံနေရပြီ။ လင်သားဖြစ်တဲ့ အုန်းမောင်ကလည်း ဘာမှဟုတ်တိပတ်တိ လက်ကြောတင်းချင်တာမဟုတ်တော့ မသေးတာခမျာ ဗြန်းဗြန်းကွဲပေါ့။ လုပ်လို့ရသမျှအလုပ် ကျုံးလုပ်ရ၊ ပြေးလာ ချက်ရပြုတ်ရ၊ ယောက္ခမ

ပြုစုရ၊ လင်သား ချူးခပ်ကျွေးရနဲ့ ဂေါက်လှည့်ပုံးထဲက ဓာတ်ပြားကမှ ရပ်ရသေးတယ်။ မသေးတာက ရပ်လို့မရဘူး ပြောပါတော့။ ဖြစ်ချင်တော့ မြို့မှာသာ ဓာတ်စက်ရှိနေတာ၊ အနောက်ကိုင်းမှာလည်း ဂေါက်လှည့်ပုံးက အရာဝင်နေသေးတော့ အုန်းမောင်က တပည့်မွေးထားသေးတာ။ တပည့်ကလည်း ရွာထဲက တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်ကောင်ပါ။ ငွေလှတဲ့။ ငွေလှကို ဂေါက်လှည့်ပုံးနဲ့ ဓာတ်ပြားဖွင့်တာ သင်ပေးပြီး ရေကင်း ပထမဖွင့်၊ ပြီးရင် ဗျောဓာတ်ပြားဖွင့်ပြီးမှ မင်းကြိုက်တာဖွင့်ဆိုပြီး သံမဏိစည်းကမ်းလုပ်ထားတော့ သည်ကောင်ကလည်း ကွယ်ရာမှာ ဖွင့်ရသည့်တိုင် မကွန့်ရဲဘူး။ သူ့ဆရာပြောတဲ့အတိုင်းပဲ။ ဖွင့်ရတာကလည်း ငွေရယ်၊ ကြေးရယ်လို့သာ မရတာကိုး။ ပဲကလေး တစ်ပြည်စ၊ နှစ်ပြည်စ၊ မြေပဲလေးတစ်ပြည်စ၊ နှစ်ပြည်စ ရနေတော့လည်း ဆရာတပည့်နှစ်ယောက် မဆိုးဘူးပေါ့လေ။ ဆိုးတာက အုန်းမောင် မအေ လူမမာကို ပြန်မကြည့်တာပဲ။ မယားတစ်ရွာသူကို ပြန်မငဲ့တာပဲ။ မကြင်နာတာတော့လည်း မဟုတ်ဘူး။ မသနားတာတော့လည်း မဟုတ်ဘူး။ ဒါပေမယ့် သူကိုယ်တိုင် သီချင်း၊ ဂီတနဲ့ကွာပြီး မနေနိုင်တော့ဘူး။ မယ်ဒလင် သံပတ္တလားနဲ့ ခွာလို့မရတော့ဘူး။ ရွာလယ်က ကိုစံထယ့် ဆံပင်ညှပ်ဆိုင်မှာ ကျောက်ချထိုင်ရင်း သီချင်းဂီတအကြောင်း မပြောဘဲ မနေနိုင်ဘူး။ ဇာတ်ထုပ် ဇာတ်လမ်း သောကောရောကောကို အခံ့လုပ်ပြီး ပြောနေရရင် ထမင်းမစားဖြစ်တော့ဘူး။ အုန်းမောင်က ငိုချင်းချပြတော့ လူတွေက "သည်ကောင်မလဲ မရှူးမကောင်းနဲ့ကွာ" တဲ့။ သည်လိုနေလာရင်းက အုန်းမောင်အမေ သူကြီးကတော်ဟောင်း မဖြူဆုံးသေရော။ ဝန်သေတော့ တစ်ကျပ်၊ ဝန်ကတော်သေတော့ တစ်မတ်ကိုး။ ဒေါ်ဖြူဆုံးသေတော့ သူ့လင် သူကြီးအုတ်ဂူဘေးမှာ ကျင်းတိမ်ကလေး ဘူးပြီး မြှုပ်ရတော့တာပေါ့။ မအေသေခါစက အားငယ်သလိုလို့ရှိပေမယ့် ဒါကလည်း တစ်လကိုးသီတင်းပါပဲ။ အဆိုမပျက်၊ အတီးမပျက် နေ့စဉ်ရက်ဆက် ထွက်နေတာပါပဲ။ မသေးတာ ကလေးနှစ်ယောက် အဖတ်တင်နေတာတောင် အုန်းမောင်က သူ့ကိုယ်သူ ဂရိတ်ဦးဖိုးစိန် ထင်နေတော့ လင်မယားကလည်း တကျက်ကျက်ဆိုကြပါစို့။ ရွာက လူကြီးသူမတွေ ဆုံးမလို့ တစ်နှစ်လား လက်ကျန်အခင်းထဲ သစ်စေ့သစ်ဆန် စိုက်လိုက်သေးတယ်။ မျိုးဖိုးတောင် ဆုံးသေးတာကလား။ သူကြီးတွေက 'မျိုးပြုတ်စားတဲ့ကောင်ပါကွာ' တဲ့။

မျိုးပြုတ်စားတယ်ဆိုတဲ့စကားက တောသူတောင်သားတွေအဖို့ တော်တော် နာလောက်တဲ့စကားဆိုတော့ အုန်းမောင်က ဒါကို မခံချင်ဘူး။ နောက်နှစ်



အတွက် ထားရတဲ့ 'မျိုး' ဆိုတာကိုတောင် မထားနိုင်ဘဲ ပြုတ်စားရတဲ့ဘဝလို့ ပြောတာကိုး။ ဒါကို သူ မခံချင်ပေမယ့် ခံနေရတာပါပဲ။ တကယ်လည်း သူ့ အခင်းက ဘာမှမထွက်တော့ ခံရုံပဲရှိတာပေါ့လေ။ တကယ်က သူ ဒါတွေလုပ် ချင်တာ မဟုတ်ဘူး။ သူ့မင်္ဂလာဆောင်တုန်းက လာဖွင့်တဲ့ (သူငှားလာတဲ့) လော်စပီကာကို သူ ထောင်ချင်တယ်။ ဒါမျိုးကို သူ ပိုင်ဆိုင်ချင်တယ်။ သည် ယ်တစ်ရိုးမှာ ဒါကြီးသာ ထောင်နိုင်လို့ကတော့ စားရောပဲဆိုတာ သူ သိသား ။ ပိုက်ဆံရှားပါးတဲ့ခေတ်ဆိုဦးတော့ တစ်ပွဲလိုက်ရင် ငါးဆယ်တော့ ပြေးမလွတ် ူး။ မြင်းခြံမြို့ပေါ်က ဖြုတ်ရောင်းမယ့် လော်စပီကာတစ်လုံး ရှိနေတာ သူ သိထားတာက မကြာသေးဘူး။ အသစ်မဝယ်နိုင်တောင် အကျဝယ်ရင်ပဲ အလုပ် က ဖြစ်လှပြီ။ ခက်တာက ပိုက်ဆံမမီဘူး။ မမီတာ မဟုတ်ပါဘူး၊ မရှိတာပါ။ ုန်းမောင်က အိမ်နဲ့ ဝိုင်း ထိုးရောင်းပြီး ဝယ်ဖို့ကြံသေးတာကလား။ ဒါပေမယ့် ွေမျိုးတွေက လက်မခံဘူး။ လက်ကြောမတင်းလို့ ငတ်တစ်လှည့် ပြတ်တစ်ခါ မှ တော်သေးတယ်။ နေစရာမရှိရင် ဘယ်လိုလုပ်မလဲ။ မသေးတာကလည်း ါကို ပြင်းပြင်းထန်ထန် ကန့်ကွက်တယ်။

"မဟုတ်တာ ကိုရင်ရယ် အိမ်ရောင်းရမယ်လို့။ ကလေးနှစ်ယောက်နဲ့ တာင်ကပ်မြောက်ကပ် မလုပ်ပါရစေနဲ့။ တော့်ဆွေတော့်မျိုးတွေနဲ့ တော်ကြာ နီပါလို့ လှေမှောက်တယ်ဆိုသလို ဖြစ်နေပါဦးမယ်"

တကယ်တော့ သူကိုယ်တိုင်ကလည်း မငယ်တော့ဘူး။ စီးပွားရေး လည်း ကောင်းတာ မဟုတ်ဘူး။ အဆိုးဆုံးက ဂေါက်လှည့်ပုံးခေတ်လည်း ဟုတ်တော့ဘူး။ ပြောကြကြေးဆိုရင် ဂေါက်လှည့်ပုံးကထွက်တဲ့ 'ပီညံ့ပီညံ့' သံကို သူတောင် မကြိုက်တော့တာကြာပြီ။ လော်စပီကာကထွက်တဲ့ 'ရှာလုံး ကြား' ကိုပဲ သူ ကြိုက်တယ်။ ဒါလေးရှိရင် ငွေရမယ်။ ဂုဏ်ရှိမယ်။ သူလည်း ကောင်းပေ့ညွှန့်ပေ့ဆိုတဲ့ ဓာတ်ပြားတွေ ကောင်းကောင်း နားထောင်နိုင်မယ်။ ကြည့်စမ်း ဘယ်လောက်ကောင်းသလဲ။ ဒါပေမယ့် သူ့မှာ လိုချင်တာပဲရှိတယ်။ ငွေမရှိဘူး။ ခံစားချင်တာပဲရှိတယ်။ ပခုံးနောက် ပါးမလိုက်နိုင်ဘူး။ သည်ကိစ္စ က ရောဂါဖြစ်လာခဲ့တယ်။ ဆံပင်တွေ အထွေးလိုက် ကျွတ်ကုန်တယ်။ မျက်လုံး တွေတောင် ဝေလာတယ်။ ခါးတောင် ပိုကိုင်းလာတယ်။ လက်ပြင်တောင် ပို ုန်းလာတယ်။ သည်စိတ်ကပဲ သူ့မှာ ဝိထိကျနေတော့ စိတ်ထောင်းနေတာနဲ့ ကိုယ်ကြေလာတယ် ပြောပါတော့။ တစ်ခါတလေ ငိုချင်းတွေ ချချင်ချနေ တ်တယ်။ တစ်ခါတလေတော့ သွားနှစ်ချောင်းရှေ့ထုတ်ပြီး ဖြီးစပ်စပ်လုပ်ချင်

လုပ်နေတတ်တယ်။ တစ်ခါတလေတော့လည်း သူ့ဣန္ဒြာသယ ဂေါက်လှည့်ပုံးကြီးကို စိတ်ပျက်လက်ပျက် ထိုင်ကြည့်နေလိုက်တာကပဲ တစ်မနက်ခင်းကုန်တဲ့အထိပဲ။

"ဓာတ်များဟာ မခန်းနိုင်ဘူးဆိုတာ မဟုတ်ပါပဲကလား။ ဓာတ်များလည်း ကုန်ရခန်းရသာပဲ ငါ့နှမရဲ့"

မသေးတာက နို့ညှာကောင် နို့တိုက်ရင်းက အုန်းမောင်ကို လှမ်းကြည့်တယ်။ ဘယ်လိုများ ဖြစ်သွားရပြန်တာလဲပေါ့လေ။

"နို့ ကိုရင်ပဲ ဓာတ်များဟာ မကုန်နိုင်၊ မခန်းနိုင်ဘူးဆို။ ဟိုတုန်းက ပြောဖူးသာ" ဆိုတော့ အုန်းမောင်က ခေါင်းကို စိတ်ပျက်လက်ပျက်ကြီး ခါပစ်လိုက်တယ်။ ချိုင့်ဝင်နေတဲ့ မျက်လုံးသီသီကြီးနဲ့ နားမလည်ရန်ကောဆိုတဲ့ အကြည့်နဲ့ ကြည့်တယ်။

"ဟိုတုန်းက မကုန်ဘူး၊ မခန်းဘူး။ အခုတော့ ကုန်ပြီ၊ ခန်းပြီ။ ပထဝီလည်း ခန်းသာပဲ၊ တေဇောလည်း ခန်းသာပဲ။ အာပေါလည်း ခန်းသာပဲ၊ ဝါယောလည်း ခန်းသာပဲ၊ ခွေးသား ငွေလှတောင် ငါ့ဂေါက်လှည့်ပုံးကို မကိုင်ချင်တော့ဘူး"

သူ့တပည့် ငွေလှတောင် သူ့ကို စွန့်ခွာသွားပြီလို့ ပြောလိုက်တာပါ။ ဒါကို မသေးတာက သိတယ်။ သူ့လင် စိတ်မချမ်းမသာဖြစ်နေတာလည်း သိတယ်။ ဓာတ်စက်ထောင်ချင်တာလည်း သိတယ်။ ပိုက်ဆံမရှိဘဲ ဓာတ်စက်ထောင်ချင်တာ ရူးတာပဲဆိုတာလည်း ပြောချင်တယ်။ လက်ကြောမတင်းဘဲ သူတကာယောကျ်ားလို လုပ်မစားချင်တာလည်း ထည့်တွက်လိုက်ချင်တော့ "ကိုရင်က ပိုက်ဆံတစ်မတ်နဲ့ ငါးကြင်းခေါင်းကိုင်ချင်တာကိုးတော်ရဲ့" တဲ့။ သည်တော့ အုန်းမောင်က ဘာပြောရမှန်းမသိဘဲ…

"တစ်မတ်လည်း တစ်မတ် ရောက်ရားပေါ့ဟာ" လောက်ပြောပြီး ဂေါက်လှည့် ပုံးကြီးနဲ့ ဓာတ်ပြားဟောင်းတွေကို ငေးနေလိုက်တယ်။

(၅)

အနောက်ကိုင်းကို ရေဒီယိုတစ်လုံးရောက်လာတော့ အုန်းမောင် ကလေး လေးယောက်တောင် ရနေပါပြီ။ အသက်ကလည်း ကြီးလာတော့ အိုစနာကြီးများကျလို့။ လက်ပြင်က ပိုကိုင်းလာတယ်တောင် ထင်ရရဲ့။ ပေါပလင် ရှပ်လက်တိုလေး မချွတ်တမ်းဝတ်ပြီး တူတစ်ယောက် ကန်တော့ထားတဲ့ ဘန်ကော



…ပုံချည်ကို ရင်ခေါင်း တက်ဝတ်ထားတော့ ဖိုသီဖတ်သီကြီးပေါ့။ ပုဆိုးက …ငါးတောင်ကွင်း၊ လူက ဝါးခြမ်းပြားသာသာကိုး။

"ကိုရင် ကြားပြီးပလား။ ကိုခင့်သောင်းကြီးအိမ်မှာ ရေဒီယိုဆိုသာကြီး …ရောက်လို့တဲ့၊ သီချင်းတွေလာသာ" တဲ့။ သူ့မယား မသေးတာ အနောက် ယာခင်း …ကက်ဏအပြန် အမှတ်မထင် ပြောလိုက်တဲ့စကား ကိုအုန်းမောင် အင်မတန် …စိတ်ဝင်စားတယ်။ ရွာထဲမှာလည်း သည်စကားကြားနေရတာကိုး။ မြင်းခြံမြို့ …ကြီးနဲ့ အဆက်အစပ် ရှိနေကြတော့ ရေဒီယိုဟာ ရုပ်ဝတ္ထုအားဖြင့် ဘာမှတော့ …ဆန်းတော့ပါဘူး။ မြင်ဖူးကျ၊ ကြားဖူးကျ၊ ရင်းနှီးနေကျပါပဲ။ ဒါပေသိ …အနောက်ကိုင်းကို ရောက်လာတာကတော့ နည်းနည်းလေးဆန်းတယ်။ ဓာတ် …က်မဝယ်နိုင်လို့ စိတ်ဓာတ်တွေ ပြိုကျနေတာ နှစ်နဲ့ချီရှိနေပြီဆိုတော့ ကြောင့်ကြ …တော့ ကင်းနေပြီပေါ့လေ။ မျှော်လင့်နေတာတွေလည်း မရှိတော့ပါဘူး။ သည်တော့ …ကိုယ်မပိုင်ရတဲ့အတူတူတော့ အနီးအနားရွာတွေမှာ အသံချဲ့စက်ဖွင့်တယ်ဆိုရင် …လွတ်တမ်း သွားနားထောင်တတ်တယ်။ ဘယ်လောက်ဝေးဝေး သွားတယ်။ …သည်းကြုံမရှိတာတောင် လေးငါးတိုင်ခရီး ကုန်းကြောင်းသွားတာပဲ။ အသံချဲ့ …က် သွားနားထောင်မယ်လို့တော့ မပြောဘူးပေါ့။ အကြောင်းရှာသွားတာ။ …ယားကလည်း မပြောတော့ပါဘူး။ သူရှိတာနဲ့ မရှိတာ ဘာမှမကွာဘဲကိုး။ …မြင်းခြံဆိုတာတော့ မပြောနဲ့တော့။ ဓာတ်တွေ တစ်ခါတစ်ခါ လာကတတ် …တာ။ ဘိုင်စကုတ်ရုံတွေ ရှိတာ၊ ပွဲလမ်းသဘင်များတာ သိထားတော့ ဘယ်ရွာ …ဘာမှမကြားရဘူးဆိုရင် မြင်းခြံဘက်ခေါင်းလှည့်တာပဲ။ မြင်းခြံကိုတော့ …က်ဘီးငှားသွားလေ့ရှိတယ်။ မြင်းခြံရောက်ရင် သူနဲ့သိတဲ့ ကြက်သွန်ပွဲရုံ တစ်ခု …စက်ဘီးသော့ခတ်ပြီး ဂုဏ်ရုံကို အရင်ပြေးနေကျ။ ဘိုင်စကုတ်ကြည့်တဲ့ …ခါ ကြည့်တယ်။ ပိုက်ဆံမလောက်လောက်ဘူးထင်ရင် ရုံရှေ့က ဓာတ်ဝင် …ဓာတ်ပုံဟောင်းတွေ ကပ်ထားတာကို ငေးတယ်။ သံဆန်ခါကွက်စိပ်ကလေး …ကာင်ခတ်ထားတဲ့ အနားဖွာဖွာ သည်ဓာတ်ပုံတွေကို အုန်းမောင် အင်မတန် …ကြိုက်တာကလား။ ဓာတ်ကားတစ်ကားထဲက ဓာတ်ပုံတွေဆိုပေမယ့် ကပ်ချင် …သလို ကပ်ထားတာလို့ သူ မထင်ဘူး။ အစဉ်လိုက် ကပ်ထားတယ်လို့ပဲ သိ …တယ်။ သည်တော့ ပုံတစ်ပုံချင်းကို ကြည့်ပြီး ဓာတ်လမ်းကို ဆက်စပ်ယူတယ်။ …ဓာတ်ကားနာမည် အလွတ်ကျက်တယ်။ မင်းသား၊ မင်းသမီးနာမည် အလွတ် …ကျက်တယ်။ ဒါဆိုရင် ရပြီ။ ရုံထဲဝင်ကြည့်လိုက်ရသလို သူ ပြောတတ်ပြီ။ …အနောက်ကိုင်း ပြန်ရောက်ရင် အိမ်မဝင်သေးဘူး။ လူများများရှိတတ်တဲ့ နေရာ

ကို ရွေးတယ်။ များသောအားဖြင့်က ဘက်ကင်ခုံလို့ ခေါ်ကြတဲ့ လက်တောက်ခုံဝိုင်းကို သွားတာများတယ်။

"ဂုဏ်ရုံမှာပြနေတဲ့ တရားတစ်ဖက် ဓားတစ်လက် ဘိုင်စကုတ်များကောင်းချက်တော့ ရွှေဘနဲ့ သင်းသင်းလှဲ့ ပါသာရယ်။ ရွှေဘက ပထမတော့သူတော်ကောင်းပေါ့ကွာ။ မတရားနှိပ်စက် ညှင်းပန်းလာသာများတော့၊ ခမျာမခံနိုင်သာနဲ့ ထတွယ်သာ၊ မှတ်ကရောကွာ။ သင်းသင်းလှဲ့က သူကြီးသမီးလုပ်တာ။ ဖအေသူကြီးက သူ့ရည်းစား နှိပ်စက်တော့ ဖအေက တစ်ဖက်၊ ရည်းစားက တစ်ဖက်၊ ကိုရွှေဘခမျာမယ် ဖူးရောင်နေသာပါကွာ"

သည်လောက်နဲ့ စလိုက်ရင် ဘက်ကင်ခုံကလူတွေက အုန်းမောင်ဘက်လှည့်ပြီ။ လုပ်စမ်းပါဦးဗျ ဖြစ်ကြပြီ။ ခင်ဗျား တကယ်ကြည့်ခဲ့ရလို့လားလို့ မယုံသင်္ကာ မေးသူတွေရှိပေမယ့် နားတော့ ထောင်ကြသူချည်းပါပဲ။ တရားတစ်ဖက် ဓားတစ်လက်ဆိုသကိုး။ ရွှေဘ ဆိုသကိုး။ အင်္ဂလိပ်ဇာတ်ကား ဓာတ်ပုံတွေများ ကြည့်ခဲ့မိလို့လား၊ ပြဿနာမရှိပါဘူး။ ဓာတ်ပုံတွေကို ဇာတ်လမ်းလုပ်တာတ်နေပြီ။

"မင်းသားက ပါမောက္ခကြီး၊ မင်းသမီးက ငါ့စိတ်ထင် စုံထောက်မထင်သာပဲ။ မင်းသားရဲ့မိန်းမနဲ့ ကလေးတွေ အသတ်ခံရတော့ စုံထောက်မကလိုက်ပေးသာ၊ နောက်တော့ ပေါ်သာပါပဲ။ တရားဥပဒေ ဘာမှတ်လို့တုန်း။ ဇာတ်ပေါင်းခန်းကျတော့ ညားသာ့ပါပဲကွ။ တို့မြန်မာဇာတ်ကားလိုပါပဲ။ နမ်းတာတော့ ကွာသဟေ့ ပါးစပ်ချင်း နမ်းသာမောင်"

မြင်းခြံမှာ ဇာတ်ပွဲရှိလို့ တစ်ပွဲတလေကြည့်မိရင်တော့ ပြောမဆုံးတော့ဘူး။ တစ်နှစ်တစ်ပွဲ ကြည့်ဖြစ်အောင်တော့ ကြည့်တာပါပဲ။ စက်ဘီးငှား မရရင်တောင် မြင်းခြံ ပွဲရုံသွားကြတဲ့ရွာက ပဲလှည်း၊ ကြက်သွန်လှည်းနဲ့ လိုက်တာပဲ။

"နယူးဝမ်း စိန်လုံးဗိုလ်တို့များကွာ တစ်မြန်နှစ်ဆီကများနဲ့တောင် မတူတော့ဘူး။ ဇာတ်ထုပ်ဇာတ်ခန်းတွေဆိုသာ ဖိတ်ဖိတ်တောက်နေသာ ရေလှိုင်းတွေဆို တကယ့်ရေလှိုင်း၊ ဇာတ်ခုံတွေပေါ် တဲကလေးထိုးထားသာ၊ စဥ့်အိုးကလေးတောင် ပါသေး။ အိုးကလေးထဲက ရေကို တကယ် ခပ်ချိုးနေသေးသာ"

အုန်းမောင်က ပွဲဦးက ပွဲသိမ်း ပတ်စာခွာတဲ့အထိ ကြည့်ခဲ့ရ မြင်ခဲ့ရသမျှ ပြောတာကိုက စိတ်ဝင်စားစရာကိုး။ လူတွေက စိတ်ဝင်စားလောက်ပြီဆိုရင် စကားခဏဖြတ်၊ ကျစ်ချောင်းမော် ဆေးလိပ်ဖင်ကို အနားက ရေနွေးကြမ်း ပန်းကန်ထဲက ရေနွေးထဲထိုးနှစ်၊ ခေါင်းဘက်က ပါးစပ်နဲ့မှုတ်ပြီး ဆေးလိ



ဖင်ကို လက်သည်းနဲ့ တဂျစ်ဂျစ်ကုတ်၊ ပြီးမှ ဆေးလိပ်ကို ပါးစပ်တပ်၊ ဒန်မီးခြစ်နဲ့ မီးညှိ၊ ဖွားခနဲ ဖွားခနဲ အူထနေအောင် ရှိုက်ပြီးမှ စကားပြန်ဆက်တာပေါ့လေ။

နတ်ပွဲလည်း အလွတ်မပေးဘူး။ ဆိုင်းပွဲလည်း အလွတ်မပေးဘူး။ အငြိမ့်များတော့ အကြိုက်ဆုံးပေါ့။ လူပြက်တွေရဲ့ ပွဲကျပြက်လုံးတွေများ အလွတ်ရလာတတ်တယ်။ ဆိုင်းများ နားထောင်ရရင်တော့လား တကယ့်ကို အကဲဖြတ်ဒိုင်လူကြီး တစ်ယောက်က ထိုင်အကဲဖြတ်နေသလို နားထောင်တာမျိုး။ အလူးတွေ၊ အသွဲ့တွေ၊ အဖြူးတွေ၊ လုံးကောက်ပတ်သံ တစ်လုံးချင်း နားထောင်တတ်တယ်။ သည်ဆိုင်းက အုံကောင်းတာလား။ ဂျွန်ကောင်းတာလား ခွဲခြားသိတယ်။ ဂျွန်ကောင်းတယ်ဆိုတာ ဆိုင်းဆရာရဲ့ တစ်ကိုယ်တော်ကောင်းတာကို ပြောတာပါ။

"မြင်းခြံ မြောက်ဈေးထိပ်က ပွဲစားကြီး ဦးဘခင်အလှူမှာ စိန်နွဲ့ကြီးလာတီးသာ၊ ငါရိုးတဲ့မှကွာ လမိုင်းကပ်ချင်တော့ အုံလည်းကောင်း၊ ဂျွန်လည်းကောင်းကို။ ပီလိုက်၊ မြည်လိုက်သာများ၊ ငါတော့ ပတ်စာပိုးကျမှ ထပြန်လာသာ၊ မန္တလေးဆိုင်းထဲတော့ ရွှေဒေါင်းမြိုင်ကြီး ကြိုက်သဟေ့"

သည်လိုကိုး။ စိန်နွဲ့ကြီးအကြောင်းပြောရင်းက ရွှေဒေါင်းမြိုင်ပါ ထည့်လိုက်သေးတာ။ နှံ့စပ်တယ်ပေါ့လေ။ အဲသလောက် အနုပညာ ဝါသနာကြီးသူကအနောက်ကိုင်းကို ရေဒီယိုရောက်လာပြီဆိုတော့ ဘယ်နေလိမ့်မလဲ။ ဆေးလိပ်နှစ်လိပ် အိတ်ထောင်ထဲ ထည့်ပြီး ကိုခင်သောင်းအိမ်ဘက် ထွက်လာခဲ့တယ်။ မသေးတာကတော့ ဘာပြောလိမ့်မလဲ။ တားရတာမှတ်လို့။

(၆)

ရေဒီယိုဆိုတာ မဆန်းပါဘူး။ ကြားဖူးသားပဲ။ မြင်ဖူးသားပဲ။ မြင်းခြံက အဝိန့်ခေါက်ဆွဲဆိုင် ထိုင်လိုက်ရင်လည်း ကြားနေရတာပဲ။ ကြက်သွန်ပွဲရုံတွေမှာလည်း ရှိတာပဲ။ ကြားရတာပဲ။ သူ့အသိ ဒေါ်မမလေးဆိုင်မှာလည်း ရှိသားပဲ။ ရေဒီယိုကလာတဲ့ သီချင်းတချို့ဟာ ဓာတ်စက်ဓာတ်ပြားထဲ ရှိတာလည်း သိတာပဲ။ ကိုမြကြီးတောင် သိသေး။ အဆိုတော် ကိုမြကြီး သီချင်းတွေထဲက ဂီတဗိမာန်တို့၊ မိုးတို့၊ ရွှေမိုးညိုတို့ဆိုရင် ကြိုက်လိုက်တာမှ။ အထူးသဖြင့်တော့ မိုးပေါ့။ 'ဝသန်ခါမီ မိုးလရာသီ' ဆိုတဲ့အဖွင့်မှာ ကိုမြကြီးလှည့် အင်မတန် သဘောကျတာကလား။ ထားပါတော့ ရေဒီယိုနဲ့ မဝေးဘူးပေါ့လေ။ ဒါပေမယ့် ပြောခဲ့ပါပကော။ အနောက်ကိုင်းကို ရေဒီယိုရောက်လာတော့ ဆန်းတယ်လို့။ ကိုခင်သောင်း

အိမ်ရောက်တော့ ရေဒီယိုကို စင်ကလေးပေါ် တင်ထားတာ တွေ့တယ်။ ရေဒီယိုက သေးသေးလေး။ တင်ထားတဲ့စင်က နတ်စင်ထက်တောင် ကြီးသေးတယ်။ ရေဒီယိုက သိပ်မကြီးပါဘူး။ ကုန်စုံဆိုင်တွေမှာရှိတတ်တဲ့ ကျွန်းပိုက်ဆံ သေတ္တာလောက် ရှိတာပါ။ သားရေအိတ်ကြီး စွပ်လိုက်လို့။ အုန်းမောင် ရောက်လာတော့ ခင်သောင်းက ရေဒီယို နားထောင်ချင်မှန်းသိတော့ ဖွင့်ပြတယ်။ ဈေးသစာင်းတွေ လာတယ်။ ရွှေမောင်းသံဆိုတာ လာတယ်။ သီချင်းတွေ လာတယ်။ ခုတလော ဗိုက်အောင့်အောင့်နေလို့ ရင်ညွန့်ကလေး လက်နဲ့ထောက်ထားပြီး မျက်စိကို စုံမှိတ်နားထောင်တယ်။ ကြည့်စမ်း အသံတော်တော်စုံတဲ့ သေတ္တာကလေးပါလား။ ဆီဈေး၊ ပဲဈေးတွေတောင် ပါလိုက်သေး။ တိုင်းပြည်မှာ ဖြစ်ပျက်နေတာတွေတောင် ပါလိုက်သေး။ သီချင်းများတော့ စုံပါ့မောင်ရာ ဆိုသကိုး။

"နေပါဦး ခင်သောင်းရ၊ တို့အနောက်ကိုင်းကို သည်အသံတွေ ရောက်လာသာ ဆန်းသကွ၊ ရန်ကုန်က လာသာလို့ ပြောကြသာပဲ။ အဝေးကြီးပါ့ မောင်ရာ။ ဘယ်လိုများ လာပြီး အသံမြည်ပါလိမ့်"

လို့ မေးတော့ ခင်သောင်းက အနောက်ကိုင်းရဲ့ ပထမဦးဆုံး ရေဒီယို ပိုင်ရှင်ဆိုတဲ့ မျက်နှာပေးနဲ့ အုန်းမောင်ကို ကြည့်တယ်။ ပြီးတော့မှ…

"ဓာတ်လှိုင်းနဲ့ လာသာကိုးဗျ။ လေဒီယိုထဲက စက်တွေက ဓာတ်လှိုင်းတွေ ဖမ်းပြီး မျိုချပြီးတော့မှ အန်ထုတ်တဲ့ သဘောပေါ့" လို့ ဖြေတယ်။ သည်တော့ အုန်းမောင်က ဓာတ်ကြီးလေးပါးဆိုတာ အစိုင်အခဲလို အုံနဲ့ကျင်းနဲ့ စုဖွဲ့နေတာမျိုး မဟုတ်ဘဲ လှိုင်းလိုလုပ်လို့လည်း ရသကိုးလို့ တွေးတယ်။ ကြည့်စမ်း အံ့သြစရာ။ ဂေါက်လှည်းပုံးနဲ့ ဘဝတုန်းက မြေဓာတ်ပြားထဲ လူ့အသံတွေ ထိုးသိပ်ထည့်ထားတာ သူ သိခဲ့ပြီးသား။ ရေဒီယိုကျတော့ လှိုင်းလိုဘဝနဲ့ လေယာဲလွင့်လာပြီး ရေဒီယိုထဲ စွပ်ဝင်သွားတာ ကြားရပြန်ပြီကော။ ဓာတ်သဘောများဟာ အင်မတန် ဆန်းကြယ်သလောက် ရုပ်ပြောင်းရုပ်လွှဲ ရှိပါရောလားလို့လည်း တွေးမိတာပါပဲ။ ရေဒီယိုက သီချင်းတွေလာတော့ အုန်းမောင် သဘောကျတယ်။ ဘယ်သီချင်းလာပါလိမ့်လို့ ပြောတဲ့ မိန်းမကလည်း ပါသေးသကိုးပေါ့လေ။ ခင်သောင်းဆီက ရေဒီယိုကို ရွာက စိတ်ဝင်စားပေမယ့် တကူးတက လာနားထောင်တာရယ်လို့တော့ မရှိပါဘူး။ ကိုယ့်အလုပ်နဲ့ကိုယ် ဘယ်သူက ရေဒီယိုအတွက် အချိန်ပေးနိုင်ပါ့မလဲ။ ဒါပေမယ့် အုန်းမောင်ကတော့ အချိန်ပေးတယ်။ ခင်သောင်း သင်ထားလို့ ဖမ်းတတ်နေပြီ။

"မင့်ရေဒီယိုက တို့လူမျိုးချည်း လာသာမှတ်နေသာ၊ လူမျိုးပေါင်းစုံ



ပါပါသလားကွ" ဆိုတော့ ခင်သောင်းက "ကိုယ့်လူမျိုးနဲ့ ကိုယ့်ဓာတ်လှိုင်းပေါ့ဗျာ" တဲ့။ သည်တော့မှ ဓာတ်ဆိုတာ မြန်မာတစ်ဦးတည်း မူပိုင်မဟုတ်မှန်း သိတော့တာပေါ့လေ။ ခင်သောင်း ကွပ်ပျစ်ပေါ် ပက်လက်ကလေးလှန်၊ ဗိုက်ပေါ် ရေဒီယိုကလေးတင်ပြီး နားထောင်နေကျကိုး။ တစ်ရက်တော့ ရင်ညွန့်က ထိုးထိုးအောင့်တာနဲ့ စားနေကျ ဆားဆော်ဒါမှုန့်ကလေး ရေနဲ့သောက်ပြီး အသာလှဲတယ်။ ဝမ်းထဲက နာတာက မပျောက်ချင်ဘူး။ တိုက်တိုက်ဆိုင်ဆိုင် ဗိုက်ကလေးနာနာနဲ့ နားထောင်နေတုန်း ကိုမြကြီးရဲ့ 'မိုး' သီချင်းလာတော့ မျက်လုံးကလေးမှေးပြီး သီချင်းထဲ အာရုံနှစ်ထားလိုက်မိတယ်။ သီချင်းပြီးသွားတော့ နာနေတဲ့ဗိုက်က မနာတော့ဘူး။ သူ့ကိုယ်သူလည်း အံ့သြတယ်။ ခင်သောင်းကိုတောင် အားရဝမ်းသာ လှမ်းပြောလိုက်သေးတယ်။

"ခင်သောင်းရ တော်ရုံတန်ရုံ ဗိုက်နာတာများလောက်တော့ ကိုမြကြီး သီချင်းနဲ့ကို ပျောက်သာမောင်"

ဒါပါပဲ။ ပြောပြီးတော့ မျက်စိပြန်မှိတ်ထားလိုက်တယ်။ နောက်တစ်ပုဒ် လာဦးမှာကိုး။

## (၇)

ကမ္ဘာပေါ်မှာ ရေဒီယိုကို ဘယ်သူက စထွင်ခဲ့သလဲဆိုတာ သူ့နိုင်ငံ ငါ့နိုင်ငံ ငြင်းကြ ခုံကြတုန်း။ ဘယ်တုန်းက စပေါ်တယ်ဆိုတာလဲ တီထွင်မှုသမိုင်းဖတ်ရင် ရနိုင်ပါရဲ့။ ဒါပေမယ့် အနောက်ကိုင်းမှာ ဒါတွေ မလိုပါဘူး။ ခင်သောင်းက စဝယ်တာပဲပေါ့။ အနောက်ကိုင်း ရေဒီယိုသမိုင်းမှာ ခင်သောင်းဟာ ပထမပဲ။ ဘယ်သူကမှလည်း မငြင်းဝံ့ပါဘူး။ ဂေါက်လှည့်ပုံးတုန်းကကော။ ဒါလည်း ရှင်းပြီးသား။ အုန်းမောင်ပဲ။ ဘယ်လိုနည်းနဲ့ရရလေ စဖွင့် သူကြီး ကိုစံဖေ ဆိုပေမယ့် လူထုထဲကျအောင် လုပ်ခဲ့တာ အုန်းမောင်ပဲ။ အခုတစ်ခါ လာပြန်ပြီ။ ကက်ဆက်တဲ့။ ရွာကတော့ ကက်ဆက်တောင် မဟုတ်ပါဘူး။ အုန်းသီးကက်ဆက်လို့ ခေါ်ကြတယ်။ တကယ်က only cassette ဆိုတဲ့ စကားက လာတာ။ ကက်ဆက်ချည်း သက်သက်ပေါ့လေ။ ရေဒီယိုနဲ့ တွဲထားတာ မဟုတ်ဘူး။ အုန်းလီးကက်ဆက်ကို အုန်းသီးကက်ဆက် ခေါ်လိုက်တော့လည်း ရတာပါပဲ။ မြည်တာပါပဲ။ ခင်သောင်း ရေဒီယို အနောက်ကိုင်းမှာ ပေါ်လာခဲ့တဲ့နောက်ရွာမှာ ရေဒီယိုတွေ ဟိုတစ်လုံး သည်တစ်လုံး ရှိလာခဲ့တယ်။ ကာလဖြတ်သန်းမှုထဲမှာ ရုပ်ဝတ္ထုတွေ ပျံ့နှံ့တဲ့ပုံစံအတိုင်း ပျံ့နှံ့လာတာပါပဲ။ သည်လိုပဲ

ဖြစ်ရမှာပေါ့။ ဝယ်နိုင်သူက ဝယ်နိုင်တော့ များလာတာပေါ့လေ။ ဒါပေသိ အုန်းသီးကက်ဆက် ပေါ်လာတော့လည်း ရေဒီယိုတုန်းကလိုပဲ။ ပထမဆုံး စဝယ်တာ ကိုကျောက်ခဲဆိုတဲ့လူ။ သည်လူက ဟိုစပ်စပ် သည်စပ်စပ်နဲ့ နောက်ပိုင်းမှာ စီးပွားဖြစ်လာတဲ့လူ။ ကိုကျောက်ခဲ ကက်ဆက် ဝယ်လာတော့လည်း ရွာသူရွာသားတွေက သိပ်ဟက်ဟက်ပက်ပက် မရှိကြပါဘူး။ သည်လို နေကြတာပါပဲ။ ဒါလည်း မြင်းခြံဘက် ရောက်ဖူးသူတွေက မြင်ဖူးကြားဖူးကြတာ ကြာလှပေါ့။ ဘူးပြားကလေးတစ်ဘူး ကက်ဆက်ရဲ့ ပြနေတဲ့ ပါးစပ်ပေါက်ထဲထည့်ပြီး ခလုတ်နှိပ်ရင် အသံမြည်တာတော့ ရောက်ဖူးပေါက်ဖူးသူတိုင်း သိပြီးသား။ အုန်းမောင်ကလည်း သိတယ်။ သူနဲ့သိတဲ့ တခြားရွာက ဓာတ်စက်ပိုင်ရှင်တွေဆိုရင် သည်အုန်းသီးကက်ဆက်နဲ့ စက်ဖွင့်နေတာ ကြာပဲကြာလှပြီ။ ဒါပေမယ့် တခြားရွာမှ သည်လို ကက်ဆက်မျိုး ရှိနှင့်ပြီးတာ။ ပိုင်ဆိုင်ကြတာ ဘယ်နှယ့်မှ မနေပေမယ့် အနောက်ကိုင်းမှာ ကျောက်ခဲက ပထမဆုံးဝယ်တယ်ဆိုတာကိုတော့ အုန်းမောင် ရင်ခုန်တယ်။ ကက်ဆက်မှာတော့ ကျောက်ခဲက ပထမ ဖြစ်ရပြန်ပြီကိုး။

ပြဿနာက သားသမီးတွေက စတာ။ ကိုကျောက်ခဲအိမ်ကို ကက်ဆက်သွားနားထောင်တာ ခွင့်မပြုကြတာက စတာ။ တကယ်တော့ အုန်းမောင်အိမ်မှာ ဘာပါဝါမှရှိတာ မဟုတ်ဘူး။ အကြီးမနှစ်ယောက်နဲ့ မသေးတာက လုပ်ကျွေးနေတာဆိုတော့ သည်ကလေးတွေ မှီစားနေရတာလည်း ပါတယ်။ နောက်တစ်ကြောင်းက ကျောက်ခဲကို သူကိုယ်တိုင် ခံတွင်းမတွေ့တာလည်း ပါတယ်။ ခင်သောင်း ရေဒီယိုတုန်းက ဘာပြဿနာမှ မရှိခဲ့ဘူး။ ကလေးတွေကလည်း ဘာမှမပြောခဲ့ကြဘူး။ နားထောင်ချင် ထောင်၊ မထောင်ချင်နေကိုး။ အခုက ပြဿနာ။

"ဘာပဲဖြစ်ဖြစ် အဖေ ဦးကျောက်ခဲအိမ်တော့ မသွားရဘူး။ အဖေ့ ပြောဆိုထားတာ မမှတ်ဘူးလား"

သမီးတွေ ပြောလည်းပြောစရာပေါ့လေ။ တစ်ခါက ခင်သောင်း ခရီးသွားလို့ ကျောက်ခဲ ရေဒီယိုသွားနားထောင်တော့ ကျောက်ခဲက...

"ကိုအုန်းမောင် ခင်ဗျားကို ကျုပ်က ရေဒီယိုနဲ့ ညှော်ခံမနေအားဘူး" လို့ ပြောခဲ့ဖူးတယ်။ အုန်းမောင်ဆိုတာ မျက်ရည်များတောင် ကျခဲ့တာ။ ဘာမှ မကြာလှသေးဘူး။ ရှိလှရင် နှစ်နှစ်ပေါ့။ သည်စကားကို သူ နာတယ်။ စိတ်ထဲမှာ မချမ်းမသာ ဖြစ်ရတယ်။ ငါ ချို့တဲ့လို့ အပြောခံရလေခြင်းလို့ ခံစားခဲ့ရတယ်။ အခု ကျောက်ခဲက ကက်ဆက်ဝယ်ပြန်ပတဲ့။



"အဖေ မသွားပါဘူးဟာ၊ သည်ကောင့်ဆီများတော့ တန်ပါ့"

သည်ကတိကလေးတည်အောင် သူ့ကိုယ်သူလည်း ကြိုးစားနေကြည့်တယ်။ ရေဒီယိုထက်စာရင် ကက်ဆက်ကတော့ ပိုကောင်းတယ်ဆိုတာလည်း သိပါရဲ့။ ရေဒီယိုက သူလာချင်တာလာတာကို နားထောင်ရတာ၊ ကက်ဆက်က ကိုယ် နားထောင်ချင်တာ ဖွင့်ရုံပဲ။ သူ့မှာသာ ကက်ဆက်ရှိခဲ့ရင် ကိုမြကြီးတစ်ခွေလုံး နားထောင်ချင်ရင် အခွေထည့်ဖွင့်ရုံနဲ့ ပြီးနိုင်တာ သူ သိသားပဲ။ အသံလွှင့်ရုံကျတော့ ကိုမြကြီးတစ်ခွေလောက် လုပ်စမ်းဗျပြောလို့ ဘယ်ရမှာတုန်း။ ကက်ဆက်က ကောင်းမှန်းသိတာသိတာပဲ။ ဆင်ခြင်နေတာ နေရတာပဲ။ သူကြီးသား အုန်းမောင်၊ ဣစ္ဆာသယ အုန်းမောင်ပေပဲ။ သည်မာနတော့ ရှိရမှာပေါ့။ ားမထောင်ရလို့ သေစမ်းပါစေ့လေ။ ကျောက်ခဲ တံစက်မြိတ် အုန်းမောင် မဝင်ူး။ တစ်ရက် ခင်သောင်း အိမ်ကအပြန် မိုးကြီးမှောင်ကြီးထဲ ပြန်ရိုးပြန်စဉ် ပြန်ဘဲ အိမ်ကြိုအိမ်ကြားက ပြန်မိတယ်။ ကျောက်ခဲအိမ်နဲ့ သံဖြူဆရာတင်ဝ ိမ်အကြားရောက်တော့ ကျောက်ခဲအိမ်ဘက်က အသံတွေ ထွက်လာတာကြား ာနဲ့ ဘာပါလိမ့်ဆိုပြီး နားထောင်လိုက်မိတယ်။

"ဦးလေး ကိုငွေအုန်း"

"ယုဝတီရေ"

"ကျွန်မဆိုတဲ့ တေးသီချင်းလေးကို အဓိပ္ပာယ်ရှင်းကြရဲ့လားရှင့်"

"နားမရှင်းသေးပါဘူး မင်းသမီးရယ်၊ ပြောပါဦး"

"ဩော်... ဦးလေးတို့ကလည်း လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံရယ်လို့ ဘုံုံးပါးရှိတဲ့အနက်က ဘုရားစင်စစ် ကေန်ဖြစ်တာဟာ လူ့ဘုံပါပဲ ဦးလေးတို့ရဲ့"

"ဟုတ်တာပေါ့ ကိုငွေအိုးရဲ၊ ဟော... လူ့ဘုံရယ်၊ နတ်ဘုံရယ်၊ ဗြဟ္မာ့ုံရယ်ရှိတဲ့အနက်က ကျုပ်က သိကြားဘုံကြိုက်တယ်ဗျာ"

"တော်တော်ကောင်းလို့လား"

"ပေါင်မုန့်နဲ့ တို့စားရင် သိပ်ချိုတယ်ဗျာ"

(ဟားဟား ဟားဟား ဟား)

"ကျုပ်ကတော့ ဟိုဘုံလောက် မကြိုက်ပါဘူးဗျာ"

"ဘယ်ဘုံတုန်း"

"ဘုံဆိုင်လေဗျာ"

(ဟားဟား ဟားဟား ဟားဟား)

နိုင်း ရှို ညောင့် ဒိုင်း ဒိုင်း

"ဟိတ် အားလုံးငြိမ်ကြစမ်း၊ အငြိမ့်ဆက်ကစမ်း၊ မင်းတို့က ဘာလို့ ထကြရတာလဲ။ မင်းတို့လူပြက်တွေ ထောင့်မှာ ငြိမ်ငြိမ်လေး ထိုင်နေကြ။ မလှုပ်နဲ့။ အလကား မျက်စိနောက်တဲ့ကောင်တွေ။ မင်းတို့ပြက်တာ ကြည့်ဖို့ မဟုတ်ဘူးကွ။ မင်းသမီးကတာ ကြည့်ချင်တာ"

"ဟုတ်ကဲ့"

"ဟဲ့... ဟိုကောင်မလေး နင်ပြန်ကစမ်း ငိုင်မနေနဲ့"

"ဦးလေး ကိုမိုးသီး သေနတ်ကြီးတွေနဲ့ သမီး ကြောက်တယ် ဦးလေးရယ်"

အလို။ ဒါ ဘာဇာတ်ထုပ်ပါလိမ့်။ ကက်ဆက်ဇာတ်ထုပ် တော်တော်များများ သူ ကြားဖူးခဲ့ပါရဲ့။ သည်ဇာတ်ထုပ် မကြားဖူးသေးပါလား။ ကြည့်စမ်း ကောင်းချက်တော့။ အငြိမ့်ကတာကို လူဆိုးတွေ သေနတ်တွေနဲ့ စိုင်းနေပါပကော။ ဟာသ်လည်းငှက်၊ ကျီးလည်း ငှက်လား၊ မဟုတ်ဘူး။ ဟိုဇာတ်ထုပ်က တစ်မျိုးကောင်းတာ။ နေပါဦး ဟိုဇာတ်ထုပ်က ဘာတဲ့။ ကိုဘထူး၊ မဦးခင်၊ တင်မောင်မောင်၊ ဒါလည်း မဟုတ်သေးဘူး။ သူ့အကြိုက်ဆုံး ဇာတ်ထုပ်ဖြစ်တဲ့ ဗိုလ်အောင်ဒင် မဟုတ်တာတော့ သေချာတယ်။ ဒါဖြင့် သည်ဇာတ်ထုပ်က ဘာလဲ ဘာလဲ။ ဘာဖြစ်နိုင်သလဲ။ အုန်းမောင် ရင်တွေခုန်လာတယ်။ ချွေးတွေတောင် ပြန်လာတယ်။ သည်ရွာမှာ ကက်ဆက်ဇာတ်ထုပ် နားထောင်ဖူးတာနဲ့ ပတ်သက်ရင် သူ့ကို ဘယ်သူမှ မယှဉ်နိုင်ဘူး။ အသံချဲ့စက်ပါတယ်ဆိုတဲ့ အလှူမင်္ဂလာဆောင်၊ ကျောင်းရေစက်ချ၊ ဘုရားကိုးဆူအဆုံး တစ်ရွာတစ်ရွာ ဘယ်သူမှ ဒုက္ခခံပြီး သွားနားထောင်ကြတာ မဟုတ်ဘူး။ နားထောင်ခဲ့ရသမျှလည်း ကျောရိုးစိမ့်အောင် ကြိုက်ခဲ့တာချည်း။ အခု ဇာတ်ထုပ်ကတော့ သူ မကြားဖူးဘူး။ ခက်တာက ကျောက်ခဲကက်ဆက်က ဖြစ်နေတယ်။ သမီးတွေ ပေးထားတဲ့ ကတိဆိုတာကလည်း ဖအေတစ်ယောက်အနေနဲ့ ချိုးဖောက်မယ်ဆိုရင် ချိုးဖောက်ခွင့်ရှိတာပဲလေလို့ ညာတွေးမိသေးတယ်။ ဒါပေမယ့် သည်လိုလည်း သူ မလုပ်ချင်ဘူး။ နားထောင်ချင်တာကလည်း လျှာတွေ အာတွေတောင် ယားလာသလား မှတ်ရတဲ့အထိပဲ။ ဆံပင်တွေတောင် ထောင်ထလာတယ်။ လည်ချောင်းတစ်ချောင်းလုံး ချစ်ချစ်တောက် ပူလာတယ်။ နားရွက်တွေ ထီးရွက်တွေလို ပွင့်ကားသွားတယ်။ ခြေတွေ၊ လက်တွေ တဆတ်ဆတ် တုန်ခါလာတယ်။ ကက်ဆက်ဇာတ်လမ်းက အသံတွေဟာ သူ့ခန္ဓာကိုယ်သွေးကြောထဲမှာ ရောဂါပိုးမွှားတွေလို တရွရွပြေးနေတယ်။ ကိုင်းကွေးကွေး ခါးရိုးတော်



ဖြောင့်သွားသလား မှတ်ရတဲ့အထိ တင်းတောင့်သွားတယ်လို့ ခံစားနေရတယ်။

အုန်းမောင်က ချက်ချင်းပဲ ကျောက်ခဲအိမ် ခြံစည်းရိုးဘေးကပ်ပြီး ဖင်ထိုင်ချလိုက်တယ်။ ကျကျနနကြီး ထိုင်လိုက်တာပါ။ အိတ်ထဲက ဆေးလိပ်ကိုထုတ်မီးညှိပြီး ခြံစည်းရိုးနဲ့ တတ်နိုင်သမျှ ကပ်လိုက်တယ်။ ရပြီ။ ကောင်းကောင်းကြားရပြီ။

"ဖယ်နော် ရှင် ကျွန်မအသားကို မထိပါနဲ့"

"ဘာဖြစ်လာကြတာလဲဟေ့"

"ဟယ် ဆရာကြီးပါလား။ ကျွန်တော်တို့လေ စခန်းမှာ ပျင်းလို့ အငြိမ့်မလေးတစ်ယောက် ခေါ်လာ"

"ဟေ့ကောင် တော်တော့ ခုလွှတ်လိုက်စမ်း သည်မှာ အောင်ဘော်"

အမှောင်ထဲမှာ အုန်းမောင်ဟာ သစ်ငုတ်တို တစ်တိုလို ငြိမ်လို့။ ခြံစည်းဝါးထရံကို ခပ်စောင်းစောင်းမှီပြီး ဆေးလိပ်ဖွာရင်း နားထောင်နေလိုက်တာ ဇာတ်လမ်းပြီးတဲ့အထိပဲ။ ဇာတ်လမ်းအပြီးမှာ ဇာတ်ထုပ်နာမည် ထည့်ပြောသွားလို့ သိရပြီ။ 'ခေါင်းလောင်းထိုးသံ ဘယ်သူ့ထံ' တဲ့။ မင်းသားက ကျော်ဆင့်။ မင်းသမီးက တင်တင်ထွေး။ ဇာတ်ထုပ်ပြီးတော့ ခဏရပ်သွားတယ်။ အုန်းမောင်လည်း မပြန်သေးဘူး။ ဘာထပ်ဖွင့်ဦးမှာပါလိမ့်ပေါ့လေ။ တအောင့်နေတော့ ကက်ဆက်သံ ပြန်ကြားရတယ်။ သည်ဇာတ်ထုပ်ပါပဲ။ နှစ်ခါပြန်ဖွင့်တာပေါ့လေ။ တယ်။ ပိုတောင်ကောင်းသေး။ အုန်းမောင် ဆေးလိပ်တစ်လိပ် ထုတ်တယ်။ သည့်ညက အုန်းမောင် တော်တော် ကျေနပ်သွားတယ်။ ကျောက်ခဲအိမ်ဝိုင်း မဝင်ရဘဲ၊ အောက်ကျနောက်ကျ မခံရဘဲ နားထောင်နိုင်တဲ့နည်းကို သိလိုက်ပြီကိုး။ ခက်တာက ဒါမျိုးက ညဘက်မှ ကောင်းတာလေ။ ညဆိုတာ ကောင်မှ လမိုက်ရက်မှ ကောင်းနိုင်မယ့်ကိစ္စ။ လသာရက်ကြီး သူများခြံစည်းရိုးအား ထိုင်နားထောင်ရင် လူတွေ မြင်နိုင်တယ်။ နေ့ခင်းသာဆိုးတာပေါ့။ ဒါလည်း အုန်းမောင်က တွက်ပြီးသား။ ကျောက်ခဲအိမ်နဲ့ကပ်လျက်က သံဖြူဆရာ ကိုတင်ဝအိမ်က နားထောင်မယ်ဆိုရင်လည်း ဖြစ်တာပဲ။ ကျယ်ကျယ်ဖွင့်ရင် ကြားနိုင်တာပဲ။ ကျယ်ကျယ်မဖွင့်ရင်လည်း ကိုတင်ဝ အော်နိုင်းလိုက်ရုံပဲ။

နောက်ရက်တွေကစပြီး အုန်းမောင် မယားနဲ့ သမီးတွေ အလုပ်လုပ်နေတဲ့ ယာခင်း ကိုင်းခင်းထဲ ထမင်းပို့ရင် ရွာလမ်းက မသွားတော့ဘူး။ ကျောက်ခဲအိမ်နားက သွားတယ်။ ကိုတင်ဝအိမ်ဝင်ပြီး ရေသောက်သလိုလို၊ မီးခြစ်တောင်းသလိုလိုနဲ့ တစ်အောင့်နားတယ်။ ကက်ဆက်ဖွင့်တာနဲ့ကြုံရင် ထမင်းတောင်း နားထောင်တယ်။

"အုန်းမောင်ရာ ကလေးတွေ ထမင်းဆာရောပေါ့ဟ နာရီပြန်တစ်ချက် တီးတော့မယ်"

ကြာတော့ ကိုတင်ဝကတောင် သတိပေးရတဲ့အထိပဲ။ အုန်းမောင်ကတော့ ရှင်းတယ်။ ဓာတ်ထုပ်တွေ ပြီးမှ သွားပို့တာပဲ။ အဖေ ခေါင်းမူးနေလို့လို့ပြော လိုက်ရင် ကလေးတွေကလည်း ကျေနပ်သွားတာပါပဲ။ နေ့ ကိုတင်ဝအိမ်၊ ည ခြံစည်းရိုးစနစ်နဲ့ ကျောက်ခဲ ကက်ဆက် နားထောင်တာကပဲ ရှိရောပေါ့ ဓာတ် ထုပ်ပေါင်း နှစ်ဆယ်လောက်။ မကရင်သာ မကမယ်။

(၈)

တကယ်တမ်းပြောရရင် ဝတ္ထုထဲက ဓာတ်ရုပ်တစ်ရုပ်အနေနဲ့သာ သူ့ကို အုန်းမောင်လို့ ခေါ်နေရပေမယ့် အသက်က ခြောက်ဆယ်နား ကပ်နေပါပြီ။ ကျော်မယ်ဆိုရင်တောင် ကျော်လောက်ပြီ ပြောပါတော့။ သားသမီးတွေတောင် ကြီးလှပြီပဲ။ ရှိတဲ့ မြေကလေးက ရတာနဲ့ သားသမီးတွေ ဘောက်လုပ်လို့ ရတာ ကလေးပေါင်းပြီး စားလာကြတာဆိုတော့ ပိုပိုလျှံလျှံရယ်လို့လည်း မရှိခဲ့ဘူး။ အုန်းမောင်ကတော့ မပြောင်းပါဘူး။ ဓာတ်စက်ထောင်ချင်တဲ့စိတ်လည်း မပြောင်း သေးဘူး။ ရေဒီယိုတစ်လုံးလောက် ပိုင်ဆိုင်ချင်သေးတဲ့ စိတ်ကလည်း မပြောင်း သေးဘူး။ အုန်းသီးကက်ဆက်ဆိုတာတော့ မပြောနဲ့တော့။ လိုချင်တာ တစ်ပိုင်း ကို သေလို့။ အနောက်ကိုင်းမှာပဲ ကြည့်လေ။ အသံချဲ့စက် ထောင်ထားကြတာ လေးလုံးလား၊ ငါးလုံးလားတောင် ရှိနေပြီ။ ရေဒီယိုဆိုတာတော့ မပြောနဲ့တော့။ အနည်းဆုံး လေးငါးအိမ်ခြားတစ်လုံး ရှိနေပြီ။ ကက်ဆက်ကတော့ တံဆိပ်စုံ၊ ကက်ဆက်ကချည်း အနောက်ကိုင်းမှာ စာရင်းပေါက် အလုံးနှစ်ဆယ် အောက် ထစ်တော့ ရှိမယ်မှန်းတာပဲ။ မနက် မိုးမှလင်းပြီဆိုတာနဲ့ ရွာထဲ ပွက်ပွက်ရိုက် နေတော့တာကလား။

အခုလည်း တစ်ခုပေါ်လာပြန်ပြီ။ ဘလက်အင်ဂိုက် တီဗွီတဲ့။ ရွာလယ် က ကုန်းဆေးစိုက်တဲ့ ကိုဘတင် ဝယ်လာတာ။ အရုပ်ရော အသံပါ ကြား သတဲ့။ ဒါလည်း မဆန်းပါဘူး။ မြင်းခြံမှာ တွေ့နေရတာပဲ။ အရောင်စုံဆို တာတောင် ကြည့်ခဲ့ဖူးသေးတယ်။ မြင်းခြံမှာ မြင်တွေ့ခဲ့ရတာ စိတ်ထဲ ဘယ့်နှယ် မှ မနေပေမယ့် ရွာက ကိုဘတင် ဝယ်လာတယ်ဆိုတာ ကြားရတော့ ဖြစ်မှ ဖြစ်ရလေ အောက်မေ့မိသေးတာကလား။ တီဗွီမှာတော့ ကိုဘတင်က ပထမဖြစ် ရပြန်ပြီကော။ အုန်းမောင်ကတော့ ကမ္ဘာလောကသည်ပင်လျှင် သူ့ကို တမ သက်သက် အရွဲ့တိုက်နေတာလားလို့ တွေးနေတတ်ပြီ။ ကြည့်လေ။ ဂေါက်လှ



ပုံးတုန်းက သူက ပထမ။ ရေဒီယိုကျတော့ ခင်သောင်းက ပထမ။ ကက်ဆက် ကျတော့ ကျောက်ခဲက ပထမ။ ဟော... ဘလက်အင်ဂိုက်ဆိုတာကြီးကျတော့ ကိုဘတင်က ပထမဖြစ်ရပြန်ရော။ နောက်ထပ်ကော အနောက်ကိုင်းကို ဘာ တွေ ရောက်လာမှာလဲ။ ဘယ်သူ ပထမနေရာ ယူကြဦးမှာလဲ။ ဓာတ်စက်ဖြစ် ဖြစ်၊ ရေဒီယိုဖြစ်ဖြစ်၊ ကက်ဆက်ဖြစ်ဖြစ်၊ တီဗွီဖြစ်ဖြစ် တခြားနေရာဒေသတွေ မှာ ဖန်တစ်ရာတေ သုံးစွဲကြပြီးမှ အနောက်ကိုင်း ရောက်လာတာပေမယ့် ရောက် လာတာတော့ ရောက်လာတာပဲ မဟုတ်လား။

အချိန်ကာလတွေက လူတွေကို ပြောင်းလဲပစ်လိုက်တာ သေချာပါတယ်။ လူတွေကိုမှ မဟုတ်ပါဘူးလေ။ အနောက်ကိုင်းကိုပါ ပြောင်းလဲပစ်လိုက်တယ် ဆိုကြပါစို့။ လက်ဖက်ရည်ဆိုင်ကလေးတွေ ရှိနေပြီ။ အလှကုန်ဆိုင်ကလေးတွေ ရှိလာပြီ။ ထော်လာဂျီတစ်စီးရောက်လာပြီ။ မြို့သွားကျောင်းတတ်တဲ့ ကလေး တွေ ရှိနေပြီ။ သေချာတယ်။ ကာလာတီဗွီ ရောက်လာဦးမယ်။ ကာရာအိုကေ ရောက်လာဦးမယ်။ ဗီစီဒီ၊ ဒီဗီဒီဆိုတာတွေ ရောက်လာလိမ့်ဦးမယ်။ ဒါတွေနဲ့ အရှူ ဗီဒီယိုရုံတွေ၊ ဂြိုဟ်တု စလောင်းတွေ ရောက်မလာဘူး ဘယ်သူပြော နိုင်မှာလဲ။ ဘာပဲဖြစ်ဖြစ် တစ်ခါက သူဟာ ပထမဖြစ်ခဲ့ဖူးတာတော့ အမှန်ပဲ။ အုန်းမောင်ဟာ ခေတ်ပညာတတ်မဟုတ်လို့ ဒါတွေတော့ ဘယ်စဉ်းစားတတ်ပါ့ မလဲ။ သိပ္ပံနဲ့ နည်းပညာဆိုတာကြီးကို သူမသိပေမယ့် ဒါကြီးကလည်း သူ့ကို ခပ်ဝေးဝေးမှာ ဂေါက်လှည့်ပုံးတစ်ပုံးနဲ့ ထားခဲ့တာ မဟုတ်လား။ အုန်းမောင် ကတော့ ဘယ်သူ့အိမ်မှ မသွားတော့ပါဘူး။ ဘယ်ခြံစည်းရိုးမှလည်း သွားမကပ် တော့ပါဘူး။ ဘယ်လိုအရုပ်နဲ့အသံမှလည်း အာသာငမ်းငမ်း မရှိတော့ပါဘူး။ အစကတော့ သူ စိတ်ကုန်တာ မဟုတ်ပါဘူး။ မသေးတာနဲ့ သားသမီးတွေက ခွင့်မပြုတာ။ မြင်းခြံတောင် မသွားရတော့ဘူး။ ဟိုရွာ သည်ရွာလည်း မလည်ရ၊ မပတ်ရတော့ပါဘူး။ ကိုကျောက်ခဲ ဝင်းထရံနားကပ်ပြီး ကက်ဆက် နားထောင် တယ်ဆိုလို့ ထမင်းလည်း မပို့ရတော့ဘူး။ ညလည်း ထွက်ခွင့် မရတော့ပါ ဘူး။ ယုတ်စွအဆုံး တော်ရုံတန်ရုံ ဗိုက်နာပျောက်တယ်ဆိုတဲ့ ကိုမြကြီးတောင် နားမထောင်ရတော့ဘူး။ မသွားရ၊ မလာရတာကြာလာတော့ သူကိုယ်တိုင်လည်း အာသာငမ်းငမ်း မရှိတော့ပါဘူး။ မက်ရေစက်ရေ မရှိတော့ဘူး ပြောပါတော့။

(၉)

ခက်တာက ဒါတွေက သူ့ရဲ့ သိစိတ်က ဆင်ခြင်ထားတာပဲ ရှိတာကိုး။ မသိ စိတ်ကတော့ ဘယ်စိတ်ကုန်ပါ့မလဲ။ ဓာတ်စက်သံကြားရင် တူးရွှင်းပြား ယာခင်း

ထိပ်စိုက်ထားခဲ့ပြီး ပြေးလိုက်ချင်သေးတာကလား။ ရွာထဲက ဖွင့်တတ်တဲ့ လော်စပီကာသံကြားရင် စိတ်တွေ ပွက်ပွက်ဆူလာတတ်သေးတာပဲ။ မြင်းခြံမယ် မြို့တော်သိန်းအောင် ဆိုလို့ကတော့ အလစ်သွားလိုက်ချင်သေးတာလည်း ရှိသေးတာပေါ့လေ။ နတ်ကန္နားပွဲက ဒိုးသံကြားရင် သူပါပူးချင်နေတာ။ ဆွမ်းတော်ကြီးပွဲလှည့်လို့ ဗုံတောင်သံကြားရင် ထဟစ်လိုက်ချင်သေးတာ။ သင်္ကြန်သီချင်းခွေများ သူတကာဖွင့်သံကြားရင် ရင်ထဲမှာ ဝရုန်းသုန်းကား ဖြစ်ချင်နေသေးတာတွေ တော့လည်း ရှိနေတာပါပဲ။ ခက်တာက လူက အိုပြီ။ စိတ်ကလည်း အိုဖြီ။ ကျန်းမာရေးကလည်း ချူချူချာချာဖြစ်နေပြီ။ ဘယ်တော့မှ မညှပ်တဲ့ ဆံပင်ဖြူဖြူက ကုပ်ထောက်နေလေရဲ့။ ရှေ့ကို ထိုးထွက်နေတဲ့ သွားနှစ်ချောင်းကလည်း ဇရာက ရိုက်ချိုးလိုက်ပြီ။ မျက်တွင်းချောင်တွေက ခုံညင်းတစ်ဒိုးစာစီလောက် ခွက်ဝင်နေပြီ။ နားထဲက လေတွေ တဝူးဝူးထွက်နေတာကလည်း လေးငါးနှစ်ရှိပြီ။ လက်တွေ၊ ခြေတွေကလည်း ဟာလာဆန်စက်က တုန်ဆန်ခါလို သွက်သွက်ခါနေပြီ။ အပေါ်နဲ့အောက် တစ်လှည့်စီဝတ်လို့ ပုဆိုးတောင် အနားနှစ်ဖက်လုံး လုံးနေရတဲ့ဘဝမှာ သူ ဘာကိုမှလည်း မတောင့်တတော့ပါဘူး။ ဒါကြောင့် ကြောင့်ကြတာလည်း မရှိတော့ဘူးပေါ့လေ။ အခု သူ ပထမ မဟုတ်တော့ကော ဘာဖြစ်သလဲ။ သူဟာ ပထမတွေရဲ့ ပထမ ဖြစ်ခဲ့ဖူးတာပဲ မဟုတ်လား။ ရေဒီယိုမှာ ပထမ၊ ကက်ဆက်မှာ ပထမ၊ ဘာလက်အင်ဗိုက်မှာ ပထမ နေရာယူထားကြလို့ ဂုဏ်ယူရင် ဂုဏ်ယူကြဖို့ရှိပေမယ့် တကယ်တော့ သည်လူတွေဟာ ဘာအနုပညာမှ သိကြတာမဟုတ်ဘူး။ ဘာခံစားမှုမှာ ရှိကြတာ မဟုတ်ဘူး။

ခြေတုန်တုန် လက်တုန်တုန်နဲ့ပဲ သူ့ဂေါက်လှည့်ပုံးကြီးကို ပုဆိုးစုတ်ပတ်ထားရာက ဖြည်လိုက်တယ်။ သူ့တပည့် ငွေလှ ထားခဲ့တဲ့အတိုင်းပါပဲ။ ဖွင့်လို့ရပါသေးတယ်။ သေတ္တာအဖုံးကို ဖွင့်တယ်။ ဂေါက်တံနဲ့ သံပတ်ကို ခပ်တင်းတင်း ဖြစ်သွားအောင် လှည့်တယ်။ ဓာတ်ပြားခုံလည်တော့မှ ဓာတ်ပြားတစ်ချပ်ကောက် တင်လိုက်တယ်။ ပြီးတော့မှ အပ်တစ်ချောင်းတပ်ထားတဲ့ ချိတ်ကောက်ကို ဓာတ်ပြား နှုတ်ခမ်းမေးတင်ထောက်လိုက်တယ်။ ရှဲ ရှဲ ရှဲ ရှဲ ဆိုတဲ့ အသံကလေး ထွက်လာတော့ ထန်းပက်လက် ကုလားထိုင်ပေါ် ပစ်ချထိုင်လိုက်တယ်။ ခဏနေတော့ အသံထွက်လာတာပါပဲ။ ရွှေကျီးညိုရဲ့ ငိုချင်းတစ်ပုဒ်ပါ။ အဲသည့်နေ့က ရွှေကျီးညိုကလည်း ငိုလို့။ သူကလည်း ငိုလို့။ သေတ္တာဘေးမှာ သဘော်ဆေးနဲ့ ရေးထားတဲ့ 'ဣစ္ဆာသယ' ဆိုတဲ့ စာလုံးကလည်း ငိုလို့။

**(ဓာတ်ကျောရိုးပေးခဲ့တဲ့ ဆရာဦးလှပိုင်ကို ကျေးဇူးတင်ပါတယ်)**

**နေဝင်းမြင့်**